www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 140,MARCH, 2007

## နိုင်ငံတည်ဆောက်ရေးနှင့် ဦးနှောက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ



www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# (၆၂) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

www.foreverspace.com.mm

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

## နှစ်သစ်ကူးဆုတောင်း

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ကူး အခါသမယ၌ Living Color အပါအဝင် ညီနောင် မီဒီယာများ၊ စာဖတ်သူများနှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဆန္ဒအိပ်မက်များ ပြည့်စုံပြည့်ဆည်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာစောင်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာစောင်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာစောင်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဈေးကွက် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားသားများအား [illegible] မိမိလုပ်ငန်းအတွက် အပိုင်းလိုက် ဘောက်လည်းကောင်း၊ တစ်ပုဒ်လုံးဘောက်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm



## EDITORIAL

# မလေးအလုပ်အကိုင်များအတွက် လူမှုဝန်ထမ်းအဖွဲ့များလို

ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားမှ ကျန်းမာသန်စွမ်းပြီး ပညာကောင်းစွာမသင်ခဲ့ရသော လူငယ်များအကြား မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ရေးကိစ္စသည် အိပ်မက်သဖွယ် ဖြစ်လာသည်ကို တွေ့ရပါသည်။

လက်တွေ့အားဖြင့်လည်း ရန်ကုန်မှ ကွာလာလမ်ပူသို့ ထွက်ခွာသည့် မလေးရှားလေကြောင်းလေယာဉ်၏ Economic Class လက်မှတ်များအားလုံး နောက်ထပ် နှစ်လစာ Booking ပြည့်နေသည့်အပြင် နေ့စဉ်လည်း ထိုင်ခုံပြည့်ထွက်ခွာနေသည်ကို တွေ့မြင်နိုင်ပါသည်။ ဤကိစ္စခေတ်စားလာသောကြောင့် ထုံးစံအတိုင်း ရန်ကုန်မြို့တော်တွင် အလုပ်အကိုင်ရှာဖွေရေး ပွဲစားကုမ္ပဏီများစွာ ပေါ်ထွန်းလာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

များစွာသေချာသောအချက်မှာ မလေးရှားနိုင်ငံသို့ ကာယလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ကြရသော မြန်မာများသည် အခြေခံလူတန်းစားမိသားစုများမှဖြစ်ကြပြီး ကျေးလက်နေ လူငယ်အများစုဖြစ်သည်ဆိုသောအချက်ပင် ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် ပေးအပ်နေရသော လေယာဉ်ခအပါအဝင် ဝန်ဆောင်ခအရပ်ရပ်ကို မည်သို့မည်ပုံရရှိနေကြသည်ဟူသောအချက်ကို လေ့လာကြည့်လျှင် ယခုရယူနေသော ဝန်ဆောင်ခ ခေါ် ပွဲစားခများမှာ များလွန်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါပွဲစားခများသည် ပေးလိုက်သောဝန်ဆောင်မှုထက် အဆမတန်များနေလျှင် ဝန်ဆောင်ခဟု သတ်မှတ်၍ရနိုင်မည်မဟုတ်ပါ။

လွန်ခဲ့သောလပိုင်းများက မသိနားမလည်သော ကျေးလက်နေလူငယ်များထံမှငွေကို အလွဲသုံးစားပြု၍ ပုဂံ–ညောင်ဦး လေယာဉ်ပေါ်သို့တင်ပေးလိုက်သော ဖြစ်ရပ်တစ်ခု ရှိခဲ့ပါသည်။

အဓိကပြောလိုသောအချက်မှာ ရယူသင့်သည့်ဝန်ဆောင်မှုထက် အဆမတန် ပွဲစားခရယူနေသူများ၊ ငွေကြေးအလွဲသုံးစားပြုသူများသည် လူကုန်ကူးမှုများနှင့် အလားသဏ္ဌာန်တူသော သဘောသဘာဝရှိနေကြောင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ လုပ်အားရှင်လူငယ်များ ဆုံးရှုံးနေရခြင်းသည် နိုင်ငံတွင်လည်း နစ်နာမှုတစ်မျိုးဖြစ်ရာ ဤကိစ္စများတွင် ဝင်ရောက်အမြတ်ထုတ်ခြင်းသည် လူကုန်ကူးသည့်သဘောတရားမျိုး ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ယခုကိစ္စမျိုးအတွက် ပွဲစားခမယူဘဲ အခမဲ့ဝင်ရောက်ကူညီပေးသည့် လူမှုဝန်ထမ်းအဖွဲ့အစည်းများ ပေါ်ပေါက်ရေးကို ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းသင့်ပါကြောင်း ဤနေရာမှ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**အယ်ဒီတာ**

၂၃–၁–၂၀၀၇

www.foreverspace.com.mm



## EDITORIAL

# ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း အလားအလာများမြှင့်တင်ရေး

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်မှု တရွေ့ရွေ့တိုးတက်လာခဲ့ရာ ယခုနှစ် ပွင့်လင်းရာသီတွင် များစွာ သိသာထင်ရှားလာခဲ့သည်ဟု ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းနှင့် ပါဝင်ပတ်သက်နေသူအသီးသီးက တညီတညွတ်တည်း မှတ်ချက်ပြုခဲ့ကြပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည်များ လက်ခံရရှိသင့်သလောက် လက်ခံရရှိခြင်း မရှိသည့်ကိစ္စသည် အချက်သုံးချက်ပေါ်တွင် မူတည်နေခြင်းဖြစ်ပါသည်။ ပထမအချက်မှာ မြန်မာနိုင်ငံပြင်ပတွင် မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရန် လုံခြုံမှုမရှိဟူသော သတင်းစကားအမှား နိုင်ငံတကာနှင့် အီလက်ထရွန်နစ်မီဒီယာများတွင် ပျံ့နှံ့နေသောအချက် ဖြစ်ပါသည်။ ဒုတိယအချက်မှာ မြန်မာနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသည်များ ပျော်ရွှင်ကျေနပ်မှုရှိမရှိ၊ လုံခြုံမှုရှိမရှိ စသော ကိစ္စနှင့်ပတ်သက်၍ အခြေအနေမှန်ကို နိုင်ငံတကာသိရှိအောင် ဆောင်ကြဉ်းနိုင်သော PR မရှိသောကြောင့် ဖြစ်ပါသည်။ တတိယအချက်မှာ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းနယ်ပယ်မှ Collective Marketing Effort ခေါ် စုစည်းဆောင်ရွက်သည့် အရောင်းမြှင့်တင်ရေးလုပ်ငန်းစဉ်မရှိသောကြောင့် ဖြစ်ပါသည်။

အထက်ပါအချက်များကြောင့် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းသည် ဤနိုင်ငံသို့ လာရောက်သွားခဲ့သော ကမ္ဘာလှည့်ခရီးသည်များ၏ ပါးစပ်သတင်းစကားဖြင့်သာ တရွေ့ရွေ့တိုးတက်လာခဲ့ရာ နှစ်ပေါင်းအတော်အတန်ကြာမှသာ တရွေ့ရွေ့တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ရန် လုံခြုံခြင်းမရှိဟူသော သတင်းစကား မမှန်ကန်ကြောင်း ဤနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သူ ကမ္ဘာလှည့်ခရီးသည်အားလုံးလိုလိုက တညီတညွတ်တည်း ဆိုခဲ့ကြသည့်တိုင် ဤအမှန်တရားသည် ကမ္ဘာကို မပတ်နိုင်ဘဲရှိနေသည်ကို တွေ့ရပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနယ်ပယ်ကို လွှမ်းမိုးထားသူအများစုမှာ နိုင်ငံခြားခရီးသွားလုပ်ငန်းကုမ္ပဏီများဖြစ်နေရာ အမြတ်အစွန်းအများစုသည် ၎င်းတို့ထံ ရောက်ရှိနေခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ယခုနှစ်မှစ၍ သိသာစွာ တိုးပွားလာခဲ့သည်ဖြစ်ရာ ဖြစ်ပေါ်လာသော အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်နိုင်ရန် အုပ်ချုပ်ရေးယန္တရား၊ ကမ္ဘာလှည့်ခရီးစဉ်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်အားလုံး စနစ်တကျ ပူးပေါင်းဆောင်ရွက်အသင့်ပြင်ထားကြရမည့်အချိန်အခါဖြစ်ကြောင်း သတိပေးလိုက်ပါသည်။

**အယ်ဒီတာ**

**၂၉-၁-၂၀၀၇**

www.foreverspace.com.mm

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Editor In Charge (Production)** – မင်းဇင်

**Editor In Charge (On Duty)** – ကျော်နိုင်

**Editor In Charge (News)** – မျိုးညွန့်မောင်

**Senior Executive Editors** – ကျော်နိုင်၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး၊ ညဏ်လင်း

**Executive Editors** – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

**Research & Development Editor** – သီရိဇော်

**Editors** – မိုးကျော်လွင်၊ စန်းမော်အောင်၊ သီဂီထိုက်၊ မြနှင်းအေး

**Chief Reporter** – သောင်းထိုက်

**Staff Reporters** – တင်လင်း၊ စိုးယုဝေ၊ သစ်ထွဋ်၊ ကေခိုင်ကျော်၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

## Art Director

စိုးသော်တာ

## DTP Department

**Supervisor** – မခိုင်

**Staff Operators** – မင်းမင်းသူ၊ ငုဝါခိုင်၊ ကျော်လင်းဇော်၊ အေးမို့မို့အောင်

## Accountant

အေးအေးဆင့်

## Advertising Department

**General Manager** – ဖေအောင်ဇင်

**Marketing Manager** – ကျော်သန်း

**Admin and Finance Manager** – စန်းသီတာ

**Assistant Marketing Manager** – စောဆာကီးလား(ခေါ်) နေနေ

**Assistant Marketing Manager** – ဖြူဖြူသီ

**Marketing Executive** – စောမောင်မောင်လေး

**Designer** – စောဂေးနေထူး၊

**Marketing Assistant** – ခိုင်ရတနာထိုက်၊ ဖြူဖြူစန်း၊ စန္ဒာလှိုင်၊ ဆွေငြိမ်းအေး၊ ငုဝါစိုး

## Printing

**Manager** – စောမိုးဇက်

## Production

**Manager** – တင်ဝင်းထွဋ်

**Assistant** – ဟန်မြင့်

## Admin

**Office Superintendent** – အောင်ကျော်ဆန်း

**Assistant** – ပြည့်ဖြိုးအောင်

**Receptionist** – ဆုအိမ္ဓြေဦး

## Distribution

**Living Color Media**

**Cover Design** – PAZ

**Cover Logo** – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – စိုးသော်တာ၊ ဖေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၂၀၉၅၁၊ ၀၉–၅၀၀၀၉၉၇၊ ၀၉–၅၁၄၇၁၄၂

## E-mail

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

## Web Site - www.foreverspace.com.mm

Photographers – K.M.S (Super King), P.A.Z, မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၁၈၀၀၂၀၇
Circulation – ၁၀၀၀
Price – ၁၅၀၀ ကျပ်
Copyright – Living Color

**( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )**

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန် တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့် လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm


၅ **အယ်ဒီတာ့အာဘော်**

၆ **ယခုလ အကြိုက်ဆုံးကြော်ငြာ**

၇ **ယခုလ စိတ်ကြိုက်ဝန်ဆောင်မှု**

၉ **ယခုလ သတင်းအညွှန်း**

၁၀ **ဈေးကွက်စီးပွားရေးသတင်း**

၃၂ **မျက်နှာဖုံးဆောင်းပါး**

နိုင်ငံတည်ဆောက်ရေးနှင့် ဦးနှောက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အောင်ထွဋ်

**အထူးဆောင်းပါး**

၄၂ Education Seminar အမည်ခံတက္ကသိုလ်ကောလိပ်ကြော်ငြာများ အပေါ်မည်သို့မြင်ကြသနည်း

ညဏ်လင်း၊ အယ်ဒီတာတစ်ဦး

၄၈ **ယနေ့စီးပွားရေးမြင်ကွင်း**

ကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့် အစိမ်းရောင်အညွှန်း

တင်အောင်ကျော်

၅၆ မြန်မာ့ဒစ်ဂျစ်တယ်ဈေးကွက်အတွက် ဖြည့်စွက်ရမည့်ကွက်လပ်

အောင်ကျော်မင်း

၆၂ မြန်မာနိုင်ငံနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ

အယ်ဒီတာတစ်ဦး

၇၄ ပို့ကုန်စာရင်းဝင်၍ ရင်းနှီးမြှုပ်နှံမှုကြီးမားလာသော ဆံကေသာဈေးကွက်

နိုင်မင်းဝေ

၇၉ ရန်ကုန်ကုန်စည်ဈေးကွက် သစ်ထွဋ် ၊ ဇော်ထွဋ်မောင်

၈၂ **မြန်မာ့စီးပွားရေးအမြင်**

နိုင်ငံတကာအကူအညီဆိုရာတွင် အောင်ထူးထက်










www.foreverspace.com.mm












၈၄ မြန်မာ့ဈေးကွက်နှင့် ဝယ်လိုအား — Analyst Win

၉၂ နိုင်ငံတကာစီးပွားရေး တစေ့တစောင်း — ဒေါက်တာအောင်ကိုကို

၉၆ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးမှု — အဂ္ဂ

၉၈ မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့အလားအလာ — အောင်မင်းစံ

၁၀၂ **တွေ့ဆုံခြင်း**

"စီးပွားရေးနဲ့ပတ်သက်လို့ ဘာသာပြန်စာအုပ်တွေအားနည်းနေပါတယ်" (အမျိုးသားစာပေဆုရှင် နန်းမြကေနိုင်နှင့်တွေ့ဆုံခြင်း) — ကျော်နိုင်

၁၀၈ **ဈေးဝယ်လမ်းညွှန်**

၁၁၀ **ကာတွန်း**

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

၁၂၆ **ထင်ရှားကျော်ကြား မြန်မာ့စီးပွား**

၁၂၉ **တစ်ဦးတည်း ကိုယ်စားလှယ်**

၁၃၀ **ကုန်ဈေးနှုန်း**

၁၃၆ **ရက်စွဲမှတ်တမ်း**

၁၃၇ **တွေ့ဆုံဆွေးနွေးမှုများ**

၁၃၈ **မြန်မာပြည်တွင်လုပ်သည်**

၁၄၀ **ဘယ်ပစ္စည်းဘာ့ကြောင့်**

၁၄၄ **ကုမ္ပဏီနှင့်စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်**

Myanmar Voyages International Tourism Co., Ltd.

၁၅၂ **အတွေးအမြင်**

စိတ်ကူးများ — ကြည်မင်း

၁၅၄ ခိုးကူးခွေလား ဒစ်ဂျစ်တယ်လိုင်းလား — Yooyle

www.foreverspace.com.mm

## ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ထုတ်လွှင့်နေသော 'မမှားထိုက်သောအမှား' အမည်ရှိ HIV/AIDS ပညာပေးဇာတ်လမ်းတိုကြော်ငြာကို ရွေးချယ်လိုက်ပါသည်။

မြန်မာလူမှုနယ်ပယ်တွင် ကျန်းမာရေးဗဟုသုတအားနည်းချက်ကြောင့် HIV ပိုးစွဲကပ်နေသူ လူနာအပေါ် မိသားစုကပင် ခွဲခြားဆက်ဆံခြင်း၊ ရောဂါအကြောင်းနှင့် ရောဂါပိုးရှိနေသူ၏ စိတ်ခံစားချက်ကို နားမလည်ခြင်းတို့ကြောင့် ရောဂါရှင်ကိုပစ်ပယ်လာကာ မိသားစုသာယာချမ်းမြေ့မှုကိုပါ ထိခိုက်လာသည်ကို ထိမိစွာသရုပ်ဖော်နိုင်ပြီး မှန်ကန်သောပညာပေးမှုရရှိလာသောအခါ ရောဂါရှင်အပေါ် ကိုယ်ချင်းစာစိတ်ဝင်ကာ နွေးထွေးလိုက်လှဲစွာ ဆက်ဆံလာသောကြောင့် ပျော်ရွှင်သာယာသည့် မိသားစုအသွင် ပြောင်းလဲသွားခြင်းတို့ကို တစ်ဆင့်စီ တစ်ဆင့်စီ ချိတ်ဆက်တင်ပြထားသည်ကို တွေ့ရသည်။

ပါဝင်သရုပ်ဆောင်သူများ၏ သဘာဝကျအသက်ဝင်သော ပူးပေါင်းကူညီမှုကြောင့် ကြည့်ရှုသူပရိသတ်များကို ထိထိရောက်ရောက် ဆွဲဆောင်နိုင်သည့်အပြင် မြန်မာပြည်သူလူထုအား HIV/AIDS နှင့် ပတ်သက်လျှင် ဆင်ခြင်သတိပြုလိုက်နာအပ်သော စာနာနားလည်မှုပေးရေး၊ ကြင်နာနွေးထွေးစွာ ဆက်ဆံရေးတို့ကို မီးမောင်းထိုးဖော်ပြနိုင်သူ PSI နှင့် အခမဲ့ထုတ်လွှင့်ပေးကြသည့် မြဝတီရုပ်မြင်သံကြား၏ စေတနာတို့ကို အသိအမှတ်ပြုလိုခြင်းကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ကြာမြင့်ချိန် | – | ၆၀ စက္ကန့်၊ ၁၀၀ စက္ကန့် |
| ရိုက်ကူးတင်ဆက်သူ/ဒါရိုက်တာ | – | ကိုအောင်မင်းသိမ်း |
| ပါဝင်သရုပ်ဆောင်သူများ | – | သက်မွန်မြင့်၊ မိုးပြည့်ပြည့်မောင်၊ နွဲ့နွဲ့စန်း၊ ဇော်ဇော်အောင်၊ ဇင်မျိုး၊ ဖိုးဖြူ၊ စိန်သီး၊ ကြယ်သီး၊ ဓီးသီး၊ ပန်းသီး |
| ထုတ်လွှင့်သည့်ရုပ်သံ | – | မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ (အခမဲ့ထုတ်လွှင့်ပေး) ၁–၂–၀၇ မှ ၂၁–၂–၀၇ အထိ ထုတ်လွှင့်။ (စုစုပေါင်း တစ်နေ့လျှင် သုံးကြိမ်ထုတ်လွှင့်) MRT-4 (အခမဲ့ထုတ်လွှင့်ပေးရန် စီစဉ်ဆဲ) |
| Creative Brief/Concept | – | Franchising DPT/PSI-Myanmar |

**အယ်ဒီတာ**




www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလ အကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် မိနစ် ၂၀ အတွင်းရနိုင်သော Online D Form ကို ရွေးချယ်လိုက်ပါသည်။ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပသို့ထွက်ခွာမည့် မြန်မာနိုင်ငံသားများ၊ ပြည်ပနိုင်ငံကူးလက်မှတ်ဖြင့် မြန်မာနိုင်ငံတွင် ကာလရှည်ဗီဇာရရှိထားသူများ မြန်မာနိုင်ငံမှ ပြည်ပခရီးစဉ်တစ်ခုခုသို့ ထွက်ခွာရာတွင် လိုအပ်သည့် ပြည်ပထွက်ခွာခွင့်ပုံစံ D ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက Online စနစ်ဖြင့် ထုတ်ပေးလျက်ရှိရာ ရုံးချိန်အတွင်း Online မှ လျှောက်ထားပါက မိနစ် ၂၀ အတွင်း ရရှိနေပြီဖြစ်ရာ ယင်းဝန်ဆောင်မှုသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးယန္တရားတွင် အလွယ်တကူအဆင်ပြေဆုံး ပြည်သူ့ရေးရာဝန်ဆောင်မှု စံနမူနာတစ်ခုဖြစ်သည့်အားလျော်စွာ သတင်းနည်းပညာအားသာချက်များကို အသုံးပြုထားခြင်းကြောင့် အုပ်ချုပ်ရေးယန္တရားသန့်ရှင်းရေး၊ ကြိုးနီစနစ်နှင့် အဆင့်ပိုများဖယ်ရှားရေး စသည့် လိုအပ်ချက်အားလုံး တစ်ပါတည်းပါဝင်လာခဲ့ပြီး ပြည်သူလူထုအနေဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်း စသည့် လုပ်ငန်းစဉ်များကို ဖယ်ရှားနိုင်သည့်အတွက် ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်ပါသည်။



www.foreverspace.com.mm

## NEWSPAPER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို တစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

## ကုန်စည်အားလုံးအပေါ် အခွန်စည်းကြပ်မည်ဆိုသည်မှာ မဟုတ်မှန် အခွန်တံဆိပ်ကပ်မည့်အစီအစဉ် လောလောဆယ် ဆောင်ရွက်မည်မဟုတ်

"ပြည်တွင်းထုတ်ဂျာနယ်တစ်စောင်တွင် ကုန်စည်အားလုံးအပေါ် အခွန်စည်းကြပ်ကောက်ခံတော့မည်ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည့်သတင်းမှာ လုံးဝ မဟုတ်မှန်ကြောင်း သက်ဆိုင်ရာ ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲမှ စုံစမ်းသိရှိရသည်။ အထူးသဖြင့် အများပြည်သူတို့ မရှိမဖြစ် ဝယ်ယူစားသုံးလျက်ရှိကြသည့် အခြေခံစားကုန်အမျိုးအမည် ၇၂ မျိုးကို အခွန်မကျသင့်သောကုန်စည်များအဖြစ် အခွန်ကင်းလွတ်ခွင့်ပြုထားလျက်ရှိကြောင်း၊ ယင်းသို့ ကင်းလွတ်ခွင့်ပြုထားခဲ့သည်မှာ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ စတင်အကျိုးသက်ရောက်ခဲ့သည့်အချိန်မှ ယနေ့အထိတိုင်ဖြစ်ကြောင်း၊ မူလက ကုန်ပစ္စည်း ၆၅ မျိုးသာ ကင်းလွတ်ခွင့်ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှစတင်၍ နောက်ထပ် ၈ မျိုး ထပ်မံဖြည့်စွက်ခဲ့သဖြင့် ယနေ့အထိ အခြေခံစားသုံးကုန် ၇၂ မျိုးအပေါ် အခွန်ကောက်ခံခြင်းမရှိကြောင်း သိရသည်။ . . . "

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ထုတ် REVENUE JOURNAL Volume 1, No.1 စာမျက်နှာ ၁၁ တွင် ဖော်ပြထားသည့် 'ကုန်စည်အားလုံးအပေါ် အခွန်စည်းကြပ်မည်ဆိုသည်မှာ မဟုတ်မှန် အခွန်တံဆိပ်ကပ်မည့်အစီအစဉ် လောလောဆယ် ဆောင်ရွက်မည်မဟုတ်'ဆိုသည့်သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm


# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၄၀ ၂၀၀၇ ခုနှစ်၊ မတ်


## မာတိကာ


- မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများ အခွန်အကျေပေးဆောင်ပြီးမှ လည်ပတ်ခွင့်ရမည်
- ကနေဒါကုမ္ပဏီ၏ စက်ကတုံးရွှေတူးဖော်ရေးလုပ်ငန်း ယခုလတွင်း အကောင်အထည်ဖော်မည်
- မြစ်ဝကျွန်းပေါ်ဒေသလေးခုတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းသစ်များ တူးဖော်မည်
- ကဒုံကနီကြိုးဝိုင်းအနီး သတ္တုရှာဖွေမည်
- နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်သစ်သီးဝလံထုပ်ပိုးစက်ရုံ မန္တလေးတွင်တည်ဆောက်မည်
- ကြက်သွန်စိုက်ကုမ္ပဏီအချို့ ဘဏ်ချေးငွေများရ


## အများပိုင်ကုမ္ပဏီများ သတ်မှတ်ချက်လိုက်နာမှသာ စီးပွား/ကူးသန်း ထောက်ခံမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံတွင်အများပိုင်ကုမ္ပဏီ တည်ထောင်လုပ်ကိုင်ရာတွင် အများပိုင်ကုမ္ပဏီလိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို လိုက်နာမှသာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လိုအပ်မည့် ထောက်ခံမှုများ ဆောင်ရွက်ပေးသွားမည်ဟု အဆိုပါဝန်ကြီးဌာနမှ မကြာသေးခင်က ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါလိုက်နာဆောင်ရွက်ရမည့် ကိစ္စများတွင် ကုမ္ပဏီမှ လက်ဝါးကြီးအုပ်လုပ်ကိုင်ဆောင်ရွက်မှုမရှိစေရေး၊ ကုမ္ပဏီတွင် စီမံအုပ်ချုပ်သူများမှ အများဆန္ဒရယူခြင်းမပြုဘဲ မိမိတို့သဘောအလျောက် ဆုံးဖြတ်ဆောင်ရွက်ခြင်းမရှိစေရေး၊ ငွေကြေးကိစ္စများ ရှင်းလင်းတိကျစွာ ဆောင်ရွက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေးတို့ပါဝင်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ မြန်မာလုပ် ငန်းရှင်များစီးပွားရေးလုပ်ကိုင်ရာတွင် ပိုမိုအဆင်ပြေလာစေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ ဦးဆောင်မှုဖြင့် အများပိုင်ကုမ္ပဏီများထူထောင်မှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အားပေးကူညီလျက်ရှိသည်။

သို့သော်လည်း အများပိုင်ကုမ္ပဏီအချို့သည် အများပိုင်ကုမ္ပဏီတို့ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် မကိုက်ညီဘဲ လုပ်ငန်းများဆောင်ရွက်နေသည်ဟု စီးပွားရေးလုပ်ငန်းရှင်များထံမှသိရသည်။

**ထားထားမြင့်**

## မြန်မာနိုင်ငံကို INGO များ အကူအညီပေးရန် အထူးစိတ်ဝင်စား

**ရန်ကုန်၊ ဇန်နဝါရီ ၄**

အရှေ့တောင်အာရှဒေသမှ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း(INGO)များက အကူအညီများ လာရောက်ပေးအပ်ရန် ဂရုပြုစောင့်ကြည့်ခံနေရကြောင်း မြန်မာနိုင်ငံဆိုင်ရာ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (AZG) ဌာနေကိုယ်စားလှယ် Dr.Frank Smithius က ပြောကြားသည်။

လတ်တလောကာလတွင် မြန်မာနိုင်ငံ၏အခြေအနေသည် အပြည်ပြည်ဆိုင်ရာ NGO များ၏ အာရုံစိုက်ခြင်းခံလာရကြောင်း၊ အဆိုပါ NGO အဖွဲ့အစည်းများက မြန်မာနိုင်ငံတွင် ရုံးခွဲများ လာရောက်ဖွင့်လှစ်ပြီး အကူအညီပေးလိုကြကြောင်း Dr.Frank Smithius က ဆက်လက်ပြောကြားသည်။

Mass Peafowl News

www.foreverspace.com.mm

BRITISH COUNCIL

# ဗြိတိသျှကောင်စီက အမည်ပျက်စာရင်းသွင်းသော ပြည်တွင်းပညာရေးအေဂျင်စီမရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ပညာသင်သွားရောက်မည့်ကျောင်းသားများ၏ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးနေသည့် ပြည်တွင်းပညာရေး အေဂျင်စီအချို့ကို ဗြိတိသျှသံရုံးမှ အမည်ပျက်စာရင်းသွင်းထားသည်ဆိုသောသတင်းမှာ မှားယွင်းကြောင်း ဗြိတိသျှကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကြာသေးမီက ရန်ကုန်ပညာရေးဈေးကွက်တွင် ပညာရေးအေဂျင်စီနှစ်ခုကို ဗြိတိသျှကောင်စီက အမည်ပျက်စာရင်းသွင်းထားသည်ဟူသော သတင်းများထွက်ပေါ်ခဲ့သည်။

ဗြိတိသျှကောင်စီသည် အဆိုပါအေဂျင်စီနှစ်ခုသာမက မည်သည့်ပညာရေးအေဂျင်စီမဆို နာမည်ပျက်စာရင်း ထည့်သွင်းထားခြင်းမရှိကြောင်း၊ အေဂျင်စီတို့၏ဝန်ဆောင်မှုကို ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဗြိတိသျှကောင်စီ၏ လုပ်ရိုးလုပ်စဉ်မဟုတ်ဟု ဗြိတိသျှကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် ဗြိတိသျှကောင်စီမှ အခါအားလျော်စွာကျင်းပသော ပညာရေးပြပွဲတွင် အဆိုပါအေဂျင်စီနှစ်ခုသည် မည်သည့်အခါမှ ပါဝင်ခြင်းမရှိကြောင်း ဗြိတိသျှကောင်စီထံမှ သိရသည်။

ဗြိတိသျှကောင်စီ၏ ပညာရေး ပြပွဲများတွင် ပူးပေါင်းပါဝင်ရန်အတွက် အေဂျင်စီများသည် ဗြိတိသျှကောင်စီမှ ချမှတ်ထားသော စည်းမျဉ်းများကို လိုက်နာရလေ့ရှိသည်။

**ထားထားမြင့်**



# မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများ အခွန်အကျေပေးဆောင်ပြီးမှ လည်ပတ်ခွင့်ရမည်

**ရန်ကုန်၊ ဇန်နဝါရီ ၆**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MIDC)၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်နှင့်စက်ကိရိယာပစ္စည်းတပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းအားလုံးသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကျေအလည် ပေးဆောင်ပြီးမှသာ လုပ်ငန်းလည်ပတ်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများထံမှ သိရသည်။

အခွန်ဆိုသည်မှာ ပေးဆောင်ရမည့်တာဝန်ရှိသော်လည်း သင့်တင့်လျောက်ပတ်သည့်အခွန်ဖြစ်ရန် လိုကြောင်းနှင့် ယနေ့ပြည်တွင်းစက်မှုဇုန်များရှိ မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းများတွင် လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအတွက် ကုန်သွယ်ခွန်လျှော့ချရန်လိုအပ်ကြောင်းနှင့် ကုန်သွယ်ခွန်လျှော့ချပေးလျှင် လုပ်ငန်းရှင်များဘက်မှ ပိုမို၍ အခွန်ပေးဆောင်နိုင်မည်ဖြစ်ကြောင်း ပြည်တွင်းရှိ မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပြည်တွင်းရှိ မော်တော်ယာဉ်ထုတ်လုပ်သူများသာမက အခြားထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် စက်ပစ္စည်းတင်သွင်းခွင့်ရရှိရန် အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ထောက်ခံချက် ထုတ်ပေးနေပြီး ယာဉ်တင်သွင်းခွင့်အတွက် ထောက်ခံချက်ကို အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ထုတ်ပေးလျက်ရှိသည်ဟု လုပ်ငန်းရှင်တစ်ဦးက ထပ်လောင်းပြောကြားသည်။

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဝါရင့်သတင်းစာဆရာ၊ စာရေးဆရာ လူထုစိန်ဝင်း၏ဇနီး ဒေါ်နုနုမြတ်(သီပေါ)၊ အသက်(၇၃)နှစ်သည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲပါကြောင်း။ **Living Color Media**

www.foreverspace.com.mm

# ကနေဒါကုမ္ပဏီ၏ စက်ကတုံးရွှေတူးဖော်ရေးလုပ်ငန်း ယခုလတွင်း အကောင်အထည်ဖော်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၇**

မြန်မာနိုင်ငံတွင် ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ကနေဒါနိုင်ငံအခြေစိုက် Quard Energy ကုမ္ပဏီသည် လားရှိုးမြို့အနီး စက်ကတုံးရွှေတွင်း၌ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း စတင်တူးဖော်သွားရန်ရှိကြောင်း အဆိုပါရွှေတွင်း၌ Leeward Capital ကုမ္ပဏီ၊ မြန်မာနိုင်ငံသတ္တုတွင်းဝန်ကြီးဌာနတို့ ပူးတွဲ၍ ယခင်ကတည်းက တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသည့် Jet Gold Corp မှ ဥက္ကဋ္ဌ Robert L Card က ပြောကြားသည်။

အဆိုပါရွှေရှာဖွေရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၏ မုတ်သုန်ရာသီမစတင်မီ ဧပြီလနှောင်းပိုင်း သို့မဟုတ် မေလ ပထမပတ်ထိ ဆက်လက်လုပ်ကိုင်သွားရန်ရှိကြောင်း Jet Gold ကုမ္ပဏီ၏ ဥက္ကဋ္ဌက ပြောကြားသည်။

ကနေဒါနိုင်ငံ Leeward Capital Co., Ltd. နှင့် Jet Gold Corp မှ ပိုင်ဆိုင်မှု ၇၅ ရာခိုင်နှုန်းရရှိထားပြီး မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနမှ ၂၅ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ရယူသည့် သဘောတူညီမှုဖြင့် ဖက်စပ်လုပ်ကိုင်နေသောစက်ကတုံး ရွှေတွင်း၌ Quard Energy ကုမ္ပဏီသည် ၅၁ ရာခိုင်နှုန်းထိ ပါဝင်ရင်းနှီးမြှုပ်နှံရန် ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်းက လွှဲပြောင်းရယူခဲ့ပြီး ရွှေတူးဖော်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန်ရှိကြောင်း (ခေတ်မြန်မာ Weekly Vol.3/No.52 တွင် သတင်းဖော်ပြခဲ့ပြီး) သည်။

အဆိုပါသဘောတူညီချက်အသစ်များအရ စက်ကတုံးရွှေတွင်းရွှေရှာဖွေရေးလုပ်ငန်းများအတွက် Quard Energy ကုမ္ပဏီသည် ဒေါ်လာ ခုနစ်သိန်းခန့် သုံးစွဲရန် တာဝန်ယူထားကြောင်း Leeward Capital မှ ထုတ်ပြန်သော သတင်းများတွင် ဖော်ပြပါရှိသည်။

**Associated News**

# ယဉ်ကျေးမှုတက္ကသိုလ်ပြတိုက်အဆောက်အအုံ ဖေဖော်ဝါရီလတွင် ဖွင့်လှစ်

**ရန်ကုန်၊ ဇန်နဝါရီ ၂**

ရန်ကုန်မြို့တော် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အောင်ဇေယျလမ်းရှိ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တွင် တည်ဆောက်လျက်ရှိသည့် ပြတိုက်အဆောက်အအုံကို ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်မှ ကထိကတစ်ဦးက Living Color သို့ ပြောကြားသည်။

ယဉ်ကျေးမှုတက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံနှင့် ပြတိုက်တို့ကို တည်ဆောက်ရန်ပုံစံငယ်များ ရေးဆွဲထားပြီးသော်လည်း ပြတိုက်ကိုသာ ပထမဦးစွာတည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယင်းပြတိုက်တွင် B.A (Art) ဘွဲ့ ပေးအပ်မည့် ရုပ်ရှင်အနုပညာဘာသာရပ်ကိုလည်း ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ယင်းအဆောက်အအုံကို ရန်ကုန်မြို့တော်အခြေစိုက် Naing Group ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောဆိုသည်။

# မန္တလေးတွင် အထူးကြက်မွေးမြူရေးဇုန် မတည်ထောင်နိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် မတ်လနှင့် ဧပြီလ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသများအနက် စစ်ကိုင်းတိုင်းတွင်သာ ဇီဝလုံခြုံမှုရှိ အထူးကြက်မွေးမြူရေးဇုန်များဖြင့် ဆောင်ရွက်နေသော်လည်း မန္တလေးတိုင်းတွင်မူ နေရာအခက်အခဲကြောင့် လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း မပြုနိုင်သေးကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သုတေသနနှင့် တိရစ္ဆာန်ရောဂါရှာဖွေရေးဆိုင်ရာ အကြံပေးအရာရှိ ဒေါက်တာသန်းလှက ပြောကြားသည်။

စစ်ကိုင်းတိုင်းတွင် အထူးကြက်မွေးမြူရေးဇုန်များကို လူနေထူထပ်သည့်မြို့ပြဒေသများနှင့် ကွာဝေးသောမြို့ပြင်ဒေသများတွင် သတ်မှတ်တည်ဆောက်ပေးထားပြီး ရွှေဘို၊ ခင်ဦး၊ ရေဦး၊ ဗိုးကုန်း (ကန့်ဘလူ) နှင့် မုံရွာမြို့နယ်တို့၏ ပြင်ပဒေသများတွင်ရှိကြောင်း၊ ရေဦး ဇီဝလုံခြုံမှုရှိအထူးကြက် မွေးမြူရေးဇုန်တွင် မွေးမြူရေးလုပ်ငန်းများ အပြည့်အဝ စတင်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

မန္တလေးတိုင်းတွင် စစ်ကိုင်းတိုင်းကဲ့သို့ ဇီဝလုံခြုံမှုရှိအထူးကြက်မွေးမြူ ရေးဇုန်များ မတည်ဆောက်နိုင်ခြင်းမှာ နေရာဒေသအခက်အခဲများကြောင့်ဖြစ်ပြီး လတ်တလောကြက်မွေးမြူရေးလုပ်ငန်းရှင်များမှာ ၎င်းတို့အစီအစဉ်ဖြင့် လူသူကင်းရှင်းသော ဒေသများတွင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေကြကြောင်း၊ ဇီဝလုံခြုံမှုရှိ အထူးကြက်မွေးမြူရေးဇုန်များတွင် ကြက်မွေးမြူခြင်းသည် ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် တိရစ္ဆာန်ရောဂါများ ပျံ့နှံ့ကူးစက်ခြင်းကို ဟန့်တားနိုင်ကြောင်း ဒေါက်တာသန်းလှက ဆက်လက်ရှင်းလင်းပြောကြားသည်။

Mass Peafowl News

www.foreverspace.com.mm



# ထိုင်းနိုင်ငံသို့ ကွဲ ၊ နွားအရှင်တင်ပို့ရေး သိုး ၊ ဆိတ်များ စမ်းသပ်တင်ပို့မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ကွဲ၊ နွားအရှင်များ တင်ပို့နိုင်ရေးအတွက် ဦးစွာစမ်းသပ်တင်ပို့မည့် သိုး၊ ဆိတ် အရှင်များ၏ သယ်ယူမည့်လမ်းကြောင်းနှင့် ပုံမှန်ဝယ်ယူမည့်ပမာဏကို နှစ်နိုင်ငံ ကုန်သည်များ အသေးစိတ်ဆွေးနွေးခဲ့ကြောင်း မြဝတီအခြေစိုက် သိုး၊ ဆိတ် ကုန်သည်တစ်ဦးက ပြောကြားသည်။

တင်ပို့မည့်တိရစ္ဆာန်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တာဝန်ယူ၍ တာချီလိတ်စစ်ဆေးရေးစခန်းတွင် သုံးပတ်ကြာ စောင့်ကြည့်စစ်ဆေးပြီး သိုး၊ ဆိတ်အရှင်တင်ပို့မှုများ အောင်မြင်လျှင် ကွဲ၊ နွားအရှင်တင်ပို့မှုများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။ ယခုနှစ်အစပိုင်းတွင် မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ နွားနောက်အရှင်များ တင်ပို့မည့်အစီအစဉ်အား ခေတ္တရပ်ဆိုင်းထားပြီး အေးခဲပြီး နွားနောက်သားများကို အစားထိုးတင်ပို့နိုင်ရန် စီစဉ်လျက်ရှိသည်ဟု ယင်း ဒေသခံကုန်သည်က ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် သိုး၊ ဆိတ်အရေအတွက် လေးသန်းကျော်ရှိ ပြီး စစ်ကိုင်းနှင့် မန္တလေးတို့တွင် တစ် နိုင်ငံလုံး သိုး၊ ဆိတ်ကောင်ရေ၏ ထက်ဝက်ခန့်ရှိသည်။ နွားနောက်မှာ တောင်ပေါ်မြို့နယ် ကိုးမြို့နယ်တွင် စုစုပေါင်း လေးသောင်းကျော်ခန့်ရှိသည်။

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉ - ၄၃ (Ext-၂၀၀)

# မြစ်ဝကျွန်းပေါ်ဒေသလေးခုတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းသစ်များ တူးဖော်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံအတွက် နိုင်ငံခြားငွေ အဓိကရှာဖွေပေးနိုင်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိရန် အလားအလာရှိသည့် မြစ်ဝကျွန်းပေါ်ဒေသလေးနေရာတွင် တွင်းသစ်များ တူးဖော်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက် အရသိရှိရသည်။

အဆိုပါမြစ်ဝကျွန်းပေါ်ဒေသအပြင် တိုက်ကြီး၊ ဥက္ကံ၊ ဖကွန်နှင့် အဖျောက်ဒေသ လေးခုတို့တွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိရန် အလားအလာကောင်းရှိနေရာ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ လေ့လာသုံးသပ်ဆောင်ရွက်ပြီးပါက ရှာဖွေရေးနှင့် တွင်းသစ်တူးဖော်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လွန်းသီက ဇန်နဝါရီ ၉ ရက်နေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများကို ပြောကြားခဲ့ကြောင်း ယင်းဌာန၏ တရားဝင်သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်သည့် မအူပင်(တောင်) ဒေသတွင် စမ်းသပ်တူးဖော်လျက်ရှိသည့် အစမ်းတွင်းကို သတ်မှတ်ရက်အတွင်းပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ညောင်တုန်းဒေသတွင်လည်း တွင်းအမှတ် ၃၇ ကို အောင်မြင်စွာတူးဖော်၍ နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၂ သန်း ထုတ်လုပ်လျက်ရှိပြီး ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ ၈၁ သန်းကျော်နှင့် လေဆီ (Condensate)စည် ၇၂၀ ကို ထုတ်လုပ်ပေးလျက်ရှိသည်။

# ရန်ကုန်မြို့တွင်း ညနေ ၆ နာရီကျော်မှသာ ကွမ်းယာရောင်းချ

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့တော်တွင်း ခြောက်မြို့နယ် ကွမ်းယာရောင်းချမှုကို ယခင်က အချိန်မကန့်သတ်ခဲ့သော်လည်း ယခုအခါ ညနေ ၆ နာရီကျော်မှသာ ရောင်းချခွင့်ပြုထားကြောင်း ကျောက်တံတားမြို့နယ် အနော်ရထာလမ်းမပေါ်ရှိ ကွမ်းယာဆိုင်များထံမှ စုံစမ်းသိရှိရသည်။

သတ်မှတ်ထားသောအချိန်မတိုင်မီ ရောင်းချသော ကွမ်းယာဆိုင်များကို ပထမဦးဆုံးအကြိမ်တွေ့ရှိပါက ဒဏ် ငွေ ၃၀၀၀ ကျပ်၊ ဒုတိယအကြိမ် ၅၀၀၀ ကျပ်၊ တတိယအကြိမ် ၁၀၀၀၀ ကျပ်အထိ ပေးဆောင်ရသည့်အပြင် ကွမ်းယာဆေးဘူးများနှင့် ပစ္စည်းများကိုပါ သက်ဆိုင်ရာက သိမ်းဆည်းကြောင်း ဒဏ်ရိုက်ဖမ်းဆီးခံခဲ့ရသူ ကွမ်းယာရောင်းချသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖမ်းဆီးမှုကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှစတင်၍ ဆောင်ရွက်နေကြောင်း၊ စတင်ဆောင်ရွက်စဉ်က ကွမ်းယာရောင်းချသောပစ္စည်းနှင့် ရောင်းချသူအား ဓာတ်ပုံရိုက်၍ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ၎င်းကဆိုသည်။

**နေထွန်းအောင်**

www.foreverspace.com.mm

# ကဒုံကနိကြိုးဝိုင်းအနီး သတ္တုရှာဖွေမည်

**ဘိုကလေး၊ ဇန်နဝါရီ ၂၀**

ဖျာပုံခရိုင် အမာမြို့နယ်ခွဲအတွင်းရှိ ကဒုံကနိသစ်တောကြိုးဝိုင်း၏ ပြင်ပဧရိယာအနီးတွင် သတ္တုရှာဖွေတူးဖော်ရန် ပြင်ဆင်လျက်ရှိကြောင်း ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသို့ သတ္တုရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက သစ်တောရေးရာဝန်ကြီးဌာနသို့ မကြာသေးမီက အကြောင်းကြားစာပေးပို့လာခဲ့ကြောင်းနှင့် အဆိုပါ ဧရိယာမှာ ကြိုးဝိုင်းပြင်ပတွင် တည်ရှိသည့်အတွက် မြေစာရင်းဦးစီးဌာနသို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ကဒုံကနိကြိုးဝိုင်းသည် ဧရိယာ ၁၈၉၈၇၆ ဧက ကျယ်ဝန်းပြီး အကွက်အမှတ် ၁ မှ ၇၆ ထိ ပါဝင်ကြောင်း၊ ယင်းကြိုးဝိုင်းသည် ဘိုကလေးမြို့နယ်နှင့် အမာမြို့နယ်ခွဲတို့တွင်ပါဝင်ပြီး ယခုသတ္တု ရှာဖွေတူးဖော်မည့်နေရာသည် ကြိုးဝိုင်းမှ ကွင်း၍ ကျန်ရှိခဲ့သည့်နေရာဖြစ်ကြောင်း ၎င်းအဆိုအရ သိရှိရသည်။

Associated News

# ဘုရင့်နောင်ကုန်စည်ဒိုင်ရောင်းဝယ်ချိန် နာရီဝက်ရွှေ့တိုး

**ရန်ကုန်၊ ဇန်နဝါရီ ၇**

မြန်မာတစ်နိုင်ငံလုံးမှ သီးနှံကုန်စည်အများစုရောင်းဝယ်ဖောက်ကားရာ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ရောင်းဝယ်လျက်ရှိသော ကောက်ပဲသီးနှံများ ဈေးနှုန်းသတ်မှတ် ရောင်းဝယ်ကြရာတွင် ယခင်ထက်ပိုမို မြန်ဆန်လာစေရန်အတွက် ယခုနှစ် ဇန်နဝါရီလ ၁ ရက် နေ့မှစ၍ ကုန်စည်ဒိုင်ရောင်းဝယ်ချိန်ကို နာရီဝက်ရွှေ့တိုးသတ်မှတ်လိုက်ကြောင်း အဆိုပါကုန်စည်ဒိုင်အတွင်းရေးမှူး ဦးမြသိန်းက ပြောကြားသည်။

အဆိုပါဆုံးဖြတ်ချက်မှာ ပြီးခဲ့သည့် ဒီဇင်ဘာလတွင်ကျင်းပခဲ့သော ဘုရင့်နောင်ကုန်စည်ဒိုင်အသင်းသား စုံညီအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ကြက်သွန်ရောင်းဝယ်သူများကို နံနက် ၉နာရီ ၃၀ မိနစ်မှ ၁၀နာရီ ၃၀ မိနစ်ထိ သတ်မှတ်ပြီး ပဲမျိုးစုံရောင်းဝယ်သူများကို နံနက် ၁၀နာရီမှ ၁၁နာရီ ၃၀ မိနစ်ထိသာ ရောင်းဝယ်ကြရန် သတ်မှတ်ထားကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ပဲမျိုးစုံအဓိကရောင်းဝယ်သော ကုန်စည်ဒိုင်အသင်းသားများမှာ အများအားဖြင့် ၁၁ နာရီနောက်ပိုင်းမှသာ ဈေးနှုန်းဖြတ်လေ့ရှိသည့်အတွက် ယခုရက်ပိုင်း ကုန်စည်ဒိုင်ပိတ်ချိန်၌ အပြင်တွင် ဆက်လက်ရောင်းချလျက်ရှိသည်ဟုလည်း ကုန်စည်ဒိုင်အသင်းသားများထံမှ သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်၏ ဈေးနှုန်းအတက်အကျကို အခြေပြု၍ နိုင်ငံအနှံ့အပြားမှ ကုန်စည်ဒိုင်များက ဈေးနှုန်းဖြတ်ကြလေ့ရှိပြီး အဆိုပါကုန်စည်ဒိုင်မှ အနုတ်အသိမ်းသည် ကျန်ကုန်စည်ဒိုင်များ၏ပေါက်ဈေးများပေါ် တိုက်ရိုက် အကျိုးသက်ရောက်လေ့ရှိကြောင်း မုံရွာ ကုန်စည်ဒိုင်မှ ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

Associated News

■

# ကုန်သွယ်မှုလျာထားချက် ကန်ဒေါ်လာ ရှစ်ဘီလီယံပြည့်ရန် ပို့ကုန် ၂၀ ရာခိုင်နှုန်းသာလို

**ရန်ကုန်၊ ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် မျှော်မှန်း ထားသည့် ကုန်သွယ်မှုလျာထားချက် အမေ ရိကန်ဒေါ်လာရှစ်ဘီလီယံပြည့်မီရန် ပို့ကုန်ပမာဏ ၂၀ ရာခိုင်နှုန်းသာ လိုအပ်တော့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်လုပ်ငန်းဌာနညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး အေးလွင်က ၂၀၀၆ ခုနှစ် နိုဝင်ဘာလစာရင်းများအရ ပြောကြားသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်မှုပမာဏဆိုသည်မှာ တရားဝင်ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်နှစ်ရပ်ပေါင်းကို ဆိုလိုခြင်းဖြစ်ပြီး ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်စတွင် ကန်ဒေါ်လာ ခုနစ်ဘီလီယံရရှိရန် မျှော်မှန်းထားသော်လည်း တိုးမြှင့်မျှော်မှန်းနိုင်သည့် အလားအလာကောင်းများရှိ၍ ကန်ဒေါ်လာ ရှစ်ဘီလီယံသို့ မကြာသေးမီက တိုးမြှင့်မျှော်မှန်းလိုက်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ပို့ကုန်ပမာဏ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာသော်လည်း ကုန်ကြမ်းများသာတင်ပို့ရမှုများပြီး တန်ဖိုးမြှင့်ထုတ် ကုန်တင်ပို့မှုမှာ ငါးရာခိုင်နှုန်းသာရှိကြောင်းနှင့် လာမည့်နှစ်များတွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

■

www.foreverspace.com.mm



# နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်သစ်သီးဝလံထုပ်ပိုးစက်ရုံ မန္တလေးတွင်တည်ဆောက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၈**



ဟင်းသီးဟင်းရွက်သစ်သီးဝလံများ နိုင်ငံတကာစံချိန်မီထုပ်ပိုးပြုပြင်ပေးမည့် Pack House ခေါ် ထုပ်ပိုးစက်ရုံ တစ်ခုကို မန္တလေးမြို့တော်တွင် တည်ထောင်နိုင်ရန် သက်ဆိုင်ရာက ကြိုးပမ်းဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ဇန်နဝါရီ ၈ ရက်နေ့တွင် ပြောကြားသည်။

ယင်းနေ့ကကျင်းပသော မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း၏ သစ်သီးဝလံ တန်ဖိုးမြှင့်အသုံးချနည်းပညာအခြေခံ သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မန္တလေးမြို့တွင် Pack House တည်ဆောက်ခြင်းဖြင့် မန္တလေးတံတားဦးလေဆိပ်မှတစ်ဆင့် ဒေသထွက်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်ပို့နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တန်ဖိုးမြှင့်သစ်သီးဝလံများ ပြည်ပတင်ပို့နိုင်ရန်အတွက် လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဝန်ကြီးက တိုက်တွန်းပြောကြားသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၏ ခေတ်မီထုပ်ပိုးမှုစက်ရုံနှင့် ပြည်ပသို့တင်ပို့မည့် ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ထုပ်ပိုးနေရပြီး အဆိုပါစက်ရုံမှာ ၂၀၀၅ ခုနှစ် က စတင်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် သစ်သီးဝလံ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရန် အလားအလာကောင်းသော်လည်း ခေတ်မီ နည်းပညာ၌ အားနည်းမှုရှိနေကြောင်း၊ ထို့ကြောင့် နိုင်ငံတကာစံချိန်မီ ထုပ်ပိုးမှုစက်ရုံများ လိုအပ်နေသည်ဟု ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

Pack House တစ်ခုကို တည်ထောင်သွားရန် အရင်းအနှီးကြီးမားလှသဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တည်ဆောက်ပေးရန် အကြမ်းဖျင်းတင်ပြထားကြောင်း ဝန်ကြီးက ပြောကြားသွားသည်။

ရန်ကုန်မြို့တော်တွင်လည်း နိုင်ငံတကာအဆင့်မီ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်အရောင်းစင်တာကြီးတစ်ခု တည်ဆောက်ရန် လေ့လာဆောင်ရွက်လျက်ရှိရာ (The Voice Weekly Vol.2,No.48 တွင် သတင်းဖော်ပြပြီး) ဆောက်လုပ်ပြီးစီးပါက ဒေသထွက်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပြည်ပနိုင်ငံများသို့ အဆင့်မီတင်ပို့လာနိုင်မည်ဖြစ်သည်။

Living Color ၊ **ထားထားမြင့်**

# ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအတွက် ခရီးသွားလက်မှတ်များထုတ်ပေးမည်

**မဲဆောက်၊ ဖေဖော်ဝါရီ ၈**

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများအတွက် ထိုင်းနိုင်ငံအတွင်း ခရီးသွားလာခွင့်ရရှိစေမည့် ခရီးသွားလက်မှတ်များကို ထိုင်းအစိုးရက တရားဝင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသောသတင်းများ အရသိရသည်။

ယခင်က ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာအလုပ်သမားများသည် မိမိအလုပ်လုပ်ရာနေရာ၌သာ နေထိုင်ရသော်လည်း ယခုခရီးသွားလက်မှတ်ဖြင့် ထိုင်းနိုင်ငံတစ်နိုင်ငံလုံးတွင် ခရီးသွားလာခွင့် ရရှိမည်ဖြစ်သည်။

အဆိုပါခရီးသွားလာခွင့်လက်မှတ်များကို မြန်မာအလုပ်သမားများသို့ လာမည့်အချိန်တစ်လခွဲအတွင်း မဲဆောက်မြို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသွားမည်ဟု ထိုင်းနိုင်ငံမှလာသော သတင်းများတွင် ဖော်ပြထားသည်။

**ထားထားမြင့်**

www.foreverspace.com.mm

# ကြက်သွန်စိုက်ကုမ္ပဏီအချို့ ဘဏ်ချေးငွေများရ

**ရန်ကုန်၊ ဇန်နဝါရီ ၂၅**



မြန်မာနိုင်ငံ၏ ဘဏ်တစ်ခုဖြစ်သော မြန်မာနိုင်ငံသားများဘဏ် (Myanmar Citizen Bank) က စစ်ကိုင်းတိုင်းတွင် ကြက်သွန်စိုက်ပျိုးလျက်ရှိသည့် ကုမ္ပဏီအချို့ကို ဘဏ်ချေးငွေများ စတင်ထုတ်ပေးနေကြောင်း မကြာမီက ချေးငွေရရှိခဲ့သည့် မုံရွာစက်မှုဇုန်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။

ယမန်နှစ်က ကြက်သွန်ဧက ၅၀ ခန့် စိုက်ပျိုးခဲ့သော အဆိုပါကုမ္ပဏီသည် ဧက တိုးချဲ့စိုက်ပျိုးရန်ရှိနေပြီး ပိုင်ဆိုင်ပစ္စည်း ခိုင်မာစွာတင်ပြနိုင်မှုကြောင့် အဆိုပါဘဏ်မှ ကျပ်သိန်း ၇၀၀ ချေးငွေရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် ၂၀၀၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကြက်သွန် စိုက်ပျိုးခဲ့ပြီး Contract farm ဟု ခေါ်ဆိုသည့်ပုံစံဖြင့် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးခြင်းဖြစ်ကြောင်းလည်း ၎င်း၏အဆိုအရ သိရှိရသည်။

ယခုအခါ မြန်မာနိုင်ငံဘဏ်များ ကြီးကြပ်ရေးကော်မတီသည် ပုဂ္ဂလိကဘဏ်များအား ချေးငွေများအပေါ်တွင် အတိုးနှုန်း ၁၇ ရာခိုင်နှုန်းထိရယူနိုင်ရန် ခွင့်ပြုထားခဲ့ပြီး စာရင်း တစ်ကျပ်ရှိလျှင် ဆပ်ငွေ ၁၀ ကျပ် လက်ခံနိုင်ရန် ပြင်ဆင်ခွင့်ပြုထားပြီးဖြစ်သည်။

Associated News

# မှောင်ခိုပစ္စည်းပပျောက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်

**သတင်းဆောင်းပါး – Mass Peafowl News၊ ၂၇–၁–၂၀၀၆**

**မြန်မာနိုင်ငံအတွင်းသို့ အိမ်နီးနားချင်းနိုင်ငံအချို့မှ အကောက်ခွန်မဲ့ပစ္စည်းများ တင်သွင်းရောင်းဝယ်မှု ပပျောက်စေရန်အလို့ငှာ သက်ဆိုင်ရာက တင်းကျပ်သောစစ်ဆေးမှုများပြုလုပ်၍ ဖမ်းဆီးစစ်ဆေးအရေးယူမှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသခံကုန်သည်ကြီးများထံမှ စုံစမ်းသိရှိရသည်။**

မြန်မာနိုင်ငံ၏အကြီးဆုံးနယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိရာ မူဆယ် ၁၀၅ မိုင်ဒေသတွင် ယခင်က မှောင်ခိုသယ်ယူမှုများ တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ ဒေသခံစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ပူးပေါင်းအဖွဲ့များ တွဲဖက်၍ တင်းကျပ်သော စစ်ဆေးမှုများ ဆောင်ရွက်နေသောကြောင့် မှောင်ခိုသယ်ယူမှုများ မရှိသလောက်ပင်ဖြစ်သွားကြောင်း၊ ယခင်က မှောင်ခိုကုန်ပစ္စည်းသယ်ဆောင်သူများအနေဖြင့် ရှောင်ကွင်းလမ်းများမှ ကန့်သတ်ထိန်းချုပ်ပစ္စည်းများအပြင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများကို ထော်လာဂျီများ၊ ဆိုင်ကယ်များဖြင့် သယ်ယူကြကြောင်း၊ ရှောင်ကွင်းလမ်းများအနေဖြင့် နယ်စပ်မှ တုန်ခန်ရွာကိုဖြတ်၍ မန့်မော်ရွာမှတစ်ဆင့် မော်တောင်းရွာအထိ လမ်းကြောင်း၊ မူဆယ်ဘက်မှ တုန်ခန်ရွာ၊ ထိုမှ မူဆယ် ၁၀၅ မိုင်စခန်းအား ရှောင်ကွင်းပြီး ကြူကုတ်–ပန်ဆိုင်းလမ်းကိုဖြတ်၍ ပန်ကျုံ၊ ဟိုခေးရွာမှတစ်ဆင့် မော်တောင်းရွာထိသွားသည့်လမ်းကြောင်း၊ ထို့အပြင် မူဆယ်မှ တုန်ခန်ရွာကိုဖြတ်၍ မန့်မော်ရွာမှတစ်ဆင့် မော်တောင်းရွာအထိ လမ်းကြောင်းနှင့် ကြယ်ခေါင်–ပန်ခမ်း မှ စွမ်အော်ရွာကိုဖြတ်၍ ပွိုင့် ၄၅၆၁ နှင့် မန့်ဟန်ရွာကိုဖြတ်၍ မော်တောင်းရွာထိ စသည့် ရှောင်ကွင်းလမ်းကြောင်းများရှိကြောင်း ဒေသခံမူဆယ်ကုန်သည်ကြီးများက ရှင်းလင်းပြောကြားသည်။

ရှမ်းပြည်နယ် အရှေ့တောင်ပိုင်းဒေသရှိ တာချီလိတ်ဒေသတွင်လည်း သက်ဆိုင်ရာ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်နှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး မှောင်ခိုပစ္စည်းသယ်ယူမှုများကို နှိမ်နင်းနေကြောင်း တာချီလိတ်ဒေသခံကုန်သည်ကြီးများက ပြောကြားသည်။ တာချီလိတ်ဒေသတွင် လစဉ် သိန်း ၁၅၀၀ ခန့်တန်ဖိုးရှိ မှောင်ခိုသယ်ယူမှုများကို ဖမ်းဆီးရရှိမှုများရှိနေကြောင်း တာချီလိတ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။ မှောင်ခိုသယ်ယူကြရာတွင် တစ်ဖက်နိုင်ငံမှ အဓိကအားဖြင့် ကလေးကစားစရာပစ္စည်း

www.foreverspace.com.mm

များ၊ အပတ်အထည်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လိမ္မော်သီးနှင့် ပန်းသီး၊ ဘီယာ၊ မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံ၊ အချိုမှုန့်၊ စားသုံးဆီနှင့် ပရိဘောဂပစ္စည်းများကို သယ်ယူကြကြောင်း၊ မြန်မာနိုင်ငံမှ ကြက်သွန်ဖြူ၊ ဆန်နှင့် မြေပဲ စသည့် စိုက်ပျိုးသီးနှံများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ကြကြောင်း အဆိုပါဒေသခံကုန်သည်ကြီးများ၏ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းဒေသတွင်လည်း မှောင်ခိုလမ်းကြောင်းများမှ အကောက်ခွန်မဲ့ပစ္စည်းများ သယ်ယူခြင်းကို တင်းကျပ်စွာ စစ်ဆေးလျက်ရှိကြောင်း ကော့သောင်းဒေသခံ ကုန်သည်များ၏အဆိုအရ သိရသည်။ သက်ဆိုင်ရာက ရှောင်ကွင်းလမ်းကြောင်းများကို ဦးစားပေးစစ်ဆေးလျက်ရှိပြီး အထူးသဖြင့် တစ်ဖက်နိုင်ငံသို့ မှောင်ခိုသွားလာသည့် ကျန်ကျောင်းလမ်းခေါ် ရန်ကုန်–မော်လမြိုင်–မြိတ်မှ ထိုင်းနိုင်ငံ ရနောင်းသို့ တိုက်ရိုက်သွားလာသည့်လမ်းကြောင်း၊ ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများ၊ ရွာများမှ သူဌေးကျွန်းနှင့် ဇာဒက်ကြီးကျွန်းရေလမ်းများမှ လှေသင်္ဘောများဖြင့် စစ်ဆေးရေးကင်းစခန်းများအား ရှောင်ကွင်းပြီး တစ်ဖက်နိုင်ငံ ရနောင်းမြို့ဘက်သို့ တိုက်ရိုက်သွားသည့် လမ်းကြောင်းများကို တင်းကျပ်စွာစစ်ဆေးလျက်ရှိကြောင်း ကော့သောင်းဒေသခံကုန်သည်တစ်ဦးဖြစ်သူ ဦးတင်ထွန်းက ပြောကြားသည်။ ကော့သောင်းဒေသတွင် မြန်မာနိုင်ငံမှ မှောင်ခိုပို့ကြရာတွင် ရေထွက်ပစ္စည်းဖြစ်သည့် ငါး၊ ပုစွန်နှင့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် မီးသွေးနှင့် ဒေသထွက်သစ်များ၊ စားသုံးကုန် ကြက်သွန်နီတို့အပြင် ထိုင်းနိုင်ငံမှ တားမြစ်ထားသည့် စားသုံးကုန်များ၊ ကန့်သတ်ကုန်များ၊ အကောက်ခွန်မဲ့ပစ္စည်းများအား နိုင်ငံတွင်းသို့ တင်သွင်းကြကြောင်း ၎င်း၏ အဆိုအရ သိရသည်။

ထို့အပြင် မြိတ်ဒေသတွင်လည်း မှောင်ခိုကူးသန်းရောင်းဝယ်မှုများမရှိစေရန် စိစစ်တားမြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ဒေသကမ်းရိုးတန်းသွားပင်လယ်ပြင်၌လည်း တနင်္သာရီတိုင်း ရေတပ်စခန်း စစ်ဌာနချုပ်နှင့် အမှတ်(၂၆၅) ခြေလျင်တပ်ရင်းတို့၏အစီအမံများ၊ ကင်းလှည့်ရေယာဉ်များဖြင့် ပင်လယ်ပြင်စိုးမိုးရေးကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိသောကြောင့် မှောင်ခိုကူးသန်းရောင်းဝယ်မှု လျော့ကျလျက်ရှိကြောင်း မြိတ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မွန်ပြည်နယ် မော်လမြိုင်ဒေသတွင်လည်း ထိုင်းနိုင်ငံမှ အကောက်ခွန်မဲ့ကုန်ပစ္စည်းများအား ကုန်တင်ယာဉ်များ၊ ခရီး



# နယ်စပ်မှ သစ်သီးဝလံ ပြန်လည်တင်သွင်းခွင့်ပြု

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

ကာလအတန်ကြာရပ်နားထားသော ပြည်ပနိုင်ငံများမှ ပန်းသီး၊ သစ်တော်သီး၊ ချယ်ရီသီး၊ မန်ကျည်းချိုသီး၊ စွန်ပလွန်သီး စသော သစ်သီးအချို့များ တင်သွင်းမှုကို ဒီဇင်ဘာလဆန်းပိုင်းမှစ၍ နယ်စပ်ကုန်သွယ်ရေးဖြင့် ပြန်လည်တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉/၉၉ ထုတ်ပြန်၍ ပြည်ပမှ သစ်သီးအစိုတင်သွင်းခွင့်မပြုကြောင်း အမိန့်ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် လူဦးရေ ၅၄ သန်းကျော် ရှိလာပြီဖြစ်သော မြန်မာနိုင်ငံတွင် ကျန်းမာရေးအရ သစ်သီးဝလံစားသုံးမှု မြင့်မားလာသည့်အတွက် သစ်သီးဈေးကွက်တွင် သစ်သီးဝယ်လိုအားမှာလည်း မြင့်မားလာသည်ဟု သီရိမင်္ဂလာဈေးမှသစ်သီးကုန်သည်တစ်ဦးက ပြောကြားသည်။

သစ်သီးဝလံဈေးကွက်လိုအပ်ချက်အတွက် လက်ရှိတွင် ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သစ်သီးများ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်သွင်းနေကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် သစ်သီးများမှာ ဈေးနှုန်းချိုသာ၍ ထိုင်းသစ်သီးများမှာ အရည်အသွေး ကောင်းမွန်ကြောင်း သစ်သီးကုန်သည်များထံမှ သိရသည်။

မြန်မာနိုင်ငံမှ အပြန်အလှန်အားဖြင့် သခွားမွှေး၊ ဖရဲသီးများကိုလည်း တရုတ်၊ စင်ကာပူနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

**ထားထားမြင့်**

www.foreverspace.com.mm

သည့်ဘတ်စ်ယာဉ်များဖြင့် တရားမဝင်ခိုးဝှက်သယ်ယူခြင်း၊ ရံဖန်ရံခါကိုယ်ပိုင်ယာဉ်များဖြင့် သယ်ယူခြင်းများရှိသောကြောင့် သက်ဆိုင်ရာက စိစစ်အရေးယူမှုများ တင်းကျပ်စွာ ဆောင်ရွက်လာကြောင်း မော်လမြိုင်ဒေသခံကုန်သည်အချို့က ဆိုသည်။ အဓိကအားဖြင့် ဘားအံနှင့် ကော့ကရိတ်မြို့တို့၌ အကောက်ခွန်မဲ့ ပစ္စည်းများကို စုဆောင်းထားရှိပြီး နည်းလမ်းမျိုးစုံဖြင့် သယ်ယူကြကြောင်း၊ ယင်းသို့ သယ်ယူရာတွင် မီးရထားဖြင့်လည်းကောင်း၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်ယာဉ်များအတွင်း စစ်ဆေးရန်ခက်ခဲသောနေရာများတွင် သိုဝှက်၍လည်းကောင်း သယ်ယူကြကြောင်း ၎င်းကုန်သည်များ၏ အဆိုအရ သိရသည်။ မှောင်ခိုသယ်ယူရာတွင် ကားလမ်းမှ အများဆုံးသယ်ယူကြပြီး အရေးပါသည့် ရှောင်ကွင်းကားလမ်းများအနေဖြင့် ကျိုက်ထို–စစ်တောင်းကားလမ်းပေါ်ရှိ ကျိုက်ထီးရိုးလေးလမ်းခွဲ (ဂျီ–၅၀၃၀၈၅)–မဲရုံးကြီး–ဆင်တွင်း(ဂျီ–၄၄၁၁၈၆)–ပိန္နဲကုန်း (ဂျီ–၄၉၉၂၀)–စစ်တောင်းကားလမ်းသို့သွားသည့် ကားလမ်း၊ ကျိုက်ထီးရိုးလေးလမ်းခွဲ–မဲရုံးကြီး–ဆင်တွင်း–ဇီးပြောင်း–သုံးခွဲ–သိမ်ဇရပ်သို့သွားသည့်ကားလမ်း၊ ကျိုက်ထို–စစ်တောင်းကားလမ်းပေါ်ရှိ သစ်ဆိမ့်ပင်လမ်းခွဲ–ခလွန်–စွပ်ပွန်းရာ–မုပ္ပလင်သို့သွားသည့်ကားလမ်း၊ စစ်တောင်းမြစ်ဘေးရှိ ကျိုက္ကသာနယ်တစ်ဝိုက်မှ စစ်တောင်းမြစ်ကိုဖြတ်၍ ကျွဲထဲ–နတ်ရေကန်–တံခွန်တိုင်–ကုလားချောင်းကြီး–ရပ်ကန်ကြီး–အင်းရာ–သနပ်ပင်–ပဲခူး–ရန်ကုန်သို့သွားသည့် ကားလမ်းများမှတစ်ဆင့် မှောင်ခိုပစ္စည်းများ သယ်ယူကြကြောင်း ဒေသခံကုန်သည်ကြီးများက ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် မြဝတီဒေသတွင်လည်း ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ မှောင်ခိုပစ္စည်းသယ်ယူမှုများအပေါ် စစ်ဆေးဆောင်ရွက်လာခဲ့ပြီး ယခုအချိန်အထိ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင်လည်း ရန်ကုန်–မြဝတီကားလမ်းတစ်လျှောက်တွင် အတင်းကျပ်ဆုံးစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ယင်းဒေသမှ ကုန်သည်အချို့ထံက သိရသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်ရေးပြုလုပ်နေသည့် မြန်မာနိုင်ငံ စစ်တွေနှင့် မောင်တောဒေသများတွင်လည်း သက်ဆိုင်ရာက မှောင်ခိုမှုများ ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း စစ်တွေနယ်စပ်ကုန်သွယ်ရေးဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ လတ်တလော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေကြောင့် လုံးဝရပ်ဆိုင်းလုနီးပါး ရပ်တန့်နေပြီဖြစ်ကြောင်း Living Color ၏ သီးခြားစုံစမ်းချက်များအရ သိရသည်။

ယင်းကဲ့သို့ နိုင်ငံတစ်ဝန်း မှောင်ခိုပပျောက်ရေးအတွက် သက်ဆိုင်ရာက တင်းကျပ်စွာ စစ်ဆေးအရေးယူမှုများကြောင့် အကောက်ခွန်မဲ့ပစ္စည်းများ သယ်ယူတင်သွင်းမှုလျော့ကျသွားကြောင်း၊ သို့ရာတွင် ဈေးကွက်များတွင် နိုင်ငံခြားဖြစ်ပစ္စည်းများ ဈေးနှုန်းအဆမတန်မြင့်တက်သွားကြောင်း ရန်ကုန်အခြေစိုက်ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

အခြားတစ်ဖက်တွင်လည်း မှောင်ခိုပစ္စည်း သယ်ယူမှုများမပြုလုပ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပါအဝင် ကုန်သွယ်ရေးနှင့် သက်ဆိုင်သော အစိုးရဌာနများက ကုန်သည်များအား ကွင်းဆင်းစည်းရုံးမှုများပြုလုပ်နေကြောင်း၊ တရားဝင်အခွန်ဆောင်ပြီး ကုန်သွယ်မှုဆောင်ရွက်ပါက သက်ဆိုင်ရာမှ ဥပဒေဘောင်အတွင်းမှနေ၍ တတ်စွမ်းသမျှ ကူညီပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိကြီးက Living Color သို့ ရှင်းလင်းပြောကြားသည်။ ■

# အသံမြည်တံခါးအဖွင့်အပိတ်စနစ်တပ်ဆင်ယာဉ်များကို အရေးယူ

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**



ကိုယ်ပိုင်ယာဉ်များတွင် အများဆုံးတပ်ဆင်အသုံးပြုလေ့ရှိသည့် အလိုအလျောက်တံခါးအဖွင့်အပိတ်စနစ်များတွင်ပါရှိသည့် အသံစုံမြည်ကိရိယာများကို ယခုကာလများအတွင်း ဖမ်းဆီးအရေးယူဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလ ဒုတိယပတ်အတွင်း ပြောကြားသည်။

ထိုသို့ အရေးယူရခြင်းမှာ ပတ်ဝန်းကျင်ကို အထိတ်တလန့်ဖြစ်စေသော အသံများထွက်ပေါ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါစနစ်သည် အရေးကြီးပုဂ္ဂိုလ်မော်တော်ယာဉ်များ၏ အချက်ပေးလမ်းရှင်းသံများနှင့် တူညီနေခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယာဉ်တံခါး အလိုအလျောက်အဖွင့် အပိတ်အသံစုံမြည်သည့်စနစ်သည် တစ်စုံလျှင်ကျပ်ခုနစ်သောင်းမှ တစ်သိန်းဝန်းကျင်အတွင်းရှိပြီး ပြည်ပမှ တင်သွင်းရောင်းချခြင်း ဖြစ်ကြောင်း၊ ကားလုံခြုံရေးအတွက် ယာဉ်ပိုင်ရှင်များက အဓိကအသုံးပြုကြကြောင်း တာမွေရှိ ယာဉ်အပိုပစ္စည်းအရောင်းဆိုင်တစ်ခုမှ တာဝန်ခံကဆိုသည်။ ■

www.foreverspace.com.mm





## ငွေဆောင် Central ဟိုတယ် ထူးလွဲပြောင်းလုပ်ကိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်း ငွေဆောင်ကမ်းခြေရှိ ဗိသုကာဟန်အကောင်းဆုံးဟိုတယ် အနည်းငယ်အနက်တစ်ခုဖြစ်သော Central ငွေဆောင်ဟိုတယ်ကို မူလရင်းနှီးမြှုပ်နှံသူ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ထံမှ ထူးထရေးဒင်းကုမ္ပဏီက လွန်ခဲ့သောလမှစ၍ နှစ်ရှည်ငှားရမ်းကာ လွှဲပြောင်းလုပ်ကိုင်နေကြောင်း အဆိုပါကုမ္ပဏီတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးသီဟ က Living Color သို့ ပြောကြားသည်။

အဆိုပါဟိုတယ်ကို ထူးထရေးဒင်းကုမ္ပဏီက ကြယ်ငါးပွင့်အဆင့်ဟိုတယ်အဖြစ် အဆင့်မြှင့်တည်ဆောက်ပေးခဲ့ပြီး လွန်ခဲ့သောနှစ်က ပြီးစီးခဲ့ကာ လောလောဆယ်တွင် ယခင်အမည်ဖြင့်သာ ဆက်လက်လုပ်ကိုင်သွားဦးမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါဟိုတယ်ကို ထူးထရေးဒင်းကုမ္ပဏီ၏ Treasure ဟိုတယ်အုပ်စုနှင့် Aureum ဟိုတယ်အုပ်စုနှစ်ခုအနက် မည်သည့်အုပ်စုတွင်ပါဝင်မည်ဆိုသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

---

# မန္တလေးမြို့တော်တွင် ဆန်စပါးသီးသန့်ကုန်စည်ဒိုင် ဖွင့်လှစ်ရန်လို

**သတင်းဆောင်းပါး – မျိုးညွန့်မောင်**

**မြန်မာနိုင်ငံအဝန်းသို့ ကုန်စည်ဖြန့်ဖြူးရာတွင် အချက်အချာဖြစ်သည့် မန္တလေးမြို့တွင် ဆန်စပါးသီးသန့်ကုန်စည်ဒိုင် ပေါ်ပေါက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း လုပ်သက်ရင့် ဆန်ကုန်သည်ကြီးများက Living Color သို့ ပြောကြားသည်။**

ဆန်ထွက်ရှိရာဒေသမျိုးစုံမှ ဆန်များကို မှာယူပြီး ဆန်လိုဒေသအရပ်ရပ်သို့ ပို့ဆောင်ရောင်းဝယ်သည့် မန္တလေးမြို့တော်တွင် ဆန်စပါးသီးသန့်ကုန်စည်ဒိုင်မရှိခြင်းမှာ သဘာဝမကျလှပါကြောင်း ချမ်းအေးသာစံမြို့နယ်မှ ဆန်ကုန်သည်ကြီးတစ်ဦးက ဆိုသည်။ "မန္တလေးက မြန်မာပြည်ဆန်ဈေးကွက်ရဲ့ အချက်အချာလို့ ပြောလို့ရတယ်။ မြန်မာတစ်နိုင်ငံလုံးအတွက် လိုအပ်နေတဲ့ ပေါ်ဆန်း၊ ဧယာ စတဲ့ ပုသိမ်ဆန်တွေ၊ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ တောင်ငူဘက်က ဒေသထွက်ဆန်တွေကိုလည်း မန္တလေးကို နေ့စဉ်ဝင်နေတာပဲ။ ခက်တာက ပုံသေဈေးကွက်မရှိဘဲ တိုက်ရိုက်မှာ၊ တိုက်ရိုက်ရောင်းဖြစ်နေတော့ ဈေးကွက်ပုံသဏ္ဌာန် ပီပီပြင်ပြင် မဖြစ်ဘူး" ဟု ရန်ကုန်မြို့တော်မှ မန္တလေးရှိ ဖောက်သည်ဆန်ကုန်သည်ကြီး များထံ မကြာခဏသွားရောက်လေ့ရှိသည့် လုပ်သက်ရင့် ဆန်ကုန်သည်ကြီးတစ်ဦးက ဆန်စပါးသီးသန့် ကုန်စည်ဒိုင်မရှိခြင်း၏ အကျိုးဆက်ကို ရှင်းပြသည်။

ပြည်ကြီးတံခွန်မြို့နယ်မှ ဆန်ကုန်သည်ကြီးတစ်ဦးကလည်း "ကျွန်တော်က စစ်ကိုင်း ဒေသထွက်ဆန်ကို အဓိကကိုင်

www.foreverspace.com.mm




(ရောင်းဝယ်) တယ်။ ကောလင်း၊ ဝန်းသို ဘက်တွေက ဒီဒေသရဲ့ စပါးကျီလိုဖြစ်နေတော့ Supply အားကောင်း (ဒေသတွင်း လိုအပ်ချက်ကို ဖြည့်တင်းနိုင်) တယ်။ ခက်တာက ဈေးကွက်မှာ ပေါက်ဈေးအမှန်မရှိဘူး ဖြစ်နေတယ်။ မုံရွာထွက် လုံးသွယ်မွေးဆို ခုထက် ဈေးကွက်အများကြီး ရှိသေးတယ်။ ကျွန်တော်တို့ ဈေးကွက်ကျွမ်းကျင်တဲ့ ကုန်သည်တွေက ကြမ်းခင်းဈေးမြှင့်ပေးပေမယ့် ပွဲရုံတစ်ခု ပေါက်ဈေးတစ်မျိုးဖြစ်နေတော့ ဈေးကွက်ရသင့်သလောက် မရဘူးဖြစ်နေတယ်" ဟု ဈေးကွက်ပီပြင်စွာ ဖြစ်ပေါ်ရေးကို ဆန္ဒပြုပါသည်။

"ပဲဆိုရင် ကုန်စည်ဒိုင်ရှိတော့ ဈေးကွက်က ပီပီပြင်ပြင်အနေအထား ရောက်နေပြီပြောလို့ရတယ်။ အိတ်စပို့ (Export) နဲ့ ပြည်တွင်း စားသုံးမှုယှဉ်ပြီး တွက်လို့ရဖို့ကိုလည်း ကုန်စည်ဒိုင်က အရမ်းအထောက်အကူပြုတယ်"ဟု မန္တလေးမြို့ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (ကောက်ပဲသီးနှံကုန်စည်ဒိုင်) အသင်းဝင် ဆန်နှင့် ပဲကုန်သည်ကြီးတစ်ဦးက ဆန်စပါးသီးသန့်ကုန်စည်ဒိုင်လိုအပ်ပုံကို ရှင်းပြသည်။ မန္တလေးမြို့တော်တွင် မန္တလေးမြို့ပွဲစား၊ ရန်ကုန်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (ကောက်ပဲသီးနှံကုန်စည်ဒိုင်) ရှိပြီးဖြစ်သော်လည်း အဆိုပါကုန်စည်ဒိုင်တွင် ပဲ၊ နှမ်း၊ ဆီထွက်သီးနှံတို့ကိုသာ အဓိကထားရောင်းဝယ်ပြီး ယင်းကုန်စည်ဒိုင်တွင် ဆန်ကို ရောင်းဝယ်လေ့မရှိပေ။ ဘာသာရေးဆိုင်ရာ အလှူအတန်းပြုရန် ရည်ရွယ်အမည်ပေးထားသော်လည်း စနစ်ကျနသော အင်စတီကျူးရှင်း (Institution)ကြီးများ၏ ဖွဲ့စည်းပုံနှင့် ဆင်တူအောင်ဖွဲ့စည်းထားနိုင်သည်ကို ဖွဲ့စည်းပုံမှတ်တမ်းများအရ သိရသည်။

"အသင်းအဖွဲ့နဲ့ စနစ်တကျလုပ်တဲ့အခါကျတော့ နာမည်ပျက်လို့မရဘူး။ ပစ္စည်းကွာလတီ (Quality) ထိန်းကြတယ်။ ငွေကို သတ်မှတ်ရက်အတွင်း ချေနိုင်အောင်ကြိုးစားကြတယ်။ ဆန်မှာလည်း ဒီလိုဖြစ်ဖို့လိုပါပြီ" ဟု အဆိုပါဆန်ကုန်သည်ကြီးက ၎င်း၏အမြင်ကို ဆက်လက်ရှင်းပြသည်။

မန္တလေးမြို့တော်တွင် ဆန်စပါး သီးသန့်ကုန်စည်ဒိုင်မရှိသည့်အတွက် ဆန်စပါးဈေးကွက်တွင် အဓိကတွေ့ကြုံရသော အခက်အခဲအချို့မှာ (၁) ဆန်ပေါက်ဈေးကို စုံစမ်းရန်ခက်ခဲခြင်း၊ (၂) ကုန်စည်စီးဆင်းမှုပမာဏကို စာရင်းကောက်ယူလိုပါက စာ

# မြန်မာ့အာမခံလုပ်ငန်း ၂၀၀၆ ခုနှစ်အတွက် ကုန်ပစ္စည်းအာမခံလျော်ကြေး ကျပ်သိန်း ၂၆၀ ကျော် ပေး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**

မြန်မာ့အာမခံလုပ်ငန်းက ၂၀၀၆ ခုနှစ် တစ်နှစ်လုံး ကုန်ပစ္စည်းဆုံးရှုံးမှု အာမခံလျော်ကြေးအတွက် ကျပ်သိန်းပေါင်း ၂၆၀ ကျော်ကို အာမခံထားရှိသည့် ကုမ္ပဏီလုပ်ငန်းရှင်များသို့ ပေးချေခဲ့ပြီးဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း ရုံးချုပ်မှ စုံစမ်းသိရှိရသည်။

အာမခံလျော်ကြေးပေးအပ်ခဲ့ရခြင်းများမှာ ၂၀၀၆ ခုနှစ်ဇွန်လ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ဆင်ခုံတိုင်ကျေးရွာအနီးတွင် တိမ်းမှောက်ခဲ့သော အာဟာရမုန့်ပုံးများသယ်ဆောင်လာသည့်မော်တော်ယာဉ်မှ ပျက်စီးသွားသော အာဟာရမုန့်ပုံး ၃၇ ပုံးအတွက် ကျပ် ၇၄၀,၀၀၀၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဘိလပ်မြေ ၃၄၀ တန်သယ်ဆောင်လာသည့် ရေယာဉ်နောက်တွဲ စက်မဲ့ယာဉ်တစ်စင်း ကြံခင်းမှ မန္တလေးခရီးစဉ်တွင် ရွှေတောင်မြို့နယ် ကျွန်းရွာအနောက် ဧရာဝတီမြစ်အတွင်း စုပ်ဝဲတစ်ခု၌ တိမ်းမှောက်ဆုံးရှုံးခဲ့သည့် ကုန်ပစ္စည်းများအတွက် ကျပ်သိန်း ၂၅၀ ကျော်တို့ဖြစ်ကြောင်းနှင့် ကုန်ပစ္စည်းအားလုံးကို အာမခံထားရှိသော်လည်း ပျက်စီးဆုံးရှုံးသည့် ကုန်ပစ္စည်းကိုသာ အာမခံလျော်ကြေးပေးခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ စုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm

ရင်းဖွယ်ရာအမှန်ရရှိရန် မလွယ်ကူခြင်း၊ (၃) ဆန်ကုန်သည်များအနေဖြင့် သတင်းအချက်အလက်စုံလင်စွာမရရှိဘဲ မိမိနှင့်ဆက်စပ်ပတ်သက်သည့် သေးငယ်သည့်ဈေးကွက်ခွင်ကျဉ်းကျဉ်းထဲတွင်သာ ရောင်းဝယ်ဖောက်ကားရခြင်း၊ (၄) ပြည်တွင်းတွင်ဈေးပိုရနိုင်လျှင်ပင် ကျယ်ပြန့်သောဈေးကွက်နှင့် မချိတ်ဆက်နိုင်သည့်အတွက် နယ်စပ်သို့ ဈေးအနိမ့်ဖြင့် ရောင်းချမိကာ နိုင်ငံ့ဝင်ငွေပါ နစ်နာခြင်း အစရှိသည်တို့ ဖြစ်ကြောင်း ကျွဲဆည်ကန်ပွဲရုံတန်းမှ လူငယ်ဆန်ကုန်သည်တစ်ဦးကသုံးသပ်ပြပါသည်။



# မြန်မာနိုင်ငံတွင် ဂြိုဟ်တုမှတစ်ဆင့် လိပ်၏လှုပ်ရှားမှုခြေရာခံစနစ် ပထမဦးဆုံးတပ်ဆင်

**ကဒုံကနီ၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် ပင်လယ်လိပ်မျိုး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ဂြိုဟ်တုမှတစ်ဆင့် လိပ်၏လှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာခြေရာခံသည့် (Satellite Telemetry Transponder) စနစ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ပြီးခဲ့ သည့် ဒီဇင်ဘာလ ၂၇ ရက်နေ့က ဖျာပုံမြို့နယ် ကဒုံကလေးကျွန်းအနီးတွင် စတင် တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပင်လယ်လိပ်မျိုးထိန်းသိမ်းစောင့်ရှောက်ရေးဌာနစုမှ ဒုတိယဦးစီးမှူး ဦးဖုန်းမော်က Living Color သို့ ပြောကြားသည်။

အဆိုပါပင်လယ်လိပ်မျိုးထိန်းသိမ်းစောင့်ရှောက်ရေးဌာနစုရုံးဖွင့်လှစ်ထားရှိရာ ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ကဒုံကနီ ကျေးရွာရှိ ရုံးခန်းအတွင်း ပင်လယ်လိပ်မျိုးထိန်းသိမ်း စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ သီးခြားတွေ့ဆုံမေးမြန်းခဲ့စဉ် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအကြိမ် ကဒုံကလေးကျွန်းရှိ လိပ်လှောင်းတစ်ကောင်အား အဆိုပါစနစ်တပ်ဆင်ခဲ့ပြီး ဒေသတစ်ဝိုက် လိပ်များ၏ နေထိုင်ကျက်စားရာနေရာ (Feeding Ground) မှာ ယခင်က ကပ္ပလီပင်လယ်ပြင် အက်ဒမန်ကျွန်းစုများဖြစ်သည်ဟူသော ယူဆချက်ကိုပါ မှန်မမှန်ဖော်ထုတ်နိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းဂြိုဟ်တုမှ သတင်းအချက်အလက်များကို ပြင်သစ်နိုင်ငံက လက်ခံရရှိမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မလေးရှားနိုင်ငံသို့လည်းကောင်း၊ မလေးရှားနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့လည်းကောင်း အချက်အလက်များ အဆင့်ဆင့်ပြန်လည်ရယူမည်ဖြစ်ကြောင်း ဦးဖုန်းမော်က ရှင်းပြသည်။

ဖျာပုံမြို့နယ် ကဒုံကနီကျေးရွာတွင် ပင်လယ်လိပ်မျိုးထိန်းသိမ်းစောင့်ရှောက်ရေးဌာနစုကို ၂၀၀၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မကြာမီ မွန်ပြည်နယ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ရန်ရှိကြောင်း၊ ၎င်းတို့၏စခန်းသည် ပင်လယ်လိပ်ကာကွယ်ရေးနှင့် သုတေသနပြုလုပ်ခြင်း၊ သားဖောက်ခြင်း၊ အမှတ်အသားများပြုလုပ်၍ပြန်လွှတ်ခြင်း၊ စည်းရုံးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လိပ်မျိုးတုံးဖွယ်ဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းများမှာ လူတို့၏ ပယောဂကြောင့်သာဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။ မြန်မာနိုင်ငံတွင် ပင်လယ်လိပ်အမျိုးအစားငါးမျိုးအထိ ယခင်ကတွေ့ရှိနိုင်ပြီး လွန်ခဲ့သော နှစ် ၃၀ ခန့်က လိပ်ကောင်ရေအရေအတွက်သည် ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကိုတွေ့ရှိရကြောင်း၊ လိပ်ခွေးဟု ခေါ်သည့် ပင်လယ်လိပ်ကိုမူ မတွေ့ရှိရတော့ကြောင်း အဆိုပါဌာနမှ သိရှိရသည်။

ပင်လယ်လိပ်တို့သည် ပျမ်းမျှအားဖြင့် ကောင်ရေ ၁၀၀၀ ပေါက်ဖွားပါက အရွယ်ရောက်မိတ်လိုက်နိုင်သည့် ကောင်ရေမှာ တစ်ကောင်ခန့်သာကျန်ရှိနိုင်ကြောင်း၊ အဆိုပါအရွယ်သို့ရောက်ရန် နှစ် ၃၀ ခန့် စောင့်ဆိုင်းရကြောင်း သတ္တဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉ - ၄၃ (Ext-၂၇၀၁)

www.foreverspace.com.mm

## ထူးကုမ္ပဏီ ငွေဆောင်ကမ်းခြေအနီးအပျော်စီးဆင်စခန်း လွှဲပြောင်းလုပ်ကိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**



မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း နယ်ပယ်အများအပြားတွင် ဦးဆောင်လုပ်ကိုင်လျက်ရှိသော ထူးထရေးဒင်းကုမ္ပဏီသည် နိုင်ငံခြားသားများ လာရောက်သည့် ငွေဆောင်ကမ်းခြေအနီး ပုသိမ်တောင်သစ်ထုတ်ရေးဒေသရှိ မြန်မာ့သစ်လုပ်ငန်းပိုင် ငွေဆောင်ဆင်စခန်း ဆင်အပျော်စီးခြင်းလုပ်ငန်းကို ၂၀၀၃ ခုနှစ်ဝန်းကျင်မှစ၍ သစ်တောရေးရာဝန်ကြီးဌာနမှ လွှဲပြောင်းလုပ်ကိုင်လျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှ ဆင်စခန်းတာဝန်ခံတစ်ဦးက ပြောကြားသည်။

ယင်းသို့ လွှဲပြောင်းလုပ်ကိုင်ပြီးနောက် ထူးကုမ္ပဏီသည် ဆင်အပျော်စီးခြင်းလုပ်ငန်းအတွက် ဆင်စခန်းမှ ဝန်ထမ်းများကို တစ်လလျှင် ကျပ် ၅၀၀၀ နှုန်း လစဉ်ပုံမှန် ထောက်ပံ့ပေးနေကြောင်း အဆိုပါဆင်စခန်းရှိ ဆင်ဦးစီးများထံမှ သိရှိရသည်။

တစ်ရက်လျှင် ပျမ်းမျှ ညဉ့်သည် ၁၀ ဦးခန့် လာရောက်လေ့ရှိသော အဆိုပါ ဆင်စခန်းတွင် နာရီဝက်ကျော်ခန့်ကြာသည့် စခန်းတွင်း ဆင်အပျော်စီးခြင်းအတွက် ပြည်တွင်းခရီးသည်တစ်ဦးလျှင် ၃၀၀၀ ကျပ်နှုန်း သတ်မှတ်ထားပြီး နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန် ငါးဒေါ်လာ သတ်မှတ်ထားကြောင်း အဆိုပါဆင်စခန်းမှ သိရှိရသည်။

Associated News

## ရတနာပုံသတင်းနည်းပညာဇုန် အလားအလာ

**သတင်းဆောင်းပါး – အောင်ထက်**

**မန္တလေး** **မြို့တော်အနီး ပြင်ဦးလွင် မန္တလေးကားလမ်းပေါ်တွင် တည်ဆောက်ရန်စီစဉ်နေသည့် ရတနာပုံဆိုက်ဘာစီးတီးကို အထူးစီးပွား ရေးဇုန်တစ်ခုအဖြစ် သတ်မှတ်ရန်စီစဉ်နေကြောင်း မီဒီယာများက ဖော်ပြခဲ့ကြရာ အဆိုပါစီမံကိန်း၏ အလားအလာများနှင့်ပတ်သက်၍ အဓိကတာဝန်ရှိမည့် ရင်းနှီးမြှုပ်နှံမည့်သူများ၏အမြင်နှင့် သုံးသပ်ချက်များကို စုစည်းကြည့်ရန် လိုအပ်ကြောင်း သတင်းနည်းပညာ နယ်ပယ်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ပိုင်း ပညာရှင်များက မှတ်ချက်ပြုခဲ့သည်။**



မြန်မာနိုင်ငံ၏ ရာသီဥတု အကောင်းဆုံးနေရာ အနည်းငယ်တွင် ပါဝင်သည့် အဆိုပါစီမံကိန်းနေရာမှာ သတင်းနည်းပညာလုပ်ငန်းများနှင့် အထူးသင့်တော်သော်လည်း အထူးစီးပွားရေးဇုန်အဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ရန်အတွက်ဆိုလျှင် အခြားအဓိကကျသော အချက်များလည်း ရှိနေသေးကြောင်း စင်ကာပူနှင့် ရန်ကုန် နှစ်နေရာစလုံးတွင် ကွန်ပျူတာအပျော့ထည်လုပ်ငန်း လုပ်ဆောင်နေသူ မြန်မာပညာရှင်တစ်ဦးက ပြောသည်။

အဆိုပါ ရတနာပုံဆိုက်ဘာစီးတီးကို

www.foreverspace.com.mm

အမေရိကန်ပြည်ထောင်စုရှိစီလီကွန်ဗယ်လီ၊ အိန္ဒိယနိုင်ငံရှိ ဘန်ဂလို စသော သတင်းနည်းပညာဇုဟိုချက်မအဖြစ် ဖန်တီးရာတွင် သာမန်လိုအပ်ချက်ဖြစ်သော ရေရရှိရေး အပါအဝင် အခြေခံစီးပွားရေးအဆောက်အဦ များစွာလိုအပ်ကြောင်း၊ အဆိုပါနေရာတွင် ရေရရှိမှုအခက်အခဲရှိနိုင်ကြောင်း မန္တလေးသား အိုင်တီပညာရှင်တစ်ဦးက ပြောကြားသည်။

ရတနာပုံဆိုက်ဘာစီးတီးကို အထူးစီးပွားရေးဇုန်အဖြစ် စဉ်းစားလျှင် ကွန်ပျူတာ Software၊ Outsourcing Centre များအဖြစ်သာမကဘဲ ကွန်ပျူတာ Hardware များလည်း ထုတ်လုပ်လာကြမည်ဖြစ်ရာ အဓိကဆိပ်ကမ်းဖြစ်သော ရန်ကုန်ဆိပ်ကမ်းသို့ ကုန်သေတ္တာများ အသွားအပြန်လမ်းကြောင်း လိုအပ်ကြောင်း၊ ယခုနေရာသည် ကွန်တိန်နာများ အဝင်အထွက်ပြုရန် ဝေးကွာလွန်းကြောင်း ကွန်ပျူတာတပ်ဆင်ရေးအလုပ်ရုံတစ်ရုံကို တရုတ်နည်းပညာနှင့် တည်ဆောက်ရန် သွားရောက်လေ့လာခဲ့သူတစ်ဦးက သုံးသပ်ပြောကြားသည်။ "ကျွန်တော်တို့အနေနဲ့ တရုတ်ပြည်က ပစ္စည်းတွေသွင်းယူလာဖို့ လွယ်ပေမယ့် ရန်ကုန်ဆိပ်ကမ်းကနေ နိုင်ငံတကာကို တင်ပို့ဖို့ကျတော့ ဝေးလွန်းတယ်လို့ထင်တယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံအလယ်ကိုဖြတ်၍ စီးဆင်းနေသော ဧရာဝတီမြစ်ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေးစရိတ်စက များစွာကို လျှော့ချနိုင်ရန် အလားအလာကောင်းများရှိနေသော မြန်မာနိုင်ငံသည် ဧရာဝတီမြစ်ကို အကျိုးရှိစွာအသုံးချ နိုင်ခြင်းမရှိသေးကြောင်း၊ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များ ခွင့်ပြုမည်ဆိုလျှင် နယ်စပ်မြို့များ၊ ဆိပ်ကမ်းမြို့များ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြို့များကို စဉ်းစားသင့်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံရှိ အထူးစီးပွားရေးဇုန်တစ်ခုတွင် အတိုင်ပင်ခံပညာရှင်အဖြစ် နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးက သုံးသပ်သည်။

ရတနာပုံဆိုက်ဘာစီးတီးကို မန္တလေး–ပြင်ဦးလွင် ကားလမ်း ၂၁ မိုင်ရှိ မြေဧကများစွာပေါ်၌ မြန်မာနိုင်ငံ၏ အကြီးဆုံး သတင်းနည်းပညာဇုန်အဖြစ် တည်ဆောက်ရန် လွန်ခဲ့သောနှစ်က စီမံကိန်းရေးဆွဲခဲ့ပြီး အထူးစီးပွားရေးဇုန်အဖြစ်သတ်မှတ်ရန်ရှိနေကြောင်း ပြည်တွင်းမီဒီယာများက သတင်းဖော်ပြခဲ့သည်။ အဆိုပါဇုန်နှင့် မလှမ်းမကမ်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တည်ရှိသည်။

# ချောင်းသာကမ်းခြေ ခေါင်းရွက်စျေးသည်များကို အရေးယူ

**ချောင်းသာ၊ ဇန်နဝါရီ ၉**

မြန်မာနိုင်ငံတွင်နှစ်စဉ်လာရောက်လည်ပတ်သူဦးရေ အများဆုံးအဖြစ် စံချိန်တင်ထားသည့် ချောင်းသာကမ်းခြေပတ်ဝန်းကျင်ဒေသတစ်ဝိုက်မှ ပုစွန်ကင်၊ ကဏန်း၊ ငါးခြောက် စသည်တို့ကို ကမ်းခြေဟိုတယ်များတွင် တည်းခိုသူများထံ လိုက်လံရောင်းချသည့် ခေါင်းရွက်ဗျပ်ထိုးစျေးသည်များအား သက်ဆိုင်ရာက အရေးယူမှုများပြုလုပ်လျက်ရှိကြောင်း ချောင်းသာကျေးရွာမှ ခေါင်းရွက်ဗျပ်ထိုးစျေးသည် ဒေါ်ကြူကြူဝင်းက Living Colorသို့ ပြောကြားသည်။



ကမ်းခြေတွင်ဖွင့်လှစ်ထားသော ဟိုတယ်ကြီးများကလည်း ဒေသခံစျေးသည်များကို ဟိုတယ်တွင်း ဝင်ရောက်ရောင်းချခွင့်မပြုကြောင်းနှင့် ယင်းသို့ရောင်းချခြင်းတွေ့ရှိပါက စျေးသည်များသည် ရောင်းချသည့် ကုန်ပစ္စည်းအား သက်သေခံအဖြစ် သိမ်းဆည်းခြင်းခံရပြီး ဒဏ်ငွေ ၅၀၀ ကျပ်ပေးဆောင်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ချောင်းသာရှိ Golden Beach ဟိုတယ်မှ ဝန်ထမ်းတစ်ဦး၏အဆိုအရ ခေါင်းရွက်ဗျပ်ထိုးစျေးသည်များကို ကမ်းခြေဟိုတယ်အဆောက်အအုံအတွင်း ရောင်းချခွင့်မပြုကြောင်း၊ ယင်းသို့ ခွင့်မပြုရခြင်းမှာ အဆိုပါစျေးသည်များရောင်းချသော အစားအသောက်များသည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသောကြောင့် တားမြစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ကမ်းခြေတွင်စျေးရောင်းချသူတစ်ဦးကမူ ယင်းကဲ့သို့ ဖမ်းဆီးအရေးယူမှုများ မကြာခဏရှိသော်လည်း ချောင်းသာကမ်းခြေတွင် စျေးရောင်းချသူများ တစ်နေ့တခြားများပြားလာကြောင်းနှင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိရန်ပင် ခက်ခဲလာကြောင်း ရှင်းပြသည်။

Associated News

www.foreverspace.com.mm

# ပျားမွေးမြူရေးလုပ်ငန်း အလားအလာကောင်း

**သတင်းဆောင်းပါး – နိုင်မင်းဝေ၊ ကျော်ဇေယျာထွန်း**

**ပျား မွေးမြူရေးလုပ်ငန်းသည် ပျားရည်ထုတ်လုပ်ရုံသာမက စိုက်ပျိုးသီးနှံများကိုလည်း ဝတ်မှုန်ကူးခြင်းဖြင့် အထွက်နှုန်းတိုးမြင့်စေသောကြောင့် ပျားမွေးမြူသူနှင့် စိုက်ပျိုးရေးသမားတို့အကြား နှစ်ဦးနှစ်ဖက် ဝင်ငွေတိုးစေမည့် အလားအလာကောင်းသော လုပ်ငန်းမျိုးဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပျားလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

နိုင်ငံတကာ၌ စိုက်ပျိုးရေးလုပ်ငန်းရှင်တောင်သူများအနေဖြင့် မိမိစိုက်ပျိုးသော သီးနှံများအား ကောင်းစွာဝတ်မှုန်ကူးစေခြင်းဖြင့် အထွက်နှုန်းမြင့်စေရန်အတွက် ရာသီအလိုက် ပျားမွေးမြူသူများထံမှ ပျားအုံများကို အခကြေးငွေပေး၍ ငှားရမ်းကြရသည်ဟု ပျားမွေးမြူသူ လုပ်ငန်းရှင် တစ်ဦးက ရှင်းပြသည်။

ပျားမွေးမြူသူများအနေဖြင့် အခကြေးငွေသာမက ပျားထွက်ပစ္စည်းများကိုလည်း ရရှိသဖြင့် အဆင်ပြေသကဲ့သို့ သီးနှံစိုက်ပျိုးသူများအနေဖြင့်လည်း အထွက်တိုး၍အရည်အသွေးကောင်းသီးနှံများရရှိပြီး ဝင်ငွေကောင်းကြသည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံ အချို့ဒေသများရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ခြံသမားများ၊ တောင်သူများအနေဖြင့် ဝတ်မှုန်ကူးခြင်းနှင့်ပတ်သက်၍ ဗဟုသုတများစွာ နည်းပါးနေသေးကြောင်း၊ မိမိ၏ စိုက်ခင်းများ၌ ပျားအုံများ လာရောက်ချထားသည့်အတွက် အပွင့်များကြွေပြီး အပွင့်များအတွင်းရှိ ဝတ်ရည်ကို ပျားများက စုပ်ယူသည့်အတွက် အသီးအထွက်နှုန်းကို ကျဆင်းကြစေမည်ဟု လွဲမှားစွာ လက်ခံထားကြသည်ဟု ပျားလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပျားတွေ ဝတ်မှုန်ကူးတဲ့အတွက် ကျွန်တော့် ဧည့်ခြံမှာ ဧည့်သီးတွေ သိသိသာသာ အထွက်တိုးလာတယ်။ ပျားအုံတွေ မရှိခင်ကထက် ပျားမွေးမြူရေးလုပ်ပြီးတဲ့နောက်မှာ နှစ်တင်း၊ သုံးတင်း ပိုထွက်လာတယ်" ဟု မိတ္ထီလာမြို့နယ် ဝမ်းတွင်းမှ ပျားမွေးမြူရေးလုပ်ငန်းနှင့် ဧည့်ခြံလုပ်ငန်းကို ပူးတွဲလုပ်ကိုင်သူတစ်ဦးက ပျားများ ဝတ်မှုန်ကူးခြင်းနှင့်ပတ်သက်၍ ၎င်း၏အတွေ့အကြုံကို ရှင်းပြသည်။

မြန်မာနိုင်ငံရှိ ပျားမွေးမြူသူများ အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များထံ မေတ္တာရပ်ခံ၍ ပျားအုံများ နေရာချနေရသည့်အပြင် ပျားရည်များ လက်ဆောင်ပေးရကြောင်း၊ သို့ဖြစ်၍ ပျားလုပ်ငန်းဦးစီးဌာနအနေဖြင့် ပျားမွေးမြူရေးဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန် တိုးချဲ့ပညာပေးခြင်းကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းအရှေ့ခြမ်း၊ ပဲခူးတိုင်း အနောက်ခြမ်း ဒေသကိုးခု၌ လုပ်ဆောင်လျက်ရှိကြောင်း ပျားလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်

## နိုင်ငံခြားသံရုံးကြီးတစ်ခုတွင် လေလံဆွဲသူအချို့ အာမခံအပ်နှံငွေဆုံးရှုံး

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးကြီးတစ်ရုံးမှ ပစ္စည်းအဟောင်း လေလံစည်းကမ်းချက်အချို့ကြောင့် လေလံဆွဲသူအချို့ အာမခံအပ်နှံငွေ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း လေလံဆွဲသူတစ်ဦးက ဇန်နဝါရီလ တတိယပတ်အတွင်း ပြောကြားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၉ ရက်နေ့တွင် အဆိုပါသံရုံးမှ အသုံးပြုပြီးပစ္စည်းအဟောင်းများဖြစ်သည့် ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်း Lot အတွဲ ၈၀ ကျော်ခန့် ချိပ်ပိတ်လေလံရောင်းချမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ စီးပွားရေးလုပ်ငန်းရှင် အများအပြား အာမခံအပ်နှံငွေကျပ် ငါးသောင်းစီပေးသွင်း၍ လေလံဆွဲယူခဲ့ခြင်းဖြစ်ကြောင်း ဦးဝေဠုက ဆိုသည်။ ယင်းသံရုံးမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ပြန်သော လေလံစည်းကမ်းများတွင် လေလံမအောင်ပါက ဒီဇင်ဘာလ ၂၀ ရက်နေ့ နောက်ဆုံးထား၍ အာမခံအပ်နှံငွေများ ပြန်လည်ထုတ်ယူရန် ဖော်ပြထားသော်လည်း လေလံဆွဲသူအများစုမှာ လေလံစည်းကမ်းများကို သေချာစွာဖတ်ရှုခြင်းမရှိဘဲ ချိပ်ပိတ်လေလံ ဆွဲယူခဲ့ကြကြောင်း၊ သို့ဖြစ်၍ လေလံမအောင်သူအချို့က ဒီဇင်ဘာ ၂၀ ရက်ကျော်မှ အာမခံအပ်နှံငွေ သွားရောက်ထုတ်ယူရာ လေလံပါ စည်းကမ်းချက်အရ ယင်းငွေကို သံရုံးမှ ပြန်လည်ထုတ်ပေးခဲ့သဖြင့် လေလံဆွဲသူအချို့ အာမခံအပ်နှံငွေများ ဆုံးရှုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ယခင် လေလံအများစုမှာ လေလံမအောင်ပါက အာမခံအပ်နှံငွေကို အချိန်မရွေးပြန်လည်ထုတ်ယူနိုင်သဖြင့် လေလံစည်းကမ်းများကို သေချာစွာမဖတ်ရှုမိရာမှ ယခုကဲ့သို့ ငွေကြေးဆုံးရှုံးမှုများ ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

www.foreverspace.com.mm

က ရှင်းပြသည်။


မြန်မာ့ပျားရည်သည် ဓာတ်ကြွင်း ဟာတ်သည့် (Chemical Residue) ပါဝင်မှု မရှိ၍လည်းကောင်း၊ နိုင်ငံတကာမှ သတ်မှတ်ထားသည့် အရည်အသွေးစံချိန်မီသည့်အတွက်လည်းကောင်း၊ ပြည်ပနိုင်ငံများက မြန်မာ့ပျားရည်ကို နှစ်ခြိုက်ကြကြောင်း၊ ၁၉၈၉ ခုနှစ်၌ ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံသို့ စတင်တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုအခါ မလေးရှားနှင့် ကိုရီးယားသို့ ပုံမှန်တင်ပို့လျက်ရှိပြီး ၂၀၀၅၊ ၂၀၀၆ ခုနှစ်၌ ကမ္ဘာပေါ်တွင် ပျားရည်ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည့် ချက်စ်နိုင်ငံသို့ပင် ပျားရည်များကို တင်ပို့ရောင်းချပေးခဲ့ကြောင်း ဦးမင်းလွင်က ဆက်လက်ရှင်းပြသည်။

ပြည်တွင်းဈေးကွက်တွင်လည်း ပျားရည်သီးသန့်သာမက ဆေးဘက်ဝင်တိုင်း



ရင်းဆေးသုံး သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ သစ်မြစ်၊ သစ်ရွက်တို့ဖြင့်လည်း အဆီထုတ် (Extract) လုပ်၍ ပျားရည်ဖြင့် ရောစပ်ထားသော ဆေးဝါးများအဖြစ် ထုတ်လုပ်ရောင်းချနေပြီး ကြက်သွန်ဖြူပျားရည်၊ ချင်းပျားရည်၊ ရောက်ပျားရည်၊ ရှဉ့်မတက်ပျားရည်၊ ဂျင်ဆင်းပျားရည်၊ မြင်းခွာရွက်ပျားရည်၊ လင်ဇီးပျားရည်၊ နတ်ဆေးဂမုန်းပျားရည်၊ သွေးသန့်ပျားရည်၊ ဆင်တုံးမနွယ်ပျားရည်၊ နွယ်ချိုပျားရည် စသည်ဖြင့် အခြေခံတန်ဖိုးမြှင့် ပျားရည်ဆေးဝါးများကို ဈေးကွက်အတွင်း၌ လေ့လာတွေ့ရှိရသည်။

ထို့ပြင် ပျားရည်သာမက ပျားထွက်ပစ္စည်းများဖြစ်သည့် ပျားဖယောင်း၊ ဝတ်မှုန်၊ Royal Jelly ခေါ် ပျားနို့နှင့် ပျားကော်တို့ ပါဝင်သော ပျားထွက်ပစ္စည်းများသည်



လည်း ဈေးကွက်ဝေစုရရှိထားကြောင်း၊ အထူးသဖြင့် ဝတ်မှုန်နှင့် ပျားနို့ကို အားဆေးတောင့်များအဖြစ် ထုတ်လုပ်ရောင်းချမှု၊ ဝယ်ယူသုံးစွဲမှုအများအပြားရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်တွင် သင်တန်းများ ဖွင့်လှစ်၍ စတင်ခဲ့ကြောင်း၊ ၁၉၈၉၊ ၁၉၉၀ ခုနှစ်၌ နိုင်ငံပိုင်ကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍကိုလည်း မွေးမြူခွင့်ပေးခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ပျားရည်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ တစ်သိန်းခွဲကျော်ရရှိကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ ရာသီဥတုအခြေအနေ၊ သဘာဝသစ်တောများ ပေါများမှုအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများအနေ အထားတို့ကြောင့် ပျားမွေးမြူရေးလုပ်ငန်းသည် လုပ်ကိုင်လိုသူများအတွက် အလားအလာကောင်း၍ နိုင်ငံခြားဝင်ငွေရရှိနိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း ဦး



www.foreverspace.com.mm

မင်းလွင်က သုံးသပ်ပြောကြားသည်။

ပျားမွေးမြူရေးလုပ်ငန်းတွင် Stationary Beekeeping ခေါ် အခြေစိုက်မွေးမြူခြင်းနှင့် Migratory Beekeeping or Mobile Beekeeping ရွှေ့ပြောင်းမွေးမြူခြင်းဟူ၍ မွေးမြူသည့်စနစ်နှစ်မျိုးရှိရာ မြန်မာနိုင်ငံအတွက် ရွှေ့ပြောင်းမွေးမြူခြင်းသည် အသင့်တော်ဆုံးဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်ပျားမွေးမြူရေးလုပ်ငန်း ပူးတွဲလုပ်ကိုင်နိုင်ကြောင်း ဦးမင်းလွင်က အကြံပြုပြောကြားသည်။

## ကမ္ဘာလှည့်ခရီးသည်များကို သေချာစွာစောင့်ကြည့်ရန် ညွှန်ကြား

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များကို ဝန်ဆောင်မှုပေးလျက်ရှိသော လုပ်ငန်းများအားလုံးအနေဖြင့် မိမိတို့လက်ခံဝန်ဆောင်မှုပေးသည့် ဧည့်သည်တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီ၏ သွားလာလှုပ်ရှားမှုများကိုသေချာစွာ လေ့လာစောင့်ကြည့်မှတ်သားထားပြီး ဧည့်သည်တစ်ဦးချင်းစီ၏ ထူးခြားသောလှုပ်ရှားမှုများတွေ့ရှိပါက ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီချက်ချင်း သတင်းပို့ရမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်ကို ကမ္ဘာလှည့်ခရီးသည်များနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးနေသော ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ၊ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများအားလုံးကို အကြောင်းကြားခဲ့ခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ရက်စွဲပါ စာအမှတ် စ-၄၉(ထွေ)၊ ၂၀၀၇ (၅၁၇)ဖြင့် ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများအနေဖြင့် ထူးခြားမှုရှိသော ဧည့်သည့်တစ်ဦးချင်းစီ၏အကြောင်းကို ဌာနက စုံစမ်းမေးမြန်းခဲ့ပါက ယင်းဧည့်သည်ကို လက်ခံဝန်ဆောင်မှုပေးသောလုပ်ငန်းမှ တာဝန်ရှိသူတို့အနေဖြင့် ချက်ချင်းရှင်းလင်းဖြေရှင်းပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဖြေကြားချက်ကို ပြည့်စုံစွာပြန်ကြားရန် ပျက်ကွက်ပါက မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားဥပဒေအရ တာဝန်ယူဝန်ဆောင်မှုပေးသည့်လုပ်ငန်းအား ထိရောက်စွာဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနသို့ ကမ္ဘာလှည့်ခရီးသည်များနှင့် ပတ်သက်၍ ဤသို့သော ညွှန်ကြားချက်ထုတ်ပြန်မှုမှာ ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအချို့က ပြောကြားသည်။

Associated News

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite)၊ အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၂၄၃၆၃၉ - ၄၃ (Ext-၂၇၀၁)

## မြန်မာနိုင်ငံ အထက်ပိုင်းဒေသ မြေကိုက်ခံရ၍ သေဆုံးမှုများပြား

**ရန်ကုန်၊ ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ အထက်ပိုင်း ပူပြင်းသောဒေသများဖြစ်သည့် မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသများတွင် အဆိပ်ရှိသောမြွေဆိုးအကိုက်ခံရ၍သေဆုံးမှု အများဆုံးဖြစ်ပြီး တစ်နှစ်လျှင် မြွေကိုက်ခံရသူ ၁၀၀၁ ဦးမှ ၂၀၀၀ ဦးအထိရှိကြောင်း ဒေါက်တာအေးအေးမြင့်ဦးဆောင်သော ဆေးသုတေသနပညာရှင်များ၏ သုတေသနပြုချက်အရ သိရသည်။

မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင်မူ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းသည် မြွေကိုက်ခံရမှုအများဆုံးဖြစ်ပြီး ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာမူ မြွေကိုက်ခံရမှု အနည်းငယ်သာရှိ၍ တစ်နှစ်လျှင် မြွေကိုက်ခံရသူဦးရေမှာ ၅၀ ဦးခန့်သာရှိသည်ဟု အဆိုပါသုတေသနပြုချက်တွင် ဖော်ပြထားသည်။

ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မြွေပွေးကဲ့သို့သော အဆိပ်ရှိ မြွေဆိုးများအကိုက်ခံရလေ့ရှိပြီး အထူးသဖြင့် တောင်သူလယ်သမားများ အများဆုံးအကိုက်ခံနေရသည်ဟု ဒေသခံများက ပြောကြားသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်မူ ပင်လယ်ဂျပ်မြွေနှင့် မြွေဟောက်ကိုက်ခံရမှုများကို ရေလုပ်သားများနှင့် လယ်သမားများအများဆုံးခံရလျက်ရှိသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးတွင် မြွေဆိပ်ဖြေဆေးများ အလုံအလောက်ဖြန့်ချိပေးရန်လိုအပ်နေကြောင်း ဆေးသုတေသနပညာရှင်များက စာတမ်းဖတ်ကြားအကြံပြုသွားသည်။

**ထားထားမြင့်**

www.foreverspace.com.mm

# မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေး တစ်ကျော့ပြန်မဖြစ်ရန် သတိပေးချက်ထုတ်ပြန်

**ရန်ကုန်၊ ဇန်နဝါရီ ၂**

အာရှနှင့် ဥရောပနိုင်ငံများတွင် ၂၀၀၆ ခုနှစ်အတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ် ကွေးတစ်ကျော့ပြန်မဖြစ်ပွားစေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ထားကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေး တစ်ကျော့ပြန်မဖြစ်ပေါ်စေရန်၊ ဆောင်းခိုငှက်များနှင့် ငှက်ရိုင်းများ ဒေသအတွင်း ရောက်ရှိမှုကို စနစ်တကျစောင့်ကြည့်သတင်းပို့ရန်၊ ကြက်၊ ဘဲများကို ငှက်ရိုင်းများနှင့် မတွေ့ထိရန်ထားရှိပြီး ခြံတစ်ခြံတည်းတွင် မျိုးကွဲတိရစ္ဆာန်များ ရောနှောမွေးမြူမှုမပြုရန်၊ မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုကို စနစ်တကျဆောင်ရွက်ရန်နှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရန် သတိပေးထုတ်ပြန်ထားကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

၂၀၀၆ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် ရောဂါပိုးတွေ့ရှိသောနေရာမှ သုံးကီလိုမီတာအချင်းဝက်အတွင်းရှိ ကြက်၊ ဘဲများနှင့် မီတာ ၅၀၀ တွင်းရှိ ဝက်များကို သုတ်သင်ခဲ့ကြောင်း၊ အီဂျစ်နိုင်ငံတွင် ၂၀၀၆ ခုနှစ် မတ်လမှ ယခုအချိန်အထိ လူကိုးဦး သေဆုံးခဲ့ကြောင်း၊ ဂျာမနီနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကြက်ငှက်တုပ်ကွေးရောဂါကို ကြောင်များ၌ တွေ့ရှိရပြီး ပြည်နယ်ငါးခုတွင် ရောဂါဖြစ်ပွားနေကြောင်း၊ ထိုင်းနိုင်ငံတွင် ရောဂါပိုးရှိသော ကြက်သားစားသုံးမိ၍ တိရစ္ဆာန်ရုံရှိ ကျားများတွင် ရောဂါကူးစက်ခံနေရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ ■

# ပြန်လည်ထူထောင်ရေးလုပ်ငန်းအချို့ အစိုးရနှင့် ICRC ပူးပေါင်းဆောင်ရွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (မြန်မာ) (ICRC-Myanmar) အနေဖြင့် လူမှုကယ်ဆယ်ရေးလုပ်ငန်းအချို့ ရပ်နားထားသော်လည်း အချို့သော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာမူ မြန်မာနိုင်ငံအစိုးရဝန်ကြီးဌာနအချို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ICRC (မြန်မာ) ရုံးမှဌာနေအကြီးအကဲတစ်ဦးက ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်းပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ လုပ်ဆောင်လျက်ရှိသည့် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် ခြေတုတပ်ဆင်ရေးလုပ်ဆောင်ချက်များကို ICRC က ပံ့ပိုးကူညီမှုများပေးနေကြောင်း၊ ယခင်ကဆောင်ရွက်ခဲ့သော ICRC ၏ လုပ်ငန်းစဉ်အချို့အား ပြန်လည်ပူးပေါင်းလုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့် ဆက်လက်ဆွေးနွေးနေဆဲဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

လွန်ခဲ့သော ၂ နှစ်ခန့်မှစ၍ ICRC ၏ လုပ်ငန်းစဉ်အချို့အား လျှော့ချဆောင်ရွက်ခဲ့ပြီး နယ်ရုံးခွဲငါးခု၏ လုပ်ငန်းစဉ်များအား ခေတ္တခဏပိတ်ထားခဲ့သော်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်နှင့် ကြက်ခြေနီလှုပ်ရှားမှု အသိပညာပြန့်ပွားရေးနယ်ပယ်များတွင် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းအရ ကူညီပံ့ပိုးမှုများ ပြုလုပ်လျက်ရှိကြောင်း အဆိုပါအကြီးအကဲက ပြောကြားသည်။

# ပြည်တွင်းထုတ်အရက်အပါအဝင် ကုန်စည်လေးမျိုးကုန်သွယ်ခွန်ကပ်၍ရောင်းရမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၇**

ပြည်တွင်းစက်ရုံများမှထုတ်သည့် အရက်၊ စီးကရက်၊ ဘီယာနှင့် ဝိုင် စသည့် စားသောက်ကုန်ပစ္စည်းလေးမျိုးကိုရောင်းချရာ၌ ၂၀၀၇ ခုနှစ် ဧပြီလမှစတင်၍ ကုန်သွယ်ခွန်အမှတ်တံဆိပ်ကပ်ပြီးဖြစ်ရမည်ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

စက်ရုံများမှထုတ်လုပ်သည့်ပစ္စည်း အရေအတွက်ကို ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနသို့တင်ပြ၍ ကုန်သွယ်ခွန် ဆောင်ပြီးမှသာ ယင်းကုန်သွယ်ခွန်တံဆိပ်ကို ကပ်ရန်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။ ဈေးကွက်အတွင်း ကုန်သွယ်ခွန်အမှတ်တံဆိပ်ကို အဆိုပါပစ္စည်းများတွင်မတွေ့ရပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် အရေအတွက်အတိုင်း ကုန်သွယ်ခွန်တံဆိပ် ကပ်ရမည်ဖြစ်ကြောင်းနှင့် ယခုလောလောဆယ်တွင် ကုန်သွယ်ခွန်အမှတ်တံဆိပ်ပုံစံကို ထုတ်လုပ်ဆဲဖြစ်ပြီး ဖေဖော်ဝါရီလတွင် ယင်းတံဆိပ်များကို စက်ရုံများသို့ ဖြန့်ဝေရန်အစီအစဉ်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

# မြန်မာနိုင်ငံသည် ငလျင်ရပ်ဝန်းတွင် တည်ရှိနေသော်လည်း သုတေသနပြုလုပ်မှုအားနည်း၊ ငလျင်နှင့်စပ်လျဉ်းသည့် အဏ္ဏဝါဘူမိဗေဒနှင့် ဘူမိရူပဗေဒဌာနတည်ထောင်ဖွဲ့စည်းရန်လို

ဒေါက်တာမိုးကျော်သူ

**သတင်းဆောင်းပါး – ကျော်နိုင် ၊ ဓာတ်ပုံ–ဒေါက်တာမိုးကျော်သူ၊ ၃၁–၁–၂၀၀၇**

**ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံသည် ငလျင်ရပ်ဝန်းဇုန်အတွင်း တည်ရှိပြီး ငလျင်အန္တရာယ်ရှိနေသော်လည်း သုတေသနပြုလုပ်မှု အနည်းဆုံးနိုင်ငံဖြစ်ကြောင်း ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသား အဏ္ဏဝါဘူမိဗေဒပညာရှင် ဒေါက်တာမိုးကျော်သူက သုံးသပ်ပြောကြားသည်။**

မြန်မာနိုင်ငံ၌ ငလျင်နှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်မှုများမှာ ဟိုတစ်ဖွဲ့သည် တစ်ဖွဲ့ပြန့်ကျဲနေကြကြောင်း၊ ငလျင်တိုင်းထွာမှုနှင့် သုတေသနလုပ်ငန်းများ ပိုမိုထိရောက်စနစ်ကျနစေရန် အဖွဲ့အစည်းအချင်းချင်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ၎င်းကဆိုသည်။

ငလျင်နှင့်စပ်လျဉ်းသည့် နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲဖြစ်သော Seismotectonic in Myanmar and Earthquake Risk Management Power (SMERM 2007) ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံ မြေငလျင်ကော်မတီပူးပေါင်း၍ ဇန် နဝါရီလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်လက်ခံကျင်းပသည့်အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ ပညာရှင် ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ပညာရှင်တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှပညာရှင်တစ်ဦးနှင့် မြန်မာနိုင်ငံ မြေငလျင်ကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ အမှုဆောင်များ၊ တက္ကသိုလ်အသီးသီးမှ ဘူမိဗေဒဌာန ပါမောက္ခများ၊ နည်းပညာတက္ကသိုလ်များမှ မြို့ပြအင်ဂျင်နီယာဌာန ပါမောက္ခများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးနှင့် သက်ဆိုင်သောဌာနများမှ တာဝန်ရှိသူများ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ စုစုပေါင်း ၄၀ ဦးကျော် တက်ရောက်ခဲ့ကြပြီး ဆူမတြားငလျင်အတွေ့အကြုံ၊ မြန်မာနိုင်ငံ၏ Seismotectonics ဖြစ်စဉ်များ၊ မြန်မာနိုင်ငံ ငလျင် Risk Mana- gement၊ မြန်မာနိုင်ငံ၏ အတိတ်ကာလ ငလျင်လှုပ်ရှားမှုများကို လေ့လာခြင်း (Paleoseismology) စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံမှာ နိုင်ငံတကာငလျင်ပညာရှင်တွေ ပထမဦးဆုံး ပူးပေါင်းပြုလုပ်တဲ့အလုပ်ရုံဆွေးနွေးပွဲပါပဲ။ မြန်မာနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်နေတာရယ်၊ ငလျင်အန္တရာယ်ရှိနေတာရယ်၊ ငလျင်ရပ်ဝန်းဇုန်အတွင်းမှာ တည်ရှိနေတာရယ်၊ သုတေသနပြုလုပ်မှု အနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေတာရယ်

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သက်တမ်းတိုးရက်လွန်ကြေးပြင်ဆင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၂**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှ လုပ်ငန်းလိုင်စင်သက်တမ်းတိုးရာတွင် ရက်လွန်ဒဏ်ကြေးများကို ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက တရားဝင် သတင်းထုတ်ပြန်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အသစ်ပြောင်းလဲသွားသော ဒဏ်ကြေးများမှာ ပြည်ပနှင့် ဖက်စပ်လုပ်ကိုင်သော ဟိုတယ်များအနေနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးရာတွင် ခြောက်ရက်အထက် ရက်လွန်ပါက အမေရိကန်ဒေါ်လာ သို့မဟုတ် အက်ဖ်အီးစီ ၂၀ နှင့် ပြည်ပနှင့် ဖက်စပ်လုပ်ကိုင်သော ခရီးသွားလုပ်ငန်းများမှာ လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် တစ်ရက် ပျက်ကွက်ပါက ရက်လွန်ကြေး ကန်ဒေါ်လာ သို့မဟုတ် အက်ဖ်အီးစီ ၁၀ ဖြစ်သည်။

အထက်ပါနှုန်းထားသစ်များကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် ရက်စွဲပါ စာအမှတ် စ–၄၁ (ဟတလ) ၊ ၂၀၀၆ (၅၁၇) ဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက အသင်းဝင်များထံသို့ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့စွဲဖြင့်ထပ်ဆင့် အကြောင်းကြားပေးခဲ့ခြင်းဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတွင် ပေးဆောင်ရသော လုပ်ငန်းလိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရုံးခွဲလိုင်စင်ကြေး၊ ဒဏ်ကြေးနှင့် ဝန်ဆောင်စရိတ်များကိုလည်း ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပြောင်းလဲသတ်မှတ်ခဲ့သည်။

Associated News

www.foreverspace.com.mm

ကြောင်း ရည်ရွယ်ကျင်းပကြတာပါ။ Workshop ကို ဂျပန်က Mr.Satoru Ohya ဆိုတဲ့ ပုဂ္ဂိုလ်က အဓိကပံ့ပိုးတယ်။ အခုတော့ဆုံးသွားရှာပါပြီ။ ကမ္ဘာ့ငလျင်အန္တရာယ်ကာကွယ်ရေးအဖွဲ့ (World Seismic Safety Initiative-WSSI) ကလည်းကူညီပံ့ပိုးတယ်" ဟု အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သူ ဒေါက်တာ မိုးကျော်သူက ရှင်းပြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ၏ ငလျင်တိုင်းတာမှုနှင့် ပတ်သက်ပြီး လိုအပ်သည့်ပစ္စည်းကိရိယာများဖြည့်ဆည်းရန်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် GPS တိုင်းတာမှုနှင့် Seismic Network တောက်လျှောက်ဆောင်ရွက်သွားရန်၊ အဆိုပါပစ္စည်းကိရိယာများဝယ်ယူဖြည့်ဆည်းရန်အတွက် လိုအပ်သည့်ငွေကြေးအထောက်အပံ့ရှာရန်၊ မြန်မာနိုင်ငံဒေသအသီးသီးရှိ ငလျင်အန္တရာယ်ဇုန်များအပေါ်မူတည်ပြီး အဆောက်အအုံဆောက်လုပ်သည့်အခါ လိုအပ်သည့် Building Design Code များကို ဘူမိဗေဒပညာရှင်များနှင့် အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်သွားရန်၊ ငလျင်နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများပေါ်ထွက်လာစေရန် လိုအပ်သည့်လေ့ကျင့်ပို့ချမှုများကို ဆောင်ရွက်ရန်၊ တက္ကသိုလ်များ၌ ငလျင်နှင့်စပ်လျဉ်း၍ သင်ကြားပို့ချမှုများကိုမြှင့်တင်ရန်၊ ဘွဲ့ရပြီးသူများကို ပြည်ပတက္ကသိုလ်များတွင် ငလျင်နှင့် စပ်လျဉ်းသည့်ဘွဲ့လွန်ဒီဂရီများ ဆက်လက်တက်ရောက်နိုင်ရေးပံ့ပိုးကူညီရန် စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကိုလာမည့် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ပင် ကျင်းပပြုလုပ်သွားရန် သဘောတူညီခဲ့ကြသည်။



**စစ်ကိုင်းပြတ်ရွေ့တစ်လျှောက်ရှိ မင်းကွန်းပုထိုးတော်ကြီးသို့လည်း ပြည်တွင်းပြည်ပငလျင်ပညာရှင်များ သွားရောက်လေ့လာခဲ့ကြသည်**

"အဲဒီဆွေးနွေးပွဲရဲ့ အကျိုးရလဒ် တစ်ခုကတော့ မြန်မာနိုင်ငံမှာ ငလျင်သုတေသနဌာနနဲ့ အဏ္ဏဝါသုတေသနဌာန ဌာနနှစ်ခုဖွဲ့စည်းတည်ထောင်ဖို့ ဆုံးဖြတ်ခဲ့ကြတာ ပဲ။ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ကလည်း သဘောတူတယ်။ သက်ဆိုင်ရာကို အစီရင်ခံပြီး လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့ဖို့ လုပ်နေတယ်" ဟု ဒေါက်တာမိုးကျော်သူက ဆိုသည်။

နိုင်ငံတကာမှ ပညာရှင်များပါဝင်သော အဆိုပါမြေငလျင်ပညာရှင်အဖွဲ့သည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေဦးဆောင်၍ မြန်မာနိုင်ငံရှိ စစ်ကိုင်းပြတ်ရွေ့ (Sagaing Fault) ကို ထင်ရှားစွာတွေ့မြင်ရသော စစ်ကိုင်းတောင်ရိုးနှင့် မင်းကွန်းတောင်ရိုးတို့သို့ ဇန်နဝါရီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့တွင် နှစ်ရက်ကြာသွားရောက်ကွင်းဆင်းလေ့လာခဲ့ကြပြီး အယူအဆနှင့်လေ့လာတွေ့ရှိချက်များကိုဆွေးနွေးဖလှယ်ခဲ့ကြကြောင်းသိရသည်။

"ကျွန်တော်တို့ဆီက တက္ကသိုလ်တွေမှာ အဏ္ဏဝါဘူမိဗေဒ (Marine Geology)နဲ့ ဘူမိရူပဗေဒ (Geophysics) ဌာနတွေ တည်ထောင်ဖွဲ့စည်းဖို့ လိုတယ်။ ဒါမှ ငလျင်နဲ့ပတ်သက်တဲ့ ကျွမ်းကျင်ပညာရှင်တွေကို မွေးထုတ်နိုင်မယ်။ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်တဲ့အခါနဲ့ နိုင်ငံအတွက်လိုအပ်တဲ့ တိုင်းတာမှုတွေပြုလုပ်တဲ့အခါမှာ သူတို့ကိုယ်တိုင်ဦးစီးနိုင်မယ်။ ပြည်တွင်းကမ်းလွန်စွမ်းအင်နဲ့ အဏ္ဏဝါတူးဖော်တိုင်းတာရေးတွေမှာ မြန်မာနိုင်ငံသားတွေနဲ့ပဲ လုပ်နိုင်လာလိမ့်မယ်။ ဒါတင်မက ကုန်းတွင်းနဲ့ ငလျင်သုတေသနဌာနတွေမှာ သူတို့ကိုယ်တိုင်ဆောင်ရွက်နိုင်မယ်" ဟု ဒေါက်တာမိုးကျော်သူက သုံးသပ်ပြောကြားသွားသည်။ ■

# ပုစွန်ဖြူသားပေါက်များ စီးပွားဖြစ်မွေးမြူနိုင်ရန် ဖြန့်ဖြူးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ၌ လွန်ခဲ့သောနှစ်နှစ်မှ စတင်စမ်းသပ်မွေးမြူခဲ့သော ပုစွန်ဖြူများကို စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီသုံးခုက ပုစွန်ဖြူသားပေါက်များ ဖြန့်ဖြူးနိုင်ရန် စတင်ဆောင်ရွက်နေကြောင်း ပုစွန်ဖြူမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ပုစွန်ဖြူသားပေါက်များ ဖြန့်ဖြူးပေးမည့်ကုမ္ပဏီသုံးခုမှာ ဂရိတ်အင်တာနေရှင်နယ် ကုမ္ပဏီ၊ ပုလဲနဒီကုမ္ပဏီနှင့် တီတူးကုမ္ပဏီတို့ဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်အချို့က ပြောကြားသည်။

ဂရိတ်အင်တာနေရှင်နယ်ကုမ္ပဏီသည် ပုစွန်ဖြူအမများကို စင်ကာပူနိုင်ငံမှတစ်ဆင့် တင်သွင်းခြင်းဖြစ်ပြီး ကျန်ကုမ္ပဏီ နှစ်ခုကလည်း မကြာမီတင်သွင်းရန်ရှိကြောင်း ၎င်းတို့ထံမှ သိရသည်။ ပုစွန်ဖြူကို အရှေ့တောင်အာရှဒေသတွင် ၂၀၀၀ ပြည့်နှစ်မှ စတင်မွေးမြူခဲ့ပြီး မြန်မာနိုင်ငံတွင်မူ ၂၀၀၅ ခုနှစ်အတွင်း၌ သားပေါက်ပုစွန်ဖြူကောင်ရေ ကိုးသန်းကျော်ကို ထိုင်းနိုင်ငံမှတစ်ဆင့်တင်သွင်းကာ စီးပွားဖြစ်မဟုတ်ဘဲ မြန်မာ့ရေမြေ၌ အောင်မြင်မှုရှိမရှိ သိရှိနိုင်ရန် စမ်းသပ်မွေးမြူခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်များက ဆိုသည်။

www.foreverspace.com.mm

# အမှိုက်သိမ်းယာဉ်များအတွက် ကြိုးရစ်စက် YCDC တီထွင်

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနလက်အောက်ရှိ အမှိုက်သိမ်းမော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုကာကွယ်ရန်နှင့် စက်သုံးဆီချွေတာနိုင် ရန် အဆိုပါဌာနက တီထွင်ထားသော ကြိုးရစ်စက် (Winch) ကို လယ်ထွန်စက်များတွင် တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူးဦးလင်းထွန်းမြင့်က Living Color သို့ ပြောကြားသည်။

လယ်ထွန်စက်များတွင် တပ်ဆင်အသုံးပြုနေသော အဆိုပါကြိုးရစ်စက်ဖြင့် အမှိုက်ပုံများတွင် နစ်မြုပ်နေသော အမှိုက်သိမ်းမော်တော်ယာဉ်များကို ဆွဲတင်နိုင်ရန် တီထွင်ထားခြင်းဖြစ်ကြောင်း၊ ယင်းကြိုးရစ်စက်ဖြင့် ဆွဲတင်ခြင်းကြောင့် မော်တော်ယာဉ်များ ရုန်းကန်ရမှုမရှိကြောင်း၊ ထိုစက်ဖြင့် ပေ ၁၀၀ အကွာအဝေးမှ ဆွဲနိုင်သည့်အပြင် ခံနိုင်ဝန် ၁၀ တန်အထိဆွဲနိုင်ကြောင်း ဒုတိယဌာနမှူးဦးသန်းလွင်ဦးက ဆိုသည်။

အမှိုက်သိမ်းမော်တော်ယာဉ်များသည် မိုးတွင်းရာသီကာလ၌ ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်း၊ ယင်းစက်ကို မတီထွင်မီကာလ၌ နစ်မြုပ်နေသော မော်တော်ယာဉ်များကို လယ်ထွန်စက်နှစ်စီးဆင့်၍ ဆွဲတင်ခဲ့ရကြောင်း၊ အဆိုပါစက်ကို ဌာနမှ စက်ပစ္စည်းအဟောင်းများဖြင့် ဝန်ထမ်းများကိုယ်တိုင်တီထွင်ပြုပြင်၍ ကုန်ကျစရိတ်မရှိအောင်ပြုလုပ်ခဲ့ကြောင်း ၎င်းကဆိုသည်။

ပထမဦးဆုံးတီထွင်ထားသောစက်ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ၌ လေးလကြာ ပြုလုပ်ခဲ့ပြီး ဒုတိယစက်ကို ၂၀၀၆ နိုဝင်ဘာလတွင် အပြီးသတ်ပြုလုပ်ခဲ့ကာ ယင်းစက်များကို ရေဝေးနှင့် ထားဝယ်ချောင်အမှိုက်ပုံများတွင် အသုံးပြုနေကြောင်းနှင့် စက်နှစ်လုံးထပ်မံတီထွင်ရန်ရှိကြောင်း ၎င်းကဆိုသည်။

ယင်းစက်ကို လယ်ထွန်စက်၏နောက်တွင် ထယ်သွားတပ်ဆင်သောနေရာ၌ တပ်ဆင်အသုံးပြုရကြောင်း၊ အဆိုပါစက်ကို ပြင်ပမှဝယ်ယူအသုံးပြုမည်ဆိုပါက ကျပ် ၁၇ သိန်း ၈ သောင်းခန့် ကုန်ကျမည်ဖြစ်သော်လည်း ဌာနပိုင်ပစ္စည်းများဖြင့် ပြုလုပ်ခဲ့သောကြောင့် ကုန်ကျစရိတ်မရှိခဲ့သည့်အပြင် အခြားကိစ္စများအတွက်ပါ အသုံးဝင်နေကြောင်း ၎င်းကဆိုသည်။

သို့ရာတွင် အမှိုက်သိမ်းမော်တော်ယာဉ်စီးရေနှင့် ကြိုးရစ်စက်အရေအတွက်မှာ မျှတမှုမရှိသေးကြောင်း၊ မော်တော်ယာဉ်အချို့ကိုသာ Winch ဖြင့်ဆွဲတင်၍ ကျန်မော်တော်ယာဉ်များကို မူလအတိုင်း လယ်ထွန်စက်များဖြင့်သာ ဆွဲတင်နေကြောင်း၊ အဆိုပါမော်တော်ယာဉ်များကို ဌာနမှ တီထွင်ထားသော ကြိုးရစ်စက်များဖြင့်သာ ဆွဲတင်နိုင်မည်ဆိုပါက အမှိုက်သိမ်းမော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုလုံးဝမရှိနိုင်ကြောင်း ဒုတိယဌာနမှူး ဦးသန်းလွင်ဦးက ဆိုသည်။

**နေထွန်းအောင်**

---

# တရုတ်သို့ ကျောက်စိမ်းတန်ချိန် ၁၂၀၀၀ နှစ်စဉ်တင်ပို့

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းတန်ချိန် ၁၂,၀၀၀ ခန့်ကို မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝအတိုင်း နှစ်စဉ်တင်ပို့လျက်ရှိနေကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ပြောကြားသည်။

ရန်ကုန်မြို့ မြန်မာ့ငှက်ဝါသနာရှင်အသင်းရုံးခန်း၌ ဖေဖော်ဝါရီလ ၂ ရက်နေ့က ကျင်းပသော ၂၀၀၇ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ဆွေးနွေးပွဲအခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ အဆိုပါပင်လယ်ကျောက်စိမ်းများကို ကန်တူးဖော်၍ မွေးမြူခွင့်မပြုသေးသကဲ့သို့ ခန္ဓာကိုယ်အရွယ်အစား ၁၀၀ ဂရမ်အောက် ကျောက်စိမ်းများကိုလည်း ဖမ်းဆီးခွင့်မပြုကြောင်း၊ အဆိုပါကျောက်စိမ်းများအပြင် ပင်လယ်ကမ်းခြေနှင့် ကုန်းတွင်းပိုင်းဒေသများရှိ ငါးပုစွန်မွေးကန် ဧကလေးသိန်းကျော်မှ ထွက်ရှိသော ငါးနှင့် ပုစွန်များသည် နိုင်ငံ၏နိုင်ငံခြားဝင်ငွေကို တတိယအများ ဆုံးရှာဖွေပေးလျက်ရှိကြောင်း ၎င်းကဆိုသည်။ ■

www.foreverspace.com.mm



# ၂၀၀၆ ခုနှစ်အတွင်း မရမ်းကုန်းမြို့နယ်၌ ယာဉ်တိုက်မှု အများဆုံးဖြစ်ပွား

**ရန်ကုန်၊ ဇန်နဝါရီ ၇**

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်စီးရေအများဆုံးရှိသော စီးပွားရေးမြို့တော် ရန်ကုန်တွင် နေ့စဉ်နီးပါး ယာဉ်တိုက်မှုဖြစ်ပွားလျက်ရှိရာ ၂၀၀၆ ခုနှစ်အတွင်း မရမ်းကုန်းမြို့နယ်၌ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီထံမှ စုံစမ်းသိရှိရသည်။

၂၀၀၆ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၁၃၁၇ မှုတွင် မရမ်းကုန်းမြို့နယ်၌ ၁၀၆ မှုဖြင့် အများဆုံးဖြစ်ပွားခဲ့ပြီး မင်္ဂလာဒုံမြို့နယ်၌ ဒုတိယအများဆုံးဖြစ်ပွားခဲ့ကာ ဆိပ်ကမ်းမြို့နယ်၌ အနည်းဆုံးဖြစ်ပွားခဲ့ကြောင်း ယင်းကော်မတီထံမှ သိရသည်။ ရန်ကုန်မြို့တော်အတွင်း နေ့စဉ် မော်တော်ယာဉ်ဖြင့် သွားလာသည့် ခရီးသည် ၂.၁ သန်းခန့်၊ ခြေလျင်သွားလာသူ ၁.၅ သန်း ခန့်ရှိရာ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းတွင် လမ်းကူးသူပေါ့ဆမှုကြောင့်ဖြစ်ပွားရခြင်းများလည်း ပါဝင်ကြောင်း ယာဉ်မှုစစ်ဌာနမှ စခန်းမှူး ရဲအုပ်ကိုကိုကြီးက ဆိုသည်။

၂၀၀၅ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၉၀၆ မှုဖြင့် ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားသောမြို့နယ်မှာ လှိုင်သာယာမြို့နယ်ဖြစ် ပြီး ယခုနှစ်တွင်မူ စေတုတ္တနေရာတွင်သာရှိကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုမှာ ၁၂၉ ဦးရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် သေဆုံးမှုမှာ ၉၈ ဦးရှိခဲ့ကြောင်း ၎င်းကဆိုသည်။

**နေထွန်းအောင်**



# သစ်အခြေခံစက်မှုလုပ်ငန်းများ ကုန်ကြမ်းလိုအပ်ပါက အချိန်မရွေးတင်ပြတောင်းဆိုနိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၂**

ပြည်တွင်းရှိ သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ ကုန်ကြမ်းလိုအပ်ပါက သစ်တောရေးရာဝန်ကြီးဌာနထံ အချိန်မရွေးတင်ပြတောင်းဆိုနိုင်သည်ဟု ယင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ မြန်မာ့သစ်လုပ်ငန်းတင်ဒါခန်းမ၌ ကျင်းပသော သစ်အခြေခံစက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရရှိစေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးနေရသဖြင့် တိုင်းရင်းသားသစ်အခြေခံစက်မှုလုပ်ငန်းရှင်များအတွက် ကုန်ကြမ်းဖြည့်ဆည်းပေးနိုင်မှုမှာ အားနည်းလျက်ရှိသည်ဟု ဝန်ကြီးက ထပ်လောင်းပြောကြားသည်။

သစ်အခြေခံစက်မှုလုပ်ငန်းရှင်များ၏ ကုန်ကြမ်းပေးကုန်ချောယူစနစ်ဖြင့် ကုန်ကြမ်းရရှိမှုမှာ ၂၀၀၃-၂၀၀၄ ခုနှစ်က တစ်လလျှင် သစ်တန် ၂၅၀ ခန့်ရရှိခဲ့ရာမှ ယခု ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် တစ်လလျှင် ပျမ်းမျှ ၁၅ တန်ခန့်သာ ရရှိတော့သည်ဟု သစ်လုပ်ငန်းရှင် အသိုင်းအဝိုင်းက ကိုယ်ထူကိုယ်ထပြုလုပ်ထားသော စစ်တမ်းတစ်ရပ်ကို အခြေခံ၍ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

Independent News

# လူငယ်ပရဟိတအဖွဲ့ငယ်များ ထူထောင်မှုများပြား

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

အသက် ၂၀ ဝန်းကျင်ရှိ မြန်မာလူငယ်များကြား၌ ဘာသာရေး၊ လူမှုရေး ပရဟိတအဖွဲ့ငယ်များ ယခင်ကထက် ပိုမိုများပြားစွာ ဖွဲ့စည်းလျက်ရှိပြီး စုပေါင်းလှူဒါန်းမှုများပြုလုပ်လာကြကြောင်း ရန်ကုန်မြို့တွင်ရှိ မိဘမဲ့ကလေးများဂေဟာနှင့် ဘာသာရေးအဖွဲ့အစည်းများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါအဖွဲ့များတွင် တက္ကသိုလ်ကျောင်းသားများနှင့် ဘွဲ့ရပြီးလုပ်ငန်းခွင်ဝင်ရောက်နေသူများ အများဆုံးပါဝင်ကြပြီး နီးစပ်ရာ သူငယ်ချင်းများစုပေါင်း၍ အလှူငွေများကောက်ခံလျက် ချို့တဲ့နွမ်းပါးသော လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများသို့ ပုံမှန်သွားရောက်လှူဒါန်းမှုများပြုလုပ်လျက်

www.foreverspace.com.mm

ရှိကြောင်း သာကေတမြို့နယ်အတွင်းရှိ လူငယ်ပရဟိတအဖွဲ့ငယ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းတို့မှာ စုစုပေါင်း လူငယ် ၁၀ ဦးမှ ၄၀ ဦးဝန်းကျင် အထိရှိသော အဖွဲ့ငယ်လေးများ ဖွဲ့စည်းလျက် ကိုယ်ပိုင်အမည်များ ပေးထားတတ်ကြကြောင်း သာကေတမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် မိဘမဲ့ကလေးများ ကျောင်းတစ်ကျောင်းမှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။ လူငယ်ပရဟိတအဖွဲ့ငယ်များသည် ချို့တဲ့နွမ်းပါးသော အရပ်ဒေသများသို့ အစားအသောက်များ သွားရောက်လှူဒါန်းခြင်း၊ မိဘမဲ့ကလေးများ ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ ကျောင်းသုံးပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းခြင်း တို့ကို မိမိတို့ကိုယ်ပိုင်ငွေများထည့်ဝင်၍ စုပေါင်းသွားရောက် လှူဒါန်းခြင်းများပြုနိုင်ရန် ယခုကဲ့သို့ အဖွဲ့ငယ်များ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း တာမွေမြို့နယ်အတွင်းရှိ လူငယ် ၂၀ ဦးခန့်ပါ ပရဟိတအဖွဲ့ငယ်တစ်ဖွဲ့မှ ခေါင်းဆောင်တစ်ဦးက ဆိုသည်။

ယခုကဲ့သို့ ပရဟိတအဖွဲ့ငယ်များ ဖွဲ့စည်းမှုမှာ ၂၀၀၆ ခုနှစ်က ရန်ကုန်မြို့တွင်း၌ပင် အများအပြားပေါ်ပေါက်လာကြကြောင်း၊ Internet, Chat Room များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နီးစပ်ရာ လူငယ်များမှတစ်ဆင့် ဖွဲ့စည်းမှုများရှိခဲ့ကြပြီး တရားဝင်အသင်းအဖွဲ့မှတ်ပုံတင်ထားခြင်းမရှိသော်လည်း လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာတိုးတက်လာမှုကို များစွာထောက်ခံ၍ အကူအညီများပေးသင့်ကြောင်း ထင်ရှားသော ဘာသာရေးအသင်းအဖွဲ့တစ်ခုမှ အကြီးအကဲတစ်ဦးက ပြောကြားသည်။

Naing Ling

# FTA ၏ ကုန်သွယ်ရေးအခွင့်အလမ်းများကို ထိရောက်စွာ အသုံးချရန်လို

**သတင်းဆောင်းပါး – မောင်မိုးညို**

**မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သောကုန်သွယ်မှုဒေသ Free Trade Area (FTA) ခုနစ်ခုတွင် ပါဝင်လျက်ရှိပြီး FTA အချို့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကျိုးတူအခွင့်အရေးရရှိစေမည့် အခွန်လျှော့ပေါ့ရေးအစီအစဉ် (Common Effective Preferential Tariff Scheme-CEPT) မှာ စတင်အကျိုးသက်ရောက်နေပြီဖြစ်သော်လည်း မြန်မာနိုင်ငံမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ထိရောက်စွာ အသုံးမချတတ်သေးကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။**

မြန်မာနိုင်ငံမှ ပါဝင်လျက်ရှိသော FTA ခုနစ်ခုမှာ–

(က) ASEAN Free Trade Area (AFTA)

(ခ) ASEAN-China Free Trade Area (ACFTA)




(ဂ) ASEAN-India Free Trade Area (AIFTA)

(ဃ) ASEAN-Korean Free Trade Area (AKFTA)

(င) ASEAN-Japan Free Trade Area (AJFTA)

(စ) ASEAN-Australia-New Zeland Free Trade Area (AANZFTA)

(ဆ) Bay of Bangol Initiative for Multi Sectoral Technical and Economic Co-Operation (BIMSTEC)

တို့ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင် ထုတ်ပြန်ထားချက်အရ သိရသည်။

အသင်းဝင်နိုင်ငံအချင်းချင်း အကျိုးတူအခွင့်အရေးရရှိစေမည့် အခွန်လျှော့ပေါ့ရေးအစီအစဉ် (CEPT) စနစ်တွင် AFTA နိုင်ငံများတွင် အကျုံးဝင်သော အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိရောက်စွာခံစားနိုင်စေရန် အဖွဲ့ဝင်နိုင်ငံများမှ ထုတ်လုပ်သော

www.foreverspace.com.mm

# ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအတုများ တွေ့ရှိပါက တိုင်ကြားနိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

ပြည်တွင်း၌ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအမြောက်အမြားပေါ်ပေါက်နေရာ ယင်းတို့အနက် လိုင်စင်မရှိသောအေဂျင်စီအတုများ တွေ့ရှိပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

တရားမဝင် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ တည်ထောင်ဖွင့်လှစ်ပြီး မသိနားမလည်သူများကို ငွေကြေးတစ်လုံးတစ်ခဲတည်း လိမ်လည်မှုများရှိနေခြင်းကြောင့် ယင်းကဲ့သို့ တရားမဝင်အေဂျင်စီများတွေ့ရှိပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားနိုင်သည်ဆိုသော ထုတ်ပြန်ကြေညာချက်ကို ကြိုဆိုကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီဈေးကွက်မှ အကျိုးဆောင် ဦးထွန်းဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို တရားဝင်ခွင့်ပြုချက် လိုင်စင်ထုတ်ပေးလျက်ရှိရာ လတ်တလော တရားဝင်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ ၇၀ ရှိကြောင်း အဆိုပါဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

Mass Peafowl News

---

ကုန်စည်ဖြစ်ကြောင်းကို ပင်ရင်းဒေသထောက်ခံချက် (Country of Origin-Co) ဖြင့် သက်သေပြနိုင်ရန် Form-D ကို အသုံးပြုရမည်ဖြစ်ပြီး အာဆီယံ–တရုတ် (ASEAN -China)အတွက် (Form-E)၊ ASEAN-China နှင့် CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်လေးနိုင်ငံတို့အတွက် တရုတ်နိုင်ငံမှ အခွင့်အရေးပေးထားသည့် (Form-SPT) ကို အသုံးပြု၍ အခွန်လျှော့ပေါ့မှုများ ရယူနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ရှင်းပြသည်။

၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် AFTAအဖွဲ့ဝင်နိုင်ငံများ ကုန်သွယ်မှုအရှိန်အဟုန် မြှင့်တင်ရန် အကောက်ခွန်နှုန်းထားများကို ၀ မှ ၅ ရာခိုင်နှုန်းအတွင်းသို့ အပြီးသတ်လျှော့ချမည့်နှစ်ကို ရှေ့တိုးသတ်မှတ်လိုက်ရာ အသင်းဝင်ဟောင်းနိုင်ငံခြောက်နိုင်ငံအတွက် ၂၀၀၂ ခုနှစ်နှင့် မြန်မာနိုင်ငံအတွက် ၂၀၀၅ ခုနှစ် ဖြစ်လာသည်ကို တွေ့ရသည်။

၁၉၉၉ ခုနှစ် နိုဝင်ဘာလတွင် အကောက်ခွန်နှုန်းများကို လုံးဝပယ်ဖျက်ရန် AFTA အဖွဲ့ဝင်နိုင်ငံများသဘောတူကြသဖြင့် လုံးဝပယ်ဖျက်မည့်နောက်ဆုံးခုနှစ်များသတ်မှတ်ရာ အသင်းဝင်ဟောင်းခြောက်နိုင်ငံအတွက် ၂၀၁၀ ခုနှစ်နှင့် မြန်မာပါဝင်သည့် အသင်းဝင်သစ်နိုင်ငံများအတွက် ၂၀၁၅ ခုနှစ်အား နောက်ဆုံးခုနှစ်အဖြစ် သတ်မှတ်ပြီး နိုင်ငံအတွက် အရေးကြီးသည့် ကုန်ပစ္စည်းအချို့ကိုမူ ၂၀၁၈ ခုနှစ်အထိ သတ်မှတ်ပေးလိုက်သည်။

အဆိုပါသတ်မှတ်ချက်များအရ AFTAအဖွဲ့ဝင်နိုင်ငံများအနေဖြင့် CEPT အရ အခွန်လျှော့ပေါ့မှုတွင် စတင်အကျိုးသက်ရောက်နေပြီဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံမှ (ASEAN) အာဆီယံဒေသတွင်းကုန်သွယ်ဖက်နိုင်ငံသို့ တင်ပို့သော ကုန်ပစ္စည်းများတွင် အခွန်နှုန်းထား ၀ မှ ၅ ရာခိုင်နှုန်းအထိ လျှော့ချထားသည့်ကုန်ပစ္စည်းများ များစွာပါဝင်နေကြောင်း AF-TA အဖွဲ့ဝင်နိုင်ငံများမှ ထုတ်ပြန်ထားသည့် စာရင်းအရ သိရသည်။

FTAအဖွဲ့ဝင် အခြားနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် အကောက်ခွန်လျှော့ချထားမှုကို အခွန်မဟုတ်သည့်အတားအဆီးများကြောင့် ယခုအချိန်အထိ အသုံးချလာသည်ကို မတွေ့ရသေးသော်လည်း မကြာမီ သတ်မှတ်ကာလရောက်၍ အခွန်မဟုတ်သည့်အတားအဆီးများဖယ်ရှားလိုက်ပါက ယင်းအခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ကာ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများ ပိုမိုများပြားစွာ တင်ပို့လာမည်ဖြစ်သဖြင့် ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံမှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်ပနိုင်ငံသို့ တင်ပို့ရာတွင် အခွန်နှုန်းထားသက်သာစေရန် ဆောင်ရွက်နိုင်သကဲ့သို့ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းလာသည့်အခါတွင်လည်း အခွန်နှုန်းထားလျှော့နည်းစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

သို့သော် ယခုအချိန်ထိ မြန်မာနိုင်ငံမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ယင်းအခွင့်အရေးကို ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိသေးသည်ကို တွေ့ရပြီး ယင်းသို့ အသုံးမချနိုင်ခြင်းမှာ ရှုပ်ထွေးသည့် လုပ်ထုံးလုပ်နည်းများကို နားလည်ခြင်းမရှိသေးသည့်အပြင် ကုန်သွယ်မှုနည်းစနစ်များကိုလည်း အကျွမ်းဝင်ခြင်းမရှိသေး၍ဖြစ်နိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်ပစ္စည်းများ အပေါ် ကောက်ခံသည့်အခွန်နှုန်းထားများကို မကြာမီ ၀ ရာခိုင်နှုန်းအထိ လျှော့ချရမည်ဖြစ်ပြီး အခွန်မဟုတ်သည့် အခြားအတားအဆီးများပါ လျှော့သွားမည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများ အလုံးအရင်းနှင့် ဝင်ရောက်လာမည့် အန္တရာယ်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများအနေဖြင့် ပြည်ပမှဝင်ရောက်လာသော ကုန်ပစ္စည်းများနှင့် ဈေးနှုန်း၊ အရည်အသွေး ယှဉ်ပြိုင်ရမည်

www.foreverspace.com.mm

ဖြစ်ရာ နည်းပညာကွာဟမှုကြောင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့နိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အခြားတစ်ဖက်မှကြည့်လျှင်လည်း မြန်မာနိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုနည်းပညာမြင့်မားလာနိုင်ပြီး နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ပြည်ပမှ ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ခြင်း၊ ခေတ်မီအသုံးအဆောင်ပစ္စည်းများနှင့် အကျွမ်းတဝင်ဖြစ်လာခြင်း စသည့် ကောင်းကျိုးများလည်းရှိကြောင်း၊ မြန်မာနိုင်ငံမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် မကြာမီ ရင်ဆိုင်ရမည့်ပြင်းထန်သည့် ပြိုင်ဆိုင်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပြီး နည်းပညာမြင့်မားတိုးတက်စေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် FTAများတွင် ဝင်ရောက်ထားသည့်အတွက် နိုင်ငံတကာနှင့် နည်းပညာ၊ ဈေးနှုန်း၊ အရည်အသွေးစသည့် အဘက်ဘက်မှ ယှဉ်ပြိုင်မှုများနှင့် မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပြီး FTAများသို့ ဝင်မထားပါကလည်း ကုန်သွယ်မှုလုပ်ငန်းများ လာမည့်အနာဂတ်တွင် ရပ်ဆိုင်းသွားဖွယ်ရှိသည်။ ထို့ကြောင့် လွတ်လပ်သောနိုင်ငံတကာကုန်သွယ်မှုကဏ္ဍတွင် တက်တက်ကြွကြွပါဝင်ရန် လိုအပ်နေပြီး အခြားတစ်ဖက်တွင်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏အသိပညာ၊ နည်းပညာ ဖွံ့ဖြိုးစေရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်လိုအပ်ပါသည်။

---

# အောင်မင်္ဂလာအဝေးပြေးဝင်း၌ CCTV ကင်မရာများ တပ်ဆင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ၏ ခရီးသည်နှင့် မော်တော် ယာဉ်စီးရေအများဆုံး ဝင်ထွက်သွားလာရာ အကြီးဆုံးအဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းဖြစ်သော ရန်ကုန်မြို့ရှိ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း၏ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လုံခြုံရေးတိုးမြှင့်ရန် CCTV ကင်မရာများ မကြာမီတပ်ဆင်သွားရန်ရှိကြောင်း အဆိုပါအဝေးပြေးဝင်းသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ နေ့စဉ်ဝင်ထွက်သွားလာရပ်နားနေသည့် ခရီးသည်တင်ယာဉ်နှင့် ခရီးသည်များကို စောင့်ကြည့်လေ့လာမှတ်တမ်းတင်မည့် အဆိုပါ CCTV ကင်မရာများကို အဝေးပြေးဝင်း အခြေပြုဂိတ်များမှ ကိုယ်ထူကိုယ်ထ ရန်ပုံငွေတစ်ရပ်ထည့်ဝင်၍ လာမည့်ဖေဖော်ဝါရီလကုန်မတိုင်မီ အပြီးသတ်တပ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုရက်ပိုင်းတွင်း လုံခြုံရေးတိုးမြှင့်မှုအစီအစဉ်အရ အဝေးပြေးဝင်းတွင် လက်ပွေ့ဈေးသည် ၂၈၀ ကျော်၏ ကိုယ်ရေးရာဇဝင်မှတ်တမ်းများရယူ၍ အပြာနုရောင်ယူနီဖောင်းထုတ်ပေးရန် စီစဉ်နေပြီး အဝေးပြေးဝင်းတွင်းရှိ စားသောက်ဆိုင်များကို ည ၁၁ နာရီနောက်ဆုံးထား၍ ရောင်းဝယ်ကြရန် ညွှန်ကြားထားသည်ဟုလည်း အဝေးပြေးဝင်းမှလာသော သတင်းများအရ သိရှိရသည်။

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း၌ ဧရာဝတီတိုင်းမှအပ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ နေ့စဉ်ပျမ်းမျှဝင်ထွက်ရပ်နားနေသော အဝေးပြေးယာဉ် စုစုပေါင်း ၄၀၀ ခန့်ရှိပြီး ခရီးသည်ဦးရေ နေ့စဉ် ၄၀,၀၀၀ ခန့်နှင့် တက္ကစီနှင့် ကိုယ်ပိုင်ယာဉ် ၁၅၀၀ စီးခန့် ဝင်ထွက်သွားလာလျက်ရှိသည်ဟုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၏ တရားဝင်စာရင်းများအရ သိရှိရသည်။



ယာဉ်ရပ်နားစခန်းဝင်းအတွင်း ခရီးသည်နားနေဆောင်ငါးခု၊ ရေချိုးခန်းနှင့် သန့်စင်ခန်းလေးခု၊ အခန်း ၄၅ ခန်းပါ တည်းခိုခန်းတစ်ခု၊ ယာဉ်ရပ်နားကွင်းနှစ်နေရာ၊ PCO တယ်လီဖုန်းခြောက်နေရာနှင့် မထသ(အဝေးပြေး)နှင့် ပြည်နယ်နှင့်တိုင်း ပို့/ဆက်အခြေပြုအဝေးပြေးကားဂိတ် စုစုပေါင်း ၁၆၈ ဂိတ်တို့ တည်ရှိနေကြောင်း တရားဝင်စာရင်းဇယားများအရ သိရှိရသည်။

Associated News

www.foreverspace.com.mm



# သွင်းကုန်ထုတ်ကုန်ကိုယ်စားလှယ်လုပ်ကိုင်ခွင့်ရပ်ဆိုင်းမှု အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များနှင့် မသက်ဆိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၇**

သွင်းကုန်ထုတ်ကုန်လုပ်ငန်း ကိုယ်စားလှယ်လုပ်ကိုင်သူများအား လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ဟုဆိုသော သက်ဆိုင်ရာ၏ မကြာမီက အသိပေးထုတ်ပြန်ချက်သည် မြန်မာနိုင်ငံရှိ လိုင်စင်ရအကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များနှင့် တစ်စုံတစ်ရာဆက်စပ်မှုမရှိကြောင်း အဆိုပါအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ယင်းအသိပေးထုတ်ပြန်ချက်မှာ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်ကပင် ထုတ်ပြန်ခဲ့ပြီး၍ သွင်းကုန်ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်မည့်ကုမ္ပဏီသည် အဆိုပါကုမ္ပဏီမှ ကိုယ်စားလုပ်ကိုင်မည့်သူအား ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာလက်မှတ်ဖြင့် တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်သာ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကုမ္ပဏီ၏ ကိုယ်စားလှယ်လွှဲစာအများအပြားဖြင့် လုပ်ကိုင်နေသူများတွက် အဆိုပါဥပဒေသည် ဆက်စပ်သက်ရောက်နိုင်ပြီး မြန်မာနိုင်ငံအကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များသည် အကောက်ခွန်နှင့် ဆိပ်ကမ်းဆိုင် ရာလုပ်ထုံးလုပ်နည်းများကိုသာ လုပ်ကိုင်သူများဖြစ်သည့်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပေးနေသည့် သွင်းကုန်ထုတ်ကုန်လိုင်စင်ကိုယ်စားလှယ်လုပ်ငန်းနှင့် အကောက်ခွန်ကိုယ်စားလှယ်များသည် မူအားဖြင့် ဆက်စပ်မှုမရှိပါကြောင်း ၎င်းက ထပ် လောင်းပြောကြားသည်။

မြန်မာနိုင်ငံအကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်အသင်းကို ၁၉၉၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် တရားဝင်စတင်ဖွဲ့ စည်းခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ရှင်းလင်းကိုယ်စားလှယ်များ အသင်းချုပ် (International Customs Brokers Association) တွင် အသင်းဝင် ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံအကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များအသင်းတွင် အသင်းဝင်လုပ်ငန်းအဖွဲ့ပေါင်း ၁၁၉ ဖွဲ့၊ လုပ်ငန်းလိုင်စင်ရ အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ် ၃၈၉ ဦး၊ ရှင်းလင်းရေး လုပ်သား ၁၁၈၂ဦးတို့ ဖြင့် ဖွဲ့စည်းထားကြောင်း အဆိုပါအသင်းမှ ထုတ်ပြန်သော သတင်းများအရ သိရှိရသည်။

Associated News

# လူနေတိုက်ခန်းများ၌ မီးခိုးအန္တရာယ်ကာကွယ်ရေးစနစ်များ ထားရှိရန်လိုအပ်

**သတင်းဆောင်းပါး – ဇာလီကျော်**

**ပေါ့ ဆမီးလောင်ကျွမ်းမှုများအပြင် အထပ်မြင့်အဆောက်အအုံရှိ အလုံပိတ်အခန်းတွင် မီးခိုးမွှန်၍ သေဆုံးမှုများလည်း ပေါ်ပေါက်ခဲ့ပြီး ၂၀၀၆ ခုနှစ်အတွင်း သေဆုံးသူစုစုပေါင်း ခုနစ်ဦးရှိခဲ့သည်ကိုထောက်ရှု၍ မီးခိုးမွှန်၍ သေဆုံးနိုင်သည့် ဘေးအန္တရာယ်တားဆီးကာကွယ်ရေးကို တိုက်ခန်းများ၌ စနစ်တကျထည့်သွင်းတည်ဆောက်သွားရန် လိုအပ်ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

အထပ်မြင့်လူနေတိုက်ခန်းများဆောက်လုပ်ရာ၌ မီးဘေးအန္တရာယ်အတွက် ထည့်သွင်းဆောင်ရွက်ရမည့် အစီအစဉ်များနှင့် အလုံပိတ်အဆောက်အအုံများအတွက် Smoke Management များ ပါဝင်သည့် အကြံပြုချက်များကို မီးသတ်ဦးစီးဌာနက ၂၀၀၃ ခုနှစ်မှ စတင်၍ ထုတ်ပြန်ခဲ့ကြောင်း အဆိုပါဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရှိ တာဝန်ရှိသူတစ်ဦးကလည်း ၎င်းတို့အနေဖြင့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာ၌ မီးသတ်ဦးစီးဌာနက အကြံပြုလမ်းညွှန်ထားသည့် မီးဘေးကာကွယ်ရေးစနစ်အတွက် ထည့်သွင်းပြုလုပ်မည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိမရှိကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်ဟု ပြောကြားသည်။

ယခုအခါတွင် ယင်းကဲ့သို့ မီးဘေးလုံခြုံရေးပစ္စည်းများ သုံးရမည်ဆိုသည့် အသိအမြင်များရှိလာပြီး တပ်ဆင်မှုလည်းများပြားလာကြောင်း၊ အထပ်မြင့်လူနေတိုက်ခန်းများသာမက ကိုယ်ပိုင်လုံးချင်းအိမ်များတွင်လည်း နေထိုင်မှုပုံစံနှင့် ငွေကြေးတတ်နိုင်မှုအပေါ်မူတည်၍ အဆိုပါ Security ပစ္စည်းများ တပ်ဆင်ရင်းနှီးမြှုပ်နှံခြင်းများသည် ၎င်းတို့အတွက် များစွာ အကျိုးဖြစ်ထွန်းစေသည်ဟု လက်ခံလာကြကြောင်း အဆိုပါပုဂ္ဂိုလ်ထံမှ သိရှိရသည်။

မြန်မာနိုင်ငံတွင် မီးဘေးကာကွယ်ရေး စနစ်များအတွက် လုံခြုံရေးပစ္စည်းများကို တစ်စစ ပိုမိုသုံးစွဲမှုများရှိလာသည့်အပြင်

www.foreverspace.com.mm

အသုံးပြုသူများကိုယ်တိုင်မှ ၎င်းတို့၏ အပေါ် အမြင်အရ လာရောက်၍ အဆိုပါ ပစ္စည်းများ သုံးစွဲရန်အတွက် အသေးစိတ် ဆွေးနွေးမှုများ ပြုလုပ်လာကြကြောင်း FISCA Security & Communication မှ ဈေးကွက် မန်နေဂျာချုပ် ဦးဇော်မြင့်က ပြောကြားသည်။

Security ပစ္စည်းတပ်ဆင်ကုန်ကျမှုခံခြင်းသည် မိမိပိုင်ပစ္စည်းများကို စိတ်အေးချမ်းစွာ ထားနိုင်မည်ဆိုသည့် အသိအမြင်များ ရှိလာကြသည့်အတွက် အဆောက်အအုံ စတင်ဆောက်လုပ်သည်နှင့် လုံခြုံရေးပစ္စည်းများ ထည့်သွင်းတပ်ဆင်ရန် စီစဉ်လာသည်ဟု အဆိုပါပစ္စည်းများ တပ်ဆင်ပေးသည့် ကုမ္ပဏီထံမှ သိရှိရသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်သုံးပစ္စည်းများမှာ အမေရိကန်ပြည်ထောင်စုမှ တင်သွင်းသည့် GENT အမျိုးအစားနှင့် တရုတ်(တိုင်ပေ) မှ ဝင်ရောက်သည့် အမျိုးအစားများရှိသည့်အနက် ဈေးနှုန်းသက်သာကာ တရုတ်(တိုင်ပေ) လုပ် Function အစုံပါရှိသောပစ္စည်းများမှာ ဈေးကွက်တွင်း အရောင်းသွက်၍ ဝယ်ယူတပ်ဆင်သူများသည်ဟု Security ပစ္စည်းများ တင်သွင်းသည့် ကုမ္ပဏီတစ်ခုမှ သိရှိရသည်။

အဆောက်အအုံဒီဇိုင်းအပေါ် အခြေခံကာ စစ်တမ်းကောက်ယူပြီး ဝယ်ယူသူ၏ ရွေးချယ်မှုပုံစံပေါ်မူတည်၍ ဝန်ဆောင်ခနှင့် ဈေးနှုန်းတွက်ချက် တောင်းခံကြောင်း ဝန်ဆောင်မှု ပြုလုပ်ပေးသည့် ကုမ္ပဏီထံမှ သိရသည်။



မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်များ အသုံးပြုလာကြရာ၌ အထပ်မြင့်လူနေတိုက်ခန်းများနှင့် အိမ်ရာများတွင် မီးခိုးနှင့် ဓာတ်ငွေ့ယိုစိမ့်မှုအန္တရာယ် ကာကွယ်နိုင်ရန်အတွက် ကာကွယ်ရေးစနစ်များကိုပါ တပ်ဆင်ရန် လိုအပ်မှု များစွာရှိလာကြောင်း၊ အထူးသဖြင့် အထပ်မြင့်လူနေတိုက်ခန်းများတွင် မီးလောင်မှုကာကွယ်ရေးစနစ်အပြင် မီးခိုးမွှန်၍ အသက်ဆုံးရှုံးနိုင်သည့် ဖြစ်ရပ်များ ကာကွယ်ရန်အတွက်ပါ ကာကွယ်ရေးစနစ်သုံးပစ္စည်းများ တပ်ဆင်ရန် လိုအပ်ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ် (Fire System) အတွက် ဇုန်အလိုက် တပ်ဆင်အသုံးပြုသည့် Fire Alarm Control Panel နှင့် Mini Smoke Alarm ဟူ၍ နှစ်မျိုးရှိကြောင်း၊ အဆိုပါ Alarm Bell စနစ်များ၊ Fire Fighting System ဖြစ်သည့် အလိုအလျောက်ရေဖျန်းစနစ်၊ ကာဗွန်ဒိုင်အောက်ဆိုဒ် $CO_2$ သုံး၍ ငြိမ်းသည့်စနစ်နှင့် ABC Powder Type ဖြစ်သည့် Fire Extinguisher အသုံးပြုငြိမ်းသတ်ခြင်းတို့လည်းရှိသည်ဟု သိရှိရပြီး Fire Extinguisher မှာ လောင်စာဆီ သို့မဟုတ် လျှပ်စစ် သို့မဟုတ် ဓာတ်ငွေ့ စသည်ဖြင့် မည်သည့်လောင်ကျွမ်းမှုမဆို ငြိမ်းသတ်နိုင်ကြောင်း အဆိုပါပစ္စည်းများ တင်သွင်းသည့် ကုမ္ပဏီထံမှ သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ငြိမ်းသတ်မှုစနစ်ကို လေလုံခန်းများ သို့မဟုတ် အရေး ကြီးစာရွက်စာတမ်းနှင့် ငွေကြေးများသို လှောင်ရာ Board အခန်းတို့တွင် သုံးစွဲရန်သင့်တော်ပြီး သာမန်လူနေထိုင်ရာ နေရာများအတွက်မူ အလိုအလျောက်ရေဖျန်းစနစ်မှာ သင့်တော်မှုရှိသည်ဟု အဆိုပါပစ္စည်းများကို ဝန်ဆောင်မှုပေးလျက်ရှိသူတစ်ဦးက ဆိုသည်။

မီးဘေးကာကွယ်ရေးစနစ်အတွက် အာရုံခံကိရိယာများဖြစ်သော Smoke Detector ၊ Heat Detector နှင့် Gas Detector တို့ရှိပြီး ယင်းတို့ကို Fire Alarm Control Panel နှင့် Zone Indicator တို့နှင့်

www.foreverspace.com.mm

တွဲဖက်၍ သုံးနိုင်မည်ဖြစ်ကြောင်း၊ ယင်း အာရုံခံကိရိယာ (Detector)များ တပ်ဆင်ထားပါက အခန်းတွင်းရှိ မီးခိုးနှင့် အပူချိန်တို့မှ မီးလောင်မှုဖြစ်ပွားနိုင်ခြေရှိသည့် အခြေအနေသို့ ရောက်ရှိသွားချိန်တွင် Alarm Bell မှ အချက်ပြနိုင်မည်ဖြစ်ကြောင်း၊ Gas Detector မှာလည်း ဓာတ်ငွေ့ယိုစိမ့်မှုများ ပေါ်ပေါက်၍ မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မည့်အခြေအနေကို သတိပေးချက်ပြမည်ဖြစ်ကြောင်း၊ အဆိုပါစနစ်များကို Zone Indicator များတွင် အသုံးပြုလိုသူများ၏ လိုအပ်ချက်အတိုင်း တပ်ဆင်ပေးနိုင်ကြောင်း FISCA မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

Panel နှင့် တွဲသုံးရသည့် Smoke Detector နှင့် Panel မလိုသည့် Mini Smoke Alarm ဟူ၍ နှစ်မျိုးရှိရာ၌ ဟိုတယ်များ အထပ်မြင့်အဆောက်အအုံများတွင် Panel ကို အသုံးများပြီး Zone Indicator မှတစ်ဆင့် မည်သည့်အထပ်တွင် မီးလောင်နေသည်ကို သိရှိနိုင်သည့်အတွက် လူနေတိုက်ခန်းများနှင့် အထပ်မြင့်အဆောက်အအုံများရှိ အခန်းများတွင် အသုံးပြုသင့်သည်ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။

Mini Smoke Alarm မှာ ရိုးရိုးလုံးချင်းအိမ်ရာများရှိ မီးဖိုခန်းကဲ့သို့သော နေရာများ၌ အသုံးပြုနိုင်ပြီး ယင်းအခန်းအတွင်း အန္တရာယ်ဖြစ်ပွားပါက အဆိုပါ နေရာ၌ပင် Alarm မြည်စေနိုင်မည့် Speaker တစ်ခုပါရှိကြောင်း၊ သို့ရာတွင် အလုံပိတ်အခန်းဖြစ်ပြီး လူအခြားနေရာတွင် ရောက်ရှိနေလျှင်မူ မသိရှိနိုင်ကြောင်း ၎င်းကဆိုသည်။

ယခုနောက်ပိုင်း ဝင်ရောက်သည့် Panel များတွင် PA System (Announance လုပ်ပေးသည့်စနစ်) ပါတွဲ၍ ပါရှိကြောင်း၊ အဆိုပါစနစ်မှာ Alarm Bell ကြောင့် အထိတ်တလန့်ဖြစ်ပေါ်စေနိုင်မည့် နေရာမျိုး၌ သုံးနိုင်မည်ဖြစ်ပြီး ဆေးရုံနှင့် ဟိုတယ်များတွင် အဆိုပါစနစ်ကို အသုံးများကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

ခေတ်မီလာသည်နှင့်အမျှ အဆိုပါ PAစနစ်ကို အသုံးပြုမှုများလာပြီး မီးလောင်မှုဖြစ်ပေါ်ပါက PAစနစ်ဖြင့် မည်သည့် အပေါက်မှ ထွက်ခွာရန်နှင့် မည်သည့်နေရာမှ မီးငြိမ်းသတ်မည်ဆိုသည်တို့ကို စီမံခန့်ခွဲ၍ရနိုင်ပြီဖြစ်ကြောင်း FISCA မှ ဈေးကွက် မန်နေဂျာချုပ်က ပြောကြားသည်။



အဆင့်မြင့် ကွန်ဒိုများတွင် PAစနစ်နှင့် တွဲသုံးမှုကို တောင်းဆိုမှုရှိပြီး အများအားဖြင့်မူ Fire Panel ကိုသာ သုံးစွဲမှု များပြားကြောင်း ၎င်းထံမှ သိရသည်။

အိမ်ရာများနှင့် အထပ်မြင့်လူနေတိုက်ခန်းများသာမက ခြင်ဆေးခွေစက်ရုံ၊ သစ်အချောကိုင်စက်ရုံ၊ အထည်ချုပ်စက်ရုံများနှင့် ဝါဂွမ်း စသည့် စက်ရုံများ၌လည်း မီးဘေးကာကွယ်ရေး Security ပစ္စည်းများကို မဖြစ်မနေ သုံးစွဲကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Zone Indicator သုံးစွဲမှုတွင် မြန်မာနိုင်ငံ၌ 4-Zone ကို အသုံးများကြောင်း၊ ဇုန်တစ်ဇုန်တွင် Detector အလုံးသုံးဆယ်ခန့် တပ်ဆင်နိုင်သည့်အတွက် မြန်မာနိုင်ငံ အနေအထားအရ 4-Zone ဖြင့် လုံလောက်မှု ရှိကြောင်း၊ 4-Zone တွင် Alarm Bell လေးလုံးတပ်ဆင်ပြီး အဆိုပါ Bell များကို လှေကားများတွင် တပ်ဆင်ပေးထားကြောင်း၊ လူနေကွန်ဒိုများအနေဖြင့် အသိပေးကြေညာသည့်စနစ်ကို အသုံးပြုမှုနည်းပါးပြီး Alarm Bell စနစ်ကိုသာ အသုံးပြုကြမှုရှိ

# မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစု၊ ငွေသွင်းပြုလုပ်သူများကို ပြေပြစ်စွာဆက်ဆံရန်ညွှန်ကြား

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေစု၊ ငွေသွင်းပြုလုပ်သူများကို ပြေပြစ်စွာဆက်ဆံရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးမောင်မောင်ဝင်းက ပြောကြားသည်။

အကယ်၍ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ငွေစု၊ ငွေသွင်းသူများကို မချေမငံဆက်ဆံပြောဆိုခြင်းများ ပြုလုပ်ပါက မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဆီသို့ အဆင့်ဆင့်တိုင်ကြားနိုင်ကြောင်းကို တရားဝင်ထုတ်ပြန်ကြေညာထားပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တစ်ခုမှ ဝန်ထမ်းများက မချေမငံဆက်ဆံကြောင်း ကြုံတွေ့ရပါက ယင်းသို့သောသတင်းမျိုးကို မီဒီယာများတွင်ဖော်ပြမည်ဆိုလျှင် သက်ဆိုင်ရာ ဘဏ်မှ အကြီးအကဲများထံတွင် အကြံပြုချက်ရယူသင့်ပြီး မချေမငံဆက်ဆံသည့် ဝန်ထမ်း၏ အမည်၊ ရာထူးများမှတ်သားကာ တရားဝင်ဖော်ပြနိုင်ကြောင်း ဦးမောင်မောင်ဝင်းထံမှ သိရသည်။

Mass Peafowl News

www.foreverspace.com.mm

ကြောင်း ၎င်းထံမှ သိရှိရသည်။

မီးဘေးလုံခြုံမှုအတွက် ကာကွယ်ရေးပစ္စည်းများ အကုန်အကျခံ၍ အသုံးပြုနေရသည်ဆိုသော်လည်း မီးအန္တရာယ်မဖြစ်ရန် ကြိုတင်ရှောင်ရှားကာကွယ်သည့် နည်းလမ်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ဤအတွက် မီးဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာဗဟုသုတများ လူထုအတွင်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိရေး၊ မီးဘေးကြုံတွေ့နိုင်မည့်အခြေအနေများ (ဥပမာ–မီးမလာ၍ ဖယောင်းတိုင်ထွန်းခြင်း) ကို တတ်နိုင်သရွေ့ ပြေလည်အောင် ဖြေရှင်းပေးနိုင်ရေး၊ အထပ်မြင့်လူနေအဆောက်အအုံများတွင် မီးဘေးကာကွယ်ရေးစနစ် (ဥပမာ–အရေးပေါ်လှေခါး) မဖြစ်မနေတပ်ဆင်ရန် ညွှန်ကြားချက် တိတိကျကျထုတ်ပြန်ရေး၊ တိုက်ခန်းများ လေဝင်လေထွက်ကောင်းမွန်စေရန် လုံလောက်သည့် အကျယ်အဝန်း၊ အမြင့်နှင့် ပြတင်းပေါက်တပ်ဆင်သတ်မှတ်ရေး စသည်တို့ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း မီဒီယာလောကသားတစ်ဦးက သုံးသပ်အကြံပြုသည်။

# မလေးရှားရောက် မြန်မာအလုပ်သမားအချို့ စာချုပ်ပြည့်လျှင် အခြားနိုင်ငံသို့ပြောင်းရွှေ့လို

**ရန်ကုန်၊ ဇန်နဝါရီ ၂၈**

မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြသော မြန်မာအလုပ်သမားအချို့သည် သတ်မှတ်စာချုပ်သက်တမ်းကုန်ဆုံးပြီး နောက်တစ်ကြိမ်ပြန်လည်ထွက်ခွာသည့်အခါ မလေးရှားနိုင်ငံအစား အခြားနိုင်ငံတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်လိုကြကြောင်း ဇန်နဝါရီလ ၂၅ ရက်နေ့က မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမားတစ်ဦးဖြစ်သူ ဦးစည်သူဝင်းဌေးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ပြည်တွင်းရှိ အေဂျင်စီများနှင့်ချိတ်ဆက်၍ သွားရောက်သူ မြန်မာအလုပ်သမားအများအပြားရှိခဲ့ရာ ကိုယ်ပိုင်အစီအစဉ်ဖြင့် ရောက်ရှိနေကြပြီးဖြစ်သည့် မြန်မာအလုပ်သမားအချို့အတွက် ဝင်ငွေနှင့်အခွင့်အလမ်းနည်းပါးလာခဲ့ရာမှ စာချုပ်သက်တမ်းကုန်ဆုံးပါက အခြားနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် စဉ်းစားလာကြခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် နောက်တစ်ကြိမ်ပြည်ပသို့ထွက်ခွာအလုပ်လုပ်ရန်အတွက် မလေးရှားနိုင်ငံအစား စင်ကာပူကိုရွေးချယ်ထားကြောင်းနှင့် လိုအပ်သည်များကို လိုက်လံဆောင်ရွက်နေကြောင်းဆိုသည်။

သုံးနှစ်စာချုပ်သက်တမ်း နှစ်ကြိမ်ဖြင့် ခြောက်နှစ်နေထိုင်လာခဲ့သူ ၎င်း၏ပြောကြားချက်အရ အလုပ်သမားအများစု၏ကြားတွင် လစာငွေကွာဟမှုများရှိနေကြောင်း၊ ပြည်တွင်းရှိ အေဂျင်စီများမှတစ်ဆင့် သွားရောက်ကြသည့် အလုပ်သမားများထက် ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆက်သွယ်သွားရောက်ကြသူများ၏ ဝင်ငွေက ပိုသာသည်ကိုတွေ့ရကြောင်း ၎င်း၏အဆိုအရ သိရသည်။

မလေးရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မြန်မာအလုပ်သမားအများအပြား အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှတစ်ဆင့် သွားရောက်လုပ်ကိုင်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

# စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းများသို့ တက်ရောက်သူများပြား၊ အဆင့်မီထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းများလိုအပ်

**သတင်းဆောင်းပါး – စန်းမော်အောင် ၊ ၃–၂–၂၀၀၇**

**မြန်မာနိုင်ငံ၌ အဆင်မြင့်ကော်ဖီဆိုင်များ Fast Food ခေါ် အသင့်စားအစားအစာရောင်းချပေးသောဆိုင်များ အများအပြားဖွင့်လှစ်လာခြင်းနှင့်အတူ စားသောက်ကုန်နည်းပညာသင်တန်းများသို့ တက်ရောက်သင်ကြားသူ ပိုမိုများပြားလာသော်လည်း တန်းဝင်သော စားသောက်ကုန်များ ထုတ်လုပ်ရန်မှာမူ အဆင့်မီကုန်ကြမ်းပစ္စည်းများ လိုအပ်နေသေးကြောင်း စားသောက်ကုန်နည်းပညာသင်တန်းကျောင်းများထံမှ သိရှိရသည်။**

စားသောက်ကုန်နည်းပညာသင်တန်းကျောင်းများသို့ တက်ရောက်သူအများစုမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ၊ ဆိုင်ဖွင့်လှစ်လိုသူများကြောင်း EAC သင်တန်းကျောင်းတာဝန်ခံ ဦးအောင်စိုးလင်းက ပြောကြားသည်။ "အများစုကတော့ ကိုယ်ပိုင်လုပ်ငန်းလုပ်မယ်ဆိုပြီး တက် ကြတာများတယ်။ ဝါသနာပါလို့ တက်တဲ့သူလည်း ရှိပါတယ်။ အများစုကတော့ ပြန်ပြီးအသုံးချကြတာ များပါတယ်"ဟု ၎င်းက ရှင်းပြသည်။

စားသောက်ကုန်သင်တန်းအများစုတွင် မုန့်လုပ်နည်းအမျိုးမျိုး၊ ရေခဲမုန့်၊ ပုလဲမစ်ရှိတ် အစရှိသည့် ဖျော်ရည်ပိုင်းဆိုင်ရာသင်တန်း၊ သစ်သီးယို၊ Jan၊ သစ်သီးဆော့စ် ထုတ်လုပ်နည်း အစရှိသည့် ဘာသာရပ်များကို သင်ကြားကြကြောင်း ဦးအောင်စိုးလင်းက ပြောကြားသည်။ စားသောက်ကုန်သင်တန်းများသို့ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှသာမက အခြားနယ်မြို့များမှလည်း တက်ရောက်သူများပြားကြောင်းလည်း Master သင်တန်းကျောင်းမှ လက်ထောက်ဆရာဦးစိုင်းက ပြောကြားသည်။ "နယ်မြို့တွေကလည်း လာတက်ကြတာများတယ်။ သူ

www.foreverspace.com.mm

တို့တစ်တွေက ကိုယ့်မြို့မှာ ကိုယ်ပိုင် လုပ်ငန်းလုပ်မယ်ဆိုပြီး လာတက်ကြတယ်”ဟု ၎င်းက ဆိုသည်။

“အခုနောက်ပိုင်း Coffee ဆိုင်၊ Bakery ဆိုင်တွေများလာတော့ အလုပ်ဝင်ချင်တဲ့လူငယ်တွေကလည်း အတတ်ပညာတစ်ခုအနေနဲ့ လာတက်ကြတယ်” ဟု ဦးအောင်စိုးလင်းက ပြောပြသည်။ အချို့ နာမည်ရရှိပြီးဖြစ်သော လုပ်ငန်းအချို့ကလည်း လာရောက်သင်ကြားကြောင်း စားသောက်ကုန်နည်းပညာသင်တန်းကျောင်းတစ်ခုမှ နည်းပြတစ်ဦးက ပြောကြားသည်။ ၎င်းတို့အနေဖြင့် အရည်အသွေး ပိုမိုမြင့်မားစေရန်နှင့် နည်းပညာသစ်များရရှိနိုင်စေရန် အတွက်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

ယခုကဲ့သို့ စနစ်တကျသင်တန်းများ တက်ရောက်သင်ကြားခြင်းကြောင့် တစ်ပိုင်တစ်နိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာကြောင်းနှင့် အရည်အသွေးမီ ထုတ်ကုန်များ ပေါ်ထွက်လာနိုင်ကြောင်းကို EAC သင်တန်းကျောင်းမှ ဦးအောင်စိုးလင်းက “အခုလို စနစ်တကျတက်ရောက်သင်ကြားတော့ ပိုပြီးကောင်းတဲ့၊ အရည်အသွေးမီတဲ့ ထုတ်ကုန်တွေထွက်မယ်။ အရည်အသွေးကောင်းတော့ စားသုံးသူတွေ ကြိုက်နှစ်သက်တာပေါ့”ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

# တာချီလိတ်တွင် မှောင်ခိုသယ်ယူမှု တင်းကျပ်စွာစစ်ဆေး

**ရန်ကုန်၊ ဇန်နဝါရီ ၂၄**

အိမ်နီးချင်း ထိုင်းနိုင်ငံမှ ရှမ်းပြည်နယ် တာချီလိတ်မြို့ကို ဖြတ်သန်းသယ်ယူလေ့ရှိသော မှောင်ခိုပစ္စည်းများပပျောက်ရေးအတွက် သက်ဆိုင်ရာက တင်းကျပ်သောစစ်ဆေးမှုများပြုလုပ်နေကြောင်း တာချီလိတ် ဒေသခံကုန်သည်ကြီးများက ပြောကြားသည်။

ယင်းစစ်ဆေးမှုများကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များနှင့် ပြည်သူ့စစ်များက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း တာချီလိတ်ဒေသအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတစ်ခုမှ အကြီးတန်းအရာရှိကြီးတစ်ဦးက အတည်ပြုပြောကြားသည်။

မှောင်ခိုသယ်ဆောင်သည့် ပစ္စည်းများမှာ ထိုင်းနိုင်ငံမှတင်သွင်းသည့် ကလေးကစားစရာပစ္စည်းမျိုးစုံ၊ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ လိမ္မော်သီး၊ ပန်းသီး၊ ဘီယာ၊ မုန့်မျိုးစုံ၊ အချိုရည်မျိုးစုံ၊ ဟင်းချိုမှုန့်၊ စားဆီ၊ ပရိဘောဂပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများဖြစ်ပြီး မြန်မာနိုင်ငံမှ ကြက်သွန်ဖြူ၊ ဆန်နှင့် မြေပဲများ တရားမဝင်တင်ပို့မှုများရှိကြောင်း ဒေသခံကုန်သည်များက ဆိုသည်။

ယင်းကဲ့သို့ မှောင်ခိုသယ်ယူသောပစ္စည်းများ၏တန်ဖိုးမှာ ငွေကျပ်သိန်း ၁၅၀၀ ကျပ်ခန့် လစဉ်ရှိကြောင်း တာချီလိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရသည်။

Mass Peafowl News

ပြည်တွင်းဖြစ်စားသောက်ကုန်များ ဈေးကွက်တွင်နေရာရလာသည်ဆိုသော်လည်း ထုတ်လုပ်ရာတွင်အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းအများစုမှာ ပြည်ပမှ မှာယူတင်သွင်းရကြောင်း၊ ပြည်တွင်းတွင်ထုတ်လုပ်သည့် စားသောက်ကုန် ကုန်ကြမ်းများအား အရည်အသွေးမြင့်မြင့် ထုတ်လုပ်နိုင်လျှင် ပိုမိုကောင်းမွန်သော ထုတ်ကုန်များ ရရှိမည်ဟု Master သင်တန်းကျောင်းမှ ဦးစိုင်းက ပြောကြားသည်။ မုန့်ထုတ်လုပ်ရာတွင်သုံးသည့် နိုင်ငံခြားဖြစ် မာဂျရင်းကဲ့သို့ ပြည်တွင်းဖြစ်ထောပတ်များကို အရည်အသွေးမီရန် ပြုလုပ်သင့်ကြောင်း မုန့်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



ပြည်တွင်းတွင် ကုန်ကြမ်းပစ္စည်းများကို ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ပါက ယခုထုတ်လုပ်နေသည့် မုန့်များကို ဈေးနှုန်းလျှော့ချရောင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားဖြစ် မုန့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအစား ပြည်တွင်းဖြစ်မုန့်လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးမြင့်မြင့်ထုတ်လုပ်နိုင်လျှင် မုန့်ဈေးကွက်ပိုမိုကောင်းမွန်လာနိုင်ကြောင်းလည်း

www.foreverspace.com.mm




ငင်းက သုံးသပ်ပြောကြားသည်။

မုန့်များ ဖြန့်ဖြူးရောင်းချရာတွင်လည်း ရက်လွန်နေသည့်မုန့်များအား နေ့စွဲတံဆိပ်ပြန်ခွာပြီး အသစ်ကပ်၍ ပြန်ရောင်းချခြင်းများလည်းရှိကြောင်းကိုလည်း ဦးအောင်စိုးလင်းက "အဲဒီလိုလုပ်တာဟာ ကိုယ့်စီးပွားရေးကို ကိုယ်ဖျက်ဆီးတာပဲ။ ဒါမလုပ်သင့်ပါဘူး။ အဲဒီလိုလုပ်မယ့်အစား ရက်မလွန်မီနှစ်ရက်လောက်ဆို ပြန်သိမ်းပြီး ကိတ်ခြောက်၊ ပေါင်မုန့်ခြောက်လုပ်လို့ရပါတယ်"ဟု ငင်းက ပြောကြားသည်။ ငင်းတို့ EAC သင်တန်းကျောင်းတွင် ထုပ်ပိုးမှုမှအစ စားသောက်ကုန်လုပ်ငန်းဆိုင်ရာဥပဒေများ၊ ထုတ်လုပ်ခြင်းဆိုင်ရာ၊ ဈေးကွက်ဖြန့်ဖြူးသည်အထိ သင်ကြားပြသပေးကြောင်း၊ လိုင်စင်ရယူပေးခြင်းအစရှိသည့် ဝန်ဆောင်မှုလုပ်ငန်းပိုင်းဆိုင်ရာများကို သင်ကြားပေးကြောင်း၊ သို့မှသာ ပိုမိုစနစ်တကျနားလည်ပြီး ဈေးကွက်ကို ရရှိမည်ဖြစ်ကြောင်းကို "ဒီလို သင်ကြားပေးလိုက်တော့ ထုပ်ပိုးမှုကအစ နိုင်ငံတကာပုံစံတွေအထိ သိသွားမယ်။ တချို့နယ်ကလာတဲ့သူဆို F.D.A တောင် သိပ်မသိဘူး။ ပိုပြီးကောင်းတဲ့ နည်းစနစ်တွေ သိသွားတော့ သူတို့လည်း အဆင်ပြေမယ်။ စားသုံးသူတွေအတွက်လည်း အကျိုးရှိတယ်"ဟု ငင်းက ရှင်းပြသည်။

ရေခဲမုန့်၊ ပုလဲမစ်ရှိတ် အစရှိသည့် အဆင့်မြင့်အအေးဆိုင်များဖွင့်လှစ်ရန် လာရောက်သင်ကြားသကဲ့သို့ တစ်ပိုင်တစ်နိုင်ထုတ်လုပ်ရန်နှင့် စက်ရုံဖြင့်ထုတ်လုပ်ရန်အတွက် ၂၀၀၅–၂၀၀၆ ခုနှစ်မှစ၍ တက်ရောက်သူ ပိုမိုများပြားကြောင်း သင်တန်းဆရာတစ်ဦးက ပြောကြားသည်။

ပြည်တွင်းသစ်သီးများကိုအခြေခံပြီး သစ်သီးယို၊ သစ်သီးဆော့စ်၊ Jam(သီးနှစ်ယို)၊ သစ်သီးရည်အခြေခံဖျော်ရည်ပျစ်ထုတ်လုပ်မှုများကို ကျန်းမာရေးနှင့်ညီညွတ်စေရန် သင်ကြားပေးလျက်ရှိကြောင်း ဦးအောင်စိုးလင်းက ပြောပြသည်။ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် ထုတ်လုပ်လိုသည့်သူများလာကြောင်းနှင့် အဆင့်မီထုတ်လုပ်လိုလျှင်လည်း သန့်ရှင်းမှုနှင့် နည်းစနစ်ကို ဂရုစိုက်လိုကြောင်း ငင်းက ပြောကြားသည်။ နိုင်ငံခြားဖြစ်များကိုယှဉ်နိုင်ရန်မှာ ကုန်ကြမ်းပစ္စည်းများကို အဆင့်မီထုတ်လုပ်ရန်လိုအပ်နေသေးကြောင်း ဖျော်ရည်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

သောက်သုံးရန်မသင့်သည့် ဖျော်ရည်များကို ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများတွင် ကြေညာပေးလျက်ရှိရာ ဂရုတစိုက် ရွေးချယ်စားသုံးရန်လိုအပ်ကြောင်း သင်တန်းဆရာတစ်ဦးက ပြောကြားသည်။ "ဖျော်ရည်တွေကို ကျန်းမာရေးနဲ့ညီညွတ်အောင်၊ သန့်ရှင်းမှု ရှိအောင် ထုတ်လုပ်သင့်ပါတယ်။ ကျွန်တော်တို့ သင်ကြားပေးလိုက်တုန်းကလည်း သေချာမှာကြားလိုက်ပါတယ်။ သူတို့ကိုယ်တိုင်လိုက်နာမှ သန့်ရှင်းပြီးအရည်အသွေးမီတဲ့ ပစ္စည်းတွေရမှာပါ"ဟု ငင်းက ထပ်လောင်းပြောကြားသည်။

ပြည်တွင်းဖြစ် စားသောက်ကုန်များ ဈေးကွက်ပိုမိုရရှိလာခြင်းနှင့်အတူ သန့်ရှင်း၍ အရည်အသွေးမီ ကုန်ကြမ်း၊ ကုန်ချော

# ရှမ်းပြည်နယ်ထွက် တန်းဆီမှ ဇီဝဒီဇယ်ထုတ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၉**

မြန်မာနိုင်ငံတွင် ပေလေးထောင်ကျော် အမြင့်ရှိ ကုန်းမြင့်ဒေသ ရှမ်းပြည်နယ်၌ ပေါက်ရောက်သော တန်းပင်မှထွက်ရှိသည့် တန်းဆီ (Tung Oil) မှ ဇီဒီဇယ်ဆီထုတ်လုပ်မည်ဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ဇန်နဝါရီ ဒုတိယပတ်အတွင်း စုံစမ်းသိရှိရသည်။

မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေးအင်ဂျင်နီယာဌာနခွဲမှ ဖွဲနုဆီ၊ ကြက်ဆူဆီ (အကျဲ)၊ ဝါစေ့ဆီ၊ စားအုန်းဆီ၊ Waste Vegetable Oil (ကြော်ချက်ပြီး ထပ်မံအသုံးပြု၍မရသောဆီ)၊ ပဲပုပ် စသည်တို့မှ ဇီဝဒီဇယ်များ ထုတ်လုပ်ခဲ့ပြီးဖြစ်ရာ ရှမ်းပြည်နယ်ထွက်တန်းဆီမှ ဇီဝဒီဇယ်ထုတ်လုပ်မှုကို စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေးက စမ်းသပ်ထုတ်လုပ်သည့် ဖွဲနုစားဆီမှ ဇီဝဒီဇယ်နမူနာကို သန်လျင် ရေနံချက်စက်ရုံဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ အရည်အသွေးမီကြောင်း ထောက်ခံချက်များရရှိခဲ့သည်ဟု ယင်းဌာနထံမှ သိရသည်။ ■

www.foreverspace.com.mm

ပစ္စည်းများ ထုတ်လုပ်လာနိုင်ပါက ဈေးနှုန်းနည်းပါး၍ အရည်အသွေးမီ စားသောက်ကုန်များကို စားသုံးသူများအနေဖြင့် ရွေးချယ်စားသုံးနိုင်ကြောင်း၊ စားသောက်ကုန်ဈေးကွက် ယခုထက် ပိုမိုကျယ်ပြန့်လာနိုင်ကြောင်းနှင့် ယခုနောက်ပိုင်း မြန်မာနိုင်ငံတွင် မလေးရှားကဲ့သို့ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းထက် ကုန်ကျမည့်စရိတ်စကကို မိမိမြို့ရွာတွင် ကိုယ်ပိုင်လုပ်ငန်းငယ်တစ်ခုလုပ်ကိုင်ခြင်းက ပိုမိုကောင်းမွန်ကြောင်း စားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# နာဂကျေးရွာမူလတန်းကျောင်းဆောင်ဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ ၇၄၀၀ ကျော်လှူဒါန်း

**ရန်ကုန်၊ ဇန်နဝါရီ ၃၁**



မြန်မာနိုင်ငံရှိ နာဂတိုင်းရင်းသားလူမျိုးများနေထိုင်ရာ စစ်ကိုင်းတိုင်းခန္တီးမြို့နယ် ဇီးဖြူကုန်းကျေးရွာမူလတန်းကျောင်းကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အမေရိကန်ပြည်ထောင်စုမှ စာရေးဆရာမ Ms.Brenda Davidson Shaddox က အမေရိကန်ဒေါ်လာ ၇၄၅၀ ဒေါ်လာ(မြန်မာငွေကျပ်ကိုးသန်းခန့်) ကို ကျေးရွာတာဝန်ရှိသူများထံ ဇန်နဝါရီလ ၂၁ ရက်နေ့က ပေးအပ်လှူဒါန်းခဲ့ကြောင်း S.S.T Tourism Co.,Ltd. မှ ဒါရိုက်တာဦးငြိမ်းချမ်းက Living Color သို့ပြောကြားသည်။

Ms.Brenda Davidson Shaddox သည် နာဂတိုင်းရင်းသားလူမျိုးများနေထိုင်ရာ အဆိုပါဒေသသို့ နှစ်စဉ်လာရောက်လေ့ရှိပြီး နာဂတိုင်းရင်းသားများအကြောင်း ဆောင်းပါးများရေးသားလေ့ရှိကာ ၎င်းကိုယ်တိုင်ရိုက်ကူးမှတ်တမ်းတင်ခဲ့သည့် နာဂတိုင်းရင်းသားများအကြောင်း ဓာတ်ပုံပြပွဲတစ်ခုကို အမေရိကန်ပြည်ထောင်စု၌ ၂၀၀၄ ခုနှစ်အတွင်းက စီစဉ်ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါကျေးရွာ၌ပင် နာဂတိုင်းရင်းသားရိုးရာယဉ်ကျေးမှုကော်မတီက ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်းက တည်ထောင်ဖွင့်လှစ်ခဲ့သော နာဂတိုင်းရင်းသားရိုးရာပြတိုက် တည်ထောင်ရာတွင်လည်း ပံ့ပိုးကူညီခဲ့ကြောင်း ၎င်းဆိုသည်။

■

# ငါးပိသည် မြန်မာတို့၏ အဓိက ကယ်လစီယမ် အရင်းအမြစ်ဖြစ်ကြောင်း တွေ့ရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀**

မြန်မာ့ရိုးရာငါးပိရေကျိုသည် မြန်မာလူမျိုးများ၏ အဓိကကယ်လစီယမ် အရင်းအမြစ်ဖြစ်ပြီး မြန်မာလူမျိုးတို့၏ ကျန်းမာရေးအတွက် ကယ်လစီယမ်ဓာတ်ကို ငါးပိစားသုံးမှုမှ အဓိကရရှိနေကြောင်း ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာဖြူဖြူအောင် ဦးဆောင်သော ဆေးသုတေသနပညာရှင်တစ်စု၏ သုတေသနပြုချက်အရ တွေ့ရသည်။

အဆိုပါသုတေသနပြုချက်ကို ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်တို့ရှိ ကွဲပြားခြားနားသော အသက်အရွယ်ရှိသည့် လူ ၄၄၃၀ ဦးကို ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ စမ်းသပ်သုတေသနပြုရာမှ တွေ့ရှိခြင်းဖြစ်သည်။

သုတေသနပြုချက်အရ မြန်မာလူမျိုးအများစုသည် ခန္ဓာကိုယ်အတွက်လိုအပ်သည့် ကယ်လစီယမ်ဓာတ်ကို ငါးပိမှ ရယူနေကြပြီး နိုင်ငံတကာကဲ့သို့ နို့နှင့်နို့ထွက်ပစ္စည်းမှ ကယ်လစီယမ်ဓာတ်ရယူသုံးစွဲခြင်းသည် ရန်ကုန်မြို့ရှိ လူနည်းစုတွင်သာ တွေ့ရသည်ဟု သိရသည်။

ကယ်လစီယမ်သည် ခန္ဓာကိုယ်ရှိ အရိုးနှင့် အဆစ်များကိုသန်မာစေသော ဓာတ်ဖြစ်ပြီး နို့နှင့်နို့ထွက်ပစ္စည်းများတွင် အများအပြားပါဝင်သကဲ့သို့ ငါးသေးငါးမွှားများဖြင့် ပြုလုပ်ထားသော ငါးပိတွင်လည်း ပါဝင်ကြောင်း အာဟာရပညာရှင်များက ပြောကြားသည်။

**ထားထားမြင့်**

■

www.foreverspace.com.mm



# မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ် မှောင်ခိုကျဆင်း

**ရန်ကုန်၊ ဇန်နဝါရီ ၈**

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် လတ်တလောဘင်္ဂလား ဒေ့ရှ်နိုင်ငံတွင်းအခြေအနေများကြောင့် တရားမဝင် မှောင်ခိုကူးသန်းရောင်းဝယ်မှု အပါအဝင် တရားဝင်ကူးသန်းရောင်းဝယ်မှုများပါ ကျဆင်းလျက်ရှိကြောင်း စစ်တွေမြို့ရှိ ဒေသခံ မြန်မာကုန်သည်များ၏ အဆိုအရ သိရသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်စပါး၊ နေလှန်းဆားကြမ်း၊ ကွမ်းသီး စသည့် စားသောက်ကုန်များ အဓိကတင်ပို့လျက်ရှိနေသော်လည်း အရှေ့တောင်အာရှနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်သို့ ယှဉ်ပြိုင်ထိုးဖောက်ဝင်ရောက်နေကြကြောင်း၊ ယင်းသို့ ယှဉ်ပြိုင်မှုများ ကြောင့် ဒေသခံမြန်မာကုန်သည်များအတွက် ဈေးကွက်ကျဉ်းမြောင်းစေပြီး ကုန်သွယ်ရေးနှောင့်နှေးစေကြောင်း၊ မြန်မာနိုင်ငံမှ တရားဝင်တင်ပို့ခွင့်ရှိသော ကုန်ပစ္စည်းအချို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားမဝင်သတ်မှတ်ထားသည့် ကုန်ပစ္စည်းများနှင့် အကောက်ခွန်နှုန်းထားမြင့်သည့် ကုန်ပစ္စည်းများဖြစ်နေခြင်းကလည်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို နှေးကွေးစေကြောင်း အဆိုပါကုန်သည်များက ရှင်းလင်းပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ အဓိကအားဖြင့် ဓာတ်မြေဩဇာနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းနေသော်လည်း ယင်းသွင်းကုန်များမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကန့်သတ်ကုန်ဖြစ်နေ၍ တင်သွင်းရာတွင် အနှောင့်အယှက်အခက်အခဲများစွာရှိကြောင်း အဆိုပါကုန်သည်က ဆက်လက်ပြောကြားသည်။

Mass Peafowl News

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အခွန်နှုန်းထားမြင့်သည့် သွင်းကုန်ပစ္စည်းများ**

| စဉ် | ကုန်ပစ္စည်းအမျိုးအမည်များ |
|---|---|
| ၁ | ကွမ်းသီး |
| ၂ | မန်ကျည်းသီး(အစေ့ပါ) |
| ၃ | စမုန်စပါး |
| ၄ | ငါးခြောက် |
| ၅ | ငါးစုံကလေးခြောက် |
| ၆ | ဓိယာ |
| ၇ | သရက်သီး |
| ၈ | ကျားလုံးချည်ကြိမ်း |
| ၉ | ဇီးသီးခြောက် |
| ၁၀ | ဇီးယိုထုပ် |

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားမဝင်သတ်မှတ်ထားသည့် သွင်းကုန်ပစ္စည်းများ**

| စဉ် | ကုန်ပစ္စည်းအမျိုးအမည်များ |
|---|---|
| ၁ | အရက်မျိုးစုံ/ ဘီယာ |
| ၂ | နိုင်လွန်ငါးဖမ်းပိုက် |
| ၃ | တတိယနိုင်ငံထွက်ပစ္စည်း |
| ၄ | ရေငန်ပုစွန် |
| ၅ | ဆေးပစ္စည်းများ |

(Source: စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)

# တန်ဖိုးမြှင့်ထုတ်ကုန်ဖြင့်သာ ကုန်သွယ်မှုပမာဏကို မြှင့်တင်နိုင်မည်

**ဦးအေးလွင်**

**သတင်းဆောင်းပါး – မောင်မိုးညို**

**မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏမှာ နှစ်စဉ်တိုးတက်လျက်ရှိသော်လည်း ရေရှည်တွင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်မှသာ ကုန်သွယ်မှုပမာဏပိုမိုမြင့်မားလာနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ကုန်လုပ်ငန်းဌာနမှ ညွှန်ကြားရေးမှူးဦးအေးလွင်က ပြောကြားသည်။**

မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့ရောင်းချနေသည့် ပစ္စည်းများမှာ သဘာဝထွက်ကုန်ကြမ်းပစ္စည်းများသာဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့နိုင်မှုမှာ ပို့ကုန်ပမာဏစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း ထက်မပိုကြောင်း၊ သဘာဝထွက်ကုန်ပစ္စည်းများမှာ အကန့်အသတ်ဖြင့်သာရရှိနိုင်သည့်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်မှသာ ရေရှည်တွင်မြင့်မားသည့် ကုန်သွယ်မှုပမာဏတစ်ရပ်ရရှိမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံတွင် တံခါးဖွင့် စီးပွားရေးဝါဒစတင်ကျင့်သုံးခဲ့ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများကို ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအနေဖြင့် ဖြစ်စေလုပ်ကိုင်ခွင့်ကို ၁၉၈၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့မှစတင်၍ ခွင့်ပြုခဲ့သည်။

www.foreverspace.com.mm

ပို့ကုန်သွင်းကုန်ကိစ္စအဝဝကို ကြီးကြပ်ရန် ၁၉၄၇ ခုနှစ်သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ)အက်ဥပဒေကိုပင် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဥပဒေအဖြစ်ပြဌာန်းခဲ့ပြီး ယနေ့အချိန်အထိ အတည်ပြုထားဆဲဖြစ်သည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ မှာ ၂၀၀၃–၂၀၀၄ တွင် အမေရိကန်ဒေါ်လာ ၄.၅ ဘီလီယံ၊ ၂၀၀၄–၂၀၀၅ တွင် အမေရိကန်ဒေါ်လာ ၄.၉ ဘီလီယံ၊ ၂၀၀၅–၂၀၀၆ တွင် အမေရိကန်ဒေါ်လာ ၅.၅ ဘီလီယံသို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခဲ့ပြီး ၂၀၀၆–၂၀၀၇ တွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံသို့ ရောက်ရှိရန်တိုးမြှင့်မျှော်မှန်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့တင်ပို့ရောင်းချနေသည့် ကုန်ပစ္စည်းများမှာ တွင်းထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ကုန်ပစ္စည်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး တန်ဖိုးမြှင့်လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့နိုင်မှုမှာ တင်ပို့မှုစုစုပေါင်း၏ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းဝန်းကျင်သာရှိကြောင်း ရေထွက်ပစ္စည်း၊ တွင်းထွက်ပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်မှုမှာ တင်ပို့မှုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသာရှိကြောင်း ပို့ကုန်လုပ်ငန်းဌာန၏ထုတ်ပြန်ချက်အရ တွေ့ရှိရသည်။

သဘာဝထွက်ကုန်ပစ္စည်းများမှာ အကန့်အသတ်ရှိခြင်းကြောင့် သဘာဝထွက်ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီးတွင် ထုတ်လုပ်မှုပမာဏမှာတစ်နှစ်ထက်တစ်နှစ် ထွက်ရှိမှုပိုမိုကျဆင်းလာပြီး လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများတွင် အရည်အသွေးကျဆင်းလာသည်ကို တွေ့ရသည်။

တစ်နိုင်ငံလုံး၏ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်နိုင်မှုပမာဏမှာ တစ်နှစ်တန်ချိန်သိန်း ၃၀ ခန့်ရှိသော်လည်း ပြည်ပတင်ပို့နိုင်မှုပမာဏမှာ တစ်နှစ်တန်ချိန်သုံးသိန်းခန့်သာရှိရာ ထုတ်လုပ်မှုစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသာ တင်ပို့နိုင်ကြောင်း၊ ယင်းသို့တင်ပို့မှုပမာဏနည်းပါးရခြင်းမှာ ပြည်ပတင်ပို့နိုင်သည့်အရည်အသွေးမရှိသောကြောင့်ဖြစ်ပြီး ငါးပိ၊ ငါးခြောက်နှင့် ပြည်တွင်းစားငါးအဖြစ်သာအသုံးပြုနေရကြောင်း မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ပြောကြားသည်။

ရေထွက်ကုန်ပစ္စည်းများအရည်အသွေးကျဆင်းရခြင်းမှာ မွေးမြူထုတ်လုပ်ရာတွင် နည်းပညာလိုအပ်ချက်များရှိသကဲ့ သို့ သယ်ယူပို့ဆောင် ရောင်းဝယ်ရာတွင်လည်း သယ်ဆောင် ထားသိုမှုစနစ်အားနည်းသောကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ရေ ထွက်ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကား




# မြိတ်တွင် မှောင်ခိုပပျောက်ရေး တင်းကျပ်စွာဆောင်ရွက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာ့ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော မြိတ်မြို့တွင် ပြည်ပသင်္ဘောများဖြင့် တရားမဝင်ကုန်ပစ္စည်းသယ်ယူမှုများပပျောက်ရေးအတွက် စီမံချက်ဖြင့် တင်းကျပ်စွာဆောင်ရွက်နေကြောင်း မြိတ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက Living Color သို့ ပြောကြားသည်။

မြိတ်မြို့တွင် တရားမဝင်ကူးသန်းရောင်းဝယ်မှုမရှိစေရန် ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ဒေသ၏ ကမ်းရိုးတန်းသွား ပင်လယ်ပြင်၌လည်း တနင်္သာရီတိုင်းရေတပ်စခန်းစစ်ဌာနချုပ်၊ အမှတ်(၂၆၅) ခြေလျင်တပ်ရင်းတို့၏အစီအမံများ၊ ကင်းလှည့်ရေယာဉ်များဖြင့် ပင်လယ်ပြင်စိုးမိုးရေးကို တင်းကျပ်စွာဆောင်ရွက်လျက်ရှိသောကြောင့် တရားမဝင်ကူးသန်းရောင်းဝယ်မှုများ လျော့နည်းကျဆင်းလာကြောင်း ၎င်းကဆိုသည်။

မြိတ်မြို့တွင် ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏အနီးကပ်ကြီးကြပ်မှုကိုခံယူ၍ ဆောင်ရွက်လျက်ရှိနေကြောင်း အဆိုပါအကြီးတန်းအရာရှိက ထပ်လောင်းပြောကြားသည်။

Mass Peafowl News

www.foreverspace.com.mm

မှုမှာ အရှင်ရောင်းဝယ်မှုမဟုတ်ဘဲ အသေရောင်းဝယ်မှုပုံစံဖြစ်၍ သယ်ဆောင်ရောင်းဝယ်ရာတွင် စနစ်ကျနရန်များစွာလိုကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းဝယ်ယူရန်လာရောက်လေ့လာသော ပြည်ပလုပ်ငန်းရှင်အချို့မှာ စက်ရုံများ၏စနစ်ကျနမှုအားနည်းခြင်းကြောင့် စက်ရုံအတွင်း ယင်ကောင်များဝင်ရောက်မှုနှင့် စက်ရုံအလုပ်သမားများ၏ ခြေသည်း၊ လက်သည်း ဆံပင်မှစ၍ သန့်ရှင်းမှု၊ ဦးထုပ်၊ လက်အိတ်ကျနစွာဝတ်ဆင်မှုတို့အားနည်း၍ စိတ်ပျက်သွားခြင်းမျိုး မကြာခဏရှိတတ်ကြောင်း၊ ငါးရောင်းချသည့်ဈေးကြီးများနှင့် ငါးဒိုင်များတွင် သန့်ရှင်းမှုအားနည်းခြင်းကလည်း ဈေးကွက်ဖွံ့ဖြိုးရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အဟန့်အတားများဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် အဓိကလိုအပ်ချက်မှာ အဆင့်မြင့်နည်းပညာနှင့် စက်ပစ္စည်းဝယ်ယူရန် လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေဖြစ်ကြောင်း၊ နည်းပညာလိုအပ်ချက်အတွက် ပြည်ပနိုင်ငံများသို့လေ့လာရေးအဖွဲ့များစေလွှတ်၍ နည်းပညာရယူကာ ပြည်တွင်း၌ပြန်လည်ဖြန့်ဖြူးပေးမည်ဆိုပါက အဆင်ပြေနိုင်သော်လည်း တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများဝယ်ယူနိုင်ရေးမှာ လုပ်ငန်းရှင်တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအနေဖြင့် မတတ်နိုင်သည့်အတွက် အစိုးရ၏အကူအညီများစွာလိုအပ်ကြောင်း စက်ရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာလုပ်ငန်းရှင်အများစုမှာ အင်တာနက်ကို ထိရောက်စွာအသုံးချနိုင်မှု မရှိသေးကြောင်း၊ အင်တာနက်မှာအလွန်ကျယ်ပြန့်သော သတင်းအရင်းအမြစ်ဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အဓိက လက်နက်ကောင်းဖြစ်ကြောင်း၊ အင်တာနက်ပေါ် မှ လိုအပ်သည့်နည်းပညာအကူအညီ ရယူနိုင်ရုံသာမက ပြည်ပနိုင်ငံများ၏ ဈေးကွက်ဖော်ဆောင်မှုပုံစံများ၊ အမျိုးအစားလိုက် ဈေးနှုန်းနှင့် ဈေးကွက်အနေအထားကို လွယ်ကူစွာလေ့လာနိုင်ကြောင်း၊ အင်တာနက်ကို အသုံးချ၍ ဈေးကွက်ရှာဖွေနိုင်ကြောင်း ပုစွန်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေးမှာ စီမံကိန်းတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်မှသာအောင်မြင်နိုင်ဖွယ်ရှိပြီး ရေရှည်တွင် သဘာဝထွက် ကုန်ကြမ်းပစ္စည်းများမှာ အကန့်အသတ်များရှိလာမည့်အခြေအနေကို ယခုအချိန်မှပင်စတင်စဉ်းစားသင့်ကြောင်း၊ ကုန်သွယ်မှုပမာဏမြင့်မားရေးအတွက် ကုန်ကြမ်းပစ္စည်းများရောင်းချမည့်အစား တန်ဖိုးမြင့်ထုတ်ကုန်များတင် ပို့နိုင်ရေးအတွက် ဦးတည်ချက်ထားဆောင်ရွက်သင့်ကြောင်း လုပ်ငန်းရှင်များနှင့် ပညာရှင်များက တူညီစွာသုံးသပ်ပြောကြားသည်။ ■

# မသင်္ကာဖွယ်ပစ္စည်းတွေ့ရှိက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရန်ညွှန်ကြား

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ဗဟန်းမြို့နယ် စာတိုက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း စာအိတ်ဗုံးဖြင့် အကြမ်းဖက်ပြီးနောက်ပိုင်း ဗုံးဟု မသင်္ကာဖွယ်ရာများ တွေ့ရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့များထံသို့ ချက်ချင်းအကြောင်းကြားရန် ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်းများထံမှ စုံစမ်းသိရှိရသည်။

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံအနီး စာတိုက်တွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဗုံးပေါက်ကွဲပြီးနောက် တစ်ပတ်အကြာ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ယင်းစာတိုက်မနီးမဝေးတွင်ရှိသည့် ကမ္ဘာအေးစေတီလမ်းမကြီးပေါ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ်ကိုတွေ့ရှိခြင်းကြောင့် သက်ဆိုင်ရာကျွမ်းကျင်သူများက စစ်ဆေးရသည့်ကိစ္စတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးကဆိုသည်။ ဖြစ်စဉ်မှာ ယင်းနေ့လယ်ပိုင်းတွင် အဆိုပါဆိုင်အတွင်းသို့ လူတစ်ဦးဝင်ရောက်လာကာ လက်ဖက်ရည်တစ်ခွက်မှာယူကြောင်း၊ မှာထားသည့် လက်ဖက်ရည်လာချချိန်တွင် ထိုသူကိုမတွေ့ရဘဲ စက္ကူအိတ်အလတ်စားတစ်လုံးကိုသာ စားပွဲပေါ်တွင် တွေ့ရှိရာမှ မည်သူမျှမကိုင်ဘဲ သက်ဆိုင်ရာသို့အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့နှင့် ကျွမ်းကျင်သူများ လာရောက်၍ ယင်းစက္ကူအိတ်ကို စစ်ဆေးခဲ့ရာ ယောကျ်ားဝတ်ပုဆိုးတစ်ထည်နှင့် ထမင်းချိုင့်တစ်ခုကိုသာ တွေ့ရှိခဲ့ကြောင်း ယင်းအဖြစ်အပျက်ကို မျက်မြင်တွေ့ရှိခဲ့သူများ၏အဆိုအရ သိရသည်။ ထိုသို့ စစ်ဆေးပြီး မကြာမီ လက်ဖက်ရည်မှာထားသူ ပြန်လည်ရောက်ရှိလာရာ ၎င်းကို သက်ဆိုင်ရာက စစ်ဆေးရန်ခေါ်ယူသွားကြောင်း မျက်မြင်သက်သေများ၏အဆိုအရ သိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေ ဗဟန်းရဲစခန်းသို့ ဆက်သွယ်မေးမြန်းခဲ့ရာ ခေါ်ယူစစ်ဆေးခံရသူမှာ မသင်္ကာဖွယ်ရာမတွေ့ရှိရသဖြင့် ၎င်းကို အရေးယူမှုမရှိကြောင်း ဒုရဲအုပ်မြင့်ကြိုင်က Living Color ၏ မေးမြန်းချက်ကို ဖြေကြားသည်။

သို့ဖြစ်၍ အများပြည်သူများအနေဖြင့် ဗုံးကဲ့သို့ မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြား ဆောင်ရွက်သင့်ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊ ၂၄၃၆၄၁ ၊ ၂၄၃၆၄၂ ၊ ၂၄၃၆၄၃ (Ext-၂၀၁)

www.foreverspace.com.mm



# ခရီးသည် ၇၀၀ ဦး လိုက်ပါလာမည့် အပျော်စီးဇိမ်ခံသင်္ဘောလာရောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**



နိုင်ငံတကာမှ ခရီးသည် ၇၀၀ ဦးခန့် လိုက်ပါလာမည့် အမေရိကန်အခြေစိုက် အပျော်စီးသင်္ဘောကြီး MV Seven Seas Mariner သည် ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း အဆိုပါသင်္ဘော (Cruises) ခရီးစဉ်ကို စီစဉ်သည့် Myanmar Voyages International Tourism Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်တိုးက Living Color သို့ ပြောကြားသည်။

အဆိုပါအပျော်စီးဇိမ်ခံသင်္ဘော MV Seven Seas Mariner သည် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားမည်ဖြစ်ပြီး လိုက်ပါလာမည့် ခရီးသည်များသည် အဖွဲ့များခွဲ၍ မြန်မာနိုင်ငံအတွင်း လှည့်လည်လည်ပတ်ကြမည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၀၇ ခုနှစ်အတွင်း ယင်းကဲ့သို့ အပျော်စီးဇိမ်ခံသင်္ဘော လေးစင်းထက်မနည်းလာရောက်လည်ပတ်ရန်ရှိကြောင်း ၎င်းကဆိုသည်။

ကုမ္ပဏီ၏စီစဉ်မှုဖြင့် ၁၉၉၅ ခုနှစ်မှ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော နိုင်ငံတကာ အပျော်စီးဇိမ်ခံသင်္ဘောကြီးများအနက် သင်္ဘောအရွယ်အစားအကြီးဆုံးနှင့် စီးနင်းလိုက်ပါလာသူ ခရီးသည်အရေအတွက် အများဆုံးဖြစ်ပြီး ခရီးသည်စုစုပေါင်း ၈၇၅ ဦးကို ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်းက တင်ဆောင်လာသည့် မလေးရှားနိုင်ငံအခြေစိုက် အပျော်စီးဇိမ်ခံသင်္ဘောကြီး MV Super Star Virgo အပါအဝင် အပျော်စီး ဇိမ်ခံသင်္ဘောအရေအတွက် ၂၅ စီး လာရောက်ခဲ့ပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

# ကမ်းရိုးတန်းပင်လယ်သယံဇာတများ စနစ်တကျထုတ်ယူသုံးစွဲရေး နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်

**ဦးမြင့်ဖေ**

**သတင်းဆောင်းပါး - ကျော်နိုင်၊ ၂-၂-၂၀၀၇**

**မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ သယံဇာတများထုတ်ယူသုံးစွဲကြရာ၌ နည်းစနစ်များမှန်ကန်စေရန်အတွက်လိုအပ်သည့် နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်နေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ရေချိုရေငန်ငါးသယံဇာတထိန်းသိမ်းရေးဌာနစု လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဖေက ပြောကြားသည်။**

သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာ့ဂက်ဝါသနာရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း မြန်မာ့ဂက်ဝါသနာရှင်အသင်းရုံးခန်း၌ ဖေဖော်ဝါရီလ ၂ ရက်နေ့က ပထမဦးဆုံးအကြိမ် ကျင်းပသော ကမ္ဘာ့ရေတိမ်ဒေသနေ့အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဧရိယာ ၂၂၈,၀၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော မြန်မာ့ကမ်းဦးရေတိမ်ပိုင်း ပင်လယ်ကမ်းခြေတစ်လျှောက်မှ နှစ်စဉ် ပင်လယ်ငါးတန်ချိန် ၁.၀၅ သန်းခန့်ကို ထုတ်ယူသုံးစွဲခဲ့ကြကြောင်း၊ နှစ် ၂၀ အတွင်း ယင်းဒေသတစ်လျှောက်မှ ငါးဖမ်းဆီးရရှိမှုကျဆင်းလာသည့်အပြင် ဖမ်းဆီးရမိသည့် ငါးအရွယ်အစားများမှာလည်း သေးငယ်လာကြောင်း၊ ယခင်က ငါးဖမ်းဆီးရာ၌ အရွယ်အစားသေးငယ်သည့် ငါးများကိုပြန်လည်စေလွှတ်ပေးခဲ့သော်လည်း ယခုအခါ ဒရွတ်ဆွဲပိုက်များသာမက ခေတ်မီငါးဖမ်းပိုက်များဖြင့် အရွယ်အစားသေးငယ်သည့်ငါးများပါမကျန်ဖမ်းဆီးထုတ်ယူနေကြကြောင်း၊ ယင်းကဲ့သို့ဖမ်းဆီးမှုကြောင့်

www.foreverspace.com.mm



ပင်လယ်ရေအောက်ရှိ သန္တာကျောက်တန်း (Coral Reef) များနှင့် ပင်လယ်မြက် (Sea Grass) များ၏ မူလအနေအထားနှင့် ဂေဟဗေဒစနစ်ကိုပါ ပျက်စီးလာစေကြောင်း ၎င်းက ထောက်ပြဆွေးနွေးပြောကြားသွားသည်။

ဒီရေတောများသည် တန်ဖိုးရှိငါး၊ ပုစွန်တို့၏ စားကျက်မြေပင်ဖြစ်ကြောင်း၊ ဒီရေတော တစ်စတုရန်းကီလိုမီတာမှ တစ်နှစ်လျှင် ငါးနှင့်ပုစွန် ၉.၁ တန်သို့တည်းမဟုတ် ဒီရေတော တစ်ဟက်တာလျှင်ပင်လယ်ငါး ၇၀၀ ကီလိုဂရမ်နှင့် ပင်လယ် ပုစွန် ၁၅၀ မှ ၁၇၅ ကီလိုဂရမ်အထိ ထွက်ရှိနိုင်ကြောင်း၊ ပြည်သူလူထုရာခိုင်နှုန်း အများစုအဓိကမှီခိုအားထားစားသုံးနေရသော အဆိုပါ ငါးပရိုတိန်းများကိုဆက်လက် မှီခိုသုံးစွဲနိုင်ရန်အတွက် ငါးသယံဇာတများ မပျက်စီးစေရန် အားလုံးတွင်တာဝန်ရှိကြောင်း၊ ရေတိမ်ဒေသ၏ဂေဟဗေဒစနစ်ပျက်စီးလာ၍ အဆိုပါငါးသယံဇာတများပျက်စီးမှုကို စနစ်တကျပူးပေါင်းလေ့လာသင့်ပြီဖြစ်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံသည် အပူပိုင်းဒေသအတွင်း တည်ရှိ၍ မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်အတွင်းမှ ဖမ်းဆီးရမိသော ငါးမျိုးစိတ်များမှာလည်း စုံလင်ကြောင်း၊ ကုန်းတွင်းဒေသများ၌ ငါး၊ ပုစွန်ကန်ဇကလေးသိန်းကျော်နှင့် အင်းပေါင်း ၃၇၅၂ အင်းကိုပိုင်ဆိုင်ထားကြောင်း၊ အဆိုပါရေတိမ်ဒေသများမှထွက်ရှိသော ငါး၊ ပုဇွန်သယံဇာတများသည် နိုင်ငံ၏နိုင်ငံခြားဝင်ငွေကို တတိယနေရာမှ ရှာဖွေပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးက ဖြည့်စွက်ဆွေးနွေးသွားသည်။

ရေတိမ်ဒေသဆိုသည်မှာ ရွှံ့၊ နွံ၊ ကိုင်းတော၊ သစ်ဆွေးမြေနယ်မြေများ(သို့မဟုတ်) သဘာဝအလျောက်ဖြစ်စေ၊ ဖန်တီးထားသည်ဖြစ်စေ၊အစဉ်အမြဲတည်ရှိနေသော(သို့မဟုတ်) ယာယီဖြစ်ပေါ်နေပြီး ရေငြိမ်ရေသေ (သို့မဟုတ်) စီးဆင်းနေသောရေ၊ ရေချို၊ ရေငန်များ တည်ရှိရာ နယ်မြေများဖြစ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းရေတိမ်ဒေသတွင် ဒီရေအကျဆုံးအချိန်၌ ရေအနက် ခြောက်မီတာထက်မပိုသော ရေပြင်များပါဝင်ကြောင်း၊ အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကမ်းရိုးတန်းဒေသရှိ သန္တာကျောက်တန်း၊ ပင်လယ်ရေမှော်၊ လတာပြင်၊ ဒီရေတော၊ မြစ်ဝများ၊ မြစ်ချောင်းများ၊ ရေချို၊ ရေငန် ရွှံ့ညွှန်တောများနှင့် ကန်များအားလုံးအကျုံးဝင်ကြောင်း၊ ရေတိမ်ဒေသများသည် ကမ္ဘာ့ပေါ်တွင် ကုန်ထုတ်စွမ်းအားအကောင်းဆုံး ပတ်ဝန်းကျင်ဖြစ်သည်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးပွားလာသောလူဦးရေနှင့် ယင်းတို့၏ ဖြစ်ပေါ်နေသော ပျက်စီးဆုံးရှုံးမှုများအား ထောက်ပံ့ရာတွင်မရှိမဖြစ်လိုအပ်ကြောင်း မြန်မာ့ငှက်ဝါသနာရှင်အသင်းက ထုတ်ဝေသည့် ကမ္ဘာ့ရေတိမ်ဒေသနေ့အထိမ်းအမှတ်လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရေ

---

# KB International ကုမ္ပဏီ လအလိုက် ပို့ကုန်အများဆုံးတင်ပို့

**ရန်ကုန်၊ ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့ မှုစာရင်းတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွက် KB International Co., Ltd. က အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

KB International အနေဖြင့် ၂၀၀၆ ဒီဇင်ဘာလတွင် အမေရိကန် ဒေါ်လာ ၁,၅၀၉,၈၄၀ တင်ပို့ခဲ့ပြီး Baw Gu Gvy Co.,Ltd. က အမေရိကန်ဒေါ်လာ ၁၃၆၀၄၄၁ ဒသမ ၂၅ ဖြင့် ဒုတိယအများ ဆုံး၊ Myued Sue Garment က အမေရိကန်ဒေါ်လာ ၁,၃၀၃,၉၂၇ ဒသမ ၉၀ ဖြင့် တတိယအများဆုံးတင်ပို့ခဲ့ကာ နာမည်ကျော် ထူးထရေးဒင်းက အမေရိကန်ဒေါ်လာ ၁၀၆၂၈၃၂ ဒသမ ၅၀ ဖြင့် ဒီဇင်ဘာလအတွင်း ပြည်ပ ပို့ကုန်အများဆုံးတင်ပို့မှုစာရင်းတွင် အဆင့် (၇)၌ ရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးမှ ပြည်ပပို့ကုန်စာရင်းဇယားများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံသို့ လယ်ယာထွက်ကုန်၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်နှင့် ရေထွက်ကုန်များ အများဆုံးတင်ပို့လျက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှလည်း နိုင်ငံခြားဝင်ငွေများစွာ ရရှိလျက်ရှိသည်။ ■

www.foreverspace.com.mm

လုပ်ငန်းတွေကို စက်ယန္တယားတွေမသုံးကြလို့ သဘာဝမပျက်စီးဘဲရှိနေသေးတယ်လို့ ပြောလို့ရတယ်။ သူများနိုင်ငံမှာ အနေးနဲ့ အမြန်ပျက်စီးနေကုန်ပြီ။ မပျက်စီးသေးဘူးဆိုပြီး လွှတ်ထားလို့တော့မရဘူး။ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲသွားနိုင်ဖို့ စဉ်းစားရတော့မယ်”ဟု သစ်တောဦးစီးဌာနသဘာဝဝန်းကျင်နှင့် သားငှက်တိရိစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်ကဆိုသည်။

ရေတိမ်ဒေသများ၏ အကျိုးကျေးဇူးများမှာ ရေကိုအသုံးချနိုင်ခြင်း၊ ရေစီးနှုန်းကို ထိန်းသိမ်းခြင်း၊ ဆားငန်ရေဝင်ရောက်မှုကို ကာကွယ်ခြင်း၊ သဘာဝဘေးဒဏ်များ ကို ကာကွယ်ခြင်း၊ အနည်ကျမှုထိန်းချုပ်ခြင်း၊ အာဟာရဓာတ်ထိန်းချုပ်ခြင်း၊ အဆိပ်အတောက်ဖယ်ရှားခြင်း၊ စွမ်းအင်ထုတ်လုပ်နိုင်ခြင်း၊ ရေကြောင်းအသုံးပြုနိုင်ခြင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ ဇီဇထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ထိန်းသိမ်းပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းစသည်တို့ဖြစ်ကြောင်း၊ ရေကိုထုတ်ယူသုံးစွဲခြင်း၊ လူနေအိမ်ခြေများကိုတိုးချဲ့ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် အမဲလိုက်ခြင်းတို့ကြောင့် ကမ္ဘာ့ရေတိမ်ဒေသများ၏ ၅၀ ရာခိုင်နှုန်းသည် ၁၉၀၀ ပြည့်

# ကန်ဒေါ်လာ ၆၀ သန်းကျော် မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်ကြိုတင်စာချုပ်ချုပ်ဝယ်ယူ

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ပြုလုပ်ခဲ့သော မြန်မာ–တရုတ်ကုန်စည်ပြပွဲ၌ အမေရိကန်ဒေါ်လာ ၆၃ သန်းကျော်ဖိုးရှိ မြန်မာ့လယ်ယာထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကြိုတင်စာချုပ်ဝယ်ယူခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

ယင်းကုန်စည်ပြပွဲတွင် မြန်မာမှ တရုတ်သို့ ပို့ကုန်တန်ဖိုးကန်ဒေါ်လာ ၇၈ သန်းကျော်ဖိုးတင်ပို့ရန် စာချုပ်ပေါင်း ၂၉ ခုချုပ်ဆိုခဲ့ရာ လယ်ယာထွက်ကုန်များအတွက် စာချုပ် ၁၂ ခုဖြင့် တန်ဖိုးအများ ဆုံးချုပ်ဆိုခဲ့ကြောင်းနှင့် ဒုတိယ တန်ဖိုးအများဆုံးမှာ ရေထွက်ကုန်များဖြစ်ကြောင်း အဆိုပါဌာန၏ စာရင်းများအရ သိရသည်။

လယ်ယာထွက်ကုန်သီးနှံများ ဖြစ်သည့် ပဲတီစိမ်း၊ နှမ်းအမျိုးမျိုး၊ ပြောင်းကဲ့သို့ သီးနှံများအပြင် သရက်သီး၊ ဖရဲသီး၊ သခွားမွှေးကဲ့သို့ သစ်သီးဝလံများကို မစိုက်ပျိုးမီ ကြိုတင်စာချုပ်စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း အဆိုပါပြပွဲသို့သွားရောက်ခဲ့သူစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။

တရုတ်တို့က ကြိုတင်စာချုပ်ချုပ် ဝယ်ယူခြင်းကြောင့် ခိုင်မာသည့်ဈေးကွက်အနေအထားကို ရရှိခဲ့ပြီး သီးနှံထွက်ရှိသည့် အချိန်၏ ဈေးကွက်ပေါက်ဈေးဖြင့် စာချုပ်များချုပ်ဆိုခြင်းဖြင့် ဈေးကွက်အသာရရှိနိုင်ကြောင်း ယင်းစီးပွားရေးလုပ်ငန်းရှင်က သုံးသပ်ပြောကြားသည်။

နှစ်နောက်ပိုင်းတွင် ပျက်စီးလာကြောင်း ၎င်းက ရှင်းပြသည်။

“သဘာဝမပျက်စီးသေးတဲ့ ရေတိမ်ဒေသတွေက လူတွေကို ပြစရာနေရာဖြစ်လာတယ်။ ကျွန်တော်တို့ဆီက အင်းတော်ကြီးကန်လိုပေါ့။ အဲဒီဒေသတွေဟာ မျိုးတုံးမယ့်အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ သက်ရှိမျိုးစိတ်တွေကို နေရာပေးထားတယ်။ ဇီဝမျိုးစုံမျိုးကွဲတွေကို အထူးထောက်ပံ့ထားတာပေါ့။ နောက်တစ်ခုက ရာသီပြောင်းငှက်တွေရဲ့ Life Cycle ကိုလည်း ထောက်ပံ့ပေးထားတယ်”ဟု ဦးသိန်းအောင်က ရေတိမ်ဒေသ၏ အားသာချက်များကို ဖြည့်စွက်ရှင်းပြသည်။



မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးကြီးသော ရေပျော်ငှက်များ ကျက်စားရာ ရေတိမ်ဒေသများထိန်းသိမ်းရေးသဘောတူညီမှုကွန်ဗင်းရှင်း(Convention on Wetland of International Importance especially as Waterbird Habitat) သို့ ၂၀၀၄ ခုနှစ်နိုဝင်ဘာလတွင် ဝင်ရောက်ခဲ့ပြီး သစ်တောဦးစီးဌာနနှင့် မြန်မာငှက်ဝါသနာရှင်အသင်းတို့ ပူးပေါင်း၍ ရေတိမ်

www.foreverspace.com.mm

ဒေသများအတွင်းဆောင်းခိုရေပျော်ငှက်များကို ကွင်းဆင်းလေ့လာခြင်း၊ စာရင်းကောက်ယူခြင်းနှင့် ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ရေတိမ်ဒေသနေ့အထိမ်းအမှတ်အခမ်းအနားကိုမူ ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျရောက်သည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသနေ့ ဆောင်ပုဒ်မှာ Fish for tomorrow (မနက်ဖြန်ရိက္ခာဖူလုံဖို့ ငါးမျိုးထိန်းသိမ်းစို့) ပင်ဖြစ်ကြောင်း အသင်းအမှုဆောင်တစ်ဦးက ဆိုသည်။

အဆိုပါအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာန၊ မြန်မာငှက်ဝါသနာရှင်အသင်း၊ သစ်တော သယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း၊ မြန်မာပြည့်မြဲစွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ စာနယ်ဇင်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

"ရေတိမ်ဒေသတွေရဲ့ ဂေဟစနစ်က မျက်စိနဲ့ မမြင်ရဘူး။ Process (ဖြစ်စဉ်) တွေ ဖြစ်နေလို့ပဲ။ အခုဆို Mangrove တွေ သာမကဘဲ Coral Reef နဲ့ Sea Grass တွေပါ ပျက်စီးနေပြီ။ Marine Ecosystem တွေပါ ပျက်စီးနေပြီ။ မမြင်ကွယ်ရာက ပျက်စီးနေတာက ပိုဆိုးတယ်။ မမြင်ရလေ ပိုအန္တရာယ်ကြီးလေပဲ"ဟု မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ အတွင်းရေးမှူးဦးအောင်မြင့်က သတိပေးပြောကြားသည်။

"လူတွေက ရေတိမ်ဒေသကောင်းကျိုးထက် ဆိုးကျိုးကိုပဲလုပ်မိနေကြတယ်။ မဆင်မခြင်ထုတ်ယူသုံးစွဲကြလို့ အခုဆို အရင်ကထက် နှစ်ဆပျက်စီးသွားပြီ။ အချို့နေရာတွေမှာပျက်စီးမှုရဲ့ ဆိုးကျိုးကိုလက်တွေ့ခံစားနေရပြီ။ ရေတိမ်ဒေသတွေ ကာလ ကြာရှည်ခံနိုင်မယ့် နည်းလမ်းမျိုးစုံနဲ့ စီမံအုပ်ချုပ်သွားဖို့လိုနေပြီ" ဟု ဦးသိန်းအောင်က သုံးသပ်ပြောကြားသည်။

"အဲဒီရေတိမ်ဒေသနဲ့ ဒီရေတောတွေရဲ့ Ecosystem (ဂေဟစနစ်)တွေကို ဌာနဆိုင်ရာတွေသာမကဘဲ NGO တွေ၊ ဒေသခံအာဏာပိုင်တွေနဲ့ ပြည်သူလူထုတွေကပါ ပူးပေါင်းထိန်းသိမ်းသွားကြမှ အဲဒီဒေသတွေရဲ့သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ပြန်ပြီးကုစားနိုင်မှာ။ ဒါမှ Next Generation (နောင်မျိုးဆက်) တွေအတွက် ကောင်းမွန်တဲ့ သဘာဝအရင်းအမြစ်တွေထားခဲ့နိုင်မှာ" ဟု ဦးမြင့်ဖေက ဖြည့်စွက်အကြံပြုသွားသည်။

---

## မုံရွာမြို့ပေါ်ရှိ ချည်ထည်လုပ်ငန်းများ စက်မှုဇုန်သို့ပြောင်းရွှေ့ရမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံတွင် နှစ်ထပ်စောင်နှင့် ခြုံစောင်များ အဓိကထုတ်လုပ်ဖြန့်ဖြူးရာမြို့ကြီးတစ်မြို့ဖြစ်သည့် မုံရွာမြို့ပေါ် လူနေရပ်ကွက်များအတွင်း ချည်ထည်အပါအဝင် အခြားစက်မှုလုပ်ငန်းများအားလုံး စက်မှုဇုန်သို့ ဇန်နဝါရီလကုန်တွင် အပြီးသတ်ပြောင်းရွှေ့ကြရန် သက်ဆိုင်ရာက ထပ်မံအသိပေးထားကြောင်း မုံရွာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မြို့တွင်း၌ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများမှာ ချည်ထည်စုဟုခေါ်ဆိုသည့် စောင်၊ ဂွမ်းကပ်၊ ရက်ကန်းချည် ထည်လုပ်ငန်းများဖြစ်ကြပြီး ခန့်မှန်းစာရင်းအရ လုပ်ငန်းရှင် ၅၀ ခန့်ရှိကြောင်း မုံရွာမြို့၏ မြို့ခံများထံမှ သိရှိရသည်။

မြန်မာနိုင်ငံတွင် သံရည်ကျိုပုံ လောင်းပုံသွင်းစက်ရုံတည်ထောင်ထားပြီးသော စက်မှုဇုန် သုံးဇုန်အနက် တစ်ခုအပါအဝင်ဖြစ်သည့် မုံရွာစက်မှုဇုန်သည် ၇၂ နာရီတွင် သုံးနာရီသာ လျှပ်စစ်မီးရရှိသည့်အတွက် စက်မှုလုပ်ငန်းရှင်အချို့သည် တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ရှစ်နာရီ အလှည့်ကျရရှိသော မုံရွာမြို့ပေါ်သို့ လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်လာပြီး နောက်ပိုင်း ယင်းကဲ့သို့ အသိပေးထုတ်ပြန်ခြင်းဖြစ်သည်ဟုလည်း ၎င်းတို့ထံမှ သိရသည်။

Associated News

---

## ပလိပ်အိတ်ချိန်း ၂၀၀၅ - ၂၀၀၆ ခုနှစ်အတွင်း လျာထားချက်ပြည့်မီ ကျော်လွန်ခဲ့ဟုဆို

**ပလိပ်၊ ဖေဖော်ဝါရီ ၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပလိပ်မြို့ တယ်လီဖုန်းအိတ်ချိန်းအနေဖြင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေလျာထားချက်ပြည့်မီကျော်လွန်ခဲ့ကြောင်း စာရင်းဇယားများကို အခြေခံ၍ အဆိုပါအိတ်ချိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် လျာထားဝင်ငွေ ၈၇၀,၀၀၀ ကျပ်ကို ပြည့်မီကျော်လွန်ခဲ့ကြောင်း၊ ယင်းနှစ်တွင် ၁၀၂.၃၂ ရာခိုင်နှုန်း ဝင်ငွေရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအိတ်ချိန်းရုံး၏ စာရင်းဇယားများအရ သိရသည်။

၂၀၀၆–၂၀၀၇ ခုနှစ်၏ လျာထားဝင်ငွေ

www.foreverspace.com.mm

မှာ ၁,၃၀၀,၀၀၀ကျပ်ဖြစ်ကြောင်း၊ ယင်းနှစ် တစ်လချင်း လျာထားဝင်ငွေမှာ ၉၁,၆၆၆ ကျပ်ဖြစ်ကြောင်း ယင်းစာရင်းဇယားများ တွင် ဖော်ပြထားသည်။

ပလိပ်မြို့အိတ်ချိန်းတွင် လက်လှည့် အိတ်ချိန်းတယ်လီဖုန်း ၁၀၀ တပ်ဆင် အသုံးပြုထားပြီး၊ ဌာနဆိုင်ရာ ၁၅ လုံး၊ ပုဂ္ဂလိက ၈၃ လုံးနှင့် လက်ကျန်နှစ်လုံးဖြစ် ကြောင်း ၎င်းက ဆက်လက်ပြောကြား သည်။

၂၀၀၇ ခုနှစ်အတွင်း ပလိပ်မြို့တွင် လက်လှည့်အိတ်ချိန်းဆက်သွယ်ရေးစနစ်မှ အော်တိုတယ်လီဖုန်းဆက်သွယ်ရေးစနစ်သို့ ပြောင်းလဲမည်ဖြစ်ပြီး လိုင်း ၃၅၀ပါ အော် တိုအိတ်ချိန်းအဆောက်အအုံများ တည် ဆောက်ပြီးစီး၍ မကြာမီတွင် ဆက်သွယ်ရေး ပစ္စည်းများ တပ်ဆင်မည်ဖြစ်ကြောင်းလည်း ပလိတ်ဒေသခံတစ်ဦးက ဆိုသည်။

Mdy-News

# အီဂျစ်နှင့်ထိုင်းနိုင်ငံတွင် ကုမ္ပဏီဖွင့်လိုပါက မြန်မာသံရုံးကူညီမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

အီဂျစ်နှင့် ထိုင်းနိုင်ငံတို့တွင် ကုမ္ပဏီနှင့် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်လို သူများ၊ စီးပွားရေးကုမ္ပဏီများအတွက် ဒေသဆိုင်ရာ မြန်မာသံရုံးက ကူညီဆောင် ရွက်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဇန်န ဝါရီ တတိယပတ်အတွင်း စုံစမ်းသိရှိရသည်။

အီဂျစ်နိုင်ငံသို့ ပဲမျိုးစုံ၊ ရေထွက်ကုန်နှင့် သစ်သီးဝလံများကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့လိုသူများအနေဖြင့် ရုံးခွဲဖွင့်လှစ်ရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကို အီဂျစ်နိုင်ငံ ဆိုင်ရာ မြန်မာသံရုံးက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ ဖွင့်လှစ်လိုသူများ အတွက် အီဂျစ်နိုင်ငံတွင် မြေငှားရမ်းခ ၁၀၀ မီတာပတ်လည်နှင့် ၂၀၀ မီတာပတ်လည် မြေကွက်တစ်ကွက်လျှင် နေရာအမျိုးအစားအရ စတာလင် ပေါင် ၅၀၀၀ မှ ၁၀,၀၀၀ ကြားတွင်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန် ချက်တွင် ပါရှိသည်။ ထိုင်းနိုင်ငံတွင် ကုမ္ပဏီကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်လိုသူ များအတွက်လည်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရှိရသည်။

# မူဆယ်တင်ပို့သည့် ကဏန်းဈေးနှုန်းနှင့်ပမာဏ အနည်းငယ်ကျဆင်း

**ရန်ကုန်၊ ဇန်နဝါရီ ၃၁**

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ် ရေးအတွက် အဓိကဝင်ပေါက်ထွက်ပေါက် ဖြစ်သော မူဆယ်နယ်စပ်စခန်းသို့ တင်ပို့ ရောင်းချခဲ့သည့် ကဏန်းဈေးနှုန်းနှင့် တင် ပို့နိုင်မှုပမာဏမှာ ဇန်နဝါရီလကုန်ပိုင်းတွင် အနည်းငယ်ကျဆင်းသွားကြောင်း မြန်မာ နိုင်ငံ ကဏန်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးနှင်းဦးက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ ချုပ်တွင်ကျင်းပခဲ့သည့် အစည်းအဝေး တစ်ရပ်တွင် ပြောကြားသည်။

မူဆယ်သို့ တင်ပို့ခဲ့သည့်ကဏန်းတန် ချိန်မှာ ဇန်နဝါရီလ ပထမပတ်တွင် ၇၉ တန် ရှိပြီး နောက်ဆုံးပတ်အတွင်း၌ ၅၉ တန်သာ ရှိခဲ့ကြောင်း၊ ကဏန်းလေလံဈေးနှုန်းမှာ လည်း အနည်းငယ်ကျဆင်းသွားကြောင်း မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။

မူဆယ်တွင် ကဏန်းဈေးကျဆင်း နေသော်လည်း ဒေသပေါက်ဈေးမှာ လဆန်း ပိုင်းကထက် ဈေးပိုရနေပြီး တစ်ကီလိုဂရမ် တွင် ၂၀၀၀ ကျပ်နီးပါး ပိုမိုရရှိကြောင်း၊ ၁၀၀ ဂရမ်အလေးချိန်ရှိ ကဏန်းအသေး တစ်ကီလိုဂရမ်လျှင် ၂၂၀၀ ကျပ်ခန့်ရရှိပြီး အကြီးဆုံးအရွယ်အစားဖြစ်သည့် ၂၅၀ ဂရမ် အရွယ် တစ်ကီလိုဂရမ်လျှင် ၃၈၀၀ ကျပ် ခန့်ရရှိကြောင်း ရခိုင်ပြည်နယ်နှင့် ဧရာဝတီ တိုင်းဈေးကွက်မှ သိရှိရသည်။

**မူဆယ်လေလံဈေးနှုန်း (၂၁–၁–၂၀၀၇ မှ ၂၈–၁–၂၀၀၇ ထိ) (MT/USD)**

| ၂၅၀ ဂရမ် | ၂၀၀ ဂရမ် | ၁၅၀ ဂရမ် | ၁၀၀ ဂရမ် |
|---|---|---|---|
| ၂၉၇၀ | ၂၇၇၀ | ၂၅၇၀ | ၂၄၂၀ |

**မူဆယ်လေလံဈေးနှုန်း (၁–၁–၂၀၀၇ မှ ၇–၁–၂၀၀၇ ထိ) (MT/USD)**

| | ၂၅၀ ဂရမ် | ၂၀၀ ဂရမ် | ၁၅၀ ဂရမ် | ၁၀၀ ဂရမ် |
|---|---|---|---|---|
| ၁–၁–၂၀၀၇ | ၂၄၀၀ | ၂၂၆၀ | ၂၁၁၀ | ၁၉၆၀ |
| ၂–၁–၂၀၀၇ | ၂၈၂၀ | ၂၆၂၀ | ၂၄၇၀ | ၂၃၂၀ |
| ၃–၁–၂၀၀၇ | ၂၈၅၀ | ၂၆၅၀ | ၂၅၀၀ | ၂၃၅၀ |
| ၄–၁–၂၀၀၇ | ၃၀၂၀ | ၂၈၂၀ | ၂၆၇၀ | ၂၅၂၀ |
| ၅–၁–၂၀၀၇ | ၃၁၀၀ | ၂၉၅၀ | ၂၇၅၀ | ၂၆၀၀ |
| ၆–၁–၂၀၀၇ | ၃၃၀၀ | ၃၁၀၀ | ၂၉၅၀ | ၂၈၀၀ |
| ၇–၁–၂၀၀၇ | ၃၂၉၀ | ၃၀၉၀ | ၂၉၄၀ | ၂၇၉၀ |

www.foreverspace.com.mm

# ဘောဂသီရိမှ ကားဂိတ်အခန်းအားလုံးနီးပါးရောင်းချပြီး ယာဉ်လိုင်းများပြေးဆွဲ

**ပျဉ်းမနား၊ ဇန်နဝါရီ ၂၄**

နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဦးစီးဆောင်ရွက်ခဲ့သည့် ပျဉ်းမနားမြို့ တံတားဦးရွာအနီးရှိ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ကားဂိတ်အခန်းများအားလုံးနီးပါး ရောင်းချပြီး ယာဉ်လိုင်းများ ပြေးဆွဲနေပြီဖြစ်ကြောင်း ယင်းအဝေးပြေးယာဉ်ရပ်နားစခန်းကွပ်ကဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းအဝေးပြေးယာဉ်ရပ်နားစခန်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အဝေးပြေးယာဉ်လိုင်းများ သွားလာနေကာ ပွဲရုံလုပ်ငန်းနှင့် ကုန်တင်ကုန်ချလုပ်ငန်းများ လည်ပတ်နေပြီဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆောက်လုပ်ပြီး နှစ်ထပ်ကားဂိတ် စခန်းပေါင်း ၆၄ ခန်း အနက်မှ ၆၂ ခန်းကို ရောင်းချထားပြီး ယင်းတို့အနက်မှ ၃၂ ခန်းသည် ကားဂိတ်စခန်းများဖြစ်၍ အခန်း ၃၀ မှာ ကားပစ္စည်းအရောင်းဆိုင်ခန်းများဖြစ် ကြောင်း အဆိုပါယာဉ်ရပ်နားစခန်းအတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းနေရာတွင် အဝေးပြေးယာဉ်များ ပြေးဆွဲသွားလာလျက်ရှိနေသော်လည်း ပျဉ်းမနားမြို့တွင်းနှင့် နေပြည်တော်သို့ ခရီးသည်ပို့ဆောင်ရေးအတွက် Taxi ယာဉ်လိုင်းများမရှိသေးကြောင်း အဆိုပါယာဉ်ရပ်နား စခန်းအတွင်းမှ သိရှိရသည်။

**မင်းသုခိုင်**

**ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းနှင့် နေပြည်တော်မှပြေးဆွဲလျက်ရှိသည့်ခရီးသည်တင်ယာဉ်လိုင်းများ**

**၁။ ပျဉ်းမနား–ရန်ကုန်**

| စဉ် | ယာဉ်လိုင်းအမည် | ယာဉ်အမျိုးအစား | ယာဉ်ထွက်ချိန် | ယာဉ်စီးခ | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ရိုးမ | မှန်လုံလေအိတ် | ၀၆း၀၀ | ၃၇၅၀/– | ၃၈၁၃၇ |
| | | ။ | ၁၈း၀၀ | ၃၇၅၀/– | |
| | | ။ | ၁၉း၃၀ | ၃၇၅၀/– | |
| | | ။ | ၂၀း၀၀ | ၃၇၅၀/– | |
| | | | ၂၀း၃၀ | ၃၇၅၀/ | |
| ၂ | အောင်စိုးမိုး | ။ | ၁၈း၃၀ | ၃၇၅၀/– | |
| | | ။ | ၂၀း၀၀ | ၃၇၅၀/– | |
| ၃ | ဂန္ထဝင် | ။ | ၁၉း၀၀ | ၃၇၅၀/– | ၃၈၁၃၁ |
| ၄ | နန်းထိုက်စံ | ။ | ၁၉း၀၀ | ၃၆၀၀/– | |
| | | ။ | ၂၀း၀၀ | ၃၆၀၀/– | |
| ၅ | ရွှေမန်းသူ | ။ | ၁၉း၀၀ | ၃၁၀၀/– | |
| | | ။ | ၁၉း၃၀ | ၃၁၀၀/– | |
| ၆ | အာရှ | ။ | ၁၉း၀၀ | ၃၇၅၀/– | |
| ၇ | ကြယ်စင်ဟိန်း | ။ | ၁၉း၀၀ | ၃၅၅၀/– | ၃၈၁၂၃ |
| ၈ | ဝင်းရတနာ | ။ | ၁၉း၀၀ | ၃၈၀၀/– | ၃၈၁၂၈ |
| ၉ | ဇာနီဘွား | ။ | ၀၅း၀၀ | ၃၀၀၀/– | ၃၈၁၂၅ |

**၂။ ပျဉ်းမနား–မန္တလေး**

| စဉ် | ယာဉ်လိုင်းအမည် | ယာဉ်အမျိုးအစား | ယာဉ်ထွက်ချိန် | ယာဉ်စီးခ | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | နန်းထိုက်စံ | မှန်လုံလေအိတ် | ၂၁း၃၀ | ၃၁၀၀/– | |
| ၂ | ရွှေမန်းသူ | ။ | ၀၆း၃၀ | ၂၅၀၀/– | ၃၈၁၀၆ |
| | | ။ | ၂၀း၃၀ | ၃၀၅၀/– | |
| | | ။ | ၂၁း၃၀ | ၃၀၅၀/– | |
| ၃ | ရွှေခေတ်မန်း | ။ | ၂၁း၀၀ | ၃၁၀၀/– | ၃၈၁၀၇ |
| ၄ | နန်းမြင့် | City Bus | ၀၅း၃၀ | ၁၅၅၀/– | ၃၈၁၄၅ |
| ၅ | မန်းရတနာ | ။ | ၀၅း၀၀ | ၂၀၅၀/– | |

www.foreverspace.com.mm



### ၃။ ပြည်နယ်/တိုင်းတွင်းခရီးစဉ်များ

| စဉ် | ခရီးစဉ် | ယာဉ်လိုင်းအမည် | ယာဉ်အမျိုးအစား | ယာဉ်ထွက်ချိန် | ယာဉ်စီးခ | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | မော်လမြိုင် | ရာဇာမင်း | မှန်လုံလေအိတ် | ၁၉း၀၀ | ၈၀၀၀ိ/– | |
| ၂ | ဘားအံ | ရွှေနေပြည်တော် | ။ | ၁၈း၀၀ | ၇၀၀၀ိ/– | |
| ၃ | မြ၀တီ | ငြိမ်းချမ်းသာ | ။ | ၁၂း၀၀ | ၁၂၀၀၀ိ/– | |
| ၄ | တောင်ကြီး | ပအို့၀်ရတနာ | မှန်လုံ | ၀၆း၀၀ | ၅၀၀၀ိ/– | |
| ၅ | တောင်ကြီး | ပအို၀်းထိပ်တန်း | ။ | ၀၆း၀၀ | ၅၀၀၀ိ/– | |
| ၆ | တောင်ကြီး | ကျားခေါင်း | ဟိုင်းလတ် | ၀၅း၀၀ | ၄၅၀၀ိ/– | |
| ၇ | တောင်ကြီး | အေးမြို့တော် | ။ | ၀၇း၀၀ | ၄၅၀၀ိ/– | |
| ၈ | တောင်ကြီး | ထူးဆန်း | စူပါရ | ၀၇း၀၀ | ၁၄၀၀၀ိ/– | |
| ၉ | ညောင်ဦး | ညောင်ဦးမန်း | မှန်လုံ | ၀၅း၀၀ | ၃၅၀၀ိ/– | ၃၈၁၄၆ |
| ၁၀ | မကွေး | အောင်သစ္စာ | ။ | ၀၆း၀၀ | ၃၀၀၀ိ/– | |
| ၁၁ | မြင်းခြံ | ပြည်တော်အေး | ။ | ၀၆း၀၀ | ၂၀၀၀ိ/– | |
| ၁၂ | မကွေး | က.ပ.ရ | ။ | ၀၇း၀၀ | ၁၄၀၀ိ/– | |
| ၁၃ | တောင်တွင်းကြီး | အောင်ချမ်းသာ | ဒိုင်နာ | ၀၉း၀၀ | ၁၅၀၀ိ/– | |
| ၁၄ | တောင်တွင်းကြီး | မ.ထ.သ | နီဆန်း | ၁၀း၀၀ | ၁၅၀၀ိ/– | |
| ၁၅ | ပင်လောင်း | မ.ထ.သ | ။ | ၁၀း၀၀ | ၃၀၀၀ိ/– | |

### ၄။ ဒေသတွင်း ခရီးစဉ်များ

| စဉ် | ခရီးစဉ် | ယာဉ်လိုင်းအမည် | ယာဉ်အမျိုးအစား | ယာဉ်ထွက်ချိန် | ယာဉ်စီးခ | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | မိတ္ထီလာ | ပေါင်းလောင်း | ဟိုင်းလတ်/ဒိုင်နာ | | ၁၀၀၀ိ/– | ၃၈၁၂၄ |
| ၂ | မိတ္ထီလာ | ရွှေခေတ်မန်း | ။ | | ၁၀၀၀ိ/– | ၃၈၁၀၇ |
| ၃ | တောင်ငူ | ပေါင်းလောင်း | ။ | | ၁၀၀၀ိ/– | ၃၈၁၂၄ |
| ၄ | တောင်ငူ | ရွှေခေတ်မန်း | ။ | | ၁၀၀၀ိ/– | ၃၈၁၀၇ |
| ၅ | မိတ္ထီလာ | နဂါရတ် | ။ | | ၁၀၀၀ိ/– | ၃၈၁၄၀ |
| ၆ | မိတ္ထီလာ | မြကန်သာ | ။ | | ၁၀၀၀ိ/– | |
| ၇ | တောင်ငူ | ဘုရင့်နောင် | ။ | | ၁၀၀၀ိ/– | |
| ၈ | တောင်ငူ | သံတောင် | ။ | | ၁၀၀၀ိ/– | |
| ၉ | တောင်ငူ | တပင်ရွှေထီး | ။ | | ၁၀၀၀ိ/– | |

**ပျဉ်းမနားမြို့၏ တယ်လီဖုန်းကုတ်နံပါတ်မှာ (၀၆၇)ဖြစ်ပြီး အထက်ပါဖုန်းများအားလုံး (၀၆၇)ခံ၍ ခေါ်ဆိုနိုင်သည်။**

# သီဟိုဠ်သရက်ပြည်ပတင်ပို့မှု ယခင်နှစ်ထက် လျော့ကျ

**ရန်ကုန်၊ ဖေဖော်၀ါရီ ၅**

မြန်မာနိုင်ငံမှ ထွက်ရှိသော သီဟိုဠ်သရက်များကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပတင်ပို့မှုပမာဏသည် ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်ထက် လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာန၏ တရား၀င်ထုတ်ပြန်ချက်များအရ သိရသည်။

ပြည်ပနိုင်ငံများသို့ သီဟိုဠ်သရက်တင်ပို့ရာတွင် ရေကြောင်းခရီးထက် ကမ်းရိုးတန်းခရီးဖြင့် ပိုမိုတင်ပို့ခဲ့ကြောင်း၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းတန်ချိန် ၃၁၄၅.၄၀ တန် တင်ပို့ခဲ့ကာ တန်ဖိုး အမေရိကန်ဒေါ်လာ ၉.၇၇ သန်း ရရှိပြီး ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက် ၂၇၇၅.၉၀ တန် တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာ ၁၁.၅၁ သန်းဖိုးရရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင်ပါရှိသည်။ အာဆီယံနိုင်ငံများတွင် ဗီယက်နမ်နိုင်ငံသည် သီဟိုဠ်သရက်အများဆုံးထုတ်လုပ်နိုင်ပြီး အများဆုံးတင်ပို့ရောင်းချကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှာမူ ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ■

www.foreverspace.com.mm



## ရေချိုငါးတန်သွေးဖောက်၍ ပြည်ပပို့

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

ပြည်ပတင်ပို့ရန် ရည်ရွယ်ဝယ်ယူသော ကုမ္ပဏီများအတွက် ဖမ်းဆီးရရှိသော ငါးတန်ငါးများ၏ သွေးဖောက်ထုတ်ပြီးမှသာ ရန်ကုန်ဝယ်လက်ကုမ္ပဏီများသို့ တင်ပို့လျက်ရှိကြောင်း ပုသိမ်ဒေသခံ ရေလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်းကဲ့သို့ သွေးဖောက်တင်ပို့ခြင်းမှာ မြန်မာနိုင်ငံမှထွက်ရှိသော ရေချိုငါးတန်များကို ပြည်ပသို့တင်ပို့မည့် ဝယ်ယူသူများ စိတ်ကျေနပ်မှုရှိစေရန်အတွက်ဖြစ်ကြောင်းနှင့် ဘက်တီးရီးယားပိုးများ မပါဝင်ရန်အတွက် ယေဘုယျအားဖြင့် သိရှိရပြီး ပုသိမ်–ချောင်းသာကားလမ်းပေါ်ရှိ ယုဇနငါးမွေးမြူရေးကန်သည် အဆိုပါစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များက ရေပန်းစားလာခဲ့သည့် ငါးတန်မွေးမြူခြင်းကို ကုမ္ပဏီအချို့သည် (cage culture) လှောင်အိမ်စနစ်ဖြင့် မြစ်ကူးတံတားအနီးတွင် သဘာဝအတိုင်း မွေးမြူလျက်ရှိကြပြီး ယင်းငါးမျိုးရင်းမှာ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှဖြစ်ကြောင်း၊ ယခုအခါ ငါးတန်ဈေးကွက်သည် ဥရောပ (EU) အထိ ဈေးကွက်ရရှိလာနေပြီဖြစ်ကြောင်း ရေလုပ်ငန်းရှင်များထံမှ သိရှိရသည်။

Associated News

## တန်ဖိုးမြှင့်သစ်သီးဝလံများ တံတားဦးလေဆိပ်မှ တရုတ်သို့ပို့မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၆**

တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို မန္တလေးတိုင်းအတွင်းရှိ အပြည်ပြည်ဆိုင်ရာ တံတားဦးလေဆိပ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မန္တလေးတိုင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ စုံစမ်းသိရှိရသည်။

တန်ဖိုးမြှင့် (Value Added) ထုတ်လုပ်ထားသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ နိုင်ငံတကာအဆင့်မီ သန့်စင်ထုပ်ပိုး၍ ပြည်ပတင်ပို့နိုင်ရေးအတွက် ခေတ်မီအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ (Pack House) တစ်ခုကို မန္တလေးတိုင်းအတွင်း တည်ဆောက်မည်ဖြစ်ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် တန်ဖိုးမြှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှု သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။ လက်ရှိတွင် မန္တလေးတိုင်းထွက် သစ်သီးဝလံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တင်ပို့လျက်ရှိရာ (Pack House) တည်ဆောက်ပြီးပါက တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် သန့်စင်ထုပ်ပိုး၍ တင်ပို့ခြင်းဖြင့် ပို့ကုန်ပစ္စည်းများ ဈေးကောင်းရရှိနိုင်မည်ဖြစ်ကြောင်း မန္တလေးအခြေစိုက် ကုန်သည်တစ်ဦး၏ အဆိုအရ သိရသည်။

လက်ရှိတွင်မူ ရန်ကုန်မြို့တွင် Pack House တစ်ခုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ခဲ့ပြီး သရက်သီးကဲ့သို့ သစ်သီးဝလံများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်လျက်ရှိသည်။

www.foreverspace.com.mm



# ကော့သောင်းမှ ရနောင်းသို့ မှောင်ခိုကုန်သယ်ယူ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ ကော့သောင်းမြို့မှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ကုန်ပစ္စည်းသယ်ယူမှုများကို သက်ဆိုင်ရာဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းစစ်ဆေးမှုကြောင့် မှောင်ခိုသယ်ယူမှု ကျဆင်းနေသော်လည်း အချို့သယ်ယူလျက်ရှိနေသေးကြောင်း ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရသည်။

ထိုင်းနိုင်ငံသို့ မှောင်ခိုသွားလာသည့် အဓိကလမ်းကြောင်းမှာ ကျန်ကျောင်းလမ်းခေါ် ရန်ကုန်–မော်လမြိုင်– မြိတ်မှ ရနောင်းသို့ တိုက်ရိုက်သွားလာသည့်လမ်းကြောင်းဖြစ်ကြောင်း၊ အခြားမှောင်ခိုပစ္စည်းများ သယ်ပိုးသည့်လမ်းကြောင်းများမှာ ကော့သောင်းခရိုင်အတွင်းရှိကျွန်းများ၊ ရွာများမှတစ်ဆင့် သူဌေးကျွန်းနှင့် ဇာဒက်ကြီးကျွန်းအနီး ရေလမ်းမှ လှေများဖြင့် စစ်ဆေးရေး ကင်းစခန်းများအား ရှောင်ကွင်းပြီး တစ်ဖက်နိုင်ငံ ရနောင်းဘက်သို့လည်းကောင်း၊ ရုံဖန်ရုံခါ သူဌေးကျွန်းအနီးမှလည်းကောင်း ဖြတ်သန်းသွားလာကြကြောင်း ၎င်းက ဆိုသည်။

မှောင်ခိုကုန်စည်သယ်ပို့မှုမရှိစေရန် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖြတ်သန်းသွားလာခွင့်ပြုပြီး ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း၊ ပို့ကုန်သွင်းကုန်များ မှန်ကန်စေရေးအတွက် စနစ်တကျ စိစစ်ကြပ်မတ်လျက်ရှိပြီး လက်ရှိကုန်သည်များကို တရားဝင်လမ်းကြောင်းမှ လုပ်ငန်းဆောင်ရွက်ရန် စည်းရုံးပြောဆိုခြင်းနှင့် ကြပ်မတ်ခြင်းများ ဆောင်ရွက်နေကြောင်း အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်းမှ အရာရှိက ဆက်လက်ပြောကြားသည်။

Mass Peafowl News



# ဂျပန်ပို့ရန် ပျားရည်တန် ၂၀၀ မှာယူ

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ဂျပန်နိုင်ငံသို့ တင်ပို့ရန် ပျားရည်တန် ၂၀၀ ကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ပျားလုပ်ငန်းဦးစီးဌာနထံမှ ဝယ်ယူမည်ဖြစ်ကြောင်း ယင်းဌာနမှ စုံစမ်းသိရှိရသည်။

သန့်စင်ပြီး ပျားရည်ဖြစ်သော ဇီးပျားရည်တန် ၁၀၀ နှင့် ပန်းနွမ်းပျားရည် တန် ၁၀၀ စုစုပေါင်း တန် ၂၀၀ မှာယူထားခြင်းဖြစ်ကြောင်း၊ အခြားပျားရည် ပြည်ပသို့ တင်ပို့မည့် ကုမ္ပဏီများကလည်း မှာယူထားခြင်းရှိရာ လိုအပ်နေသည့် ပျားရည်ပမာဏကို ပြည့်မီရန်အတွက် ပျားလုပ်ငန်းဦးစီးဌာနက နယ်ဘက်သို့ထွက်ကာ ပုဂ္ဂလိကပျား မွေးမြူသူများထံမှ ပျားရည်များ ဝယ်ယူလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော ပျားရည်မှာ အရည်အသွေးကောင်းမွန်သဖြင့် ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းလျက်ရှိကြောင်းနှင့် ပျားလုပ်ငန်းဦးစီးဌာနက ပြည်ပသို့တင်ပို့မည့် ပျားရည်ပမာဏကို နှစ်စဉ်တန်ချိန် ၁၀၀ တင်ပို့နိုင်ရန် သတ်မှတ်လျာထားလျက်ရှိရာ ယခုအခါ လျာထားချက်ထက် ကျော်လွန်လျက်ရှိကြောင်း ပျားလုပ်ငန်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

**ကျော်ဇေယျာထွန်း**

# မြန်မာနိုင်ငံမှ တရုတ်သို့ အမေရိကန် ဒေါ်လာ ၇၈ သန်းဖိုး ကုန်စည်တင်ပို့မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

မြန်မာ–တရုတ်နယ်စပ် မူဆယ်မြို့ ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလလယ်ပိုင်းက ကျင်းပခဲ့သော မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သည်များ စီးပွားရေးဆွေးနွေးပွဲ၌ မြန်မာနိုင်ငံဘက်မှပို့ကုန် အမေရိကန်ဒေါ်လာ ၇၈,၃၃၁,၈၀၀ တန်ဖိုး ရောင်းချရန် တရုတ်ကုန်သည်များနှင့် မြန်မာကုန်သည်များ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။

စာချုပ်ချုပ်ဆိုခဲ့သော ဒေသထွက်ကုန်များတွင် လယ်ယာထွက်ကုန်၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများပါဝင်ပြီး လယ်ယာထွက်ကုန်အများဆုံးဖြစ်ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူ ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံဘက်မှ အမေရိကန်ဒေါ်လာ ၉,၈၂၈,၈၇၅ ပမာဏတန်ဖိုးရှိ တရုတ်နိုင်ငံထုတ်ပစ္စည်းများ ဝယ်ယူရန်လည်း မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များ စာချုပ်ချုပ်ဆိုခဲ့သည်ဟု စီးပွားရေးဆွေးနွေးပွဲမှတ်တမ်းများအရ သိရသည်။

**ထားထားမြင့်**

www.foreverspace.com.mm

# ထိုင်းပို့ကုန်အခွန် ခုနစ်ရာခိုင်နှုန်းလျှော့ချ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ၏ အိမ်နီးနားချင်း ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသို့ ပို့ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခွန်ခုနစ်ရာခိုင်နှုန်းလျှော့ချပေးပြီး ပို့ကုန်အတွက် ပြန်အမ်းငွေအဖြစ် ပြန်လည်ထုတ်ပေးနေကြောင်း ထိုင်းနိုင်ငံရှိ ရနောင်းကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦး၏ အဆိုကိုကိုးကား၍ ရနောင်းမြို့ရောက် မြန်မာကုန်သည်ကြီး ဦးတင် ထွန်းက ပြောကြားသည်။

ယင်းကဲ့သို့ အခွန်လျှော့ချပေးခြင်းမှာ လွန်ခဲ့သောလအတော်ကြာက စတင်ခြင်းဖြစ်ပြီး ထိုင်းကုန်သည်များအတွက် အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် လျှော့ချပေးခြင်းဖြစ်သည်ဟု ရနောင်းကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း ၎င်းက ဆိုသည်။

ထိုင်းနိုင်ငံမှ ကုန်သွယ်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မြန်မာ့ပို့ကုန်လယ်ယာထွက်ကုန်ပစ္စည်းများအပေါ်တွင်မူ အခွန်နှုန်းတိုးမြှင့်ကောက်ခံလေ့ရှိကြောင်း၊ သို့ရာတွင် ထိုင်းကုန်သည်များအဆင်ပြေစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကူညီဆောင်ရွက်ပေးကြကြောင်း၊ ထို့အပြင် မြန်မာ့ပို့ကုန်များအပေါ် ဈေးကစားဝယ်ယူခြင်း၊ ဈေးနှိမ်ခြင်းများပြုလုပ်လေ့ရှိကြောင်း ထိုင်းနိုင်ငံ ရနောင်းမြို့ရောက် မြန်မာကုန်သည်ကြီးဦးတင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

Mass Peafowl News



# ကမ်းခြေကျောက်ဆောင်များ ဖွဲ့ယူအသုံးပြုမှုကြောင့် ချောင်းသာကမ်းခြေ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီး

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများအနက် နှစ်စဉ်အပန်းဖြေသူအများအပြားလာရောက်လေ့ရှိ သောချောင်းသာကမ်းခြေတစ်လျှောက်ရှိ ကျောက်ဆောင်များကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဖွဲ့ယူအသုံးပြုမှုကြောင့် ပင်လယ်ကမ်းခြေ၏သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေကြောင်း အဆိုပါကမ်းခြေမှ ဒေသခံများက တညီတညွတ်တည်း ပြောကြားကြသည်။

ချောင်းသာကမ်းခြေမှ ကိုးမိုင်ခန့်ကွာဝေးသော မန်ကျည်းကျေးရွာနှင့် ရွှေသောင်ယံမြို့သို့ သွားရောက်သည့် ကားလမ်းခင်းရန်နှင့် ကမ်းခြေရှိ ဟိုတယ်နှင့်အဆောက်အအုံသစ်များတည်ဆောက်ရန်အတွက် ဒေသခံကန်ထရိုက်အချို့သည် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ သဘာဝကျောက်ဆောင်များကို ဖွဲ့ယူထုခွဲအသုံးပြုနေကြကြောင်း၊ ယခင်က ပင်လယ်ပြင်မှ ရိုက်ခတ်လာသော လှိုင်းလုံးများကို အဆိုပါသဘာဝကျောက်ဆောင်များက တံတိုင်းသဖွယ်ကာရံထားသဖြင့် လှိုင်း၏အရှိန်လျော့သွားပြီးမှ ကမ်းခြေကို ရိုက်ခတ်ကြောင်း၊ ယခုအခါမူ အဆိုပါကျောက်ဆောင်များမရှိတော့သဖြင့် ပင်လယ်မှလာသော လှိုင်းလုံးများမှာ အရှိန်မသေဘဲ ကမ်းခြေသို့ပြင်းထန်စွာ တိုက်ရိုက် ရိုက်ခတ်ကြောင်း၊ ရေလှိုင်းအရှိန်ပြင်းထန်စွာ ရိုက်ခတ်သဖြင့် သဲသောင်ပြုများမကျန်ရှိတော့ဘဲ ကမ်းခြေ၏သဘာဝကို ထိခိုက်ပျက်စီးစေကြောင်း ၎င်းတို့ကဆိုသည်။

“ကျောက်ဆောင်တွေကို ထုခွဲဖွဲ့ယူပြီးအသုံးပြုနေတာ လေးငါးနှစ်လောက်ရှိနေပြီ။ ချောင်းသာနားမှာ ကျောက်ဆောင်ကြီးကြီးမားမားသိပ်မကျန်တော့ဘူး။ ပြီးခဲ့တဲ့နှစ်မာလာမုန်တိုင်းတိုက်တုန်းက ကမ်းခြေတစ်လျှောက်တော်တော်များများပျက်စီးသွားတာ အဲဒီသဘာဝကျောက်ဆောင်တွေ မရှိတော့လို့လည်းပါတယ်” ဟု ဒေသခံတစ်ဦးက ရှင်းပြသည်။

အလျားနှစ်မိုင်ခွဲခန့် ရှည်လျားသော ချောင်းသာကမ်းခြေအပန်းဖြေစခန်းကို ၁၉၈၉ ခုနှစ်မေလတွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါပုဂ္ဂလိကဟိုတယ် ၁၃ လုံးဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့်အပြင် ချောင်းသာမှ မြောက်ဘက်ကိုးမိုင်ခန့်ကွာဝေးသော ရွှေသောင်ယံမြို့တွင်လည်း ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုဖော်ထုတ်ရန် သက်ဆိုင်ရာက စီစဉ်လျက်ရှိသည်။ ■


www.foreverspace.com.mm



# ရေမွှဲ့အီသနော မဖောက်ထုံးဖြင့် အလွယ်တကူပြုလုပ်နိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၂၀**

ဇီဝဒီဇယ်ဆီပြုလုပ်ရာတွင် အဓိက ကုန်ကြမ်းတစ်မျိုးဖြစ်သည့် ၉၉.၅ ရာခိုင် နှုန်းသန့်စင်သော ရေမဲ့အီသနောကို အလွယ်တကူရရှိနိုင်ရန် မဖောက်ထုံးဖြင့် ပြုလုပ်နိုင်ကြောင်း ဇီဝဒီဇယ်ဆီပညာရှင် တစ်ဦးဖြစ်သူ ဦးစိုးမြင့်က Living Color သို့ ပြောကြားသည်။



မြန်မာနိုင်ငံတွင် အလွယ်တကူရရှိ နိုင်သော ပုံမှန်အီသနောသည် ၉၅.၅ ရာခိုင် နှုန်းသာ ရေပါဝင်မှုသန့်စင်ပြီးဖြစ်၍ ရေမဲ့ အီသနောရရှိရန်ခက်ခဲမည့် ကျေးလက် ဒေသများတွင် မဖောက်ထုံးကိုအသုံးပြု၍ အီသနောမှ ရေကိုဖယ်ထုတ်ပြီး ရေမဲ့အီသ နောပြုလုပ်နိုင်ကြောင်း၊ အီသနောကို အသုံးမပြုမီ မဖောက်ထုံးဖြင့်ရောမွှေ၍ တစ်ညခန့်သိပ်ထားပါက ထုံးသည် အီသ နောတွင် ရောနှောလျက်ရှိသည့်ရေများကို ပျော်ဝင်စေခြင်းဖြင့် ရေမဲ့အီသနောကို အလွယ်တကူရရှိနိုင်မည်ဖြစ်ကြောင်းနှင့် တစ်ပိုင်တစ်နိုင် ဇီဝဒီဇယ်ထုတ်စက်များတွင် ယင်းကဲ့သို့ပြုလုပ်နိုင်ကြောင်း ၎င်းက ဆိုသည်။

အီသနောသည် လေထုအတွင်းရှိ ရေငွေ့ကိုစုပ်ယူနိုင်သဖြင့် အီသနောထုတ် လုပ်သည့်စက်ရုံများမှ ရေမဲ့အီသနောထုတ် ယူပြီး တစ်ဆင့်ဖြန့်ဖြူးရောင်းချပါက သယ်ယူပို့ဆောင်ရာ လမ်းခရီးတွင် ရေငွေ့ စုပ်ယူခြင်းဖြင့် မူလ အီသနောအတိုင်း ပြန်လည်ဖြစ်သွားနိုင်ကြောင်း၊ ယင်းကြောင့် ကုန်ကျစရိတ် အထူးသက်သာပြီး အလွယ် တကူရရှိနိုင်မည့် မဖောက်ထုံးဖြင့် ရေမဲ့ အီသနောပြုလုပ်နည်းသည် ကျေးလက် ဒေသများအတွက် အသင့်လျော်ဆုံးနည်း လမ်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြော ကြားသည်။

---

# မြန်မာ့ချည်ထည်ပိုးထည်များ ပြင်သစ်နိုင်ငံတွင် ဈေးကွက်ရရှိရန်ဆောင်ရွက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**

ပြင်သစ်နိုင်ငံသံရုံး ယဉ်ကျေးမှုဌာန (Alliance Francaise) မှ မြန်မာဒီဇိုင်းပညာ ရှင် တာတီးဒီဇိုင်နာသင်တန်းကျောင်းမှ ဦး တာတီးနှင့် ပြင်သစ်နိုင်ငံ မာဆေးမြို့မှ Guediawaye ဒီဇိုင်းအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့ချည်ထည်၊ ပိုးထည်များကို ပြင် သစ်နိုင်ငံတွင် ဈေးကွက်တစ်ခုရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတာတီး က ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ FMI Center ၌ ကျင်းပသော ဖက်ရှင်ပြပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြား သွားသည်။

ဖက်ရှင်သည် ကမ္ဘာအနှံ့ခြေဆန့်နေပြီ ဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံပြန်လည်ရောက် ရှိပါက မြန်မာနိုင်ငံတွင် ပြသခဲ့သော အဝတ်အထည်ဒီဇိုင်းများကို ပြင်သစ်လူမျိုး များအား ပြန်လည်ပြသသွားမည်ဖြစ် ကြောင်း၊ တာတီး၏ဒီဇိုင်းများကို ဥရောပ နှင့် မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း Guediawaye အဖွဲ့က ဆက်လက်ပြောကြား ခဲ့သည်။


ပြင်သစ်သံရုံးယဉ်ကျေးမှုဌာနက ဦးဆောင်ပြုလုပ်သည့် ဖက်ရှင်နှင့် ပတ် သက်သောအစီအစဉ်တစ်ခုတွင် တင်ဆက် ရန်ဖိတ်ခေါ်မှုကို လက်ခံခဲ့ကြောင်း၊ ထို့ပြင် ၎င်းတို့အဖွဲ့၏ အာသီသအတိုင်း အဝတ် အထည်စအသစ်များ၊ ဆန်းပြားသော အရောင်အသွေး၊ အဆင်ဒီဇိုင်းအသစ်ရက် လုပ်မှုနှင့် ဒေသတွင်းရိုးရာမပျက် ဝတ်ဆင် ကြပုံကို လေ့လာရန်အတွက် မြန်မာနိုင်ငံ တွင် ဖက်ရှင်ပြပွဲ လာရောက်ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။

၁၉၉၉ ခုနှစ်တွင်ချည်ထည်လုပ်ငန်း၊ ၂၀၀၄ ခုနှစ်တွင် တာတီးဒီဇိုင်နာသင်တန်း ကျောင်း၊ ၂၀၀၅ ခုနှစ်တွင် တာတီးအဝေး ရောက်ဒီဇိုင်နာသင်တန်းကျောင်းနှင့် ၂၀၀၆ ခုနှစ်တွင် တာတီးဒီဇိုင်နာသင်တန်းကျောင်း (ပြင်ဦးလွင်) တို့ကို ဖွင့်လှစ်ခဲ့ပြီး ဒီဇိုင်နာ သင်တန်းသား ၃၀၀ ဦးကျော်ကို မွေးထုတ် ခဲ့ပြီဖြစ်ကြောင်း ကျောင်းမှ ဦးတာတီးက ပြောကြားသည်။

ပြင်သစ်သံရုံးယဉ်ကျေးမှုဌာန (Alliance Francaise) မှ ဦးတာတီးနှင့် မာဆေး အခြေစိုက် Guediawaye ဒီဇိုင်းအဖွဲ့တို့ပူး ပေါင်း၍ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ညနေ ၅ နာရီတွင် ဖက်ရှင်ဒီဇိုင်း၊ ဆံပင်၊ မိတ် ကပ်၊ လက်ဝတ်ရတနာနှင့် အခြားအလှအပ ဆိုင်ရာများပြသခဲ့ပြီး စောကျော်အောင် ဂီတလက်သံနှင့်အတူ ဖက်ရှင်ပြပွဲနှင့် ပါတီ ပွဲများ တင်ဆက်ပြသခဲ့ကြောင်း၊ အဆိုပါပြပွဲ အတွက် ပြုလုပ်ထားသော ဒီဇိုင်းသစ်အချို့ အား ပြပွဲအတောအတွင်း ရောင်းချမည်ဖြစ် ကြောင်း၊ ရရှိမည့်အကျိုးအမြတ်များကို တာတီးသင်တန်းကျောင်းမှ သင်တန်း သားအသစ်များအား ဂုဏ်ပြုသည့်အနေဖြင့် ပြန်လည်ပေးအပ်ခဲ့မည်ဖြစ်ကြောင်း Guediawaye အဖွဲ့က Living Color သို့ ပြောကြားသည်။

**နေထွန်းအောင်**

www.foreverspace.com.mm



# ရင်ခုန်သံသွေးလှူရှင်အသင်း ပထမဦးဆုံးအကြိမ် သွေးလှူဒါန်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၅**

ရင်ခုန်သံသွေးလှူရှင်အသင်း၏ ပထမဦးဆုံးအကြိမ်သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီလ ၃ ရက်နေ့က အသင်းတည်ရှိရာရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်း လပြည့်ဝန်းပလာဇာ ၁၀ ထပ်ရှိ Inforithm-Maze Ltd.၌ ကျင်းပရာ Online ပေါ်တွင် ဆုံဆည်းကြသူလူငယ်များ၊ အနုပညာရှင်များ၊ မော်ဒယ်များအပါအဝင် စေတနာရှင် ၁၁၀ ဦးကျော် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း အသင်းအမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်ခိုင်နွယ်သိမ်းက Living Color သို့ ပြောကြားသည်။

သွေးလှူဒါန်းခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို လေ့လာနိုင်ပြီး သွေးလှူဒါန်းသည့်အဖွဲ့အစည်းများနှင့်အလွယ်တကူဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍သွေးလှူရှင်ကွန်ပျူတာပညာရှင်တစ်စုက www.myanmarblooddonation.com Website ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလဆန်းတွင် လွှင့်တင်ခဲ့ကြကြောင်း၊ အဆိုပါ Website စီစဉ်သူများ၊ Online Donation အဖွဲ့ဝင်လူငယ်များ၊ အင်တာနက်အသုံးပြုကြသူလူငယ်များနှင့် စေတနာရှင်သွေးလှူရှင်များစုစည်းမိကြပြီး ပထမဦးဆုံးအကြိမ်သွေးလှူဒါန်းပွဲကို စီစဉ်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။

အသင်းနှင့်အဆိုပါ Website ၏ရည်ရွယ်ချက်မှာ အမျိုးသားသွေးဌာန၏သွေးလိုအပ်ချက်ကို ပံ့ပိုးကူညီပေးခြင်းပင်ဖြစ်ကြောင်း၊ ပထမအကြိမ်တွင်ပင် မထင်မှတ်ဘဲ စေတနာရှင်အမြောက်အမြားစုစည်းမိပြီး ပါဝင်လှူဒါန်းကြသဖြင့် နောက်နောင်လေးလတစ်ကြိမ် အစဉ်တစိုက် လှူဒါန်းသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

---

# ဂျပန်အိမ်တွင်းအလှဆင်ပစ္စည်းပြပွဲ မြန်မာအခမဲ့ပြသခွင့်ရ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၉**

ဂျပန်နိုင်ငံတွင် ဇွန်လအတွင်း ကျင်းပမည့် Interior Lifestyle ပြပွဲအတွက် မြန်မာလက်မှုလုပ်ငန်းများကို ASEAN - Japan Center မှတစ်ဆင့် ဖိတ်ခေါ်ထားကြောင်း ဖိတ်ကြားခံရသည့် လက်မှုလုပ်ငန်းရှင်တစ်ဦးက Living Color သို့ပြောကြားသည်။

အဆိုပါပြပွဲတွင်ပြသရန် လုပ်ငန်းရှင်ခုနစ်ဦးကို ဖိတ်ခေါ်ထားပြီး ၎င်းတို့ထဲမှ ရွေးချယ်ခံရသူများအား ဂျပန်နိုင်ငံ တိုကျိုအပြည်ပြည်ဆိုင်ရာပြပွဲခန်းမတွင် ကျင်းပမည့် Interior Lifestyle ပြပွဲသို့ လာရောက်ပြသရန်အတွက် ကုန်ကျစရိတ်ကို ပြပွဲကျင်းပရေးကော်မတီက ကျခံမည်ဟု ASEAN-Japan Center မှ သိရှိရသည်။

ယင်းပြပွဲကို နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး အိမ်တွင်းအလှဆင်လက်မှုပစ္စည်းများ၊ အိမ်တွင်းအလှဆင်ချည်ထည်အမျိုးမျိုး၊ အိမ်တွင်းအလှဆင်ဒီဇိုင်းနှင့် Style တို့ကို ပြသရောင်းချနိုင်ကြောင်း၊ ယမန်နှစ်က ဆိုင်ခန်းပေါင်း ၅၂၆ခန်း ပြသခဲ့ရာ ပြည်ပပြခန်း ၂၃၈ ခန်း လာရောက်ပြသခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီ၏ Website တွင် ဖော်ပြထားသည်။

ပြပွဲတွင် လာရောက်ပြသခွင့်ရရန်အတွက် မြန်မာလုပ်ငန်းရှင်များကို Mesago Messe Frankfurt Corporation က မတ်လအတွင်း လာရောက်ရွေးချယ်သွားမည်ဖြစ်ပြီး ဂျပန်လူမျိုးများအကြိုက် လက်မှုပစ္စည်းများအား အကြံဉာဏ်ပေးမည်ဖြစ်ကြောင်း၊ ယခုပြပွဲမှာ မြန်မာနိုင်ငံအနေ ဖြင့် ပထမဆုံး ဖိတ်ကြားခံရခြင်း ဖြစ် ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် လက်မှု ပစ္စည်းများကို ပြည်ပမှတင်သွင်းရသည့် နိုင်ငံဖြစ်၍ ယခုကဲ့သို့ပြပွဲများတွင် ပြသခွင့် ရရှိခြင်းဖြင့် ဈေးကွက်ကျယ်ပြန့်လာမည် ဖြစ်ကြောင်း ဖိတ်ကြားခံရသည့်လုပ်ငန်း ရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ဇွန်လ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာကျင်းပမည့် အဆိုပါပြပွဲသို့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အား ပြပွဲကျင်းပရေးကော်မတီက ကုန်ကျစရိတ်ခံကာ ခေါ်ယူခြင်းဖြစ်ကြောင်းလည်း ၎င်းထံမှသိရသည်။

■

www.foreverspace.com.mm

# နတ်မြစ်ကြောင်းပြောင်းလဲမှုကာကွယ်ရန် ဒီရေတောစိုက်ခင်းများ ထူထောင်ရန်လိုအပ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၅**

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်နိမိတ်အဖြစ် ပိုင်းခြားထားသည့် နတ်မြစ်ကြောင်း မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းပြောင်းလဲစီးဝင်မှုကို ကာကွယ်ရန် ဒီရေတောစိုက်ခင်းများထူထောင်ရန် လိုအပ်လျက်ရှိကြောင်း သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)မှ အတွင်းရေးမှူး ဦးအုန်းက Living Color သို့ ပြောကြားသည်။

ရခိုင်ပြည်နယ် နတ်မြစ်ဝှမ်းရှိ မြန်မာပိုင်နက်တစ်လျှောက်တွင် ဒီရေတောများ ပြုန်းတီးမှုကြောင့် နတ်မြစ်ကြောင်းသည် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ လမ်းကြောင်းပြောင်းလဲစီးဝင်ဖွယ်ရှိရာ ယင်းကို ကာကွယ်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၁၅၀,၀၀၀ ကျော်ကုန်ကျမည့် ဒီရေတောများ ပြန်လည်စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း၊ ထိုသို့ပြောင်းလဲစပြုလာသည့် နတ်မြစ်ကြောင်းအတွင်း မြစ်တားဆည်ကြီးများအဆင့်ဆင့် တည်ဆောက်၍ မူလလမ်းကြောင်းအတိုင်း ပြန်လည်စီးဆင်းရန် ပြုပြင်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းသို့ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်း၊ မြစ်တားဆည်ကြီးများ တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ကျော် ကုန်ကျမည့် စီမံကိန်းကြီးတစ်ခု ရေးဆွဲထားပြီးဖြစ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်သာ လိုအပ်လျက်ရှိ ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

---

# CNG ယာဉ်သုံးဓာတ်ငွေ့အဖြစ် ကုန်းတွင်းဓာတ်ငွေ့ကိုသာအသုံးပြုနိုင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့တော်ရှိ သဘာဝဓာတ်ငွေ့သုံး CNG ယာဉ်များအတွက် လောင်စာအဖြစ် ဓာတ်ငွေ့ဖြည့်ရာတွင် ကုန်းတွင်းဓာတ်ငွေ့ကိုသာ အသုံးပြုရပြီး ကမ်းလွန်ဓာတ်ငွေ့များကို အသုံးပြု၍ မရကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်ရှိ CNG ယာဉ်များအတွက် သဘာဝဓာတ်ငွေ့လောင်စာကို ဧရာဝတီတိုင်းရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းမှ ရရှိနေခြင်းဖြစ်သည်။ ရန်ကုန်မြို့တော်ရှိ CNGယာဉ်များကို နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေကိုးသန်း ပုံမှန်ဖြည့်ဆည်းပေးလျက်ရှိကာ ယခုအခါ ရန်ကုန်မြို့တော်တွင် သဘာဝဓာတ်ငွေ့သုံးယာဉ် ၁၀၉၀၀ စီးဝန်းကျင် ရှိနေပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိသဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးသောစက်များနှင့် နည်းပညာများအားလုံးသည် ကုန်းတွင်းမှထွက်သော ဓာတ်ငွေ့ကိုသာ အသုံးပြုနိုင်ပြီး ကမ်းလွန် သဘာဝဓာတ်ငွေ့တွင်းများမှ ထွက်သော သဘာဝဓာတ်ငွေ့ကို အသုံးပြု၍မရနိုင်ကြောင်း၊ ကုန်းတွင်း ဓာတ်ငွေ့နှင့် ကမ်းလွန်ဓာတ်ငွေ့များမှာ ခြားနားမှုများရှိကြောင်း၊ မြန်မာနိုင်ငံရှိ ယာဉ်များလိုအပ်သည့် ဓာတ်ငွေ့လောင်စာမှာ အမြောက်အမြားရှိနေသေးကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ရန်ကုန်မြို့တော်ရှိ CNG ယာဉ်များအတွက် သဘာဝဓာတ်ငွေ့မှာ နောင်နှစ် ၃၀ အထိ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်

---

# အသင့်သုံးကွန်ကရစ်များ အရည်အသွေးတိုးတက်

**ရန်ကုန်၊ ဇန်နဝါရီ ၂၉**

ဈေးကွက်ယှဉ်ပြိုင်မှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိသည့် အသင့်သုံးကွန်ကရစ်များ အရည်အသွေးတိုးတက်လာကြောင်း အသင့်သုံးကွန်ကရစ်ထုတ်လုပ်သူများထံမှ သိရသည်။

ကွန်ကရစ်ထုတ်လုပ်သူများပြားလာသော်လည်း ဝယ်လိုအားမြင့်တက်လာခြင်းမရှိသောကြောင့် ကွန်ကရစ်ထုတ်လုပ်သူများအတွင်း နည်းပညာအရ လက်ဦးမှုရရန်ကြိုးပမ်းနေရ၍ ကွန်ကရစ်အရည်အသွေးများ ယခင်ကထက် ကောင်းမွန်လာခြင်းဖြစ်ကြောင်း High Tech အသင့်သုံးကွန်ကရစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အချို့သော ကွန်ကရစ်ထုတ်လုပ်သူများကလည်း အသင့်သုံးကွန်ကရစ်ဖျော်ရည်များအပြင် ကွန်ကရစ်ပြားများ၊ ကွန်ကရစ်အုတ်များနှင့် အခြားသော တီထွင်ဆန်းသစ်မှုအချို့ကိုလုပ်ဆောင်ပြီး ဈေးကွက်သို့ တင်သွင်းရောင်းချလာကြကြောင်း ကွန်ကရစ်ထုတ်လုပ်သူများက ပြောကြားသည်။

ကွန်ကရစ်အရည်အသွေးတိုးတက်လာသော်လည်း အခြားသော တီထွင်မှုများကိုထုတ်လုပ်သူအများစုအနေဖြင့် ရဲရဲဝံ့ဝံ့စွာ ပြုလုပ်နိုင်ခြင်းမရှိသောကြောင့် ဈေးကွက်ရရှိပြီးသော လုပ်ငန်းကြီးအချို့သာ ပစ္စည်းအသစ်အဆန်းများ ထပ်မံစမ်းသပ်၍ ဈေးကွက်တင်ရောင်းချနိုင်ဖွယ်ရှိကြောင်း ရန်ကုန်မြို့အခြေစိုက် ကွန်ကရစ်လုပ်ငန်းအသိုင်းအဝိုင်းထံမှ စုံစမ်းသိရသည်။

**နိုင်လင်း**

---

ဖြစ်ကြောင်း ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတွင် ရန်ကုန်တိုင်း ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ပြောကြားခဲ့သည်။

Associated News

www.foreverspace.com.mm

# နယ်စပ်ကုန်သွယ်ရေးပမာဏ တိုးမြှင့်လျာထား

**ရန်ကုန်၊ ဇန်နဝါရီ ၆**

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ၂၀၀၆–၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ယခင်မျှော်မှန်းလျာထားချက် ၁.၁၂ ဘီလီယံမှ ယခု ၁.၂၈ ဘီလီယံသို့ တိုးမြှင့်မျှော်မှန်းလျာထားကြောင်း ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့က ပြုလုပ်ခဲ့သည့် ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စိုးသိမ်းက ပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေးပမာဏတိုးမြှင့်လာစေရေးအတွက် လုပ်ထုံးလုပ်နည်းများလွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ထားကြောင်း၊ နယ်စပ်တွင် ကုန်သွယ်ဖက်နိုင်ငံသုံးငွေကြေး အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေတို့ဖြင့် ကုန်သွယ်ခွင့်ပြုထားပြီး ကုန်သွယ်မှုပြုလုပ်ရန် နိုင်ငံခြားငွေအသုံးပြုမည်ဆိုပါက ၁၀၀ ရာခိုင်နှုန်းအပြည့်ပေးသွင်းထားရန် သတ်မှတ်ထားသော်လည်း မြန်မာကျပ်ငွေဖြင့် ကုန်သွယ်မှုပြုပါက ၁၀ ရာခိုင်နှုန်းသာပေးသွင်းထားရန်လိုကြောင်း ၎င်းကရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံရှိ နယ်စပ်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၁ ခု ဖွင့်လှစ်၍ ကုန်သွယ်မှုများပြုလုပ်လျက်ရှိကြောင်း၊ တရုတ်နယ်စပ်တွင် ကုန်သွယ် စခန်းသုံးခု၊ ထိုင်းနယ်စပ်တွင် ကုန်သွယ်စခန်းလေးခု၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ကုန်သွယ်စခန်းနှစ်ခုနှင့် အိန္ဒိယနယ်စပ်တွင် ကုန်သွယ်စခန်းနှစ်ခု အသီးသီးဖွင့်လှစ်ထားကြောင်း ၎င်းကဆိုသည်။

---

# ၂၀၂၀ တွင် မြန်မာနိုင်ငံ၌ ခွာနာလျှာနာရောဂါ ကင်းစင်ရမည်ဟုဆို

**ဒေါက်တာသန်းလှ**

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂**

စိုက်ပျိုးရေးအခြေပြုနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသနိုင်ငံများ၌ ၂၀၂၀ ခုနှစ်တွင် ကျွဲနွားခွာနာလျှာနာရောဂါကင်းစင်ရေးအတွက် ဒေသတွင်းစီမံကိန်းကြီးတစ်ရပ် ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့်သုတေသနဆိုင်ရာ အကြံပေးအရာရှိ ဒေါက်တာသန်းလှက ပြောကြားသည်။

ယင်းကျွဲနွားခွာနာလျှာနာရောဂါနှင့်ပတ်သက်၍ မဟာမဲခေါင်ဒေသနိုင်ငံများ တက်ရောက်သော (၆)ကြိမ်မြောက် ခွာနာလျှာနာရောဂါကင်းစင်ရေး အစည်းအဝေးကို လာအိုပြည်သူ့သမ္မတနိုင်ငံတွင် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့ထိ ကျင်းပခဲ့ကာ ယင်းအစည်းအဝေးမှ ၂၀၂၀ ခုနှစ်တွင် ခွာနာလျှာနာရောဂါကင်းစင်ရမည်ဟူ၍ ရည်မှန်းချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ခွာနာလျှာနာရောဂါဖြစ်ပွားပါက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို အကြီးအကျယ် ထိခိုက်စေရုံမက နိုင်ငံများ၏ စိုက်ပျိုးမှု၊ ထုတ်လုပ်မှုစွမ်းအားကို အထူးလျော့ကျစေနိုင်ကြောင်း၊ ခွာနာလျှာနာရောဂါကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် စီးပွားရေးအရ ဆုံးရှုံးမှုများစွာဖြစ်ပွားခဲ့ကြောင်း၊ သို့ဖြစ်သည့်အတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရများက ခွာနာလျှာနာရောဂါပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒေါက်တာသန်းလှက ရှင်းလင်းပြောကြားသည်။

Mass Peafowl News

---

# ပေါင်းတည်ပတ်ဝန်းကျင်၌ မတ်ပဲမျိုး ကောင်းစွာမဖြစ်ထွန်း

**ရန်ကုန်၊ ဇန်နဝါရီ ၃၁**

ပဲခူးတိုင်း ပေါင်းတည်မြို့ ပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများအားလုံး မျိုးကောင်းမွန်စွာဖြစ်ထွန်းအောင်မြင်ခြင်းမရှိကြောင်း စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်းဒေသမှ တောင်သူများက ယခုနှစ်တွင် စတင်ထွက်ရှိမည့် မတ်ပဲများအား ဈေးနှုန်းကောင်းမွန်စွာ ရရှိရန် အထူးမျှော်လင့်ထားခဲ့သော်လည်း ခူးဆွတ်ရန်အချိန်သို့ ရောက်ရှိလာချိန်၌ မျိုးကောင်းစွာမအောင်မြင်သည်ကိုတွေ့ရှိခဲ့ခြင်းကြောင့် ဈေးနှုန်းမြင့်မားစွာ ရရှိနိုင်မည်မဟုတ်ကြောင်းနှင့် အထွက်နှုန်းမှာလည်း ရှေးယခင်ထွက်ရှိသောနှုန်းအောက် ထက်ဝက်ကျော်လျော့နည်းသွားနိုင်ဖွယ်ရှိကြောင်း ၎င်းကဆိုသည်။

ယင်းကဲ့သို့ ဖြစ်ပွားရခြင်းမှာ ယခုနှစ်မိုးရာသီအတွင်း စုဆောင်းထားရှိသော မျိုးများအား အချိန်မီ မစိုက်ပျိုးလိုက်နိုင်ခြင်းကြောင့်ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်နှစ် မိုးရာသီသည် သာမန်ထက် ပိုမိုရွာသွန်းခဲ့ခြင်းနှင့် မျိုးစေ့များ ပိုးအနည်းငယ်ထိထားသောကြောင့်လည်းဖြစ်ကြောင်း ပေါင်းတည်မြို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နေသူ ဦးအောင်ကိုကိုက ထပ်လောင်းပြောကြားသည်။

**ဘာသနာ(ပုဂံ)**

www.foreverspace.com.mm

# စစ်တွေ၊ မြိတ်နယ်စပ် ကုန်သွယ်မှုမြင့်တက်၊ မောင်တောနယ်စပ် ကုန်သွယ်မှုကျဆင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၅**

နယ်စပ်ကုန်သွယ်မှုစခန်းများ၏ ၂၀၀၇ ခုနှစ် ဇန်နဝါရီလစာရင်းဇယားများအရ ဘင်္ဂလားဒေ့ရှ်နယ်စပ်စစ်တွေနှင့် ထိုင်းနိုင်ငံနယ်စပ် မြိတ်ကုန်သွယ်ရေးစခန်းတို့၏ ကုန်သွယ်မှုပမာဏများသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလထက် မြင့်တက်လာကြောင်း သိရသည်။

စစ်တွေကုန်သွယ်စခန်း၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁.၁၁၄ သိန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၀.၁၆၆ သိန်း ရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင်မူ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂.၁၀၇ သိန်းနှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၀.၁၀၆ သိန်းသို့ မြင့်တက်ခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

မြိတ်နယ်စပ်ကုန်သွယ်မှုစခန်းတွင်မူ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃.၉၀၁ သန်းရှိသော်လည်း ၂၀၀၇ ဇန်နဝါရီလတွင်မူ အမေရိကန်ဒေါ်လာ ၄.၄၃၆ သန်းထိ တိုးမြှင့်တင်ပို့ခဲ့ကြောင်း တွေ့ရသည်။

သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောနယ်စပ်ကုန်သွယ်စခန်းတွင်မူ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁.၉၆၉ သိန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၀.၀၈၃ သိန်းရှိခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီလ တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁.၉၂၂ သိန်း၊ သွင်းကုန်ပမာဏ .၀၀၃ သိန်းသာရှိသဖြင့် ကုန်သွယ်မှုပမာဏ လျော့နည်းသွားကြောင်း နယ်စပ်ကုန်သွယ်စခန်းများထံမှ သိရသည်။

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်စခန်းများတွင်လည်း တရုတ်နှစ်သစ်ကူးကာလဖြစ်သဖြင့် အရောင်းအဝယ်အားနည်းသွားကြောင်း နယ်စပ်ကုန်သည်များထံမှ သိရသည်။

**ထားထားမြင့်**

---

# မြဝတီနယ်စပ် ကုန်အဝင်လျော့

**ရန်ကုန်၊ ဇန်နဝါရီ ၂၀**

ထိုင်းနိုင်ငံထွက်ကုန်များ မြန်မာနိုင်ငံသို့ဝင်ရောက်ရာ နယ်စပ်ဂိတ်ပေါက်တစ်ခုဖြစ်သည့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတွင် တင်သွင်းကုန်များ လျော့ကျလျက်ရှိကြောင်း မြဝတီအခြေစိုက် ကုန်သည်ကြီးတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

တစ်ဖက်နိုင်ငံ၏ ပြည်တွင်းကုန်သွယ်ရေးအပြောင်းအလဲအချို့ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တရားဝင်တင်သွင်းလျက်ရှိသည့် ကုန်ပစ္စည်းများမှာ အဝင်ရပ်တန့်သကဲ့သို့ရှိကြောင်း အဆိုပါကုန်သည်ကြီးက ပြောကြားသည်။

ထိုင်းကုန်သည်များ၏အဆိုအရ ၎င်းတို့နိုင်ငံတွင် နယ်စပ်မှ ကုန်သွယ်ရေးဗဟိုဌာနသို့ ကုန်ပစ္စည်းစာရင်းပေးပို့သည့် ပုံစံပြောင်းလဲမှုအချို့ ပြုလုပ်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ ကုန်တင်ပို့မှု ခဏရပ်တန့်လျက်ရှိခြင်းဖြစ်သည်ဟု သိရှိရကြောင်း ရန်ကုန်မြို့မင်္ဂလာဈေးအခြေစိုက်ကုန်သည်တစ်ဦးက ဆိုသည်။

ယင်းနယ်စပ်ဂိတ်ပေါက်အနီးဝန်းကျင်တွင် ကုန်ပစ္စည်းမှောင်ခိုတင်ပို့မှုအချို့ရှိနေပြီး ဇန်နဝါရီလကုန်ပိုင်းတွင် တရားဝင်တင်ပို့မှုများ ပုံမှန်ဖြစ်လာဖွယ်ရှိကြောင်း မြဝတီမြို့မှ လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ■

# မြဝတီမှ ကုန်သွယ်သုတအစီအစဉ် အပတ်စဉ်တင်ဆက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၇**

ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ဖော်ပြမည့် ကုန်သွယ်သုတအစီအစဉ်ကို အပတ်စဉ်ကြာသပတေးနေ့တိုင်း မြဝတီ ရုပ်မြင်သံကြားမှထုတ်လွှင့်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူများ သိရှိနားလည်နိုင်ရန်ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မြဝတီရုပ်မြင်သံကြားနှင့် ပူးတွဲ၍ ကုန်သွယ်သုတရုပ်သံအစီအစဉ်ကို တင်ဆက်ခြင်းဖြစ်ကြောင်း ယင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ကုန်သွယ်မှုအသိပညာ၊ ဗဟုသုတရရှိရေး၊ ဒေသပို့ကုန်မြှင့်တင်ရေး၊ အရည်အသွေးမြင့်ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ယခုအစီအစဉ်ကို ထုတ်လွှင့်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ အဆိုပါအစီအစဉ်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်း၊ သီးနှံစိုက်ပျိုး၍ တန်ဖိုးမြှင့်ထုတ်ကုန် (Value-added)အ ဖြစ်ထုတ်လုပ်တင်ပို့မှုလုပ်ငန်း၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ စုံစမ်းသိရှိရသည်။

ယင်းအစီအစဉ်ကို ဒီဇင်ဘာလကုန်ပိုင်းတွင် စမ်းသပ်ထုတ်လွှင့်ပြသခဲ့ပြီး ယင်းစမ်းသပ်အစီအစဉ်တွင် သွင်းကုန်၊ ထုတ်

www.foreverspace.com.mm

ကုန်လုပ်ငန်းလိုင်စင်များနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုကို မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။ အပတ်စဉ် ကြာသပတေးနေ့တိုင်း ညပိုင်း သတင်းအပြီးတွင် ကုန်သွယ်သုတအစီအစဉ်ကို ထုတ်လွှင့်မည်ဖြစ်သည်။

# အထပ်မြင့်များကြောင့် အောင်ဆန်းကွင်းမှဘောလုံးပွဲများ တိုက်ရိုက်ထုတ်လွှင့်ရန်ခက်ခဲ

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

နာမည်ကျော်အောင်ဆန်းအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားသောဘောလုံးပွဲများကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်ဆိုပါက ထိုကွင်း၏ပတ်ပတ်လည်ရှိ အထပ်မြင့်တိုက်များကြောင့် ရုပ်/သံအရည်အသွေးကြည်လင်စွာ ထုတ်လွှင့်နိုင်ရန်အခက်အခဲရှိကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အောင်ဆန်းအားကစားကွင်းရှိ အစည်းအဝေးခန်းမ၌ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့က သတင်းထောက်များအား အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသရန် အစီအစဉ်ရှိသောဘောလုံးပွဲများကို သုဝဏ္ဏဘောလုံးကွင်းတွင်သာ ယှဉ်ပြိုင်စေကြောင်း အထက်ပါပုဂ္ဂိုလ်များက ပြောကြားသည်။ (၅၂) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား (အလွတ်တန်း)ပြိုင်ပွဲမှ အကြိုဗိုလ်လုပွဲနှစ်ပွဲကို အောင်ဆန်းအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားစေရန် မူလက စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် MRTVမှ တိုက်ရိုက်ထုတ်လွှင့်ပြသရန် အစီအစဉ်ရှိလာပြီး သုဝဏ္ဏကွင်းသို့ ပြောင်းလဲကစားစေခဲ့သည်။ အောင်ဆန်းအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားသော ဘောလုံးပွဲများကို တိုက်ရိုက်ထုတ်လွှင့်ပြသရန်မှာ အဆိုပါကွင်း၏ပတ်လည်ရှိ အထပ်မြင့်တိုက်များကြောင့် ရုပ်/သံအရည်အသွေးကောင်းစွာ ရိုက်ကူးပြသ၍မရကြောင်း ရုပ်သံကျွမ်းကျင်သူများ၏ အပြောကိုကိုးကား၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြောကြားသည်။

Associated News

# စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များကြောင့် အဝေးပြေးယာဉ်မောင်းများ အခက်တွေ့

**ရန်ကုန်၊ ဖေဖော်ဝါရီ ၅**

ရန်ကုန်မြို့တော်ပြင်ပ နယ်မြို့များရှိ အဝေးပြေးလမ်းများပေါ်၌ သွားလာနေသော ဆိုင်ကယ်မောင်းနှင်သူများ၏ စည်းကမ်းမဲ့မှုများကြောင့် အဝေးပြေးသွား မော်တော်ယာဉ်မောင်းများ ယခုကာလများအထိ အန္တရာယ်အခက်အခဲတွေ့နေကြရကြောင်း ရန်ကုန်မြို့တော်အခြေစိုက် အဝေးပြေးယာဉ်လိုင်းများရှိ ယာဉ်မောင်းအများစုက ပြောကြားသည်။

စည်းကမ်းမဲ့ဆိုင်ကယ်မောင်းနှင်သူများသည် လမ်းစည်းကမ်း ယာဉ်စည်းကမ်းများအား မသိနားမလည်ခြင်း၊ သိလျက်နှင့် ဖောက်ဖျက်ခြင်းတို့ကြောင့် ၎င်းတို့ကိုယ်တိုင်ရော အဝေးပြေးယာဉ်မောင်းများ၊ ယာဉ်ပေါ်ပါခရီးသည်များပါ ထိခိုက်ဒဏ်ရာရရှိမှုအများအပြား မကြာခဏဖြစ်ပေါ်နေကြောင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှ ယာဉ်မောင်းတစ်ဦးက ဆိုသည်။ ယင်းကဲ့သို့ စည်းကမ်းမဲ့ဆိုင်ကယ်မောင်းနှင်သူတစ်ဦးကြောင့် ဖေဖော်ဝါရီလ ၄ ရက်နေ့ညက နေပြည်တော်မြို့ပတ်လမ်းတွင် ခရီးသည်တင်အဝေးပြေး Express ယာဉ်နှင့် ဆိုင်ကယ်တစ်စီးတို့ တိုက်မိခြင်းကြောင့် ဆိုင်ကယ်မောင်းသူမှာ နေရာမှာပင်ပွဲချင်းပြီးသေဆုံးသွားပြီး အဝေးပြေးယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ပေါ်ပါ ခရီးသည်များ အချိန်ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရကြောင်း အခင်းဖြစ်အဝေးပြေးယာဉ်နှင့် လိုက်ပါခဲ့သည့် ရန်ကုန်မြို့တော်တွင်နေထိုင်သူ အမျိုးသမီးတစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

ယင်းအဝေးပြေးလမ်းများပေါ်၌ မော်တော်ဆိုင်ကယ်စီးသူများမှာ လမ်းကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ယာဉ်ကြောဦးစားပေးမှုမရှိခြင်း၊ အရှိန်ဖြင့်ဖြတ်ဝင်ခြင်းတို့ကြောင့် မော်တော်ယာဉ်မောင်းနှင်သူများမှာ အထူးဂရုပြုမောင်းနှင်နေရပြီး ညအချိန်များတွင် ထိခိုက်မှုများ မကြာခဏဖြစ်ပေါ်နေကြောင်း အဝေးပြေးယာဉ်လိုင်းများထံမှ စုံစမ်းသိရှိရသည်။

**နိုင်လင်း**

■

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉ ၊ ၂၄၃၆၄၀ ၊ ၂၄၃၆၄၁ ၊ ၂၄၃၆၄၂ (Ext-၂၀၀၁)

www.foreverspace.com.mm

# နိုင်ငံတည်ဆောက်ရေးနှင့် ဦးနောက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အောင်ထွဋ်



www.foreverspace.com.mm

**ယနေ့ ၂၁ ရာစုတွင် နိုင်ငံတည်ဆောက်ရေးဆိုသည်မှာ နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် ပြည်တွင်းရေးသက်သက်မဟုတ်တော့ဘဲ တဖြည်းဖြည်း သိသာထင်ရှားလာနေသော ကမ္ဘာပြုခြင်းဖြစ်စဉ်နှင့် တစ်သားတည်းအမီလိုက်ပါ၍ ကောင်းကျိုးများ ခံစားရရှိရေး၊ ဆိုးကျိုးများ လျော့ပါးစေရေး စသည်တို့ပါဝင်လာခဲ့ရာ Think Global, Act Local ဟူသော သဘောတရားကို ကျင့်သုံးလာကြရသည်ကို တွေ့ရသည်။ ယခင် ပြည်တွင်းရေးရာသက်သက်မှ ကမ္ဘာကြီးနှင့် တစ်သားတည်းဖြစ်ရမည့် ပြည်တွင်းရေးဆီသို့ ပြောင်းလဲလာခဲ့ခြင်းဖြစ်ပေသည်။ ဆိုလိုသည်မှာ ကမ္ဘာကြီး၏ပြောင်းလဲမှုများနှင့်လိုက်လျော ညီထွေဖြစ်ရမည့် ပြည်တွင်းရေးကိစ္စ ဖြစ်လာနေသည်ဆိုသည့်သဘောဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးသည် ပုစ္ဆာတစ်ပုဒ်ဖြစ်သည်ဟုဆိုလျှင် ယခင်ပေးထားချက်များသည် ပြည်တွင်းရေးသက်သက်ဖြစ်ပြီး ယနေ့ပေးထားချက်များသည် ကမ္ဘာလုံးအပြောင်းအလဲရော ပြည်တွင်းရေးပါ နှစ်ခုစလုံး ပါဝင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ ကမ္ဘာလုံးသဘောတရားများပါဝင်ပတ်သက်လာသည်နှင့်အမျှ နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်သော ပြည်သူ့ရေးရာမူဝါဒများသည် ကမ္ဘာ့စံချိန်မီဖြစ်လာရန်လိုအပ်သည်ဖြစ်ရာ Generalist ဟု ပြောရမည့် နိုင်ငံရေးနယ်ပယ်မှ နိုင်ငံရေးသမားများသည် Specialist ဟု ပြောရမည့် နယ်ပယ်အလိုက်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ Specialist များ၏ ဘာသာစကားကို Generalist များက အတိအကျဘာသာပြန်နိုင်ရေး စသည်များ အရေးပါလာသည်ကို တွေ့ရပေသည်။ ကမ္ဘာအနှံ့တွင် အထက်ပါပညာရှင်များနှင့် စုဖွဲ့ထားပြီး ပြည်သူ့ရေးရာမူဝါဒများအတွက် သွင်းအားစုများပေးသွင်းသည့် တာဝန်ထမ်းဆောင်သူများကို Think-Tank များဟုခေါ်သည်။ Think-Tank များကို Think Factory ဟုလည်း ခေါ်ဆိုကြသည်ကို တွေ့ရသည်။ Webster အဘိဓာန်က Interdisciplinary research ကို ပြုလုပ်သော အဖွဲ့အစည်းများဖြစ်သည်ဟု ဖွင့်ဆိုသည်။**

## သမိုင်းကြောင်း

အဆိုပါ Think-Tank ခေါ် ဉာဏ်ကြီးရှင်အဖွဲ့များသည် အမေရိကန်ပြည်ထောင်စုတွင် အစောဆုံးပေါ်ထွန်းခဲ့ပြီး ယနေ့တိုင် အမေရိကန်ပြည်ထောင်စုအတွင်း အထွန်းကားဆုံးဖြစ်သည်ကို တွေ့ရသည်။ Idea Brokers ခေါ် အတွေးအခေါ် အယူအဆ ပွဲစားများဟု Jame Smith ဆိုသူ စာရေးဆရာတစ်ဦးက အမည်ပေးခဲ့သော အဆိုပါဦးနှောက်အဖွဲ့အစည်းများသည် အမေရိကန်ပြည်ထောင်စု၌ ပြည်တွင်းစစ်ပြီးစတွင် စတင်ပေါ်ထွန်းခဲ့ပြီး ၁၉၆၀ ပြည့်နှစ်များအထိ ၎င်းတို့၏လုပ်ငန်းဆောင်တာများ ပီပြင်ခြင်း မရှိသေးသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ အဆိုပါဦးနှောက်အဖွဲ့အစည်းများမှာ ငွေကြေးအကျိုးအမြတ်အလို့ငှာ ဖွဲ့စည်းထူထောင်ထားသောအဖွဲ့အစည်းများ မဟုတ်ပေ။ ကနဦးပေါ်ပေါက်ခဲ့သော Think-Tank များသည် လူမှုသိပ္ပံသုတေသနသက်သက်တာဝန်ကို ထမ်းဆောင်ခဲ့ကြပြီး နောက်ပိုင်းတွင် အစိုးရများကို ပြည်သူ့ရေးရာမူဝါဒများ အကောင်းဆုံးချမှတ်ဆုံးဖြတ်နိုင်ရေးအတွက် သွင်းအားစုသဖွယ် ပီပီပြင်ပြင် ထမ်းဆောင်လာကြသည်ကို တွေ့ရသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီအချိန်အထိ ထိုသို့သော ဦးနှောက်အဖွဲ့အစည်းများသည် အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံမှာပင် အရေအတွက် အနည်းငယ်သာရှိသေးသည်ကို တွေ့ရသည်။ ထိုစဉ်က Think-Tank အားလုံးသည် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပါတီနိုင်ငံရေးတို့နှင့်ကင်းလွတ်၍ ရပ်တည်ကြပြီး သြဇာလည်း ကြီးကြသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် Think-Tank အဖွဲ့အစည်းများ ကမ္ဘာအနှံ့တွင် များစွာပေါ်ပေါက်ခဲ့ပြီး မူရင်းဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင်လည်း သိသာထင်ရှားစွာ တိုးပွားလာခဲ့သည်။ ထိုသို့ Think-Tank များ ဒုတိယကမ္ဘာစစ်အပြီး အရေအတွက် တိုးပွားလာခဲ့သည့်အကြောင်းရင်းနှစ်ရပ်ရှိပြီး နှစ်ရပ်စလုံး များစွာ စိတ်ဝင်စားဖွယ်ကောင်းသည်ကို တွေ့ရသည်။

၁။ ပထမအကြောင်းရင်းမှာ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ပြည်ထောင်စုသည် တစ်ကိုယ်တည်း အထီးကျန်အဖြစ်မှ သြဇာကြီးသော အင်အားကြီးနိုင်ငံအဖြစ် ကမ္ဘာကြီးနှင့် ဆက်ဆံလာရပေရာ လိုအပ်လာသော Policy Advice ခေါ် မူဝါဒဆိုင်ရာ အကြံဉာဏ်များ ရယူရေးကို အစိုးရယန္တရားအတွင်းရှိ ဗျူရိုကရက်များသက်သက်ဖြင့် ဆောင်ကြဉ်းရန် မဖြစ်နိုင်တော့သောကြောင့် ဖြစ်သည်။

၂။ ဒုတိယအကြောင်းအရင်းမှာ တိုးတက်ဖြစ်ပေါ်လာနေသော နျူကလီးယားအန္တရာယ်နှင့် စစ်အေးတိုက်ပွဲတို့ကြောင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများကို ဘက်စုံကူညီစဉ်းစားပေးနိုင်ရန် ဦးနှောက်အဖွဲ့အစည်းများ လိုအပ်လာသောကြောင့် အချို့ကို အစိုးရက ကမကထပြု ထူထောင်ပေးခဲ့ရသည်။ ဥပမာ–RAND Corporation နှင့် Hudson Institute.

၁၉၆၀ ပြည့်လွန်နှစ်များတွင် နယ်ပယ်မျိုးစုံ၌ Think-Tank များ ပေါ်ထွန်းလာခဲ့ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များလည်း ပီပြင်လာသည့်အတွက် တစ်ကမ္ဘာလုံးက Think-Tank ဆိုသော စကားလုံးကို ယဉ်ပါးသွားခဲ့ကြသည်။ ထိုသို့ ပီပြင်လာခဲ့သည့်အတွက် ၁၉၆၀ ပြည့်လွန်နှစ်များက ခေတ်စားလာခဲ့သော Think-Tank များကို 'Action Intellectual' သို့မဟုတ် 'Godchildren of the progressive era' ဟုပင် ခေါ်ဆိုခဲ့ကြသည်။

www.foreverspace.com.mm

ယနေ့ကမ္ဘာပေါ်တွင် သိသာထင်ရှားစွာ ဖြစ်ပေါ်လာနေသော Globalization ဖြစ်စဉ်ကြောင့် Think-Tank များသည် ပိုမိုအရေးပါအသုံးဝင်လာပြီး များစွာလည်း ဩဇာကြီးမားလာသည်ကို တွေ့ရသည်။ အထူးသဖြင့် အယူအဆအမျိုးမျိုးကွဲလွဲကြသည့် ပညာရှင်များအချင်းချင်းအကြားပင် မူဝါဒဆိုင်ရာ သွင်းအားစုများ ပေးသွင်းရေး အရေးပါပုံကို သဘောတူညီလာကြပြီး ပူးပေါင်းဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ဤသို့သော ဦးနှောက်အဖွဲ့အစည်းများ မရှိခဲ့လျှင်ဆိုသောအခြေအနေကို အားလုံးက စိတ်ပူလာကြသဖြင့် ယနေ့နယ်ပယ်မျိုးစုံတွင် ဦးနှောက်အဖွဲ့အစည်းများ အထူးများပြားစွာ ပေါ်ပေါက်လာသည်ကို တွေ့ရသည်။

Think-Tank များသည် သုတေသနလုပ်ငန်းလုပ်ဆောင်သူများဖြစ်သော်လည်း အခြားသုတေသနအဖွဲ့အစည်းများနှင့် မတူသည့်အချက်မှာ နယ်ပယ်မျိုးစုံ၌ မူဝါဒဆိုင်ရာ သုတေသနတစ်ခုတည်းသက်သက်ကို လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ယနေ့အချိန်တွင် အဆိုပါဦးနှောက်အဖွဲ့အစည်းများစွာ နိုင်ငံတကာတွင် ပေါ်ပေါက်လျက်ရှိနေပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များကို ဩဇာလွှမ်းမိုးနိုင်ရန် ပြိုင်ဆိုင်လျက်ရှိသည်ကို တွေ့ရသည်။ မိမိတို့၏ အိုင်ဒီယာများကို အစိုးရအဖွဲ့များက ကောက်ယူအသုံးပြုရန် များစွာထိရောက်သော အိုင်ဒီယာအရောင်းမြှင့်တင်ရေးနည်းနာများကို အာရုံစိုက်လာကြပေရာ မူရင်းရည်ရွယ်ချက်ထက်ပင် အိုင်ဒီယာအရောင်းမြှင့်တင်ရေးက ပိုမိုအရေးပါလာနေသည်ဟု ပညာရှင်တစ်ဦးက မကြာသေးမီက သုံးသပ်ခဲ့သည်။

## ဦးနှောက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဦးနှောက်အဖွဲ့အစည်းများသည် အကောင်းဆုံး ပြည်သူ့ရေးရာမူဝါဒများထွက်ပေါ်ရေးအတွက် လိုအပ်သော Idea သွင်းအားစုများကို ပေးသွင်းသော ပညာရှင်အစုအဝေးများဖြစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် သီးခြားရပ်တည်လေ့ရှိသည်။ အချို့သော Think-Tank အဖွဲ့အစည်းများကို လိုအပ်ချက်အရ အစိုးရက ကမကထပြုထူထောင်ပေးသည့်တိုင် အစိုးရအဖွဲ့အစည်းများအဖြစ် မရပ်တည်စေဘဲ သီးခြားလွတ်လပ်သော အဖွဲ့အစည်းများအဖြစ် ရပ်တည်လေ့ရှိသည်ကို တွေ့ရသည်။

ပုံ (၁) တွင် ဖော်ပြထားသော ပြည်သူ့ရေးရာမူဝါဒများ ပုံဖော်ပုံအဆင့်ဆင့်ကိုကြည့်လျှင် Think-Tank ခေါ် ဦးနှောက်အဖွဲ့အစည်းများ၏အခန်းကဏ္ဍကို မြင်နိုင်ပါသည်။ များသောအားဖြင့် အုပ်ချုပ်ရေးယန္တရား၏ ရှုထောင့်၊ ပြည်သူလူထု၏ရှုထောင့်၊ စီးပွားရေးအင်အားကြီးများ၏ရှုထောင့်၊ Interest Group ခေါ် နယ်ပယ်အလိုက် အဖွဲ့အစည်းများ၏ရှုထောင့် မတူညီကြရာ အားလုံးကို လွှမ်းခြုံနိုင်သော၊ ဘက်လိုက်မှုကင်းသောရှုထောင့်နှင့် အမြင်များကို ပေးသွင်းနိုင်သူများမှာ Think-Tank ခေါ် ဦးနှောက်အဖွဲ့အစည်းများသာလျှင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း Think-Tank များသည် အုပ်ချုပ်ရေးယန္တရား၊ နိုင်ငံရေးပါတီများ၊ Interest Group များ စသည်တို့နှင့် ကင်းလွတ်သော လွတ်လပ်သည့်အဖွဲ့အစည်းများဖြစ်ရမည်ဟု ဆိုကြခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံတွင် အကြီးဆုံး

## "လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ အသင်းအဖွဲ့တွေ၊ ပညာရှင်တွေအားလုံး ပါဝင်ဆွေးနွေး အကြံပြုနိုင်ရင် မူဝါဒကောင်းတွေ ထွက်ပေါ်လာမှာမလွဲဘူး"

**ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပြည်သူ့ရေးရာဝန်ဆောင်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာပညာရှင်တစ်ဦးဖြစ်သူ ဗြိတိန်နိုင်ငံမှ Dr. Marie Lall ကို ၎င်း ရန်ကုန်မြို့တော်သို့ ရောက်ရှိစဉ် Living Color မဂ္ဂဇင်းမှ တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**အယ်ဒီတာ**


**LC : ပညာရေး၊ ကျန်းမာရေးစတဲ့ ပြည်သူ့ရေးရာမူဝါဒများကို သုတေသနပြုနေတဲ့ ပညာရှင်တစ်ဦးအနေနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ ဘာတွေသတိပြုမိသလဲ။**

**Dr.M.L :** မြန်မာ့လူ့အဖွဲ့အစည်းမှာ တွေ့မြင်ရတဲ့ ပြဿနာတစ်ခုကတော့ အခြေခံအခွင့်အရေးတွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ပြည်သူ့ရေးရာအခြေခံဝန်ဆောင်မှုတွေကို ဆိုရှယ်လစ်ခေတ်ကအမြင်နဲ့ ရှုမြင်နေကြခြင်းပါပဲ။ State(နိုင်ငံတော်)နဲ့ စီးပွားရေးဈေးကွက်တို့ရဲ့ဆက်စပ်မှု (Relationship) က တော်တော်လေး နက်ရှိုင်းပါတယ်။ ယနေ့ခေတ် အနောက်နိုင်ငံများမှာ စီးပွားရေးဈေးကွက် (Market) ရဲ့ အလိုအလျောက်လုပ်ဆောင်နိုင်မှုကို အဖြေတစ်ရပ်၊ အရေးအကြီးဆုံးတစ်ရပ်အဖြစ် တန်ဖိုးထားယုံကြည်ထားကြပေမယ့် တကယ့်လက်တွေ့မှာတော့ Market က အားလုံး အဖြေမပေး

www.foreverspace.com.mm

ဖြစ်သော Think-Tank အဖွဲ့အစည်းဖြစ်သည့် SWPအမည်ရှိ မဟာဗျူဟာဦးနှောက်အဖွဲ့အစည်းကို ဂျာမနီအစိုးရက ကမကထပြု၍ ထူထောင်ပေးခဲ့ပြီး နိုင်ငံတွင်းရှိ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များကို ဘုတ်အဖွဲ့ ဒါရိုက်တာများအဖြစ် ခန့်ထား၍ ဘက်လိုက်မှုကင်းကင်းဖြင့် လွတ်လပ်စွာရပ်တည်နိုင်ရန် စီမံပေးထားသည်ကို တွေ့ရသည်။

ပုံ(၁)




တစ်ဖက်တွင်လည်း Think-Tank များမှာ စီးပွားရေးအရ ငွေရေးကြေးရေး အကျိုးအမြတ်မရှိသော အဖွဲ့အစည်းများဖြစ်ပေရာ ရေရှည်ရပ်တည်ရေးအတွက် အခက်အခဲရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ပုံ (၂) ကို ကြည့်လျှင် စီးပွားရေးဆိုင်ရာ ပြည်သူ့ရေးရာမူဝါဒများ ထွက်ပေါ်ရေးတွင် ပါဝင်သော Think-Tank များ၏ အခန်းကဏ္ဍကို တွေ့မြင်နိုင်ပါသည်။ Think-Tank များ၏ Idea နှင့် သွင်းအားစုများကို အုပ်ချုပ်ရေးယန္တရားက မည်မျှကောက်ယူအသုံးပြုသည်ဆိုသည့်အချက်ကိုမူတည်၍ စီးပွားရေးနယ်ပယ်မှ ထောက်ပံ့လေ့ရှိရာ အနောက်နိုင်ငံကြီးများတွင် တွေ့ရလေ့ရှိသော ဦးနှောက်အဖွဲ့အစည်းများသို့ ထောက်ပံ့ရေးလမ်းကြောင်းနှင့် အခန်းကဏ္ဍကို ပုံ (၂) တွင် မြင်သာနိုင်ပါသည်။ ထို့ကြောင့်လည်း Think-Tank အချို့သည် ဖောင်ဒေးရှင်းများနှင့် အဆိုပါဖောင်ဒေးရှင်းများ ကို နောက်ကွယ်မှ ထောက်ပံ့ထားသော နိုင်ငံတကာကော်ပိုရေး ရှင်းများ၏ အကျိုးစီးပွားဘက်သို့ ယိမ်းသည်ဟု ပြောဆိုမှုများလည်း ရှိသည်ကို တွေ့ရပေသည်။

မည်သို့ပင်ဖြစ်စေ အကောင်းဆုံး ပြည်သူ့ရေးရာမူဝါဒများဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစဉ်အလာများနှင့် ကိုက်ညီမှုရှိပြီး ပြည်သူလူထု၏အခက်အခဲများကို



နိုင်ပါဘူး။ ဥပမာဆိုရင် အရှေ့ဂျာမနီခေတ်တုန်းက (Old Germany)နဲ့ ဆိုရှယ်လစ်အလယ် ဥရောပ ဘယ်နိုင်ငံမဆို ကြည့်ရင် သူတို့မှာ ကောင်းမွန်ခိုင်မာတဲ့ အခြေခံပညာရေးစနစ် နဲ့ ကျန်းမာရေးစနစ်တွေ ရှိတယ်။ လူတိုင်းမှာ ပညာရေးစနစ်ကောင်းနဲ့ အရည်အသွေးမြင့်မားတဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းတွေ ရှိကြတယ်။ မူလတန်းကနေ တက္ကသိုလ်အထိ အခကြေးငွေပေးစရာမလိုဘဲ အရည်အသွေးမီတဲ့ ပညာရေးကို လူတိုင်းသင်ယူနိုင်ကြတယ်။ ဒါတွေအားလုံးကို အစိုးရက ပံ့ပိုးပေးထားသလို တစ်ချိန်တည်းမှာလည်း ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးပြီး အခမဲ့ထောက်ပံ့ထားတဲ့ နိုင်ငံတွေလည်းရှိကြတယ်။ ဒီနေ့ အဓိကပြဿနာက ဈေးကွက်စီးပွားရေးစနစ်မှာ ပညာရေး၊ ကျန်းမာရေးတွေကို ဈေးကွက်ကပဲ ဖန်တီးဖော်ဆောင်ပေးသွားမယ်လို့ လူတွေထင်နေကြတယ်။ ဒီနေ့ခေတ် ဗြိတိန်၊ ဩစတြေးလျနဲ့ အမေရိကန်မှာဆိုရင် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုတွေကို ဈေးကွက်က ပိုပြီးတာဝန်ယူလာတာ တွေ့ရတယ်။ တကယ်တော့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေက လူမှုအဖွဲ့အစည်းရဲ့အခြေခံအဆောက်အဦ (Social Infrastructure) ပါပဲ။ လူမှုအဖွဲ့အစည်းအဆောက်အဦက အစိုးရရဲ့ အဆောက်အဦ၊ အစိတ်အပိုင်းပဲဖြစ်ပြီး ဈေးကွက်ရဲ့ တာဝန်မဖြစ်သင့်ဘူး။

www.foreverspace.com.mm


လည်း ဖြေရှင်းပေးနိုင်မည့် အုပ်ချုပ်ရေးယန္တရား၏ အဆုံးအဖြတ်ကို ဆိုလိုသည်ဖြစ်ရာ ဦးနှောက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အဆိုပါအချက်ကို အထောက်အပံ့ပြုနိုင်မှု အဓိကကျလှသည်ဟု ဖွင့်ဆိုသည်။ (ပုံ-၃)

အကောင်းဆုံးပြည်သူ့ရေးရာမူဝါဒများဆိုရာတွင် အောက်ပါအစိတ်အပိုင်းများ တတ်နိုင်သမျှ ပေါင်းဆုံမိရန်လိုသည်ဟု ဆိုသည်။ Think-Tank များသည် အဆိုပါ အစိတ်အပိုင်းများ အကောင်းဆုံး၊ အများဆုံး ပေါင်းဆုံမိနိုင်မည့် သဘောတရားများကို ရှာဖွေအဆိုပြုကြရသည်။ (ပုံ-၄)

၁။ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များ (What the community wants)

၂။ ဈေးကွက်မှ ရနိုင်ခြေရှိသည်များ (What the market provides)

ပုံ(၂)




**LC : ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍတွေမှာ ပုဂ္ဂလိကကဏ္ဍကို တာဝန်ယူစေတာမျိုးက မဖြစ်သင့်ဘူးလို့ ဆိုလိုတာလား။**

**Dr.M.L :** ဒီအကြောင်းက သိပ်ပြီးရှုပ်ထွေးနိုင်ပါတယ်။ ဒါကြောင့် ၁၉၈၉ ခုနှစ်အတွင်း လစ်ဘရယ်အနောက်နိုင်ငံတွေက ကွန်မြူနစ်စနစ်ကို အဆုံးသတ် အနိုင်ရနိုင်ခဲ့ချိန်ကို ပြန်သွားကြည့်ဖို့ လိုပါတယ်။ ၁၉၈၉ မှာ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲခဲ့တယ်။ အဲဒီအချိန်ကစပြီး ဆိုရှယ်လစ်ဝါဒကို အဆိုးမြင် (Negative way sense) သဘောနဲ့ အများက မြင်လာခဲ့တယ်။ ဒါပေမဲ့ ဆိုရှယ်လစ်ဝါဒရဲ့ အစွန်းရောက်ဖြစ်တဲ့ ကွန်မြူနစ်အယူဝါဒနဲ့ State Provision လို့ခေါ်တဲ့ ကျန်းမာရေး၊ ပညာရေး အခြေခံကဏ္ဍတွေကို အစိုးရက ပံ့ပိုးပေးတဲ့အယူဝါဒနဲ့က ကွာပါတယ်။

တိုင်းပြည်ရဲ့အခန်းကဏ္ဍတွေအားလုံး ဈေးကွက်ကိုသာ လွှဲပေးလိုက်မယ်ဆိုရင် အခြေခံလိုအပ်ချက်တွေကို ငွေကြေးအရင်းအမြစ်မတတ်နိုင်သူတွေက ရနိုင်ကြမှာ မဟုတ်ဘူး။ ဒီနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ဈေးကွက်က အဖြေအားလုံး ထုတ်ပေးနိုင်မယ်လို့ ထင်နေကြတယ်။ တကယ်တော့ ဈေးကွက်လုပ်ဆောင်ချက်တွေက ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စုထဲမှာ နီယိုကွန်ဆာဗေးတစ်ပိုင်းကို ဦးတည်သွားတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းက ဖြစ်စဉ်နှစ်ခုကို ဖန်တီးပေးလိုက်တယ်။ တစ်ခုက ဈေးကွက်က ပေးဆောင်ချက်တွေ အများကြီးပေါ်ပေါက်လာသလို ဆင်းရဲ၊ ချမ်းသာ ကွာဟမှု ပိုကြီးသွားစေတယ်။ ဒါကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်က ကမ္ဘာ့လူသားအချင်းချင်း အင်တာနက်တွေ၊ စာအုပ်ဗဟုသုတပျံ့နှံ့ခြင်းတို့ကတစ်ဆင့် ပိုနီးကပ်ချိတ်ဆက်ပေးစေခဲ့သလို ဘေးထွက်ဆိုးကျိုးတစ်ခုက တချို့လူတွေရဲ့ဘဝတွေ ပိုခက်ခဲသွားစေတယ်။ ၁၉၉၀ ပြည့်နှစ်တုန်းက အိန္ဒိယနိုင်ငံကို ပြုပြင်ပြောင်းလဲမှုတွေစပြီး ဈေးကွက်စီးပွားရေးဖွင့်ပေးလိုက်တုန်းက ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ရဲ့ ကောင်းကျိုးကို အိန္ဒိယလူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းလောက်ကပဲ ခံစားရပြီး ကျန် ၇၀ ရာခိုင်နှုန်းရဲ့ လူနေမှုဘဝအခြေအနေကတော့ ပိုခက်သွားခဲ့တယ်။ အဲဒီအချက်ကို မမေ့သင့်ဘူး။

ဒါကြောင့် State Provision လို့ခေါ်တဲ့ အခြေခံ လူမှုအဖွဲ့အစည်းအဆောက်အဦအပေါ် အစိုးရက ပံ့ပိုးပေးတာကို ဆိုရှယ်လစ်၊ ကွန်မြူနစ်အယူဝါဒတွေနဲ့ မရောသင့်ဘူး။ နိုင်ငံသားအားလုံးအတွက် အကောင်းဆုံးအခွင့်အရေးတွေ တန်းတူ


www.foreverspace.com.mm

၃။ နိုင်ငံရေး၊ စီးပွားရေး ဦးဆောင်မှု အပိုင်းမှ လိုအပ်ချက်များ (What the political & Business Leader wants)

၄။ ပညာရှင်များ၏ အဆုံးအဖြတ် (Expert Judgement)

၅။ နိုင်ငံရှိ သွင်းအားစုများအား အကောင်းဆုံးအသုံးချနိုင်မှု (Most Efficient Use of Public Resources)

Think-Tank များသည် အမှတ်စဉ် (၄) တွင် ဖော်ပြထားသော ပညာရှင်များ၏ သဘောထားအမြင်သက်သက်မဟုတ်ဘဲ (၁ မှ ၅) အထိ အကောင်းဆုံးပေါင်းဆုံနိုင်မည့် မူဝါဒများကို အဆိုပြုနိုင်ရမည်ဟု ဆိုလိုပေသည်။



ပုံ(၃)

## ဦးနှောက်အဖွဲ့အစည်းများ၏ အင်္ဂါရပ်

Think-Tank ခေါ် ဦးနှောက်အဖွဲ့အစည်းများသည် ပြည်သူ့ရေးရာမူဝါဒများနှင့် ပတ်သက်၍ အကောင်းဆုံးအကြံဉာဏ်များပေးနိုင်ရမည့် အဖွဲ့အစည်းများဖြစ်ရာ နိုင်ငံအသီးသီးတွင် အများအပြားလိုအပ်ပြီး အကောင်းဆုံးမူဝါဒဆိုင်ရာသွင်းအားစုများ အပြိုင်အဆိုင်ပေးသွင်းခြင်းဖြင့် အုပ်ချုပ်ရေးယန္တရားများကို အထောက်အပံ့ပြုရန် လိုအပ်ပေသည်။

မည်သို့ပင်ဖြစ်စေ ဦးနှောက်အဖွဲ့အစည်းများတွင် အောက်ပါအင်္ဂါရပ်များ အပြည့်အစုံပါဝင်ရမည်ဟု တညီတညွတ်တည်း လက်ခံထားကြသည်။

**၁။ လွတ်လပ်၍ အနှောင်အဖွဲ့ကင်းခြင်း (Independent)**

Think-Tank များသည် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းမှသာလျှင် ၎င်းတို့၏တွေ့ရှိချက်၊ တင်ပြချက်များကို အများလက်ခံနိုင်မည်။ အထူးသဖြင့် Think-Tank များသည် ငွေကြေးအကျိုး

---

ပေးနိုင်ဖို့ အစိုးရနဲ့ စီးပွားရေးဈေးကွက်အကြားမှာ မျှမျှတတ ပေးဆောင်သွားနိုင်ဖို့ပဲ အရေးကြီးတာ။

ဒီနေ့အနောက်နိုင်ငံတွေမှာ ရေပန်းစားနေတဲ့ ဝေါဟာရက ရွေးချယ်နိုင်မှု (Choice)ဖြစ်တယ်။ ဒါပေမဲ့ ဒီလိုရွေးချယ်နိုင်မှုဆိုတာ ချမ်းသာကြွယ်ဝသူတွေပဲ တတ်နိုင်တယ်။ ဝန်ဆောင်မှုတစ်ခုခုကို အရည်အသွေးမမီတာနဲ့ ပိုကောင်းတာကို ရွေးချယ်နိုင်မယ်ဆိုရင် ပိုကောင်းတဲ့အခွင့်အလမ်းကို ဆင်းရဲသူတွေ ရွေးချယ်နိုင်တော့မှာ မဟုတ်ဘူး။ အဲဒီအခြေအနေ အလိုအလျောက် ဖြစ်လာလိမ့်မယ်။ ဒါကြောင့် ပညာရေး၊ ကျန်းမာရေးစတဲ့ အရေးကြီးကဏ္ဍတွေ စီးပွားရေးကဏ္ဍနဲ့အတူ မျှတအောင် ပေးဆပ်နိုင်ဖို့၊ မျှတအောင်လုပ်ဆောင်ပေးသွားဖို့ လိုအပ်ရုံတင်မကဘဲ အစိုးရမှာကို တာဝန်ရှိတယ်။

**LC : ဒီလိုဆိုရင် အဲဒီလိုပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို အစိုးရ တာဝန်ယူရမယ့်အပိုင်းနဲ့ ဈေးကွက်၊ ပုဂ္ဂလိကတို့က တာဝန်ယူရမယ့်အပိုင်းတွေကို ဘယ်လိုခွဲခြားပေးမလဲ။**

**Dr.M.L :** နိုင်ငံအချို့မှာ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေကို အစိုးရကပံ့ပိုးပေးပြီး ကျန်ကဏ္ဍတွေအားလုံးကို ဈေးကွက်က လုပ်ဆောင်သွားတယ်။ အစိုးရအနေနဲ့ ငွေကြေးတတ်နိုင်သူတွေသာ အခွင့်အရေးရနိုင်မယ့်အခြေအနေမျိုး မဖြစ်အောင် အဓိကကြီးကြပ်သွားရမယ်။ ပြီးပြည့်စုံတဲ့ (Ideal)ကမ္ဘာမှာသာ နိုင်ငံသားတိုင်းအတွက် အစိုးရက ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုတွေ အခမဲ့အပြည့်အဝ ပံ့ပိုးပေးနိုင်မယ်။

**LC : အစိုးရနဲ့ ပုဂ္ဂလိကပိုင်း ဖက်စပ်လုပ်ရမှာလား။**

**Dr.M.L :** အစိုးရ (Public) နဲ့ ပုဂ္ဂလိက (Private Sector) ပူးပေါင်းဆောင်ရွက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်။ အဓိကအရေးကြီးတာကတော့ ပုဂ္ဂလိကကဏ္ဍပဲဖြစ်ဖြစ်၊ အစိုးရ–ပုဂ္ဂလိကဖက်စပ်ကဏ္ဍတွေကပဲဖြစ်ဖြစ် ပေးဆောင်နေတဲ့ ဝန်ဆောင်မှုတွေက ဆင်းရဲချမ်းသာမရွေး တန်းတူညီတူ အခွင့်အရေးရဖို့ အစိုးရကနေ ကြီးကြပ်သွားဖို့ လိုအပ်တာပဲ။ အိန္ဒိယမှာလို ချမ်းသာကြွယ်ဝသူတွေသာ အရည်အသွေးကောင်းမွန်တဲ့ဝန်ဆောင်မှုမျိုးကိုရပြီး ဆင်းရဲချမ်းသာကွာဟမှု သိပ်များနေတာ အနာဂတ်အတွက် ပြဿနာတွေ ဖန်တီးပေးနေသလိုပဲ။

**LC : ခင်ဗျားပြောသွားတဲ့အထဲမှာ ငွေကြေးတတ်နိုင်တဲ့လူနဲ့ မတတ်နိုင်တဲ့လူဆိုပြီး ပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲချမ်းသာ ကွာဟမှုအနေအထားကို ဘယ်လို**

www.foreverspace.com.mm

အမြတ်ရှေးရှုသော အဖွဲ့အစည်းများမဟုတ်ရာ ရေရှည်ရပ်တည်ရေး အတွက် အနှောင်အဖွဲ့ကင်းသော ဝင်ငွေရလမ်းများ လိုအပ်သည်။

### ၂။ ပြတ်သားသော ရည်မှန်းချက်နှင့် ရပ်တည်ချက် (Objective)

ပြည်သူ့ရေးရာမူဝါဒများနှင့် ပတ်သက်၍ အင်အားကြီးမားသော စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီများအပါအဝင် အုပ်ချုပ်ရေးယန္တရားတို့တွင် အမြင်အမျိုးမျိုး၊ ရပ်တည်ချက်အမျိုးမျိုးရှိကြရာ ဦးနှောက်အဖွဲ့အစည်းများတွင် ပြတ်သားသော ရည်မှန်းချက်နှင့် ရပ်တည်ချက်ရှိရန် လိုအပ်သည်။

### ၃။ အရည်အသွေးကောင်းသောရလဒ်များ ထုတ်လုပ်နိုင်ခြင်း (High Quality)

အထက်တွင်ဖော်ပြခဲ့သော ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရန်အတွက် ဦးနှောက်အဖွဲ့အစည်းများက သုတေသနပြု အဆိုပြုသော သွင်းအားစုများသည် အမှန်တကယ်ပင် အရည်အသွေးမြင့်မားသော သွင်းအားစုများဖြစ်ရန် လိုအပ်သည်။ သို့မှသာ ဦးနှောက်အဖွဲ့အစည်းပီသစွာ ရပ်တည်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

### ၄။ မဟာဗျူဟာမြောက်ရမည် (Strategic)

ဦးနှောက်အဖွဲ့အစည်းများသည် နိုင်ငံနှင့် လူမျိုးအတွက် ရေရှည်သဘောကိုဆောင်သည့် မဟာဗျူဟာမြောက်သည့် သွင်းအားစုများ ပေးသွင်းနိုင်ရမည်။

### ၅။ ပြုလွယ် ပြင်လွယ် ပြောင်းလွယ်ရှိရမည် (Flexible)

ဦးနှောက်အဖွဲ့အစည်းများသည် ဗျူရိုကရေစီအုပ်ချုပ်ရေး ယန္တရားမဟုတ်သောကြောင့် အဆိုပါယန္တရားများက အသုံးပြုလေ့ရှိသည့် တင်းကျပ်သော အထက်အောက်အုပ်ချုပ်မှုပုံသဏ္ဌာန်ကို မသုံးဘဲ အကောင်းဆုံး သုတေသနပညာရှင်များကို တန်းတူရည်တူ အလျားလိုက် ဆက်ဆံရေးထူထောင်၍ အကောင်းဆုံးရလဒ်များကို ဖော်ဆောင်နိုင်ရမည်။

### ၆။ သီးခြားအသွင်သဏ္ဌာန်မဟုတ်ရ (Accessible)

ဦးနှောက်အဖွဲ့အစည်းများသည် ဆင်စွယ်နန်းတော်ပေါ်တွင် သီးခြားရပ်တည်သော အဖွဲ့အစည်းများမဟုတ်ရပေ။ ထွက်ပေါ်လာသော သုတေသနရလဒ်များ၊ သွင်းအားစုများကို အုပ်ချုပ်ရေးယန္တရားအပါအဝင် အများပြည်သူ အလွယ်တကူ ရယူနိုင်ရမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သော သွင်းအားစုများအဖြစ် လက်တွေ့အကောင်အထည်ဖော်ရေးတွင် သွယ်ဝိုက်ပါဝင်ကူညီရမည်။

### ၇။ လူသိများ၍ အလေးထားခြင်းရှိရမည်

ဦးနှောက်အဖွဲ့အစည်းများကို အများပြည်သူနှင့် အုပ်ချုပ်ရေးယန္တရားအတွင်း လူသိများ၍ အလေးထားမှသာလျှင် ပေးသွင်းသည့် သွင်းအားစုများကို လက်တွေ့မူဝါဒအဖြစ် မြင်တွေ့နိုင်မည် ဖြစ်သည်။

---


**ထင်သလဲ။ အဲဒါကို ကျဉ်းမြောင်းသွားအောင် ကျွန်တော်တို့ ဘာတွေလုပ်ရမလဲ။**

**Dr.M.L :** မြန်မာနိုင်ငံကို ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ် ရောက်မလာသေးဘူးလို့ ပြောကြတယ်။ မြန်မာနိုင်ငံက သီးခြား အထီးကျန်နေတဲ့နိုင်ငံ မဟုတ်ဘူး။ တကယ်တော့ မြန်မာနိုင်ငံမှာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ် တဖြည်းဖြည်း စနေပြီ။ အာဆီယံနဲ့ အဆက်အသွယ်ရှိတယ်။ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားတို့နဲ့ ဆက်ဆံမှုတွေရှိတယ်။ အဲဒီနိုင်ငံတွေနဲ့ ဆက်သွယ်လုပ်ကိုင်နေတဲ့ စီးပွားရေးသမားတွေရှိတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ရဲ့ ဘေးထွက်ရလဒ်ဖြစ်တဲ့ ဆင်းရဲချမ်းသာကွာဟမှုက ကမ္ဘာတစ်ဝန်းလုံးမှာရှိသလို မြန်မာနိုင်ငံမှာလည်း တွေ့နေရပြီ။ မြန်မာနိုင်ငံမှာ ဆိုရှယ်လစ်ခေတ်ထက်စာရင် အလယ်အလတ်တန်းလူတန်းစား သိသိသာသာတိုးလာပြီး သူတို့တွေက အကောင်းဆုံးပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုတွေကိုပဲ ရွေးချယ်လာကြမှာ။ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံသားတိုင်းအားလုံး အခွင့်အလမ်းတန်းတူရနိုင်



www.foreverspace.com.mm

ပုံ(၄)




**၈။ အများအသိအမှတ်ပြုပညာရှင်များ ပါဝင်ရမည် (Credible and Influential)**

ဦးနှောက်အဖွဲ့အစည်း၏ သွင်းအားစုများကို လက်တွေ့မူဝါဒများအဖြစ် တွေ့မြင်ရရေးတွင် အများအသိအမှတ်ပြုထားသော ပညာရှင်များ၊ ဩဇာကြီးသောဂုဏ်သရေရှိပုဂ္ဂိုလ်များ ပါဝင်ကူညီမှု အရေးကြီးသည်။

**၉။ တက်ကြွရမည် (Dynamic)**

အလျင်အမြန်ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အတူ နိုင်ငံအသီးသီးတွင်လည်း သက်ရောက်မှုများစွာရှိနေခဲ့ရာ ဦးနှောက်အဖွဲ့အစည်းများသည် အခြားသော Stakeholder များထက် ပြဿနာများကို ဦးစွာ ရှာဖွေတွေ့ရှိနိုင်သူဖြစ်ရန် လိုအပ်ပေသည်။ ဦးနှောက်အဖွဲ့အစည်းများသည် ကမ္ဘာကြီး၏ မြန်နှုန်းနှင့်လိုက်ပါနိုင်သူများဖြစ်ရန် မဖြစ်မနေ လိုအပ်သည်။

**၁၀။ ရိုးဖြောင့်မှု (Honest)**

ဦးနှောက်အဖွဲ့အစည်းများတွင် မိမိတို့ပြုစုထုတ်လုပ်လိုက်သော မူဝါဒဆိုင်ရာ သွင်းအားစုများကို လက်တွေ့မူဝါဒအဖြစ် သက်ဆိုင်ရာမူဝါဒချမှတ်သူများက လက်တွေ့အကောင်အထည်ဖော်လာစေရေးထက်ပိုသော အခြားရည်မှန်းချက်များရှိလာသည်နှင့်အမျှ ရိုးဖြောင့်မှုပျောက်ကွယ်ပြီး ထိရောက်မှုလည်းမရှိ ဖြစ်တတ်သည်ကို များစွာ အလေးထားရန်လိုသည်။

## မြန်မာနိုင်ငံရှိ ဦးနှောက်အဖွဲ့အစည်းများ

ပြောရလျှင် မြန်မာနိုင်ငံတွင် စနစ်ကျနသော ဦးနှောက်အဖွဲ့

ရေးအတွက် ကြီးကြပ်မှုလုပ်ဆောင်တာမျိုး နေ့ကွေးနေတာတွေ့ရတယ်။ အရည်အသွေးမီတဲ့ကျောင်းတွေ ဆောက်ပေးတာ၊ သင်ကြားမယ့် ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးမြှင့်တင်ပေးတာ၊ လုံလောက်တဲ့ လစာနှုန်းထားတွေ တိုးမြှင့်ပေးတာတွေ လုပ်ပေးဖို့လိုတယ်။ ဒီလိုမှမဟုတ်ရင် အရည်အသွေးအတွက် ပုဂ္ဂလိကကဏ္ဍအပေါ် မှီခိုရတဲ့အခြေအနေကို ရောက်သွားနိုင်ပြီး ပုဂ္ဂလိကတွေက စိတ်ကြိုက်ခြယ်လှယ်သွားနိုင်တယ်။

**LC : နိုင်ငံတကာဆီကရော ဘာတွေမျှော်လင့်နိုင်မလဲ။ ဆရာတွေ မွေးထုတ်ပေးဖို့လောက်တော့ ကူညီသင့်တယ်မထင်ဘူးလား။**

**Dr.M.L :** မြန်မာနိုင်ငံအတွင်းကရော အပြင်ကပါ မျှတတဲ့ အရည်အသွေးမြှင့်တင်ပူးပေါင်းဆောင်ရွက်တာမျိုး ရှိသင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ သီးခြားလိုအပ်ချက်တွေကို နားလည်နိုင်တဲ့သူတွေ လိုတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံရဲ့အခြေအနေကို ကောင်းကောင်းနားမလည်နိုင်ဘဲ အထင်လွဲအမြင်လွဲတွေ ရှိနေတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ လိုအပ်ချက်တွေကို ကောင်းကောင်းနံ့နံ့စပ်စပ်သိထားတဲ့သူတွေ အများကြီးလိုတယ်။ မြန်မာနိုင်ငံတွင်းမှာရှိနေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက ပညာရှင်တွေ ပါဝင်နိုင်သလို ပြည်ပက တက္ကသိုလ်ပါမောက္ခတွေ၊ ပညာရှင်တွေလာရောက်ပြီး မြန်မာပြည်က ပညာရှင်တွေနဲ့ ပူးပေါင်းဗဟုသုတဖလှယ်သွားဖို့လိုမယ်။

**LC : Home-grown တော့ ဖြစ်ရမယ်လို့ ဆိုလိုတာလား။**

**Dr.M.L :** ပြည်ပပညာရှင်တွေနဲ့ ပြည်တွင်းပညာရှင်တွေ ပါဝင်တဲ့ ပြည်တွင်းပြည်ပက ပူးပေါင်းနှီးနှောဖလှယ်ဆောင်ရွက်မှုမျိုးကို ဆိုလိုတာပါ။ မြန်မာနိုင်ငံအတွက် သီးခြားအဖြေရှာတာမျိုး လိုပါတယ်။ တရုတ်နဲ့ အိန္ဒိယတို့ရဲ့ပြဿနာ ဖြေရှင်းနည်းပုံစံတွေ သွားသုံးလို့မဖြစ်ဘူး။ အခြားနိုင်ငံရဲ့ ပေါ်လစီ ကို ငှားကူးသုံးလို့ မကိုက်ညီနိုင်ဘူး။ ဒီလိုအဖြေရှာလို့ မသင့် တော်ဘူး။

Policy Cycle (Three Context) လို့ခေါ်တဲ့ Sociologist Steven Bald က အဆိုပြုထားတဲ့ သီအိုရီအဆင့်သုံးဆင့်အတိုင်း သွားရမယ်။ ပထမအဆင့်က Policy Forum လို့ခေါ်တဲ့ အိုင်ဒီယာ အတွေးအခေါ်တွေ ဖန်တီးတဲ့အဆင့်နဲ့

www.foreverspace.com.mm

အစည်းများ မပေါ်ပေါက်သေးဘဲ သွင်းအားစုမှုများ ပေးသွင်းနိုင်သည့် နည်းလမ်းအချို့ရှိနေသည်ကိုလည်း သဘောမပေါက်ကြသေးသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် Think-Tank ခေါ် ဦးနှောက်အဖွဲ့အစည်းအချို့ ရှိနေသော်လည်း Think-Tank အင်္ဂါရပ်နှင့်ညီညွတ်စွာ လွတ်လပ်သောအဖွဲ့အစည်းများ မဟုတ်ဘဲ အဖွဲ့အစည်းတစ်ခုခု၏ Research Organization သဖွယ် တည်ရှိနေသည်ကို တွေ့ရသည်။




မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍ၏ အားထုတ်မှုဖြင့် Think-Tank အဖွဲ့အစည်းငယ်သုံးခု ပေါ်ပေါက်ခဲ့ဖူးပြီး နှစ်ခုမှာ ယနေ့တိုင် ရှိနေဆဲဖြစ်သည်။ ပုဂ္ဂလိကသင်တန်းကျောင်းတစ်ကျောင်း၊ ပုဂ္ဂလိကဘဏ်တစ်ခုနှင့် ပုဂ္ဂလိကမီဒီယာတစ်ခုတို့က ထူထောင်ထားသော Think-Tank အငယ်စားလေးများ ထူထောင်ခဲ့ကြခြင်းဖြစ်ပြီး ထင်သာမြင်သာသော အကျိုးသက်ရောက်မှုများကိုမူ မမြင်တွေ့ခဲ့ရပါ။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အခြား လူမှုရေးအဖွဲ့အစည်းတစ်ခုတို့ကလည်း Think-Tank အဖွဲ့အစည်းများ ထူထောင်ထားသည်ကို တွေ့ရပါသည်။

အဓိကအချက်မှာ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသော နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် သွင်းအားစုများ ပေးသွင်းရေးကို နိုင်ငံနှင့်လူမျိုးအကျိုးကို လိုလားသူ ပညာရှင်အားလုံးက ဝိုင်းဝန်းအားထုတ်ကြပါမည့်အကြောင်းသာလျှင် ဖြစ်ပါသည်။

**အောင်ထွန်း**

---

စရမယ်။ နောက်တစ်ဆင့်က Policy စာသားတွေရေးဖို့။ အဲဒီလိုရေးတဲ့အခါမှာ ဆုံးဖြတ်သူတွေအားလုံးရဲ့ သဘောတူအကြံပြုချက်တွေကို ချင့်ချိန်ရေးရလေ့ ရှိတယ်။ နောက်ဆုံးအဆင့်ကတော့ ပေါ်လစီစာသားကို လက်တွေ့အသုံးချတာပါ။ မြန်မာနိုင်ငံအတွက် Policy Solution ရေးတဲ့နေရာမှာ Policy Forum အဆင့်အတွက် ပြည်တွင်းရော နိုင်ငံတကာပညာရှင်တွေကပါ ပူးပေါင်းအကြံပေးဖို့လိုပြီး ပေါ်လစီစာသား ရေးသားတာနဲ့ လက်တွေ့အသုံးချတာကို မြန်မာပညာရှင်တွေက လုပ်သွားနိုင်မယ်။

**LC : မြန်မာပညာရှင်တွေအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေအရ Policy Forum အိုင်ဒီယာတွေ စဉ်းစားဆွေးနွေးဖို့ ဘယ်လိုပါဝင်နိုင်မယ်လို့ ယူဆသလဲ။**

**Dr.M.L** : အနောက်နိုင်ငံတွေမှာတောင် လူတိုင်းရဲ့ဆန္ဒတွေ ဒီအဆင့်မှာ မပါနိုင်ဘူး။ မြန်မာနိုင်ငံအတွက် လူမှုရေးအဖွဲ့အစည်းကိုယ်စားပြုတွေ၊ ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုတွေ၊ အစိုးရကိုယ်စားပြုတွေ၊ ဥပမာ–အမျိုးသားညီလာခံမှာ အခြေခံဥပဒေရေး ရေးဆွဲရေးအတွက် ကိုယ်စားလှယ်တွေ တက်ရောက်ဆွေးနွေးအကြံပြုသလိုပဲ ပေါ်လစီတွေ ရေးဆွဲနိုင်တယ်။ အဖြေရှာဖို့လိုအပ်တဲ့ ပြဿနာစာရင်းရေးဆွဲပြီး သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကိုယ်စားလှယ်တွေ ဆွေးနွေးကြရမယ်။ ပေါ်လစီမူကြမ်း ချမှတ်အသုံးချနိုင်တယ်။ ဒါပေမဲ့ သက်ဆိုင်ရာပညာရှင်များ၊ ကိုယ်စားလှယ်အားလုံး ပါဝင်နိုင်ခွင့်နဲ့ ဆွေးနွေးအကြံပြုဖို့ကတော့ အရေးကြီးတယ်။ Stakeholder လို့ ခေါ်တဲ့လူအားလုံး၊ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ အသင်းအဖွဲ့တွေ၊ ပညာရှင်တွေအားလုံး ပါဝင်ဆွေးနွေး အကြံပြုနိုင်ရင် မူဝါဒကောင်းတွေ ထွက်ပေါ်လာမှာ မလွဲဘူး။

## Dr.Marie Lall ၏ ကိုယ်ရေးအကျဉ်း

မွေးသက္ကရာဇ် – ၁၉၇၁ ခုနှစ်တွင် ဂျာမနီ၌ မွေးဖွား။

ပညာအရည်အချင်း – ဘောဂဗေဒ B.A ဘွဲ့ကို London School of Economics မှ ရရှိ။
M.Phill မဟာဒသနဘွဲ့ကို Cambridge University မှ ရရှိ။
Ph.D ဘွဲ့ကို London School of Economics မှ ရရှိ။

အလုပ်အကိုင် – London University ၏ အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်ဌာန၊ ပညာရေးတက္ကသိုလ်တို့တွင် စာသင်ကြား။ London တွင် ရှိသည့် Royal Institute of International Affairs ၏ Fellow ဖြစ်။

www.foreverspace.com.mm

# Education Seminar အမည်ခံ တက္ကသိုလ်ကောလိပ်ကျော်ငြာများအပေါ် မည်သို့မြင်ကြသနည်း

ညဏ်လင်း နှင့် အယ်ဒီတာတစ်ဦး

**ကမ္ဘာကြီးသည် တစ်နေ့တခြား ပညာခေတ်သို့ တိုးဝင်လျက်ရှိပါသည်။ ထိုအခြေအနေကို ရိပ်စားမိသူ ကမ္ဘာ့နိုင်ငံအသီးသီးမှ စီမံခန့်ခွဲသူများက မိမိတို့နိုင်ငံသားများ၏ ပညာရေးရေချိန်ကို နိုင်ငံတကာအဆင့်မီမြှင့်တင်ပေးရန် သူ့နည်းသူ့ဟန်ဖြင့်ကြိုးစားလျက်ရှိကြသည်။ ဤအတွက် ခေတ်သစ်ကမ္ဘာကြီးနှင့် လိုက်လျောညီထွေမှုရှိစေရန် ပညာခေတ်တွင် အံဝင်ခွင်ကျဖြစ်စေရန် ဦးနှောက်ညဏ်စွမ်းရည်၊ တွေးခေါ်စဉ်းစားနိုင်စွမ်းရည်တို့ကို မြှင့်တင်ပေးရာ တက္ကသိုလ်ကောလိပ်များက များစွာအခရာကျလာပါသည်။ ပညာရေးကိုအခြေပြု၍ ဝင်ငွေရှာဖွေသူ တစ်နည်းဆိုရပါက 'ပညာစီးပွား'ရှာသူ နိုင်ငံများကမူ ၎င်းတို့နိုင်ငံရှိ တက္ကသိုလ်ကောလိပ်များ၏ ဈေးကွက်မြှင့်တင်ရေး၊ ကျောင်းသားသစ်ရှာဖွေရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာကြသည်။ အထူးသဖြင့် ပညာရေးရေချိန်မဖြစ်မနေမြှင့်တင်ရန် အပူတပြင်းလိုအပ်နေသော တတိယကမ္ဘာ့နိုင်ငံဈေးကွက်များသည် အဆိုပါတက္ကသိုလ်ကောလိပ်များ၏ ပစ်မှတ်များဖြစ်လာသည်ကို တွေ့ရသည်။ ထိုအခါ မြန်မာနိုင်ငံကဲ့သို့ ပညာဗဟုသုတနှင့် နိုင်ငံတကာအတွေ့အကြုံအားနည်းနေသေးသော တတိယကမ္ဘာ့နိုင်ငံငယ်အချို့သို့ အမည်နာမမျိုးစုံဖြင့် တက္ကသိုလ်၊ ကောလိပ်များက ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်လာကြသည်။ အများဆုံးတွေ့ရသည့်နည်းနာမှာ Education Seminar ခေါ် ပညာရေးဆွေးနွေးပွဲများ ဖြစ်ကြသည်။**

စီးပွားစီမံဒုတိယနှစ်ကျောင်းသား ဝဏ္ဏသည် Education Seminar ခေါ် ပညာရေးဟောပြောပွဲအမည်ခံ ကောလိပ်ကျောင်းကြော်ငြာဟောပြောပွဲများမှရရှိလာသော လက်ကမ်းကြော်ငြာများကို တစ်ခုပြီးတစ်ခုလှန်လှောကြည့်ရင်း ထိုကျောင်းများသို့ သွားရောက်ပညာသင်ကြားလိုသည့်စိတ်များ တဖွားဖွားပေါ်လျက်ရှိသည်။ သို့ရာတွင် ၎င်း၏မိသားစုမှ ထောက်ပံ့ပေးနိုင်မည့် ပညာသင်စရိတ်နှင့် များစွာအလှမ်းကွာဟလျက်ရှိနေပေရာ နောက်ထပ် ကျင်းပလာဦးဖွယ်ရှိသည့် ကျောင်းကြော်ငြာဟောပြောပွဲတစ်ခုခု၌ ၎င်းမျှော်လင့်သောစရိတ်နည်းကောလိပ်တစ်ခုအကြောင်း ကြားကောင်း ကြားရနိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် သတင်းစာ၊ ဂျာနယ်များ မပြတ်တမ်းဖတ်၍ နားစွင့်နေသည်ဟုဆိုပါသည်။




ဝဏ္ဏနည်းတူ ပညာရေးဆွေးနွေးပွဲသတင်းကို နားစွင့်နေသူများထဲ၌ အောင်ထွန်းတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သို့သော် ဝဏ္ဏနှင့် ခြားနားသည်မှာ အောင်ထွန်းသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ရရှိထားသူဖြစ်ပြီး ကျောင်းသားဗီဇာရယူ၍ စင်ကာပူသို့ အလုပ်ထွက်လုပ်ရန်ဖြစ်သည်။ "ကျောင်းသားဗီဇာနဲ့ဆိုရင် တကယ်လို့အလုပ်ရှင်ဘက်က တခြားနိုင်ငံသားတွေနဲ့ တန်းတူမဆက်ဆံဘူးဆိုရင်၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးမပေးဘူးဆိုရင် အရေးဆိုလို့ရတယ်။ နောက်ပြီး အခြားအခွင့်အရေးတွေလည်း ရှိတယ်လို့ကြားဖူးတယ်" ဟု အောင်ထွန်းက ဆိုသည်။

www.foreverspace.com.mm

သို့ဖြစ်သည့်အလျောက် ၂၀၀၅ နှစ်ဆန်းပိုင်းမှစတင်၍ ပုံစံအမျိုးမျိုးဖြင့် ကျင်းပပြုလုပ်လာသော ကောလိပ်ကျောင်း ကြော်ငြာဟောပြောပွဲများသို့ တက်ရောက်လာကြသူထက်ဝက်မှာ အောင်ထွန်းကဲ့သို့ ကျောင်းသားဗီဇာဖြင့် အလုပ်လုပ်လိုသူ လူငယ်များဖြစ်ကြောင်း ကျောင်းအေးဂျင့်တစ်ဦး၏ အဆိုအရ သိရသည်။

အောင်ထွန်းကဲ့သို့ ကျောင်းတက်ရေးထက် ကျောင်းသားဗီဇာရရှိရေးကို အဓိကထားစုံစမ်းသူများလာ၍ သက်ဆိုင်ရာနိုင်ငံမှ အလုပ်အေးဂျင့်တစ်ခုခုနှင့် ချိတ်ဆက်ပေးလာသည့် အလုပ်ရှာဖွေပေးရေး အေဂျင်စီတစ်ပိုင်း ကျောင်းအေးဂျင့်များလည်း ယခုနောက်ပိုင်း ပေါ်ပေါက်လာလျက်ရှိကြောင်း ပညာရေးလောကမှ စုံစမ်းသိရှိရသည်။

အဆိုပါကျောင်းအေးဂျင့်များမှ ကျင်းပသော ပညာရေးဟောပြောပွဲများသို့ တက်ရောက်ဖူးသူအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်များ အကြောင်း သိလိုသည်ထက် ပညာသင်စရိတ်(Scholarship)ရနိုင်၊ မရနိုင်သိလို၍ တက်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း ဇန်နဝါရီလ ဒုတိယပတ်အတွင်းက The Voice Weekly မှပြုလုပ်သော စစ်တမ်းတစ်ရပ် ကဖော်ပြသည်။

## စစ်တမ်းကဖော်ပြသော ပညာရေးဟောပြောပွဲအပေါ် ရှုမြင်ချက်များ

ကျောင်းသားနယ်မြေဟုဆိုရမည့် ကမာရွတ်(လှည်းတန်း)နှင့် မြို့ထဲတစ်နေရာတို့၌ပြုလုပ်သည့် အဆိုပါစစ်တမ်း၌ 'မည်သည့်မျှော်လင့်ချက်ဖြင့် ပညာရေးဟောပြောပွဲများသို့ တက်ရောက်ခဲ့သနည်း'၊ 'မှန်းထားသည့်အတိုင်း ရလဒ်ကောင်းပေါ်ထွက်ခဲ့ပါသလား'၊ 'သက်ဆိုင်ရာတက္ကသိုလ်ကောလိပ် ကိုယခင်က ကြားခဲ့ဖူးပါသလား'၊ 'သင်တန်းကြေးမှာ သင်တတ်စွမ်းနိုင်သည့် အတိုင်းအတာတွင်းရှိပါသလား'၊ 'အေးဂျင့်ပြောသော စကားများထဲမှ အမှတ်မိဆုံးစကား'၊ 'အဆိုပါအေးဂျင့်သည် သင့်အတွက် ယုံကြည်ထိုက်သူဖြစ်သူဟု ထင်မြင်မိပါသလား'၊ 'ပြည်ပပညာသင်ကြားရေးအတွက် အခြားလမ်း (Alternative) သည် မည်သည့် လမ်းဖြစ်သည်ဟု ထင်သနည်း' စသော မေးခွန်းများကို မေးမြန်းခဲ့ပါသည်။

အဆိုပါမေးခွန်းများကို ဖြေဆိုခဲ့ကြရာ၌ ပညာသင်စရိတ်(Scholarship)အကြောင်း ကြားရမည်အထင်နှင့် တက်ရောက်ခဲ့ကြပါသည်ဟု ဖြေဆိုခဲ့ကြသော ကျောင်းသား ၉၀ ရာခိုင်နှုန်းက မှန်းချက်နှင့် မကိုက်ညီခဲ့ကြောင်း ဖြေဆိုခဲ့ကြသည်ကို တွေ့ရသည်။ ကျန် ၁၀ ရာခိုင်နှုန်းကမူ ပြည်ပတက္ကသိုလ်ကောလိပ်များ၏ သဘောသဘာဝကို သိရှိနားလည်လိုသော ရည်ရွယ်ချက်ဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့မှန်းချက်အတိုင်း ထွက်ခြေကိုက်ခဲ့ကြောင်း ဖြေဆိုခဲ့ကြသည်။

ဒုတိယမေးခွန်းဖြစ်သည့် 'သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်ကို ယခင်က ကြားခဲ့ဖူးပါသလား'မေးခွန်းကို ဖြေဆိုခဲ့ကြရာ၌ ကျောင်းအေးဂျင့်များက ၎င်းတို့၏ ကောလိပ်ကျောင်းများသည် သက်ဆိုင်ရာနိုင်ငံ၌ နာမည်ရနိုင်ငံတကာအသိအမှတ်ပြုကျောင်းများဖြစ်ကြောင်း ထုတ်ဖော်ကြော်ငြာသော်လည်း ဖြေဆိုသူအားလုံးက ယခင်ကကြားဖူးခဲ့ခြင်းမရှိကြောင်း တညီတညွတ်တည်းဖြေဆိုခဲ့ကြသည်ကို အံ့ဩဖွယ်တွေ့ရသည်။

'သင်တန်းကြေးမှာ သင်တတ်စွမ်းနိုင်သည့် အတိုင်းအတာအတွင်းရှိပါသလား' မေးခွန်းအားဖြေဆိုခဲ့ကြရာ၌ ဖြေဆိုသူ ၂၀ ဦးအနက် တစ်ဦးကသာ တတ်စွမ်းကောင်း တတ်စွမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဖြေဆိုခဲ့သော်လည်း ကျန် ၁၉ ဦးကမူ ပညာသင်



www.foreverspace.com.mm

စရိတ်ထောက်ပံ့ကြေး ချီးမြှင့်ခံရလျှင်ပင် သွားရောက်သင်ကြားနိုင်မည့် အခြေအနေမရှိကြောင်း ဖြေဆိုခဲ့ကြသည်။

'ကျောင်းအေးဂျင့်များအပေါ် ယုံကြည်မှုရှိ မရှိ'ဟူသော မေးခွန်းကို ဖြေဆိုခဲ့ကြရာ၌ ၈၀ ရာခိုင်နှုန်းက ယတိပြတ်ပြောဆိုရန်ခဲယဉ်းကြောင်း ဖြေဆိုခဲ့ကြပြီး ကျန် ၂၀ ရာခိုင်နှုန်းကမူ ယုံကြည်နိုင်လောက်သည့် အနေအထားရှိကြောင်း ဖြေဆိုခဲ့ကြသည်ကို တွေ့ရသည်။

ယတိပြတ်အဖြေပေးရန်ငြင်းဆန်သူ ၈၀ ရာခိုင်နှုန်း(၁၆ ဦး)ထဲမှ မြင့်သူရဆိုသူက "ဒီဇင်ဘာလလယ်လောက်က မြို့ထဲက ဟိုတယ်တစ်ခုမှာ ကျင်းပသွားတဲ့ ပညာရေးဟောပြောပွဲတစ်ခုမှာ ကျောင်းအေးဂျင့်တစ်ယောက်ဖြစ်တဲ့ နာမည်ရကျူရှင်ဆရာတစ်ဦးက ကျွန်တော်တို့လို မြန်မာလူငယ်တွေ နိုင်ငံတကာပညာရေးနဲ့ ယဉ်ပါးစေချင်လွန်းလို့ ဝန်ဆောင်ခတစ်ပြားမှမယူဘဲ အခမဲ့ ဆောင်ရွက်ပေးမယ်လို့ ဆိုတယ်။ အဲဒါမျိုးကျတော့ ကိုယ့်ဘက်က ပုံအပ်လိုက်လို့လည်း နစ်နာသွားစရာမရှိဘူးလို့ ထင်တယ်"ဟု ၎င်း၏အယူအဆကို ပြောပြသည်။

သို့သော် အကျိုးအမြတ်မရနိုင်ပါလျှင် မည်သူမျှ ကျောင်းအေးဂျင့်အလုပ်ကို လုပ်စားကြလိမ့်မည်မဟုတ်ကြောင်း၊ အချို့အေးဂျင့်များအနေဖြင့် ကျောင်းသားရှာပေးနိုင်မှုအပေါ်မူတည်၍ အကျိုးဆောင်ခ မြီးမြီးမြက်မြက်ရတတ်ကြကြောင်း၊ သို့ဖြစ်ရာ အေးဂျင့်များအနေဖြင့် ကျောင်းသားရရေးကို အဓိကဦးတည်ကြမည်ဖြစ်၍ ပိုမိုချဲ့ကားကြော်ငြာမှုများလည်း ကင်းလိမ့်မည်မဟုတ်ကြောင်း မြန်မာ့ပညာရေးလောက လေ့လာသူတစ်ဦးက ဆိုသည်။

'ကျောင်းအေးဂျင့်များပြောသော စကားများထဲမှ အမှတ်မိဆုံးစကား'ဟူသည့် မေးခွန်းအောက်၌ ထူးခြားစွာ တွေ့ရသည်မှာ အချို့အေးဂျင့်များသည် မြန်မာကျောင်းသားများအား ဗဟုသုတဖြန့်ဝေလို၍ ပြည်ပ၌ အတန်ကြာလေ့လာခဲ့ပြီးမှ နောက်ဆုံးမြန်မာကျောင်းသားများနှင့် အဆင်ပြေနိုင်လောက်မည်ဟုယူဆရသည့် ကောလိပ်ကျောင်းကောင်းကောင်းတစ်ခုကိုတွေ့ရှိခဲ့ပြီး ယခုကဲ့သို့ မိတ်ဆက်ပေးရခြင်းဖြစ်ကြောင်း ပြောဆိုမှုများရှိသည်ဟု ဆိုပါသည်။

ကျောင်းသားဗီဇာရရှိရေးအတွက် အေးဂျင့်များနှင့် လှည့်လည်တွေ့ဆုံလာခဲ့သူ အောင်ထွန်းကမူ ၎င်းနှင့်တွေ့ဆုံခဲ့သော ပညာရေးအတိုင်ပင်ခံအဖြစ် ခံယူထားသူက ပြည်ပနိုင်ငံတစ်ခုရှိသင်တန်းများ၊ ဟောပြောပွဲများသို့ ဒေါ်လာထောင်ချီ၍ တက်ရောက်ထားခဲ့ရခြင်းဖြစ်ကြောင်း မကြာခဏထည့်သွင်းပြောကြားလေ့ရှိသည်ဟု ဆိုပါသည်။

nw83 ဟု အမည်ပေးထားသူ တစ်ဦးကမူ နာမည်ရကျူရှင်ဆရာတစ်ဦးက မြန်မာကျောင်းသားများ အနောက်နိုင်ငံများသို့ သွားရောက်ပညာသင်ကြားပါက ကုန်ကျစရိတ်များခြင်း၊ ယဉ်ကျေးမှုချင်းတိုး တိုက်မိနိုင်ခြင်း၊ အနည်းဆုံးအိမ်လွမ်းခြင်းတို့ကို မလွဲမသွေခံစားကြရဖွယ်ရှိ၍ မြန်မာနိုင်ငံနှင့် အနီးစပ်ဆုံး ပတ်ဝန်းကျင်နိုင်ငံများသို့ ကျောင်းသွားတက်ပါက ကျောင်းစရိတ်သက်သာသည့်အပြင် ယဉ်ကျေးမှုမှာလည်း များစွာကွာခြားမှုမရှိ၍ ဆက်ဆံရလွယ်ကူနိုင်ခြင်း၊ မိဘများနှင့်လည်း အချိန်မရွေး တွေ့ဆုံနိုင်ခြင်းစသော အားသာချက်များရှိသည်ဟု အဆိုပါ ကျူရှင်ဆရာက ပြောဆိုခဲ့သည်ဟု ဆိုသည်။

သို့သော်လည်း အထက်ပါနာမည်ရကျူရှင်ဆရာတစ်ဦး၏အဆိုမှာ အမေရိကန်စင်တာ၌ Xavier University မှ ၎င်းတို့၏ တက္ကသိုလ်အကြောင်း လာရောက်ဟောပြောစဉ် မြန်မာနိုင်ငံဘက်မှ ပညာရေးအတိုင်ပင်ခံ ဒေါ်ရှယ်လီ ပြောပြသော အောက်ပါအယူအဆနှင့် ဆန့်ကျင်လျက်ရှိနေသည်ကို တွေ့ရသည်။

"တက္ကသိုလ်တက်တယ်ဆိုတဲ့ သဘောက ပညာသင်ရုံတင်မဟုတ်ဘူး။ အရပ်ဒေသအသီးသီးက ကိုယ်နဲ့ယဉ်ကျေးမှုချင်းမတူညီတဲ့လူငယ်တွေ စုပေါင်းနေထိုင်ကြတဲ့၊ ယဉ်ကျေးမှုချင်းဖလှယ်ကြတဲ့နေရာဖြစ်တယ်။ အိမ်လွမ်းမှာစိုးလို့၊ ယဉ်ကျေးမှုချင်းမတူတဲ့လူတွေနဲ့ ပေါင်းသင်းရအဆင်မပြေမှာစိုးလို့ စတဲ့အချက်ကြောင့် အနောက်ကို ပညာသွားမသင်ဘူးဆိုတာမျိုးမဖြစ်သင့်ဘူး"

'ပြည်ပပညာသင်ကြားရေးအတွက် အခြားလမ်းသည် မည်သည့်လမ်းဖြစ်သည်ဟု ထင်သနည်း'ဟူသော မေးခွန်းကို ဖြေဆိုခဲ့ကြရာ၌ ၂၀ ဦးအနက် ၁၇ ဦးက ပညာသင်စရိတ်ထောက်ပံ့နိုင်မည့် အဖွဲ့အစည်းများကို ရှာဖွေခြင်းဟု ဖြေဆိုခဲ့ကြသော်လည်း မည်သည့်နည်းဖြင့် ရှာဖွေမည်ဆိုသည်ကိုမူ ထည့်သွင်းရေးခဲ့ကြခြင်းမရှိသည်ကို တွေ့ရသည်။ ကျန်သုံးဦးက ဂျာနယ်များဖတ်ရှုလေ့လာခြင်းဖြင့် အခြားလမ်းကို ရှာကြံမည်ဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။



အထက်ပါနောက်ဆုံးမေးခွန်းနှင့် စပ်လျဉ်း၍ The Voice Weekly ၏ ပင်တိုင်ဆောင်းပါးရှင် အောင်ကျော်စိုးက "ဒီ

www.foreverspace.com.mm

နောက်ပိုင်း အချို့ကျောင်းအေးဂျင့်တွေက ကြော်ငြာပုံစံမျိုး တိုက်ရိုက်ဝင်တဲ့နည်းကို မကျင့်သုံးကြဘဲ သတင်းထောက်တွေကို သတင်းပေးချင်လို့ပါဆိုပြီး သူတို့ကြော်ငြာကို သတင်းဖြစ်အောင် ရေးခိုင်းတာတွေ ရှိလာနေတာကို တွေ့ရတယ်။ တချို့ဆို သက်ဆိုင်ရာနိုင်ငံရဲ့ သံရုံးထီးရိပ်အောက်ကနေပြီး တက္ကသိုလ်ကောလိပ်ကြော်ငြာတာတွေ ရှိနေတော့ ဘာပဲဖြစ်ဖြစ် ကိုယ်ကိုယ်တိုင် ကျောင်းစုံစမ်းသင့်ပါတယ်။ သူတို့ကြော်ငြာတွေအပေါ်အခြေခံပြီး တခြားကျောင်းတွေကို ဖြည့်စွက်စုံစမ်းနိုင်ရင် အကောင်းဆုံးပဲ”ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

## မေးခွန်းမေးပါ

အမေရိကနှင့် ဥရောပအပါအဝင် သြစတြေးလျ၊ ဂျပန် အစရှိသည့် နိုင်ငံများရှိ တက္ကသိုလ်ကောလိပ်များသို့ ပညာသင်သွားရောက်လိုသူ မြန်မာလူငယ်ကျောင်းသားများအနေဖြင့် ထိုနိုင်ငံတို့၏ နေထိုင်မှုစရိတ်စကကြီးမြင့်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံကွာဟချက်တို့ကြောင့် စိတ်ဝင်စားသော်ငြား လက်လှမ်းမမီနိုင်သူ နည်းပါးသည်ကို တွေ့ရသည်။ အဆိုပါအခြေအနေနှင့်မတူသော အာရှတိုက်အတွင်းရှိ စင်ကာပူ၊ ထိုင်း၊ မလေးရှား အစရှိသည့် နိုင်ငံတို့ရှိ တက္ကသိုလ်ကောလိပ်များမှာမူ ကမ္ဘာ့အဆင့်တွင် တန်းမဝင်သေးသော်လည်း မြန်မာလူငယ်ကျောင်းသားအများစု စိတ်ဝင်စားကြသည်ကို တွေ့ရသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မိတ်ဆက်သည့် တက္ကသိုလ်ကောလိပ်များနှင့် ယင်းတို့၏ အေးဂျင့်ခေါ် ကိုယ်စားလှယ်များ၏ အမွှမ်းတင်ညွှန်းဆိုချက်များကရော မည်မျှမှန်ကန်နိုင်ပါသနည်း။ မည်မျှအာမခံနိုင်ပါသနည်း။ ငွေကြေးများစွာ မတတ်နိုင်ကြသော်ငြား ပညာကို အငမ်းမရရှာဖွေလိုသူ မြန်မာလူငယ်များအတွက် ဘယ်သို့သော နည်းလမ်းများ ညွှန်ပြနိုင်ကြပါသနည်း။ အကယ်၍ တက်ရောက်သင်ကြားပြီးပါက မည်သို့အကျိုးရှိနိုင်မည်နည်း။ ကုန်ကျမည့် ငွေကြေးနှင့် ထိုက်တန်သောပညာရနိုင်ကြပါမည်လား။ ဖော်ပြပါမေးခွန်းများကိုရော သက်ဆိုင်ရာတက္ကသိုလ်ကောလိပ်များ၏ ကိုယ်စားလှယ်များကို မြန်မာကျောင်းသားများ မေးခွန်းထုတ်နိုင်ကြပါသလော။ မေးခွန်းထုတ်နိုင်သူရှိသော် မည်သို့သောအဖြေစကား ကြားသိကြရပါသနည်း။ မေးခွန်းအပေါ် မေးခွန်းဆင့်ကြည့်ဖို့ လိုပေမည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စသည် သာမန်ပို့ကုန်သွင်းကုန်ပစ္စည်းတစ်ခု၏ အရေးအရာမဟုတ်။ ပထမဦးစွာ ပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ၏ အနာဂတ်နှင့်သက်ဆိုင်သည်။ ဒုတိယက ထိုလူငယ်ကျောင်းသားများ၏ ကျောင်းစရိတ်ထောက်ပံ့ကြရမည့်မိဘများ၊ တတိယအနေဖြင့် ထိုကျောင်းသားလူငယ်များ၏ မွေးရပ်မြေမိခင်နိုင်ငံ့အနာဂတ်တို့ပင်ဖြစ်သည်။ များစွာထင်ရှားသည့်အချက်မှာ ကျောင်းသားလူငယ်၊ မိဘများရော နိုင်ငံတစ်ခုလုံးအတွက်ပါ များစွာအရေးကြီးသည်ဆိုခြင်းပင် ဖြစ်သည်။

တစ်ကြိမ်တစ်ခါမျှပင် မကြားဖူးသော တက္ကသိုလ်ကောလိပ်များ၊ မစားရဝခမန်းသွားရည်ယိုလောက်အောင် အမွှမ်းတင်ညွှန်းဆိုသော ကိုယ်စားလှယ်များ၊ တက္ကသိုလ်ဝင်ခွင့်နှင့် မည်သို့သော တက္ကသိုလ်မျိုးဆိုသည် မသိရခင် ဟောပြောပွဲတက်ရောက်ခသောင်းချီအကြံဉာဏ်ပေးခ ထောင်သောင်းချီပေးရသော မိတ်ဆက်ဟောပြောပွဲများ၊ ဝန်ဆောင်ခယူ၍ ကျောင်းဝင်ခွင့်လောက်သာလျှောက်ပေးသည့်လုပ်ငန်းများ၊ တက္ကသိုလ်ဝင်ခွင့်ဖြေဆိုနည်းလမ်းညွှန်သင်တန်းလောက်ကို သင်တန်းကြေးတစ်ခုနှင့်တစ်ပိုးတောင်းခံနေသူများကိုမူ မိမိတို့သားသမီးများ နိုင်ငံခြားပို့၍ ကျောင်းထားသည်ဟု ပတ်ဝန်းကျင်တွင် မော်ကြွားချင်သူ မိဘများ၊ သိစေချင်တတ်စေချင်လွန်းအားကြီး၍ အမှန်အမှားမခွဲခြားနိုင်သူ၊ ဆင်ခြင်သုံးသပ်မှုအားနည်းသူမိဘများ၊ ပြည်ပတွင် ပညာသင်ရလျှင်ပြီးရောဆိုသူ ကျောင်းသားလူငယ်များ သတိပြုဆင်ခြင်ဖို့ လိုပေမည်။

## ခေတ်သစ် ‘အ’ သုံးလုံးကျေသလား

ပြည်ပတွင် ပညာသင်ကြားလိုသူ ကျောင်းသားလူငယ်များအတွက် မရှိမဖြစ် အရေးကြီးဆုံးမှာ ‘အ’ သုံးလုံး ခေါ် အင်္ဂလိပ်စာကျွမ်းကျင်မှု၊ အင်တာနက်နှင့်ယဉ်ပါးမှုနှင့် အိုင်တီနည်းပညာအထိအတွေ့ဖြစ်ပါသည်။ အကြောင်းမှာ မိမိအရည်အချင်းနှင့် ကိုက်ညီသော တက္ကသိုလ်၊ မိမိဝါသနာပါသော အထူးပြုဘာသာရပ်၊ မိမိနှင့်အဆင်ပြေနိုင်မည့်နိုင်ငံ၊ မိမိ ကျခံသုံးစွဲနိုင်သော ငွေကြေးနှင့်ဆီလျော်မည့် ပညာသင်စရိတ်၊ ကျောင်းတစ်ဖက်နှင့် အလုပ်လုပ်ကိုင်ခွင့်ရှိမရှိ၊ ဘာသာရပ်အလိုက်၊ ဌာနအလိုက် ပါမောက္ခနှင့် ဆရာ ဆရာမများ၏ ကိုယ်ရေးရာဇဝင်၊ မိမိရွေးချယ်မည့် တက္ကသိုလ်၊ ကောလိပ်၏ နိုင်ငံတကာအဆင့် အစရှိသည်တို့ကို အင်တာနက်ပေါ်ရှိ သက်ဆိုင်ရာဝက်ဘ်ဆိုက်တွင် လေ့လာကြည့်ရှုနိုင်သောကြောင့်ပင် ဖြစ်ပါသည်။ ထို့အတွက် မြန်မာလူငယ်ကျောင်းသားကျောင်းသူများအနေဖြင့် ပြည်ပတက္ကသိုလ်တစ်ခုခုတွင် ပညာဆက်လက်သင်ကြားလိုပါက အင်္ဂလိပ်စာ၊ အိုင်တီ၊ အင်တာနက်တို့နှင့် ယဉ်ပါးခြင်းရှိမရှိ တစ်နည်းဆိုရလျှင် ခေတ်သစ် ‘အ’ သုံးလုံးကျေမကျေ မိမိကိုယ်မိမိ မေးခွန်းထုတ်ရန်လိုပါသည်။ အိမ်နီးချင်းနိုင်ငံများတွင်ဖြစ်စေ၊ အမေရိကနှင့် ဥရောပနိုင်ငံများတွင်ဖြစ်စေ မည်သည့်တက္ကသိုလ်၊ ကောလိပ်မဆို ခေတ်သစ် ‘အ’ သုံးလုံးအခြေခံမရှိလျှင် တက်ရောက်ခွင့်ရနိုင်မည်မဟုတ်ပေ။

“ပွဲစားကတော့ သူ့ကျောင်းကောင်းကြောင်းကိုပဲပြောမှာပဲ။ တချို့ဟာတွေက သူတို့ပြောမှ ကိုယ်သိရတာတွေလည်းရှိတော့ သူတို့ကို အနုတ်လက္ခဏာဆောင်တဲ့အမြင်မျိုးနဲ့ချည်း ရှုမြင်လို့လည်းမဖြစ်ဘူး။ အမှန်ကတော့ ကျွန်မအမြင် မြန်မာလူငယ်တွေ ကျောင်းအေးဂျင့်တွေကို ကြားခံလာရတာက ဒီဘက်ခေတ်မှာ ပြောပြောနေကြတဲ့ ‘အ’ သုံးလုံးမကျေတဲ့ပြဿနာပဲ။ ‘အင်္ဂလိပ်စာ’ မတတ်တော့ ‘အင်တာနက်’ကောင်းကောင်း မသုံးဖြစ်ဘူးဖြစ်သွားတယ်။ တစ်ချိန်တည်းမှာပဲ ‘အီးမေးလ်’နဲ့ တစ်ဖက်ကကျောင်းအကြောင်း မစုံစမ်းဖြစ်တော့ဘူး။ တကယ်ဆို ကိုယ်ကျောင်းသွားတက်မယ့်နိုင်ငံရဲ့စည်းမျဉ်းဥပဒေကို သိဖို့၊ ကိုယ့်စိတ်ကြိုက်ကျောင်းရွေးနိုင်ဖို့ဆိုရင် အင်တာနက်မှာ ရှာလို့ရနေတာပဲ။ နိုင်ငံရပ်ခြားကို စွန့်စွန့်

www.foreverspace.com.mm

စားစား ပညာသွားသင်မယ့်သူတွေအနေနဲ့ ဒီရောက်တော့ ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ လိုမယ်ထင်တယ်”ဟု အင်္ဂလိပ်ဘာသာစကား သင်တန်း ဖွင့်လှစ်သင်ကြားပို့ချပေးနေသူ ဆရာမတစ်ဦးကဆိုသည်။

## ထိုက်တန်သူများဖြစ်ရန်လိုသည်

မြန်မာလူငယ်များ နိုင်ငံတကာသို့ ထွက်၍ ပညာဆက်လက်ရှာဖွေဆည်းပူး လိုကြသည်မှာ ကောင်းသောလက္ခဏာ တစ်ရပ် ဖြစ်ပါသည်။ လက်ရှိပြည်တွင်း တွင် သင်ယူလေ့လာထားသမျှနှင့် မရောင့်ရဲ နိုင်၍ နိုင်ငံတကာအဆင့်မီပညာရေးကို လို ချင်ရချင်သည့်လူငယ်များ တိုးပွားလာခြင်း သည် နိုင်ငံ၏အနာဂတ်အတွက်လည်း အပေါင်းလက္ခဏာသဘောဆောင်ပါသည်။ ပေးဆပ်ရမည့်အချိန်ကာလ၊ ကုန်ကျမည့် ငွေကြေးမကာမိသော၊ သက်ဆိုင်ရာနိုင်ငံ များတွင် အလုပ်လုပ်ကိုင်ခွင့်ရ ကျောင်းလခ ယူ၍ အမည်ခံကျောင်းသက်သက်များနှင့် ဆက်သွယ်မိ၍ မည်မည်ရရ အသက်မွေး ဝမ်းကျောင်းပညာရေးမရှိသော ရိုက်စား တက္ကသိုလ်၊ ကောလိပ်များ၊ ရိုက်စားကျောင်း ကိုယ်စားလှယ် အမည်ခံများနှင့် တွေ့ကာ အနုတ်လက္ခဏာသဘော ဆောင်မသွားကြ ရန်သာ အရေးကြီးပါသည်။ ပြည်ပတက္ကသိုလ်၊ ကောလိပ်တစ်ခုခုသို့ အမှန်တကယ်ပညာ လိုလား၍ အမှန်တကယ် တက်ရောက်လို သူကျောင်းသား လူငယ်များအနေဖြင့် မြန်မာ နိုင်ငံတွင်ပင် ကုန်ကျစရိတ်နည်းနည်းနှင့် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်နိုင်ပါ သည်။ မိမိဘက်က သက်ဆိုင်ရာတက္ကသိုလ် ကောလိပ်မှ သတ်မှတ်ထားသော အရည်အချင်း နှင့် ကိုက်ညီနေမှသာ မိမိလည်း ဂုဏ်သိက္ခာ ရှိ၊ မိမိကိုယ်စားပြုနေသည့်နိုင်ငံနှင့် လူမျိုး လည်း ဂုဏ်သိက္ခာရှိမည်ဖြစ်ပေသည်။ မိမိ တက်ချင်သောတက္ကသိုလ်နှင့် သင်ယူလေ့ လာချင်သော ဘာသာရပ်ကို ရှင်းလင်းစွာ သိထားပါက ကိုယ်စားလှယ်များက စီစဉ် ပြုလုပ်သော ပညာရေးဆွေးနွေးပွဲများတွင် တက်ရောက်စုံစမ်းနိုင်ရုံသာမက သက်ဆိုင် ရာ တက္ကသိုလ်ကောလိပ်၏ Website အတွင်း မိမိကိုယ်တိုင်အင်တာနက်မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အချုပ်ဆိုရသော် မြန်မာနိုင်ငံတွင် နိုင်ငံတကာတက္ကသိုလ်များမှ ပညာရေး ဆွေးနွေးပွဲများ လာရောက်ကျင်းပခြင်း သည် ပညာလိုလားသူ လူငယ်များအတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ သို့သော် ထိုအခွင့်အလမ်းသည် လမ်းစတစ်ခုမျှသာ ဖြစ်ပြီး ယင်းလမ်းစကိုအခြေခံ၍ သိလို သည်များကို နယ်မြေအတားအဆီးနှင့် အချိန်အဟန့်အတားမရှိ အပြည့်အဝလွတ် လပ်စွာ ဝင်ရောက်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်အင်တာနက်မှတစ်ဆင့် မိမိအနာ ဂတ်လမ်းကြောင်းကို အသေးစိတ်ထပ်မံ ရှာဖွေနိုင်ပါသည်။

အဓိကအရေးအကြီးဆုံးအချက်မှာ မိမိတွင်ထိုက်တန်သောအရည်အချင်းရှိနေ ရေးအတွက် မိမိဘာသာဖြည့်ဆည်းထားရန် သာ ဖြစ်ပါသည်။

**ဉာဏ်လင်း နှင့် အယ်ဒီတာတစ်ဦး**

ကြော်ငြာ

www.foreverspace.com.mm





ဤကဏ္ဍတွင် .....

၄၈ ကမ်းခြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့် အစိမ်းရောင်အညွန့်
၅၆ မြန်မာ့ဒီဂျစ်တယ်ဈေးကွက်အတွက် ဖြည့်ဆွက်ရမည့် ကွက်လပ်
၆၂ မြန်မာနိုင်ငံနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ
၇၄ ပို့ကုန်စာရင်းဝင်၌ ရင်းနှီးမြှုပ်နှံမှုကြီးမားလာသော ဆံကောသာဈေးကွက်
၇၉ ရန်ကုန် ကုန်စည်ဈေးကွက်

# ကမ်းခြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့် အစိမ်းရောင်အညွန့်

တင်အောင်ကျော်

မြန်မာနိုင်ငံ၏ ပထဝီမြေမျက်နှာပြင်အနေအထားအရ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သော သဘာဝသစ်တောများ၊ အပန်းဖြေကမ်းခြေစရိယာနေရာများ ကြွယ်ဝစွာ တည်ရှိနေပါသည်။ ခရီးသွားလုပ်ငန်းနယ်ပယ် ယခုထက် ပိုမိုဖွံ့ဖြိုးလာရေးအတွက် အားစိုက်တိုးမြှင့်လုပ်ဆောင်ဖွယ်ရှိသည်များကို လုပ်ဆောင်နေခြင်းဖြင့် နိုင်ငံကဏ္ဍတိုးလာစေရေးအတွက်ရော သက်ဆိုင်ရာခရီးသွားဒေသများရှိ လူထုဝင်ငွေတိုးလာစေရေးအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း ဤနယ်ပယ်မှရရှိသောဝင်ငွေနှင့် အကျိုးရလဒ်တို့သည် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးမယုတ်လျော့စေဘဲ အသီးအပွင့်များ စဉ်ဆက်မပြတ် ရေရှည်ဆွတ်ခူးစားသုံးနိုင်သည့် အဖိုးတန်နယ်ပယ်တစ်ရပ်အဖြစ် ရပ်တည်နိုင်စေရန်မှာလည်း များစွာအရေးကြီးပါသည်။

## အရည်ပျော်လာသောကမ်းခြေများ

ယနေ့အဖို့ မန်ကျည်းချောင်းရွာသူ ကြုံကြုံဝင်း ၇၇ နှစ်၏ မျက်လုံးမှုန်မှိန်သည့် သူ့ရှေ့ရှိ ပလတ်စတစ်ပုံးအတွင်းမှ ကျပ် ၂၅၀၀ ဖိုးခန့်ရှိ ကဏန်းအရှင်များသာ ဖြစ်သည်။

အချိန်ကား မွန်းလွဲတော့မည်။ နံနက်ကတည်းက ချောင်းသာကမ်းခြေတစ်ဝိုက် သူ လိုက်လံရောင်းချနေသော ကဏန်းအရှင်များက ဝယ်သူမရှိ၍ ဈေးဦးမပေါက်စေသေး။ "ကဏန်းတွေ ဝယ်ပါဦးလား။ ကဏန်းတွေဝယ်ရင် ညနေကျ ဟင်းချက်ပြီး လာပို့ပေးပါမယ်"ဟု ဈေးမဆစ်ခင်ကပင် လျှော့ချင်နေသည့် နှမ်းလျစလသံပေါ်တိုးတိုးဖြင့် ဆိုသည်။

ယခုကဲ့သို့ ကြုံတွေ့နေရသော အခက်အခဲအခြေအနေများသည် ချောင်းသာဒေသခံ ကြုံကြုံဝင်းတစ်ဦးတည်းသာ မဟုတ်။ မြန်မာနိုင်ငံရှိ ကမ်းခြေအချို့၏ ဖွံ့ဖြိုးမှုများနောက်ကွယ်တွင် ဈေးရောင်းသူအဖြစ်သို့ ပြောင်းလဲသွားကြသည့် ဒေသခံများ တစ်နေ့တခြား တိုးတက်များပြားလာမှုကြောင့် ၎င်းတို့ကြုံတွေ့ကြရသည့် ဆင်တူယိုးမှားအခြေအနေများပင် ဖြစ်သည်။

"ကမ်းခြေက စည်လာတော့ အနီးနားပတ်ဝန်းကျင်ကလူတွေကပါ ဝင်ငွေကောင်းတဲ့ ဈေးရောင်းတဲ့အလုပ်ကို ပြောင်းလုပ်လာကြတယ်"ဟုလည်း ချောင်းသာကမ်းခြေအနီး မန်ကျည်းချောင်းကျေးရွာ နေထိုင်သူတစ်ဦးက ပြောသည်။

ကြုံကြုံဝင်းကဲ့သို့ ဒေသခံဘဝတွေ ပေါင်းလွှက်ဈေးသည်အများအပြား ဈေးရောင်းနေကြရသော ချောင်းသာကမ်းခြေသည် အပန်းဖြေစခန်းမဖွင့်လှစ်မီ ၁၉၈၉ ခုနှစ် မတိုင်မီ တစ်ချိန်က သူတို့ပိုင်ဆိုင်သော အုန်းခြံများတည်ရှိရာ တံငါရွာတစ်ရွာဖြစ်ပြီး ပင်လယ်မှ ဖမ်းဆီးရရှိသောငါးများ နေလှန်းရာသည့်ကာလပင် ဖြစ်နေသည်။

ယခုမူ ကမ်းခြေသည် သူတို့ ဝင်ထွက်သွားလာနိုင်သည့်နေရာ သုံးမိုင်ခန့်အရှည်ရှိ ချောင်းသာကမ်းခြေ၌ ခြောက်ပေအကျယ် လူသွားလမ်းတစ်ခုသာကျန်ရှိတော့ပြီး ကမ်းခြေဟိုတယ်ကြီးများဖြင့် ပြည့်နှက်စည်ကားနေတော့သည့်ကမ်းခြေတွင် ဈေးရောင်းချမှုသည်လည်း တရားဝင်မဟုတ်သည့်အတွက် အမှုအခင်းဖြစ်ဖမ်းဆီးခံရနိုင်


www.foreverspace.com.mm



ည့်အခြေအနေတွင်လည်း ရှိနေသည်။ မြန်မာနိုင်ငံ၏ဖွင့်လှစ်ပြီးကမ်းခြေနေ့စဉ်စုတွင် ၂၀၀၁ ခုနှစ်အထိ ဟိုတယ်အများဆုံးတည်ဆောက်ထားသည့် ချောင်းသာသည် အဆင့်မြင့်ကွန်ကရစ်လမ်းများ၊ ကမ်းခြေအဆောက်အအုံများ၊ စားသောက်ဆိုင်များ၊ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းများနှင့် မြို့တစ်မြို့အသွင်ပြောင်းလဲလာနေပြီး အပန်းဖြေလာရောက်ကြသူတို့အတွက်မူ အဓမ္မအပန်းဖြေလှေ့ကျော့တစ်ခုဟုဆိုရမည်ဖြစ်သော်လည်း ကြကြချင်းတို့ကဲ့သို့ ဒေသခံအများစုကမူ ကမ်းခြေဖွံ့ဖြိုးတိုးတက်မှုတို့သည် သူတို့၏ဘဝများကို မျက်ကွယ်ပြု လျစ်လျူရှုထားသည့်နယ် ခံစားယုံကြည်နေကြရသည်။

## ကမ်းခြေခရီးသွားလုပ်ငန်းများနှင့် ဆင့်ပွားအကျိုးဆက်

၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကို မြန်မာနိုင်ငံ၌ စတင်ဖွဲ့စည်းခဲ့သည်။



ပုဂ္ဂလိကခရီးသွားကုမ္ပဏီများအနေဖြင့် ခရီးစဉ်တစ်ခု ချောင်းဈေးရငွေပေါ်တွင် သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ရာနိုင်နှုန်းတစ်ခုရရှိပြီး အစိုးရအနေဖြင့် ဓိစာကြေး အမြတ်အပေါ်အခွန်၊ လေယာဉ်၊ ဟိုတယ်၊ အမြတ်ခွန်ကြေး၊ ဓနကြေး၊ ဝင်ကြေးများအပေါ် ဝင်ငွေခွန် စသည်ဖြင့် ကဏ္ဍအသီးသီးအတွက် ၁၅ ရာနိုင်နှုန်းရရှိကြောင်း၊ ကား၊ ရထား၊ လေယာဉ်၊ ဟိုတယ်၊ စားသောက်ဆိုင်၊ တက္ကစီ၊ ဆိုက်ကား၊ လှေသဘော အမှတ်တရပစ္စည်းလက်မှုအရောင်းဆိုင်နေရာအသီးသီးသို့ ၈၅ ရာနိုင်နှုန်းခန့်စီးဆင်းသွားသဖြင့် ဒေသခံများအဖို့ ဆင့်ပွားအကျိုးခံစားရသည့်လုပ်ငန်းဖြစ်သည်ဟု [illegible] ချောင်းသာဒေသခံဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အလားတူဒေသခံများအနေဖြင့် ဒေသခံဟိုတယ်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများရှိရုံသာမက လမ်းများ၊ လျှပ်စစ်မီးများ၊ လေယာဉ်ကွင်းများထိ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများရရှိလာပြီး ထိုဖွံ့ဖြိုးတိုးတက်မှုများကို သဘောကျနှစ်သက်ကြောင်းလည်း ငွေဆောင်ဒေသခံတစ်ဦးက မှတ်ချက်ပေးပြောကြားခဲ့သည်။

"ဒီဆိုင်က အမေ၊ အဖေ လက်ထက်ကတည်းကပါ။ အရင် [illegible] ထမင်းဆိုင်ပေါ့။ ကျွန်မတို့လက်ထက်ကျတော့ [illegible] တရုတ်အစားအစာတွေပါ [illegible] ဆိုင်အထိ တဖြည်းဖြည်းလုပ်ငန်းချဲ့လာခဲ့တာပါ"ဟုလည်း ချောင်းသာရွာထိပ်ရှိ ပုလဲစားသောက်ဆိုင်လုပ်ငန်းရှင်အမျိုးသမီးက ဆိုသည်။

သို့ရာတွင် ၁၉၈၉ ခုနှစ် မေလ ၁ ရက်နေ့ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ချောင်းသာကမ်းခြေဟိုတယ်ကို အပန်းဖြေစခန်းအဖြစ် ပထမဆုံး စတင်ဖွင့်လှစ်ချိန်ထိ ချောင်းသာကမ်းခြေသည် စည်ကားခြင်းမရှိဘဲ သွားလာရခက်ခဲနေဆဲဖြစ်ခဲ့သည်။

"ချောင်းသာကမ်းခြေမှာ ၁၉၉၆ လောက်ထိ ဟိုတယ်ဆိုလို့ ချောင်းသာကမ်းခြေဟိုတယ် (Lai Lai) တစ်ခုပဲ ရှိတယ်"ဟု ဒေသခံတစ်ဦးက ရှင်းပြသည်။

၁၉၉၆ ခုနှစ်နောက်ပိုင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခွင့်ပေးလိုက်ပြီးနောက် ယနေ့အထိ ချောင်းသာကမ်းခြေတွင် ပုံစံတူဘန်ဂလိုဟိုတယ်အဆောက်အအုံများဖြင့် ပြည့်နက်နေပြီဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် [illegible] ရန်ကုန်မှ ချောင်းသာသို့ အလွယ်တကူ တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်သည့်အတွက် ချောင်းသာ၊ ငွေဆောင်သည် နိုင်ငံခြားသားခရီးသည်များအတွက်သာမက ပြည်တွင်း ဒေသခံခရီးသွားများ [illegible] တစ်ခုဖြစ်လာသည်။

ယမန်နှစ်အတွင်းက မြေလမ်းအဆင့်သာရှိခဲ့သော ငွေဆောင်ဟိုတယ်ဇုန်လမ်းမသည် ယခုနှစ် ဇန်နဝါရီလ၊ ယခုရက်ပိုင်း

www.foreverspace.com.mm

အတွင်းကွန်ကရစ်လမ်းများဖြင့် အဆင့်မြှင့်မြှင့်နေပြီဖြစ်ပြီး ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများလည်း မကြာမီ ထပ်မံဖွင့်လှစ်ရန် ပြင်ဆင်နေကြသည်။

"ဟိုတယ်ဇုန်အပိုင်း(၂)မှာ လေယာဉ်ကွင်း ၂၀၀၇ ခုနှစ်အတွင်း အပြီးတည်ဆောက်ဖို့ ရှိပါတယ်"ဟုလည်း အဆိုပါငွေဆောင် ဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးက မကြာမီက ပြောကြားခဲ့သည်။

ခေဆော်ဟုခေါ်သော သာမန်တံငါရွာကလေးတစ်ရွာမှ ငွေဆောင်ကမ်းခြေအဖြစ် ၂၀၀၁ ခုနှစ်မှ စတင်ပြောင်းလဲခဲ့သည့် နောက်ပိုင်း ဆေးရုံ၊ ကျောင်း၊ လမ်း၊ ဖုန်းများအပြင် စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းဆိုင်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် ထိုဒေသခံရွာသားများအတွက် ပိုမိုကောင်းမွန်လာသောအခြေအနေများ ဖြစ်ပါသည်။

သို့ရာတွင် ယင်းဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာသည့်နည်းတူ ယင်း၏နောက်ကွယ်တွင် ကမ်းခြေတစ်ဝိုက် ငါးဖမ်းဆီးရရှိမှု လျော့နည်းလာခြင်း၊ ကမ်းခြေနှင့် ပိုမိုဝေးကွာသောနေရာများသို့ သွားရောက်ဖမ်းယူရခြင်း စသည့် ဆင့်ကဲပြဿနာများလည်း ဖြစ်ပေါ်လျက်ရှိနေခဲ့ပါသည်။

"အခုရာသီမှာ ငါးအရနည်းသွားတယ်။ တစ်ခါတလေ ငါးတစ်ကောင်မှမရဘဲ ပြန်လာတဲ့ရက်မျိုးတွေ ရှိတယ်" ဟု ရှောင်းသာကမ်းခြေအနီး ဒိုးကုလားကျွန်းတွင် နေထိုင်သူ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းလင်းပြောကြားသောစကား ဖြစ်ပါသည်။

အလားတူ ငွေဆောင်ရှိ တစ်ရက် ဒေါ်လာ ၁၅၀ ခန့်ပေးချေရသော နာမည်ကျော်ဟိုတယ်ကြီးများတွင် တာဝန်ထမ်းဆောင်နေသူ ဒေသခံဝန်ထမ်းအများစုတို့သည် တစ်လလျှင် ၁၀ ဒေါ်လာဝန်းကျင်ခန့် လစာနှုန်းဖြင့်သာ ခံစားနေကြရဆဲဖြစ်သည်။

"ဒေသခံတွေရဲ့ လူနေမှုဘဝနဲ့ Basic Need လို့ခေါ်တဲ့ အခြေခံလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်သေးရင်တော့ ခင်ဗျားတို့ပြောတဲ့ ထိုင်းရဲ့ Pattern အတိုင်းပဲ မြန်မာနိုင်ငံက ကမ်းခြေတွေ ပတ်ဝန်းကျင်ပြဿနာတွေဖြစ်လာဖို့ ရှိပါတယ်"ဟု မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးက ဆိုသည်။

'Winner take all'ဟုခေါ်သော ဆိုရိုးများအရ နိုင်သူသာလျှင် အကျိုးအမြတ်များအကုန်ရယူမည့်သဘော ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ကမ်းခြေခရီးသွားလုပ်ငန်းတွင် မည်သူက Winner မည်သူက Loser ဆိုသော အသွင်ကွဲပြားလာသောအခြေအနေ ရှိလာပါသည်။ ထိုင်းနိုင်ငံတောင်ပိုင်း ရှောင်းမှိုင်ကမ်းခြေတွင်တော့ အဆိုပါဖြစ်ရပ်မျိုး လွန်ခဲ့သောဆယ်နှစ်ကျော်ကပင် ယခုကဲ့သို့ ရှိခဲ့ပြီးဖြစ်ပါသည်။



## မီးခိုးမထွက်သော သန္တာကမ်းခြေ

"အခု ရှောင်းသာကမ်းခြေမှာ တစ်ခုကို ကျပ် ၂၀၀ နဲ့ရောင်းနေတဲ့ သန္တာကျောက်ကောင်တစ်ခုဖြစ်ဖို့ဆိုရင် နှစ်ပေါင်း ၂၀ လောက်ကြာမှ ဖြစ်တာပါ။ အဲဒီကျောက်ကောင်တွေက ပင်လယ်ငါးနဲ့ ရေသတ္တဝါတွေ နေထိုင်ကျက်စားတဲ့နေရာ ဖြစ်ပါတယ်။ အဲဒါတွေ ပျက်စီးဆုံးရှုံးလာရင် ဒေသခံတွေအတွက် ငါး၊ ပုစွန်သယံဇာတတွေ လျော့နည်းလာမှာပဲ"

"ရေငုပ်သမားတွေက ကမ်းခြေက သန္တာကျောက်ကောင်တွေကိုချိုးဖျက်ပြီး ဘာမှမပြောပလောက်တဲ့ဈေးနဲ့ ရောင်းနေကြတယ်။ ဒါတွေကို လာလည်တဲ့ဧည့်သည်တွေအနေနဲ့ မဝယ်သင့်ပါဘူး"

ဤသည်မှာ ကမ်းခြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် NGO များမှ ပညာရှင်တို့၏ အမြင် ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီတို့၏ အမြင်ကမူ အမြဲတမ်း ဝိရောဓိအသွင်ကို ဆောင်နေကြသည်မှာတော့ အဆန်းတကြယ် မဟုတ်လှပါ။ ကမ္ဘာ့စီးပွားရေးပညာရှင်အချို့ကမူ နိုင်ငံတစ်နိုင်ငံ၏ Gross Domestic Product မြင့်တက်လာရန် ယခုအဖြစ်အပျက်များ အဆုံးရှုံးခံ၍ ရင်းနှီးစေအားရမည်ဟုလည်း ရှုမြင်သုံးသပ်ကြသည်။

မီးခိုးမထွက်သောစက်ရုံများဟု တင်စားခေါ်ဝေါ်လေ့ရှိသည့် ခရီးသွားလုပ်ငန်းအောင်မြင်မှုသည် အိမ်နီးချင်း ထိုင်းနိုင်ငံ၌ အားကျချင်စရာကောင်းလောက်အောင် ဝင်ငွေ အမြောက်အမြားရရှိနေသည့်လုပ်ငန်းလည်း ဖြစ်ပါသည်။

ထိုင်းနိုင်ငံ The Nation သတင်းစာမှ [illegible]ပတ်ဝန်းကျင်ဆိုင်ရာ အယ်ဒီတာဟောင်းတစ်ဦး၏ အမြင်ကမူ "ခင်ဗျားတို့မြန်မာနိုင်ငံဟာလည်း ထိုင်းနိုင်ငံလို ခရီးသွားလုပ်ငန်းက ဝင်ငွေအများကြီးရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမှာပါ။ အဲဒီအချိန်မတိုင်မီ ထိုင်းမှာ ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးတွေ ဖြစ်ပေါ်ခဲ့

www.foreverspace.com.mm



တာတွေကိုသင်ခန်းစာယူမယ်ဆိုရင် အလွန်သင့်မြတ်တဲ့အစီအစဉ်ပါပဲ" ဟုလည်း သုံးသပ်ပြောဆိုသည်။

ကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည့်အခါ စီးပွားရေးလုပ်ငန်းရှင်များက ကမ်းခြေသို့လာရောက်၍ မြေနေရာများ ဝယ်ယူကာ ဟိုတယ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံကြပြီးနောက် ဒေသခံများ၏ စားသောက်လုပ်ကိုင်မည့် အခြေအနေများ တိုးတက်လာခြင်းမရှိပါက ထိုဒေသခံများအား အခြေအနေတစ်ခုရောက်အောင် တွန်းပို့လာခြင်းပင် ဖြစ်ပါသည်။

## မေ့လျော့သွားသောသင်ခန်းစာများ

ယမန်နှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသည် ၆၆၀,၂၀၈ ဦး လာရောက်ခဲ့ရာတွင် အများစုသည် နာမည်ကျော်ကမ်းခြေသို့ လာရောက်အပန်းဖြေမှုများရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် သိရှိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သော ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးထွေးအောင်က "ပင်လယ်ကမ်းခြေခရီးသွားလုပ်ငန်းဟာ ကျွန်တော်တို့နိုင်ငံမှာ အလားအလာအကောင်းဆုံး ခရီးသွားလုပ်ငန်းပါ" ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ မောင်းမကန်၊ စကံ၊ ကမ်းသာယာ၊ လက်ခုပ်ကုန်းစသည်ဖြင့် ကမ်းခြေအပန်းဖြေစခန်းခုနစ်ခု ရှိနေပြီး ငပလီအပန်းဖြေစခန်းသည် ယခုအချိန်အထိ စည်သည်သွားလာမှုရှိနေသော အပန်းဖြေစခန်းအဖြစ် ကျော်ကြားမြဲ ကျော်ကြားလျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ ရှစ်ခုမြောက် ကမ်းခြေအဖြစ် နောက်ဆုံးပေါ်ထုတ်မည့် မန်ကျည်းကမ်းခြေသည် လူမသောကမ်းခြေကို ပိုင်ဆိုင်သည့် ကမ်းခြေနေရာတစ်ခုဖြစ်ပြီး ယခင်အပန်းဖြေစခန်းများတွင် ဖြစ်ပေါ်ခဲ့သည့်အားနည်းချက်၊ အားသာချက်များကို နမူနာယူပြင်ဆင်ရန် အထူးအခွင့်အရေး ရရှိနေပါသည်။

"မန်ကျည်းလို ကမ်းခြေသစ်နေရာ ဖော်ထုတ်တော့မယ်ဆိုရင် ဟိုတယ်စီမံကိန်း Plan အနေနဲ့ စနစ်တကျနဲ့ ပတ်ဝန်းကျင်ကို ကာကွယ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပမာ အနေနဲ့ပြောရရင် မန်ကျည်းလို ကမ်းခြေနဲ့ နီးနီးကပ်ကပ်မှာ ပင်လယ်ရေနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ ပုစွန်သားမွေးမြူရေးစခန်းမျိုးတွေ မရှိသင့်ပါဘူး" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

မကြာသေးမီက နောက်ဆုံးပေါ်ပေါက်ခဲ့ပြီး လက်ရှိဟိုတယ်လုံးရေ ၂၂ လုံးဖြင့် ဖွင့်လှစ်ထားသည့် ငွေဆောင်ကမ်းခြေ၏ ပထမဆုံးဟိုတယ်သည် ၄၅ ရက်အတွင်း အပြီးဆောက်လုပ်ခဲ့သည့်ဟိုတယ်ဖြစ်ကြောင်း ငွေဆောင်ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"အဲဒီက Issue နှစ်ခု ရှိနိုင်ပါတယ်။ ရေချိုကို ဘယ်လိုယူမလဲ။ ဟိုတယ်လုပ်ငန်းက ရေဆိုးကို ဘယ်လိုစွန့်ပစ်မလဲ။ ဟိုတယ်က အမှိုက်တွေ ဘယ်ကိုစွန့်ပစ်မလဲ"

"ဒါတွေအတွက် တိကျရေရာတဲ့ စီမံမှုတွေရှိသင့်ပြီး ဒေသခံတွေကိုလည်း ပူပေါင်းပြီး ပါဝင်ဖို့လုပ်ရပါမယ်။ သူတို့အတွက် ကမ်းခြေဟာ ရေရှည်လုပ်နေရင် စားဝတ်နေရေးအခွင့်အလမ်းတွေ ပိုမိုဖွင့်လန်းမယ်ဆိုတာ သိဖို့လိုပါတယ်။ ဒေသခံအဖွဲ့အစည်းတွေက အားကောင်းလာရင် လုပ်ငန်းရှင်တွေနဲ့ဖြစ်တဲ့ ပဋိပက္ခတွေမှာ အခြေတွေရှိလာပါလိမ့်မယ်"

ထိုင်းနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အခြေအနေများကို ၂၀၀၄ ခုနှစ်က ထုတ်ဝေခဲ့သော နာမည်ကျော် A Land on Fire စာအုပ်ရေးသားသူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒီ James Fern ၏ မြန်မာ့ကမ်းခြေများပေါ်အမြင် ဖြစ်ပါသည်။

"ဟိုတယ်က စွန့်ပစ်တဲ့ရေတွေကို ဒီပတ်ဝန်းကျင်မှာရှိတဲ့ ချောင်းထဲကို စွန့်ပစ်ပါတယ်။ ဟိုတယ်အမှိုက်တွေကို ကိုယ့်အစီအစဉ်နဲ့ မြေမြှုပ်ပြီး စွန့်ပစ်မှုတွေ လုပ်ပါတယ်" ဟု ငွေဆောင်ကမ်းခြေရှိ Silver View ဟိုတယ်မှ မန်နေဂျာ ဦးမောင်အေးက ဆိုပါသည်။

ချောင်းသာကမ်းခြေရှိ Golden Beach ဟိုတယ်မှ ဝန်ထမ်းတစ်ဦးကမူ "ကျွန်တော်တို့ ဟိုတယ်က ရေဆိုးကို လမ်းရှေ့ဘက်ကနေတစ်ဆင့် ရေမြောင်းက စွန့်ပစ်ပါတယ်" ဟုလည်း ရှင်းပြသည်။

ရေများညစ်ညမ်းပြီး ကမ်းခြေသာ မလှမပဖြစ်လာပါက ချောင်းသာသို့ ခရီးသည်များလာရောက်မည် မဟုတ်ဆိုသည်ကို သိရှိကြောင်း ချောင်းသာဒေသခံစားသောက်ဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အမှန်စင်စစ် ကမ်းခြေကို အမှီပြုနေထိုင်သူမှာ ကမ္ဘာလှူဦးရေသုံးပုံတစ်ပုံ နှစ်ဘီလီယံခန့်ရှိနေပြီး ကမ်းခြေဒေသများသည် လူ့အပါအဝင် သက်ရှိဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ဖွားနိုင်သောနေရာလည်း ဖြစ်ပါသည်။

အရှေ့တောင်အာရှ သဘာဝပတ်ဝန်းကျင်ရေးရာကျွမ်းကျင်သူဖြစ်ပြီး ထိုင်းနိုင်ငံနှင့်ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ရေးသားခဲ့သူ James Fern

www.foreverspace.com.mm

ကမှ "ကမ်းခြေနဲ့ ကီလိုမီတာတစ်ရာ ဝန်းကျင် အကွာမှာ မြို့ကြီးအများအပြား တည်ရှိနေပြီး အဲဒီမှာ ဘီလီယံဝက်လောက် ရှိတဲ့လူတွေဟာ ကမ်းခြေအနီးမှာ နေထိုင်ကြပါတယ်။ အဲဒီထဲမှာ ပင်လယ်ကို လုံးဝမမြင်ဖူးတဲ့သူတွေလည်း ပါတယ်"ဟု ရှင်းပြခဲ့သည်။

ယင်းအကြောင်းတရားများနှင့် ဆက်စပ်၍ ကမ်းခြေပျက်စီးလာမှု၊ ကမ်းခြေတွင် ငါးဖမ်းဆီးရမိမှုလျော့နည်းမှု၊ ညစ်ညမ်းမှုတို့သည် ဥပမာ-ချောင်းသာဟုဆိုပါက ချောင်းသာဝန်းကျင်သာမဟုတ် ချောင်းသာနှင့် မိုင် ၁၅၀ ကျော်အကွာရှိ ရန်ကုန်မြို့တွင်နေထိုင်သူများ သို့မဟုတ် ပင်လယ်မမြင်ဖူးကြသူများနှင့်လည်း ဆက်စပ်လာမည်ဆိုသည်ကို စာရှုသူအား အထူးရှင်းပြရန် လိုမည်မထင်ပါ။

## ခြားနားသောအမြင်များ

ကမ္ဘာ့ခရီးသွားလုပ်ငန်း (World Tourism Organization) စာရင်းများအရ လာမည့် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာနှင့်အဝန်း ခရီးသွားလာသည့်ဧည့်သည် တစ်ဘီလီယံထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ယခုနှစ် ခရီးသွားရာသီတွင် ဧည့်သည်တစ်သန်း ရောက်ရှိလာရေး ကြိုးပမ်းလျက်ရှိသည်ဟု သိရှိရသည်။

ချောင်းသာကဲ့သို့ ပင်လယ်ကမ်းခြေ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်၍ (The International Ecotourism Society) (TIES) က သဘာဝအခြေခံဒေသများသို့ ခရီးသွားများ သွားရောက်ခြင်းသည် ယင်းဒေသတွင် နေထိုင်သူပြည်သူများ၏ လူနေမှုဘဝများ၊ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုကို တာဝန်ယူရာရောက်သည်ဟုလည်း ဖွင့်ဆိုသည်။

ထိုအဆိုနှင့်ပတ်သက်၍ အရှေ့တောင်အာရှရှိ လက်တွေ့ဖြစ်ရပ်များနှင့် ချိန်ဆပါက များစွာကွဲလွဲနေသည်ကို တွေ့ရသည်၊ လူနည်းစုဖြစ်သော ဟိုတယ်လုပ်ငန်းရှင်များနှင့် ဆိုင်ရာအသီးသီးသို့သာ ငွေများ ရောက်ရှိသွားခြင်း A few people can get money ဆိုသည့် သဘောသည် Eco-tourism သဘာဝကို အခြေခံသော ပူးပေါင်းပါဝင်မှု ဟုတ်မဟုတ်ဆိုသည်မှာ အငြင်းပွားဖွယ်ရာ ဖြစ်ပါသည်။

"Eco-tourism နဲ့ ပတ်သက်ပြီး ဖွင့်ဆိုတာတွေက အများကြီးပါပဲ။ ဒါပေမဲ့ ကျွန်တော်သိတဲ့ Eco-tourism က အဲဒီဒေသကို သွားရောက်လည်ပတ်ရင် အဲဒီမှာ နေထိုင်တဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝမှာ တစ်စုံတစ်ရာ ထည့်ဝင်ပြီး၊ သဘာဝပတ်ဝန်းကျင်တွေ ရေရှည်တည်တံ့ဖွံ့ဖြိုးမှု (Sustainable) ရှိမှ ခေါ်လို့ရပါတယ်"ဟု လက်ရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) ဥက္ကဋ္ဌ ဦးဦးဂါ၏ အမြင် ဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ Image of Asia NGO မှထုတ်ဝေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဘိဓာန်တွင် Eco-tourism သည် လာရောက်လည်ပတ်သူများက ဒေသများအတွက် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို ကူညီရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်များကို မထိခိုက်စေသော လုပ်ငန်းဟုလည်း ဆိုကြပါသည်။

ယခု ချောင်းသာအပါအဝင် မြန်မာနိုင်ငံ၏ ကမ်းခြေဒေသအတော်များများတွင် Eco-tourism လုပ်ငန်းများ ထပ်မံလုပ်ကိုင်ရန် အခြေအနေကောင်းများ ရှိသည်ဟုလည်း အမေရိကန်နိုင်ငံသား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသုတေသီတစ်ဦးက ပြောသည်။

"သိပ်လှတဲ့ သန္တာကျောက်တန်းတွေက ချောင်းသာအနီးမှာ အများကြီးပဲ။ ဒါတွေကို တစ်ချိန်မှာ Scuba-diving လို့ခေါ်တဲ့ ရေငုပ်ပြီးလာကြည့်မယ့် Tour အများကြီး ရှိလာနိုင်ပါတယ်။ နောက်ပြီး ချောင်းသာဟာ (Eustraine) လို့ခေါ်တဲ့ ရေချိုရေငန်စပ် ဒေသဖြစ်လို့ အဲဒီမှာ ပေါက်ဖွားတဲ့ သတ္တဝါတွေ၊ အပင်တွေကို လေ့လာနိုင်တာတွေရှိတယ်၊ လက်ရှိ အဖြစ်သင့်ဆုံးတစ်ခုက (Kayart) လို့ခေါ်တဲ့ ကနူးလှေငယ်နဲ့ လှေလှော်ပြီး ကြည့်ရှုရတာတွေ ချောင်းသာမှာ အများကြီးပါပဲ၊ နောက် ဖိုးကုလားကျွန်းတစ်ဝိုက် (Tide Pool)ပုံစံတွေ့ရပြီး ဒါတွေကို ပိုက်ဆံအကုန်ကျခံလိုက်ကြည့်နေတဲ့ ကမ္ဘာလှည့်တွေကို ဆွဲဆောင်သင့်ပါတယ်"ဟုလည်း ပြောကြားပါသည်။

ထိုင်းနိုင်ငံတွင်မူ ဒေသခံနေထိုင်သူများနှင့် အမည်ခံ Eco-tourism လုပ်ငန်းများ၏ ပဋိပက္ခသည် သေမှုသေခင်းများ ဖြစ်ပွားသည်အထိ ကြီးမားခဲ့သည်။ ယခုအခါ ဒေသခံအဖွဲ့အစည်းများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရေးအမြင်သည် သိသိသာသာ အမြစ်တွယ်လျက်ရှိပါသည်။

မဲခေါင်မြစ်ဆား ထိုင်းနိုင်ငံ ချင်းခေါင်းမြို့မှ ငါးပါသည်များက (gaint cat fish) ဟုခေါ်သည့် မဲခေါင်ငါးရှူများကို ပိုင်ဝန်းကာကွယ်ရန် NGO အဖွဲ့အစည်းများဖွဲ့၍ လှုပ်ရှားဆောင်ရွက်လျက်ရှိနေပါသည်။

ထိုဒေသခံ ငါးပါသည်တစ်ဦး မဲခေါင်ငါးရှူကြီးများ ထိန်းသိမ်းရေးအတွက် ရှမ်းပုံမှာ စီတ်ဝင်စားနေရာကောင်းပြီး အသိရေ မှန်ကြွင်းထားနေသည်ကို တွေ့ရှိရပါသည်။

"ငါးကို သယ်ဆောင်လာလိုက် ရှားပါးတဲ့ ငါးဖြစ်လို့ ဒေါ်လာထောင်ချီတဲ့ငွေ ကျွန်တော်



www.foreverspace.com.mm

တစ်ယောက်တည်းအတွက် ရနိုင်ပါတယ်။ ဒါပေမဲ့ ဒါကို လာကြည့်တဲ့ ဧည့်သည်တွေကို ပြသမယ်ဆိုရင် ဒီထက် အဆပေါင်းများစွာ ရင်းငွေတွေ ကျွန်တော်တို့ ရနိုင်ပါတယ်"

ငွေဆောင်နှင့် ချောင်းသာကမ်းခြေ တစ်ဝိုက်ရှိ သန္တာကျောက်စက်တစ်ခုလျှင် ၂၀၀ ကျပ်ခန့်ဖြင့် ရောင်းချနေသော ဒေသခံများသည် ဤကဲ့သို့ Awareness ခေါ် သိမြင်တွေးခေါ်မှုမျိုးရှိရန်မှာလည်း ဒေသ ပတ်ဝန်းကျင် အဖွဲ့အစည်းများ အားကောင်းလာရန် လိုအပ်ချက်ရှိနေဦးမည် ဖြစ်ပါသည်။



## အစိမ်းရောင်အညွှန်း

ထိုင်းနိုင်ငံ ပင်လယ်တွင်းရှိ သဘာဝ ကျောက်ဆောင်များကို လာရောက်လေ့လာသော Eco-tourism ခရီးသွားလုပ်ငန်းကဏ္ဍတိုးများနှင့် ဒေသခံတို့၏ ပဋိပက္ခဖြစ်မှုများခဲ့ပြီး နောက်ပိုင်း ထိုင်းအစိုးရသည် ထိုနေရာသို့ လာရောက်လည်ပတ်သည့် ခရီးသည်အရေအတွက်ကို ကန့်သတ်လိုက်ပြီး စျေးနှုန်းများ မြှင့်တင်လိုက်သည်။

သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအတွက် နိုင်ငံခြားခရီးသွားများ များလာရောက်လည်ပတ်ရေးသည် ဖြစ်သင့် [illegible] လက်ခံရေးသည် ဖြစ်သင့်သော အခြေလား၊ ဘယ်အချက်က ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ထိခိုက်စေသလဲဆိုသည်မှာလည်း ယနေ့ထိ ပြတ်သားသောအဖြေမထွက်ကြသေးသော ပုစ္ဆာများ ဖြစ်ပါသည်။

ဘူတန်ကဲ့သို့ နိုင်ငံမျိုးတွင် Lessisure Tourism လုပ်ငန်းမျိုး ခရီးသွားဦးရေ အနည်းငယ်ဖြင့် ဝင်ငွေအမြောက်အမြား ရရှိအောင် ပြုလုပ်နေပြီး အောင်မြင်လျက်ရှိသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံကား ခရီးသည် အများအပြား လာရောက်လည်ပတ်ခဲ့သော်လည်း ပတ္တရား၊ ဖူးခက်ကမ်းခြေတို့မှာ သဘာဝပတ်ဝန်းကျင်အခြေအနေများအရ အစိမ်းရောင် (GDP) အနုတ်လက္ခဏာများ ပြနေပြီဖြစ်သည်။

ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းများ၏ [illegible] တန်ပြန်သက်ရောက်မှုသည် နိုင်ငံအတွင်း ကလေးပြည့်တန်ဆာလုပ်ငန်းများ၊ HIV/AIDS နှင့် လူမှုရေးဒုက္ခအတွေ့တွေမှာ ဒေသခံတို့ဆီသို့ ရောက်ရှိလာခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာအနှံ့တွင် (Sustainable Tourism) ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၊ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း (Nature Tourism)၊ ဒေသခံများ ပူးပေါင်းပါဝင်သော (Community Base Tourism)၊ ဆင်းရဲသောဒေသခံများကို အထောက်အပံ့ပေးသည့် ခရီးသွားလုပ်ငန်းများ (Pro-poor tourism) စသည်ဖြင့် အမည် နာမများ ကွဲပြားသော်လည်း သဘော သဘာဝ များစွာကွဲပြားခြင်းမရှိဘဲ ဆောင်ရွက်နေကြပါသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံတွင် အမေရိကန် ACKERD တက္ကသိုလ်မှ ကျောင်းသားများ လာရောက်ခဲ့သောခရီးစဉ်သည် ဒေသခံများထံသို့ လုပ်အားပေးလာရောက်ခဲ့သော ခရီးသွားလုပ်ငန်း ဖြစ်သည်။ ယင်းလုပ်ငန်းမှာ ဒေသခံများထံသို့ လုပ်အားပေးလာရောက်သော (Volunteer-tourism) လုပ်ငန်းပင်ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးအတွက် ဟိုတယ်များအနေဖြင့် မည်သို့ဆောင်ရွက်ပါသည်ဟု ဖော်ပြ၍ လာရောက်တည်းခိုသူများကို ဆွဲဆောင်ကြသည်။

အဆိုပါဟိုတယ်၏ ရေဆိုးစွန့်ပစ်မှု၊ အမှိုက်ပစ်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုတို့ကို အမှန်တကယ်ဖော်ပြ၍ ကမ္ဘာလှည့်များကို ဆွဲဆောင်ကြသည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆောင်းပါးများ၊ ဝတ္ထုများရေးသားနေသူ နာမည်ကျော်စာရေးဆရာမ ဂျူးက "ဟိုတယ်တွေရဲ့ မြင်သာတဲ့နေရာမှာ သဘာဝပတ်ဝန်းကျင် ချစ်ခင်လာအောင် အသိပေးတဲ့စာတန်း၊ အရုပ်စာတာလေးတွေ ရှိလာသင့်တယ်။ ဥပမာ-လိပ်ဆိုပါတော့ မျိုးတုံးတော့မယ့် သတ္တဝါဖြစ်ပါတယ်။ လာရောက်လည်ပတ်တဲ့သူတွေ လိပ်သားမစားသင့်ပါဘူးဆိုတာမျိုးပေါ့"ဟု ဆိုသည်။

ကမ်းခြေလာရောက်လည်ပတ်သူများအနေဖြင့်လည်း ရေဆိုးစွန့်ပစ်မှု လျော့နည်းစေရန် ဟိုတယ်မှ [illegible] လျှော့သည့် အကြိမ်အရေအတွက်နည်းရန် ကူညီသင့်သည်ဟုလည်း ဆရာမကဆိုသည်။

အထက်တွင် ပြောဆိုခဲ့သည့်အတိုင်း ကမ်းခြေနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းလုပ်ကိုင်သည့် ဟိုတယ်များ၏ Green Labelဖြင့် ထိန်းသိမ်းခြင်းထက် Consumer ခေါ် ခရီးသွားဧည့်သည်များနှင့် လူထုက မိမိအသိစိတ်ဖြင့် ထိန်းသိမ်းခြင်းက ပိုမိုထိရောက်သည်ဟုလည်း အမေရိကန်နိုင်ငံသားပညာရှင်အချို့က အဆိုပြုကြသည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၉ ရက်နေ့ ငွေဆောင်ကမ်းခြေ၌ မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်ကြသော လူငယ်ကွန်ယက်များ စုစည်းဆွေးနွေးခဲ့သည့် ကမ်းခြေလာရောက်လည်ပတ်သူများသို့ အကြံပြုချက်တွင်

(၁) အမှိုက်မပစ်ရ၊

(၂) မျိုးတုံးပျောက်ကွယ်မည့် တိရစ္ဆာန်များကို စားသောက်ဆိုင်များတွင် မစားရ၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်မဲ့သော ဟိုတယ်များတွင် မတည်းရန်၊

(၄) တိရစ္ဆာန်များကို မဝရေစာဖြင့် ညှဉ်းပန်းနှိပ်စက်သည့်နေရာများ မလည်ပတ်ရန်၊

(၅) လူသားအား တိရစ္ဆာန်ကဲ့သို့ ပြသငွေရှာသည့်နေရာများသို့ မသွားရောက်ရန်၊

(၆) ကမ်းခြေတွင် စက်ဘီး၊ ဆိုင်ကယ် မစီးရ၊

(၇) မျိုးတုံးပျောက်ကွယ်မည့် တိရစ္ဆာန်များဖြင့် ပြုလုပ်ထားသည့် အမှတ်တရပစ္စည်းများကိုမဝယ်ရန် စသည်ဖြင့် ပါဝင်ကြသည်။

ယခုကဲ့သို့ ပတ်ဝန်းကျင်ရေးရာ ပြဿနာများ ရေရှည်စည်းကမ်းထိန်းသိမ်းရန်အတွက် ဒေသခံများထံမှ ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကန့်ကွက်ခွင့်တို့အတွက် အဖွဲ့အစည်းများ အားကောင်းလာရန် လိုအပ်ပါသည်။ ကြူကြူဝင်းကဲ့သို့ ဒေသခံများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုအတွက် အကျိုးအမြတ်များရှိလာဖို့ လိုအပ်ပါလိမ့်မည်။ ယနေ့အတွက် သူမ၏ မျှော်လင့်ချက်သည် ကဏန်းအရှင်များဖြစ်သည်ဆိုသော်လည်း သူမအတွက် သူမနေထိုင်သော သဘာဝပတ်ဝန်းကျင်သာ အစစ်အမှန်မျှော်လင့်ချက်ဖြစ်ပါသည်။

ကြူကြူဝင်းကဲ့သို့ ဒေသခံများ ယနေ့တွေ့ကြုံနေရသော အခက်အခဲများသည် ကမ်းခြေဖွံ့ဖြိုးမှု၏ နောက်ကွယ်တွင် ဖြစ်လေ့ဖြစ်ထရှိသည့် အခြေအနေများပင် ဖြစ်ပါသည်။ "ကျွန်မတို့အတွက် မနက်ဖြန်ဟာ ဒီကမ်းခြေမှာပဲ ရှိပါတယ်" ဟု ကြူကြူဝင်းက ဆိုပါသည်။

တင်အောင်ကျော်

■

LIVING COLOR MEDIA

လိပ်စာသစ်

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၇၂၈၉၅၁ ၊ ၀၉-၅၁၄၇၁၄၀
၂၉၃၆၉၉-၄၃ (Ext- ၂၈၀၁)

www.foreverspace.com.mm




# မြန်မာ့ဒစ်ဂျစ်တယ်ဈေးကွက်အတွက် ဖြည့်စွက်ရမည့် ကွက်လပ်

**အောင်ကျော်မင်း**

**မြန်မာနိုင်ငံသားတို့အား ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများနှင့် ယဉ်ပါးစေရေးအတွက် အရေးပါလှသော ပြည်တွင်းဒစ်ဂျစ်တယ်ဈေးကွက်၏အနေအထားကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လစ်ဟာနေသောကွက်လပ်ကြီးတစ်ခုကို တွေ့ရှိရမည်ဖြစ်သည်။ ယင်းကွက်လပ်မှာ စံနှုန်းများနှင့်အညီ စနစ်ကျနစွာစုစည်းညီညွတ်၍ အပြန်အလှန်အမှီသဟဲပြုနိုင်သော ဒစ်ဂျစ်တယ်ပစ္စည်းစုံ ရောင်းဝယ်ဖောက်ကားရာ ဈေးဝယ်စင်တာကြီးများပင်ဖြစ်သည်။**

ပြည်တွင်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် ဒစ်ဂျစ်တယ်ပစ္စည်းမျိုးစုံ၏ လက်ရှိအနေအထားမှာ ပြန့်ကျဲနေသော ဈေးကွက်တစ်ခုအသွင်ဖြစ်နေသည်။ လမ်းကြောင်းမျိုးစုံမှ နည်းလမ်းစုံဖြင့်တင်သွင်းလာသော ဒစ်ဂျစ်တယ်ပစ္စည်းများကို တစ်ဦးချင်း၊ အစုအဖွဲ့တစ်ခုချင်းက သီးခြားပုံစံမျိုးစုံဖြင့် ဖြန့်ဖြူးရောင်းချနေကြသည်။ သို့အတွက် ပြည်တွင်းဈေးကွက်ရှိ ဒစ်ဂျစ်တယ်ပစ္စည်းများ၏ အရည်အသွေးသည်လည်းကောင်း၊ စံနှုန်းနှင့်အာမခံချက်များသည်လည်းကောင်း၊ ဈေးနှုန်းသည်လည်းကောင်း အမျိုးမျိုးအပြားပြားကွဲပြားကာ သုံးစွဲသူတို့အတွက် အခက်အခဲဖြစ်ကြရသည်ကို လေ့လာတွေ့ရှိရသည်။

## ဈေးနှုန်းနှင့်မသမာမှု

ပစ္စည်းအမျိုးအစားတစ်ခုတည်းကိုပင် ဈေးနှုန်းသုံးလေးမျိုးဖြစ်နေသည်ကို ကွန်ပျူတာပစ္စည်းများ မကြာခဏဝယ်ယူလေ့ရှိသူအများစု ကြုံတွေ့ခဲ့ကြဖူးသည်။ ယင်းတို့အနက်မှ ကွန်ပျူတာနည်းပညာသင်တန်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ဦးနိုင်စိုးက ၎င်း၏အတွေ့အကြုံနှင့်ပတ်သက်၍ ပြောကြားသည်မှာ–

“တစ်ခါက 128 Memory လေး တစ်ချောင်းသွားဝယ်တာ ပထမဆုံးဝင်မေးတဲ့ဆိုင်မှာ ဈေးများတယ်ထင်တာနဲ့ နောက်တစ်ဆိုင်ရောက်သွားတယ်။ အဲဒီဆိုင်က ခုနကဆိုင်ထက် ဈေးသက်သာလို့ ဝယ်လိုက်တယ်။ နောက်တစ်နေ့မှာ သူငယ်ချင်းတစ်ယောက်နဲ့တွေ့တော့ ဘယ်ဆိုင်မှာဆိုရင် ဘယ်လောက်ပဲရှိတယ်ဆိုပြီး ပြောတော့တာပဲ။ ပစ္စည်းဝယ်ရတာ တကယ်ခေါင်းစားတယ်။ ဘယ်ဟာက ဈေးမှန်သလဲဆိုတာ မှန်းမရဘူး။ ဈေးကြီးမိရင် တော်တော်ခံပြင်းတယ်”ဟူ၍ ဖြစ်သည်။

ယင်းကဲ့သို့ သင့်တင့်မျှတ၍ ညီညွတ်မှန်ကန်မှုရှိသော ဈေးနှုန်းတစ်ရပ်ကို မရရှိနိုင်ခြင်းမှာ စုစည်းညီညွတ်သော ဈေးကွက်အနေအထားသို့ မရောက်ရှိသေးသောကြောင့်ဖြစ်သည်။ လက်ရှိအနေအထားကို ပြင်ဆင်နိုင်ခြင်းမရှိပါက လိမ်လည်လှည့်ဖြားမှုဆန်

www.foreverspace.com.mm

သော ရောင်းဝယ်ခြင်းများ ပေါ်ပေါက်နေဦးမည်ဟု ကွန်ပျူတာပြုပြင်ရေး ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ ဦးခိုင်ကြည်က ဝေဖန်သည်။

"ဒီလိုဈေးနှုန်းအမျိုးမျိုးဖြစ်နေတာ မကောင်းပါဘူး။ ဈေးနှုန်းအမှန်မသိတာကို အခွင့်ကောင်းယူပြီး တချို့ဆိုင်တွေက အမြတ်ကြီးစားနိုင်တာပေါ့။ အခုဟာက ပစ္စည်းတစ်ခုဝယ်တော့မယ်ဆိုရင် တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ထွက်မေးမြန်းပြီး ချိန်ဆဝယ်နေရတာ။ ဈေးများသွားရင် ကိုယ်ပဲခံရမှာ" ဟု ၎င်းက ဖွင့်ဟပြောဆိုသည်။ ကွန်ပျူတာပစ္စည်းဈေးနှုန်းများနှင့် ပတ်သက်၍ ယုံကြည်စိတ်ချရသော ဆိုင်အချို့ရှိကြောင်း၊ သို့သော် တစ်ခါတစ်ရံ ရှားပါးသောပစ္စည်းမျိုး ဝယ်ယူလိုသည့်အခါ ယင်းကဲ့သို့သော ဆိုင်များတွင် မရရှိပါက အခက်အခဲဖြစ်ရကြောင်း၊ အခြားဆိုင်များတွင် ရရှိနိုင်သော်လည်း အဆမတန် ဈေးနှုန်းကြီးမြင့်နေသည်ကိုတွေ့ကြုံရကြောင်း ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းကို ရန်ကုန်မြို့လယ်၌ လုပ်ကိုင်နေသူ ဦးသိန်းမြင့်က ပြောပြသည်။

ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းအမျိုးမျိုးဖြစ်နေရခြင်းအကြောင်းရင်းတွင် ငွေလဲလှယ်မှုနှုန်း မငြိမ်သက်သည့်အချက် တစ်ချက် ပါဝင်သည်ဟု ကျောက်တံတားမြို့နယ်အတွင်း၌ ကွန်ပျူတာအပိုပစ္စည်း ရောင်းဝယ်ရေးဆိုင်ဖွင့်လှစ်လုပ်ကိုင်နေသူ တစ်ဦးက ဆိုသည်။ မြန်မာငွေကြေး တန်ဖိုးမြင့်တက်နေချိန်တွင် ဝယ်ယူမိထားသော ပစ္စည်းများကို နိုင်ငံခြားငွေတန်ဖိုး ပြန်လည်မာလာသည့်အချိန်တွင် အခြားသူများထက် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ကြောင်း၊ သို့သော် ပစ္စည်းဈေးနှုန်းအားလုံးလိုလိုမှာ လက်ရှိငွေလဲလှယ်နှုန်းပေါ်တွင် တွက်ချက်သတ်မှတ်ခြင်းသာဖြစ်ကြောင်း၊ တစ်ခါတစ်ရံ အခြားဆိုင်ထက် အနည်းငယ်ဈေးနှုန်းသက်သာသွားနိုင်ပြီး တစ်ခါတစ်ရံလည်း မိမိက ဈေးအနည်းငယ်ပိုများနေတတ်ကြောင်း၊ သို့သော် ဈေးနှုန်းကွာဟချက်မများလျှင် ဝယ်ယူသူ၏ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကရှင်းလင်းပြောကြားသည်။

"ဝယ်နေကျလူတွေကတော့ သိပါတယ်။ ဘယ်ပစ္စည်းက ဘယ်လောက်ပဲရှိတယ်ဆိုတာကို။ အချို့ဒီနယ်ပယ်နဲ့ နည်းနည်းစိမ်းတဲ့သူတွေကတော့ ပစ္စည်းကောင်းတာမကောင်းတာရယ်၊ ဈေးမှန်တာမမှန်တာရယ်ကို မခွဲခြားတတ်ဘူး။ ဈေးနှုန်းလုံးဝတစ်ပြေးညီဖြစ်ဖို့ဆိုတာတော့ မလွယ်ဘူး။ ဘာဖြစ်လို့လဲဆို ဆိုင်ငှားခတွေ၊ ဝန်ဆောင်စရိတ်တွေ၊ ဖြတ်သန်းရတဲ့လမ်းကြောင်းအတွက် ကုန်ကျစရိတ်တွေ မတူလို့ဘဲ" ဟု ဦးသိန်းမြင့်က ပြောကြားသည်။

ကုမ္ပဏီအတွက် ကွန်ပျူတာပစ္စည်းများ မကြာခဏဝယ်ယူရလေ့ရှိသူ ဦးအောင်ကျော်မြင့်ကမူ အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားသည်။

"ဆိုင်တစ်ဆိုင်နဲ့တစ်ဆိုင်က မတူဘူး။ တချို့ဆိုင်က Motherboard တွေ၊ ဂရပ်ဖစ်ကတ်တွေက ဈေးချိုပြီး Printer လိုဟာမျိုးကျတော့ ဈေးကြီးနေပြန်ရော။ တချို့ဆိုင်တွေကျတော့လေ ပစ္စည်းအကြီးတွေက ဈေးသက်သာပြီး အပိုပစ္စည်းမှာ တအားဈေးတင်ထားတာကြုံရတယ်။ နောက်ပိုင်းသိလာတော့ မှတ်ထားရတယ်။ ဘယ်ပစ္စည်းဆိုရင် ဘယ်ဆိုင်မှာ ဝယ်သင့်တယ်၊ ဘယ်ပစ္စည်းမျိုးဆိုရင် ဘယ်ဆိုင်မှာ ဈေးမှန်တယ်ဆိုတာကို။ ဒါ့ကြောင့် ပစ္စည်းတွေအားလုံးကို တစ်နေရာတည်းဝယ်ဖို့မဖြစ်နိုင်တော့ဘူး"

## ပစ္စည်းပြတ်လပ်မှု

ကွန်ပျူတာအပိုပစ္စည်းအချို့ကို တစ်ခါတစ်ရံ ဝယ်ယူရခက်ခဲသည်ကိုလည်း တွေ့ကြုံကြားသိရသည်။ အဓိကအားဖြင့် မော်ဒယ်လ်နိမ့်သော ကွန်ပျူတာအပိုပစ္စည်းများမှာ လုံးဝရှားပါးကာ ဈေးနှုန်းကြီးမြင့်နေသည့်အကြောင်းကို ဆယ်နှစ်နီးပါး ကွန်ပျူတာနှင့်ဆက်စပ်၍ အလုပ်လုပ်ကိုင်လျက်ရှိသူ ဦးအောင်ဇော်လင်းက ပြောပြသည်။ ဥပမာ–မော်ဒယ်လ်နိမ့်သော PII ကွန်ပျူတာတစ်လုံးအတွက် အပိုပစ္စည်းများမှာ အသစ်ထွက်ရှိမှု မရှိသလောက် နည်းပါးသွားပြီး တစ်ပတ်နွမ်းကုန်ပစ္စည်းများသာ အများဆုံး ဝင်ရောက်လျက်ရှိရာ တစ်ခါတစ်ရံ ယင်းပစ္စည်းများမှာ မော်ဒယ်လ်မြင့်သောပစ္စည်းများလောက် ဈေးကွက်တွင် လွယ်လွယ်ကူကူ ရှာဖွေ၍မရကြောင်း ၎င်းက ရှင်းပြသည်။ မော်ဒယ်လ်မြင့်ပစ္စည်းများတွင်လည်း လူသုံးနည်းသောကွန်ပျူတာပစ္စည်းအချို့မှာ တစ်ခါတစ်ရံ ပြည်တွင်းဈေးကွက်အတွင်း၌ ရှာဖွေမရနိုင်ဘဲ ပြည်ပမှ လူကြုံမှာယူရသည်ဟု ဂရပ်ဖစ်ဒီဇိုင်နာတစ်ဦးက ဆိုသည်။

ပစ္စည်းပြတ်လပ်မှုကြောင့် အခက်ကြုံရပုံကို ဒစ်ဂျစ်တယ်ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ယခုကဲ့သို့ ပြောပြသည်။



www.foreverspace.com.mm

"ကင်မရာကတ်အတွက် Card Reader လိုက်ဝယ်တာ ကျွန်တော့်ဆီက ကတ်လို ဖတ်လို့ရတဲ့ပစ္စည်းကို မတွေ့ဘူး။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့ လှူလည်းတော်တော်ပင်ပန်းသွားတယ်။ နောက်တစ်နေ့ အသိတစ်ယောက်လိုက်ပြတဲ့ဆိုင်ကိုသွားမှ အဆင်ပြေတဲ့ Card Reader ရတော့တယ်"

## အရည်အသွေးနှင့် အာမခံချက်

လက်ရှိ ပြည်တွင်းဒစ်ဂျစ်တယ် ပစ္စည်းများဈေးကွက်အတွင်း၌ အရည်အသွေးမညီသော ပစ္စည်းအသစ်များသာမက တစ်ပတ်နွမ်းပစ္စည်းများနှင့် အသစ်အဟောင်း ရောစပ်ပစ္စည်းများသည်လည်း အမြောက်အမြားရောပွမ်းနေသဖြင့် အရည်အသွေးကိုအကဲဖြတ်ရန် စားသုံးသူတို့အတွက် အခက်အခဲရှိသည်ကို တွေ့ရသည်။ အချို့မှာ နာမည်ရပြီးဖြစ်သော အမှတ်တံဆိပ်များကို ကိုယ်စားလှယ်ရယူတင်သွင်းရောင်းချခြင်းများရှိသဖြင့် ၎င်းတို့၏ အမှတ်တံဆိပ်ပေါ်တွင် အာမခံချက်များ ပေးထားသည်။ အချို့သော ကွန်ပျူတာအပိုပစ္စည်းရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းများမှာလည်း မိမိတို့ တိုက်ရိုက်မှာယူတင်သွင်းသော ကုန်ပစ္စည်းများအပေါ် သက်တမ်းကာလတစ်ခုသတ်မှတ်၍ အာမခံချက်ပေးကြသည်ကို တွေ့ရသည်။ ယေဘုယျအားဖြင့် တစ်ပတ်နွမ်းပစ္စည်းများမှာ ဈေးနှုန်းသက်သာသော်လည်း အာမခံချက်ပေးလေ့မရှိသဖြင့် အခန့်မသင့်ပါက ဝယ်ယူသုံးစွဲသူများ ဆုံးရှုံးနစ်နာမှုများဖြစ်ကြရသည်ကို တွေ့ရသည်။

"ခဏခဏကြုံရဖူးပါတယ်။ ဆိုင်မှာစမ်းပေးလိုက်တုန်းကတော့ အကောင်းပဲ။ အိမ်မှာသုံးပြီး နောက်တစ်ရက်နှစ်ရက်လောက်နေတော့ပျက်ကော။ ပစ္စည်းကလည်းအဟောင်းဆိုတော့ Grantee ပေးမထားဘူး။ ဒီပစ္စည်းမျိုးတွေကလည်း ပျက်ရင်သွားရော။ ဘယ်လိုမှပြန်ပြင်ဖို့မဖြစ်နိုင်ဘူး"ဟု ကွန်ပျူတာသင်တန်းဖွင့်လှစ်ထားသူ ဦးနိုင်စိုးက ဆိုသည်။

ပစ္စည်းအဟောင်းပင်ဖြစ်သော်လည်း အချို့ကွန်ပျူတာအပိုပစ္စည်းဆိုင်များမှာ ၎င်းတို့ရောင်းချသောပစ္စည်း၏ အရည်အသွေးကို အာမခံချက်ပေး၍ တာဝန်ယူသည်ကိုလည်း တွေ့ရသည်။ အဆိုပါဆိုင်များမှာ ၎င်းတို့ရောင်းချသော ကုန်ပစ္စည်းအတွက် ဆိုင်မှပင် နောက်ဆက်တွဲ ဝန်ဆောင်မှုများကို တာဝန်ယူဖြည့်ဆည်းပေးသည်ဟု စုံစမ်းသိရှိရသည်။ သို့သော် အချို့ဆိုင်များမှာမူ နောက်ဆက်တွဲ ဝန်ဆောင်မှုများအတွက် တာဝန်ယူနိုင်ခြင်းမရှိသဖြင့် ဝယ်ယူသုံးစွဲသူတို့အတွက် အခက်အခဲဖြစ်ကြရသည်ကို လေ့လာတွေ့ရှိရသည်။ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချဝန်ဆောင်ခြင်း၌ စည်းမျဉ်းများ၊ စနစ်များနှင့် သတ်မှတ်အရည်အသွေးများကို တစ်ပြေးညီထားရှိနိုင်မည်ဆိုပါက ဝယ်ယူသုံးစွဲသူတို့အတွက် များစွာအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်သည်။

## ဝန်ဆောင်မှု

"ကွန်ပျူတာဆိုင်တစ်ဆိုင်မှာ MP-4 ဝယ်ချင်လို့သွားမေးတာ ဆိုင်ကဝန်ထမ်းတွေက ဘာမှ ရေရေရာရာရှင်းမပြနိုင်ဘူး။ သူတို့ရောင်းတဲ့ပစ္စည်းကို ဘယ်လိုသုံးလို့ရတယ်၊ ဘာအတွက်သုံးရင် အဆင်ပြေတယ်၊ ဘယ်လိုအားသာချက်တွေရှိတယ်ဆိုတာကို ဘာမှမပြောနိုင်ဘူး။ ကွန်ပျူတာပစ္စည်းရောင်းရင် ကွန်ပျူတာနဲ့ ပတ်သက်ပြီး သိဖို့တော့လိုတာပေါ့"

ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဦးမျိုးမြင့်က ၎င်း၏တွေ့ကြုံခဲ့ရပုံကို ပြောပြပြီး ကွန်ပျူတာပစ္စည်းများ၊ ဒစ်ဂျစ်တယ်အသုံးအဆောင်များ ဖြန့်ဖြူးရောင်းချသူအချို့၏ ဝန်ဆောင်မှုအားနည်းပုံကို ဝေဖန်သည်။ ဝယ်ယူလိုသူအတွက် လိုအပ်သောပစ္စည်းကို လမ်းညွှန်မှုမပေးနိုင်ခြင်း၊ အသစ်ဝင်ရောက်လာသောပစ္စည်းများ၏ အသုံးပြုပုံများကို ရေရေလည်လည်ရှင်းမပြနိုင်ခြင်း၊ နောက်ဆက်တွဲဝန်ဆောင်မှုအားနည်းခြင်းစသော အခြေအနေများကြောင့် မြန်မာ့ဒစ်ဂျစ်တယ်ဈေးကွက်ဖွံ့ဖြိုးမှုကို အထိုက်အလျောက် အားလျော့စေသည်ဟု ၎င်းက သုံးသပ်သည်။

ဒစ်ဂျစ်တယ်ပစ္စည်းများအတွက် ဝန်



www.foreverspace.com.mm



ဆောင်မှုများနှင့် ပတ်သက်၍ အငြင်းပွားမှုအများဆုံးဖြစ်သောနယ်ပယ်မှာ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများရောင်းချသောနယ်ပယ်ဖြစ်သည်ကို တွေ့ရသည်။ အဓိကအားဖြင့် ဖုန်းပွားယူမှုကို အာမခံချက်ပေးနိုင်ခြင်း မပေးနိုင်ခြင်း၊ သုံးစွဲသူတို့အားနည်းပညာမြင့်ပစ္စည်းအတွက် ပညာပေးနိုင်ခြင်း မပေးနိုင်ခြင်း၊ အရည်အသွေးနှင့်ဈေးနှုန်းအပေါ် တာဝန်ယူနိုင်မှုရှိခြင်း မရှိခြင်း စသော ဝန်ဆောင်မှုအားနည်းချက်၊ အားသာချက်များမှာ တစ်ဆိုင်နှင့်တစ်ဆိုင်ကွဲပြားခြားနားကာ အမျိုးမျိုးအဖုံဖုံဖြစ်နေ၍ ဝယ်ယူသုံးစွဲသူတို့ အဆင်မပြေဖြစ်ကြရသည်ဟု မိုဘိုင်းဖုန်းသုံးစွဲသူအချို့၏အဆိုအရ သိရသည်။

## One Stop

"ဘန်ကောက်မှာ Pantip Plaza ဆိုတဲ့ IT ပစ္စည်းတွေသီးသန့်ရောင်းတဲ့ ဆူပါမားကတ်ကြီးတစ်ခုရှိတယ်။ အဆောက်အအုံတစ်ခုလုံးမှာ IT ပစ္စည်းတွေချည်းပဲရောင်းတာ။ ကွန်ပျူတာပစ္စည်းတွေဝယ်မယ်ဆိုရင် တစ်နေရာတည်းမှာ စိတ်ကြိုက်ရှာဖွေလို့ရတယ်။ အပေါ်ဆုံးထပ်ဆိုရင် တစ်ထပ်လုံး တစ်ပတ်နွမ်းပစ္စည်းတွေ။ IT ပစ္စည်းနဲ့ပတ်သက်ပြီး မရနိုင်ဘူးဆိုတာ မရှိအောင်ဘဲ"

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၌ သွားရောက်ပညာသင်ကြားပြီး ၂၀၀၆ နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ဂျာနယ်လစ်အမျိုးသားတစ်ဦးက ပြောပြခြင်းဖြစ်သည်။ ဘန်ကောက်ရှိ အဆိုပါ Pantip Plaza ၌ ရောင်းချသော IT ပစ္စည်းများမှာ မြန်မာနိုင်ငံရှိ ဒစ်ဂျစ်တယ်ပစ္စည်းဈေးကွက်အတွင်းမှ ပစ္စည်းများထက် ဈေးနှုန်းသက်သာကြောင်း၊ အချို့ပစ္စည်းများမှာ ဈေးနှုန်းနှစ်ဆမျှကွာခြားကြောင်း၊ တစ်နေရာတည်းတွင် ကွန်ပျူတာပစ္စည်းမျိုးစုံကို ဝယ်ယူရရှိနိုင်သဖြင့် ဈေးနှုန်းမှန်မမှန် ဆန်းစစ်ရန်လွယ်ကူပြီး ပစ္စည်းလည်း အလွယ်တကူရှာဖွေဝယ်ယူနိုင်ကြောင်း ၎င်း၏အတွေ့အကြုံကို ပြန်လည်ပြောပြသည်။ ဘန်ကောက်မြို့တော်၌ အလုပ်ရုံဆွေးနွေးပွဲတစ်ခုအတွက် သွားရောက်ခဲ့သူပညာရှင်တစ်ဦးကလည်း ၎င်း၏အတွေ့အကြုံကို ယခုကဲ့သို့ ပြောကြားသည်။

"ရောက်တုန်းရောက်ခိုက်ဈေးဝယ်ရအောင်ဆိုပြီး MBK Shopping Center ကိုရောက်သွားတယ်။ တကယ်စုံတဲ့ဈေးဗျာ။ သုံးလွှာမှာဆိုရင် တစ်ထပ်လုံး ကွန်ပျူတာပစ္စည်းတွေ၊ မိုဘိုင်းဖုန်းတွေ၊ IT ပစ္စည်းတွေအစုံပဲ။ ဆိုင်တွေက တစ်နေရာထဲမှာ စုနေတော့ ဝယ်ရတာ အရမ်းအဆင်ပြေတယ်"

တစ်နေရာတည်းတွင် တစ်ဆိုင်တည်းနှင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုမျိုးစုံရနိုင်သော One Stop Service ကို ကုမ္ပဏီတစ်ခုတည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုတည်းက တာဝန်ယူလုပ်ဆောင်ရန်မှာ လွယ်ကူမည်မဟုတ်သည့်အပြင် ပြည့်စုံ၍ ကျေနပ်ဖွယ်ကောင်းသော One Stop Service ကိုလည်း ရရှိနိုင်မည်မဟုတ်ပေ။ သို့အတွက် ကုမ္ပဏီနှင့် ဆိုင်အသီးသီးက တစ်နေရာတွင်စုစည်း၍ ပူးပေါင်းဆောင်ရွက်နိုင်ကြလျှင် ပြည့်ဝသော One Stop Service ကို ရရှိနိုင်မည်ဟု စားသုံးသူအချို့က ရှုမြင်

www.foreverspace.com.mm

ကြသည်။

"တစ်နေရာတည်းမှာ အီလက်ထရွန်နစ်ပစ္စည်းတွေ၊ ကွန်ပျူတာပစ္စည်းတွေ၊ မိုဘိုင်းဖုန်းတွေ အဲဒါတွေအကုန်လုံး အပြိုင်အဆိုင်ရောင်းမယ်ဆိုရင် ဒီဈေးကွက်က ပိုသွက်လက်သွားနိုင်တယ်။ ဒါဆိုရင် လူအများစုလည်း ဒီလို နည်းပညာမြင့်ပစ္စည်းတွေနဲ့ယဉ်ပါးပြီး Digital Divide ကို လျှော့ချလာနိုင်မယ်။ ဝယ်ရတဲ့သူတွေအတွက်ရော၊ ရောင်းတဲ့သူတွေပါ အဆင်ပြေမယ်။ IT နည်းပညာနဲ့ ဆက်နွယ်နေတဲ့ လုပ်ငန်းနယ်ပယ်တွေဖွံ့ဖြိုးဖို့လည်း အထောက်အကူပြုနိုင်မယ်" ဟူ၍ ဘန်ကောက်မြို့၌ ပညာသင်ကြားခဲ့ဖူးသူ ဂျာနယ်လစ်တစ်ဦးက ရှုမြင်သုံးသပ်သည်။

ဒစ်ဂျစ်တယ်ပစ္စည်းများကို မကြာခဏ ဝယ်ယူသုံးစွဲလေ့ရှိသူအချို့ကို မေးမြန်းရာ၌လည်း ပေါင်းစပ်စုစည်းထားသော ဒစ်ဂျစ်တယ်ပစ္စည်းဈေးကွက်တစ်ခုဖြစ်ထွန်းလာရေးကို လိုလားကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းတို့အနက်မှ ကွန်ပျူတာစာစီစာရိုက်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်ဥမ္မာက–

"ဥပမာ–ကွန်ပျူတာဈေးပွဲတော်တွေကိုပဲကြည့်ပါလား။ ဝယ်ရတာ ဘယ်လောက်အဆင်ပြေလဲ၊ ကိုယ်လည်း ပစ္စည်းမျိုးစုံတွေ့ဖူးသွားတယ်။ ကိုယ့်လုပ်ငန်းအတွက် ဘာတွေလိုအပ်ဦးမလဲဆိုတာလည်း ကြည့်လို့ရတယ်။ အပြိုင်အဆိုင်ရောင်းကြတာဆိုတော့ ဈေးကိုလည်း တအားကြီးမတင်ထားကြဘူး။ ရောင်းတဲ့သူတွေလည်း လူတွေအများကြီးလာတော့ ပိုရောင်းရတာပေါ့။ နောက်ပြီးတော့ ဈေးပွဲတော်မှာဆိုရင် ဆိုင်တွေက စိတ်ရှည်လက်ရှည်ရှင်းပြကြတယ်။ ဝယ်ရတာ တကယ်အဆင်ပြေတယ်" ဟူ၍ ဒစ်ဂျစ်တယ်ပစ္စည်းများ တစ်နေရာတည်း ဝယ်ယူရရှိနိုင်ခြင်း၏ အားသာချက်ကို ဝေဖန်ပြောကြားသည်။

ကွန်ပျူတာတပ်ဆင်ပြုပြင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင် ဦးခိုင်ကြည်ကလည်း မြန်မာနိုင်ငံ၌ Myanmar Info-Tech ကဲ့သို့သော IT နည်းပညာလုပ်ငန်းများကို တစ်နေရာတည်း စုစည်းပေးထားနိုင်သည့် စင်တာကြီးများရှိသော်လည်း IT ပစ္စည်းရောင်းချဖြန့်ဖြူး ဝန်ဆောင်ပေးသည့်လုပ်ငန်းများကို စုစည်းထားနိုင်သည့် ဈေးဝယ်စင်တာမျိုးမရှိသေးကြောင်း၊ ယင်းမှာ မြန်မာ့ IT နယ်ပယ်အတွက် ဖြည့်စွက်ရဦးမည့် ကွက်လပ်တစ်ခုဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။



## ဖြည့်စွက်ရမည့်ကွက်လပ်

မြန်မာ့ IT လောကဖွံ့ဖြိုးရေးအတွက် အရေးကြီးသော ဒစ်ဂျစ်တယ်ပစ္စည်းများကို သုံးစွဲသူတို့ အလွယ်တကူဝယ်ယူရရှိနိုင်ရေး၊ သင့်တင့်မျှတသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ရေး၊ ဈေးကွက်အတွင်း၌ မသမာမှုပပျောက်စေရေး၊ ဈေးကွက်၏တောင်းဆိုမှုကို ချက်ချင်းသိရှိနိုင်ရေး၊ အရည်အသွေး၊ စံနှုန်းနှင့် အာမခံချက်များ ကွဲပြားမနေစေရေး၊ ဝန်ဆောင်မှုကောင်းများရရှိစေရေး၊ တစ်နေရာတည်း၌ နည်းပညာ၊ ကုန်ပစ္စည်းနှင့် သတင်းအချက်အလက်များဖလှယ်နိုင်ရေးတို့အတွက် ခေတ်မီဒစ်ဂျစ်တယ်ကုန်စည်ဈေးကွက်ကြီးတစ်ခု ပေါ်ထွန်းလာရန် လိုအပ်လျက်ရှိသည်ကို အထက်ပါအခြေအနေများအရ သိသာစေမည်ဖြစ်ပါသည်။

မျက်မှောက်ခေတ်အနေအထားအရ ခေတ်မီနိုင်ငံတည်ဆောက်ရေးအတွက် IT နည်းပညာနှင့် နိုင်ငံသားများ အကျွမ်းတဝင်ယဉ်ပါးရေးသည် အရေးပါသောကဏ္ဍတစ်ခုဖြစ်နေသည်။ သို့အတွက် IT နည်းပညာနှင့် ယဉ်ပါးရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သော ဒစ်ဂျစ်တယ်ပစ္စည်းဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရေးသည်လည်း နိုင်ငံတည်ဆောက်ရေး၌ အလေးဂရုပြုရမည့် အရာပင်ဖြစ်သည်။ ထိုကဲ့သို့ အလေးဂရုပြုရမည့်အားလျော်စွာ အထက်တွင်ဖော်ပြခဲ့သော မြန်မာ့ဒစ်ဂျစ်တယ်ပစ္စည်းဈေးကွက်အတွက် လစ်ဟာနေသောကွက်လပ်ကို ဖြည့်စွက်ရန် အားလုံးပူးပေါင်းပါဝင်သင့်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

**အောင်ကျော်မင်း**

■

www.foreverspace.com.mm

# မြန်မာနိုင်ငံနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ

အယ်ဒီတာတစ်ဦး

မြန်မာနိုင်ငံသည် ၁၉၅၂ ခုတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ထံမှ အကူအညီများသည် ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် ၁၉၈၇ ခုနှစ် ဇူလိုင်ကပင် ရပ်ဆိုင်းသွားခဲ့ခြင်းဖြစ်ပြီး ယနေ့တိုင် နောက်ထပ်အကူအညီများမရရှိနိုင်ဘဲ ရှိနေပါသည်။ မြန်မာနိုင်ငံသည် ၁၉၅၆ ခုနှစ်မှစ၍ ၁၉၈၇ ဇူလိုင် ချေးငွေများ ရပ်ဆိုင်းသွားချိန်အထိ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့် ရရှိခဲ့ဖူးသည်ဟု ကမ္ဘာ့ဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့အကြီးအကဲမှာ အစဉ်အလာအားဖြင့် အမေရိကန်ပြည်ထောင်စုအစိုးရမှ ခန့်အပ်သော အမေရိကန်နိုင်ငံသားတစ်ဦးဦးသာ ဖြစ်သည်။

ကမ္ဘာ့ဘဏ်တာဝန်ရှိသူများကမူ ၎င်းတို့သည် မြန်မာနိုင်ငံနှင့် စဉ်ဆက်မပြတ်ထိတွေ့လျက်ရှိပြီး မြန်မာနိုင်ငံအား အထောက်အပံ့များ ပြန်လည်ပေးအပ်ရေးကိုလည်း လိုလားလျက်ရှိပါသည်ဟု Living Color သို့ ရှင်းပြသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့သည် ၎င်းထံ အပ်နှင်းထားသောလုပ်ပိုင်ခွင့် အပိုဒ် (၄) ကိုအသုံးပြု၍ မြန်မာနိုင်ငံအား ပုံမှန်ဆက်သွယ်အကြံပေးမှုများ ပြုလုပ်လျက်ရှိပြီး နှစ်စဉ်အဖွဲ့မှ စေလွှတ်သော စီးပွားရေးပညာရှင်များ မြန်မာနိုင်ငံသို့ သွားရောက်၍ နီးနှောအကြံပြုမှုများ ပုံမှန်ပြုလုပ်နေသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံနှင့် ဆွေးနွေးမှု အသေးစိတ်အချက်အလက်များကိုမူ အစီရင်ခံစာများတွင် ထုတ်ပြန်လေ့မရှိပေ။ မြန်မာနိုင်ငံဘက်မှ အဆိုပါအဖွဲ့အစည်းများဆိုင်ရာ ဘုတ်အဖွဲ့အကြီးအကဲမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးဖြစ်သည်။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့သည် သီးခြားစီဖြစ်ပြီး အတူတကွ တွဲဖက်အလုပ်လုပ်လေ့ရှိသောကြောင့် အများက အဖွဲ့အစည်းတစ်ခုတည်းအဖြစ် ရှုမြင်ကြလေ့ရှိသည်။ အဆိုပါအဖွဲ့အစည်းနှစ်ခုစလုံးသည် အမေရိကန်ပြည်ထောင်စု မြို့တော် ဝါရှင်တန်ဒီစီတွင် ရုံးစိုက်ပြီး တစ်ခုနှင့်တစ်ခု မလှမ်းမကမ်းတွင် တည်ရှိကြသည်။ အဖွဲ့အစည်းနှစ်ခုစလုံး၏ ဘုတ်အဖွဲ့ဝင်အများစုမှာ အမေရိကန်ပြည်ထောင်စုအစိုးရက ခန့်အပ်သော အရာရှိကြီးများသာဖြစ်ရာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ကို အမေရိကန်အစိုးရ၏ မူဝါဒများက ကြီးစိုးလျက်ရှိသည်ဟု ဆိုနိုင်ပေသည်။ ကမ္ဘာ့ဘဏ်အဆုံးအဖြတ်များနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၏ မဲပေးခွင့်မှာ ၁၇ ရာခိုင်နှုန်းရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစုပေါင်း မဲပေးခွင့်မှာ ၁ ရာခိုင်နှုန်းပင် မရှိပါ။

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့က ပေးအပ်နေသော အကူအညီများသည် သက်ဆိုင်ရာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်နှင့် မသက်ဆိုင်ပေ။ ထို့ကြောင့်လည်း ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ထုတ်ချေးခဲ့ခြင်းဖြစ်သည်။

အမှန်အားဖြင့် ကမ္ဘာ့ဘဏ်တွင် အဖွဲ့အစည်းကြီးငါးခုဖြင့် ဖွဲ့စည်းထူထောင်ထားခြင်းဖြစ်သည်။ ယင်းတို့မှာ–

(၁) International Bank for Reconstruction and Development (IBRD)

(၂) International Development Association (IDA)

(၃) International Financial Corporation (IFC)

(၄) Multilateral Investment Guarantee Agency (MIGA)

(၅) International Centre for Settlement Disputes (ICSID)

ယင်းအဖွဲ့အစည်း ငါးခုအနက် IDA မှာ အတိုးနှုန်းအနည်းငယ်ဖြင့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများကို ချေးငွေများ ထုတ်ပေးလေ့ရှိသည့် အဖွဲ့အစည်းဖြစ်သည်။

ယခုအခါ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့များ၏ အကူအညီအရပ်ရပ်များနှင့် ပတ်သက်၍ အခြေခံသတ်မှတ်ချက်စည်းမျဉ်းများကို Washington Consensus ဟု ခေါ်ဝေါ်လေ့ရှိသည်ကို တွေ့ရသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ချေးငွေဆိုင်ရာ အခြေခံသတ်မှတ်ချက်များသည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးစနစ်နှင့် မပတ်သက်ဘဲ အောက်ပါအချက်များကိုသာ လိုက်နာစေခဲ့ခြင်းဖြစ်သည်။

(၁) ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ စည်းကမ်းများ၊

(၂) ကုန်သွယ်မှုလွတ်လပ်ခွင့်ပေးရေး၊

(၃) တင်းကျပ်ထားသော စည်းမျဉ်းများ ဖြေလျှော့ရေး၊

(၄) ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၊

သို့တိုင်အောင် နိုင်ငံအသီးသီးသည် အဆိုပါအခြေခံ စံသတ်မှတ်ချက်များကို လိုက်နာပါမည်ဆိုရုံမျှဖြင့် ချေးငွေများ ရရှိနိုင်သည် မဟုတ်ပါ။ အဆိုပါအဖွဲ့အစည်းကြီးများအတွင်း မဲပေးခွင့်တွင် အမေရိကန်ပြည်ထောင်စုအစိုးရက ၁၇ ရာခိုင်နှုန်း ရယူထားသောကြောင့် အမေရိကန်တို့နှင့် ပြေလည်မှုမှာ အဓိကကျသည်ဟု စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

Washington Consensus ၏ အထက်ပါ မဏ္ဍိုင်လေးခုသည် သာမန်အားဖြင့် အဓိပ္ပာယ်ရှိသယောင်ထင်ရသော်လည်း စီးပွားရေးဖွံ့ဖြိုးစ၊ အသွင်ပြောင်းစနိုင်ငံများ လိုက်နာကျင့်သုံး

www.foreverspace.com.mm

ရန် အခက်အခဲရှိကြောင်း နိုဗယ်ဆုရစီးပွားရေးပညာရှင် Stiglitz က သုံးသပ်ခဲ့သည်။ Stiglitz သည် ကမ္ဘာ့ဘဏ်၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စီးပွားရေးပညာရှင်အဖွဲ့အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဥပမာအားဖြင့် Trade Liberalization ကို ဖွံ့ဖြိုးစနိုင်ငံများ လိုက်နာရန် ခက်ခဲပါသည်ဟု ၎င်းက ထောက်ပြခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့သည်ပင် ၎င်းတို့ဈေးကွက်ကို အကာအကွယ်များပေး၍ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ Washington Consensus ကို ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က ၁၉၈၉ ခုနှစ်တွင် လက်တင်အမေရိကနိုင်ငံများသို့ အထောက်အပံ့ပေးရန်အလို့ငှာ ပြဋ္ဌာန်းခဲ့သော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ဝါရှင်တန်အခြေစိုက်အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့၊ အမေရိကန်ဗဟိုဘဏ် စသည်များ စုပေါင်း၍ ချေးငွေများ မဆုံးရှုံးစေရန်အလို့ငှာ ပြဋ္ဌာန်းခဲ့သော စည်းမျဉ်းစည်းကမ်းများဖြစ်၍ Washington Consensus ဟု ခေါ်ဝေါ်ခြင်းဖြစ်ပြီး လက်တွေ့မကျသောစံများအဖြစ် ပညာရှင်များက ထောက်ပြခဲ့သည်။ ဆင်းရဲသောနိုင်ငံများကို ပိုမိုဒုက္ခရောက်စေပြီး နိုင်ငံကြီးများ၏ အကျိုးစီးပွားကို တစ်ဖက်စောင်းနင်း ဘက်လိုက်ပြဋ္ဌာန်းထားသည် (benefit the few at the expense of many) ဟု ပညာရှင်များစွာက ဝေဖန်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံများစွာတို့သည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည်များ၏ အကူအညီအထောက်အပံ့များ များစွာလိုအပ်နေသည်သာ ဖြစ်ပေသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းနှင့် ကမ္ဘာ့ဘဏ်တို့ကထုတ်ချေးသော ချေးငွေနှစ်မျိုးနှစ်စား ရှိပါသည်။

ပထမတစ်မျိုးမှာ 'Investment Lending' ခေါ် မြင်သာထင်သာသော လုပ်ငန်းစီမံကိန်းများ (ဥပမာ–လမ်း၊ တံတား၊ ဆည်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး)အတွက် ချေးငွေဖြစ်ပြီး ဒုတိယတစ်မျိုးမှာ 'Structural Adjustment Lending' ခေါ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ထုတ်ချေးသော ချေးငွေဖြစ်ပါသည်။ များသောအားဖြင့် ငွေသားသက်သက် ထုတ်ချေးခြင်းမပြုဘဲ ဈေးကြီးသော Inkind များ (ရုပ်ဝတ္ထုပစ္စည်းအဖြစ်လည်းကောင်း၊ ဝန်ဆောင်မှုအဖြစ်လည်းကောင်း) ပေးအပ်ခြင်း ဖြစ်ပါသည်။ Inkind အဖြစ်ပေးအပ်သော စီမံကိန်းများ အကောင်းလွန်ပြီး မတန်တဆဈေးဖြစ်၍ သက်ဆိုင်ရာနိုင်ငံများတွင် ဝန်ထုပ်ဝန်ပိုးဖြစ်ရသည့်တိုင် ၎င်းတို့၏ ချေးငွေကို နိုင်ငံများစွာတို့က တန်းစီစောင့်ဆိုင်းနေကြသည်သာ ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးတစ်ခုကို ကမ္ဘာ့အဆင့်မီပညာရှင်များဖြင့် မြန်မာနိုင်ငံတွင် တည်ဆောက်ပေးရန်ကဲ့သို့သော စီမံကိန်းမျိုးကို ယနေ့အချိန်၌ပင် ပေးအပ်ရန် စဉ်းစားသင့်ပါသည်ဟု မြန်မာပညာရှင်တစ်ဦးက ကမ္ဘာ့ဘဏ်၏ အတိုင်ပင်ခံပညာရှင် ပါမောက္ခ ဂျက်ဖရီဆက်စ်သို့ အကြံပြုခဲ့သည်ဟု အဆိုပါပညာရှင်က မကြာသေးမီက Living Color သို့ ပြောပြခဲ့သည်။

**အယ်ဒီတာတစ်ဦး**

ကြော်ငြာ

www.foreverspace.com.mm

# ပို့ကုန်စာရင်းဝင်၍ ရင်းနှီးမြှုပ်နှံမှုကြီးမားလာသော ဆံကေသာဈေးကွက်

နိုင်မင်းဝေ

**ဆံကေသာရောင်းဝယ်ရေးဈေးကွက်သည် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် တစ်စတစ်စဖွံ့ဖြိုးလာခဲ့ပြီး ဈေးနှုန်းနှင့် ရင်းနှီးမြှုပ်နှံမှုမှာလည်း သိန်းပေါင်းရာချီလျက်ရှိပြီဖြစ်ရာ ဆံကေသာရောင်းဝယ်ရေး၏ ခေတ်တစ်ခေတ် ဖြစ်ထွန်းလာခြင်းဟုဆိုနိုင်ကြောင်း ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ရှုမြင်ကြသည်။**

## ဈေးကောင်းပေးခြင်း

လှိုင်သာယာ၊ အင်းစိန်၊ သာကေတ ကဲ့သို့ ရန်ကုန်ဆင်ခြေဖုံးမြို့နယ်များ၌ ‘ဆံပင် အတို အရှည်၊ အကျွတ်များ ဈေးကောင်းပေး သည်။ တစ်ပိဿာ နှစ်သိန်းငါးသောင်း’ ဆိုသည့် မက်လုံးပေးဆွဲဆောင်ထားသည့် ဗင်နိုင်း၊ Whiteboard ကြော်ငြာများကို တွေ့ရှိနိုင်သည်။ ထို့အတူ ရန်ကုန်မြို့တော်၏



လူစည်ကားရာ မြို့နယ်များ၌ ဟစ်အော် လိုက်လံဝယ်ယူစုဆောင်းသူများ၏ အသံကို လည်း မြို့နယ်အနှံ့အပြား၌ နေ့စဉ်ရက်ဆက် ခပ်စိပ်စိပ်ကြားနေရသည်။

“ဆံပင်တွေကို အရှည်အသွေးအလိုက် သုံးမျိုးလောက်ခွဲခြားပြီး ဝယ်ကြလေ့ရှိ တယ်။ ဆံနွယ်ကစင်းပြီး အလေးချိန်လည်း စီးမယ်၊ အုံလည်းကောင်းတဲ့ဆံပင်ကို ဆင် စွယ်ဆံပင်လို့ ခေါ်တယ်။ အရှည်အသွေး အကောင်းဆုံးလို့လည်း သတ်မှတ်ထားကြ တယ်။ ယေဘုယျအဓိက ဈေးနှုန်းသတ် မှတ်တာကတော့ အတိုအရှည်ပေါ်မှာ လက်မအလိုက်ဈေးဖြတ်ပြီး ဝယ်ကြတယ်” ဟု ပစ်တိုင်းထောင် ဆံပင်ရောင်းဝယ်ရေး လုပ်ငန်းရှင်က ရှင်းပြသည်။

လှိုင်သာယာမြို့နယ် သုံးထိပ်ဘတ်စ်ကားမှတ်တိုင်အနီးမှ ‘ကိုကရင်’ ဆံပင် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကရင်က “အဓိကဝယ်တာကတော့ အတိုအရှည်ပေါ်မှာ လိုက်ဝယ်တာပဲ။ ၁၃ လက်မ၊ ၁၄ လက်မ ဆိုရင် ရောင်းတမ်းဝင်ပြီး ၂၅ လက်မကနေ လက်မ ၃၀ အတွင်းက တစ်ကျပ်သားကို နှစ်သောင်းခွဲလောက်ရှိတယ်” ဟု လက်ရှိ ဆံပင်ပေါက်ဈေးနှုန်းများကို ရှင်းပြသည်။

လက်ရှိ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ အတွင်း ဆံပင်ဝယ်ယူစုဆောင်းသော ဒိုင် များ၏ ယေဘုယျဆံပင်ဈေးနှုန်းသတ်မှတ်ချက်မှာ ၁၃ လက်မမှ ၁၄ လက်မ တစ်ကျပ် သားလျှင် ရှစ်ထောင်ကျပ်၊ ၁၅ လက်မမှ ၁၆ လက်မ တစ်ကျပ်သားလျှင် တစ်သောင်း

www.foreverspace.com.mm

ကျပ်၊ ၁၆ လက်မမှ ၁၇ လက်မ တစ်ကျပ်သားလျှင် တစ်သောင်းနှစ်ထောင်ကျပ်၊ ၁၈ လက်မမှ ၁၉ လက်မ၊ ၂၀ လက်မ တစ်ကျပ်သားလျှင် တစ်သောင်းခြောက်ထောင်ကျပ်၊ ၂၂ လက်မမှ ၂၅ လက်မတစ်ကျပ်သားလျှင် တစ်သောင်းရှစ်ထောင်ကျပ်၊ ၂၅ လက်မမှ ၃၀ လက်မအထိ နှစ်သောင်းငါးထောင်ကျပ် ဈေးနှုန်းပေး၍ ဝယ်ယူလျက်ရှိကြောင်း ဆံပင်ဈေးကွက်မှ စုံစမ်းသိရှိရသည်။

## ဆံပင်ရောင်းချသူများ

ဆံပင်ရောင်းချသူများသည် ပုံစံအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးရှိပြီး အဓိကအားဖြင့် အလုပ်ခွင်သို့ ဝင်ရောက်ရန် အင်တာဗျူးဖြေမည့်သူများ၊ ကျန်းမာရေးအနေအထားကြောင့် မဖြစ်မနေ ဆံပင်ညှပ်ရမည့်သူများ၊ မီးဖွားမည့်သူများအနေဖြင့် အများဆုံးရောင်းချလေ့ရှိကြကြောင်း၊ တစ်ခါတစ်ရံ၌ အလှူဒါနကုသိုလ်ကောင်းမှုပြုလုပ်ရန်အတွက် မပြတ်တမ်းထားရှိခဲ့သည့် ဆံပင်ကို ရောင်းချသူများလည်းရှိကြောင်း အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်အနီး ဆံပင်ရောင်းဝယ်ရေးဒိုင်မှ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“အများစုကတော့ ငွေရချင်လို့ ရောင်းတာပါ။ ဆံပင်လည်း ပုံစံမပျက်ဘူး။ မျက်နှာလည်း အလှမပျက်ဘဲ အတိုင်းအတာတစ်ခုအထိ ငွေရတာမို့ ရောင်းကြတာပဲဖြစ်တယ်” ဟု ဦးကရင်က ဆိုသည်။ လှိုင်သာယာ သုံးထပ်မှတ်တိုင်အနီးမှ ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ယခုနောက်ပိုင်း သုံးလေးနှစ်အတွင်း ဆံပင်ဈေးကောင်းရ၍ အချို့အမျိုးသားများပါ ဆံပင်အရှည်ထား၍ ရောင်းချကြသည်ကိုလည်း တွေ့ရကြောင်း၊ ၎င်းအနေဖြင့် ယောကျ်ား ဆံပင်ရှည်ကို ၁၈ လက်မမှ ၂၀ လက်မအထိ မကြာခဏ ဝယ်ယူရရှိဖူးကြောင်း ၎င်းကြုံတွေ့ရသည့် အမျိုးသားဆံပင်ရောင်းချသူများအကြောင်းကို ရှင်းပြသည်။

အလုပ်ခွင်သို့ ဝင်ရောက်ရန်အတွက် အင်တာဗျူးဖြေမည့်သူသည် ဆံပင်အရှည်ဖြင့် ဖြေဆို၍မရနိုင်၍ ဆံပင်ကိုဖြတ်ရောင်းကြောင်း၊ ကင်ဆာရောဂါကြောင့် တစ်ပင်ချင်းကျွတ်ထွက်ကုန်မည့်အစား၊ တစ်စုတစ်စည်းတည်း ရောင်းချခြင်းမျိုးလည်း ရှိကြောင်း၊ မီးဖွားမည့်သူများအနေဖြင့် အပျိုစင်ဘဝက လေးငါးနှစ်ခန့် တမြတ်တနိုး ယုယခဲ့သောဆံပင်ကို အချိန်မပေးနိုင်၍ မီးမဖွားမီ ဖြတ်ရောင်းခြင်းဖြင့် အသုံးစရိတ်ရှာဖွေကြလေ့ရှိကြောင်း ဆံပင်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“ကျွန်မကတော့ မနက်အိပ်ရာအထ ခေါင်းဖြီးလို့ ကျွတ်ထွက်လာတဲ့ ဆံပင်တွေကို ကျွတ်ကျွတ်အိတ်နဲ့ စုထားတယ်။ ကျွန်မအစ်မရဲ့ ဆံပင်အကျွတ်တွေကိုလည်း ကျွတ်ကျွတ်အိတ်နဲ့ စုထားတယ်။ လိုက်ဝယ်တဲ့သူ ရှိတဲ့အခါ သုံးလေးငါးရာ၊ တစ်ခါတလေ ခုနစ်ရာအထိ ရတယ်”ဟု လှိုင်မြို့နယ်၊ (၇)ရပ်ကွက်မှ အသက် ၃၀ ခန့် အမျိုးသမီးက ၎င်းဆံပင်ရောင်းချသည့်ပုံစံကို ရှင်းပြသည်။

အထက်အညာဒေသ၌ မွေးဖွားပြီး အဆိုပါရပ်ကွက်၌နေထိုင်သူ ဒေါ်ထွေးထွေးက “ကျွန်မဆံပင်က သန့်ပြီးတော့ အုံကောင်းတယ်။ မနက်စောစော ဈေးထရောင်းတော့ ဆံပင်မရှင်းနိုင်ဘူး။ ခေါင်းကလည်း ခဏခဏ မလျှော်နိုင်ဘူး။ ဆံပင်ခြောက်အောင် သုတ်ရတာလည်း သုံးလေးနာရီကြာလို့ တစ်နေ့က ဖြတ်ရောင်းတာ တစ်သောင်းရှစ်ထောင်ရတယ်”ဟုဆိုသကဲ့သို့ ကလေးသုံးယောက်မိခင် ဒေါ်ဝါဝါခိုင်ကလည်း “ကျွန်မဆံပင်က လိမ်ကောက်နေတယ်။ ရှင်းရလျှော်ရခက်တယ်။ Shampoo တွေလည်း မသုံးနိုင်ဘူး။ အဲဒါနဲ့ ဖြတ်ရောင်းတာ ခုနစ်ထောင်ကျော်လောက် ရလိုက်တယ်။ ၂နှစ်တစ်ခါလောက်တော့ ဖြတ်ရောင်းလေ့ရှိတယ်။ နှစ်စဉ်လည်း ဈေးပိုရလာတယ်” ဟု ဆိုသည်။

## ဆံပင်နှင့်ပတ်သက်သည့်သဘောထား

ဆံကေသာနှင့်ပတ်သက်လျှင် မြတ်နိုးတန်ဖိုးထားလေ့ရှိသော မြန်မာနိုင်ငံ၌ ဗုဒ္ဓဘုရားရှင်၏ ဆံတော်ကို ဌာပနာထားသည့် တန်ခိုးကြီးဘုရားများရှိသကဲ့သို့ ဆံပင်အရှည်များကိုလည်း ဘုရားကိုလှူသည့် အလေ့အထရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ရှင်ဥပ္ပဂုတ္တ ဖောင်တော်မျှောသည့်အခါ ဆံပင်များဖြတ်၍ လှူဒါန်းပူဇော်မှုများလည်း အစဉ်အဆက်ရှိခဲ့ကြသည်။

မြန်မာလူမျိုးတို့၏ ဆံပင်အပေါ် သဘောထားနှင့်ပတ်သက်၍ “ဆံပင်ဆိုတာ နေ့စဉ် ရှင်းလင်းမှု၊ တစ်ပတ်တစ်ခါ ခေါင်းလျှော် ဆီထည့်မှ သန့်ရှင်းတဲ့ ဆံပင်ရတာဖြစ်တယ်” ဟု အရေပြားအထူးကုဆရာဝန်တစ်ဦးက ရှင်းပြသည်။ ယောကျ်ားတို့ဘုန်းလက်ရုံး၊ မိန်းမတို့ဘုန်းဆံထုံး၊ ပိတုန်းရောင်ကေသာ . . . စသဖြင့် မိန်းမမြတ်လက္ခဏာ၌ ဆံကေသာကောင်းခြင်းကို အင်္ဂါရပ်တစ်ခုအနေနှင့် ထည့်သွင်းလေ့ရှိပြီး သျှောင်ကြီးဖွဲ့၊ သျှောင်တစောင်းနှင့် ထိုးကွင်းနှင့်၊ ဆံထုံးတော်ကြီး တမာသီး စသည့် မြန်မာတို့၏ ဆံပင်နှင့်ပတ်သက်သည့် ဆိုရိုးစကားများသည် မြန်မာလူမျိုးတို့၏ ဆံကေသာအပေါ်ထားရှိသည့် သဘောထားများဖြစ်သည်ဟု စာပေပညာရှင်တစ်ဦးက ရှင်းပြသည်။

“မြန်မာလူမျိုးတွေရဲ့ ဆံပင်အပေါ်မှာ ထားရှိတဲ့ ဓလေ့ထုံးစံကြောင့် ဆံပင်ကောင်းတွေ တစ်နည်းအားဖြင့် ဈေးကွက်ဝင်ဆံပင်တွေ ပေါပေါများများ ရရှိနေတာဖြစ်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က စိုးမြတ်သူဇာတို့လို၊ ထက်ထက်မိုးဦးတို့လို၊ ခိုင်သင်းကြည်တို့လို ဆံပင်အရှည်နဲ့ မင်းသမီးတွေ ခေတ်ဖြစ်ခဲ့တော့ မိန်းကလေးတွေလည်း အတုခိုးပြီး ဆံပင်အရှည်ထားတာ ခေတ်တစ်ခေတ်ဖြစ်ခဲ့တယ်။ အခုနောက်ပိုင်း ကိုရီးယားဇာတ်လမ်းတွဲတွေကြောင့် ကိုရီးယားမင်းသမီးပုံစံ ဆံပင်မတိုမရှည်တွေ၊ အတိုတွေ၊ ကုပ်ဝဲတွေ ပြန်ခေတ်စားလာတော့ ဆံပင်တွေ ဖြတ်ရောင်းလာကြတယ်” ဟု ပေါက်တောဝမီးပွိုင့်အနီးရှိ ပစ်တိုင်းထောင် ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင်က မြန်မာလူမျိုးတို့၏ ဆံကေသာအပေါ် သဘောထားနှင့် ဆံပင်ဈေးကွက်အခြေအနေကို ဆက်စပ်သုံးသပ်ပြသည်။

## ဝယ်ယူစုဆောင်းမှုစနစ်

မြန်မာ့ဆံကေသာရောင်းဝယ်ရေးလုပ်ငန်းသည် တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်လေးများ၏ ဒိုင်ဖွင့်စုဆောင်းရရှိသော ဆံကေသာ

www.foreverspace.com.mm

များကိုမှ ဆောင်း၍ ပြည်ပသို့ တင်ပို့သည့် လုပ်ငန်းဖြစ်ကြောင်း၊ ဆံပင်ရောင်းဝယ်ရေး ဒိုင်တစ်ခုအနေဖြင့် ဝယ်ယူစုဆောင်း၍ မရသောနေ့ဟူ၍ မရှိကြောင်း၊ နေ့စဉ် ကျပ်ငွေငါးသောင်းဖိုးမှ နှစ်သိန်းဖိုးခန့်အထိ ဝယ်ယူစုဆောင်းနိုင်ပြီး အနိမ့်ဆုံး ဝယ်ယူရရှိမှုနေ့မှာ နှစ်သောင်းဖိုးခန့်ရှိကြောင်း၊ အချို့ဒိုင်များအနေဖြင့် ရပ်ကွက်များအတွင်း လက်လီဝယ်ယူစုဆောင်းမည့် ကိုယ်စားလှယ်ငါးဦးမှ ခုနစ်ဦးခန့်ရှိသကဲ့သို့ အချို့ဒိုင်ကြီးများဆိုလျှင် သမီး၊ သမက်၊ သား၊ ချွေးမ ဒိုင်ခွဲငါးဒိုင်ခန့် ခွဲဝေလုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း လက်ရှိ ဒိုင်ခွဲ ငါးဒိုင်ခန့်နှင့် လုပ်ကိုင်နေသူ လှိုင်သာယာမြို့နယ် သုံးထိပ်မှ ဦးကရင်က ဆက်လက်ရှင်းပြသည်။

"ကျွန်တော် ဒီအလုပ်ကိုလုပ်တာ ငါးနှစ်လောက်ရှိပြီ။ အခု သာကေတမှာပါ ဆိုင်ခွဲတစ်ခု ထပ်ဖွင့်ထားတယ်။ ကိုယ်စားလှယ်တစ်ဦးကို အရင်းငွေ နှစ်သောင်းခွဲကနေ သုံးသောင်းခွဲအထိ ထုတ်ပေးထားတာ စုစုပေါင်း ခုနစ်ဦးလောက်ရှိတယ်။ ရက် ၂၀ ကနေ ၂၅ ရက်အတွင်းမှာ အချိန် ၂၀ ကနေ အချိန် ၃၀ ကြား ဝယ်လို့ရတယ်" ဟု လှိုင်သာယာမြို့နယ် သုံးထိပ်မှ ဆံပင်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

၎င်းအနေဖြင့် နယ်ကိုယ်စားလှယ်ထံမှ ငွေကြိုယူခြင်းမရှိကြောင်း၊ ကိုယ်ပိုင်အရင်းအနှီးနှင့်သာ လုပ်ကိုင်နေပြီး ကတ်ကြေးနှစ်လက် သုံးလက်၊ ဘီးနှစ်ချောင်း သုံးချောင်း၊ ချိန်ခွင်တစ်ခု၊ ရွှေချိန်သည့် အလေးတစ်စုံ၊ အရင်း ကျပ်ငါးသိန်းခန့်ဖြင့် လုပ်ငန်းစတင်လည်ပတ်နိုင်သည်ဟု ဆက်လက် ရှင်းပြသည်။

"လူတစ်ဦးမှာ ငွေတစ်သိန်းရှိချင်မှ ရှိမှာဖြစ်ပေမယ့် ဆံပင်အနေနဲ့ အနည်းဆုံး တစ်သိန်းရှိတယ်။ ခေါင်းဖြီးလိုက်လို့ နေ့စဉ်ကျွတ်တဲ့ ဆံပင်သုံးလေးဆယ်လောက်ရှိတယ်။ ဆံပင်က ကျွတ်ချိန်ရောက်ရင် ကျွတ်မှာပဲ။ ကျန်တဲ့ ဆံပင်တွေလည်း ကျန်မှာပဲ။ ဆံပင်ကျွတ်တွေ ဝယ်တာ အမှိုက်က ငွေဖြစ်တာ" ဟု အရေပြားအထူးကုဆရာဝန်ကြီးတစ်ဦးက ဆိုသည်။

## ဝန်ဆောင်မှုကောင်းဖြင့် ဆံပင်ဝယ်ယူမှု

ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းဖွံ့ဖြိုးလာခြင်း၊ အပြိုင်အဆိုင်ပေါ်များလာခြင်းတို့ကြောင့် ဆံပင်ဒိုင်များအနေဖြင့် ဆံပင်ဝယ်ယူစုဆောင်းရာ၌ ဝန်ဆောင်မှုပုံစံသစ်များ အသုံးပြုလာရကြောင်း ဆံပင်လာရောက်ရောင်းချသူ၏ ဆံပင်ကို ညှပ်လိုက်မှန်းမသိအောင် ညှပ်သည့်အတတ်ပညာဖြင့် ဆံပင်ရယူခြင်းများ ရှိလာကြသည်။ ပစ်တိုင်းထောင်ဆံပင်ဒိုင်အနေဖြင့် လာရောက်ရောင်းချသူများ စိတ်ကျေနပ်မှုရရှိအောင် အနီးအနားရှိ ဆံပင်အလှပြင်ဆိုင်နှင့် ချိတ်ဆက်ထားပြီး အလှမပျက်အောင် ဆံပင်ရယူ၍ ကုန်ကျစရိတ်ကို ကျခံပေးခြင်းကဲ့သို့ ဝန်ဆောင်မှုမျိုးများရှိလာကြောင်း ပစ်တိုင်းထောင်ဆံပင်အရောင်းဝယ်ရေးလုပ်ငန်းရှင်က ရှင်းပြသည်။

"ဒီလုပ်ငန်း စလုပ်ခါစကတော့ မညှပ်တတ်ဘူး။ အခုဆို ဆံပင်လည်း ရောင်းလို့ရမယ်၊ ပုံစံလည်း မပျက်စေရဘူး။ အာမခံနဲ့ အခမဲ့ညှပ်ပေးတယ်" ဟု ရှင်းပြရင်း ဆံပင်လာရောက်ရောင်းချသူထံမှ ဆံပင်များကို ဘီးတစ်ချောင်းဖြင့်စုစည်း၍ အရှည်များကို သာစုကိုင်ပြီး ကျန်သည့်ဆံပင်များကို ဘီးစိပ်ငယ်ဖြင့် တွန်းချကာ အဖော်ဖြစ်သူအား သင့်တော်သည့်အနေအထားကို ညွှန်ပြ၊ ကတ်ကြေးဖြင့်ညှပ်ခိုင်းလျက် ဦးခေါင်းအနေအထားကိုလိုက်ပြီး ဆံပင်ရယူနေသော ဦးကရင်၏ ဇနီးက လက်တွေ့ဆံပင်ဝယ်ယူစုဆောင်းနေပုံကို လုပ်ကိုင်ရင်းရှင်းပြသည်။

၎င်းကဆက်လက်၍ "နှစ်ကျပ်သားသုံးထောင့်လေးရာ၊ ခြောက်ရာပြန်မအမ်းနဲ့" ဟု ငွေခြောက်ရာကို ရက်ရက်ရောရောပေးလိုက်ပြီး ယခု ဝယ်ယူရခြင်းသည် အပြိုင်အဆိုင်ဖြစ်လာ၍ ကိုယ့်ဘက်က ဆက်ဆံရေးကောင်းမွန်စေရန်၊ အလေးချိန်မှန်ကန်စေရန်၊ ရောင်းသူစိတ်ကျေနပ်စေရန် ဂရုစိုက်ရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။




## မသမာမှုများ

ဆံကေသာရောင်းဝယ်ရေးဈေးကွက်ကျယ်ပြန့်ဖွံ့ဖြိုးလာခြင်းနှင့်အတူ မသမာမှုများသည်လည်း ရောင်းသူဘက်၌ရော၊ ဝယ်သူဘက်၌ပါ အခြေအနေ အကြောင်းကြောင်းကြောင့် သဘာဝကျစွာ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ရောင်းချသူများဘက်မှ ပလတ်စတစ်ကဲ့သို့ ဓာတုဗေဒနည်းပညာဖြင့်ပြုလုပ်ထားသော ဆံပင်အတုများ၊ မြင်းမြီးများကို သဘာဝဆံပင်အစစ်ကဲ့သို့ ရောင်းချခြင်းများရှိလာပြီး ဆံပင်အကျွတ်အတိုများကို စိတ်ရှည်လက်ရှည် အပင်ပန်းခံ စနစ်တကျစီထားကာ ဆံပင်အရှည်ကဲ့သို့ လိမ်လည်ရောင်းချမှုများရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm

“ဒါ ဆံပင်အစစ်၊ ဒါကအတု မကျွမ်းကျင်ရင် ခွဲလို့မရဘူး။ သံသယဖြစ်ရင် မီးရှို့ကြည့်လိုက်။ ဆံပင်အစစ်ဆိုရင် ကြက်မွေး မီးလောင်သလို ညှော်နံ့ရမယ်။ အတုကတော့ စုသွားတယ်။ ဆံပင်ဆိုတာက ဆီဝနေတဲ့ ဆံပင်ကို ပြောတာမဟုတ်ဘူး၊ ဆံပင်အတို တွေကို ဆီအသုံးပြုပြီး အရှည်လိုမျိုးစီထား တာကို စီဆံပင်လို့ခေါ်တယ်ဟု ပစ်တိုင်း ထောင်ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင်က သုံးသပ်ပြောကြားသည်။ ဦးကရင်ကလည်း “ဒါက ဆံပင်အတု။ အတုက အစစ်ထက် ပေါ့တယ်။ ကြမ်းတယ်။ အစစ်ဆိုရင် ပျော့ပြီး နူးညံ့တယ်။ မသင်္ကာရင် မီးရှို့ကြည့်လိုက်။ ဒါကတော့ မြင်းမြီးကို ဆံပင်ဆိုပြီး လာ ရောင်းတာ နမူနာပြဖို့ ယူထားတာ” ဆို၍ ဆံပင်အတု အစစ်နှင့် မြင်းမြီးများကို ထုတ်ပြရင်း ရှင်းပြသည်။

ရပ်ကွက်များအတွင်း ဆံပင်လက်လီ ဝယ်ယူသူများအနေဖြင့် အဓိက မသမာမှု မှာ အလေးချိန် မမှန်ကန်ခြင်းပင်ဖြစ်ပြီး ငါးပြားစေ့ကို အလေးအဖြစ်သတ်မှတ်ကာ ဆံပင်ဝယ်ယူလေ့ရှိကြောင်း၊ ငါးပြားစေ့ ခြောက်စေ့သည် ရွှေချိန်သည့်အလေးနှင့်ဆို လျှင် တစ်ကျပ်သားအပြည့်ရှိသော်လည်း လက်လီဝယ်ယူသူများအနေဖြင့် အစေ့ ၂၀ ကို တစ်ကျပ်သားသတ်မှတ်လေ့ရှိသကဲ့သို့ အချို့သူများအနေဖြင့် ခဲသတ္တုဖြင့် အလေး ချိန်ပိုစီးသော ငါးပြားစေ့အတုများပြုလုပ်၍ ဆံပင်ချိန်တွယ်ရာ၌ မသမာမှုပြုကြောင်း၊ ဒိုင်များအနေဖြင့်ဆိုလျှင် ရွှေချိန်သည့် အလေးနှင့်ပင် ချိန်ယူရကြောင်း ပစ်တိုင်း ထောင်ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင်က ၎င်းအတွေ့အကြုံကို ရှင်းပြသည်။

လှိုင်သာယာမြို့နယ် ငါးသိန်းရပ်ကွက် ပဒုမ္မာလမ်းမှ ဆံပင်လိုက်လံဝယ်ယူစု ဆောင်းသူတစ်ဦးက ၎င်းတို့အနေဖြင့် ဆံပင် ကို နေပူမရှောင် မိုးရွာမရှောင် ခြေထောက် တို ဖိနပ်ပါးအောင် ရပ်ကွက်များအတွင်း လှည့်လည်ဝယ်ယူရပြီး အပြိုင်အဆိုင် ဝယ် ယူနေရ၍ ဒိုင်ပေါက်ဈေးထက် ဈေးပိုမိုပေး ဝယ်ယူရသကဲ့သို့ ယခုနောက်ပိုင်း ဆံပင် အကျွတ်ပင်လျှင် တန်ဖိုးရှိမှန်းသိ၍ လွယ် လွယ်ဝယ်၍မရကြောင်း၊ သို့ဖြစ်၍ အလေး ချိန်အသာမယူ၍မရကြောင်း၊ မိုးလင်းမိုးချုပ် တစ်နေကုန်ထွက်မှ တစ်ရက် နှစ်ထောင်သုံး ထောင်ခန့်သာ အမြတ်ကျန်ကြောင်း ၎င်းတို့ ဘဝအခြေအနေကို ရှင်းပြသည်။

## အသုံးပြုသည့်နေရာ

ပြည်တွင်း၌ ဝယ်ယူရရှိနေသော ဆံပင်များကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန် သွယ်ရေးမှတစ်ဆင့် တင်ပို့ရောင်းချကြောင်း၊ အချို့က ဆံပင်များကို CD ချပ်များ တိုက် ချွတ်ရာ၌ အသုံးပြုသည်ဆိုသည်မှာ မဖြစ် နိုင်ကြောင်း၊ မြန်မာနိုင်ငံမှ ဆံပင်များကို ဆံပင်အတုပြုလုပ်ရာ၌ အသုံးပြုကြခြင်းသာ ဖြစ်ကြောင်း၊ ဆံပင်အတုများ၏ အဓိက ဖြန့်အားသည် တရုတ်နိုင်ငံ၏ အော်ပရာ ပြဇာတ်များနှင့် တရုတ်သိုင်းကားများပင် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ခွေးမင်း၌ ဆံပင် အတုစက်ရုံ ၂၀ ခန့်ရှိသည်ဟု ကြားဖူး ကြောင်း ပစ်တိုင်းထောင် ဆံပင်ရောင်းဝယ် ရေးလုပ်ငန်းရှင်က ရှင်းပြသည်။

ယခုအခါ ဆံပင်ဈေးကွက်ကျယ်ပြန့် ဖွံ့ဖြိုးလာခြင်းနှင့်အတူ ပြည်တွင်း၌လည်း ဆံပင်အတုသုံးစွဲသည့် အလွှာတစ်ခုရှိလာ ကြောင်း၊ အထူးသဖြင့် KTV များရှိ လိင် တူချစ်သူများသည် မကြာခဏ ဆံပင်များ ဆုံးရှုံးရသဖြင့် ပုံစံကွဲ ဆံပင်အတုသုံးစုံခန့် ဆောင်ထားကြကြောင်း လိင်တူချစ်သူ တစ်ဦးက ရှင်းပြသည်။

မည်သို့ပင်ဖြစ်စေ ရောင်းချသူများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသကဲ့သို့ ဝယ်ယူ မည့် ပြည်ပဝယ်လက်လည်း ခိုင်ခိုင်မာမာ ရှိပြီး ဈေးမြှင့်ပေးဝယ်နေသော ဆံပင်ဈေး ကွက်သည် ဆက်လက်ရှင်သန်နေဦးမည် ဟု သုံးသပ်နိုင်ပါသည်။

**နိုင်မင်းဝေ**

LIVING COLOR MEDIA
လိပ်စာသစ်
သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၇၂၀၉၅၁ ၊ ၀၉-၅၁၄၇၁၄၀
၂၄၃၆၃၉-၄၃ (Ext-၂၈၀၁)

www.foreverspace.com.mm

# ရန်ကုန် ကုန်စည်ဈေးကွက်

သစ်ထွင့် ၊ ဇော်ထွင့်မောင်


**ရန်ကုန်မြို့တော်ရှိ ဘုရင့်နောင်ဈေးကွက်အတွင်းတွင် ၂၀၀၇ ခုနှစ်၏ ပထမဦးဆုံးလဖြစ်သော ဇန်နဝါရီလအတွင်းမှာပင် ကုန်စည်ဈေးနှုန်းအချို့ ဈေးအမာဘက်၌ပင် ဆက်လက်ရပ်တည်လျက်ရှိသည်ကို တွေ့ရသည်။ ဗဟန်းစာတိုက်ဖုံးပေါက်ကွဲမှုဖြစ်ပွားအပြီး ကုန်သည်၊ လှောင်လက်နှင့် လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချသူအချို့က ကုန်စည်အချို့၏ဈေးနှုန်းကို အမြင့်ဘက်သို့ ဆွဲယူခဲ့ကြသောကြောင့် ယင်းကုန်စည်များမှာ အတက်ဘက်သို့ ရောက်ရှိခဲ့သော်လည်း ဝယ်လိုအားမှာ ထင်သလောက်တက်မလာဟု ကုန်သည်များထံမှ သိရသည်။ စားသုံးသူများအတွက် မရှိမဖြစ်အသုံးလိုသော အခြေခံစားသောက်ကုန်များ မဖြစ်မနေဝယ်ယူသုံးစွဲရသည့် ကုန်ပစ္စည်းများဖြစ်သည့်အားလျော်စွာ ပုံမှန်ဝယ်လိုအားရှိနေသော်လည်း ယခင့်ယခင်နှစ်များက ရှိခဲ့သည့် ဝယ်လိုအားစံချိန်ကိုမူ မပြည့်မီကြောင်း လက်လီလက်ကားဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်အချို့က ပြောကြားသည်။**

## ကြက်သွန် 'ငြိမ်'

၂၀၀၆ ခုနှစ်အတွင်း ဈေးနှုန်းအမြင့်ဆုံးသို့ စံချိန်တင်ခဲ့သော ကြက်သွန်နီမှာ ၂၀၀၇ ခုနှစ် နှစ်ဦးပိုင်းသို့ ရောက်ရှိလာသောအခါ အတန်အသင့် ဈေးနှုန်းတည်ငြိမ်သွားသည်ကို တွေ့ရသည်။

ကြက်သွန်နီရောင်းချသူအချို့၏ ပြောကြားချက်အရ ဈေးနှုန်းတည်ငြိမ်မှုရှိလာသော်လည်း ဝယ်ယူကြသည့်ပမာဏမှာ အေးမြဲအေးလျက်ပင်ရှိနေပြီး အိမ်ရှင်မအများစုမှာ ယခင်က ဟင်းတစ်အိုးချက်ရာတွင် ကြက်သွန်နီငါးလုံးခန့်ကို အသုံးပြုခဲ့ကြသော်လည်း ယခုအခါ သုံးလုံးခန့်သာ အသုံးပြုကြတော့သည်ဟု သိရသည်။

ယမန်နှစ်က ရေလွှမ်းမိုးခြင်းခံရသဖြင့် ဒေသအချို့ရှိ ကြက်သွန်နီစိုက်ခင်းများ ပျက်စီးခဲ့သည်များရှိရာ ထိုစိုက်ခင်းများတွင် ထပ်မံစိုက်ပျိုးထားသော ကြက်သွန်နီများမှာ မကြာမီ ထွက်ရှိလာနိုင်မည်ဖြစ်သည့်အပြင် နွေကြက်သွန်နီများလည်း ထွက်ရှိလာတော့မည်ဖြစ်ရာ ဈေးနှုန်းများ မကြာမီ လျော့ကျလာနိုင်ခြေရှိကြောင်း ကုန်သည်အချို့က ခန့်မှန်းသုံးသပ်သည်။



## ငရုတ် 'မာ'

လတ်တလောတွင်ဈေးကွက်အတွင်းသို့ ငရုတ်အဝင်နည်းလျက်ရှိနေပြီး ဈေးအမာဘက်တွင် ရောက်ရှိနေသည်ကို တွေ့ရသည်။ ဈေးကွက်သို့ ဝင်ရောက်မှုပမာဏမှာ ယမန်နှစ်က ဝင်ရောက်မှုပမာဏထက် အိတ်ရေ ၅၀၀၀ ကျော်ခန့် ကွာဟမှုရှိကြောင်းလည်း ပွဲရုံလုပ်ငန်းရှင်အချို့ထံမှ သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသများမှ ငရုတ်များမှာ ယခုအခါ ဈေးကွက်အတွင်းသို့ တဖြည်းဖြည်းဝင်စပြုနေရာ မကြာမီတွင် ဝင်ရောက်မှုပမာဏများပြားလာနိုင်သည်ဟု ငရုတ်ပွဲရုံကြီးများထံမှ သိရသည်။

## ညောင်ပင်လေးဈေး

ရန်ကုန်မြို့ရှိ အခြေခံစားသောက်ကုန်များရောင်းချရာ ဈေးကွက်ဖြစ်သည့် ညောင်ပင်လေးဈေးကြီးအတွင်းတွင်မူ ပွင့်လင်းရာသီရောက်လာသည်နှင့်အညီ ကုန်စည်အများစုမှာ အရောင်းသွက်လာပြီး ကုန်စည်ဈေးနှုန်းများ အနည်းငယ်ဈေးမြင့်တက်ခဲ့ကြောင်း အဆိုပါဈေးရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များထံမှ ဇန်နဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။ ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်အများစုမှာမူ ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း အဆိုပါဈေးကွက်

www.foreverspace.com.mm

အတွင်းမှ စုံစမ်းသိရှိရသည်။

## အချိုရည်မျိုးစုံ လှုပ်ရှား

ပွင့်လင်းရာသီအစပိုင်းသို့ ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ယခင်လများအတွင်း ငြိမ်သက်ခဲ့သည့် အချိုရည်ဈေးကွက်မှာ လှုပ်ရှားလာပြီး အရောင်းသွက်လာကြောင်း ၂၀၀၇ ဇန်နဝါရီလကုန်ပိုင်း ဈေးကွက်အတွင်းအခြေအနေများအရ သိရသည်။ ပြည်တွင်းတွင် ထုတ်လုပ်လျက်ရှိသည့် အချိုရည်များတွင် တံဆိပ်သစ်များ ဝင်ရောက်ခြင်းမရှိသော်လည်း J cup ကဲ့သို့ ကြော်ငြာအား အများအပြားအသုံးပြုသည့် ကုန်အမှတ်တံဆိပ်များ ဈေးကွက်အတွင်း အဝယ်လိုက်ခဲ့ရာ J cup အမှတ်တံဆိပ် စပျစ်၊ စတော်ဘယ်ရီအချိုရည်များ ဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း လုပ်သက်ရင့် အချိုရည်ကုန်စုံဆိုင်လုပ်ငန်းရှင် ဦးသိန်းက ပြောကြားသည်။ ပြီးခဲ့သည့် ယခင်လဈေးနှုန်းများမှာ တစ်ကတ်လျှင် ကျပ် ၁၀၀ မှ ၁၅၀ ကျပ်ကြား မြင့်တက်ခဲ့ကြောင်း ဇန်နဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။ လာမည့်လများတွင် အချိုရည်ဈေးကွက် အရောင်းပိုသွက်လာဖွယ်ရှိပြီး သက်ဆိုင်ရာ၏ ကြေညာချက်အချို့အရ လျှပ်စစ်မီးတိုးမြှင့်ရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရသဖြင့် အချိုရည်ဈေးနှုန်းများအပေါ် သက်ရောက်နိုင်မည်ဖြစ်ကြောင်း အဆိုပါဈေးကွက်မှ ကုန်သည်အချို့က သုံးသပ်ပြောကြားသည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့် ပုံမှန်

ဆပ်ပြာဈေးကွက်အတွင်း ကြော်ငြာအားသုံးသည့် အမှတ်တံဆိပ်များမှာ ဈေးကွက်အတွင်း အဝယ်လိုက်လျက်ရှိပြီး အရည်အသွေးကောင်းသည့် ဆပ်ပြာအချို့မှာမူ ဈေးကွက်အတွင်း အခိုင်အမာဝေစုရရှိလျက်ရှိကြောင်း ညောင်ပင်လေးဈေးမှ ကုန်သည်တစ်ဦးက ဆိုသည်။ နေပြည်တော်သို့ အစိုးရရုံးများ ပြောင်းရွှေ့သွားသော်လည်း အလုပ်အကိုင်ရရှိရန် လွယ်ကူသည့် ရန်ကုန်မြို့၏ ဆပ်ပြာဝယ်လိုအားမှာမူ ကျဆင်းသွားခြင်းမရှိကြောင်း ဆပ်ပြာအရောင်းဆိုင်ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။ သို့ဖြစ်၍ ဝယ်လိုအားအများအပြားကျဆင်းသွားခြင်းမရှိဘဲ ပုံမှန်သာရှိကြောင်း၊ ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ ကုန်ကြမ်းဈေးနှုန်းပြောင်းလဲမှုကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ကြောင်း ဇန်နဝါရီလကုန်ပိုင်းတွင် စုံစမ်းသိရှိရသည်။

## နို့ဆီ၊ သကြား ဝယ်လိုအားကောင်း

နို့ဆီမှာ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး One Tea နို့ဆီကဲ့သို့ ကုန်အမှတ်တံဆိပ်များလည်း ဈေးကွက်ဝယ်လိုအား အခြေအနေကြောင့် ယခင်လများထက် အရောင်းမြင့်တက်လျက်ရှိကြောင်း၊ One Tea မှဖြန့်ချိသည့်အချိုရည်ဘူးကဲ့သို့ အသင့်ဖွင့်နိုင်သည့် နို့ဆီဘူးမှာ ဈေးကွက်အတွင်း ဝယ်လိုအား သိသာစွာ တက်လာသည့်အသွင်မရှိသော်လည်း ထိုက်သင့်သည့်ဈေးကွက်ရရှိနေကြောင်း ညောင်ပင်လေးဈေးမှ စုံစမ်းသိရှိရသည်။ သကြားဈေးနှုန်းများမှာ အမြင့်တွင်သာရှိခဲ့ပြီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ နီးပါးအထိ ဈေးပေါက်လျက်ရှိကြောင်း၊ ဇန်နဝါရီလကုန်ပိုင်းတွင် အစိုးရသကြားစက်ရုံများမှ သကြားအများအပြားထွက်ရှိခဲ့သော်လည်း ဈေးကွက်အပေါ် သက်ရောက်မှုမရှိခဲ့ကြောင်းနှင့် ပုံမှန်ဝယ်လိုအားရှိကြောင်း ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## ငါးသေတ္တာ သိသာစွာအရောင်းတက်

ပြည်တွင်းထုတ် ငါးသေတ္တာများမှာ ဝယ်လိုအားတက်လျက်ရှိပြီး ပြည်ပမှ တင်



www.foreverspace.com.mm

သွင်းသည့် ငါးသေတ္တာအချို့သာ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ ပြည်တွင်းထုတ်ငါးသေတ္တာများမှာ ပါဝင်သည့် ဂရမ်များခြင်း၊ ဈေးနှုန်းသင့်တင့်ခြင်းကြောင့် ဝယ်လိုအားသိသာစွာ တက်ခြင်းဖြစ်ပြီး ထုပ်ပိုးမှုပုံသဏ္ဍာန်မှာလည်း ဝယ်သူအား ဆွဲဆောင်နိုင်သည်ကို တွေ့ရကြောင်း ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း သက်ဆိုင်ရာမှ စားသုံးရန် ထုတ်လုပ်ခွင့်ပြုထားခြင်းမရှိသည့် ငါးသေတ္တာနှင့် အသားဘူးများကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းသတိပေးကြေညာခဲ့သော်လည်း ဈေးကွက်အတွင်း ဝယ်လိုအားသိသာစွာကျဆင်းသွားခြင်းမရှိကြောင်း ညောင်ပင်လေးဈေးမှ စုံစမ်းသိရှိရသည်။ အသားဘူး၊ ငါးသေတ္တာများ၏ ဈေးကွက်မှာ ပိုမိုကျယ်ပြန့်လာဖွယ်ရှိပြီး အဓိကအားဖြင့် ပြင်ပထမင်းဆိုင်များတွင်ရောင်းချသည့် ဟင်းတစ်ပွဲစာထက် ငွေကြေးသက်သာခြင်းနှင့် လွယ်ကူစွာချက်ပြုတ်၍ စားသောက်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း အဆိုပါဈေးမှ ကုန်သည်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



## အတ္တ-ပရ မျှတဈေးကွက်

၂၀၀၆ ခုနှစ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဓိကရင်ဆိုင်ကြုံတွေ့ခဲ့ရသည်မှာ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များဖြစ်သည်။ ရာသီဥတုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များနှင့်ဆိုင်သော သတင်းများအား ကြိုတင်ရရှိထားပါက စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် မည်မျှအထောက်အကူဖြစ်သည်ကို သိရှိလက်ခံလာကြသော လုပ်ငန်းရှင်များ များပြားလာပြီဖြစ်ရာ အဆိုပါသတင်းများအား ကြိုတင်၍ အချိန်မီထုတ်ပြန်ပေးနိုင်ပါက စိုက်ပျိုး၊ မွေးမြူ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ယခုထက် ပိုမိုအခြေအနေကောင်းလာဖွယ်ရှိနေပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အခြေအနေကောင်းမွန်ပါမှ ကုန်ဈေးနှုန်းတည်ငြိမ်နိုင်မည် ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း နိုင်ငံအတွင်း ထူးခြားသော အခြေအနေတစ်ရပ်ရပ်ကို အရင်းခံကာ ဈေးနှုန်းများ အမြင့်သို့ရောက်အောင် ဆွဲတင်သူများလည်း ရှိနေပါသည်။

ဈေးကွက်စီးပွားရေးစနစ်ဟု ဆိုလိုလိုက်သည်နှင့် ဈေးကွက်အတွင်းရှိ ကုန်စည်သီးနှံများအားလုံး ဈေးကွက်သဘာဝဈေးကွက်ကသတ်မှတ်သည့် ဈေးနှုန်းများအတိုင်း ရှိနေရမည်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း ဈေးကွက်ကိုချုပ်ကိုင်ခြင်းမှာ မဖြစ်စကောင်း။ ပြည်တွင်းရှိ အခြေခံသီးနှံများအပါအဝင် လူသုံးကုန်၊ စားသောက်ကုန်အားလုံးတို့သည် စင်စစ် ကမ္ဘာလုံးဆိုင်ရာအပြောင်းအလဲအဖြစ်အပျက်များနှင့် ဆက်စပ်လျက် နိုင်ငံတကာပေါက်ဈေးများနှင့် ချိတ်ဆက်နေပါသည်။ ထိုသို့ ချိတ်ဆက်နေသည့်အတွက် နိုင်ငံတကာပေါက်ဈေးများနှင့် များစွာကွာဟနေ၍ မရနိုင်ပေ။ ဥပမာအားဖြင့် အဓိက Export သီးနှံဖြစ်သော မတ်ပဲပေါက်ဈေးသည် ကမ္ဘာ့အဓိကဝယ်လက်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ဈေးကွက်ပေါက်ဈေး၊ ကမ္ဘာ့ဈေးကွက်၏ ပေါက်ဈေးတို့အပေါ် အခြေပြု၍ ပြည်တွင်းဈေးကွက်တွင် ဈေးဖွင့်ရောင်းဝယ်နေကြသည်ကို တွေ့နိုင်ပါသည်။ အခြားကုန်စည်သီးနှံများလည်း ထို့အတူပင် များစွာအရေးကြီးသည်မှာ ဈေးကွက်အတွင်း သဘာဝမကျသောဈေးနှုန်းများ မဖြစ်ပေါ်စေရေးနှင့် သဘာဝကျ၍ ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများကို ပြောင်းလဲမှုမပြုစေရေးပင် ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း ဈေးကွက်အတွင်းရှိ သဘာဝကျသော ဈေးနှုန်းများကို ဝယ်ယူသုံးစွဲနိုင်စွမ်းရှိစေမည့် နိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေလိုက်လျောညီထွေမြင့်မားလာရေးကိုလည်း အာရုံစိုက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

နိုင်ငံသားတို့၏ ဝင်ငွေ၊ ထွက်ငွေ အချိုးကျမျှတရန် တစ်နည်းအားဖြင့် ဈေးကွက်ချိန်ခွင်လျှာညီမျှစေရန်မှာ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ သယ်ယူပို့ဆောင်သူများနှင့် ဝယ်ယူသုံးစွဲကြသူများအားလုံးတွင်ပါတာဝန်ရှိသည်ဖြစ်ရာ အတ္တ–ပရ မျှတစွာလုပ်ဆောင်နိုင်ရန် များစွာအရေးကြီးလှပါသည်။ **သစ်ထွန်း ၊ ဇော်ထွန်းမောင်**

www.foreverspace.com.mm



ဤကဏ္ဍတွင် .....

၈၂ နိုင်ငံတကာအကူအညီဆိုရာတွင်
၈၄ မြန်မာဈေးကွက်နှင့် ဝယ်လိုအား
၉၂ မြန်မာနိုင်ငံ စီးပွားရေးတစေ့တစောင်း
၉၆ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှု
၉၈ မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့ အလားအလာ

# နိုင်ငံတကာအကူအညီ ဆိုရာတွင်

အောင်ထူးထက်

**ယနေ့ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတကာအကူအညီများလိုအပ်သည်မှာ အမှန်ပင်ဖြစ်သော်လည်း နိုင်ငံတကာအကူအညီများနှင့်အတူ ပါရှိလာတတ်သော မာယာနှင့် ဆိုးကျိုးများကို ခွဲခြမ်းစိတ်ဖြာနိုင်ရေးသည်လည်း အထူးအရေးကြီးပါသည်။ စစ်အေးကာလ နိုင်ငံတကာအကူအညီများကိုကြည့်လျှင် များသောအားဖြင့် နိုင်ငံရေးအရ နှောင်ကြိုးများပါရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ယခုအခါ အထက်ပါနိုင်ငံရေးအရ နှောင်ကြိုးများ လျော့နည်းသွားသော်လည်း အခြားသောမာယာများ ပါရှိလာတတ်သည်ကို တွေ့ရပေသည်။**

ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများသို့ နိုင်ငံတကာက ပေးအပ်နေသော ချေးငွေ/အကူအညီများတွင် အကြမ်းအားဖြင့် သုံးမျိုးတွေ့ရတတ်ပါသည်။

(၁) နိုင်ငံတကာအဖွဲ့အစည်းကြီးများက ပေးအပ်သောအကူအညီများ၊

ဥပမာ–ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊

(၂) စီးပွားရေးတောင့်တင်းသောနိုင်ငံကြီးများကပေးသော ODA အကူအညီ၊

(၃) လုပ်ငန်းစီမံကိန်းတစ်ခုကို လာရောက်အကောင်အထည်ဖော်လိုသော ကန်ထရိုက်က ယူဆောင်လာပေးသောချေးငွေ၊

အထက်ပါ အကူအညီသုံးမျိုးကို ကြည့်လျှင် အမှတ်စဉ်(၁)သည် မာယာအနည်းဆုံး၊ ဆိုးကျိုးအနည်းဆုံးဖြစ်ပြီး အတိုးနှုန်းလည်း အထူးသက်သာတတ်သည်ကို တွေ့ရသည်။ အမှတ်စဉ်(၃)သည် အတိုးနှုန်းအမြင့်ဆုံးဖြစ်ပြီး ဆိုးကျိုးလည်း အများဆုံးဖြစ်သည်ကို တွေ့ရပေသည်။

ချေးငွေ/အထောက်အပံ့များပေးအပ်ရာတွင် များသောအားဖြင့် ချေးငွေပေးအပ်သောအဖွဲ့အစည်း၊ နိုင်ငံများက စည်းမျဉ်းစည်းကမ်းများ သတ်မှတ်လေ့ရှိသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ များသောအားဖြင့် ၎င်းတို့နိုင်ငံမှ စက်ပစ္စည်းများ၊ နည်းပညာများကို ပြန်လည်ရောင်းချခြင်း၊ ၎င်းတို့နိုင်ငံမှ ပညာရှင်များ ခေါ်ယူအသုံးပြုစေခြင်းစသည်များကို တွန်းအားပေး၍ ချေးငွေ၏ အစိတ်အပိုင်းအချို့ကို ကိုယ့်အိတ်ကပ်ထဲသို့ ပြန်ဖိတ်စေခြင်းမျိုးကို ပြုလုပ်လေ့ရှိပါသည်။

ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ကဲ့သို့ အဖွဲ့အစည်းများက ပေးအပ်သောချေးငွေ၊ အထောက်အပံ့များတွင်ပင် Conditionalities ခေါ် စည်းမျဉ်းစည်းကမ်းများ ပါရှိစမြဲ ဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းများက သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများကိုကြည့်လျှင်ပင် သက်ဆိုင်ရာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးသော စည်းမျဉ်းစည်းကမ်းများအပြင် ၎င်းတို့ပေးအပ်ထားသော ချေးငွေ မဆုံးရှုံးစေရေးအလို့ငှာ အလွန်အကျွံ ကာကွယ်ထားသော စည်းမျဉ်းစည်းကမ်းများလည်း ပါရှိတတ်သည်ကို တွေ့ရပေသည်။ Washington Consensus ဟု လူသိများသော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ စည်းမျဉ်းစည်းကမ်းများသည် သက်ဆိုင်ရာနိုင်ငံများက လိုက်နာရန်ခက်ခဲပြီး ကောင်းကျိုးထက် ဆိုး ကျိုးကို ဖြစ်စေခဲ့ကြောင်း၊ ချေးငွေများ မဆုံး ရှုံးစေရေးအတွက် အလွန်အကျွံအကာအကွယ်ပေးထားခြင်းသာဖြစ်ကြောင်း

www.foreverspace.com.mm

ကမ္ဘာ့ဘဏ်၏ ဒုတိယဥက္ကဋ္ဌဟောင်းတစ်ဦးက ဝေဖန်ခဲ့ဖူးပါသည်။ ထို့အပြင် အဆိုပါနိုင်ငံတကာအဖွဲ့အစည်းများက ချေးငွေနှင့်အတူ ထည့်သွင်းလိုက်သော စည်းမျဉ်းစည်းကမ်းအချို့တွင် ဈေးကြီးလွန်းသော အကြံပေးပုဂ္ဂိုလ်များ၊ ဈေးကြီးသော စက်ပစ္စည်းများကို ထိုအဖွဲ့အစည်းများအား လွှမ်းမိုးထားသောနိုင်ငံကြီးများမှ မဖြစ်မနေ ဝယ်ယူရန်ပါရှိရာ နိုင်ငံငယ်များတွင် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေခဲ့သည်ကို တွေ့ရသည်။

စီးပွားရေးတောင့်တင်းသောနိုင်ငံများက ပေးအပ်သော ODA ခေါ် Oversea Development Assistance များတွင်လည်း အလားတူ Conditionalities ခေါ် စည်းမျဉ်းများ ပါဝင်မြဲဖြစ်ပါသည်။ ချေးငွေ/အထောက်အပံ့များသည် ငွေသားသက်သက်ရရှိခြင်းထက် သက်ဆိုင်ရာချေးငွေထုတ်ပေးသောနိုင်ငံမှ စက်ပစ္စည်းများကို ဝယ်ယူရခြင်း၊ အသုံးတည့်မတည့်မသိရသော Consultant များကို ငှားရမ်းပေးရခြင်းဖြင့် ထောက်ပံ့ငွေ၏ ၅၀ ရာခိုင်နှုန်းခန့်အနည်းဆုံး ၎င်းတို့နိုင်ငံတွင် ပြန်လည်တင်ကျန်ရစ်ခဲ့စေရန် စီမံထားတတ်ကြသည်ကို တွေ့ရသည်။

လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်လိုသော နိုင်ငံတကာကုမ္ပဏီတစ်ခုခုက Project နှင့်အတူ ယူဆောင်လာသော ချေးငွေများမှာမူ အန္တရာယ်အများဆုံးဖြစ်သည်။ ၎င်းတို့၏ အတိုးနှုန်းသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ ODA ချေးငွေများထက် များစွာမြင့်မားလေ့ရှိသည်ကို တွေ့ရသည်။ သက်ဆိုင်ရာနိုင်ငံက အတိုးနှုန်းကို ဈေးဆစ်သောအခါ အတိုးနှုန်းကို လျှော့ပေါ့ပြီး စက်ပစ္စည်းဈေးနှုန်းများတွင် ဈေးတင်ထားလေ့ရှိသည်ကို တွေ့ရသည်။

ချေးငွေအကူအညီများကို ထောက်ပံ့သောနိုင်ငံများ၊ အဖွဲ့အစည်းများ သတ်မှတ်လေ့ရှိသော စည်းမျဉ်းစည်းကမ်းများမှာ ယေဘုယျအားဖြင့် မလွဲမရှောင်သာသော စည်းမျဉ်းစည်းကမ်းများဖြစ်ပေသည်။ သို့တိုင်အောင် သက်ဆိုင်ရာနိုင်ငံအနေဖြင့် စက်ပစ္စည်းများ တန်ရာတန်ကြေး ဟုတ်မဟုတ်၊ တည်ထောင်မည့်လုပ်ငန်းသည် စီးပွားရေးအရ တွက်ခြေကိုက်နိုင်ခြင်းရှိမရှိကိုမူ စိစစ်ရန် တာဝန်ရှိပေသည်။

အထူးသဖြင့် ထိုသို့သောအကူအညီအချို့တွင် ကြားပွဲစားများ ပါလာတတ်ရာ သက်ဆိုင်ရာချေးငွေထုတ်ပေးသူ နိုင်ငံ/အဖွဲ့အစည်းတို့က ရယူသွားသော အကျိုးအမြတ်အပြင် ကြားပွဲစားအတွက် အကျိုးအမြတ်ကိုပါ ဖွဲ့ပေးရလေ့ရှိသောကြောင့် လက်တွေ့တွင် ချေးငွေ၏ ၈၀ ရာခိုင်နှုန်း သက်ဆိုင်ရာနိုင်ငံသို့ အမှန်တကယ်ရောက်ရှိလျှင် များစွာကံကောင်းသည်ဟု ပြောရမည်ဖြစ်ကြောင်း နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီတစ်ခု၏ အကြီးအကဲတစ်ဦးက ၎င်း၏စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ ကြားပွဲစားများ ပါဝင်လာရခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အုပ်ချုပ်ရေးယန္တရားမှ ဗျူရိုကရက်များ စွမ်းဆောင်ရည်မပြည့်ဝခြင်းကြောင့်ဖြစ်သည်ဟု သုတေသနစာတမ်းတစ်စောင်ကဆိုသည်။

အချို့သောချေးငွေများကို ကြားပွဲစားများပင် ရှာဖွေပေးခြင်းဖြစ်ပြီး Project Proposal ကိုလည်း အဆိုပါ ကြားပွဲစားများက ရေးပေးရလေ့ရှိသည်ကို တွေ့ရသည်။ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများမှ ဗျူရိုကရက်များအနေနှင့် ချေးငွေအကူအညီပေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းရန် ဘာသာစကားအခက်အခဲရှိခြင်း၊ အတွေ့အကြုံနည်းခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုမရှိခြင်းတို့ကြောင့် ကြားပွဲစားတို့၏ သားကောင်ဖြစ်ရလေ့ရှိသည်ဟု ပညာရှင်တစ်ဦး၏စာတမ်းတွင် ဖော်ပြထားသည်။ များသောအားဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများမှ ဗျူရိုကရက်များသည် ချေးငွေ၏ ၁၀ ရာခိုင်နှုန်းခန့် ၎င်းတို့နိုင်ငံသို့ ရောက်ရှိ၍ စီမံခန့်ခွဲခွင့်ရရှိခြင်းကိုပင် မဟာအခွင့်အရေးသဖွယ်ယူဆခြင်း၊ စီမံကိန်းနှင့် အတူပါလာသည့် မော်တော်ယာဉ်ကဲ့သို့သော မဖြစ်စလောက်အခွင့်အရေးများကို မျှော်လင့်ခြင်းများရှိတတ်သည်ဟု ဆိုသည်။သက်ဆိုင်ရာနိုင်ငံမှ ပညာရှင်တစ်ဦးစနှစ်ဦးစကို ဒေါ်လာ ၈၀၀၊ ၁၀၀၀ ပေး၍ ခန့်ထားခြင်းကို မဟာအခွင့်အရေးသဖွယ် ယူဆနေချိန်တွင် ချေးငွေပေးအပ်သော အဖွဲ့အစည်းက ခန့်အပ်သော အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ကြားပွဲစားက ခန့်ထားသော အတိုင်ပင်ခံပုဂ္ဂိုလ်များအတွက် ဒေါ်လာသိန်းနှင့်ချီ၍ ပေးခဲ့ရသည်ကို ဂရုမမူဘဲရှိကြကြောင်းသုတေသနစာတမ်းများကဆိုသည်။ ထိုသို့ ကြားပွဲစားများပါဝင်လာသည်နှင့် ဒေါ်လာ ၁၀ သန်းတန်ပစ္စည်းများ ဒေါ်လာ သန်း ၃၀ ဖြစ်သွားသည်ကိုလည်း ဂရုမမူမိဘဲရှိကြ ကြောင်း အဆိုပါစာတမ်းက ဆိုသည်။

ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီများမှလွဲ၍ကျန်နိုင်ငံတကာအကူအညီများတွင် သက်ဆိုင်ရာနိုင်ငံကို အမှန်တကယ်အကျိုးဖြစ်စေမည့်ပမာဏမှာ အများဆုံး အကူအညီ၏ ၈၀ ရာခိုင်နှုန်းသာဖြစ်ပြီး ကြားလူများစွာပါဝင်ခဲ့လျှင် ၄၀ ရာခိုင်နှုန်းသာ ရှိတတ်သည်ဟု နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီတစ်ခုမှ ဝန်ထမ်းကြီးတစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂကဲ့သို့ အဖွဲ့အစည်းများ ပေးအပ်သော အကူအညီများတွင်ပင်ခြစားမှုများရှိရာ နိုင်ငံတကာအကူအညီများနှင့် ပတ်သက်သော အလေအလွင့်မှာ အဆန်းတကျယ်မဟုတ်ပေ။ သို့သော် သက်ဆိုင်ရာနိုင်ငံဘက်မှ ညှိနှိုင်းရေးတာဝန်ရှိသူများက နိုင်ငံအပေါ် သစ္စာစောင့်သိ၍ အရည်အချင်းပြည့်ဝသည်နှင့်အမျှ နိုင်ငံတကာအကူအညီများကို ကြားပွဲစားမပါဘဲ ထိရောက်စွာရယူသုံးစွဲနိုင်သောနည်းလမ်းများလည်း ရှိနေပါသည်ဟု အဆိုပါသုတေသနစာတမ်းက ဆိုသည်။

မည်သို့ပင်ဖြစ်စေ ချေးငွေဆိုသည်မှာ နှစ်ရှည်ဖြစ်စေ၊ နှစ်တိုဖြစ်စေ၊ အတိုးနှုန်းသက်သာသည်ဖြစ်စေ၊ မြင့်မားသည်ဖြစ်စေ၊ ၈၀ ရာခိုင်နှုန်း ရောက်ရှိခံစားရသည်ဖြစ်စေ၊ ၄၀ ရာခိုင်နှုန်းသာရရှိခံစားရသည်ဖြစ်စေ နောက်ဆုံးတွင် သက်ဆိုင်ရာနိုင်ငံနှင့် ပြည်သူများကသာလျှင် ပေးဆပ်ကြရမည်ဆိုသောအချက်ကို မေ့မထားသင့်ပေ။

**အောင်ထူးထက်**

www.foreverspace.com.mm



# မြန်မာဈေးကွက်နှင့် ဝယ်လိုအား

Analyst Win

**ယခုနေ့မြန်မာဈေးကွက်၌ အဓိကလိုအပ်သော မောင်းနှင်အားကို ပြောပါဆိုလျှင် ‘ဝယ်လိုအား’ ခေါ် Buying Power ကို ပြရမည်ဖြစ်သည်။ တစ်ဖက်တွင် စီးပွားရေးလုပ်ငန်းသစ်များ ထူထောင်လုပ်ကိုင်လျက်ရှိနေပြီး အဆိုပါ စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းဝန်ဆောင်မှု စသည်များကို ဝယ်ယူလိုသူ သို့မဟုတ် ဝယ်ယူနိုင်စွမ်းအားမရှိခဲ့လျှင် အဆိုပါလုပ်ငန်းများ ရေရှည်တည်တံ့လိမ့်မည်မဟုတ်ဘဲ နိုင်ငံစီးပွားရေးတိုးတက်မှု သို့မဟုတ် GDP တိုးတက်ရေးကိုလည်း အထောက်အကူပြုလိမ့်မည် မဟုတ်ပေ။**

ယခုအခါ စီးပွားရေးလုပ်ငန်းသစ်တစ်ခု ထူထောင်လုပ်ကိုင်ခြင်း၌ ကုန်ကျစရိတ်များ မြင့်မားလျက်ရှိရာ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ပေါ်ထွက်ရန်လည်း အခက်အခဲ ရှိနေပါသည်။ ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့် ညီမျှသော ကျပ်ငွေများ သုံးစွဲပြီးချိန်တွင် တယ်လီဖုန်းတစ်လုံးနှင့် ကားတစ်စီးခန့်သာ ရရှိသေးရာ အငယ်စားနှင့် အလတ်စား လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် မြင့်မားနေမည်သာဖြစ်ပြီး ၎င်းတို့က ထုတ်လုပ်လိုက်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများသည် ဈေးနှုန်းချိုသာစရာ အကြောင်းမရှိချေ။ ထိုသို့ ဈေးနှုန်းချိုသာခြင်းမရှိသည့်အချက်ကလည်း ဈေးကွက်၏ဝယ်လိုအားကို ထိခိုက်စေသည်သာ ဖြစ်ပေသည်။

ဝယ်လိုအားကို အလွယ်တကူ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ဈေးကွက်အတွင်းရှိ လူအများစုထံတွင် သုံးစွဲရန် ငွေအလုံအလောက်ရှိနေခြင်းကို ဆိုလိုပါသည်။ Per Capita GDP ခေါ် လူတစ်ဦးချင်းဝင်ငွေသည် သက်ဆိုင်ရာဈေးကွက်၏ ဝယ်လိုအားကို ညွှန်ပြသည်ဟု ဆိုသော်လည်း ဤဈေးကွက်တွင် ယေဘုယျသာဖြစ်သည်ဟု ဆိုနိုင်ပေသည်။ Per Capita GDP ဆိုသည်မှာ တစ်နိုင်ငံလုံး၏ တစ်နှစ်အတွင်း တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအရပ်ရပ်ကို လူဦးရေနှင့်စားထားခြင်းဖြစ်ရာ ဓနဥစ္စာခွဲဝေမှုပုံသဏ္ဌာန်မှန်ခဲ့လျှင် ဝယ်လိုအားကို တိုင်းတာရန် နီးစပ်သော်လည်း ဓနဥစ္စာခွဲဝေမှုပုံသဏ္ဌာန်မမှန်ခဲ့လျှင် ဝယ်လိုအားကို ကိုယ်စားပြုနိုင်ခြင်းရှိမည်မဟုတ်ပေ။ ဆိုလိုသည်မှာ ဓနဥစ္စာအရပ်ရပ်သည် များနိုင်သမျှများသော ပြည်သူလူထုထံ ပျံ့နှံ့ရောက်ရှိမှသာလျှင် ဝယ်လိုအားမြင့်တက်နိုင်ခြင်းဖြစ်မည်ဟူသောသဘောပင် ဖြစ်သည်။

တခြားတစ်ဖက်ကကြည့်လျှင် ဝယ်လိုအားဆိုသည်မှာ ဈေးကွက်ထဲတွင်ရှိနေသော လှည့်ပတ်ငွေကြေးပမာဏဖြစ်သည်။ ထိုပမာဏသည် နိုင်ငံအတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဖိုးအရပ်ရပ်ထက် ကျော်လွန်လျှင် ငွေကြေးဖောင်းပွမှုကို ဖြစ်စေတတ်ပါသည်။ တစ်ဖန် ဈေးကွက်အတွင်း ဝယ်လိုအားအလို့ငှာ လုံလောက်သောငွေကြေးပမာဏ လှည့်ပတ်နေရမည်ဟုဆို

www.foreverspace.com.mm

သော်လည်း GDP ခေါ် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အရပ်ရပ်ထက် ကျော်လွန်၍ မဖြစ်ပါ။ ဆိုလိုသည်မှာ ရောင်းစရာပစ္စည်း ကျပ်တစ်သိန်းဖိုးရှိနေလျှင် ဝယ်စရာငွေ ကျပ်တစ်သိန်းရှိနေရမည်ဟူသောသဘောပင် ဖြစ်သည်။ အဆိုပါ ငွေတစ်သိန်းသည် ငွေကြေးပိုလျှံနေသူများထံရောက်ရှိသွားပါကလည်း အသုံးမပြုဘဲ သိမ်းဆည်းထားမည်ဖြစ်၍ ဝယ်လိုအားကို ဖြစ်ပေါ်စေမည်မဟုတ်ပါ။ ထို့ကြောင့် ဓနဥစ္စာခွဲဝေမှုပုံသဏ္ဍာန်အမှန်ဖြစ်ရေးကို စီးပွားရေးပညာရှင်များက တွန်းအားပေးခဲ့ကြခြင်းဖြစ်သည်။

ဓနဥစ္စာခွဲဝေမှုကို ယာယီအားဖြင့် တည့်မတ်ပေးနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်များဟုခေါ်သည်။ ဈေးကွက်အတွင်း ရောင်းစရာပစ္စည်း တစ်သိန်းဖိုးရှိ၍ ဝယ်စရာငွေတစ်သိန်းရှိနေသည့်တိုင် အဆိုပါ ဝယ်စရာငွေတစ်သိန်းသည် အသုံးပြုမည့်သူထံမရောက်ဘဲ ငွေပိုငွေလျှံရှိနေသူထံရောက်ရှိသွား၍ ဝယ်လိုအားမဖြစ်နိုင်သော အခြေအနေမျိုးတွင် ဘဏ်များက ကြားခံအဖြစ် ဝင်ရောက်၍ ယာယီအားဖြင့် ဓနဥစ္စာခွဲဝေမှုပုံသဏ္ဍာန် အမှန်ရောက်အောင် ဆောင်ကြဉ်းပေးနိုင်သည်ကို တွေ့ရသည်။ ငွေပိုငွေလျှံရှိနေသူများထံရောက်သွားသည့် ကျပ်တစ်သိန်းကို ၎င်းတို့က ဘဏ်တွင် အပ်နှံလိုက်၍ ဘဏ်က အမှန်တကယ်လိုအပ်သူများထံ ပို့ဆောင်ပေးလျှင်ဝယ်လိုအားကို ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

ဘဏ်များ၏ အခြေခံသဘောတရားတွင် Multiplier Effect ခေါ် ငွေကြေးကို အဆိုင်းများစွာခွဲ၍ လည်ပတ်ပေးနိုင်သော သဘောတရားပါရှိသည့်အတွက် အဆိုပါ ငွေတစ်သိန်းကို ကူပွန်များဖြင့် လိုအပ်သော နေရာသုံးနေရာသို့ ပို့ဆောင်ပေးနိုင်ခဲ့လျှင် ဝယ်လိုအား များစွာ ထပ်မံဖြစ်ပေါ်စေဦးမည် ဖြစ်ပေသည်။

၎င်းသဘောတရားသည် များစွာနက်နဲပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှ တစ်ဆင့် ဝယ်လိုအားများစွာ ဖြစ်ပေါ်စေခြင်းကို တွေ့မြင်နိုင်ပါသည်။ ငွေကျပ်ဆယ်သိန်းတန် ခရက်ဒစ်ကတ်တစ်ခုကို ပိုင်



ရှင်ဖြစ်သူ A က ၎င်း၏ဇနီး B နှင့် သား C တို့အား ခွဲပေးထားသည်ဆိုပါစို့။ အကယ်၍ ထိုသို့ ခွဲဝေပေးမထားလျှင် အဆိုပါငွေဆယ်သိန်းကို A တစ်ဦးတည်းက တစ်ကြိမ်လျှင် နေရာတစ်နေရာ၌သာ ဝယ်လိုအားဖြစ်ပေါ်စေမည်ဖြစ်သည်။ အဆိုပါငွေဆယ်သိန်းကို Credit Card သဘောတရားဖြင့်ပွား၍ A,B,C သုံးဦး ကိုင်ဆောင်ထားပါက အဆိုပါငွေဆယ်သိန်း မကျော်လွန်သရွေ့ A,B,C သုံးဦးလုံးက သုံးနေရာခွဲ၍ ဝယ်လိုအားဖြစ် ပေါ်စေမည်ကို မြင်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်မှစ၍ ပုဂ္ဂလိကဘဏ်လုပ်ငန်းများက ထုတ်ပေးထားသော Credit Card များ ရပ်နားသွားခဲ့ခြင်းသည် ဈေးကွက်အတွင်း ဝယ်လိုအားကို သိသာစွာထိခိုက်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။

အီလက်ထရွန်နစ်ကတ်ပြားများ၏ သဘာဝကိုမသိသူများက ခရစ်ဒစ်ကတ်များသည် ငွေဖောင်းပွမှုကို ဖြစ်စေသည်ဟု များယွင်းစွာ ယူဆထားကြသည်ကို တွေ့ရသည်။ အမှန်အားဖြင့် အထက်ပါဥပမာတွင် ငွေဆယ်သိန်းကတ်ကို A,B,C သုံးဦး ကိုင်ဆောင်ထား၍ ကျပ်သိန်းသုံးဆယ် ဖြစ်သွားသည် မဟုတ်ပါ။ ငွေဆယ်သိန်းကို အဆိုင်းသုံးဆိုင်းခွဲ၍ လည်ပတ်စေသည့် သဘောသာဖြစ်ရာ ငွေကြေးဖောင်းပွမှုရှိသည်ဆိုလျှင်ပင် Structural Inflation ခေါ် အကန့်အသတ်ရှိသော၊ ထိန်းသိမ်းနိုင်သော ဖောင်းပွမှုသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံဈေးကွက်တွင် ဝယ်လိုအားမြှင့်တင်ပေးနိုင်သော နည်းလမ်းများစွာရှိနေရာ အဆိုပါဝယ်လိုအားတည်ဆောက်နိုင်သည်နှင့် အမျှ နောက်ထပ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများလည်း ဖြစ်ပေါ်စေလိမ့်ဦးမည်ဟု အသေအချာ မျှော်လင့်နိုင်မည်ဖြစ်ပေသည်။

**Analyst Win**

www.foreverspace.com.mm



# မြန်မာနိုင်ငံစီးပွားရေးတစေ့တစောင်း

ဒေါက်တာအောင်ကိုကို
[ကိုဘေးတက္ကသိုလ်-စီးပွားရေးပညာ(စီးပွားရေးပေါ်လစီ)]

**ပြီးခဲ့သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံစီးပွားရေးသည် ဘက်စုံ၊ ကဏ္ဍစုံတိုးတက်လာသည်ဟု သိရပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်ကိုအခြေခံသော စီးပွားရေးစနစ်(ဈေးကွက်စီးပွားရေးစနစ်)သို့ပြောင်းလဲခဲ့ ခြင်း၏ အကျိုးတရားတစ်ခုဖြစ်ပါသည်။**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို ပေါင်းစပ်ထားသော ရောထွေးစီးပွားရေးစနစ် (Mixed Economy) ကို ကျင့်သုံးခြင်းအားဖြင့် နိုင်ငံနှင့်နိုင်ငံသားတို့၏ အခြေခံ လိုအပ်ချက်များ၊ အခြေခံလိုအပ်သော Goods and Services များကို တည်ငြိမ်သောဈေးနှုန်း (Stable Prices) ဖြင့် ထုတ်လုပ်ပေးနိုင်စွမ်းအား (Production Ability)နှင့် ကုန်ထုတ်အင်အားစုများ (Factors of Productivity) များဖြစ်သော မြေ (Land)၊ လုပ်သား (Labour)၊ ငွေကြေးအရင်းအနှီး (Capital)နှင့် နည်းပညာ (Technology)တို့ကို အကျိုးရှိဆုံးဖြစ်အောင် သုံးနိုင်သည့် ရွေးချယ်မှုများ (Optional Choices)၊ လို အပ်လျှင်လိုအပ်သလို ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ရမည့် ပေါ်လစီများ၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေး (National Interest and National Security)ကို ထိန်းသိမ်းပေးမည့် စီးပွားရေးပေါ်လစီများ (Economic Policies)ကို ချမှတ်ပေးနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံအနေဖြင့် ယနေ့ကာလအထိ လယ်ယာကဏ္ဍကို အလွန်အမင်းအားထားနေရဆဲဖြစ်သဖြင့် စက်မှုထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အားနည်းနေပါသေးသည်။ ဈေးများ၊ Supermarket များကိုကြည့်လျှင် ရောင်းသူများရော၊ ဝယ်သူများပါ ပြည်တွင်းထုတ်ကုန်ပစ္စည်းများထက် ပြည်ပထုတ်ကုန်ပစ္စည်းများပေါ် အားထားသုံးစွဲနေကြရပြီး ပြည်တွင်းမှ အဓိကထုတ်ကုန်ပစ္စည်းများမှာလည်း အခြေခံ လယ်ယာထွက်ကုန်များ၊ သဘာဝအရင်း

www.foreverspace.com.mm

အမြစ်များ ကျွန်းသစ်၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက် စသည်သာရှိနေသည်ကို တွေ့နိုင်ပါသည်။ ယင်းအနေအထားကိုသာ အားကိုးအားထားပြုနေရခြင်းကို ရှောင့်ရဲတင်းတိမ်ခြင်းမပြုသင့်။ မြန်မာနိုင်ငံသားအားလုံး ကြိုးပမ်းသင့်ပေသည်။စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုကုန်ထုတ်လုပ်သူများသည် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံသဘောတရားများကို ကောင်းမွန်စွာလေ့လာပြီး နားလည်သဘောပေါက်သင့်ပါသည်။ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးမြင့်မားရေး (Quality Improvement)၊ အရည်အသွေးထိန်းသိမ်းခြင်း(Quality Control)တို့ကို လုပ်ဆောင်နိုင်မှသာ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များကို တိုးချဲ့နိုင်ပါလိမ့်မည်။ မသမာလောဘနှင့် စီးပွားလုပ်လျှင် မိမိအကျိုးစီးပွားကိုပင် ပြန်လည်ထိခိုက်နစ်နာဆုံးရှုံးနိုင်ပါသည်။ ဈေးကွက်၏လိုအပ်ချက်(Market's Needs)၊ စားသုံးသူများ၏ လိုအင်ဆန္ဒများ (Consumers, want) များကို မိမိ၏ထုတ်လုပ်နိုင်မှုစွမ်းအား (Production Potentials) များနှင့် ရေတိုနှင့် ရေရှည်စီမံကိန်းများ (Short and Long-terms plannings) ကို အသုံးချတတ်ရန် လိုအပ်ပါမည်။

နိုင်ငံအဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် နိုင်ငံသားများ၏အမှန် ဝင်ငွေ (Real Income) မြင့်မားတိုးတက်လာစေရန် အမြဲရှေ့ရှုနေမှသာ နိုင်ငံသားတို့၏ ယုံကြည်ကိုးစားမှု၊ အပြန်အလှန်နားလည်မှုတို့ကို အစဉ်အမြဲရှိနေနိုင်ပါလိမ့်မည်။ ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ (Private Owned Enterprises) နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု (Private Sector Development) အတွက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပေးသော ဥပဒေများကို မြန်ဆန်တိကျစွာ ဆောင်ရွက်ပေးခြင်းများ၊ အခွန်အကောက်စနစ်ကို နိုင်ငံတော်ဘဏ္ဍာနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာသုံးစွဲခြင်း၊ စီးပွားရေး လုပ်ငန်းများ၏မရှိမဖြစ် လိုအပ်သောကဏ္ဍ များဖြစ်သော လျှပ်စစ် (Electricity Supply) နှင့် လူစီးနှင့် ကုန်စည်ရထားလမ်းများ ပိုမိုတိုးချဲ့နိုင်ရေး စသည်တို့မှာ အရေးပါလှပါသည်။ ယင်းအပြင် တည်ဆောက်မှုလုပ်ငန်းများတွင်မရှိမဖြစ်သော သံမဏိထုတ်လုပ်ငန်းများနှင့် ဘိလပ်မြေအစရှိသောလုပ်ငန်းများလည်း အရေးပါလှပါသည်။ လယ်ယာကဏ္ဍတွင်လည်း မိမိနိုင်ငံ၏ရေမြေသဘာဝ နှင့်ကိုက်ညီပြီး လယ်ယာထွက်သီးနှံများ ပိုမိုထွက်ရှိစေမည့် ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းများ၊ သီးနှံပျိုးထောင် ဖြန့်ဖြူးခြင်း၊ မျိုးစေ့များပြုစုခြင်းလုပ်ငန်းများ၊ စားသုံးဆီထုတ်လုပ်မှု၊ IT နှင့် Telephone ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေး စသည်တို့မှာ ဥပမာအချို့ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်နိုင်သည့် ပမာဏသည် စီးပွားဖြစ်ထွန်းသည့်ပမာဏ သို့မဟုတ် ထုတ်လုပ်သူအတွက်ရော စားသုံးသူအတွက်ပါ အကျိုးကျေးဇူးကိုဖြစ်ထွန်းစေသည့်ပမာဏကို ထုတ်လုပ်စေနိုင်ခြင်းကို ဆိုလိုပါသည်။ ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစနစ်တည်ငြိမ်စေရန်လည်း မြန်မာနိုင်ငံဗဟိုဘဏ်အနေဖြင့် လုပ်ပိုင်ခွင့်နှင့်တာဝန်များ ရှိနေပါလိမ့်မည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ စက်မှုထွန်းကားသောနိုင်ငံအဖြစ်သို့ ရောက်ရှိရန် အနာဂတ်မျှော်မှန်းချက်များ (Future Vision) နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ (Co-ordination and Co-opera tion) လိုအပ်ပါမည်။

နိုင်ငံသားများသည်လည်း မိမိတို့၏ ဘဝလိုအပ်ချက်များကိုဖြည့်ဆည်းရန်ရည်ရွယ်ပြီး ဈေးကွက်စီးပွားရေးစနစ်၊ လူနေမှုစနစ်သစ်နှင့် လိုက်လျောညီထွေရှိစေရန် လိုအပ်မည့် မိမိတို့၏အရည်အသွေး (Individual Quality) စသည်များကို အစဉ်အမြဲ အရောင်တင်နေရန် လိုအပ်ပါလိမ့်မည်။ သို့မှသာ မိမိတို့၏ဘဝတည်ငြိမ်မှု၊ ဘဝလုံခြုံမှုနှင့် ပိုမိုမြင့်မားသောဘဝပန်းတိုင်ကို ရောက်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ လူဦးရေမှာ ခန့်မှန်းခြေ သန်း ၅၀ ခန့်ရှိလာပြီဖြစ်သဖြင့် လူဦးရေတိုးတက်မှုမှာ စားသုံးမှုတိုးတက်မှုသာမဖြစ်သင့်ဘဲ ထုတ်လုပ်မှုကဏ္ဍတွင်လည်း တိုးတက်မှသာ လူတစ်ဦးစီ၏ အမှန်ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း (Standard of Living) သည်လည်း မြင့်မားလာပါလိမ့်မည်။ မိမိတို့၏အလုပ်အကိုင်ကို အကောင်းဆုံးဖြစ်အောင်လုပ်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ မိမိတို့တစ်ဦးစီတစ်ဦးစီသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ မရှိမဖြစ်သော လူ့အရင်း



www.foreverspace.com.mm

အမြင်များဖြစ်စေရန် ရည်ရွယ်အားထုတ်ခြင်းတို့ ရှိသင့်ပါသည်။ သို့မှသာ မြန်မာ့လူ့ဘောင်သည် Matured Society (ရင့်ကျက်သောလူ့ဘောင်) ဖြစ်လာနိုင်ပါသည်။

အထူးသဖြင့် စီးပွားရေးပညာရှင်များအပါအဝင် အသိအတတ်ပညာရှင်များသည် မိမိတို့ သိတတ်သည်များကို တတ်အားသရွေ့ ဖြန့်ဖြူးပေးခြင်းနှင့်အတူ ပိုမိုမြင့်မားသောလူနေမှုစနစ်တည်ဆောက်ခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်များ၏ သတင်းအချက်အလက်များ၊ ပြည်ပနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြောင်းရင်းများ၊ စီးပွားရေးဆုံးရှုံးမှုအကြောင်းတရားများ၊ ကိန်းဂဏန်းအချက်အလက်များ (Statistical Data) ပြုစုပျိုးထောင်ခြင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အနာဂတ်ကိုရည်ရွယ်ပြီး ကူညီသင့်ပါသည်။ ပြည်ပမှနည်းပညာများနှင့် အရင်းအနှီးများ တိုးပွားလာအောင်လည်း ဆောင်ရွက်ရပါမည်။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံမှု (National Interest and National Security) တွင် စီးပွားရေးတည်ငြိမ်မှု (Economic Stability) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economic Development) များသည် အရေးပါသဖြင့် ယင်းတို့ကို အထောက်အကူပြုစေမည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ (Economic Reforms)များကို အစဉ်သုံးသပ်နေရပါမည်။ ထို့အပြင် အမျိုးသား လုံခြုံမှု (National Security) ကို အထောက်အကူပြုသည့် အရန်စားနပ်ရိက္ခာထုတ်လုပ် သိုလှောင်မှု (Food Security)၊ အရန်လောင်စာစွမ်းအင်သိုလှောင်ထားရှိမှု (Energy Security)၊ အရန်နိုင်ငံခြားငွေကြေး ထားရှိမှု (Foreign Reserves Security) တို့ကို ပိုမိုတိုးတက်ကောင်းမွန်စေရန်လည်း အမြဲသတိပြုသင့်ပါသည်။ နောင်တွင်ဖြစ်ပေါ်လာမည့် ပါတီစုံဒီမိုကရေစီစနစ်နှင့်အတူ ပေါ်ပေါက်လာမည့်အစိုးရသစ်အနေဖြင့် မိမိ၏ပါတီအနိုင်ရရှိရေးသည် နိုင်ငံနှင့် လူမျိုးတို့၏ အကျိုးစီးပွားအပေါ်တွင်ထားရှိသည့် စိတ်နေသဘောထား၊ ဉာဏ်ရည်ဉာဏ်သွေးတို့အပေါ်တွင် တည်မှီနေပါလိမ့်မည်။ တစ်နည်းအားဖြင့် နိုင်ငံသားအားလုံး၏ တာဝန်လည်းဖြစ်လာပါမည်။ ယနေ့အစိုးရမှဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်နေသော ဈေးကွက်စီးပွားရေးစနစ်တွင် လိုအပ်သည့် အခြေခံပတ်ဝန်းကျင် (Fundamental Environment) ကို အခြေခံပြီး နိုင်ငံတော်သစ်ကို တည်ထောင်သွားရပါလိမ့်မည်။ ပေါ်ထွက်လာသော အခြေခံဥပဒေသစ်နှင့် အညီဖြစ်ပေါ်လာသော အစိုးရသစ်အနေဖြင့်လည်း မည်ကဲ့သို့သော ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရွေးချယ်သင့်သည်ကို သိရှိပြီး ယင်းနှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေးပေါ်လစီများကို ဦးစားပေးသင့်သည်ကို သိရှိမှသာ နောင်လာလတ္တံ့သော ရွေးကောက်ပွဲများတွင် အနိုင်ရရှိနိုင်ပါလိမ့်မည်ဖြစ်ပါသည်။




နိဂုံးချုပ်အားဖြင့်ဆိုရသော် Globalization ဟူသောခေတ်ရေစီးကြောင်းနှင့်အတူ မျောပါလာသည့် မြန်မာနိုင်ငံ၏ လက်ရှိနှင့် အနာဂတ်ကို စဉ်းစားပြီး ထုတ်လုပ်နိုင်မှုနှင့် စားသုံးနိုင်မှုတိုးမြင့်လာစေကြောင်း ပိုမိုသိပ်သည်းကျစ်လျစ်သည့် Solid Mechanism ယန္တယားကြီးကို တည်ဆောက်ရေးတွင် အကျိုးပြုစေရန်ကို ရည်ရွယ်၍ ရေးသားပါသည်။

**ဒေါက်တာအောင်ကိုကို**
**[ကိုဘေးတက္ကသိုလ်–**
**စီးပွားရေးပညာ (စီးပွားရေးပေါ်လစီ)]**

■

www.foreverspace.com.mm

# ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှု

အဂ္ဂ

**မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲခဲ့သည့်နောက် ယခင်ဆိုရှယ်လစ်ခေတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍလက်သို့ လွှဲပြောင်းရောင်းချခြင်း၊ အစုရှယ်ယာထည့်ဝင်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပုဂ္ဂလိကကဏ္ဍကို အဓိကမောင်းနှင်အားအသွင် ပြောင်းလဲလုပ်ဆောင်လာသည်ဟု ဆိုရမည်ဖြစ်သည်။**

၁၉၉၈ ဘာလင်တံတိုင်းပြိုကျပြီးနောက် ကမ္ဘာ့နိုင်ငံများတွင် လွတ်လပ်သောဈေးကွက်စနစ်တွင်ရှိသည့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ရပ်အနက် မည်သည့်ကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပိုမိုအရေးပါသနည်းဟူသော ဆွေးနွေးငြင်းခုံမှုများ ဖြစ်ပေါ်ခဲ့သည်။ ဤသည်နှင့်ပတ်သက်ပြီး ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ပြဋ္ဌာန်းသတ်မှတ်ပေးသည့် ဝါရှင်တန်သဘောတူညီချက် (Washington Consensus)တွင် သက်ဆိုင်ရာနိုင်ငံတို့၏ အစိုးရအခန်းကဏ္ဍကိုလျှော့ချ၍ ပုဂ္ဂလိကအခန်းကဏ္ဍကို အလေးထားလုပ်ဆောင်သွားရမည်ဟူသော အချက်တစ်ချက်ပါဝင်သည်။



ဆိုလိုသည်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State Owned Enterprises) ကို ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းရေးပင် ဖြစ်သည်။ ယင်းဆွေးနွေးချက်များအရ နိုင်ငံပိုင်ပြုလုပ်ရေးအစီအစဉ်များအပြင် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ပယ်ဖျက်ရေးနှင့် ငွေကြေးဈေးကွက်ဆိုင်ရာ အတားအဆီးများ စသည်တို့ကို ဖြေလျှော့ရေးတို့ဖြစ်သည်။ အထူးသဖြင့် လွတ်လပ်သောဈေးကွက်စနစ်တွင် သက်ဆိုင်ရာနိုင်ငံတို့၏ အစိုးရအခန်းကဏ္ဍအနေဖြင့် မက်ခရိုစီးပွားရေးအခြေအနေ တည်ငြိမ်တည့်မတ်စေရေးအတွက် ထိန်းညှိမှုအခန်းကဏ္ဍကိုသာ တာဝန်ယူလုပ်ဆောင်ရမည် ဆိုလိုရင်းဖြစ်သည်။

ထို့အတွက် ဈေးနှုန်းတည်ငြိမ်မှုထက် ထုတ်လုပ်မှုတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးပွားလာစေရေးတို့ကို အလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရများအနေဖြင့် ဆောင်ရန်၊ ရှောင်ရန်ရှိသည်များမှာ စက်ရုံ၊ အလုပ်ရုံများ ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် စက်ရုံများမှ လူမှုလုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ အစိုးရများအနေဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျပါဝင်ပတ်သက်မှုရှောင်ရှားခြင်း၊ အခွန်အခနည်းပါးစေရန် ဆောင်ရွက်စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ အားကောင်းလာစေရန်လုပ်ဆောင်ခြင်း စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကပိုင် ကူး

www.foreverspace.com.mm

ပြောင်းမှုအခြေအနေများနှင့်ပတ်သက်၍ ဆန်စက်၊ ဖွဲနုဆီစက်၊ ရေခဲစက်၊ ရုပ်ရှင်ရုံ စသည့် နိုင်ငံပိုင်လုပ်ငန်းအချို့ ပုဂ္ဂလိကသို့ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချခဲ့သည်များကို တွေ့ရသည်။ အလားတူ ပြီးခဲ့သည့်နှစ်အတွင်းမှစတင်၍ စီးကရက်စက်ရုံ၊ ဘီယာ၊ စက်ဘီးစက်ရုံ၊ ဖန်ချက်စက်ရုံ စသည့်အချို့သော နိုင်ငံပိုင်စက်ရုံများကို အစုရှယ်ယာစနစ်ဖြင့်ပြောင်းလဲ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စနစ်ကိုလည်း ပြောင်းလဲကျင့်သုံးခဲ့သည်ကို တွေ့ရသည်။

နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍသို့လွှဲပြောင်းသည်ဆိုရာ၌ ကောင်းကျိုးနှင့်ဆိုးကျိုး နှစ်မျိုးရှိတတ်သည်။ ရရှိနိုင်သောအကျိုးအမြတ်များမှာ (၁) စက်ရုံအလုပ်ရုံများ၏ ထုတ်လုပ်မှုအရည်အသွေးကောင်းမွန်၍ အမြတ်အစွန်းရရှိသည့် လုပ်ငန်းများ ဖြစ်ပေါ်လာနိုင်ခြင်း၊ (၂) နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်သည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ (၃) စီးပွားရေးတစ်ရပ်လုံးအကျိုးဖြစ်ထွန်း၍ အခွန်အခများရရှိနိုင်ခြင်း၊ (၄) အရင်းအနှီးနှင့်နည်းပညာများရရှိနိုင်ခြင်း၊ (၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သော အခြေအနေကောင်းများ ဖြစ်ပေါ်စေခြင်း စသည်တို့ဖြစ်သည်။

အခြားတစ်ဖက်တွင် ပုဂ္ဂလိကလွှဲပြောင်းခြင်းနှင့်အတူ (၁) စီးပွားရေးဆိုင်ရာမတည်ငြိမ်သောအခြေအနေများ ယာယီဖြစ်ပေါ်စေခြင်း၊ (၂) အလုပ်သမားရေးရာကိစ္စများဖြစ်ပေါ်နိုင်ခြင်း၊ (၃) တစ်ဆက်တစ်စပ်တည်း လူမှုရေး၊ နိုင်ငံရေးဆိုင်ရာမတည်ငြိမ်မှုများဖြစ်ပေါ်စေခြင်း စသည့်အခက်အခဲများ ဖြစ်ပေါ်စေနိုင်သည်။

သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မိမိတို့၏အခြေအနေနှင့်ချိန်ထိုးကာ ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် (က) တန်ဖိုးအများဆုံးပေးသွင်းနိုင်သူကို အပြီးအပိုင် လေလံတင်ရောင်းချခြင်း (Auctioning Off)၊ (ခ) ပြေစာတစ်ခု၏ တန်ဖိုးအလိုက် အစုရှယ်ယာထည့်ဝင်သော ပြေစာစနစ် (Voucher Program)၊ (ဂ) ကော်ပိုရေးရှင်းအသွင်ပြောင်း၍ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ပုဂ္ဂလိကထည့်ဝင်စေခြင်းဖြင့် အရင်းတန်ဖိုးသွင်းသောနည်း Capitalization Method၊ (ဃ) ပိုင်ဆိုင်မှုတစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပုဂ္ဂလိကသို့ တိုက်ရိုက်ရောင်းချခြင်း (Direct Selling of Assets) နှင့် (င) ရှယ်ယာထည့်ဝင်ရန် ပုဂ္ဂလိကသို့ကမ်းလှမ်းခြင်း (Share-Issue Privatization) ဟူ၍ ပြုလုပ်လေ့ရှိသည်။



မြန်မာနိုင်ငံ၏ ကံကောင်းသည့်အခြေအနေတစ်ရပ်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းပြီးနောက် အမျိုးသားစီးပွားရေးအခြေအနေတွင် ကျန်ရှိနေသော ကြီးကြီးမားမားနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ မကျန်ရှိခဲ့ခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင်တစ်ဦးကဆိုသည်။ အထူးသဖြင့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများမှ ထွက်ကုန်များမှာ တစ်နိုင်ငံလုံးရှိ စက်မှုလက်မှုလုပ်ငန်းများ စုစုပေါင်း ထွက်ကုန်တန်ဖိုး၏ရာခိုင်နှုန်း အနည်းငယ်သာရှိသည်ဟု ၎င်းကဆိုသည်။ တစ်နည်းအားဖြင့် လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုသည်မှာ လွယ်မယောင်နှင့် ခက်သောအခြေအနေတစ်ရပ်ဖြစသည်။

သို့ဖြစ်၍ ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဆန်ဆန် စီမံခန့်ခွဲမှု လိုအပ်ပေသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင်လည်း အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များလက်သို့ ရောက်ရှိသွားရန် လိုအပ်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂလိကပိုင် အခြားလုပ်ငန်းများနှင့် ဈေးကွက်အသွင် မှန်မှန်ကန်ကန်ပြိုင်ဆိုင်စေရန်ပင် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍလက်သို့ လွှဲပြောင်းခြင်းသည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုကို အထောက်အကူပြုသောလမ်းကြောင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် မည်သို့သောလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းမည် သို့မဟုတ် မည်သို့သောလုပ်ငန်းများကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းမည် စသည်တို့ကို စနစ်ကျနသော စီမံချက်ရှိနေရန်သာဖြစ်သည်။ အထူးသဖြင့် အမျိုးသားအကျိုးစီးပွားအတွက် အရေးပါသော ဥပမာ–နိုင်ငံကာကွယ်ရေးလုပ်ငန်းများ သို့မဟုတ် လူမှုရေးအရ နစ်နာနိုင်သော လုပ်ငန်းများမှအပ ကျန်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်းဖြင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုကို အားသစ်လောင်းရာရောက်စေမည်ဖြစ်ပါသည်။

**အဂ္ဂ**

■

www.foreverspace.com.mm



# မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့ အလားအလာ

အောင်မင်းစံ

**မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်ပြုနိုင်သည့် စွမ်းအင်ရင်းမြစ်တစ်ခု ကောင်းစွာ ပေါ်ထွက်လာနေပြီဖြစ်သည်။ ထိုရင်းမြစ်မှာ မြန်မာနိုင်ငံရေပိုင်နက် ကမ်းလွန်ပင်လယ်ပြင်ရှိ ရေအောက်၊ မြေအောက် သဘာဝဓာတ်ငွေ့များပင်ဖြစ်ပြီး ထိုရင်းမြစ်မှာ မြန်မာနိုင်ငံ၏ GDP တိုးတက်ရေးတွင် များစွာအထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း မဟာဗျူဟာစီးပွားရေးကျွမ်းကျင်သူများက မှတ်ချက်ပြုထားပါသည်။**

စွမ်းအင်ဝန်ကြီးဌာန၏ တရားဝင် သတင်းထုတ်ပြန်ချက်များအရ ကမ်းလွန် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး စီမံကိန်းများမှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်ငွေ့ကုဗမီတာ ၁၁.၄၅ ဘီလီယံထုတ်လုပ်ပြီး ကုဗမီတာ ၉.၁၃၈ ဘီလီယံကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ကျော်ရရှိခဲ့ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ် မတ်လအထိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးကဏ္ဍတွင် ပြည်ပသို့တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ဒေါ်လာ ၂.၆၃၅ ဘီလီယံ ရှိသွားပြီဖြစ်သည်။ ယခုအချိန်တွင်မူ ယင်းပမာဏထက် ကျော်လွန်သွားပြီဖြစ်ပါသည်။ အကြောင်းမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံ အစိုးရပိုင် GAIL ကုမ္ပဏီနှင့် စင်ကာပူအခြေစိုက် Silver Wave Energy ကုမ္ပဏီတို့ပူးပေါင်း၍ ရခိုင်ကမ်းလွန် အကျယ်အဝန်းဧရိယာစတုရန်းမိုင် ၃၁၇၄ ရှိ A-7 လုပ်ကွက်တွင်လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံမှ CNPC ကုမ္ပဏီက ရခိုင်ကမ်းလွန်ရှိ AD-1၊ AD-6 နှင့် AD-8 လုပ်ကွက်များတွင်လည်းကောင်း၊ ယင်းလအတွင်း ဗြိတိသျှ ဗာဂျင်းကျွန်းစု အခြေစိုက် MRPL E and P Pte. Ltd. က ရခိုင်ကမ်းလွန် ဧရိယာစတုရန်းမိုင် ၃၇၉၅ ရှိ (A-6) လုပ်ကွက်တွင်လည်းကောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေထုတ်လုပ်ရန် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူမျှဝေခံစားရေး သဘောတူစာချုပ် (Production Sharing Contract, PSC) များ ချုပ်ဆိုနိုင်ခဲ့၍ ဖြစ်သည်။ ထို့ပြင် ဇန်နဝါရီလနှောင်းပိုင်းတွင် မလေးရှားနိုင်ငံမှ Rimbunan Retrogas Ltd. က ရခိုင်ကမ်းလွန်းလုပ်ကွက် ဧရိယာစတုရန်းမိုင် ၄၀၇၄ ရှိ A-5 လုပ်ကွက်တွင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ကမ်းလှမ်းထားရာ လုပ်ကိုင်ခွင့်ရရှိမည့် အနေအထားရှိနေသည်။

## ကမ်းလွန်ဓာတ်ငွေ့လုပ်ကွက်များ

မျက်မှောက်ကာလတွင် စွမ်းအင်

www.foreverspace.com.mm

ဝန်ကြီးဌာနက ဖော်ထုတ်ထားသည့် ကမ်းလွန်လုပ်ကွက်ကြီးပေါင်း ၂၅ ကွက်ရှိနေသည်။ ယင်းလုပ်ကွက်ကြီးများအားလုံး၏ ဧရိယာအကျယ်အဝန်း စုစုပေါင်းမှာ စတုရန်းကီလိုမီတာ ၂၇၀၀၀၀ ဝန်းကျင်ရှိပြီး ရခိုင်ကမ်းလွန်တွင် ခုနစ်ကွက် (A-1 မှ A-7 ထိ)၊ မုတ္တမကမ်းလွန်တွင် ၁၁ ကွက် (M-1 မှ M-11 ထိ)၊ တနင်္သာရီကမ်းလွန်တွင် ခုနစ်ကွက် (M-12 မှ M-18 ထိ) ဖြစ်သည်။ (A-2) (A-3) (A-4) (A-5) (A-6) (A-7) (M-2) (M-5) (M-6) (M-8) (M-11) (M-12) (M-14) (M-15) (M-16) (M-17) နှင့် (M-18) လုပ်ကွက်များမှာ ရေနက်ပိုင်းလုပ်ကွက်ကြီးများ ဖြစ်ကြသည်။ အဆိုပါကမ်းလွန်လုပ်ကွက်များတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) က ၁၉၆၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်များအတွင်း ပဏာမတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်များအတွင်း အစမ်းတွင်း ပေါင်း ၁၂ တွင်း စမ်းသပ်တူးဖော်ကြည့်ခဲ့ဖူးသည်။

Esso၊ AODC အစရှိသည့် ပြည်ပကုမ္ပဏီလေးခုနှင့် MOGE တို့ ၁၉၇၅ ခုနှစ်က ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့စဉ် လုပ်ကွက် ၁၁ ကွက်တွင် အစမ်းတွင်း ၁၈ တွင်း တူးနိုင်ခဲ့ပြီး M-7 လုပ်ကွက်ရှိ အစမ်းတွင်းတစ်ခုမှ ဓာတ်ငွေ့ကုဗပေ ၁၈.၅ သန်း နေ့စဉ်ထုတ်လုပ်နိုင်ခဲ့ကြသည်။ MOGE အနေဖြင့် ၁၉၈၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း မုတ္တမကမ်းလွန်နှင့် တနင်္သာရီကမ်းလွန်ပင်လယ်ပြင်တွင် ရေနံနှင့် ဓာတ်ငွေ့စမ်းသပ်ရှာဖွေမှုများ ဆက်လက်ဖော်ဆောင်ခဲ့ရာ အစမ်းတွင်း ၁၅ တွင်း တူးဖော်ခဲ့သည်။ ယင်းစမ်းသပ်ရှာဖွေမှုကြောင့် (M-5) လုပ်ကွက်ကြီးရှိ 'ရတနာ' လုပ်ကွက် ပေါ်ထွက်လာခဲ့သည်။ အဆိုပါလုပ်ကွက်ပေါ်ထွက်မှုကပင် မြန်မာနိုင်ငံ၏ လက်ရှိကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းကြီးကို အရှိန်အဟုန်ကောင်းစွာ ဖြစ်ထွန်းလာစေသည်ဟု ဆိုနိုင်ပါသည်။

## ရတနာနှင့် ရဲတံခွန်လုပ်ကွက်

လုပ်ကွက်ကြီး (M-5) နှင့် (M-6) တွင် တည်ရှိနေသည့် ရတနာလုပ်ကွက်၌ ဓာတ်ငွေ့ပမာဏ ကုဗပေ ၆.၅ ထရီလီယံရှိသည်ဟု ခန့်မှန်းထားပြီး MOGE နှင့် အတူ ပြင်သစ်မှ TMPE ၊ အမေရိကန်ပြည်ထောင်စုမှ UNOCAL ၊ ထိုင်းမှ PTTEP တို့ ပူးပေါင်းဆောင်ရွက်နေကြသည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာ ၁၁၈၄ သန်းရှိသော ရတနာလုပ်ကွက်မှ မြန်မာ–ထိုင်းနယ်စပ်ရှိ နတ်အိမ်ထောင်သို့ စုစုပေါင်းအရှည် ၂၅၆ မိုင် (ရေအောက် ၂၁၆ မိုင်နှင့် ကုန်းပေါ် ၃၉ မိုင်) နှင့် အချင်းသုံးပေရှိသည့် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်၍ ယင်းပိုက်လိုင်းမှတစ်ဆင့် ဓာတ်ငွေ့ကုဗပေ ၅၂၅ သန်းကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေပြီး ကုဗပေ ၁၂၅ သန်းကို ပြည်တွင်း စွမ်းအင်ဖူလုံရေး လိုအပ်ချက်ဖြည့်ဆည်းရန် မြန်မာနိုင်ငံတွင်းသို့ နေ့စဉ် တင်သွင်းလျက်ရှိသည်။ ရတနာလုပ်ကွက်မှ ဓာတ်ငွေ့များကို ၁၉၉၈ ခုနှစ် ဇူလိုင်လမှစတင်၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၃၀ အကြာ ထုတ်ယူတင်ပို့သွားမည်ဖြစ်သည်။

(M-12)၊ (M-13) နှင့် (M-14) လုပ်ကွက်တို့ အကျုံးဝင်သော ရဲတံခွန်လုပ်ကွက်တွင် ဓာတ်ငွေ့ပမာဏ ကုဗပေ ၃.၂ ထရီလီယံရှိသည်။ ယင်းလုပ်ကွက်ကို ဂျပန်မှ Nippon၊ မလေးရှားမှ Petronas၊ ထိုင်းမှ PTTEP နှင့် မြန်မာနိုင်ငံမှ MOGE တို့ ပူးတွဲလုပ်ကိုင်ကြခြင်းဖြစ်ပြီး ယင်းလုပ်ကွက်မှ နတ်အိမ်ထောင်သို့ပင် အချင်း ၂ ပေ စုစုပေါင်း အရှည်မိုင် ၁၇၀ (ရေအောက် ၁၂၈ မိုင်နှင့် ကုန်းပေါ် ၄၂ မိုင်) ရှိ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်၍ ၂၀၀၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ပြီး ထိုင်းနိုင်ငံသို့ ဓာတ်ငွေ့ကုဗပေ သန်း ၄၀၀ တင်ပို့ရောင်းချလျက်ရှိသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ သန်း ၈၄၀ ရှိသည့် ယင်းလုပ်ကွက်မှ ဓာတ်ငွေ့တင်ပို့ရောင်းချမည့် ကာလမှာလည်း နှစ် ၃၀ ပင်ဖြစ်သည်။

## ရခိုင်ကမ်းလွန်လုပ်ကွက်များ

တောင်ကိုရီးယားနိုင်ငံမှ Daewoo International၊ အိန္ဒိယမှ ONGC Videsh နှင့် GAIL ၊ တောင်ကိုရီးယားမှ SKGC တို့က ဧရိယာ စတုရန်းကီလိုမီတာ ၃၈၈၅ ရှိသော (A-1) လုပ်ကွက်နှင့် ဧရိယာစတုရန်းမိုင် ၂၆၁၈ ရှိသော (A-3) လုပ်ကွက်များတွင် ၂၀၀၃ ခုနှစ် နှောင်းပိုင်းမှစတင်၍ စမ်းသပ်ရှာဖွေမှုများပြုခဲ့ရာ ၂၀၀၄ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၀၅ ခုနှစ် ဧပြီလတို့၌ အဆိုပါလုပ်ကွက်အသီးသီးတွင် စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်သော ဓာတ်ငွေ့များ ရှာဖွေတွေ့ရှိကြသည်။ (A-1) လုပ်ကွက်ကြီးရှိ 'ရွှေ' လုပ်ကွက်တွင် ကုဗပေ ၄ ထရီလီယံမှ ၆



www.foreverspace.com.mm

ထရီလီယံ၊ ရွှေဖြူလုပ်ကွက်တွင် ကုဗပေ ၅ ထရီလီယံနှင့် (A-3) လုပ်ကွက်ရှိ 'မြ' လုပ်ကွက်တွင် ကုဗပေ ၂ ထရီလီယံပဏာမ အသီးသီးရှိသော ဓာတ်ငွေ့များ ရှာဖွေတွေ့ရှိထားသည်ဟု သိရသည်။ 'ရွှေ' လုပ်ကွက်မှ ဓာတ်ငွေ့သိုက်များ ထပ်မံတွေ့ရှိရမည့် အလားအလာရှိသေးကြောင်း Daewoo မှ သတင်းထုတ်ပြန်ထားသည်။ ဧရိယာ အကျယ်အဝန်း စတုရန်းမိုင် ၈၂၅ ရှိသော (A-2) လုပ်ကွက်တွင်လည်း အိန္ဒိယအခြေစိုက် Essar Oil Ltd. က စမ်းသပ်ရှာဖွေမှုများ ဆောင်ရွက်နေဆဲဖြစ်သည်။ စတုရန်းမိုင် ၂၆၁၈ အကျယ်အဝန်းရှိ A-4 လုပ်ကွက်တွင် တရုတ်မှ CNOOC၊ CHCEC နှင့် စင်ကာပူမှ Golden Aaron Pte. (A-5) လုပ်ကွက်တွင် မလေးရှားမှ Rimmtounan Retrogas Ltd.၊ (A-6) လုပ်ကွက်တွင် ပြီတိသျှ ဗာဂျင်းကျွန်းစုမှ MRPLE and P Pte Ltd.၊ (A-7) လုပ်ကွက်တွင် GAIL နှင့် Silver Wave Energy၊ စုစုပေါင်းဧရိယာ စတုရန်းကီလိုမီတာ ၁၀,၀၀၀ ခန့်ရှိ (AD-1) (AD-6) နှင့် (AD-8) လုပ်ကွက်များတွင် တရုတ်နိုင်ငံမှ CNPC ကုမ္ပဏီများက ဂင်္ဂါမြစ်ဝှမ်းကြောင့်ဖြစ်ထွန်းနေသည့် ရခိုင်ကမ်းလွန် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ပင်လယ်ကြမ်းပြင်ကို အနက်မီတာ ၂၀၀၀ မှ ၅၀၀၀ အထိတူး၍ မြန်မာနိုင်ငံကို ကောင်းကျိုးပြုမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေတူးဖော်ကြဦးမည်ဖြစ်သည်။

## မုတ္တမနှင့် တနင်္သာရီကမ်းလွန်လုပ်ကွက်များ

ရေနံနှင့် ဓာတ်ငွေ့အရင်းအမြစ်များ စွာရှိနေပြီး လုပ်ငန်းဖြစ်နိုင်ခြေနှင့် လုပ်ငန်းအောင်မြင်မှုပြယုဂ်အဖြစ် ရတနာနှင့် ရဲတံခွန်လုပ်ကွက်ကြီးများရှိနေသော မုတ္တမနှင့် တနင်္သာရီကမ်းလွန် ပင်လယ်ပြင်လုပ်ကွက်များရှိ (M-3)၊ (M-4)၊ (M-11) လုပ်ကွက်များ၌ လုပ်ငန်းဆောင်ရွက်နေသော ထိုင်း PTTEP ကုမ္ပဏီက စုစုပေါင်း ဧရိယာ စတုရန်းကီလိုမီတာ ၂၇၀၀၀ ခန့် အကျယ်အဝန်းရှိသည့် (M-7) နှင့် (M-9) လုပ်ကွက်များကို တိုးချဲ့ရယူကာ ရှာဖွေထုတ်လုပ်မှုများပြုသကဲ့သို့ ဓာတ်ငွေ့ပမာဏ ၃.၉၄၆ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်ဟု ခန့်မှန်းထားသော ရဲတံခွန်လုပ်ကွက်၌ ရှယ်ယာ ၅၆.၆၆ ရာခိုင်နှုန်းပိုင်ဆိုင်ထားသည့် Petronas ကုမ္ပဏီကလည်း (M-16)၊ (M-17) နှင့် (M-18) လုပ်ကွက်များကိုပါ လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်စိုင်းပြင်းနေသည်။ (M-8) လုပ်ကွက်တွင်လည်း ရုရှားမှ JSC Zarubeghrveft Itera Oil and Gas ကုမ္ပဏီ၊ အိန္ဒိယမှ The Sun Group နှင့် MOGE တို့ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်ကြဦးမည်ဖြစ်သည်။ ရဲတံခွန်နယ်မြေ၏ အရှေ့ဘက်ခြမ်းလုပ်ကွက်တွင် ဩစတြေးလျမှ ရေနံကုမ္ပဏီတစ်ခုကလည်း MOGE နှင့်ပူးပေါင်း၍ ရှာဖွေထုတ်လုပ်မှုများ ပြုလုပ်မည်ဖြစ်သည်။ (M-10) နှင့် (M-2) လုပ်ကွက်များတွင် တရုတ်မှ CNOOC ၊ CHICE နှင့် စင်ကာပူမှ Gloden Aaron Pte. တို့က ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

PTTEP ၏ (M-9) လုပ်ကွက်ရှိ ဇော်တိက (၁) အစမ်းတွင်းမှ ကုဗပေ ၂.၅ ထရီလီယံရှိ ဓာတ်ငွေ့သိုက်တစ်ခုကို ၂၀၀၆ ခုနှစ်နှောင်းပိုင်းတွင် ရှာဖွေတွေ့ရှိပြီး ယင်းလုပ်ကွက်မှ ဓာတ်ငွေ့ကုဗပေ ၈ ထရီလီယံခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံအနေနှင့် ၂၀၀၆ ခုနှစ်အတွင်း ထိုင်း၊ မလေးရှား၊ ရုရှား၊ ဩစတြေးလျ၊ အိန္ဒိယနှင့် စင်ကာပူ ခြောက်နိုင်ငံမှ ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီများကို အဆိုပါကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် ဆွဲဆောင်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခွန်မပေးရခြင်း၊ ဓာတ်ငွေ့များ စတင်ထုတ်လုပ်ပြီး သုံးနှစ်ကြာအထိ အခွန်လွတ်ငြိမ်းခွင့်ပြုခြင်း၊ ယင်းနောက်ကာလများတွင်



www.foreverspace.com.mm

ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကိုသာ ဝင်ငွေခွန်အဖြစ် ပေးသွင်းစေခြင်း၊ တင်ပို့ခွန်ကင်းငြိမ်းခွင့်ပြုခြင်း၊ ပြည်တွင်းသို့ ရောင်းချရပါကလည်း နိုင်ငံတကာပေါက်ဈေးအတိုင်းသာ ဖြစ်စေခြင်း၊ မူလသဘောတူ စာချုပ်ပါ အချက်များကို လိုအပ်သလို ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ပေးခြင်း အစရှိသည့် မက်လုံးများပါဝင်သည့် PSC လုပ်ငန်း သဘောတူစာချုပ်များကြောင့်ပင်ဖြစ်သည်။ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံခြားကုမ္ပဏီများအနေနှင့် အခြားကုမ္ပဏီများသို့ ရှယ်ယာလွှဲပြောင်းရောင်းချမှုများပြုရာ တွင် အသားတင်အမြတ် ဒေါ်လာ သန်း ၁၀၀ အထိရှိပါက အသားတင်အမြတ်၏ ၄၀ ရာခိုင်နှုန်း၊ ဒေါ်လာ သန်း ၁၀၀ နှင့် ၁၅၀ ကြားရှိပါက အမြတ်၏ ၄၅ ရာခိုင်နှုန်း၊ ဒေါ်လာ သန်း ၁၅၀ အထက်ရှိပါက အမြတ်၏ ၅၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးသွင်းရမည် ဖြစ်သည်။

## အနာဂတ်အလားအလာ

ဤဆောင်းပါးတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကဏ္ဍကိုသာ ပေါ်လွင်ထင်ဟပ်စေရန် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ကမ်းလွန်လုပ်ကွက်များ ဖော်ထုတ်နိုင်မှုကြောင့် အနာဂတ်ကာလများ၌ အရှေ့တောင်အာရှဒေသ၏ ရေနံနှင့် ဓာတ်ငွေ့များ တင်ပို့ရာ အဓိကနိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့မည်ဟု နိုင်ငံတကာစွမ်းအင်ရေးရာ ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံ ကမ်းလွန်ဓာတ်ငွေ့သိုက်များအတွင်း ဓာတ်ငွေ့ပမာဏ ကုဗပေ ၈၉.၇ ထရီလီယံရှိပြီး ကမ္ဘာ့ဓာတ်ငွေ့ပမာဏ၏ ၀.၃ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် PTTEP၊ Daewoo CNPC၊ Petronas အစရှိသည့် ဒေသတွင်းရေနံကုမ္ပဏီများက အဓိကကျသည့် အနေအထားဖြင့် ဓာတ်ငွေ့ရှာဖွေဖော်ထုတ်မှုများ ပြုလုပ်နေသော်လည်း ကျွန်ုပ်တို့နိုင်ငံ၏ ကမ်းလွန်ဓာတ်ငွေ့ရင်းမြစ်ကြွယ်ဝမှုနှင့် ကမ္ဘာ့



ဓာတ်ငွေ့ဈေးကွက်ဝယ်လိုအားကြောင့် နိုင်ငံတကာ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကြီးများ လာရောက်ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားလျက် ရှိနေကြသည်။ (A-2) (A-3) (A-4) (A-5) (A-6) (A-7) (M-2) (M-3) (M-7) (M-8) (M-10) (M-11) လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့သိုက်ကြီးများ တူးဖော်ရရှိနိုင်ဦးမည်ဟုလည်း နိုင်ငံတကာစွမ်းအင်အသိုင်းအဝိုင်းမှ ယုံကြည်လျက်ရှိသည်။

၂၀၀၇ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးပွားလာမည်ဟု ယူဆပါသည်။ ၂၀၀၉ ခုနှစ်ဝန်းကျင်မှစ၍ ကမ်းလွန်လုပ်ကွက်ကြီးများမှ ထွက်ရှိလာမည့် ဓာတ်ငွေ့များကို သဘာဝဓာတ်ငွေ့ရည် (LNG) လုပ်၍ ဝယ်ခြင်းများ၊ ပိုက်လိုင်းတည်ဆောက်၍ ဝယ်ခြင်းများ ပြုလုပ်ကြတော့မည်ဖြစ်သည်။ ဓာတ်ငွေ့များကို အကြောင်းပြု၍ နိုင်ငံ၏ ဂျီဒီပီနှင့် နိုင်ငံခြားဝင်ငွေတိုးမြင့်လာမည်မှာ သေချာပါသည်။ ဓာတ်ငွေ့များ ထုတ်ယူကုန်ဆုံးလျှင် ရေနံများ ထပ်မံထုတ်ယူနိုင်ဦးမည်ဖြစ်၍ ၂၀၀၆ ခုနှစ်အတွင်းက ဒီဇယ်နှင့် ဓာတ်ဆီသုံးစွဲမှု နေ့စဉ် စည်ပေါင်း ၅၀၀၀၀ ရှိသော်လည်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်များမှ ရေနံထုတ်လုပ်နိုင်မှု နေ့စဉ် စည်ပေါင်း ၂၀၀၀၀ ခန့်ရှိသေးသော မြန်မာနိုင်ငံအနေနှင့် အနာဂတ်တွင် ရေနံအတွက်လည်း အထိုက်အလျောက်စိတ်အေးရဖွယ်ရှိပါသည်။

အဓိကအချက်မှာ နိုင်ငံသားများအနေနှင့် ဓာတ်ငွေ့ရင်းမြစ်များကြွယ်ဝမှုအပေါ် လွန်ကဲစွာ မှီခိုအားကိုးခြင်းမပြုဘဲ အခြားသော ရင်းမြစ်များကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းပြုမှသာလျှင် ရေရှည်အကျိုးများမည်ဟု CNPC မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ၂၀၀၆ ခုနှစ်အတွင်းက နိုင်ငံခြားဝင်ငွေအရပ်ရပ်၏ ၄၀ ရာခိုင်နှုန်းမှာ ဓာတ်ငွေ့ရောင်းချခြင်းမှ ရရှိခြင်းဖြစ်သည်ဟု တရားဝင်စာရင်းဇယားများအရ သိရသည်။ မြန်မာနိုင်ငံသားများအနေနှင့် ကမ်းလွန်ဓာတ်ငွေ့ထုတ်လုပ်နိုင်စွမ်းရှိမှုကြောင့် အနာဂတ်တွင် ကောင်းကျိုးများခံစားရမည်မှာ သေချာနေပေရာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် မယိုယွင်းရေးကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ကမ်းလွန်ဓာတ်ငွေ့လုပ်ကွက်များကြောင့် ပင်လယ်ပျော် မြန်မာနိုင်ငံသားများ တိုးပွားလာဦးမည်ဖြစ်သည်။

တိုးပွားလာမည့် ပင်လယ်ပျော်မြန်မာများသည် အောက်ခြေလုပ်သားအဆင့်ထက် ပညာရှင်အဆင့်နှင့် စီမံခန့်ခွဲသူအဆင့်တို့တွင် တာဝန်ယူလုပ်ကိုင်နိုင်သူများ တိုးပွားလာရန် အရေးကြီးပါသည်။

**အောင်မင်းစံ**

Ref : MOGE, IEA

www.foreverspace.com.mm

# “စီးပွားရေးနဲ့ပတ်သက်လို့ ဘာသာပြန်စာအုပ်တွေ အားနည်းနေသေးတယ်”

## အမျိုးသားစာပေဆုရှင် နန်းမြကေခိုင်နှင့်တွေ့ဆုံခြင်း

ကျော်နိုင်

ယခုလ တွေ့ဆုံခြင်းကဏ္ဍတွင် ၂၀၀၅ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန်(သုတစာပေ)ဆု ဆွတ်ခူးရရှိထားသော ‘အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရော’ စာအုပ်ကို ဘာသာပြန်ဆိုသူ နန်းမြကေခိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များအနက် အချို့ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

*သူမ၏စာအုပ်တွင် ‘ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီးတွင် ပြာပုံဘဝမှ နိုးထလာသည်ဖြစ်ရာ စီးပွားရေးတွင် အင်အားကြီးနိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ပုံကို ဖော်ပြထားသည်။ ဟွန်ဒါဆိုးအိချိရော၏ ဘဝသည်လည်း အတုယူစရာများ ပြည့်လျှမ်းနေခဲ့သည်။ ယင်းကို အဓိကအကျိုးပြုသောအချက်မှာ ‘ကျရှုံးမှု၊ မအောင်မြင်မှုများ’ကို စိန်ခေါ်ပြီး ၎င်း၏ အိပ်မက်နောက်သို့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် တစိုက်မတ်မတ်လိုက်ခဲ့မှုပင် ဖြစ်သည်။ ‘လူသားအရင်းအမြစ်ကို ကျယ်ပြန့်စွာ အသုံးပြုသင့်သည်’ဆိုသော သဘောတရားကိုလည်းကောင်း၊ ‘မိဘဆွေမျိုးမောင်နှမကိုပဲ အသုံးပြုသောကုမ္ပဏီသည် တိုးတက်မှု လျော့နည်းနိုင်သည်’ဆိုသော သဘောတရားကိုလည်းကောင်း တင်ပြထားသည်။ ဟွန်ဒါဆိုးအိချိရောသည် အဆင့်မြင့်ပညာကို သင်ကြားခွင့်ရခဲ့သူမဟုတ်စေကာမူ ငယ်ငယ်ရွယ်ရွယ်နှင့် မိမိကိုယ်ပိုင်လုပ်ငန်းကို စီမံခန့်ခွဲသူဖြစ်လာသည်အထိ ရုန်းကန်ကြိုးပမ်းလာခဲ့သူဖြစ်သည်။ ဤစာအုပ်တွင် လူတိုင်းအတွက် အတုယူစရာကောင်းသောအချက်ပေါင်းမြောက်မြားစွာ ပါဝင်သည်။ အထူးသဖြင့် လူငယ်လူရွယ်များအတွက် အကြံပေးထားသောအချက်အလက်များစွာပါဝင်သည်။ စီးပွားရေးလုပ်ငန်းထူထောင်လိုသူများအတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်း တွေ့ရှိနိုင်သည်။ ဤစာအုပ်ကို ဂျပန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသူသည် ဂျပန်စာပေမှ ဗဟုသုတကောင်းများကို မြန်မာဘာသာသို့ပြန်ဆို၍ လက်ဆင့်ကမ်းပေးနိုင်ကြောင်း တွေ့ရသည်။ မြန်မာစာအရေးအသားကျစ်လျစ်မှုရှိသည်။ အတွေးအခေါ်ပိုင်းဆိုင်ရာတွင် ဟွန်ဒါဆိုးအိချိရော၏ သဘောထားနှင့် သဘောတရားများကို မူရင်းအာဘော်မိအောင် ပြန်ဆိုနိုင်ကြောင်း တွေ့ရသည်’ဟု အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီက သုံးသပ်ထားသည်။*




**Living Color ။ ။ ဆရာမ ဒီ‘အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရော’စာအုပ်ကို ဘာသာပြန်ဖို့ ဘယ်လိုရည်ရွယ်ချက်နဲ့ ရွေးချယ်ဖြစ်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါလား။**

**နန်းမြကေခိုင် ။** ။ ကျွန်မ International Relations အဓိကနဲ့ ဂျပန်မှာ Ph.D Thesis လုပ်နေရင်းမှာ ဂျပန်နိုင်ငံက The Daido Life Foundation က (Daido အသက်အာမခံကုမ္ပဏီရဲ့ လူမှုရေးလှုပ်ရှားမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့အဖွဲ့အစည်းပါ။ ဂျပန်နိုင်ငံကထုတ်ဝေတဲ့ စာအုပ်တွေထဲက အတုယူစရာကောင်းတဲ့ပုဂ္ဂိုလ်တွေရဲ့အကြောင်း ဒါမှမဟုတ် အဖြစ်အပျက်တွေ ရေးထားတဲ့စာအုပ်ကို အရှေ့တောင်အာရှနိုင်ငံ အသီးသီးရဲ့ဘာသာစကားနဲ့ ဘာသာပြန်ပြီး အဲဒီနိုင်ငံတွေမှာထုတ်တယ်။ အဲဒီနိုင်ငံတွေက တက္ကသိုလ်တွေ၊ နေရာအနှံ့ စာကြည့်တိုက်တွေကို လှူတယ်။) ကျွန်မတို့မြန်မာပြည်နဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မလားဆိုပြီး ကမ်းလှမ်းလာတယ်။ ကျွန်မက နဂိုကတည်းက ဒီလိုလူမှုရေးတွေလုပ်ချင်လို့ I.R ကို ယူလိုက်တာဆိုတော့ ကိုယ်လုပ်ချင်တဲ့ဟာနဲ့ သွားပြီးတော့ အံဝင်ခွင်ကျဖြစ်နေတယ်။ အဲဒီအချိန်မှာ ကျွန်မ မိဘတွေလည်း ရန်ကုန်ပြန်ရောက်နေကြပြီ။

ပထမဦးဆုံးက Daido Life Foundation ရဲ့ Scholarship Programme နဲ့ စပါတယ်။ အဲဒီ Programme က မြန်မာနိုင်ငံမှာ ကျောင်းတက်နေတဲ့ တက္ကသိုလ်ကျောင်းသားတွေထဲက ဆင်းရဲပြီးတော့ ပညာအရည်အချင်းထူးချွန်တဲ့ကျောင်းသားတွေကို Scholar ပေးဖို့ မြန်မာ

www.foreverspace.com.mm

နိုင်ငံပညာရေးကော်မတီကို ခွင့်ပြုချက်တောင်းပါတယ်။ ခွင့်ပြုချက်ရတော့ လုပ်ငန်းစခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ကျောင်းသားရွေးချယ်ပေးတယ်။ Daido Life ရဲ့ ဌာနေကိုယ်စားလှယ်အဖွဲ့ကနေ ပူးပေါင်း Board ထိုင်ပြီး Interview လုပ်တယ်။ နောက်ဆုံး ဆန်ခါတင်ရွေးချယ်လိုက်တဲ့ ကျောင်းသားတွေထဲက တစ်နှစ်ကို ခြောက်ယောက်ရွေးတယ်။ တက္ကသိုလ်တစ်ခု၊ ဘာသာရပ်တစ်ခုက ကျောင်းသားတစ်ယောက်စီ ရွေးတယ်။ YUFL နဲ့ MUFL ဂျပန်ဘာသာဌာနက တစ်နှစ်ကို ကျောင်းသားတစ်ယောက်စီကတော့ မပါမနေပေးတယ်။ ကျန်တဲ့ လေးယောက်ကတော့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေက အလှည့်ကျရွေးတာပေါ့နော်။ စုစုပေါင်း အဲဒီခြောက်ယောက်ကို တစ်လကို နှစ်သောင်းပေးတယ်။ အခုထပ်တိုးပြီးပေးဖို့ အစီအစဥ်ရှိတယ်ရှင့်။ ၂၀၀၂ ခုနှစ်က စပေးခဲ့တာ အခု ငါးနှစ်ရှိသွားပြီပေါ့။ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်က ဦးမြသိန်းပါ။ အဲဒီလှုပ်ရှားမှုအပြင် အခုပြောတဲ့ ဘာသာပြန်တဲ့လုပ်ငန်းကိုလည်း လုပ်ချင်တယ်လို့ ပြောလာတဲ့အခါကျတော့ ကျွန်မ Daido Life Foundation က ရွေးပေးတဲ့စာအုပ် ပထမတစ်အုပ်ဖြစ်တဲ့ ဂျပန်ဆေးသုတေသီ နိုဂုချီဟီဒဲရောအကြောင်း ဘာသာပြန်ခဲ့တယ်။ ဘာသာပြန်ပြီးထုတ်တာ ၂၀၀၃ ခုနှစ်လောက်မှာပေါ့နော်။ အဲဒီစာအုပ်ကို Daido Life Foundation က အာရှနိုင်ငံတွေကို ဘာသာပြန်ပြီးသား။ မြန်မာဘာသာနဲ့က မရှိသေးဘူး။ ဒီ Foundation အတွက်လုပ်ပေးရင်းနဲ့ ပထမဦးဆုံး ဘာသာစပြန်ဖြစ်တဲ့စာအုပ်ဆို မမှားပါဘူး။ ဂျပန်ဘာသာနဲ့ ရှင်းရှင်းလင်းလင်းရေးထားတော့ ပထမဦးဆုံးစာအုပ်ဖြစ်ပေမယ့်လည်း လွယ်လွယ်ကူကူနဲ့ ပြီးသွားခဲ့တယ်။ ၂၀၀၅ ခုနှစ်ကထုတ်တဲ့ အခု ဟွန်ဒါဆိုအိချိရောကတော့ ကျွန်မဘာသာပြန်တဲ့ ဒုတိယတစ်အုပ်ပါ။

အဲဒီစာအုပ်ကို ဘာသာပြန်ဖြစ်တဲ့အကြောင်းအရင်းကတော့ . . .

၂၀၀၃ ခုနှစ်လောက်က မြန်မာပြည်မှာရောက်နေတဲ့ ဂျပန်သံအမတ်ကြီးနဲ့ Daido Life Foundation က မြန်မာနိုင်ငံကိုလာပြီး Scholar ရွေးတဲ့ General Secretary တွေ့တယ်။ အဲဒီကိုယ်စားလှယ်ကို ဂျပန်သံအမတ်ကြီးက ဒီစာအုပ်က ကောင်းတယ်ဆိုပြီးတော့ ဘာသာပြန်ဖို့ တိုက်တွန်းတယ်။ ဂျပန်သံအမတ်ကြီးက တိုက်တွန်းလို့ Daido Life Foundation က အဲဒီစာအုပ်ကိုဖတ်ကြည့်ပြီးတော့ သဘောကျတယ်။ မြန်မာပြည်ရောက်လာတာ Foundation ရဲ့ General Secretary မစ္စတာ ဖူကူအိုးကားပါ။ အဲဒီ စာအုပ်က ဂျပန်နိုင်ငံမှာ ၂၀၀၁ ခုနှစ်ကမှ ထုတ်ထားတဲ့စာအုပ်ပါ။ သစ်သေးတယ်ပေါ့နော်။ ၂၀၀၃ ခုနှစ်လောက်မှာ ဘာသာပြန်ဖို့စီစဥ်တာကိုး။ ဘယ်လိုစာဖတ်ပရိသတ်တွေဖတ်ဖို့ ရည်ရွယ်သလဲဆိုရင် စီးပွားရေးသမားတွေဖတ်ဖို့ပါ။ စီးပွားရေးသမားတွေဖတ်တော့ ပထမတစ်အုပ်နဲ့ယှဥ်လို့ရှိရင် အဆင့်မြင့်တယ်ပေါ့နော်။ နည်းနည်းလည်းခက်တယ်။ ဂျပန်နိုင်ငံမှာလည်း လက်ရှိလုပ်နေတဲ့စီးပွားရေးသမားတွေဖတ်တဲ့စာအုပ်။ ကိုယ့်ရဲ့ကိုယ်ပိုင်စီးပွားရေးကိုအောင်မြင်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ Idea တစ်ခုရဖို့




အတွက် ဖတ်ဖို့စာအုပ်။ အဲဒီစာအုပ်ဘာသာပြန်ဖို့ ဖြစ်လာတာက ဂျပန်သံအမတ်ကြီးကြောင့်ပေါ့။

**Living Color ။ ။ အဲဒီစာအုပ်ကို ဘာသာပြန်တဲ့အခါ စကား ပြေပြေပြစ်ဖို့၊ မြန်မာမှုနဲ့ဆီလျော်ဖို့ ဦးစားပေးခဲ့သလား။ ဒါမှ မဟုတ် မူရင်းအတိုင်း ပြန်ထားတာလား။**

**နန်းမြကေခိုင် ။ ။** မူရင်းစာအုပ်အတိုင်း အစအဆုံး ပြန်ထားပါတယ်။ ဆိုးအိချိရောက ငယ်ငယ်တုန်းက အရမ်းဆင်းရဲတယ်။ သူတို့နေတဲ့ ရွာကို ကားတစ်စီးလာတယ်။ ကားကဆီတွေ ယိုစိမ့်ကျနေတယ်။ ကားမမြင်ဖူးကြတော့ ကားလာပြီဆိုပြီး အားလုံးပြေးကြည့်ကြတယ်။ သူလည်းပါတယ်။ ကားကိုတွေ့ကြတယ်။ ကားက စက်ဆီတွေ ယိုကျနေတာကိုလည်း တွေ့ကြတယ်။ အဲဒီစက်ဆီအနံ့ကို လူတွေက နံတယ်လို့ခံစားကြပေမယ့် သူက အဲဒီလို မဟုတ်ဘူး။ အရမ်းသဘောကျသွားတယ်။ မွှေးတယ်ပေါ့။ စက်ဆီနံ့ကို ရှူရင်း ကားနောက်တကောက်ကောက်ပြေးလိုက်သွားတယ်။ ငါ တစ်နေ့မှာ အဲဒီလိုမျိုး ကားထုတ်တဲ့ကုမ္ပဏီပိုင်ရှင်ဖြစ်အောင် ကြိုးစားမယ်ဆိုပြီး ဆုံးဖြတ်ချက်ချတယ်။ ခံယူချက်ချပြီး ကြိုးစားခဲ့တယ်။ တကယ့်ကို ဟွန်ဒါကုမ္ပဏီကြီး ဖြစ်သွားတာပေါ့နော်။ အဲဒီလိုစရေးထားတာ ဖတ်ရတော့ ကျွန်မ အရမ်းကိုသဘောကျသွားတာ။ ဘာမှမဟုတ်ဘူးထင်ရတဲ့ကလေးတစ်ယောက်ရဲ့ ခံယူချက်က သူ့ရဲ့ကြီးမားတဲ့ ရည်ရွယ်ချက်ကို ဖြစ်မြောက်သွားစေတယ်။ အခက်အခဲနည်းနည်းတော့ ရှိတယ်။ စာအုပ်ထဲမှာပါတဲ့ အဲဒီခေတ်တုန်းက ပညာရေး

www.foreverspace.com.mm

စနစ်က အခုနဲ့မတူဘူး။ စီးပွားရေးသမားတွေကို အစိုးရက စီမံအုပ်ချုပ်တာလည်း အခုခေတ်နဲ့ အရမ်းကွာနေတယ်။ အဲဒီတုန်းက အခြေအနေတွေ နားလည်သဘောပေါက်အောင် အဲဒီခေတ်ကိုမီတဲ့ ကြုံခဲ့ဖူးတဲ့ ဂျပန်လူကြီးတွေကို သွားတွေ့ပြီးမေးရတယ်။ အဲဒီခေတ်ရဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့စာအုပ်တွေကိုလည်း ဖတ်ခဲ့ရတယ်။ ကျွန်မအနေနဲ့ ဘာသာပြန်တဲ့အခါမှာ မြန်မာစာကို ပြေပြစ်ဖို့က ဒုတိယအဆင့်၊ ပထမအဆင့်က သူတို့မူရင်းစာအုပ်က ဆိုလိုချင်တဲ့ အဓိပ္ပာယ်မပျောက်အောင်၊ မူရင်းက ပြောချင်တဲ့ဟာကို သဘောပေါက်အောင် အဓိကအားထားတယ်။ ပထမဦးဆုံးအနေနဲ့ မြန်မာစာအရေးအသားကို အဓိကမထားဘဲ မူရင်းဂျပန်ဘာသာကို ကျွန်မနားလည်တဲ့အတိုင်း ပြန်ရေးတယ်။ အဲဒီလိုရေးလိုက်တဲ့ဟာကို မြန်မာလို မဆီလျော်တာတွေ၊ စာလုံးပေါင်းသတ်ပုံမှားတာတွေကို အဖေက ကူညီတည်းဖြတ်ပေးတယ်။ အဲဒီလို Edit လုပ်တဲ့အခါမှာလည်း ကျွန်မဘာသာပြန်တဲ့အခါ အဓိကအားထားတာကို ပြောပြထားတော့ အရမ်းကြီးမပြင်ဖြစ်ပါဘူး။ ပြင်တဲ့အခါမှာလည်း ဒါက ဒီလိုပြင်လိုက်ရင် ဖြစ်မလားဆိုပြီး အမြဲတမ်းတိုင်ပင်တယ်။ အချို့ဟာတွေက မြန်မာလို မဆီလျော်ပေမယ့်လည်း ကိုယ်ဆိုလိုချင်တဲ့ဟာက ဒီအတိုင်းဖြစ်တာမို့လို့ ဒါကတော့ ဒီအတိုင်းပဲ ထည့်မယ်ဆိုပြီး ညှိလုပ်ရတာလည်းရှိတယ်။

**Living Color ။ ။ ဘာသာပြန်ဖို့ အချိန်ဘယ်လောက် ပြင်ဆင်ခဲ့ရသလဲ။**

**နန်းမြကေခိုင် ။** ။ ဘာသာပြန်တာကနေ စာအုပ်ဖြစ်တဲ့အထိ က သိပ်မကြာလိုက်ဘူးရှင့်။ ပထမစာအုပ်ရဲ့ အတွေ့အကြုံက လည်းရှိပြီးသားဆိုတော့ လေးငါးခြောက်လလောက်နဲ့ ပြီးသွားပါ တယ်။ ဘာသာပြန်ပြီးရေးတာ သုံးလလောက် ရှိမယ်ထင်တယ်။

**Living Color ။ ။ အုပ်ရေ ၅၀၀၀ ကို စာကြည့်တိုက်တွေကို လှူပြီး ၁၀၀၀ ကို ပြန်ရောင်းတယ်လို့ သိရတယ်။ ဘာကြောင့်လဲ။ မူပိုင်ခွင့်ကိုရော ဘယ်လိုလုပ်ထားသလဲ။**

**နန်းမြကေခိုင် ။** ။ စာကြည့်တိုက်တွေပေးဖို့ ထုတ်တယ်ဆိုပေမယ့် အပြင်က စာဖတ်ပရိသတ်တွေနဲ့ ထိတွေ့မှုရှိအောင်ဆိုပြီး စာအုပ် ၁၀၀၀ ကိုတော့ ရောင်းတယ်။ တစ်အုပ် ကျပ် ၂၀၀၀ နဲ့ပါ။ စာအုပ်ရဲ့ အရည်အသွေးအရဆိုရင် ကျပ် ၂၀၀၀ နဲ့ရောင်းတာ ဘယ်လိုမှအမြတ်မရပါဘူး။ လှူဖို့ ၅၀၀၀ အတွက်ကိုတော့ Foundation က အကုန်အကျခံပါတယ်။ ရောင်းတဲ့စာအုပ် ၁၀၀၀ ကိုတော့ Publisher ကုမ္ပဏီက အကုန်အကျခံပါတယ်။

အုပ်ရေ ၅၀၀၀ ကို မြန်မာနိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ နယ်စာကြည့်တိုက်တွေကို လှူပါတယ်။ M.B.A ကျောင်းသားတွေဖတ်ဖို့ စီးပွားရေးတက္ကသိုလ်ကိုလည်း လှူပါတယ်။ တက္ကသိုလ်စာကြည့်တိုက်တွေကိုလည်းလှူတယ်။ ဂျပန်သံရုံးကလုပ်နေတဲ့ Grass Root Assistant နဲ့ ဆောက်တဲ့ကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းတွေကိုလည်း လှူပါတယ်။ Foundation ကတစ်ဆင့် လှူတာပါ။ လှူမယ့်အုပ်ရေ ၅၀၀၀ အတွက်ကို Copy Right ဖိုးပေးစရာမလိုပါဘူး။ အခမဲ့



ထုတ်ဝေခွင့်ပေးတယ်ရှင့်။ ဒါပေမဲ့ ရောင်းတဲ့တစ်ထောင်ကိုတော့ Copy Right ဖိုး ပေးရပါတယ်။ မြန်မာနိုင်ငံက Quality Publishing House ကနေ ဂျပန်နိုင်ငံက မူရင်းစာအုပ်ကိုထုတ်တဲ့ Nihon Keizai Shimbun Inc. သတင်းစာကုမ္ပဏီကို ပေးရတယ်ရှင့်။ ရောင်းခရဲ့ ၅ ရာခိုင်နှုန်းကိုပါ။

**Living Color ။ ။ အခြားစာပေတွေ၊ ဆောင်းပါးတွေ ရေးဖြစ် သေးလား။**

**နန်းမြကေခိုင် ။** ။ အခြားစာပေတွေ၊ ဆောင်းပါးတွေ မရေးဖြစ်ဘူးရှင့်။ ကျွန်မက သုတေသနပဲလုပ်ဖြစ်နေတာဆိုတော့ ဒီသုတေသနနဲ့ဆိုင်တဲ့ Thesis တွေ၊ Term Paper တွေတော့ ရေးဖြစ်ပါတယ်။ ရှစ်စောင်၊ ၁၀ စောင်လောက် ရှိပါတယ်။ Focus ထားတာ Labour Migration ပါ။ Labour Migrate လုပ်လာတဲ့သူတွေ နယ်ကနေပြောင်းလာရင် Permanent အလုပ်မရကြဘူးရှင့်။ Informal Structure ဆိုတဲ့ ကျပန်းအလုပ်သမားတွေ များပါတယ်။ အဲဒီကျပန်းအလုပ်သမားတွေကို Survey ကောက်ပြီးရေးတာက ပိုများပါတယ်။

**Living Color ။ ။ ဒီစာအုပ်ကို အမျိုးသားစာပေဆုရမယ်လို့ မျှော်မှန်းခဲ့သလား။**

**နန်းမြကေခိုင် ။** ။ စာအုပ်ထုတ်တဲ့အချိန်မှာ ဆုရဖို့တို့ ဘာတို့ ခေါင်းထဲမရှိပါဘူး။ အမျိုးသားစာပေဆုဆိုတာလည်း ကျွန်မနဲ့ သိပ်ပြီးတော့ နီးစပ်မှုမရှိဘူး။ ဘာသာပြန်ဖြစ်တာကလည်း ဒီလိုကောင်းတဲ့စာအုပ်မျိုး မြန်မာပြည်က လူငယ်တွေ သိစေချင်တာသက်သက်တစ်ခုပဲ။ ဘာသာပြန်ဖြစ်သွားသလို အမျိုးသားစာပေဆုပါ ထပ်ရသွားတာပေါ့နော်။

www.foreverpeace.com.mm

**Living Color ။ ။ အမျိုးသားစာပေဆု ရွေးချယ်ခံရတယ်ဆိုတာ ကြိုသိခဲ့ရသလား။**

**နန်းမြကေခိုင် ။** ။ ကြိုမသိရပါဘူး။ ဒီဇင်ဘာလထဲမှာ ကျွန်မ ရန်ကုန်အိမ်ကို ဖုန်းဆက်တဲ့အခါ အိမ်ကပြောပြလို့ သိခဲ့ရတာပါ။

**Living Color ။ ။ စာဖတ်ပရိသတ်တွေရဲ့ Feedback (တုံ့ပြန်မှု) တွေရမှာပေါ့။ တစ်ခုလောက် ပြောပြပေးပါလား။**

**နန်းမြကေခိုင် ။** ။ ဝေဖန်တာတွေရှိပါတယ်။ ဝမ်းသာရတာတွေ ထဲက တစ်ခုက နယ်က မိဘမဲ့ကျောင်းတွေကို Scholar ပေးတဲ့ ဂျပန်အဖွဲ့အစည်းတစ်ခုက ကျွန်မမိတ်ဆွေတစ်ယောက်က အဲဒီ စာအုပ်ကို နယ်က သူတို့ Scholar ပေးတဲ့ ကျောင်းတွေကို ဝေတယ် ရှင့်။ အဲဒီစာအုပ်ဖတ်ရတဲ့ ကျောင်းတစ်ကျောင်းက ကျောင်းသား တစ်ယောက်က အဲဒီအဖွဲ့အစည်းက ဂျပန်အဘိုးကြီးဆီကို စာပြန် ရေးလာတယ်။ မနန်းမြကေခိုင် ဘာသာပြန်တဲ့ စာအုပ်ကို ဖတ်ရ တယ်ပေါ့။ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်ရင်း အဲဒီအဘိုးကြီးရဲ့ Scholarship (ပညာသင်ထောက်ပံ့ကြေး) နဲ့ အဝေးသင်တက္ကသိုလ် တက်နေတဲ့ ကောင်လေးတစ်ယောက်ပေါ့။ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးရင်း တစ်နေ့ကျရင် မြန်မာနိုင်ငံမှာ အောင်မြင်တဲ့စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်ပေါ့။ အဲဒီလိုမျိုး ရေးလာတယ်။ အဲဒါမျိုးသိရတော့ ဝမ်းသာတာပေါ့နော်။

**Living Color ။ ။ နောက်ထပ်ဘာသာပြန်ဖို့ ကမ်းလှမ်းထားတဲ့စာအုပ်၊ ဒါမှမဟုတ် ရည်ရွယ်ထားတဲ့စာအုပ်တွေ ရှိသေးလား။**

**နန်းမြကေခိုင် ။** ။ နောက်ထပ် ဘာသာပြန်ဖို့ ကမ်းလှမ်းထား တာတော့ မရှိသေးဘူး။ ကျွန်မစိတ်ကူးထားတာတော့ တစ်အုပ် ရှိတယ်။ အဲဒီစာအုပ်က ဂျပန်မေဂျီခေတ် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ လောက်က ဂျပန်နိုင်ငံမှာမွေးပြီး ကြီးပြင်းခဲ့တဲ့ (ဂျပန်မှာက အဲဒီခေတ် မတိုင်မီက စီးပွားရေးထိန်းချုပ်ခဲ့တဲ့ ခေတ်ပေါ့နော်။ Open Economy စနစ်မဟုတ်သေးဘူး။ မေဂျီခေတ်ရောက်တော့မှ Open Economy စတယ်။ အမျိုးသမီးတွေကလည်း အမျိုးသားတွေနဲ့ တန်းတူစီးပွား ရေးတွေမှာ ဝင်ရောက်လုပ်ကိုင်ကြတယ်။) အမျိုးသမီးတွေအကြောင်း ရေးထားတဲ့ စာအုပ်တစ်အုပ်ရှိတယ်။ အမျိုးသမီး ၂၄ ယောက် အကြောင်း ရေးထားတာ။ အခု အသက် ၁၀၀ ကျော်ကြပြီပေါ့နော်။ ဆုံးသွားတဲ့သူက များပါပြီ။ အချို့ အသက်ရှင်ကျန်နေကြသေး တယ်ရှင့်။ သူတို့ကို အင်တာဗျူးလုပ်ပြီး ရေးထားတဲ့စာအုပ်ပေါ့။ အဲဒီစာအုပ်ကို ဘာသာပြန်မယ်လို့ စိတ်ကူးထားတယ်။ မြန်မာ အမျိုးသမီးတွေ ဖတ်ဖို့ပါ။ စာအုပ်နာမည်ကိုတော့ 'ခိုင်မာရဲရင့်စွာ အသက်ရှင်သော ဂျပန်အမျိုးသမီးများ' လို့ နာမည်ပေးဖို့ စဉ်းစား ထားတယ်။

**Living Color ။ ။ ဂျပန်နိုင်ငံရဲ့ စာအုပ်ထုတ်ဝေရေးနဲ့ ဘာသာပြန်စာပေလောကကို ဆရာမသိရသလောက် ပြောပြပေးပါလား။**

**နန်းမြကေခိုင် ။** ။ ဂျပန်မှာ Publishing ကုမ္ပဏီရော၊ ထုတ်တဲ့ အုပ်ရေရော မြန်မာနိုင်ငံထက်စာရင် အရမ်းများတယ်။ အခု ဂျပန်မှာ စီးပွားရေးကျနေတော့ ကောင်းတဲ့စာအုပ်ကိုပဲ ရွေးပြီးတော့ ထုတ်လာ ကြတယ်။ အရင်တုန်းကတော့ အကုန်ထုတ်တာပဲ။ သုတနဲ့ ရသမှာ ရသကများတယ်။ မဂ္ဂဇင်းဆိုလည်း နည်းတာမှမဟုတ်တာ။ ဂျပန် ဘာသာနဲ့ချည်းပဲ။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်တာမရှိသလောက်ပဲ။ နိုင်ငံခြားက ကောင်းတဲ့စာအုပ်ပဲဖြစ်ဖြစ်၊ Dictionary ပဲဖြစ်ဖြစ် အကုန်ကို ဂျပန်ဘာသာပြန်ဖြစ်တာ။ အဲဒီမှာ ကျွန်မမြင်မိတာ အင်္ဂလိပ်စာနဲ့ နိုင်ငံခြားဘာသာအားနည်းတဲ့အချက်က မကောင်းတဲ့ အချက်ပေါ့နော်။ ကိုယ့်ဘာသာနဲ့ပဲ ထုတ်နေတာကိုး။ သို့သော် လည်းပဲ ကောင်းတဲ့အချက်က ဘာလဲဆိုတော့ လူတန်းစားမရွေး ကိုယ်တိုင်ခံစားလို့ရတယ်၊ ကိုယ်တိုင်နားလည်လို့ရတယ်။ တစ်ခေါက် ဖတ်ပြီးရင် မမေ့တော့ဘူး။ ဥပမာ–ဆေးပညာက အစပေါ့။ အဲဒီ ကဏ္ဍတွေမှာ တိုးတက်မှုက အရမ်းအားသာသွားတယ်။ ကျွန်မ ပြောခဲ့တဲ့ ဂျပန်စီးပွားရေးတိုးတက်ခဲ့တာလည်း အဲဒါကြောင့်ပဲ။ အမေရိကန်ကထုတ်တဲ့ Newsweek တို့ Times တို့ဆို ချက်ချင်း ဘာသာပြန်ပစ်တာ။ အဲဒီစာအုပ်ထွက်တဲ့အပတ်မှာပဲ ဂျပန်ဘာသာ နဲ့ ထွက်နေပြီ။

**Living Color ။ ။ ဂျပန်မှာရော အမျိုးသားစာပေဆုချီးမြှင့်တာမျိုး ရှိသလား။**

**နန်းမြကေခိုင် ။** ။ အမျိုးသားစာပေဆုလိုမျိုး အစိုးရက ပေးတာ တော့ မရှိဘူးပေါ့။ ဒါပေမဲ့ ဆရာဝန်တင်ရွှေ စာပေဆုလိုမျိုး နာမည် ကြီးစာရေးဆရာတစ်ဦးဦး ဆုံးပါးသွားလို့ သူ့အတွက်ရည်စူးပြီး Memorial Foundation လုပ်ပြီး အဲဒီက ဆုပေးတာမျိုးရှိတယ်။

**Living Color ။ ။ မြန်မာနိုင်ငံရဲ့ ဘာသာပြန်စာပေကဏ္ဍကိုရော ဘယ်လိုသုံးသပ်မိသလဲ။**

**နန်းမြကေခိုင် ။** ။ မြန်မာနိုင်ငံရဲ့ ဘာသာပြန်စာပေကဏ္ဍက ကျွန်မအမြင်အရဆိုရင် အားနည်းနေသေးတယ်လို့ထင်တယ်။ အားမရဘူးပေါ့နော်။ အင်္ဂလိပ်ဘာသာက အဓိကပေါ့။ ဒါပေမဲ့ အင်္ဂလိပ်ဘာသာတင် မကဘူး။ အခြားဘာသာတွေကနေ ဘာသာ ပြန်တဲ့ စာပေလိုမျိုးတွေများလာမယ်ဆို ပိုပြီးတော့ ပိုကောင်းလာ မယ်ထင်ပါတယ်။ ဂျာမန်တို့၊ တရုတ်တို့၊ ဂျပန်တို့ကပေါ့။ ဆေးပညာ ဆို ဂျာမနီက အကောင်းဆုံးပဲ။ စီးပွားရေးလည်း အဲဒီလိုပဲ။ ဂျပန်မှာ ထုတ်တဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ စာအုပ်တော်တော်များများက ဂျာမန်ကနေ ဂျပန်ကို ပြန်ထားတာ။ ကျွန်မအမြင်အရ မြန်မာနိုင်ငံ မှာ စီးပွားရေးနဲ့ပတ်သက်တဲ့စာအုပ်တွေကို နိုင်ငံခြားဘာသာကနေ ဘာသာပြန်ပြီး ထုတ်ဝေသင့်တယ်လို့ ထင်ပါတယ်။

**Living Color ။ ။ သဘောက စီးပွားရေးနဲ့ပတ်သက်တဲ့ ဘာသာပြန်စာအုပ်တွေ အားနည်းနေတယ်လို့ ဆိုလိုတာလား။**

**နန်းမြကေခိုင် ။** ။ ဟုတ်တယ်။ ရသနဲ့ သုတက များနေတယ်။ ကျွန်မလည်း ဘာသာပြန်တဲ့အခါ အခု စီးပွားရေးသမားတွေရဲ့ Biography (အတ္တုပ္ပတ္တိ) တွေကို ပြန်ဖြစ်နေပေမယ့် နောက်ပိုင်းမှာ စီးပွားရေးအကြောင်းနဲ့ သက်ဆိုင်တဲ့ စာအုပ်တွေကို ဘာသာပြန်ဖို့ စိတ်ကူးထားပါတယ်။ ဂျပန်မှာထုတ်တဲ့ စာအုပ်တွေက ဒီထက် ပိုများပါတယ်။ ကလေးစာပေဆိုပါစို့။ ဂျပန်ဘာသာနဲ့ ထုတ်တဲ့ စာအုပ်တွေ အများကြီးပဲ။ အင်္ဂလိပ်လိုထုတ်ထားတဲ့ စာအုပ်ကို

www.foreverspace.com.mm



## နန်းမြကေခိုင်၏ ကိုယ်ရေးအကျဉ်း

* ၁၉၇၂ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌မွေးဖွားခဲ့။
* မိဘနှစ်ပါးမှာ ဦးမြသိန်း [ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ မော်လမြိုင်တက္ကသိုလ်]နှင့် ဒေါ်ခင်မာကြူ [ကထိက(ငြိမ်း)၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်] တို့ဖြစ်ကြပြီး တစ်ဦးတည်းသောသမီး ဖြစ်။
* ၁၉၈၈ ခုနှစ်တွင် ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ဝိဇ္ဇာ (ရိုးရိုး)ဘာသာတွဲကို ခြောက်ဘာသာဂုဏ်ထူးဖြင့် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်ခဲ့။
* ၁၉၈၉ ခုနှစ်တွင် ဖခင်ဖြစ်သူ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ် မြန်မာစာဌာနတွင် ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံခဲ့ရရာ မိဘများနှင့်အတူ ဂျပန်နိုင်ငံသို့ရောက်ရှိခဲ့။
* ၁၉၉၀ ပြည့်နှစ်တွင် အိုဆာကာမြို့ရှိ Kansai International Students Institute of Japanese Language School သို့ နှစ်နှစ်ကြာ တက်ရောက်ပြီး ဂျပန်ဘာသာစကား သင်ယူခဲ့။
* ၁၉၉၂ ခုနှစ်တွင် တိုကျိုမြို့ရှိ Ritsumeikan တက္ကသိုလ်သို့ ဝင်ခွင့်ရရှိခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အဆိုပါတက္ကသိုလ်မှ B.A (Business Administration) ဘွဲ့ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် M.A (International Relations) ဘွဲ့ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် Ph.D (International Relations) ဘွဲ့ကိုလည်းကောင်း ရရှိခဲ့။
* ၂၀၀၃ ခုနှစ်မှစ၍ တိုကျိုမြို့ နိုင်ငံခြားဘာသာသင်တက္ကသိုလ် တွင် JSPS (Japan Society for the Promotion of Science) ၏ Postdoctoral Fellow အဖြစ် မြန်မာနိုင်ငံ လုပ်သားပြောင်းရွှေ့မှု (Labour Migration) ကို သုတေသနပြုလျက်ရှိပြီး ယခုအခါ ယင်းတက္ကသိုလ်၌ပင် အချိန်ပိုင်းနည်းပြအဖြစ် Developing Economics ဘာသာရပ်ကို သင်ကြားပို့ချပေးလျက်ရှိ။
* ခင်ပွန်းဖြစ်သူ ဒေါက်တာမိုးကျော်သူ(အဏ္ဏဝါသိပ္ပံပညာရှင်)၊ သား မောင်ချမ်းမိုးဟန်တို့နှင့်အတူ ဂျပန်နိုင်ငံ၌ နေထိုင်လျက်ရှိ။
* ရန်ကုန်နေရပ်လိပ်စာမှာ–T–၁၁၊ အောင်ရတနာရိပ်သာ၊ သံသုမာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၉၂၃၈ ဖြစ်။

ချက်ချင်းဂျပန်ဘာသာပြန်လိုက်တာ။ ကာတွန်းရုပ်ပြတင်မကဘဲ ပညာပေးစာအုပ်တွေလည်း ပါတာပေါ့နော်။ သွန်သင်လမ်းညွှန်တဲ့ စာအုပ်တွေလည်း စုံပါတယ်။ လူကြီးက သွန်သင်ဆုံးမစရာမလိုဘဲ စာအုပ်ကိုဖတ်ရင်းနဲ့ သူ့ဟာသူ သိသွားနိုင်တယ်။ အဲဒီလိုစာအုပ်မျိုးတွေ မြန်မာပြည်မှာ ထုတ်လာနိုင်ရင်ကောင်းမယ်လို့ ထင်ပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း ကလေးရှိတော့ ဒီမှာ ကလေးကဗျာကို မြန်မာဘာသာနဲ့ ရေးထားတာ လိုက်ရှာတာ သိပ်မတွေ့ရဘူး။ အရင်တုန်းက တင်မိုးတို့၊ မင်းသုဝဏ်တို့ရဲ့ ကလေးကဗျာတွေ အရမ်းကောင်းခဲ့တယ်လေ။ အဲဒီလိုမျိုးကောင်းတဲ့ဟာ ထပ်ထွက်လာတာ ကျွန်မ မတွေ့မိဘူး။ ဒီမှာ ကဏ္ဍတွေ ခွဲထားတာ ပိုစိတ် ပိုစုံပါတယ်။ ဂျပန်ပြည်မှာက ကဏ္ဍထက် ကဏ္ဍတစ်ခုထဲမှာကို စာအုပ်အရေအတွက်နဲ့ အမျိုးအမည်ပိုများတယ်။ ကလေးစာပေတွေ ဒီထက်ပိုထွက်နိုင်ရင် ကောင်းမယ်ထင်တယ်။

**Living Color ॥ ॥ ဆရာမရဲ့ စာဖတ်ပရိသတ်ကို ဘယ်လို Message ပေးချင်ပါသလဲ။**

**နန်းမြကေခိုင် ॥** ॥ စာအုပ်တွေ ထွက်တာတွေကအများကြီးပေါ့နော်။ အဲဒီထဲက ကောင်းတဲ့ဟာကို ရွေးဖတ်ဖြစ်ဖို့က အဓိကကျတယ်။ ပထမဦးဆုံးက ကိုယ့်အတွက် ဘာဗဟုသုတရမလဲဆိုတဲ့ အချက်ပေါ့နော်။ စာအုပ်ကောင်းတွေ ရွေးနိုင်မှ အဲဒီစာအုပ်ထဲက အနှစ်သာရကောင်းကို ရနိုင်မှာလေ။ မြန်မာနိုင်ငံမှာ အဲဒီလိုရွေးချယ်ဖတ်ဖို့ အဓိကကျပါတယ်။ စီးပွားရေးပဲဖြစ်ဖြစ်၊ ရသပဲဖြစ်ဖြစ် ကိုယ့်အတွက် ဘယ်လိုမျိုး စာအုပ်က ကောင်းသလဲဆိုတာ အဓိက ကျပါတယ်။ ဘယ်လိုစာအုပ်မျိုးက ကိုယ့်အတွက် ကောင်းသလဲဆိုတာ ရွေးတတ်ဖို့ဆိုတာကလည်း စာအုပ်နဲ့ နီးစပ်မှုရှိမှ ရွေးတတ်မှာ။ အဲဒီလို ရွေးချယ်တတ်အောင် စာအုပ်တွေကို အစအဆုံး မဖတ်ဖြစ်သည့်တိုင်အောင် လှန်လှောဖတ်ပြီးတော့ နီးစပ်ထိတွေ့မှုရှိနေဖို့ တိုက်တွန်းချင်ပါတယ်။ ပညာရဖို့ထက် ဘဝမှာ ဘယ်လိုခံယူချက်ထားပြီး လျှောက်လှမ်းမလဲဆိုတဲ့ ရည်ရွယ်ချက်တွေ ရဖို့ စာအုပ်တွေက အများကြီး ပညာပေးတယ်လို့ ထင်ပါတယ်။

ကျော်နိုင်

■

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၄၀ ၂၀၀၇ ခုနှစ်၊ မတ်

## 'Cyfice' ရုံးလုပ်ငန်းသုံးဆော့ဖ်ဝဲ

အကြီးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် ကွန်ပျူတာကွန်ရက် အသုံးပြုပြီး လုပ်ငန်းဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ရေးဆွဲထားတဲ့ ရုံးလုပ်ငန်း သုံးကွန်ပျူတာ ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲထဲမှာ E-mail၊ လုပ်ငန်းစီမံခန့်ခွဲမှု(Project Management)၊ လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ လိပ်စာများ မှတ်သားခြင်းနဲ့ ကွန်ရက် အသုံးပြုစာရွက်စာတမ်းများထိန်းသိမ်းခြင်းတို့အပြင် တခြားစနစ်တွေလည်း ပါဝင် တယ်လို့ ဆိုပါတယ်။ Linux ကွန်ပျူတာစနစ်ပေါ်မှာ အခြေခံရေးဆွဲထားပြီး SSL Secured Server ပေါ်မှာ ထည့်သွင်းနိုင်တာမို့ စိတ်ချလုံခြုံမှုရှိစေတယ်လို့လည်း သိရပါတယ်။ ပြင်ပဆာဗာများကိုလည်း ချိတ်ဆက်နိုင်တဲ့အပြင် IMAP နှင့် POP3 စနစ်တွေကို သုံးပြီး Local Mail Server စနစ်တွေကိုလည်း ပေါင်းစပ်ထည့်သွင်းထား တာကို တွေ့ရတယ်။ ဒါ့အပြင် ဒီဆော့ဖ်ဝဲကို အသုံးပြုတဲ့အတွက် လခစရိတ်ကြီးတဲ့ အဆင့်မြင့်စနစ် စီမံခန့်ခွဲသူများ မလိုအပ်တော့တဲ့အပြင် ကွန်ပျူတာအခြေခံ အသုံးပြု တတ်ရုံနဲ့ ဆော့ဖ်ဝဲကို အသုံးပြုနိုင်ပြီး လုံခြုံရေးအတွက် အဆင့်မြင့်ဆာဗာတွေ တပ်ဆင် ဖို့ မလိုအပ်တော့ဘူးလို့လည်း ဆိုပါတယ်။ Cyfice ဟာ Open Source Software (OSS) အခြေခံထားတဲ့ ပြည်တွင်းဖြစ်စနစ်တစ်ခုဖြစ်လို့ ကုန်ကျစရိတ်သက်သာစွာနဲ့ အသုံးပြုနိုင်မယ်လို့လည်း ဆိုပါတယ်။ ဒီ Cyfice Software ကို Brace Net Co., Ltd. က ထုတ်လုပ်ထားတာပါ။ စိတ်ဝင်စားအသုံးပြုလိုသူတွေအတွက် တစ်လတိတိ အစမ်းအသုံးပြုခွင့်ပေးထားပြီး အသုံးပြုရအဆင်ပြေတယ်ဆိုမှသာ ဝယ်ယူနိုင်တယ်လို့ လည်း ဆိုထားပါတယ်။ Software နှစ်မျိုးရှိပြီး SMES Software က US$ 500 နဲ့ MNCS Software ကတော့ US$ 1000 သတ်မှတ်ထားပါတယ်။ ဆက်သွယ်လိုတယ် ဆိုရင်တော့ E-mail-bracenet@ gmail.com ကို ဆက်သွယ်နိုင်ပြီး www. bracenet. google pages.com မှာလည်း ဝင်ရောက်လေ့လာနိုင်မှာပါ။

## ရှမ်းရိုးရာအစားအသောက် စားချင်ရင်

ရှမ်းရိုးရာအစားအသောက်ကောင်းကောင်းစားလိုသူများအတွက် တစ်ခါပြင် ၅၀၀ ကျပ်မျှ နဲ့ ရောင်းချပေးနေတဲ့ဆိုင်ဖြစ်ပါတယ်။ ရှမ်းရိုးရာအစားအသောက်အစုံအလင်ရရှိတဲ့အပြင် ကောက်ညှင်းခေါင်ရည်စစ်လည်း ရရှိနိုင်မယ့်ဆိုင်တစ်ဆိုင်ပါ။ ထမင်းပေါင်း လက်ရာကောင်း ကောင်းနဲ့ ခေါက်ဆွဲကြော်၊ တရုတ်အစားအစာများလည်း တွဲဖက်ရောင်းချပြီး ကျန်းမာရေးနဲ့ လိုက်လျောညီထွေသော အသီးအရွက်စုံကိုပါ တွဲဖက်ရောင်းချပေးနေတဲ့ ဆိုင်လေးတစ်ဆိုင်လည်း ဖြစ်ပါတယ်။

လိပ်စာ–အမှတ်–၃၄၊ ပန်းခြံလမ်း၊ ပဒုမ္မာပန်းခြံအနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

## Internship နဲ့ On-Job Training တွေ စီစဉ်ပေးတဲ့ သင်တန်း

Microsoft Professional Certificates လို နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်တွေကို ဒီသင်တန်းမှာတက်ရောက်အပြီး လုပ်ငန်းခွင်အတွေ့အကြုံရရှိစေဖို့ Internship Program နဲ့ On-Job Training တွေပါတစ်ပါတည်း စီစဉ်ထားရှိပေးတဲ့ သင်တန်းတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။

ဒါ့ကြောင့် ကိုယ်သင်ယူထားတဲ့ ကျွမ်းကျင်အရည်အချင်းကို လက်တွေ့ပြန်လည်အသုံးချနိုင်မယ့် အခွင့်အရေးကို ရရှိပါလိမ့်မယ်။ လုပ်ငန်းအတွေ့အကြုံ ပြည့်ဝတဲ့ MCSE နဲ့ CCNA လက်မှတ်တွေ ရရှိပြီးတဲ့ အင်ဂျင်နီယာတွေကိုယ်တိုင် သင်ကြားပေးနေတယ်လို့ ဆိုပါတယ်။

MCP,MCSA,MCSE နဲ့ CCNA, CCNP (New Syllabus), A+, Network +, Linux Network နဲ့ Internet Seurity သင်တန်းတွေ တက်ရောက်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်း၊ Network ချိတ်ဆက်ခြင်း စတဲ့ လိုအပ်တဲ့ ဝန်ဆောင်မှုမျိုးစုံကိုလည်း ရရှိနိုင်ပါလိမ့်မယ်။

လိပ်စာ – iBeam
အမှတ်–၅၄၊ ရွှေလောင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၅၇၅၂
E-mail- ibeam@myanmar.com.mm

www.foreverspace.com.mm



# ကြိမ်ပရိဘောဂတွေနဲ့ အလှဆင်လိုရင်

နေအိမ်ရဲ့ ဧည့်ခန်းမှာ ကွန်း ဒါမှမဟုတ် ဆိုဖာဆက်တီတွေနဲ့ထားရတာ ငြီးငွေ့လာသူတွေအတွက် ကြိမ်ပရိဘောဂပစ္စည်းမျိုးစုံ ရနိုင်တဲ့ နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ ဒါ့အပြင် ဝါးပရိဘောဂအမျိုးမျိုးကိုလည်း ရရှိနိုင်တာဖြစ်လို့ သွားရောက်ကြည့်ရှုနိုင်အောင် လိပ်စာကို ဖော်ပြပေးထားပါတယ်။

လိပ်စာ –

Three Red Stars

– အမှတ်–၈၅/၈၆(A)၊ ဝါးတန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၈၄၅၆၊ ဖက်စ်–၂၁၀၆၄၄

E-mail-trst@mptmail.net.mm

– အမှတ်–၅၂၊ ကျန်စစ်သားလမ်း၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၈၅၀၃၆၊ ၅၈၅၂၂၃၊ ဖက်စ်–၅၈၅၂၂၁

# ပါတိတ်ဒီဇိုင်နာ ကောင်းကောင်း

မြန်မာနိုင်ငံရာသီဥတုနဲ့ ကိုက်ညီတဲ့အပြင် အမျိုးသမီးကြီးငယ်မရွေး အကြိုက်တွေ့ကြတဲ့ ပါတိတ်နဲ့ပတ်သက်လို့ လက်ရာကောင်းကောင်းမွန်မွန်နဲ့ သေသေသပ်သပ် ချုပ်လုပ်ပေးနိုင်တဲ့နေရာတစ်ခုပါ။ ဝတ်ဆင်လိုသူတွေအတွက်သာမကဘဲ ပါတိတ် ရောင်းဝယ်နေသူတို့အတွက် ကြော်ငြာရိုက်ဖို့၊ ပြက္ခဒိန်ရိုက်ဖို့လိုအပ်လာရင်လည်း မော်ဒယ်လ်ဝတ်ဆင်ဖို့အတွက် တာဝန်ယူ ချုပ်လုပ်ပေးတာ တွေ့ရပါတယ်။ လက်ရာ မသေသပ်လို့ ကိုယ့်ရဲ့ပိတ်စဆုံးနေရသူတွေအတွက် စမ်းသပ်အပ်နှံနိုင်အောင် လမ်းညွှန်ပေးလိုက်တာပါ။ Website ပါ လွှင့်တင်ထားတာမို့ လက်ရာတွေကို လေ့လာနိုင်ပါတယ်။

လိပ်စာ –

Soe Soe Fashion

အမှတ်–၈၇၊ ၅ လွှာ၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်။

ဖုန်း–၅၃၄၇၈၃၊ ၀၉–၅၁၃၇၉၃၉

E-mail- designsoesoe@gmail.com,

www.soesoefashion.com

# ဗိုလ်ချုပ်အောင်ဆန်းဈေးက Mr.Levi's

အမျိုးသား၊ အမျိုးသမီးဝတ်ဘောင်းဘီအမျိုးမျိုးကို ပြုပြင်ချုပ်လုပ်နိုင်တဲ့နေရာတစ်ခုဖြစ်ပြီး ကိုဇော်ကြီးဆိုင်လို့ လူသိများပါတယ်။ အသစ်ပဲဖြစ်ဖြစ် အဟောင်းပဲဖြစ်ဖြစ် ကိုယ်နဲ့မတော်လို့ စိတ်တိုင်းမကျဖြစ်နေသူတွေအတွက် အပ်နှံသူစိတ်တိုင်းကျပြုပြင်ပေးနေတာဖြစ်ပါတယ်။ ဂျင်းဘောင်းဘီ၊ စတိုင်ပန်၊ ဂျင်းစကတ် စတဲ့ အဝတ်အထည်တွေကို လိုသလိုပြုပြင်နိုင်မှာဖြစ်ပြီး ကုတ်အင်္ကျီ၊ ဘောင်းဘီနဲ့ တခြားပုံစံဒီဇိုင်းတွေကို အသစ်အပ်နှံချုပ်လုပ်မယ်ဆိုရင်လည်း အဆင်ပြေအောင်ဆောင်ရွက်ပေးတာ တွေ့ရပါတယ်။

လိပ်စာ –

Mr.Levi's Tailor Zone

အမှတ်–၁၀၄၊ အပေါ်ထပ်၊ စက်ချုပ်ဆိုင်တန်း၊ နှစ်ထပ်ရုံ၊
ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

# မီးပါတဲ့ စာကြည့်မှန်ဘီလူး

အချင်း ၄ လက်မလောက်ရှိတဲ့ မှန်ဘီလူးပါရှိပါတယ်။ AA ဓာတ်ခဲနှစ်လုံးသုံးပြီး မီးထွန်းလို့ရလို့ ညဘက် စာကြည့်ရန်အတွက် သင့်တော်ပါတယ်။ တရုတ် (တိုင်ပေ) က တင်သွင်းထားပြီး တန်ဖိုးကျပ် ၄၅၀၀ နဲ့ မဟာဗန္ဓုလပန်းခြံနဲ့ ၃၅ လမ်းကြား၊ အနော်ရထာလမ်းမပေါ်က Ever Fine စတိုးမှာ ဝယ်ယူရရှိနိုင်ပါတယ်။

# လမ်းမတော်မြို့နယ်က Heart to Heart

ဖန်စီအသုံးအဆောင်ဝယ်ယူလိုသူတွေအတွက် စိတ်ကျေပ်နပ်မှုပေးနိုင်မယ့်ဆိုင်တစ်ခုပါ။ ဖန်စီအသုံးအဆောင်တွေအပြင် လက်ဆောင်ပေးလို့ကောင်းမယ့်အသုံးအဆောင်ပစ္စည်းလှလှလေးတွေပါ ဝယ်ယူနိုင်တာတွေ့ရပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံလုပ်အိတ်အမျိုး မျိုးကိုလည်း ဝယ်ယူနိုင်တာမို့ အိတ်ကြိုက်နှစ်သက်သူ အမျိုးသမီးတွေအတွက်တော့ အဆင်ပြေမယ့်ဆိုင်တစ်ခုပါ။ ပစ္စည်းအတော် များများကို ထိုင်းနိုင်ငံကနေတင်သွင်းထားတာဖြစ်တယ်လို့ သိရပါတယ်။

ဆိုင်နေရာက

Heart to Heart

အမှတ်–၇၅၄၊
၁၆ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။

**LIVING COLOR MEDIA**

လိပ်စာသစ်

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၇၂၀၉၅၁ ၊ ၀၉-၅၁၄၇၁၄၀
၂၄၃၆၃၉-၄၃ (Ext-၂၀၁)

www.foreverspace.com.mm

# ပန်းချီနှင့် ဂီတသင်တန်းများ

နွေရာသီကျောင်းပိတ်ရက်ရောက်ပြီဆိုရင် ကျောင်းသားလူငယ်တွေ၊ ကလေးတွေအနေနဲ့ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်ဖို့လိုအပ်လာပါတယ်။ ကျောင်းစာတွေနဲ့ပဲ ထိတွေ့ကျက်မှတ်နေရသူတွေအဖို့ အားလပ်ရက်မှာ စိတ်အပန်းလည်းပြေ၊ အချိန်လည်း အလဟဿမဖြစ်စေဘဲ ပျော်ပျော်ရွှင်ရွှင်သင်ယူနိုင်မယ့် သင်တန်းတွေကတော့ အနုပညာသင်တန်းတွေပဲဖြစ်ပါတယ်။ ပညာရေးသင်တန်းတွေချည်းပဲ ဆက်တိုက်သင်ကြားနေရသူတွေအဖို့ ဦးနှောက်အာဟာရအပြင် နှလုံးသားအာဟာရကိုပါထည့်သွင်းပေးမှ အတွေးအခေါ်နဲ့ စိတ်ကူးဉာဏ်တွေ လွတ်လပ်စွာကွန့်မြူးနိုင်မှာမို့ နွေရာသီကျောင်းပိတ်ရက်နဲ့ ညှိနှိုင်းတက်ရောက်နိုင်ဖို့ရာ ထင်ရှားတဲ့ပန်းချီနဲ့ ဂီတသင်တန်းကျောင်းအချို့ကို ဖော်ပြပေးလိုက်ပါတယ်။

- **Sunflower Art Gallery and Classes**
  အမှတ်–၇၂၊ အောင်မင်းခေါင်(၁)လမ်း၊ ဝင်ဒါမီယာ၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၂၇၁၊ ၆၆၀၃၇၅
- **YAG Art Corner**
  အမှတ်–၂၇၃(5-B,5-C)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၉၆၈၂၅
- **ဂီတမိတ် Music Center**
  အမှတ်–၃၉၈(စီ)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၉၃၆၉
  www.gitameit.org

# နေရာပြောင်းလိပ်စာသစ်

- **Hein Si Group of Companies**
  Golden Gate Tower၊ ၆ လွှာ(က+ခ)၊ ကျိုတော်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၇၀၉၃၊ ၂၉၃၈၇၈၊ ဖက်စ်–၂၉၇၀၉၃
  E-mail: heinsi@mptmail.net.mm
  heinsi@myanmar.com.mm
  Website.www.heinsi.com

- **Art Music Academy**
  အမှတ်–၅၅/၅၆(တတိယထပ်)၊ ဗဟိုစည်အိမ်ရာ၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၈၈၄၈
  E-mail.artmusic@myanmar.com.mm
- **K Art Gallery & Art Music Training**
  အမှတ်–၄၇/၁၊ ရွှေပြည်စိုးလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၇၀၆၇၃
- **Academy of Music**
  အမှတ်–၄၁၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၂၂၈၇၈ (C/O)
- **Casio ဂီတသင်တန်းကျောင်း**
  အမှတ်–၃၀၇၊ အောက်ကြည့်မြင်တိုင်လမ်း(အလုံလမ်းထောင့်)၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၁၆၁
- **ဦးစောနု ဂီတသင်တန်းကျောင်း**
  အမှတ်–၂၅၄၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm

## လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **Eagle Color Seperation**
  အမှတ်–၁၈၀၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၇၂၉၉၊ ၇၀၃၆၁၈
- **တူဒေးစာအုပ်ဆိုင်**
  ဂမုန်းပွင့်ကုန်တိုက်(မြေနီကုန်း)၊ မြေညီထပ်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **ကျော်ကျော်ဆန်း အင်တာနက်ကဖေး**
  ကန္ဒရဝတီနှစ်ထပ်ဈေး၊ လွိုင်ကော်မြို့။
- **တော်ဝင်မြန်မာ့ရိုးရာ လက်မှုပစ္စည်းအရောင်းဆိုင်**
  ကန်တော်ကြီးရေပန်းဥယျာဉ်အနီး၊ မန္တလေး။
- **စောဦးစာပေ(ဆိုင်အမှတ် ၅)**
  ဗိုလ်ချုပ်လမ်း၊ ၈ လမ်းနှင့် ၉ လမ်းကြား၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့။
- **Hana Beauty Saloon**
  အမှတ်–၁၄၂/က၊ မြေညီထပ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
- **Mya Beauty Saloon**
  အမှတ်–၁၃၅(စီ)၊ ဝေဇယန္တာလမ်းမ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **Online Wears**
  အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
- **စေတနာဆေးကုသခန်း**
  ၂၆ B X ၆၂ လမ်းထောင့်၊ စပယ်ရုံုံးကုတ်ဝိပဿနာရိပ်သာ၊ မန္တလေး။

## စားသောက်ဆိုင်သစ်

- **ချယ်ရီ(ပန်းသေး) စားသောက်ဆိုင်**
  အမှတ်–၁၃၈၊ ၈၃ လမ်း၊ ၂၃× ၂၄ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၇၂၀၈၈
- **Cafe Bellajio Snack and Drink**
  အမှတ်–၈၁၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **House Of Memories Piano Bar & Creative Music Restaurant**
  အမှတ်–၂၉၀၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၅၁၉၅၊ ၅၃၄၂၄၂

---

- **Nokia Store(2)@Mobile Corner One Stop Convenience Mobile Shop**
  အမှတ်–၃၃၀၊ Yangon International Hotel ဝင်းအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၅၀၇၆၊ ၂၁၅၀၇၇
- **Beauty & i ဖက်ရှင်ဆိုင်**
  Excel Shopping Mall၊ ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Summit Art Collection Gallery (2)**
  အမှတ်–၂၂၄(A)၊ Salomon Business Centre (SBC)၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **တော်ဝင်စတိုး (ဖိနပ်အမျိုးမျိုး)**
  အမှတ်–၈၂၊ စမ်းချောင်းလမ်း၊ ဖုန်း–၀၉–၅၁၇၆၃၃၆

---



www.foreverspace.com.mm

# လောင်စာဆီမှ ပေါက်ကွဲမှုကို ကာကွယ်လိုလျှင်

ဒီဇယ်၊ ဓာတ်ဆီ၊ အော့တိန်း (Octane)ဆီ၊ CNG ဓာတ်ငွေ့နဲ့ LPG ဓာတ်ငွေ့ သုံးမော်တော်ယာဉ်များ၊ ဂက်စ်မီးဖိုအသုံးပြုပြီး ကြော်လှော်ချက်ပြုတ်နေတဲ့ နေအိမ်များအတွက် လောင်စာဖြည့်တင်းနေချိန်ဒါမှမဟုတ် အသုံးပြုနေချိန်မှာ ရုတ်တရက်ပေါက်ကွဲမီးလောင်မှုမှ ကာကွယ်ထိန်းချုပ်ပေးနိုင်တယ်လို့ဆိုပါတယ်။ အဲဒီ Explo Control သတ္တုခြဲလေးတွေကို လောင်စာဆီတိုင်ကီထဲ ထည့်ထားတဲ့အခါ ပေါက်ကွဲမှုဖြစ်ပွားစေနိုင်တဲ့ အမြင့်ဆုံးအပူချိန်ကို မရောက်အောင် ထိန်းညှိပေးတာမို့ ပေါက်ကွဲမှုကို တားဆီးပေးပါတယ်။ ဘယ်လောင်စာနဲ့ပဲ မောင်းမောင်း အသုံးပြုနိုင်ပြီး ပေါက်ကွဲမှုကို ၁၀၀ ရာခိုင်နှုန်းတားဆီးပေးတယ်လို့ဆိုပါတယ်။ Lifetime Warranty ရှိပြီး ပြုပြင်ထိန်းသိမ်းရန်လုံးဝမလိုအပ်ဘဲ ထည့်သွင်းအသုံးပြုတဲ့အခါမှာလည်း လွယ်ကူပါတယ်။ လောင်စာဆီ ၂၂ ဂါလန် (၁၀၀ လီတာ) ထည့်နိုင်တဲ့ ကားတစ်စီးအတွက် Explo Control တစ်ဘူး(၁၀ ဂရမ်)သာ ထည့်သွင်းရန်လိုပါတယ်။ အဲဒီ Explo Control ကို ၁၀ နှစ် အာမခံပြီး လောင်စာတိုင်ကီထဲထည့်ထားခြင်းဖြင့် အရောင်ကျွတ်ခြင်း၊ ကြေမွခြင်း၊ သံချေးတက်ခြင်းတို့လုံးဝမဖြစ်ပွားဘူးလို့ ဆိုပါတယ်။ မလေးရှားနိုင်ငံမှတင်သွင်းပြီး ၁၀ ဂရမ်တစ်ဘူးကို ၈၉ FEC လို့ သိရပါတယ်။

ဆက်သွယ်ရန် –

Explo Control Co.,Ltd.
Parkroyal Hotel, Yangon
အခန်း–၃၀၉၊ ၃–ထပ်၊ အမှတ်–၃၃၊
အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၀၃၈၈(လိုင်းခွဲ–၃၀၉)၊ ၀၉–၅၁၃၈၉၁၃၊ ၀၉–၅၀၁၅၅၉၇၊ ဖက်စ်–၂၅၂၄၈၇
E-mail-explocontrolmyanmar@ myanmar.com.mm
Website-www.explocontrolmyanmar. com.mm

# လှိုင်ကော်က အင်တာနက်ကဖေး

ကယားပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့မှာ ဇန်နဝါရီလဆန်းပိုင်းကမှ ဖွင့်လှစ်လိုက်တဲ့ အင်တာနက်ကဖေးတစ်ခုဖြစ်ပါတယ်။ ကွန်ပျူတာ ၁၄ လုံးအသုံးပြုထားပြီး Download 15 MB အထိ အခမဲ့ပေးတယ်လို့ သိရပါတယ်။ အသုံးပြုခက ၁ နာရီကို ၁၀၀၀ ကျပ် သတ်မှတ်ထားပြီး နေ့စဉ် နံနက် ၈ နာရီမှ စတင်သုံးစွဲနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ –
ကျော်ကျော်ဆန်း
ကန္တာရဝတီခေတ်မီနှစ်ထပ်ဈေး၊
လွိုင်ကော်မြို့။

**LIVING COLOR MEDIA**

လိပ်စာသစ်

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။



www.foreverspace.com.mm

# အခမဲ့ရမယ့် Software နဲ့ အဆင့်မြင့်ပိုစတာ ဖန်တီးမယ်

မိမိစိတ်တိုင်းကျပိုစတာတစ်ခုဖန်တီး ထုတ်လုပ်ဖို့ လုပ်ငန်းစဉ်တွေက လွန်စွာများပြားလှပါတယ်။ လိုအပ်တဲ့ဓာတ်ပုံတွေ၊ ပန်းချီကားတွေ၊ ဒီဇိုင်းတွေကိုရှာဖွေပြီးဒစ်ဂျစ်တယ်အသွင်ကို ပြောင်းရမယ်။ ပြီးရင် Image ကိုတည်းဖြတ်နိုင်တဲ့ Adobe Photoshop လို Software ကြီးတွေနဲ့ခက် ခက်ခဲခဲပြုပြင်ရမယ်။ နောက်တစ်ခါမိမိထည့်သွင်းမယ့် ဒီဇိုင်းတွေကို ရှာဖွေထည့်သွင်းရဦးမယ်။ ပုံရဲ့ပြတ်သားမှုအရည်အသွေးတွေ၊ ထုတ်လုပ်မယ့် ပိုစတာအတိုင်းအတာတွေကို ပြုပြင်ပြောင်းလဲပေးရမယ်။

အဲဒီလုပ်ငန်းစဉ်အဆင့်ဆင့်တွေကို လွယ်လွယ်ကူကူနဲ့ပေါ့ပေါ့ပါးပါးပြုလုပ်နိုင်ဖို့အတွက်ဆိုရင် Poste Razor Software က များစွာအဆင်ပြေစေပါလိမ့်မယ်။ အခမဲ့ရယူခွင့်ပေးထားတဲ့ Freeware ဖြစ်ပေမယ့် သူ့ရဲ့စွမ်းဆောင်ရည်က မနိမ့်လှပါဘူး။ ပုံရိပ်အရည်အသွေးအမြင့်ဆုံးကို ရရှိစေအောင်ပြုလုပ်ပေးထားပါတယ်။ လိုအပ်တဲ့ ပိုစတာအတိုင်းအတာကိုလည်း မိမိစိတ်တိုင်းကျဖန်တီးထုတ်လုပ်နိုင်တဲ့အပြင် ပုံမှန် အတိုင်းအတာတွေဖြစ်တဲ့ A4, A3, Legal, Letter, Tabloid စတဲ့ အရွယ်အစားတွေကိုလည်း အခန့်သင့်ထုတ်လုပ်နိုင်ဖို့ စီစဉ်ပေးထားပါတယ်။ မိမိစိတ်တိုင်းကျ ဖန်တီးထုတ်လုပ်ထားတဲ့ ပိုစတာကို PDF File နဲ့ Save လုပ်နိုင်ပါတယ်။

လုပ်ဆောင်ချက်တွေများပြားလှပေမဲ့ Software ရဲ့ အရွယ်အစားက 411KB သာရှိတာမို့ သုံးစွဲရတာအပန်းမကြီးလှပါဘူး။ သတိပြုစရာတစ်ခုက ဒီ Freeware ကို Window 2000 နဲ့ XP ထက်မြင့်တဲ့ အမျိုးအစားတွေနဲ့သာတွဲဖက်အသုံးပြုနိုင်ခြင်းပါ။ စိတ်ဝင်စားလို့ Download ဆွဲယူချင်ရင်ဖြင့် –

http://www.snapfiles. com သို့အရောက်သွားလိုက်ပါ။

# အောင်မင်္ဂလာကျွန်းက အမှတ်တရပစ္စည်းအရောင်းဆိုင်

ချောင်းသာကမ်းခြေမှာ အပန်းဖြေလာရင်း အမှတ်တရလက်ဆောင်ပစ္စည်း ဝယ်လိုသူတွေအတွက် ခရုနဲ့ကနုကမာ လက်မှုပစ္စည်းလှလှလေးတွေ ရောင်းချပေးနေတဲ့နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ခရု၊ ကမာလေးတွေနဲ့ ပြုလုပ်ထားတဲ့ပျို့မေတို့အကြိုက် လက်ကောက်၊ နားဆွဲ၊ ဆွဲကြိုးလေးတွေ၊ ချိတ်စရာလိပ် ရုပ်ကလေးတွေ ဓါးကွက်ရုပ် လှလှလေးတွေအပြင် ခန်းဆီးလိုက်ကာလေးတွေကိုလည်း ဈေး နှုန်းအလျှော့အတင်းနဲ့ ညှိနှိုင်းပြီး ချိုသာစွာဝယ် ယူနိုင်ပါတယ်။ ကိုယ်တိုင် နေလှန်းထားလို့သန့် ရှင်းလတ်ဆတ်တယ်လို့ ဆိုတဲ့ဒေသထွက်ငါးပိ၊ ငါးခြောက် အမျိုးမျိုးကိုလည်း သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူနိုင်ပြီး ဒီဆိုင်လေးကို နိုဝင်ဘာလဆန်းပိုင်းက စတင်ဖွင့်လှစ်တယ်လို့ သိရပါတယ်။

လိပ်စာ–
ငြိမ်းလွင်ဦးနှင့် ရွှေလက်ဆောင်
(ဒေသထွက်ငါးပိ၊ ငါးခြောက်နှင့်
အမှတ်တရပစ္စည်းအရောင်းဆိုင်)
ချောင်းသာ အောင်မင်္ဂလာကျွန်း
(ဖိုးကုလားကျွန်း)



www.foreverspace.com.mm

# အသက်မွေးဝမ်းကျောင်းအဖြစ် ရပ်တည်နိုင်မယ့်ပညာရပ်တစ်ခု

Globalization ဖြစ်စဉ်ထဲ စီးမျောပါဝင်လာတဲ့ မြန်မာနိုင်ငံမှာလည်း အလုပ်အကိုင်အခွင့်အလမ်းပေါင်းစုံ၊ ပညာရပ်ပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ ကူးလူးယှက်နွယ်လာတာနဲ့အတူ အမျိုးသမီး၊ အမျိုးသားတွေရဲ့ ဝတ်စားဆင်ယင်မှုပုံစံဟာ တဖြည်းဖြည်းပြောင်းလဲလာတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်တဲ့ဈေးကွက်ဟာ ကြီးမားကျယ်ပြန့်လာတာပါ။ ဝတ်စားဆင်ယင်မှုမှာမှ ပြည်တွင်းဖြစ်အသင့်ချုပ်ပြီးသား အထည်တွေရောင်းချတာမျိုး၊ ပြည်ပက နာမည်ကျော်အမှတ်တံဆိပ်အဝတ်အထည်တွေ သီးသန့်ရောင်းချတာမျိုး၊ ဒီဇိုင်းဆွဲပြီး ဒီမှာချုပ်တာမျိုး၊ နာမည်ကျော်ပြည်ပအချုပ်အလုပ်ပညာရပ်တွေကိုသွားသင်တာမျိုး၊ ဒီဇိုင်နာအဖြစ် အသက်မွေးဝမ်းကျောင်းပြုတာမျိုးစတဲ့ အလုပ်အကိုင်အလိုက်ရွေးချယ်မှုတွေ အမျိုးမျိုးကွဲပြားသွားပါတယ်။

အဲဒါကြောင့် အဝတ်အထည်နဲ့ပတ်သက်ဆက်စပ်တဲ့ လုပ်ငန်းလုပ်ကိုင်လိုသူတွေအတွက် ကိုယ်တိုင်ဝတ်ဆင်ဖို့ပဲ ချုပ်ချင်ရင်ပဲဖြစ်ဖြစ်၊ အပ်ချုပ်ဆိုင်ဖွင့်လှစ်ပြီး အသက်မွေးဝမ်းကျောင်းပြုလိုရင်ပဲဖြစ်ဖြစ် တစ်နိုင်တစ်ပိုင်နဲ့ တက်ရောက်နိုင်မယ့် အပ်ချုပ်သင်တန်းအချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ ဒီအပ်ချုပ်သင်တန်းတွေကမှတစ်ဆင့် ကိုယ်ဝါသနာပါရာ ပညာရပ်ဒီဇိုင်းတွေကို ဆက်လက်လေ့လာသွားလို့လည်းရမှာပါ။ သင်ကြားပေးမယ့်ပညာရပ်၊ ဝန်ဆောင်မှုတွေသင်တန်းကြေးနဲ့ အချိန်အတိုင်းအတာကိုတော့ ကြိုတင်မေးမြန်းစုံစမ်းထားနိုင်ရန် အကောင်းဆုံးပါ။ ဒီအပ်ချုပ်သင်တန်းနဲ့ ဆက်စပ်လိုအပ်လာမယ့် အပ်ချုပ်စက်တွေ၊ အပိုပစ္စည်းတွေရနိုင်မယ့်ဆိုင်များစွာထဲက ဆိုင်အနည်းငယ်ကိုပါ တစ်ပါတည်းစုစည်းလမ်းညွှန်ဖော်ပြပေးလိုက်ပါတယ်။

**အပ်ချုပ်သင်တန်းများ**

- **An Za Ki**
  အမှတ်-၇၅/A၊ မြေညီထပ်၊ ဗညားဒလလမ်း၊ ရှင်ပါရဂူအနီး၊ ဘိုချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **အေးမြင့်လွင်**
  တိုက်အမှတ်-၆၊ အခန်း(၂၀)၊ နဝဒေးဥယျာဉ်အိမ်ရာ(၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း-၆၈၅၂၁၇
- **ချယ်ရီ**
  အမှတ်-၁၉၄၊ ပထမထပ်၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၇၃၅၄
- **ချစ်စု**
  - အမှတ်-၁၉/၆၊ အုတ်ကျင်းဘုတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၆၂၉၆
  - အမှတ်-၁၆၊ ဗဟိုလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **Choice Fashion**
  အမှတ်-၁၄၊ ၂-B၊ ဒုတိယထပ်၊ မြေနီကုန်းဈေးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၂၄၀၈
- **Diamond Rose**
  အမှတ်-၅၆၀၊ ပထမထပ်၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၅၅၄၁
- **DOZO Dress Making & Fashion Design Technical School**
  အမှတ်-၅၈၄၊ ဓမ္မာရုံလမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၆၈၆၁
- **လှမဥ္ဇူ**
  အမှတ်-၃၅/B၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၄၁၆၅
- **လှိုင်မင်းသမီး**
  အမှတ်-၃၆/B၊ မန္တလေးလမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၇၁၇၂ (တစ်ဆင့်)
- **လှိုင်ရတနာ**
  အမှတ်-၁၆၅/B၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၃၅၆၄၉
- **Hyper Tech**
  တိုက်အမှတ်-၂၈၊ အခန်း(၁၀၂)၊ ဒုတိယထပ်၊ အောင်သပြေလမ်း၊ ယုဇနမင်္ဂလာမြို့တော်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၀၇၄၇ (Ext-၇၃၃၈)
- **ဂျူလီယက်**
  တိုက်အမှတ်-၁၀၊ အခန်း(၂)၊ မြကန်သာ(၁)လမ်း၊ မြကန်သာအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၀၆၈၆
- **ဒေါ်ခင်ထွေး**
  အမှတ်-၅၁၃၊ အခန်း(၅)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **ခင်သီတာအုန်း**
  အမှတ်-၁၅၆/၁၅၈၊ အခန်း(D/၁)၊ အနော်ရထာလမ်း၊ ၄၆ လမ်းနှင့် ၄၇ လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၇၀၇၄
- **မဏိစန္ဒာ**
  - အမှတ်-၆၅၊ ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၈၂၃၃၊ ၀၉-၅၀၀၇၆၅၀
  - အမှတ်-၁၀၄/၁၁၂၊ ၁၃၊ ပထမထပ်၊ အနော်ရထာလမ်း ၃၇ လမ်းနှင့် ၃၈လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၈၂၃၃၊ ၀၉-၅၀၀၇၆၅၀
- **မော်မော်**
  အမှတ်(၁၂)၊ ၄ လွှာ၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၀၇၃၆

www.foreverspace.com.mm

- **Morning Star**
အမှတ်-၁/၁၉၊ မြေညီထပ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၀၇၄၇ (Ext ၁၀၉၀)
- **M & S**
အခန်း-၂၁၄၊ Summit Parkview Hotel ၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၁၂၇၁၊ ၂၁၂၄၀၉၊ ၂၁၄၇၀၈၊ ၂၉၀၅၂၆
- **နန်းထိုက်စံ**
အမှတ်-၂၀၃၊ တတိယထပ်၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ပညာအလင်းတန်း**
အမှတ်-၁၁၉၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၇၀၉၆
- **စန်းသီတာ**
- အမှတ်-၇၅၊ အုတ်ပုံဆိပ်လမ်း၊ နဝဒေးလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၂၅၂၂၊ ၀၉-၅၁၂၅၈၈၉
- **စန်းသီတာဝင်းမိသားစု**
အမှတ်-၅၁၃၊ အခန်း(၃/၄/၅)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **School Of Dressmaking & Design**
အမှတ်-၃၅၀၊ အခန်း(၂၁၄)၊ ဒုတိယထပ်၊ အလုံလမ်း၊ Summit Parkview Hotel ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၅၂၆၊ ၂၉၇၁၃၀၊ ၂၂၁၂၇၁၊ ၂၁၂၄၀၉
- **Shinju**
အမှတ်-၁၄၂၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၈၂၅၆၉၊ ၅၀၀၉၆၉
- **ရွှေရည်ဝင်း**
အမှတ်-၆/၂၁၂၊ ဗိုမိုးနင်းလမ်း၊ ရပ်ကွက်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၄၇၉၁(တစ်ဆင့်)
- **သပြေခင်**
အမှတ်-၂၂၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ဦးသိန်းမြ**
အမှတ်-၇၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **သူ့အလှ**
အမှတ်-၂၅၊ ဒုတိယထပ်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၄၉၅၁၊ ၂၅၄၅၂၄
- **သူဇာ**
- အမှတ်-၃၊ ပထမထပ်၊ လေးထောင့်ကန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
- အမှတ်-၅၆၊ လေးထောင့်ကန်လမ်း၊ ဦးစံဖေရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၇၁၁၇၉
- **တင့်တင့်အောင်**
အမှတ်-၁၁၄၊ ၄ လွှာ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၅၃၆၆
- **Top**
အမှတ်-၈၄၊ ပထမထပ်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၇၈၇၆
- **Venus**
အမှတ်-၆၂/ A ၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၆၂၁၅
- **ဦးဝင်းသိန်း**
အမှတ်-၁၃၇၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၆၀၄၆၂( Co )
- **Women's Development Centre**
အမှတ်-၁၁၃၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၅၀၃၆
- **Young Men's Christian Association (Y.M.C.A)**
- အမှတ်-၂၆၃။ မဟာဗန္ဓုလလမ်း၊ သိမ်ဖြူလမ်းထောင့်၊ Y.M.C.A ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၄၁၀၉၊ ၂၉၄၁၂၈၊ ၂၉၆၄၃၅
- အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၅၈၆၉

**အပ်ချုပ်စက်အမျိုးမျိုးနှင့်အပိုပစ္စည်းအရောင်းဆိုင်**

- **PAR PAR GYI CO.,LTD.**
အမှတ်-၄၂၊ မြေညီထပ်၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၉၅-၁-၂၉၇၈၉၈၊ ၀၉-၅၁၂၂၅၅၆ ဖက်(စ်)-၉၅-၁-၂၉၅၆၉၈
E-mail- parpargyi@cybertech.net.mm
- **ကိုလှအောင် (အပ်ချုပ်စက်အမျိုးမျိုးရောင်းဝယ်ရေး)**
- အမှတ်-၁၉၃၊ ၂၉လမ်းအထက်၊ ၆လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- အမှတ်-၅၀၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၅၁၄၃ (ဆိုင်)၊ ၂၄၉၉၄၈(အိမ်) ၀၉-၅၁၄၅၆၁၂
- **သိန်းသိန်းဝင်း (အပ်ချုပ်စက်ရောင်းဝယ်ရေးလုပ်ငန်း)**
ဆိုင်အမှတ်-၈၃၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်။ ဖုန်း-၂၄၀၁၈၇
အိမ်အမှတ်-၂၀၊ မြို့သစ်(၂)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၂၀၈၉
- **BBB Triple 'B' (အထည်ချုပ်သုံးအပ်ချုပ်စက်အမျိုးမျိုးရောင်းဝယ်ရေး)**
အမှတ်-၁၁၁/ B ၊ ၂၇ လမ်း၊ အလယ်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၁၆၂၂

www.foreverspace.com.mm

- **JUKI (Sewing Machine For Garment Factory)**
  ကျိုက္ကဆံအိမ်ရာ(F)၊ အခန်း (F-၁၀၄)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(B) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၅၈၄၅၊ Fax; ၅၂၅၄၇၈
  E-mail- Jukimyan@myanmar.com.mm

- **ဦးချစ်လှိုင်နှင့်သားများ**
  **(အပ်ချုပ်စက်အမျိုးမျိုးပြုပြင်ရောင်းဝယ်ရေး)**
  အမှတ်-၁၁၂၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၈၅၈၃၅

- **ရှုဝ**
  **(အပ်ချုပ်စက်အမျိုးမျိုးနှင့် အပိုပစ္စည်းရောင်းဝယ်ရေး)**
  - အမှတ်-၁၆/ A ၊ ဘူတာရုံလမ်း၊ ၁ ရပ်ကွက်၊ လှိုင်မြို့နယ်။ ရန်ကုန်။
  -အမှတ်-၁၄၊ အခန်း (၀၀၁)၊ ရတနာမွန်(၃)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၂၁၁၉၊ ၆၈၃၂၃၅၊ ၇၂၇၃၂၉၊ ၅၀၁၄၆၆ (Ext-၂၀၇)

- **ကိုသန်းနိုင်(အပ်ချုပ်စက်နှင့် အပိုပစ္စည်း)**
  အမှတ်-၅၇၇၊ မဟာဗန္ဓုလလမ်း၊ ၂၅ လမ်းနှင့် ရွှေတိဂုံဘုရားလမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဆိုင်ဖုန်း-၂၈၅၇၇၇၊ တစ်ဆင့်ဖုန်း-၂၄၁၉၅၇

- **ထွန်းမင်းသင်း**
  အမှတ်-၂၃၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၈၈၅၃၁၊ ၀၉-၅၁၃၇၃၄၀

- **ဟေမာဝင်းစိုး**
  **(အပ်ချုပ်စက်အမျိုးမျိုးရောင်းဝယ်ရေး)**
  အမှတ်-၆၇၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၅၄၇၄

---

## မော်နီတာပြင်မယ်ဆိုရင်

ကွန်ပျူတာအသုံးပြုသူတွေ မကြာခဏ ရင်ဆိုင်ရလေ့ရှိတဲ့ မော်နီတာပျက်တဲ့ ပြဿနာကို ဖြေရှင်းနိုင်ဖို့ နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ မော်နီတာအဟောင်းတွေကို ဝယ်ယူတဲ့အပြင် အသစ်တွေကိုလည်း ရောင်းချပေးတယ်လို့ ဆိုပါတယ်။

လိပ်စာ -
Digital Zone
အမှတ်-၁၆၅၊ ၃၄ လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၂၇၄၀

## အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းများ

လုပ်ငန်းတစ်ခု လုပ်ကိုင်တဲ့အခါမှာ မိမိရဲ့ကုမ္ပဏီ၊ လုပ်ငန်းတွေမှာ အရည်အချင်းပြည့်ဝပြီး လုပ်ငန်းခွင်နဲ့ အံဝင်ခွင်ကျဖြစ်မယ့် ဝန်ထမ်းတွေ ရရှိခန့်ထားနိုင်ဖို့ အရေးကြီးလှသလို အလုပ်အကိုင်ရှာဖွေနေသူတွေအတွက်လည်း မိမိတတ်မြောက်ထားတဲ့ ပညာ၊ မိမိလုပ်ကိုင်နိုင်စွမ်းနဲ့ မိမိလုပ်ကိုင်လိုတဲ့ လုပ်ငန်းခွင်မှာ အလုပ်အကိုင် အံဝင်ခွင်ကျရရှိရေးဟာလည်း အရေးကြီးလှပါတယ်။ ဒီကနေ့အခါမှာတော့ အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းတွေ အများအပြားပေါ်ပေါက်နေပါပြီ။ ဒီလုပ်ငန်းတွေမှာ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းတွေက အနည်းစုဖြစ်ပြီး ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းတွေက အများစုဖြစ်နေပါတယ်။ ပြည်ပအလုပ်အကိုင်အတွက် တချို့ဝန်ဆောင်မှုလုပ်ငန်းတွေက လိုအပ်တဲ့ သင်တန်းပို့ချမှုတွေပါ တွဲဖက်လုပ်ကိုင်တာတွေ့ရပါတယ်။ ဝန်ဆောင်မှုပေးနိုင်တဲ့ အလုပ်အကိုင်အမျိုးအစား၊ ချိတ်ဆက်ပေးနိုင်တဲ့နိုင်ငံနဲ့ အာမခံချက်ပေးနိုင်မှု အနေအထားတွေကိုတော့ ဆက်သွယ်စုံစမ်းပြီး ရွေးချယ်နိုင်ဖို့ ဝန်ဆောင်မှုလုပ်ငန်းတွေကို စုစည်းဖော်ပြလိုက်ပါတယ်။

- **Today Top Star Co., Ltd.**
  တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းလမ်းနှင့် အင်းစိန်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၀၀၃၀၃၊ ၅၀၀၅၄၇၊ ၅၀၀၅၄၈

- **Executive Search**
  အမှတ်-၈၅၁/၈၅၃(A)၊ အခန်း(၇)၊ တတိယထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၂၉၆၃၊ ၂၂၉၄၀၆၊ ၂၂၉၄၃၇၊ ၇၂၈၂၆၁၊ ၀၉-၅၀၁၇၇၀၆
  E-mail: esearch@yangon.net.mm

- **Best Select**
  အမှတ်-၇၂(B)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၂၆၅၂၇၊ ၀၉-၅၁၅၀၇၉၂၊ ၅၀၀၉၃၃၊
  ဖက်စ်-၅၂၆၅၂၇
  E-mail- bs-services@mail4u.com.mm
  www.bestselectmanpower.com

- **CDC (Career Development Consultancy Co., Ltd.)**
  ပဉ္စမထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းလမ်းနှင့် အင်းစိန်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၃၆၁၅၁၊ ၅၂၇၇၉၈၊ ဖက်စ်-၅၀၄၃၆၁
  E-mail- Linkt@mail4u.com.mm

www.foreverspace.com.mm

**Global Greatness Co., Ltd.**
အမှတ်–၁၄၆၊ ပထမထပ်၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၂၄၀၁
E-mail-phyuzwin@yangon.net.mm

**Adviser Company Ltd.**
အမှတ်–၁၊ ကုန်းမြင့်ရိပ်သာ၊ ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း/ဖက်စ်–၆၅၂၁၁၀
E-mail- adviser@myanmar.com.mm

**Royal Pole Star Services Co., Ltd.**
အမှတ်–၁/၇ (A-3)၊ အနော်ရထာလမ်းနှင့် အောက်ပုဇွန်တောင်လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း/ဖက်စ်–၂၉၇၈၅၅၊ ၂၀၂၁၉၅၊ ၄၄၁၂၉၅၃
E-mail- polestar1@yangon.net.mm
- riverstar@yangon.net.mm
www.royalpolestar.com

**စည်းစိမ်သစ်**
အမှတ်–၉၈၊ ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၈၀၈၂၊ ၅၈၀၂၃၉
E-mail- newfortuneagency@gmail.com

**Grace Employment Agency**
အခန်းအမှတ်–၁၂၀၉(A)၊ ၁၂ ထပ်၊ ယုဇနတာဝါ၊ ကမ္ဘာအေးဘုရားလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၉၂၁၈၊ ၅၅၈၄၁၁၊ ၇၀၈၈၈၉၊ ဖက်စ်–၅၅၈၄၁၁
E-mail- ggt@myanmar.com.mm
www.GraceManpower-Trading.com

**Myanma Mahn Co., Ltd.**
အမှတ်–၈၊ ဗားကရာလမ်း(ဓမ္မစေတီလမ်းထောင့်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၈၃၀၇၊ ဖက်စ်–၅၃၈၃၀၀
E-mail- oleco@mptmail.net.mm

**Royal Gate**
အမှတ်–၇၆/၈၀၊ တတိယထပ်၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၁၄၈၄၊ ၂၀၂၃၂၆၊ ဖက်စ်–၂၀၂၈၃၆
E-mail- royalgate@mptmail.net.mm

**ရဲဝံ့နဂါး**
အမှတ်–၁၃၀၊ အခန်း ၁၇(တတိယထပ်)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၆၀၀၄၊ ၂၉၆၇၅၆

**Human Power Services Co., Ltd.**
အမှတ်–၉၉ (G/F)၊ ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၃၀၉၁၊ ၃၈၂၂၂၈၊ ၀၉–၅၀၂၀၆၅၇၊
ဖက်စ်–၃၉၂၂၂၉
E-mail- elect@mptmail.net.mm

**ရွှေလမင်း**
အမှတ်–၂၈၊ မြေညီထပ်၊ ယုဇနလမ်း၊ ရေကျော်၊ ရန်ကုန်။
ဖုန်း–၂၀၀၀၈၉၊ ၂၉၂၂၈၉၊ ၀၉–၅၁၂၃၀၂၆၊
၀၉–၅၁၂၆၅၀၃၊ ဖက်စ်–၂၀၀၀၈၉
E-mail- slm501@myanmar.com.mm
– F-4၊ S.Y. Building၊ ၇၈ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ မန္တလေးဘူတာကြီးရှေ့၊ မန္တလေး။ ဖုန်း–၀၂–၆၈၀၉၆

**Arbourfield Co., Ltd.**
အမှတ်–၁၆၂၊ လမ်း ၅၀ (အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၃၂၅၊ ဖက်စ်–၂၀၁၃၅၄
E-mail- arbour@myanmar.com.mm
www.arbourfieldmanpower.com

**ကောင်းဆက်**
အမှတ်–၁၈၁၊ အခန်း–၈၊ ပထမထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၅၅၂၁၊ ၀၉–၉၉၇၂၅၇၇
E-mail- kaungsat@myanmar.com.mm

**ရွှေဝင်း**
အမှတ်–၃၃၇/၃၃၉၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်း (လမ်း ၄၀ ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၁၈၇၊ ၃၈၅၈၄၃၊ ၀၉–၅၀၀၄၅၉၇
ဖက်စ်–၂၄၅၁၈၇
E-mail- goldenwin@mptmail.com.mm
www.goldenwin.manpower.com

**ဝင်းဝင်း**
အမှတ်–၈၇၊ တတိယထပ်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၅၇၂၅၊ ၅၀၅၈၅၆၊ ၅၀၅၈၉၇
ဖက်စ်–၅၀၁၃၅၃၊ ၀၉–၅၀၀၄၅၀၀
E-mail- awin-win@mptmail.net.mm
- awinwin@gmail.com

**Kaung & Sons International Co., Ltd.**
အမှတ်–၂၁၈၊ ပဉ္စမထပ်၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း/ဖက်စ်–၂၄၂၄၂၀၊ ၀၉–၅၁၅၄၉၅၃
E-mail- kaungandsons@gmail.com,
khinmaungtun@kaungandsons.com
www.kaungandsons.com

**စုလတ်ကျော်**
အမှတ်–၁၈၉၊ မြေညီထပ်၊ ၃၉လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၀၂၅၊
ဖက်စ်–၃၉၄၉၃၆၊ ၀၉–၅၀၀၄၄၇၄

www.foreverspace.com.mm

# 3G ဖုန်းနဲ့ ဝါယာကြိုးမဲ့ နည်းပညာ အနာဂတ်

ဝါယာကြိုးမဲ့နည်းပညာဟာ ၂၁ ရာစုကမ္ဘာမှာ တစ်နေ့ထက်တစ်နေ့တိုးတက်တွင်ကျယ်သုံးစွဲလာပါပြီ။ မြန်မာနိုင်ငံမှာလည်း ဆယ်လူလာ၊ CDMA၊ GSM အစရှိတဲ့ ဝါယာကြိုးမဲ့နည်းပညာသုံးဆက်သွယ်မှုစနစ်ကို အသုံးပြုနေခဲ့ပြီဖြစ်သလို သတင်းအချက်အလက်ပေးပို့နိုင်တဲ့ SMSစနစ်ကိုပါတိုးချဲ့အသုံးပြုလာနိုင်ပါပြီ။ နိုင်ငံတကာမှာတော့ မိုဘိုင်းလ်ဖုန်းစနစ်ဟာ ဖုန်းခေါ်ဆက်သွယ်ပြောဆိုမှုသက်သက်တင်မကဘဲ အီးမေးလ် စစ်နိုင်၊ ပို့နိုင်ခြင်း၊ အင်တာနက်နဲ့ချိတ်ဆက်ပြီး သတင်းအချက်အလက်ရှာဖွေနိုင်ခြင်း၊ အင်တာနက်ပေါ်ကတစ်ဆင့် သီချင်းတွေ၊ ပုံတွေ၊ ဗီဒီယိုတွေကို Download လုပ်ကာ သိမ်းဆည်းသွားနိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်ပါတယ်။ ဒီ Function တွေကို မြန်မာနိုင်ငံအတွင်းမှာ အသုံးပြုနိုင်ခွင့်မရသေးသော်လည်း နည်းပညာတိုးတက်မှုတွေ တဖြည်းဖြည်းချင်း လိုက်ပါသုံးဆောင်လာနိုင် မှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဝါယာကြိုးမဲ့ဆက်သွယ်မှုစနစ်ရဲ့ Function တွေအပြည့်အဝသုံးလာနိုင်တဲ့ အခါမှာ 3G Phone များအကြောင်း သိပြီးဖြစ်ရန်နှင့် ၂၁ ရာစုပြည်ပအမြန်ကမ္ဘာရဲ့ ဗဟုသုတသိရှိထားစေရန် စုဆောင်းရေးသားလိုက်ပါတယ်။

## 3G

3G ဆိုတာ Third-generation ဝါယာကြိုးမဲ့ဆက်သွယ်ရေး နည်းပညာဖြစ်ပြီး သတင်းအချက်အလက် Data တွေ၊ ဗီဒီယို၊ အသံနှင့်ဓာတ်ပုံတွေကို Internet ပေါ်က အရည်အသွေးကောင်းမွန်ပြတ်သားစွာနှင့် မြန်ဆန်စွာ Download လုပ်ယူနိုင်စေပါတယ်။ 3G ကွန်ရက်တွေဟာ ကမ္ဘာအနှံ့အပြားမှာ တွင်တွင်ကျယ်ကျယ် မဖြန့်ကြက်နိုင်သေးပေမယ့် ဖုန်းဝန်ဆောင်မှုကုမ္ပဏီများက နိုင်ငံအတော်များများမှာ ပိုမိုအသုံးပြုသွားနိုင်အောင်ကြိုးပမ်းနေကြပါပြီ။ ဝါယာကြိုးမဲ့ဆက်သွယ်မှုများကို သုံးစွဲသူများတိုးပွားအသုံးပြုမှုများလာတာနဲ့အမျှ နည်းပညာတိုးတက်မှု မြန်ဆန်လာတာကြောင့် 3G Phone ကိုသုံးပြီး ပိုမိုအဆင့်မြင့်မြန်ဆန်ထိရောက်တဲ့ ဝန်ဆောင်မှုပေးလာကြပေဝမယ့် အနာဂတ်က သိပ်မဝေးတော့ပါဘူး။ မကြာသေးမီက China Daily (တရုတ်နေ့စဉ်) သတင်းစာက ရှန်ဟိုင်းမြို့မှာ 3G ထက်တစ်ဆင့်မြင့် ပိုပြီးမြန်ဆန်ကာအရည်အသွေးမြင့်တဲ့ 4G မိုဘိုင်းလ်နည်းပညာကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ကြေညာခဲ့တယ်။ လက်ရှိတရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ 3G နည်းပညာအသုံးပြုဖို့ အစိုးရက ဥပဒေကြောင်းအရ ခွင့်ပြုမပေးရသေးပေမယ့် တီထွင်ထုတ်လုပ်သူတို့က အကျိုးရှိအမြတ်များမယ့်ဈေးကွက်ကို လက်ဦးယူနိုင်ဖို့ရည်ရွယ်ပြီး 4G မိုဘိုင်းလ်ကို တန်းပြီးတီထွင်စမ်းသပ်ခဲ့တယ်။ တရုတ်နိုင်ငံမှာ ၂၀၁၀ ခုနှစ်မတိုင်မီမှာ 4G ဖုန်းများ ဖြန့်ချိရောင်းချသွားဖို့ ရည်ရွယ်ထားတယ်။ ဒါ့ကြောင့် ဝါယာကြိုးမဲ့ဆက်သွယ်ရေး တစ်နေ့ထက် တစ်နေ့ တိုးတက်လာတဲ့အလျောက် မကြာခင်နှစ်များအတွင်းမှာ မိုဘိုင်းလ်ဖုန်းတွေရဲ့ မြန်မြန်ဆန်ဆန် download လုပ်နိုင်မှု ပိုကောင်းလာနိုင်မယ့်အပြင် ဖုန်းတွေရဲ့ Function တွေလည်း ပိုအဆင့်မြင့် ပိုကျယ်ပြန့်လာမယ်လို့ မျှော်မှန်းနိုင်ပါတယ်။ ထို့အတူ ၂၁ ရာစုလူသားတို့ နိစ္စဓူဝလိုအပ်မယ့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေအားလုံး စုစည်းပါဝင်တဲ့ ပစ္စည်းတစ်မျိုးတည်းပေါ်ထွက်လာနိုင်ဖို့ ဦးတည်နေပါပြီ။

## Accessories
## (3G တွဲဖက်အသုံးအဆောင်ပစ္စည်းများ)

ဖုန်းတွဲဖက်အသုံးအဆောင်ပစ္စည်းတွေဟာ ဖုန်းရဲ့ဝန်ဆောင်မှုကို မြှင့်တင်



www.foreverspace.com.mm

ပေးရုံမကဘဲ ကိုယ်ပိုင်သီးခြား style လည်း ဖြည့်ဆည်းပေးစေပါတယ်။ ဖုန်းပစ္စည်း အရောင်းဆိုင်တွေမှာ မိုဘိုင်းလ်ဖုန်းတွဲဖက် ပစ္စည်းမျိုးစုံကို handsfree headsets တွေ ကအစ ဖုန်းအိတ်များ၊ ဖုန်းခွံအရောင်အမျိုးမျိုး၊ PDA နဲ့ ဆက်သွယ်ချိတ်ဆက်ပစ္စည်းများကို မိမိနှင့်သင့်တော်ရာကို ရွေးချယ်နိုင်ပါတယ်။

**အာမခံစနစ်နဲ့ ဗိုင်းရပ်စ်ကူးစက်နိုင်မှု**

ဖုန်းထုတ်လုပ်တဲ့ ကုမ္ပဏီတိုင်းက ၎င်းတို့ရဲ့ပစ္စည်းအတွက် တစ်နှစ်အာမခံ (Warranty) ပေးလေ့ရှိကြပါတယ်။ ဒါပေမဲ့ ဒီ (Warranty) က ခိုးယူမှု၊ အလွဲသုံးစားလုပ်မှုနဲ့ ဗိုင်းရပ်စ်ကူးခံရမှုတွေအတွက် တော့ အာမခံကာကွယ်မပေးပါဘူး။ ဗိုင်းရပ်စ် ပါတဲ့ File တွေ download လုပ်မိရင် ဖုန်းရဲ့ memory တစ်ခုလုံးပျောက်သွားနိုင်ပါ တယ်။ ဒါကြောင့် File တွေ download လုပ်တဲ့အခါမှာ အထူးသတိထားဖို့လိုပြီး ယုံကြည်စိတ်ချရတဲ့ Sources တွေကနေပဲ ကူးယူသင့်ပါတယ်။

wireless မိုဘိုင်းလ်ဖုန်းတွေဝယ်ရာ မှာ စဉ်းစားဖို့လိုတဲ့ အဓိကအချက်တွေကတော့

– ဖုန်းတွေဟာဒီဇိုင်း၊ style၊ အရောင်အမျိုးမျိုးရှိပြီး မိမိနဲ့အသင့်တော်ဆုံး၊ ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်တယ်။

– မိမိအသုံးပြုအများဆုံး၊ အလိုအပ်ဆုံး Function ကိုသေချာဂရုပြုပြီး လိုအပ်တဲ့ Function ပါတဲ့ Phone ကို အဓိကထားဝယ်ယူကာနေ့စဉ်လုပ်ငန်းဆောင်တာတွေအတွက် အထောက်အကူပြုသွားမှာဖြစ်တယ်။

– Speakerphone Function နဲ့ Voice-activated dialing လို့ခေါ်တဲ့အသံနဲ့ ခိုင်းစေရုံနဲ့ ခေါ်ဆိုလိုသူရဲ့ ဖုန်းနံပါတ်ကို အလိုအလျောက် dial လုပ်ပေးနိုင်တဲ့ Function တွေပါတဲ့ ဖုန်းတွေက လက်သုံးစရာမလိုဘဲ ဖုန်းခေါ်ယူပြောဆိုနိုင်မှာဖြစ်တဲ့ အတွက် ဒီ Function ပါတဲ့ ဖုန်းကို ရွေးချယ်သင့်ပါတယ်။

– အန်တန်နာတွေက ဖုန်းထဲမှာပဲဖြစ်စေ၊ အပြင်မှာဖြစ်စေရှိနိုင်ပြီး လက်ခံနိုင်စွမ်းရည်ကောင်းဖို့အတွက် boosters တွေ ထည့်သုံးနိုင်ပါတယ်။

ဝါယာကြိုးမဲ့ မိုဘိုင်းလ်ဖုန်းနဲ့ဆက်သွယ် တဲ့ Key terms တွေသိထားသင့်ပါတယ်။

**CDMA (Code Division Multiple Access)**

CDMA နည်းပညာဟာလည်း ဝါယာကြိုးမဲ့ဖုန်းဝန်ဆောင်မှုပါပဲ။ ဝန်ဆောင်မှုပေးတဲ့ service provider ရဲ့ ပေးဆောင်မှုအပေါ်မူတည်ပြီး CDMA နည်းပညာဟာ တယ်လီဖုန်းခေါ်ဆိုနိုင်၊ လက်ခံနိုင် သလို အင်တာနက်နဲ့ ချိတ်ဆက်နိုင်ခြင်း၊ E-mail စစ်နိုင်ခြင်း၊ Media တွေနားထောင်ကြည့်ရှုနိုင်ခြင်းတို့ ပြုလုပ်နိုင်ပါတယ်။ အမေရိကန်မှာ CDMA ကို အသုံးများပြီး ကျန်ကမ္ဘာ တစ်ဝန်းမှာတော့ GSM နည်းပညာမိုဘိုင်းလ်တွေကို အသုံးများပါတယ်။ CDMA ဖုန်းတွေဟာ သတင်းအချက်အလက်တွေ အများကြီးတစ်ပြိုင်နက်တည်း လက်ခံနိုင်တဲ့အတွက် multimedia တွေ ပိုပြီးမြန်ဆန်စွာလက်ခံကူးယူနိုင်ပါတယ်။

**GSM (Global System For Mobile Communications)**

ဒီစနစ်ဟာ ကမ္ဘာမှာအသုံးအများဆုံး ဝါယာကြိုးမဲ့ဖုန်းဝန်ဆောင်မှုစနစ်ဖြစ်ပြီး CDMA တွေထက် Frequency မြင့်ပါတယ်။ ဖုန်းခေါ်ဆိုလက်ခံခြင်း၊ အင်တာနက်နဲ့ E-mail စစ်ခြင်း၊ Multimedia File တွေ download စတဲ့ဝန်ဆောင်မှုတွေကို ဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီတွေရဲ့ ပေးဆောင်မှုအလိုက်အမျိုးမျိုးအသုံးပြုသွားနိုင်ပါတယ်။

**3G (Third Generation)**

3G ဝါယာကြိုးမဲ့နည်းပညာမိုဘိုင်းလ်တွေကတော့ သတင်းအချက်အလက်တွေအားလုံးကို အမြန်ဆုံးဆက်သွယ်ပို့ဆောင်ပေးသွားနိုင်တဲ့ နည်းပညာပါပဲ။ ဒါကြောင့် 3G Phone တွေကနေ Sounds, Movies, Pictures တွေအစရှိတဲ့ multimedia တွေ ကို Speed မြန်မြန်နဲ့ ကြည်လင်ပြတ်သားအရည်အသွေးကောင်းမွန်စွာ Download လုပ်သွားနိုင်မှာပဲဖြစ်ပါတယ်။

ကြော်ငြာ

www.foreverspace.com.mm

# ၂၀၀၇ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဘီလျံနာ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၈၉၀၆၀၆ | တက္ကသိုလ်နေဝင်း | ၈၀၀ | ၂၀၀၀ | The Couple | ၂၀၀၇၊ ဇန်နဝါရီ<br>(၃–ကြိမ်) | ဘာသာပြန်ဝတ္ထု |
| ၂။ | အနုဝက်ပါ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၃၃၇၀၅၁၁ | သာခု | ၅၀၀ | ၁၆၀၀ | ရွှေနှလုံးသား | ၂၀၀၇၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၃။ | ကိုယ်ရေးကိုယ်တာပုရပိုက်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၈၀၈၀၆၁၆ | တာရာမင်းဝေ | ၅၀၀ | ၁၀၀၀ | ကြောင်နှစ်ကောင် | ၂၀၀၇၊ ဖေဖော်ဝါရီ<br>(ပ–ကြိမ်) | ဝတ္ထု |
| ၄။ | မြို့ဝန်မင်း၏ဘဝခရီး<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၂၅၉၀၆၁၀ | ဒဂုန်ရွှေမျှား | ၅၀၀ | ၁၀၀၀ | Quality publsihing House | ၂၀၀၇၊ ဖေဖော်ဝါရီ<br>(၈–ကြိမ်) | ဘာသာပြန်ဝတ္ထု |
| ၅။ | အိမ်ရာထောင်စုဥသောတာပန်<br>စာမူခွင့်ပြုချက်အမှတ်–၃၂၁၄၇၀၁၆၀၇ | ဦးလှမှီ | ၅၀၀ | ၂၀၀၀ | မျိုးဆက်သစ် | ၂၀၀၇၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဘာသာရေးစာပေ |
| ၆။ | လင်းလက်ကောင်းကင်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၅၄၀၆၁၁ | ကိုငြိမ်းဦး | ၅၀၀ | ၉၀၀ | တော်ဝင်မြို့မ | ၂၀၀၇၊ ဖေဖော်ဝါရီ<br>(ပ–ကြိမ်) | ဝတ္ထု |
| ၇။ | ရှားလော့ဟုမ်း၏ကျော်ကြားသောစုံထောက်ဝတ္ထုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၇၅၀၁၀၇ | အောင်ခင်စိုး<br>(မြန်မာပြန်) | ၅၀၀ | ၁၆၀၀ | မြတ် | ၂၀၀၇၊ ဖေဖော်ဝါရီ<br>(ပ–ကြိမ်) | ဘာသာပြန်<br>ဝတ္ထုတိုပေါင်းချုပ် |
| ၈။ | အမှတ်တရဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၂၆၀၅၁၀ | သန်းမြင့်အောင် | ၁၀၀၀ | ၁၀၀၀ | ရွှေမိုးပြည့်စုံ | ၂၀၀၇၊ ဖေဖော်ဝါရီ<br>(ပ–ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၉။ | ဆရာအိုမှတ်စု<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၈၅၉၁၆၁၂ | ဥသာဆရာအို | ၁၀၀၀ | ၁၀၀၀ | ပန်းမျိုးတရာ | ၂၀၀၇၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၁၀။ | နိုင်ငံရေးသိပ္ပံပညာနှင့် လူမှုရေး<br>သိပ္ပံပညာသုတေသီတစ်ဦး(သို့)<br>Kyaw Win's Sketch<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၅၂၁၀၆၁၂ | စိုးအောင် | ၅၀၀ | ၁၀၀၀ | Comet Books | ၂၀၀၇၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | အင်တာဗျူး |
| ၁၁။ | ကဒိုးကျော်ခ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၁၂၀၅၀၈ | ကိုပိုက် | ၅၀၀ | ၉၀၀ | တွတ်ပီ | ၂၀၀၇၊ ဖေဖော်ဝါရီ<br>(ပ–ကြိမ်) | မုဆိုးဝတ္ထု |
| ၁၂။ | မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၃၉၅၀၆၁၀ | မလိခ | ၁၀၀၀ | ၉၀၀၀ | ပုဂံ | ၂၀၀၇၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဝတ္ထုဝေဖန်ရေး |
| ၁၃။ | ရေဆေးပန်းချီရေးဆွဲနည်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၃၃၄၀၆၁၀ | အောင်မြင့်ဌေး | ၅၀၀ | ၁၈၀၀ | စိတ်ကူးချိုချို | ၂၀၀၇၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ပန်းချီ |

www.foreverspace.com.mm

# စာအုပ်လမ်းညွှန်


Editor's Choice

## ပျော်ရွှင်ဖွယ်ကစားနည်းများ

**ဒေါက်တာသိန်းလွင်**
**(ပညာရေးစိတ်ပညာပါရဂူ)**

ကလေးများ ကာယ၊ ဉာဏဖွံ့ဖြိုးရေးတွင် များစွာထောက်ကူပြုနိုင်သည်ဟု ယူဆသည့် ကစားနည်းပေါင်း ၁၀၀ ပါဝင်သော ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ) ၏ 'ပျော်ရွှင်ဖွယ်ကစားနည်းများ' စာအုပ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူလတန်းကြိုနှင့် မူလတန်းကျောင်းသားအရွယ် ကလေးများအားလုံးအတွက်သာမက အစုအဖွဲ့ဖြင့် ပျော်ရွှင်စရာကစားနည်းများ အသုံးပြုအပန်းဖြေလိုသူအားလုံးအတွက်ပါ အသုံးတည့်မည့်စာအုပ်ဟု ဆိုချင်သည်။

စာရေးသူက ကစားနည်းများကို အမျိုးအစား ၁၄ ခုခွဲ၍ ပြုစုတင်ပြထားရာ သွက်သွက်လက်လက်ကစားနည်းများ၊ အက္ခရာများနှင့် ကစားနည်းများ၊ အကောင်လေးများ ပုံသဏ္ဌာန်ကစားနည်းများ၊ မွေးနေ့ပွဲကစားနည်းများ၊ အရောင်များနှင့် ကစားနည်းများ၊ ရေတွက်ကစားနည်းများ၊ သရုပ်ဆောင်ကစားနည်းများ၊ ခန့်မှန်းပြောဆိုရသည့်ကစားနည်းများ၊ စိတ်ကူးကောင်းစေသော ကစားနည်းများ၊ ဘာသာစကားအခြေခံကစားနည်းများ၊ နားထောင်မှုစွမ်းရည်တိုးတက်စေသော ကစားနည်းများ၊ သင်္ချာအခြေခံကျွမ်းကျင်မှုတိုးတက်စေသော ကစားနည်းများ၊ သိပ္ပံအခြေခံကျွမ်းကျင်မှုတိုးတက်စေသော ကစားနည်းများနှင့် စဉ်းစားတွေးတောမှု တိုးတက်စေသော ကစားနည်းများတို့ ပါဝင်သည်။ ကစားနည်းအမျိုးအစားအလိုက် ကစားနည်းများ ဖော်ပြရာတွင် ကစားနည်းခွဲတစ်ခုချင်းတွင် ကာတွန်းဇော်မောင်၏ သရုပ်ပြကာတွန်းပုံများဖြင့် ဖော်ပြထားခြင်းကြောင့် စာဖတ်သူများကို အလျင်အမြန် သဘောပေါက်လွယ်စေနိုင်သည်။




ဖော်ပြပါ ကစားနည်းအမျိုးအစားများပါ ကစားနည်းများအလိုက် ကလေးများ စုဖွဲ့ကစားခြင်းကြောင့် စုပေါင်းညှိနှိုင်းလှုပ်ရှားမှု တိုးတက်စေခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို သိရှိလာစေခြင်း၊ တုပလှုပ်ရှားမှုစွမ်းရည်မြင့်မားလာစေခြင်း၊ ပေါင်းစပ်ဆောင်ရွက်တတ်စေခြင်း၊ မှတ်ဉာဏ်ဖွံ့ဖြိုးစေခြင်း၊ အာရုံစူးစိုက်မှု စွမ်းရည်မြင့်မားစေခြင်း၊ ကြံဆတီထွင်ဖန်တီးမှုစွမ်းရည်တိုးတက်စေခြင်း၊ ကြည့်ရှုလေ့လာမှုစွမ်းရည်တိုးတက်စေခြင်း၊ ကြွက်သားများ လှုပ်ရှားသန်မာစေခြင်း၊ စိတ်ကူးစိတ်သန်းပိုမိုကောင်းမွန်စေခြင်း၊ ပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှု မြင့်မားလာစေခြင်း၊ ညွှန်ကြားမှုကို လိုက်နာတတ်သော အကျင့်ကောင်းဖြစ်ထွန်းစေခြင်း၊ နားထောင်မှုစွမ်းရည်မြင့်မားလာစေခြင်း၊ ခန့်မှန်းတွက်ချက်နိုင်စွမ်း မြင့်မားလာစေခြင်း၊ ခွဲခြားဆန်းစစ်မှု အလေ့အထ အားကောင်းလာစေခြင်း၊ နှိုင်းယှဉ်လေ့လာမှုစွမ်းရည် တိုးတက်လာစေခြင်းများ ဖြစ်ထွန်းလာနိုင်သည်။


အဆိုပါစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည့်ကစားနည်းများ ဖော်ပြပါရှိသော ဤစာအုပ်မှာ အသက်သုံးနှစ်မှ ခြောက်နှစ်အရွယ်ကလေးများအတွက် အဓိကရည်ရွယ်ရေးသားထားခြင်းဖြစ်သော်လည်း ကလေးကြီးများပါ ပျော်ရွှင်စွာကစားနိုင်ကြောင်း၊ မူကြိုကျောင်းများတွင် သင်ပြကစားမှုပြုနိုင်ကြောင်း၊ မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ဆုံတွေ့ချိန်၊ ပျော်ပွဲစားထွက်ချိန်တို့တွင် ကစားနိုင်ကြောင်း၊ ကလေးများ၏ အသက်အရွယ်၊ ထက်မြက်မှုတို့အပေါ်မူတည်ပြီး ကစားနည်းပညာများကို ပြောင်းလဲတီထွင် ကစားနိုင်ကြောင်း စာရေးသူ၏ အမှာစာဆန်ဆန် စာအုပ်ကြားညှပ်ကတ်ပြားတစ်ရွက်တွင် ဖော်ပြထားသည်။

ငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် လှုပ်ရှားကစားနိုင်မည့်နည်းလမ်းများကို စုစည်းဖော်ပြထားသည့် အဆိုပါစာအုပ်မှာ ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် တစ်ပိုင်တစ်နိုင် ပါဝင်ဖြည့်ဆည်းပေးခြင်းဟု ဆိုချင်သည်။ ဤစာအုပ်ရှိ ကစားနည်းအချို့မှာ လူသိများသည့် ကစားနည်းများဖြစ်နေသော်လည်း အများစုမှာ မြန်မာကလေးများ အကျွမ်းတဝင်မရှိသေးသော ကစားနည်းများ ဖြစ်သည်။ ကလေးများဖွံ့ဖြိုးတိုးတက်ရေး စိတ်ဝင်စားသူတိုင်း လေ့လာသင့်သော စာအုပ်တစ်အုပ်ပင်ဖြစ်သည်။ စာအကျအပေါက် ကင်းစင်သည်။

မြန်မာ့ရိုးရာကစားနည်းမျိုးစုံကိုပင် စုံစေ့အောင် မကစားဘူးကြသေးသည့် ယနေ့မြန်မာကလေးအများစု၏ ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးမှုအတွက် ဤစာအုပ်က အတိုင်းအတာတစ်ခုအထိ ပံ့ပိုးပေးနိုင်ပေမည်။ ကလေးများအတွက် ရည်ရွယ်ရေးသားသူ ဒေါက်တာသိန်းလွင်နှင့် စီစဉ်ထုတ်ဝေသူ လင်းဦးတာရာစာပေတို့၏ စေတနာကို Living Color က အသိအမှတ်ပြုသည်။

ထုတ်ဝေသူ–လင်းဦးတာရာစာပေ
မျက်နှာဖုံးဒီဇိုင်း–ဇော်မောင်
ထုတ်ဝေနှစ် – ဩဂုတ်လ၊ ၂၀၀၆
အကြိမ် – ပထမ
တန်ဖိုး – ၁၅၀၀ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၄၀၀၃၂၇၀၆၀၃

www.foreverspace.com.mm




## စကား၊ စာ၊ အလင်္ကာ

### မောင်ခင်မင်(ဓနုဖြူ)

မြန်မာဘာသာစကား၊ မြန်မာစာ အရေးအသားနှင့် ပတ်သက်၍ပြောဆိုအသံထွက်မှန်ကန်စေရန်၊ ရေးထုံးမှန်စေရန် စာနယ်ဇင်းများတွင် ပုံမှန်ရေးသားလေ့ရှိသူ မောင်ခင်မင်(ဓနုဖြူ)၏ စာအုပ်အဖြစ်ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

ယနေ့ကာလတွင် ထုတ်ဝေနေသော ဂျာနယ်၊ မဂ္ဂဇင်းများတွင်ရှိသော သတင်း၊ ဆောင်းပါး၊ ဝတ္ထုများတွင် မြန်မာစာကောင်းစွာမတတ်သေးသည့် အရေးအသားများစွာ တွေ့နေရသည်။ ထိုမျှမကသေး၊ အသံလွှင့်မီဒီယာနှင့် ရုပ်/သံမီဒီယာများတွင်ပါ မြန်မာစာ မြန်မာစကားကို ဌာန်ကရိုဏ်းကျကျ မဖတ်တတ် မပြောတတ်သည်များ ကြားနေရမြင်နေရသည်။ မောင်ခင်မင်(ဓနုဖြူ) ၏ အမှာစာတွင် ကျောင်းသားများနှင့် မြန်မာစာကို အလေးထားအာရုံပြုကြသော စာဖတ်သူများအတွက် သတိပြုဆင်ခြင် စဉ်းစားစရာများပေးနိုင်လိမ့်မည်ဟု ရေးသားထားသော်လည်း မီဒီယာလောကသား အားလုံးအထူးအလေးထားဖတ်ရှုလိုက်နာ သင့်သည့်စာအုပ်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသင်ခန်းစာမှ မြန်မာစာပြဋ္ဌာန်းချက် စာအုပ်များမှသည် လူထုတစ်ရပ်လုံးနေ့စဉ် ဖတ်မှတ်ကြည့်ရှုနေသည့် မီဒီယာများ၏ မြန်မာစာ မြန်မာစကားတို့ အမှားအယွင်း ကင်းစင်ရန် လိုပါသည်။ အသံထွက်အလွဲ ရေးထုံးအလွဲများနှင့် ကာလရှည်ကြာထိတွေ့ နေရပါက အမှားကြာအမှန်ဖြစ်သွားမည်ကို စိုးရိမ်ရသည်။

'စကားသံပြောင်းပုံစနစ်' တွင် သံယောဇ်သံပြင်းပြောင်းပုံအရ ရေးတော့အမှန် ဖတ်တော့အသံဆိုသော စကားလုံးများကို ဥပမာများနှင့်တကွဘာ့ကြောင့် ဤသို့အသံထွက်ရသည်ဆိုခြင်းတို့ကို ရှင်းပြထားသည်။ ဤနေရာတွင် မြန်မာဝေါဟာရအတိုင်း၊ မြန်မာစာလုံးများအတိုင်း အင်္ဂလိပ်ဘာသာဖြင့်ရေးသည့် အမည်နာမများသည်လည်း အသံထွက်အတိုင်းပေါင်းရမည်ဖြစ်သည်။ (ဥပမာ– Mandalay, Bago) သို့ရာတွင် အချို့သော နာမည်ကျော် အမှတ်တံဆိပ်များ အင်္ဂလိပ်ဘာသာဖြင့် အသံဖလှယ်ထားသည်မှာ မြန်မာစာလုံးပေါင်းအတိုင်း ဖြစ်နေသေးသည်ကို တွေ့ရသည်။ (ဥပမာ– ရွှေပုစွန်ကို ရွှေဗုဇွန်ဟု ပေါင်းရမည့်အစား Shwe Pu Son ဟု ပေါင်းထားခြင်း) ယနေ့စာနယ်ဇင်းများတွင် အသုံးအများဆုံး အမှားဆုံးဖြစ်သည့် 'အား' နှင့် 'မှ' အသုံးကိုလည်း 'တအားအား တမှ မှ'ခေါင်းစဉ်ဖြင့် ရှင်းပြထားသည်။

'အား' သည် လက်ခံပြဝိဘတ်ဖြစ်ပြီး ကံဖြင့် ဖော်ပြသောအရာကို လက်ခံရသူ၏ နောက်ကတွဲ၍ သုံးသောဝိဘတ်သာဖြစ်သည်။ မည်သည့်နေရာတွင်'အား'သုံးရသည်ကိုရှင်းပြထားပြီး ဖြစ်နိုင်လျှင် 'ကို' သာသုံးရန် အကြံပြုသည်။ အပြောတွင် သုံးသော 'ကို' ကို အရေးတွင် 'အား'ပြောင်းရမည်ဟု အမှတ်မှားကြ၍ မြန်မာစာနယ်ဇင်းများ 'အား' အသုံးများနေကြဟန်တူကြောင်း မှတ်ချက်ပြုသည်။

ထို့အပြင် အပြောတွင်ရောအရေးတွင်ပါ အသုံးများသည့် 'က'ကို အချို့က အရေးတွင် 'မှ' သုံးရမည်ဟုယူဆ၍ ထွက်ခွာရာပြဝိဘတ် 'မှ' ကို စာအရေးအသားများတွင် သုံးနေကြသည်။ အမှန်အားဖြင့် ကတ္တားဝိဘတ်ဖြစ်သည့် 'က'ကို သုံးမှသာ အမှန်ဖြစ်ကြောင်း 'က'နှင့် 'မှ'ပြောင်းသုံးရုံမျှနှင့် အဓိပ္ပာယ်ပြောင်းပြန်ဖြစ်သွားကြောင်း၊ ဥပမာများနှင့် ရှင်းပြထားသည်။ ထင်ရှားမြင်သာသည့် 'သမဝါယမအသင်းက ဆန်များဝယ်ယူသည်' ဆိုလျှင် အသင်းက ဆန်ဝယ်သူ ဖြစ်ပါသည်။

'သမဝါယမအသင်းမှ ဆန်များဝယ်ယူသည်' ဆိုလျှင်မူ အသင်းကဆန်ရောင်းချသူဖြစ်သွားပါသည်။

'တစ်ထောင်ဆစ်နှင့် ဘယ်သူလည်း' ခေါင်းစဉ်အောက်တွင် 'တ'နေရာတွင် 'တစ်' ဟု ပြောင်းရေးရမည်ဟု ပုံသေကျက် မှတ်ထားသူများဆင်ခြင်သတိပြုမိစေရန် ဥပမာစကားလုံးများနှင့် ရှင်းပြထားသည်။ အရေအတွက်ကို ရည်ညွှန်းသည့် သဘောပါလျှင် 'တစ်'ကိုသုံး၍ အရေအတွက်ရည်ညွှန်းသည့်သဘောမပါလျှင် 'တ'ကိုသာ သုံးရမည်ဟု ရှင်းလင်းပြသည်။

ယနေ့ခေတ်မိန်းကလေးအများစု တသတ်(တ်)၊ ပသတ်(ပ်)သံကို ကသတ်(က်) သံဖြင့်လည်းကောင်း၊ သေးသေးတင်(ံ) ၊ နသတ်(န်)၊ မသတ်(မ်)သံများကို မြန်ဂလိပ် စကားပြောသကဲ့သို့ အယဲန်ဟူသောအသံဖြင့်လည်းကောင်းကျယ်ကျယ် ပြန့်ပြန့်ပြောဆိုနေကြသည်။ ယင်းမှာ မြန်မာတစ်ယောက်အနေဖြင့် မြန်မာစကားကို မရည်ရွယ်ဘဲ ဖျက်ဆီးနေသည့် သဘောသက်ရောက်သည်။ မောင်ခင်မင်(ဓနုဖြူ) ကဲ့သို့သော မြန်မာစာပေပညာရှင်များသာမက မြန်မာစာ မြန်မာစကားကို တန်ဖိုးထားသူအားလုံး၏ နားတွင်ခံရခက်လှသည်။

'လွတ်လပ်ရေး' ကို 'လွတ်လက်ရေး'၊ 'ပတ်သက်'ကို 'ပက်သက်' စသဖြင့် ကသတ်သံဘက်ဝဲပြီး ပြောကြဆိုကြသည်ကို ကြားရပါသည် . . . .

. . အသက် ၂၀ လောက် မြန်မာကျောင်းသူကလေးက မြန်မာစကားတတ်သော နိုင်ငံခြားကျောင်းသူတစ်ယောက်ကို 'ဗဂယ်န်မသွားဘူးလား' ဟုမေးရာ နိုင်ငံခြားကျောင်းသူက နားမလည်သည့်အတွက် 'ပုဂံ'လို့ ပြောတာပါဟု တစ်ယောက်က ဝင်ပြောမှ နားလည်သွားပါသည်။ ထိုနည်းတူ 'ပန်း' ကို 'ပန်း(န်)'၊ 'လမ်း'ကို 'လန်း(န်)'စသဖြင့်

www.foreverspace.com.mm

ခပ်ဝဲဝဲပြောနေကြပါပြီ . . . .

. . . သူတို့သည် အင်္ဂလိပ်စကားပြောနေခြင်းမဟုတ်ပါ။ မြန်မာတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားတစ်ခုခုကိုပြောနေခြင်းလည်းမဟုတ်ပါ။ ဗမာလူမျိုးက ဗမာစကားပြောနေခြင်းဖြစ်ပါလျက်အသံထွက်တွေဝဲနေခြင်းမှာ စဉ်းစားစရာဖြစ်ပါသည်။ 'ဗမာစကားကို အင်္ဂလိပ်သံနဲ့ပြောတာထင်ပါရဲ့ကွယ်' ဟု လူကြီးတစ်ယောက်က မှတ်ချက်ချဖူးပါသည်။"


ထို့အပြင် ယနေ့လူငယ်လူလတ်ပိုင်းအချို့ 'ဆ' နှင့် 'စ' ကွဲကွဲပြားပြားပီပီသသမဆိုနိုင်ကြောင်း၊ ထို့အတွက် "စန်ဈေးတွေမတက်တော့ဘူး" ဟူသော အပြော၊ "စက်စက်လာခဲ့နော်" ဟူသော အဆို၊ 'စက်စံရေးကောင်းတယ်' ဟူသော စကားသံမျိုးနားကလောလောက်အောင်ကြားနေရတတ်ကြောင်းအနည်းငယ်အားမရသံဖြင့် ဖော်ပြထားသည်။

ဘာသာစကားတို့မည်သည် ခေတ်အဆက်ဆက်ပြောရင်းဆိုရင်းအသံများပြောင်းသွားတတ်သည့်သဘောရှိသည်ဆိုသော်ငြား မြန်မာအသံထွက်နှင့် သွေဖည်နေသော ပြောင်းလဲမှုမျိုးကိုမူ တတ်စွမ်းသမျှထိန်းကွပ်ပေးသင့်သည်ဟု မောင်ခင်မင်(ဓနုဖြူ)ကဆိုသည်။ မှန်ပါသည်။ ဤတာဝန်ကိုမူကြိုသူငယ်တန်းအရွယ်မှစ၍ အထက်တန်း၊ ကောလိပ်၊ တက္ကသိုလ်အဆင့်အထိပြဋ္ဌာန်းထားသော မြန်မာစာသင်ရိုးညွှန်းတန်းများအပါအဝင် မြန်မာစာသင်ကြားပေးကြမည့်ဆရာဆရာမများအပါအဝင်မီဒီယာသမားများအားလုံးတွင် တာဝန်ရှိပါသည်။

အထူးသဖြင့် အများက 'စံ' အဖြစ်သတ်မှတ်လေးစားကာ အတုယူကြရမည့်သတင်းစာ အရေးအသား၊ ရေဒီယိုအသံလွှင့်ချက်နှင့် ရုပ်/သံထုတ်လွှင့်မှုတို့တွင်မြန်မာစာ၊ မြန်မာစကားစစ်စစ်မှန်မှန်ကန်ကန်ပီပီသသ ဖတ်ကြရ၊ ကြားကြရရန်အရေးကြီးပါသည်။

စာအုပ်ပြုစုသူ မောင်ခင်မင်(ဓနုဖြူ)၏ 'ဆန္ဒ'နှင့် 'စေတနာ'ကို Living Color က များစွာအသိအမှတ်ပြုပြီး ဤစာအုပ်မျိုးကို ထုတ်ဝေပေးသည့် ညီညီစာပေ၏အကျိုးအမြတ်မမျှော်ကိုးသည့် စေတနာကိုလည်းမှတ်တမ်းတင်အပ်ပါသည်။

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၈၃၉၀၆၀၆
ထုတ်ဝေကာလ – ဒီဇင်ဘာ၊ ၂၀၀၆
အကြိမ် – ပထမ
အုပ်ရေ – ၁၀၀၀
မျက်နှာဖုံးဒီဇိုင်း – Pream Media
ထုတ်ဝေတိုက် – Nyi Nyi Publishing House
တန်ဖိုး – ၈၀၀ ကျပ်




## နိုင်ငံရေးသိပ္ပံပညာနှင့် လူမှုရေးသိပ္ပံပညာသုတေသီတစ်ဦး သို့မဟုတ် KAW WIN'S SKETCH

**စိုးအောင်**

ဂလိုဘယ်လိုက်ဇေးရှင်းသဘောသဘာဝအကောင်း၊ အဆိုး၊ အားနည်း၊ အားသာချက်များအတွေးအခေါ်အယူအဆအသီးသီးကို မြန်မာစာဖတ်ပရိသတ်များနှင့် မိတ်ဆက်ပေးနေသူ၊ ၂၀၀၀ ပြည့်နှစ်မှ၂၀၀၆ ခုနှစ်အတွင်း လုံးချင်းစာအုပ်ပေါင်း၄၀ ကျော်ရေးသားထုတ်ဝေခဲ့သူ ကျော်ဝင်းနှင့် တွေ့ဆုံမေးမြန်းမှုတစ်ရပ်ပြုလုပ်ထားသည်များကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေထားခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ်ဆန်းပိုင်းတွင် THE NEW SPACTATOR (အသိဉာဏ်ယဉ်ကျေးမှုဂျာနယ်) တွင် သုံးလမျှဖော်ပြခဲ့ပြီး၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင်မှသာ လုံးချင်းအဖြစ် ထုတ်ဝေထားခြင်းလည်းဖြစ်သည်။ ကျော်ဝင်း ရေးသားသော ဆောင်းပါးများကို စဉ်ဆက်မပြတ်ဖတ်ရှုခဲ့သူများကျော်ဝင်းမည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်၊ မည်သည့်အတွေးအခေါ်အယူအဆရှိသည့် မျက်မှောက်အခြေအနေများကိုမည်သို့ရှုမြင်သည်၊ အနာဂတ်ဖြစ်နိုင်ခြေရှိသည်များအပေါ်မည်သို့ ခန့်မှန်းသုံးသပ်သည်တို့ကို SKETCH စာအုပ်၏ ခေါင်းစဉ်အလိုအရ အထိုက်အလျောက်သိရှိသွားစေနိုင်သော စာအုပ်လည်းဖြစ်သည်။

တွေ့ဆုံမေးမြန်းသူ စိုးအောင်၏ဖြောင့်ချက်ဟု အမည်ပေးထားသော အမှာစာတွင်၁၉၆၀ ခုနှစ်နောက်ပိုင်းလူလားမြောက်သောမြန်မာလူငယ်မျိုးဆက်တို့ကို အရောင်များနှင့်တင်စားသတ်မှတ်ကြောင်း၊ ၁၉၆၀ လွန်လူငယ်များကို အနီရောင်၊ ၁၉၉၀ လွန် လူငယ်များကို အဝါရောင်၊ ၂၀၀၅ လွန် လူငယ်များကိုပန်းနုရောင်မရင့်တရင့်ဟု သတ်မှတ်ကြပြီး(မည်သူမည်ဝါက သတ်မှတ်ကြောင်း ဖော်ပြမထားပါ) ၎င်းကိုယ် တိုင်ပါဝင်သည့် ၁၉၇၅လူငယ်များကိုမူ လိမ္မော်ရောင်မျိုးဆက်များဖြစ်နိုင်ဖွယ်ရှိပါသည်ဟု ၎င်းဘာသာသတ်မှတ်၍ အနီရောင်မျိုးဆက်ကျော်ဝင်းကို လိမ္မော်ရောင်မျိုးဆက်စိုးအောင်က တွေ့ဆုံမေးမြန်းခြင်းဖြစ်သည်ဟု ရေးသားထားသည်။

၁၉၅၂ ခုနှစ်တွင် မွေးဖွားသောကျော်ဝင်းသည် ထိုခေတ်ထိုအခါက သူသိမှတ်မိသလောက် သူ့အတွေ့အကြုံများကိုပြန်ဖြေသောအချက်များအတွင်း မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကမ္ဘာ့အရေးအရာများ၏ရိုက်ခတ်မှုတို့ကို တွေ့မြင်ရသည်။

သုံးတန်းကျောင်းသားဘဝ တရုတ်ဖြူကျူးကျော်ရေး ဆန့်ကျင်ရေးဆန္ဒပြပွဲတွင်တရုတ်နီဘုံကျောင်းက ဖျော်ရည်လာတိုက်ခြင်းကို ၎င်း၏ပထမဦးဆုံးလူထု လှုပ်ရှားမှုအဖြစ် အမှတ်တရအဖြစ် မှတ်မိနေခြင်း၊ ၁၉၆၂ခုနှစ်တော်လှန်ရေးကောင်စီ တက်ချိန်တက္ကသိုလ်ကျောင်းသား ပညာတတ်များ၏

www.foreverspace.com.mm

အမြင်နှင့်နိုင်ငံရေးသမား ပမညတ လွတ်တော်အမတ်တစ်ဦး၏အမြင်တို့ကို မှတ်မိနေခြင်း၊ ခင်နှင်းယု၊ ခင်ဆွေဦးတို့၏ ဝတ္ထုများ ခုနှစ်တန်းအရွယ်တွင် လက်ဝဲအိုင်ဒီအိုလိုဂျီနီးသောစာအုပ်များနှင့် စတင်ရင်းနှီးခဲ့ခြင်းတို့မှာ ထိုခေတ် ထိုကာလက အခြေအနေတို့ကို ကောက်ကြောင်းခြစ်ထားသကဲ့သို့ရှိ၏။

၁၉၆၈ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ရောက်သည့်အချိန်မှစ၍ တက္ကသိုလ်ရက်များအတွင်း လှုပ်လှုပ်ရှားရှားရှိခဲ့သည့် ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆ ကာလများ၊ ၁၉၇၆ မှစ၍ တက္ကသိုလ်နှင့် ဝေးသွားခဲ့ခြင်း၊ ပထမဦးဆုံးအကြိမ် ဆန္ဒခံယူပွဲနှင့် ကြုံခဲ့သည်များကို တွေ့ရသည်။ ဆိုရှယ်လစ်စနစ်အပေါ် အမြင်သဘောထားကိုမူ သီအိုရီနှင့် လက်တွေ့ခွဲခြားပြကာ အယ်လ်ဗင်တော်ဖလာ၏ 'အားလုံးတန်းတူ ညီမျှစွာ မွဲဆေးဖော်လိုက်တာ' ဟူသော အမြင်ကို ထောက်ခံထားပြီး "သူတို့ဆိုရှယ်လစ်တော့ မကြိုက်ဘူးပေါ့ဗျာ" ဟူ၍ ဖွင့်အံပြသည်။

ကိုယ်ကျိုးစီးပွား ပထမ (National Interest) နှင့် ကမ္ဘာ့သားစိတ်ဓာတ် (Internationalism) တို့အနက် မည်သည့်နိုင်ငံသည် ကိုယ်ကျိုးစီးပွားထက် ကမ္ဘာ့သားအားလုံးအကျိုးကိုရှေးရှုလုပ်ဆောင်နေသနည်းဆိုသော အမေးကိုမူ လူမျိုး/ နိုင်ငံသား (Nation) နှင့် နိုင်ငံတော် (Nation) များရှိနေသမျှကာလပတ်လုံး National Interest ခေါ် အမျိုးသားအကျိုးစီးပွားဦး စားပေးနေဦးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများရှိပင်ရှိငြား လုပ်ပိုင်ခွင့်အာဏာပြည့်ပြည့်ဝဝရှိသည့်အတွက် Real Politic ၏ တရားကိုယ်သဘောအရ ကိုယ်ကျိုးစီးပွားအခြေခံဖြင့်သာ သွားနေကြဦးမည်ဖြစ်ကြောင်း၊ အမေရိကနှင့် တရုတ်သည်ပင်လျှင် ဤအတိုင်းသွားနေဆဲဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ Value ခေါ် 'စံ' တန်ဖိုးတစ်ခုခုအတွက် အလုပ်လုပ်နေသည်ဟု စိတ်ကူးယဉ်၍မရကြောင်း ဖြေထားခြင်းကို ယနေ့ရင်ဆိုင်ကြုံတွေ့နေရသည့် မိမိတို့နိုင်ငံအခြေအနေအပေါ် စိတ်ကူးယဉ်နေသူများ ဆင်ခြင်ဖွယ်ကောင်းလှ၏။

နိုင်ငံရေး(Politics) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ၎င်းဖတ်မှတ်ထားသော The End of Political Party ဆောင်းပါးတစ်ပုဒ်မှ အယူအဆသုံးချက်ကို ပြန်ဖောက်သည်ချပြသည်။ ယနေ့မိမိတို့ကိုယ်ကိုယ်နိုင်ငံရေးသမားဟုခံယူထားသူများဖတ်ကြည့်သင့်သည်။

အများနားလည်လက်ခံထားသည့် 'ပညာ' အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း Knowledge ကို 'ပညာ'၊ Education ကို ပညာရေးဟု ဘာသာပြန်ကာ အခြားနည်းလမ်းတစ်ခု (ဝါ)ရှုထောင့်တစ်ခုမှ ချဉ်းကပ်၍ လူငယ်များအတွက် အဓိပ္ပာယ်ဖွင့်ပြသည်။

"ပညာဆိုတာက သိပြီးသားတွေရဲ့ အစုအဝေးပေါ့ဗျာ။ အဖြေတွေရဲ့အစုအဝေးပေါ့။ ဒါကို 'သင်ယူနည်း' (learning) နဲ့ သွားရတယ်။ ပဋိပညာဆိုတာက မသိသေးတာတွေရဲ့ အစုအဝေး၊ မေးခွန်းတွေရဲ့ အစုအဝေးပေါ့။ ဒါကိုတော့ 'ပြောင်းပြန် သင်ယူနည်း' (Anti Learning) နဲ့ သွားရ မယ်လို့ဆိုတယ်။ ဆိုလိုတာက ကိုယ်သိပြီး၊ နားလည်ပြီး၊ ယုံကြည်ပြီးသားတွေကို မပြတ်စိစစ်နေဖို့ပါ။ မပြတ်မေးခွန်းထုတ်နေဖို့ပါ။ ဒါမှ အခုအခံအစွဲအလန်းတွေ ကင်းမယ်လို့ ဆိုပါတယ်။

မြန်မာလူအဖွဲ့အစည်းတွင် သိထားလေ့လာထားသလောက်နဲ့ တင်းတိမ်ကာ ယုံကြည်ထားသည့် သဘောတရားဘောင်တစ်ခုဖြင့် ကန့်ကြည့်တက်သူများ၊ လေ့လာထားသလောက်အားရတင်းတိမ်နေသူများ၊ အခြားသူများကို မေခွန်းထုတ်သော်လည်း မိမိကိုယ်ကိုယ်မေးခွန်းထုတ်ရန် မေ့လျော့နေသူများ ဆင်ခြင်သင့်လှ၏။

ယနေ့ခေတ်လူငယ်များ၏ Intelli- gence Speed ခေါ် ဉာဏ်ပြေးနှုန်း ပိုမြန်လာသလားဟူသော မေးခွန်းကိုမူ ၎င်း၏သားသမီးများနှင့် ၎င်းကိုယ်တိုင်ဥပမာပြု၍ အများကြီးမြန်သွားသည့်အပြင် ၎င်းထက်ပင်မြန်သွားကြောင်း ဖြေသည်။ သို့သော် ယနေ့ခေတ်သည် Itelligence Speed မြန်နှုန်းတစ်ခုတည်းနှင့် လုံလောက်မှုရှိမရှိ အခြားလိုအပ်ချက် ဥပမာ–မိမိနိုင်ငံ၏ ပထဝီအခြေခံ၊ သမိုင်းအချက်အလက်နှင့် အခြားအတွင်းပိုင်းစိတ်တန်ဖိုးများနှင့် ပတ်သက်သော မေးခွန်းရောအဖြေပါ မတွေ့ရပါ။ သို့သော် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် မဖြစ်မနေ ရင်ဆိုင်နေရသည့် Global လှိုင်းစီးနိုင်ရန် အရေးကြီးသည့် အောက်ပါအချက်သုံးချက် အချက်ကမူများစွာ အလေးထားဖတ်ရှုရမည်ဖြစ်သည်။

"နံပါတ်တစ်ကတော့ စိတ်ကိုဖွင့်ထားဖို့ပေါ့ဗျာ။ သိပ်အလွှမ်းမိုးမခံဖို့၊ အယူအဆတစ်ခုရဲ့ အလွှမ်းအမိုး၊ လူတစ်ယောက်ရဲ့ အလွှမ်းအမိုးကိုမခံဘဲစိတ်ကိုဖွင့်ထား။ နောက်တစ်ခုကတော့ ဒါတွေအကုန်ငါသိပြီးပြီဆိုပြီး ကိုယ့်စိတ်ကိုတံခါးမပိတ်ဖို့။ တစ်နည်းပြောရရင်အစွဲမကြီးဖို့ပေါ့။ သုံး အပြောမကြီးဖို့။ အထူးသဖြင့် မုချဖြစ်ရမယ်ဆိုတာမျိုးတွေ မပြောမိဖို့လိုမယ်ထင်တယ်။"

အချုပ်ဆိုရသော် မေးခွန်းထုတ်သူ ၏ မေးခွန်းများသည် တစ်ခါတစ်ရံဟိုခုန်သည်ကူးဖြစ်ခြင်း၊ မြန်မာဝေါဟာရတွင် မွေးစားစကားလုံးလော၊ စကားပြော အသုံးအနှုန်းလော မကွဲပြားသည့် 'ဟိုဒင်း' ဟူသည့် စကားကခပ်ထောင့်ထောင့်ဖြစ်နေခြင်း၊ စာအုပ်ချုပ်ပုံမသေသပ်၍ စာမျက်နှာနေရာများ လွဲနေ၍ ခုန်ပျံကျော်လွှားရှာဖွေ ဖတ်ရှုရခြင်း၊ ကဒ်ထူဖုံးအခန့်ချုပ်ချုပ်ထားသော်လည်း လေးပုံတစ်ပုံခန့် လှန်လှောဖတ်ရှုလိုက်ပါက အနှောင့်ကော်နှင့် ရေခံ စာရွက်ကပ်ကော်များကွာသွားခြင်းတို့မှလွဲလျှင် 'ကျော်ဝင်း' အကြောင်းသိလိုသူကျော်ဝင်းစာများကို တစိုက်မတ်မတ်ဖတ်ခဲ့သူများ မလွတ်တမ်းဖတ်ရှုသင့်သောစာအုပ်ဖြစ်သည်။

ကျော်ဝင်းစာအုပ်အားလုံးမဟုတ်သည့်တိုင် ၎င်းရေးသောစာတစ်အုပ် သို့မဟုတ် စာတစ်ပုဒ်ခန့် ဂဏသေချာစွာ အစွဲကင်းကင်းမဖတ်ရှုရသေးသူများကိုလည်း ဤစာအုပ်ကို ဖတ်ရှုသင့်ကြောင်း တိုက်တွန်းလိုသည်။ ကျော်ဝင်း၏စာဖတ်ပရိသတ်များ မုချဝယ်ယူမည်မှန်းသိသော စီစဉ်သူနှင့် ထုတ်ဝေသူများ၏စေတနာကို အသိအမှတ်ပြုသတိထားမိသည်။ စာအုပ်အရည်အသွေးကို ယခုထက်ပို၍ စေတနာထည့်လျှင် ပို၍အသိအမှတ်ပြုရမည်ဖြစ်သည်။

စာမူခွင့်ပြုချက် – ၄၀၁၅၂၀၆၁၂
မျက်နှာဖုံးဒီဇိုင်း – USA
ပုံနှိပ်ခြင်း – ပထမအကြိမ်
– ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ – ၅၀၀
ထုတ်ဝေသူ – COMET BOOKS
တန်ဖိုး – ၁၀၀၀ ကျပ်

www.foreverspace.com.mm

# Royal Garden

**မြန်မာနိုင်ငံ၏ စားသောက်ဆိုင်များအနက် စင်ကာပူစတိုင် ပင်လယ်စာများ အစုံအလင်ရရှိနိုင်သည့် နာမည်ကျော် စားသောက်ဆိုင်တစ်ခု ဖြစ်သည်။**

- ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် Smile World Co., Ltd. က ဖွင့်လှစ်ခဲ့ခြင်းဖြစ်။
- အကြီးအကဲမှာ ဦးငွေးရင်ဖြစ်ပြီး အထွေထွေမန်နေဂျာ ဦးအောင်မိုးအပါအဝင် ဝန်ထမ်းအင်အား ၅၀ ဦးခန့်ရှိ။
- စင်ကာပူစတိုင် Dimsum နှင့် အစားအသောက်အပြည့်အစုံစီစဉ်ထားခြင်း၊ ကြိုတင်မှာကြားပါက မိသားစုသီးသန့်ဖြစ်စေ၊ ဧည့်ခံပွဲများအတွက်ဖြစ်စေ Set Menu များ စီစဉ်ပေးခြင်း၊ Outside Gathering များအား လိုက်လံဝန်ဆောင်မှုပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေး။
- ကျောက်ပုစွန်ဆလပ်၊ နှင်းငါး၊ ငါးပုလဲ၊ မျှော့ စသည်တို့ဖြင့် တည်ခင်းသော စင်ကာပူဟင်းလျာများ မှာယူရရှိနိုင်။
- လူဦးရေ ၇၀၀ အား တစ်ပြိုင်တည်း ဝန်ဆောင်မှုပေးနိုင်သည်အထိ ဆိုင်နေရာကျယ်ဝန်း။
- နံနက် ၆း၁၅ နာရီမှ မွန်းလွဲ ၂း၁၅ နာရီအထိ Dimsum ရရှိ၊ နံနက် ၁၁း၀၀ နာရီမှ မွန်းလွဲ ၂း၁၅ နာရီထိ နေ့လယ်စာသုံးဆောင်နိုင်၊ ညနေ ၆း၀၀ နာရီမှ ည ၁၀း၃၀ နာရီအထိ ညစာသုံးဆောင်နိုင်။
- ဆိုင်ခွဲဖွင့်လှစ်ထားခြင်းမရှိ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဦးအောင်မိုး (အထွေထွေမန်နေဂျာ)
Royal Garden Restaurant
ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ကန်တော်ကြီးအပန်းဖြေဥယျာဉ်၊
နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၆၉၂၃၊ ၅၄၆၂၀၂



www.foreverspace.com.mm

# Sabai Sabai Thai Food Restaurant

**ထိုင်းရိုးရာအစားအသောက်များ၏ အရသာကောင်းမွန်မှုနှင့် ဝန်ဆောင်မှုကောင်းမွန်ခြင်းတို့ကြောင့် နာမည်ရနေသော စားသောက်ဆိုင်ကြီးဖြစ်ပြီး ဖွင့်လှစ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုနီးပါးရှိခဲ့ပြီဖြစ်သည်။**

- ၁၉၉၇ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အကြီးအကဲမှာ ဦးရေချမ်းဖြစ်။
- ဆိုင်မန်နေဂျာမှာ Mr.Banjong ဖြစ်ပြီး ဝန်ထမ်းအင်အား ၄၀ ဦး ဝန်းကျင်ရှိ။
- ငါးဥမွကြော်၊ ဝက်လည်ပင်းသားကင်၊ တုန့်ယမ်းဟင်းချို၊ Coconut Green Curry (Chicken) တို့မှာ ဤဆိုင်၏ ကျော်ကြားသော ဟင်းလျာများဖြစ်။
- အမြဲတမ်း လာရောက်သုံးဆောင်သော ဧည့်သည်များအတွက် ပုံမှန် Discount စီစဉ်ထား။
- လူဦးရေ ၂၀၀ ခန့်အား တစ်ပြိုင်တည်း ဝန်ဆောင်မှုပေးနိုင်သည့်ဆိုင်အကျယ်အဝန်းရှိ။
- ယာဉ်အစီး ၂၀ ရပ်နားနိုင်သည့် ယာဉ်ရပ်နားရန်နေရာရှိ။
- ဆိုင်ခွဲဖွင့်လှစ်ထားခြင်းမရှိ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

  Mr.Banjong
  ဦးသန်းဇော်၊ ဦးသန်းထိုက်အောင်
  Sabai Sabai Thai Food Restaurant
  အမှတ်(၂၃၂)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၄၇၂၄



www.foreverspace.com.mm

# Shwe Kaung Hot Pot

**မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် Hot Pot ဆိုင်များအနက် သန့်ရှင်းလတ်ဆတ်မှုနှင့် အရသာထူးခြားကောင်းမွန်မှုကြောင့် နာမည်ရရှိခဲ့ပြီး မကြာသေးမီက နိုင်ငံတကာအဆင့်မီဆိုင်ခွဲတစ်ခုဖွင့်လှစ်ခဲ့သော စားသောက်ဆိုင်တစ်ခုဖြစ်သည်။**

- ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့။
- အကြီးအကဲမှာ ဒေါ်သန်းသန်းအေးဖြစ်ပြီး ဆိုင်မန်နေဂျာမှာ ဦးအောင်မိုးအပါအဝင် ဝန်ထမ်းအင်အား ၈၀ ဦးကျော်ရှိ။
- ကိုယ်ပိုင်အသားလွှာစက်ဖြင့်ပြုလုပ်ထားသော သန့်ရှင်းလတ်ဆတ်သည့်အသားလွှာမျိုးစုံရရှိနိုင်။
- ဆိုင်ခန်းအပြင်အဆင်မှာ နိုင်ငံတကာအဆင့်မီသန့်ရှင်းသပ်ရပ်စွာပြုလုပ်ထားပြီး လာရောက်စားသုံးသူများအတွက်သီးသန့်ခန်းများစီစဉ်ပေးထားခြင်း၊ ဖုန်းဆက်မှာကြားရုံဖြင့် Outside Gathering များ လိုက်လံဝန်ဆောင်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေး။
- အမဲအသားလွှာ၊ ငါးအသားလွှာ၊ ဝက်အသားလွှာတို့ကို ကိုယ်တိုင်ယူစနစ်ဖြင့် ရွေးချယ်မှာယူစားသုံးနိုင်။
- Light Food အဖြစ် တရုတ်အစားအစာများလည်း မှာယူရရှိနိုင်။
- ၂၀၀၆ ခုနှစ်စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရွှေကောင်း (၂) ဆိုင်ခွဲကို တိုးချဲ့ဖွင့်လှစ်ခဲ့။
- လူဦးရေ ၃၀၀ ဝန်းကျင်ထိ တစ်ပြိုင်နက်တည်း ဝန်ဆောင်ပေးနိုင်ပြီး ယာဉ်စီးရေ ၂၀၀ တစ်ပြိုင်တည်း ရပ်နားနိုင်သည်အထိ ယာဉ်ရပ်နားရန်နေရာကျယ်ဝန်း။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**
  - ဦးအောင်မိုး (မန်နေဂျာ)
    ရွှေကောင်း(၂)၊ ဟံသာဝတီအားကစားကွင်းရှေ့၊ နာနတ်တောလမ်း၊
    ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၇၃၁
  - ရွှေကောင်း (၁)
    အမှတ် ၁၈၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၃၃၉



www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့်နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Newluck<br>ကိုယ်ဝန်ဆောင် အဝတ်အထည်များ<br>(ထိုင်း) | FANCYMOM MATERNITY WEARS<br>အမှတ်–၁၂၈၊ ပထမထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၁၂၅၊ ၃၈၉၃၂၃၊ ၇၂၈၃၁၈ | ဒေါ်ချောချော<br>(Advertising & Promotion) | မရှိ |
| ၂။ | Pan<br>အားကစားနှင့်အလှစီးဖိနပ်<br>(ထိုင်း) | PREMIUM MARKETING LTD.<br>အမှတ်–၂၁၇၊ စရည်းပင်လမ်းနှင့် ခရေမြိုင်လမ်းထောင့်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၉၄၅၇ | ဦးခင်မောင်ကြည်<br>(Executive Director) | PREMIUM MARKETING LTD.<br>အမှတ်–၁၁၇၊ ၂၉ လမ်း၊ ၈၀x၈၁ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၃၈၇၇၉ |
| ၃။ | 2ACT<br>ချေးချွတ်သွားတိုက်ဆေး<br>(ထိုင်း) | EARTH TRADING CO., LTD.<br>အမှတ်–၄၇၅(A)၊ ယောက်ကော်လမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၉၁၅၁၂၊<br>ဖက်စ်–၅၉၁၅၁၂ | Dr.ဆန်းဆင့်ဆင့်ထွန်း<br>(General Manager) | EARTH TRADING CO., LTD.<br>အခန်း–၁၊ သီရိမန္တလာအိမ်ရာ၊ ၈၈x၈၉ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၃၅၃၁၂ |
| ၄။ | UK 2000<br>DVD Player<br>(တရုတ်) | ဝင်းလိုက်အီလက်ထရောနစ်<br>အမှတ်–၂၀၈၊ ၃၂ လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ရန်ကုန်။ ဖုန်း–၃၈၄၁၃၁ | ဒေါ်ခင်မမ<br>(Manager) | MYO BROTHERS TRADING CO., LTD.<br>အမှတ်–၃၃၀၊ ၈၂ လမ်း၊ ၂၈x၂၉ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၆၆၈၄၄ |
| ၅။ | Matsubaku<br>ဒစ်ဂျစ်တယ်ရွှေရည်စစ်စက်<br>(ဂျပန်) | SETRA DIGITAL WEIGHING SCALE SALES & SERVICES<br>အမှတ်–၁၆၅၊ သီရိမွန်(၁၀)လမ်း၊ ဘုရင့်နောင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၈၃၂၃၀ | ဒေါ်မျိုးမျိုးလှိုင်<br>(Marketing Manager) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# ကုန်စျေးနှုန်း

## ၂၀၀၇၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စျေးနှုန်းများ

### ကားစျေးနှုန်း (၂၈-၂-၂၀၀၇)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၆ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၃၄၀ |
| Suzuki Wagon | R+ | (၉ခ)(ဓိုးရောင်) | ၄၃၀ |
| Suzuki Wagon | R+ | (၆ခ)(အပြာရောင်) | ၃၇၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၃၃၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၈၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၄၅၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၆၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၄၇၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၇၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၅၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၄၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၅၅၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၇၀၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 86/87 | (၁က) | ၂၆၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.5 Dx Van(ဓာတ်ဆီ) | 90/91 | (၁က) | ၃၃၀ |
| Toyota Publica | 86/87 | (၁က) | ၂၀၀ |
| Toyota Publica | 86/87 | (၁ခ) | ၂၇၀ |
| Toyota Publica | 88 | (၁က) | ၂၃၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၅၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၉၅ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၃၁၀ |
| Sunny Super Saloon (1.5) | 86/87 | (၁ခ) | ၄၀၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၉၀ |
| Sunny Super Saloon (1.5) | 88/89 | (၁ခ) | ၃၆၀ |
| Sunny Super Saloon (1.5) | 90/91 | (၁က) | ၃၆၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 4/95 | (၂ခ) | ၉၅၀ |
| Marlk ll Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၁၀၀၀ |
| Marlk ll Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၉၅၀ |
| Marlk ll Grande(ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၈၅၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၆၅၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၅ခ) | ၃၈၀၀ |



* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။

* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာ ဖြစ်သည်။

www.foreverspace.com.mm

## တီဗီရောင်စုံများ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| Sony | SW 40 | 14" | ၁၆၅,၀၀၀ |
| Sony | 21m 80 | 21" | ၃၁၂,၀၀၀ |
| Sony | 292 | 29" | ၅၁၈,၀၀၀ |
| SAMSUNG | K 40 | 21" | ၂၁၀,၀၀၀ |
| SAMSUNG | M 20 | 21" | ၂၂၀,၀၀၀ |
| SAMSUNG | 230 | 21" | ၂၄၀,၀၀၀ |
| SAMSUNG | K 40 | 29" | ၄၈၅,၀၀၀ |
| LG | FA3RG | 21" | ၂၀၅,၀၀၀ |
| LG | AB5RG | 21" | ၂၀၂,၀၀၀ |
| LG | RT 21 FB57 R | 29" | ၄၅၅,၀၀၀ |

## ရေခဲသေတ္တာများ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Toshiba (One door) | 1179 | ၂၃၄,၀၀၀ |
| Toshiba(Two door) | 20-Kbd | ၃၅၅,၀၀၀ |
| SAMSUNG (One door) | 20Sx | ၂၃၉,၀၀၀ |
| Panasonic (Two door) | B 20m2 | ၃၉၀,၀၀၀ |
| LG | GC 051SNS | ၁၅၂,၀၀၀ |
| LG | GC 151SNA | ၂၁၀,၀၀၀ |
| LG | GN 241QLSN | ၂၇၅,၀၀၀ |
| LG | GNU 212RL | ၃၆၉,၀၀၀ |
| LG | GR 292QLC | ၄၁၃,၀၀၀ |

## VCD ပြစက်

(၁၁-၂-၂၀၀၇)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Star | 002 | ၃၇,၀၀၀ |
| Samsung | 890 | ၅၂,၀၀၀ |
| Samsung | Z 10 mm | ၄၁,၀၀၀ |
| Samsung | 30 Me | ၅၀,၀၀၀ |
| STAR | 2217 K | ၃၈,၀၀၀ |
| Crown | 5569 | ၃၇,၀၀၀ |
| Crown | 4359 | ၃၉,၀၀၀ |

## DVD ပြစက်

(၁၁-၂-၂၀၀၇)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Sharp | DV-SL | ၉၃,၀၀၀ |
| Toshiba | K-670 | ၉၅,၀၀၀ |
| Sakura | M-90 | ၇၀,၀၀၀/ ၇၅,၀၀၀ |
| LG | 9711 N | ၁၀၇,၀၀၀ |
| LG | 9933 N | ၁၁၈,၀၀၀ |
| LG | MP4 172 | ၉၇,၀၀၀ |

## လေအေးစက်များ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၉၅,၀၀၀ |
| SANYO | 122G | ၄၄၆,၀၀၀ |
| SANYO | 124G | ၃၂၅,၀၀၀ |
| SANYO | 184G | ၇၃၆,၀၀၀ |
| SANYO | 99G | ၂၅၂,၀၀၀ |
| SANYO | 123S | ၄၅၉,၅၀၀ |
| SANYO | 131S | ၈၉၅,၅၀၀ |

## အဝတ်လျှော်စက်များ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Master (အကြီး) | 8505 MW | ၂၀၀,၀၀၀ |
| Master (အသေး) | 7505- MW | ၁၇၀,၀၀၀ |
| Zillion (အကြီး) | 8817 | ၁၇၅,၀၀၀ |
| LG | KIP 610 N | ၁၆၇,၀၀၀ |
| LG | KIP 790 R | ၂၀၆,၀၀၀ |
| LG | KIP 900 R | ၂၃၄,၀၀၀ |
| LG | KIP-T 7070 | ၃၃၅,၀၀၀ |

## ဟောလစ်၊ မာတီဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၃၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၈၅၀ |
| Junior Horlick (400g) | ၃,၂၅၀ |
| Milo (400g) ခဲထုပ် | ၂,၇၀၀ |
| Milo (400g) (ပုလင်း) | ၃,၄၅၀ |
| Maltova (400g) (နီ) | ၂,၉၅၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁,၆၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၃,၈၀၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၂,၄၀၀ |
| C Mix (၂၀ ထုပ်ဝင်) | ၁,၅၅၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁,၈၅၀ |
| NESCAFE (Red Cup)(200g) | ၃,၆၀၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂,၄၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂,၄၀၀ |
| Super Coffee Mix(၂၅ ထုပ်ဝင်) | ၂,၁၀၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂,၆၀၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၂,၄၅၀ |

www.foreverspace.com.mm

| | |
|---|---|
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၃,၈၀၀ |
| Mike Coffee (၄၈ ထုပ်ဝင်) | ၃,၈၀၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၈၅၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၄,၂၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၄,၁၀၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁,၅၅၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၂,၃၀၀ |
| Ovaltine (400g) နီ | ၃,၃၅၀ |
| Ovaltine (200g) နီ | ၁,၉၀၀ |
| Ovaltine 400g (ဖြူ) | ၃,၃၅၀ |
| Ovaltine 200g (ဖြူ) | ၁,၉၅၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၂,၉၀၀ |

## နို့မှုန့်ဘူးများ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၁၀,၇၀၀ |
| Dumex (3plus)(700g) | ၇,၇၀၀ |
| Dumex Step 1,2 700g | ၇,၉၀၀ |
| Dumex 1Plus 700g | ၇,၇၀၀ |
| Dumex Ma Ma Plus 400g | ၇,၄၀၀ |
| Dumex Lactose free 400g | ၇,၄၀၀ |
| Nestle BEAR BRAND 1 Plus 800 g | ၆,၇၅၀ |
| Nestle ဆန် သံဘူး Stage 1 300 g | ၃,၁၀၀ |
| Nestle ဂျုံ သံဘူး | ၄,၅၀၀ |

## နိုင်ငံခြား အရက်များ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75CI) (12YearsOld) | ၁၇,၆၀၀ |
| Hennessy(V.S.O.P)(70CI) | ၄၉,၅၀၀ |
| VAT 69 (75CI) | ၁၆,၅၀၀ |
| Jonnie Walker (Red)(75CI) | ၁၅,၀၀၀ |
| Jonnie Walker (Red)(37.5CI) | ၈,၈၀၀ |
| Jonnie Walker (Red)(1Liter) | ၁၇,၀၀၀ |
| Jonnie Walker (Black)(20CI) | ၉,၂၀၀ |
| Jonnie Walker (Black)(37.5CI) | ၁၆,၄၀၀ |
| Jonnie Walker (Black)(75CI) | ၂၆,၉၀၀ |
| Jonnie Walker(Black)(1Liter) | ၃၂,၅၀၀ |
| Black & White (1Liter) | ၁၉,၈၀၀ |
| Black & White (75CI) | ၁၄,၃၀၀ |
| Gold Label (75CI) | ၅၀,၀၀၀ |
| Black Cat (35CI) | ၄,၇၀၀ |
| SCOTS CLUB (75CI) | ၆,၁၀၀ |
| SCOTTISH LEADER | ၈,၅၀၀ |
| Grand Royal (ရွှေပတ်) (စက္ကူဘူး) | ၃,၆၀၀ |
| Grand Royal (အပြား)ရွှေပတ် | ၂,၀၀၀ |
| (KING ROBERT) VODKA (75CL) | ၅,၅၀၀ |
| (KING ROBERT)Gin (75CL) | ၅,၅၀၀ |
| (KING ROBERT) Whisky (75CL) | ၉,၉၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁,၅၀၀ |
| VAT 69(1Liter) | ၂၂,၀၀၀ |
| Mekhong (75CL) | ၆,၁၀၀ |
| Mekhong (37.5CL) | ၂,၉၀၀ |
| Ballantine (75Cl) | ၁၁,၆၀၀ |
| Ballantine (20Cl) | ၃,၃၀၀ |
| SPEY ROYAL (70Cl) | ၇,၇၀၀ |
| SPEY ROYAL (35Cl) | ၃,၉၀၀ |

## မုန့်ပုံး သံဘူးများ

(၁၁-၂-၂၀၀၇)

| | |
|---|---|
| မိသားစု | ၆,၁၀၀ |
| Cream Crackers(Hup Seng) | ၆,၇၀၀ |
| (KHIAN GUAN) Top Choice | ၆,၁၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၅,၉၀၀ |
| Hwa Tai Wonderful | ၆,၉၀၀ |
| Lee Daily Delight | ၆,၁၀၀ |
| Every Time | ၇,၀၀၀ |
| Summer Day | ၅,၅၀၀ |
| (Shan Fatl) Party | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၆,၅၀၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်များ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၈၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၂၀ |
| MAMEE ကြာဆံ | ၁၄၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၀၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၁၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၃၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၀၀ |

www.foreverspace.com.mm

| | |
|---|---|
| MAMEE (သက်သတ်လွတ်ဆီချက်) | ၁၀၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၃၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၃၀၀ |
| Shin Shin (ကြာဆံ) | ၁၄၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၃၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၇၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၃၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၇၀ |

## သွားတိုက်ဆေးများ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) White | ၄၀၀ |
| Colgate(40g)Double Cool Stripe | ၃၅၀ |
| Colgate(160g)Double Cool Stripe | ၁၃၅၀ |
| Close-Up (New)(18 g) | ၂၀၀ |
| Close-Up (160g) ပြာ | ၁၆၀၀ |
| LASER 100g | ၃၅၀ |
| Colgate Fresh Cool Mint 200g | ၁၆၀၀ |
| Colgate Great Regular 200 g | ၁၆၀၀ |
| Colgate Total Fresh Stripe 160g | ၂၄၀၀ |
| Colgate Whitening 160g | ၂၃၀၀ |
| Colgate gel (စိမ်း) 160g | ၁၅၅၀ |

## ကိုယ်တိုက်ဆပ်ပြာများ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၀၀ |
| Fashion | ၂၅၀ |
| GIV (80g) | ၂၅၀ |
| Fuji | ၁၇၀ |
| Dettol (100g) | ၅၅၀ |
| Miss | ၂၀၀ |
| 1 Plus 1 | ၂၀၀ |
| DOVE | ၉၀၀ |
| Kanebo | ၁၀၀၀ |
| Protex | ၄၅၀ |
| Bamboo Salt | ၇၀၀ |
| Great | ၆၅၀ |
| Naturally Fair | ၂၅၀ |
| YOKO WHITENING Herbal 110g | ၁၂၀၀ |
| Vaseline HARMONY 100g | ၅၀၀ |
| Family Care | ၃၅၀ |
| O' Nice | ၁၁၀၀ |
| Fa 2 in 1 85 g | ၆၀၀ |
| ASEPSO | ၇၅၀ |
| CAMAY | ၇၀၀ |
| Palmolive အကြည် | ၃၅၀ |
| Spa ၂၅၀ | |
| E-Lan | ၂၅၀ |
| LUX 100g | ၄၀၀ |
| KAO | ၄၀၀ |
| Parrot | ၂၀၀ |
| Enchanteur | ၉၅၀ |
| Paris 135g | ၃၀၀ |
| A21 (နက်)70g | ၂၀၀ |
| A21 (နက်)125g | ၃၅၀ |
| DG Soap 100g | ၂၅၀ |

## ခြင်ဆေးခွေ

(၁၁-၂-၂၀၀၇)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၀၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၁၈၀ |
| Fuji | ၁၈၀ |
| Raid | ၃၀၀ |
| ATAK | ၂၀၀ |
| FIGHTER | ၂၀၀ |
| GO! | ၂၇၀ |
| ပါရမီ | ၂၀၀ |
| MOSFLY | ၂၀၀ |
| ဂေါ်ဇီလာ | ၃၀၀ |
| Spider | ၃၀၀ |
| Golden Lion | ၂၅၀ |
| Special | ၂၅၀ |

LIVING COLOR MEDIA

လိပ်စာသစ်

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၇၂၀၉၅၁ ၊ ၀၉-၅၁၄၇၁၄၀ ၂၄၃၆၃၉-
၄၃ (Ext-၂၈၀၁)

www.foreverspace.com.mm

# ကွန်ပျူတာဈေးနှုန်းများ




(၁၁-၂-၂၀၀၇)

### ❑ KMD Family PC

- VIA C3 Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 80 GB Hard Disk
- 256 MB DDR RAM (PC 400, Kingston)
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 375,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 2.66 GHz Processor
- MSI P4 M8N-3 M/B (Sound+VGA+LAN Builtin)
- 256MB DDR RAM (PC 400MHz)
- 80GB IDE HDD (Samsung, 7200 RPM)
- 1.44 MB FDD(Mitsumi)
- P4 Tower Casing with 500W Power Supply
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 488,800 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium 4 3.0 6 A GHz (1MB,L2 Cache, 800 MHz)
- GIGA 8i8 65 GME Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Seagate)

Without Floppy Drive

- 15" SVGA Color Monitor (Philips)
- PS II Keyboard & PS II Optical Scroll Mouse
- Mouse Pad
- P4 Casing (Handle High)

Price 494,000 Ks

### ❑ CFTG Power Computer

- Intel Pentium 4 2.93 F GHz processor (LGA 775)
- MSI Intel 865-GV M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Samsung) ,7200 rpm
- 1.44 MB FDD (Mitsumi)
- P4 ATX Tower Casing (with 500W Power Supply)
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic), Digita Control

Price 572,000 Ks

### ❑ CFTG High Performance Computer

- Intel P4 3.4 GHz Duel Core Processor (LGA 775 CPU)
- MSI Intel 915 Combo 2MB (Sound+LAN Built-in)
- 512 MB DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Samsung PRM 7200)
- PCI Express 128MB Adaptor
- P4 Tower Casing with 500W Power Supply

www.foreverspace.com.mm

- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 845,000 Ks

ဒီဇင်ဘာလဆန်းအတွင်း ငွေလဲစျေးနှုန်းကျဆင်းတည်ငြိမ်မှုကြောင့် ကွန်ပျူတာစျေးနှုန်းများဆက်လက်ကျဆင်းခဲ့သည်။ အထက်ပါစျေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ စျေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက စျေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 16x DVD ROM (Sony) | 33,000 KS |
| Sony/ Lite-on CD Writer (52 x 32 x 52 x) | 33,000 Ks |
| Sony/Lite-on 16 x 8 x 48 x 24 DVD Writer | 55,000 Ks |
| 52 x 32 x 52 x 16 Combo (Sony) | 42,000 Ks |
| 52 x 32 x 52 x 16 Combo (Pioneer) | 49,000 Ks |
| A4 Tech Small Speaker | 8,700 Ks |
| Microlab M 111 Speakers with sub woodfer | 32,000 Ks |

## ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 54,000 Ks |
| 512 MB (DDR 2 RAM) PC 533 MHz (Kingston) | 60,000 Ks |
| 256 MB (DDR2AM) PC 533 MHz (Kingston) | 33,500 Ks |
| 1 GB (DDR 2 RAM) 533 MHZ (Kingston) | 129,000 Ks |

## ❑ Storage Device


| | |
|---|---|
| 80 GB (Hitachi) IDE | 63,000 Ks |
| 160 GB (Seagate/ Hitachi) IDE | 70,000 Ks |
| 200 GB (Hitachi) SATA | 97,000 Ks |

## ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Viewsonic) | 134,000 Ks |
| 15" SVGA Color Monitor (Philips) | 136,000 Ks |
| 17" SVGA Color Monitor (ACER/ Provision) | 162,000 Ks |
| 17" SVGA Color Monitor (Philips) | 178,000 Ks |
| 17" SVGA Color Monitor (View Sonic) | 174,000 Ks |
| 19" SVGA Color Monitor (Philips) | 344,000 Ks |
| 19" SVGA Color Monitor (HP) | 380,000 Ks |

## ❑ Printer

| | |
|---|---|
| Canon Laserjet 2900 Printer (USB) | 204,000 Ks |
| HP Deskjet 1020 Printer (USB) | 235,000 Ks |
| HP Deskjet 1280 Printer (USB) (A3) | 362,000 Ks |
| Canon Laserjet 3000 Printer (USB) | 214,000 Ks |
| EPSON Acculaser C 1100 | 845,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 279,500 Ks |
| EPSON Dot Matrix Ptinter LQ 2180 | 832,000 Ks |
| EPSON C79 Printer | 97,500 Ks |
| EPSON C58 Inkjet Printer | 74,100 Ks |



| | |
|---|---|
| EPSON SP 230 Photo Printer | 165,100 Ks |
| EPSON SP 390 Photo Printer | 344,500 Ks |
| EPSON SP 2500 Photo Printer | 1755,000 Ks |
| EPSON 6200 L Laser Printer | 227,500 Ks |
| Fuji Xerox Laser jet 203 A Printer | 183,000 Ks |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 69,400 Ks |
| HP 1010/ 1320/ 1300 Toner | 79,400 Ks |
| Canon 2900 Toner | 61,800 Ks |
| Canon 1120 Toner | 61,800 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V10 Scanner | 136,500 Ks |
| EPSON Perfection V100 Scanner(A4 Film) | 221,000 Ks |
| EPSON Perfection V350 Scanner(A4 Film) | 318,500 Ks |
| HP Flatbed Scanner G 2400 (USB) | 115,000 Ks |
| HP Flatbed Scanner Canon lide 25 | 79,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 58,000 Ks |
| 1250 VA (Power Tree) | 100,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါစျေးနှုန်းများကို Client Focus Technology Group နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၁၅-၁-၂၀၀၇** ✱ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNPC International Ltd. တို့သည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်များဖြစ်ကြသော AD.1, AD.6 နှင့် AD.8 တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များကို နေပြည်တော်ရှိစွမ်းအင်ဝန်ကြီးဌာန ရုံးခန်းမ၌လက်မှတ်ရေးထိုးချုပ်ဆို။

✱ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ယုဇနတာဝါမြေညီထပ်ရှိ ဗဟန်းစာတိုက်တွင် စာအိတ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယင်းစာတိုက်မှ စာပို့ကြပ် ဦးကျော်သန်းဝင်း၏ မျက်နှာနှင့်ပေါင်တို့တွင် ထိခိုက်ဒဏ်ရာရရှိ။

✱ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့ရှိ Cebu International Convention Centre ၌ ကျင်းပသည့် ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပြီး စီဘူးကြေညာစာတမ်း (Cebu Declaration on East Asian Energy Security) ကို လက်မှတ်ရေးထိုး။

✱ ၂၀၀၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်း-ခန္တီးခရိုင် လဟယ်မြို့ အားကစားကွင်း၌ကျင်းပပြုလုပ်။

✱ မြန်မာ့ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ကိုင်ရာမှ စက်လှေများပျက်စီးချို့ယွင်းခြင်း၊ လေမုန်တိုင်းမိခြင်းတို့ကြောင့် မျောပါပြီး အိန္ဒိယနိုင်ငံ ပို့ဗလဲယားမြို့သို့ရောက်ရှိသွားကြသော မြန်မာနိုင်ငံသား ရေလုပ်သား ၂၁၃ ဦးသည် နှစ်နိုင်ငံညှိနှိုင်းစီစဉ်မှုဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိ။

**၂၀-၁-၂၀၀၇** ✱ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးတက္ကသိုလ်ဖွင့်လှစ်။

✱ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေးရန်အတွက် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်ခေါင်းဆောင်သောအဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၂၂-၁-၂၀၀၇** ✱ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိ။

✱ Air Bagan Ltd. မှ အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဒုတိယအစင်းအဖြစ် ဝယ်ယူထားသော Air Bus A 310-200 လေယာဉ် XY-AGE ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိ။

**၂၃-၁-၂၀၀၇** ✱ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ထွက်ခွာ။

**၂၆-၁-၂၀၀၇** ✱ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် (General Boonsrang Niumpradit) နှင့် ဇနီးဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ။

✱ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ နည်းပညာတက္ကသိုလ် (မုံရွာ) ဖွင့်လှစ်။

**၂၇-၁-၂၀၀၇** ✱ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Mandrain Oriental ဟိုတယ်တွင် ကျင်းပသောရခိုင်ကမ်းလွန်ဒေသတွင်တွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်ကို ထုတ်ယူသုံးစွဲရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှုအလားအလာများအစည်းအဝေးနှင့် တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် မူဝါဒလမ်းစဉ်များချမှတ်ရေး အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်။

✱ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်ရှိ ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျော-ရေမျက်နီရထားလမ်းပိုင်းနှင့် မြန်မာနိုင်ငံ၏ အရှည်ဆုံးရထားဥမင်လိုဏ်ဖြစ်သော ပုံညာတောင်ဥမင်လိုဏ်ဖွင့်လှစ်။

**၂၉-၁-၂၀၀၇** ✱ မြန်မာနိုင်ငံရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် ဝမ်ပုံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘိုကဲယိုပြည်နယ် မိန်းမော့တို့ရှိ နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးစခန်းများကို နိုင်ငံတကာအဆင့်ရှိသည့် နယ်စပ်စစ်ဆေးရေးစခန်းများအဖြစ်သို့ အဆင့်မြှင့်ဖွင့်လှစ်။

**၃၀-၁-၂၀၀၇** ✱ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် China Gezhouba Water and Power (Group) Co.,Ltd.(CGGC) တို့ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းတွင်အသုံးပြုရန် လိုအပ်သော Electrical & Mechanical Equipment, Hydraulic Steel Structure ပစ္စည်းများဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ်ကို နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

✱ မြန်မာ-တရုတ်နှစ်နိုင်ငံပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E Mr.Cai Mingzhao ခေါင်းဆောင်သောအဖွဲ့ဝင် ၆ ဦးပါ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

**၃၁-၁-၂၀၀၇** ✱ မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တမာချောင်ကျေးရွာအနီး တမာချောင်းပေါ်၌ တည်ဆောက်ထားသော အလျား ၁၆၀၀၊ အမြင့် ၄၃ ပေရှိသည့် တမာရေလှောင်တမံနှင့် ဝွေးပင်ကျေးရွာအနီး ဖိုးနီချောင်း၌တည်ဆောက်ထားသော အလျား ၁၀၇၅ ပေ၊ အမြင့် ၃၅ ပေရှိသည့် ဖိုးနီရေလှောင်တမံဖွင့်လှစ်။

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၁၁-၁-၂၀၀၇

* Daewoo International Co., Ltd. မှ President, Mr.Kang Young-Won နှင့် အဖွဲ့သည်လည်းကောင်း၊ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် (IMF/WB) အဖွဲ့မှ ကိုယ်စားလှယ် Mr.Mark Butler နှင့် အဖွဲ့သည်လည်းကောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၁-၂၀၀၇

* Daewoo International Co., Ltd. မှ President & CEO, Mr.Kang Young-Won Kang နှင့် အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၃-၁-၂၀၀၇

* မြန်မာ–နီပေါ နှစ်နိုင်ငံ စာနယ်ဇင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr.Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တွေ့ဆုံဆွေးနွေး။
* ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံဝန်ကြီးချုပ်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ်အာရိုယိုနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၁၅-၁-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission Vice Chairman H.E.Mr.Zhang Guobao နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Guan Mu တို့ ဦးဆောင်သောအဖွဲ့သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr.Liao Yong Yuan ဦးဆောင်သောအဖွဲ့သည်လည်းကောင်း စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၀-၁-၂၀၀၇

* မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.Shri Pranab Mukherjee သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၁-၁-၂၀၀၇

* အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.Shri Pranab Mukherjee သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၁-၂၀၀၇

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၁-၂၀၀၇

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။
* ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP) မှ Country Director, Mr.Christopher Kaye သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၁-၂၀၀၇

* ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၉-၁-၂၀၀၇

* စင်ကာပူသမ္မတနိုင်ငံ Ntegrator Pte.Ltd. မှ Managing Director Mr.Jimmy Chang ဦးဆောင်သောအဖွဲ့သည် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၃၁-၁-၂၀၀၇

* မြန်မာ–တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E.Mr. Cai Mingzhao ခေါင်းဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၃-၂-၂၀၀၇

* ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Dr.Freidrich Hamburger သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

■

www.foreverspace.com.mm



# MA MA ကြက်သားကင်အရသာခေါက်ဆွဲနှင့် အုန်းနို့ခေါက်ဆွဲ

**မြန်မာနိုင်ငံ အသင့်စားခေါက်ဆွဲခြောက်ဈေးကွက်အတွင်း MA MA အမှတ်တံဆိပ်ဖြင့် အောင်မြင်မှုရနေသည့် Ayeyarwaddy Food Industries က အသစ်ထပ်မံထုတ်လုပ်လိုက်သည့် စားသောက်ကုန်များဖြစ်သည်။**

☆ Thai President Food Public Co., Ltd. ၏ ကြီးကြပ်မှုဖြင့် Ayeyarwaddy Food Industries Co., Ltd. မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ မန်နေဂျင်းဒါရိုက်တာမှာ ဦးမြင့်ဦးဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၂၀၀ ဦးခန့်ရှိ။

☆ ဂျပန်နိုင်ငံမှ စက်ပစ္စည်းများဖြင့် ထိုင်းနည်းပညာကို အသုံးပြုထုတ်လုပ်ထားဟုဆို။

☆ စက်စွမ်းအားပြည့် တစ်ရက်လျှင် အထုပ်ရေ တစ်သိန်းခွဲကျော်ခန့် ထုတ်လုပ်နိုင်ကြောင်း သိရ။

☆ လောလောဆယ် ၆၀ ဂရမ်ပါဝင်သည့် ကြက်ကင်အရသာနှင့် ၅၅ ဂရမ်ပါဝင်သည့် အုန်းနို့ခေါက်ဆွဲ အထုပ် ၃၀ တစ်ပါကင်လျှင် ၃၇၅၀ ကျပ်နှုန်းဖြင့် ဖြန့်ချိ။

☆ ယခု အသစ်ထပ်မံထုတ်လုပ်လိုက်သည့် ကြက်သားကင်အရသာခေါက်ဆွဲနှင့် အုန်းနို့ခေါက်ဆွဲအပါအဝင် ကြက်သားအရသာ ခေါက်ဆွဲ၊ တုန်ယမ်းဟင်းချိုအရသာ ပုစွန်ချဉ်စပ်၊ ကြက်သားဆီချက်ခေါက်ဆွဲနှင့် သက်သတ်လွတ်ဆီချက်ခေါက်ဆွဲတို့ကိုပါ ထုတ်လုပ်လျက်ရှိ။

☆ အဆိုပါစားသောက်ကုန်များအား Myanmar S.E.A Marketing Co., Ltd. မှ တာဝန်ယူဖြန့်ချိလျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးကောင်းနိုင်စိုး (Marketing Manager)
Ayeyarwaddy Food Industries Co., Ltd.
အမှတ်-၁၀၉၊ ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာစက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်။ ဖုန်း-၆၈၅၂၃၃၊ ၇၂၆၆၆၆၊ ၅၂၅၄၇၉

☆ **ဖြန့်ချိသည့်ကုမ္ပဏီလိပ်စာ**

ဦးချိုမောင် (General Manager)
အမှတ်-၄၅(B)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၇၄၄၁၊ ၇၀၄၈၅၇






www.foreverspace.com.mm

# Mr.Candy သကြားလုံး

**မြန်မာနိုင်ငံ၏ စားသောက်ကုန်ဈေးကွက်အတွင်း ထုပ်ပိုးမှုပုံစံကောင်းကောင်းဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသည့် သကြားလုံးများဖြစ်သည်။**

☆ Daw Yone Co., Ltd. မှ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိ။

☆ မန်နေဂျင်းဒါရိုက်တာမှာ ဦးသန်းဝင်းဖြစ်ပြီး ဝန်ထမ်းအင်အား ၇၀ ကျော်ခန့်ရှိ။

☆ ထုတ်လုပ်သည့် စက်ပစ္စည်းအများစုကို ကိုရီးယားနိုင်ငံမှ တင်သွင်း။

☆ ကုန်ကြမ်းပစ္စည်းဖြစ်သည့် Glucose ကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများမှ တင်သွင်းပြီး ကျန်ပစ္စည်းများကို ပြည်တွင်းမှ ရယူထုတ်လုပ်လျက်ရှိ။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိ။

☆ Mr.Candy အမှတ်တံဆိပ် Lychee, Orange, Mango, Strawberry, Pineapple, Coffee, Cocount, Durin, Tamarind နှင့် Energy+plus သကြားလုံးအမျိုးအစားများကို အလုံး ၅၀ တစ်ထုပ်လျှင် ၂၀၀ ကျပ်ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိ။

☆ ဈေးကွက်လိုအပ်ချက်အရ တစ်နေ့လျှင် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်မှုပမာဏ အလုံး ၅၀ ပါ အထုပ် ၃၀၀ ခန့်ရှိ။

☆ ကုမ္ပဏီမှ လောလောဆယ် Good Choice နှင့် Sweet Land အမှတ်တံဆိပ် သကြားများကို ထုတ်လုပ်ဖြန့်ချိလျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးသန်းဝင်း(မန်နေဂျင်းဒါရိုက်တာ)

Daw Yone Co., Ltd.

အမှတ်-(၁၁၁/၁၁၂)၊ မက္ခရာမင်းသားကြီး မောင်ပျိုးလမ်း၊

လှိုင်သာယာစက်မှုဇုန်(၂)၊

လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၈၄၅၅၀၊ ၆၈၄၅၅၁

E-mail : d-yone@mptmail.net.mm



www.foreverspace.com.mm

# ? ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why ?



## SAKURA ရေဒီယို

MODEL:SR-1721 အမျိုးအစားဖြစ်။ FM, MW, LW SW 9၊ 12 Bands World Receiver ပါရှိ။ ဂျပန်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၃၂,၀၀၀ ကျပ်ဖြစ်။



## Cordless Phone


MODEL:CL-3080IDM အမျိုးအစားဖြစ်။ Digital Caller ID ပါရှိပြီး အိမ်တွင်း၊ ခြံတွင်းအသုံးပြုနိုင်။ Handset ဖြစ်ပြီး AAA ဓာတ်ခဲဖြင့် အသုံးပြုနိုင်။ မီးပျက်လျှင်လည်း အသုံးပြုနိုင်။ ဈေးနှုန်း ၄၀,၀၀၀ ကျပ်ဖြစ်။




## Head Lamp (နဖူးစည်းဓာတ်မီး)

နဖူးတွင်တပ်ထားနိုင်သည့် ဓာတ်မီးဖြစ်။ AA ဓာတ်ခဲဖြင့် အသုံးပြုရပြီး LED မီးသီးကိုးလုံးပါရှိ။ တရုတ်နိုင်ငံမှတင်သွင်းပြီး ဈေးနှုန်း ၄၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm




## MP-3, MP-4 Speaker

MP3, MP4 Player များဖြင့် ချိတ်ဆက် နားထောင်နိုင်။ အသံကြည်လင်ပြတ်သားကောင်းမွန်။ တရုတ်(တိုင်ပေ)ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၀,၀၀၀ ကျပ်ဝန်းကျင်ဖြစ်။

## Digital Video Camcorder

Digilife DDV-7000+ အမျိုးအစားဖြစ်။ MP3, MP4 သီချင်းများ နားထောင်နိုင်။ ဓာတ်ပုံပါရိုက်ကူးနိုင်ပြီး ဗီဒီယိုကြည့်ရှုနိုင်သည့် Remote Control ကိရိယာပါရှိ။ ရောင်းဈေး ကျပ် သုံးသိန်းဝန်းကျင်ဖြစ်။







## Visitor Chime အချက်ပေးကိရိယာ


လူဖြတ်သွားလျှင် အသံမြည်သော အချက်ပေးကိရိယာဖြစ်ပြီး အသံနှစ်မျိုးပါရှိ။ အိမ်နှင့် ရုံးများတွင် နံရံတွင်ကပ်၍သော်လည်းကောင်း၊ စားပွဲပေါ်တွင် တင်ထား၍သော်လည်း ထောင်ထားနိုင်။ တရုတ်မှတင်သွင်းပြီး ရောင်းဈေး ၇၅၀၀ ကျပ်ဖြစ်။

## MP3,MP4 Player

MP3 သီချင်းများနားထောင်နိုင်ပြီး အသံဖမ်းယူနိုင်သည့် Sony အမျိုးအစားဖြစ်။ FM ရေဒီယိုလိုင်းဖမ်းယူနိုင်။ Memory မှာ 512 MB ဖြစ်ပြီး ရောင်းဈေး ကျပ် ၆၀,၀၀၀ ဝန်းကျင်ဖြစ်။



www.foreverspace.com.mm



## ARMANI (Nike) နာရီ

ARMANI (Nike) အမျိုးအစားနာရီဖြစ်။ ဒီဇိုင်းမျိုးစုံရှိ။ ရောင်းဈေး ကျပ်တစ်သောင်းခွဲဝန်းကျင်ဖြစ်။

## Acer Notbook Aspire 5572 WXMi

Care Duo Processor T2300E (1.66 GHz) အသုံးပြုထားသည့် Notebook ဖြစ်။ Memory 512 MB ၊ Hand Disk Drive 120 GB အထိဆံ့ပြီး DVD-RW Super Drive, 14.1" WXGA Acer Crystalbrite Display Screen, Builtin Bluetooth 2.0+EDR, Modem, Wireless Lan, Card Reader, Carrying Case Deluxe အသီးသီးပါရှိ။ ရောင်းဈေး ၁,၁၃၉,၀၀၀ ကျပ် သတ်မှတ်ထားပြီး ဝယ် ယူသူတိုင်းအား 2.1 Woofer Speaker တစ်လုံးလက်ဆောင်ပေး။





## LG 1510BF TOUCH SCREEN LCD Monitor

LG ၏ နောက်ဆုံးပေါ် 15" Slim Bezel အမျိုးအစား LCD Monitor ဖြစ်။ Input Resolution 1024 x 768 @ ၊ Response Time 25 ms (Typical) ၊ Brightness 250 cd/m2 (Typical) ၊ Supported Colors 16.2 M၊ Connector 15 Pin D-Sub အသီးသီးပါရှိပြီး အခြားကွန် ပျူတာ Monitor အမျိုးအစားများနှင့် မတူဘဲ Lightview နှင့် Touch Screen Special Features အသီးသီးရှိ။ ကျစ်လျစ်သေသပ်ပြီး ရောင်းဈေး ၅၅၀,၀၀၀ ကျပ်ဟုဆို။

## ခါးပတ်ကွင်းချိတ်နာရီ

ကျောပိုးအိတ်တွင်ဖြစ်စေ၊ ခါးပတ်တွင်ဖြစ်စေ အလွယ်တကူ ချိတ်ဆွဲနိုင်။ ရေစိမ်ခံပြီး သံလိုက်အိမ်မြှောင်ပါရှိ။ ဒီဇိုင်း နှစ်မျိုးရှိပြီး ရောင်းဈေး ၆၀၀၀ ကျပ်ဝန်းကျင်ဖြစ်။



www.foreverspace.com.mm




## Seagate 200 GB External Hard Disk

ဖိုင်နှင့် အချက်အလက်ပမာဏ 200 GB အထိ ထည့်သွင်းနိုင်သော Seagate External Hard Disk ဖြစ်။ 7200 RPM, 8 MB Cache ရှိပြီး USB Cable နှင့် IEE 1394 a Firewire Cable တို့ဖြင့် ချိတ်ဆက်အသုံးပြုနိုင်။ နှစ်နာရီစာ DVD Movies ကားပေါင်း ၅၀ ခန့်၊ VHS Quality Video နာရီ ၂၀၀ စာ၊ Soungs & Music နာရီ ၃၃၃၀ စာ၊ Digital Photos 64,000 ပုံ၊ Games အမျိုးမျိုးအရေအတွက် ၁၀၀ ခန့် ထည့်သွင်းသိမ်းဆည်းနိုင်။ ရောင်းဈေးမှာ ၂၀၉,၀၀၀ ကျပ်ဖြစ်။



## TOSHIBA SATELL ITE L 100 P443 Notebook

Duo Core T 2300 1.66 GHz Processor အမျိုးအစားအသုံးပြုထား။ Memory 512 MB ရှိပြီး Hard Disk Drive 80 GB ပမာဏထည့်သွင်း သိမ်းဆည်းနိုင်။ 15" CSV (Lastest Clear Super-view) Display Screen ပါရှိ။ Lan, Modem, DVD RW Super Drive, Carrying Case Delux တို့ တစ်ပါတည်းပါရှိ။ ရောင်းဈေး ၁၃၂၀,၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူသူများကို 2.1 Woofer Speaker တစ်လုံး လက်ဆောင်ပေးဟုဆို။



## Canon Laser Shot LBP 5000 Printer

Canon ၏ အရည်အသွေးမြင့် လုပ်ငန်းသုံး Professional Colour Printer ဖြစ်။ Maximum Resolution 9600 dpi ရှိပြီး Brilliant Colour နှင့် Monochromatic တို့ကို တစ်မိနစ် ရှစ်ရွက်နှုန်း Print ထုတ်ပေးနိုင်။ အသံဆူညံမှု မရှိဟုဆို။ အရောင်တစ်မျိုးစီဖြင့် Toner Cartridges လေးခုပါရှိ၍ တစ်မျိုးချင်း လဲလှယ်ဖြည့်ဆည်းနိုင်။ Paper Cassette အတွင်း စာရွက် ၂၅၀ နှင့် Feeder အတွင်း ၅၀၀ ရွက် ထည့်သွင်းထားနိုင်။ Data ပြောင်းလဲသယ်ယူမှုနှုန်း 480 Mbps ရှိပြီး 2.0 Hi-Speed USB ဖြင့် Windows ကွန်ပျူတာများသာမက Mac ကွန်ပျူတာများဖြင့်ပါ ချိတ်ဆက်အသုံးပြုနိုင်။ ရောင်းဈေး ၆၅၀,၀၀၀ ကျပ်ဝန်းကျင်ဟုသိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို Mr.Slim Fancy and Mobile Store၊ Ever Fine စတိုး၊ Lucky Bird Co., Ltd.၊ Canon Show Room တို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm

# Myanmar Voyages International Tourism Co., Ltd.

**မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ အပျော်စီးဇိမ်ခံသင်္ဘောကြီးများ၊ စင်းလုံးငှားလေယာဉ်များအပါအဝင် ပြည်ပခရီးသွားဧည့်သည်များအား စီစဉ်ပို့ဆောင်ပေးနေသော နိုင်ငံသားပိုင်ခရီးသွားကုမ္ပဏီဖြစ်သည်။**

MYANMAR VOYAGES
International Tourism Co., Ltd.




- ကုမ္ပဏီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။
- ကုမ္ပဏီဥက္ကဋ္ဌမှာ ဦးမောင်မောင်တိုး၊ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးသက်လွင်တိုး၊ အထွေထွေမန်နေဂျာမှာ ဒေါ်လွင်လွင်ကျော်တို့ ဖြစ်ကြပြီး လိုင်စင်ရဧည့်လမ်းညွှန်များအပါအဝင် ဝန်ထမ်းအင်အား ၂၀ ဦးခန့်ရှိသည်။
- Inbound/ Outbound Tour Operator အဖြစ် ပြည်တွင်းမှခရီးသည် အစုအဖွဲ့များကို ပြည်ပနိုင်ငံများသို့ စီစဉ်ပို့ဆောင်ပေးခြင်း၊ ပြည်ပနိုင်ငံများမှ ခရီးသည်အစုအဖွဲ့များကို ပြည်တွင်းသို့စီစဉ်ပို့ဆောင်ပေးခြင်း၊ ပြည်ပနိုင်ငံများမှ စင်းလုံးငှားလေယာဉ်များ၊ အပျော်စီးဇိမ်ခံသင်္ဘောကြီးများ(Cruises) ၏ Ground Operator အဖြစ် ချိတ်ဆက်ထားပြီး စင်းလုံးငှားလေယာဉ်များနှင့် အပျော်စီးဇိမ်ခံသင်္ဘောကြီးများဖြင့် လာရောက်သော ခရီးသွားဧည့်သည်များကို ပြည်တွင်း၌ စီစဉ်ပို့ဆောင်ပေးခြင်းတို့ကို အဓိကဆောင်ရွက်ပေးလျက်ရှိသည်။
- FIT, GIT, Package Tour နှင့် Special Interest Group အနေဖြင့် လာရောက်သော ပြည်ပခရီးသွားဧည့်သည်များကို ပြည်တွင်းခရီးသွားဒေသများသို့ လိုက်လံပို့ဆောင်ပေးခြင်း၊ ပြည်တွင်းလေယာဉ်နှင့် ဇိမ်ခံသင်္ဘောများ စင်းလုံးငှားပို့ဆောင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဟိုတယ်အခန်းသီးသန့်ကြိုတင်မှာယူပေးခြင်း(Reservation)နှင့် သယ်ယူပို့ဆောင်ပေးခြင်း၊ ဆိုက်ရောက်ဗီဇာစီစဉ်ပြုလုပ်ပေးခြင်း၊ မော်တော်ယာဉ်စင်းလုံးငှားရမ်းပေးခြင်း၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းလက်မှတ်များဝယ်ယူပေးခြင်း၊ ပြည်တွင်းအထူးရထားနှင့် သင်္ဘောလက်မှတ်များဝယ်ယူပေးခြင်း စသည့် ဝန်ဆောင်မှုများကိုပါဆောင်ရွက်ပေးသည်။
- ပြည်တွင်းရှိ Air Bagan လေကြောင်းလိုင်း၊ Balloons Over Bagan မီးပုံးပျံနှင့် Road to Mandalay ဇိမ်ခံသင်္ဘောတို့၏ အရောင်းကိုယ်စားလှယ်ကုမ္ပဏီအဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။



CHARTERED FLIGHT OF AUSTRIAN AVIATION ASSOCIATION
AT MANDALAY, MYANMAR (BURMA) 30.12.2001 TO 1.1.2002
OPERATED BY MYANMAR VOYAGES INTERNATIONAL TOURISM CO., LTD.

- ကုမ္ပဏီစတင်တည်ထောင်ချိန်မှ ၂၀၀၇ ခုနှစ်ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည့် နိုင်ငံတကာမှ အပျော်စီး ဇိမ်ခံသင်္ဘောကြီးများအနက် အကြီးဆုံးနှင့် ခရီးသည်အရေအတွက်အများဆုံးဖြစ်ပြီး ခရီးသည် ၈၇၅ ဦးတင်ဆောင်လိုက်ပါလာခဲ့သော MV Super Star Virgo Cruises အမည်ရှိ သင်္ဘောကြီးအပါအဝင် အပျော်စီးဇိမ်ခံသင်္ဘောကြီး ၂၄ စင်း၊ စင်းလုံးငှားလေယာဉ် ငါးစင်းတို့မှ ခရီးသည်များကို ပြည်တွင်းသို့စီစဉ်ပို့ဆောင်ပေးခဲ့သည်။

www.foreverspace.com.mm

- အထူးအစီအစဉ်ဖြင့် လူနာတင်လေယာဉ်၊ ဆေးကုသမှုလေယာဉ်နှင့် သေဆုံးသူ၏ရုပ်အလောင်းကို သယ်ယူမည့်လေယာဉ် စသည်တို့ကို ပြည်ပမှအရေးပေါ် ငှားရမ်းခေါ်ယူ ဝန်ဆောင်မှုပေးလျက်ရှိသည်။



- အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဂျပန်၊ စပိန်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့အပါအဝင် နိုင်ငံတကာခရီးသွားပြပွဲ ၂၀ ကျော်သို့ သွားရောက်ပြသခဲ့သည်။
- ကုမ္ပဏီ၏အစီအစဉ်ဖြင့် စပိန်နိုင်ငံမှ နည်းပြများခေါ်ယူပြီး ပြည်တွင်းရှိဧည့်လမ်းညွှန်များအား စပိန်ဘာသာစကားပြော(အခြေခံနှင့် အဆင့်မြင့်)ကို သင်တန်းပို့ချလေ့ကျင့်ပေးလျက်ရှိသည်။
- ဥရောပနိုင်ငံများဈေးကွက်ကို အဓိကထားပြီး အထူးသဖြင့် စပိန်နိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြသည်ဟု ဆိုသည်။
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့လွန်ဒီပလိုမာသင်တန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဧည့်လမ်းညွှန်သင်တန်းကျောင်းနှင့် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းတို့တွင် သင်ကြားပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။
- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)၊ Japan Association of Travel Agent (JATA)၊ United States Tour Operators Association၊ ASEAN Asia's Perfect 10 Paradise အဖွဲ့ အစည်းတို့၏ Associate Member ကုမ္ပဏီဖြစ် သည်။



- **ဆက်သွယ်ရန်လိပ်စာ**

Myanmar Voyages International Tourism Co., Ltd.
အမှတ်–၃၆၊ မြိုင်ဟေဝန်အိမ်ရာ၊
ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်လမ်းဆုံအနီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၅၁၅၂၉၊ ၆၆၆၁၅၅၊ ၇၁၀၃၅၀၊ ဖက်စ်–၆၆၆၁၅၅
E-mail: info@myanmarvoyages.com.mm, sales@myanmarvoyages.com.mm
Website: www.myanmarvoyages.com

- **ပုဂံရုံးခွဲ**

သီရိပစ္စယာဟိုတယ်၊ ပုဂံမြို့သစ်၊
ညောင်ဦးမြို့နယ်။
ဖုန်း–၀၆၁–၆၀၃၇၄၊ ၆၀၆၇၆

**မန္တလေးရုံးခွဲ**

အမှတ်–၂၆၊ ၂၇ လမ်း၊
၆၆ လမ်းနှင့် ၆၈ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း–၀၂–၆၁၁၃၆၊ ၆၁၁၅၁

**အင်းလေးရုံးခွဲ**

အမှတ်–၂၄၇၊ ရှုမျှော်ခင်းလမ်း၊ သစ်တောရပ်ကွက်၊
တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၁၇၀၅၊ ၂၁၂၁၆



www.foreverspace.com.mm




ဤကဏ္ဍတွင် .....

၁၅၂ စိတ်ကူးများ

၁၅၄ ရိုးကူးခွေလား ဒစ်ဂျစ်တယ်လှိုင်းလား

# စိတ်ကူးများ

ကြည်မင်း

(၁)

ထိုနေ့က ကျွန်တော် မာကျူရီဂိုဏ်းဟုခေါ်သော ၄၆ ဂိုဏ်း (၄၆ လမ်းထိပ်၊ အနော်ရထာလမ်းပေါ်ရှိ မာကျူရီလက်ဖက်ရည်ဆိုင်တွင် စုထိုင်ပြီး ကြုံရာတည့်ရာ ကိုယ့်အစုနှင့်ကိုယ်ပြောကြသောဂိုဏ်း)သို့ သွားရောက် ဆက်သွယ်ပါသည်။ အရန်ပါတီဝင်လောက် မရတောင် ပါတီမိတ်ဆွေလောက်ရနိုင်မလား စိတ်ကူးဖြင့် သွားခြင်းဖြစ်ပါ၏။ အရေးကိစ္စပေါ်သဖြင့် တစ်ဝက်တစ်ပျက်မှ ထွက်ခွာပြီး ကမ်းနားလမ်း ခြောက်ထပ်ရုံးသို့ သွားရသည်။ ပြောင်လက်သန့်ရှင်းနေသော လေ့ကားကျယ်ကျယ်မှ တစ်ဆင့် သုံးထပ်သို့တက်ပြီး ဝန်ထမ်းလျှောက်လွှာတစ်စုံ (၁၀၀ ကျပ်)၊ လမ်းညွှန်စာအုပ်(၂၀၀ ကျပ်) တို့ကို ဝယ်သည်။

အပြန်တွင် အာကာသခရီးသွားယာဉ်တစ်ခုတည်ဆောက်ရန် စိတ်ကူးရပါသည်။ ထိုစိတ်ကူးကို ဘယ်လိုစိတ်ကူးမိပါလိမ့်ဟု ပြန်စဉ်းစားကြည့်သောအခါ အတော်ရယ်စရာကောင်းနေသည်ကို တွေ့ရ၏။ ဘာမှ၊ ဘာနှင့်ဘာမျှမဆိုင်ခြင်းကြောင့်ဖြစ်သည်။ မာကျူရီလက်ဖက်ရည်ဆိုင်တို့၊ ကိုတာတို့၊ ခြောက်ထပ်ရုံးတို့၊ လျှောက်လွှာတို့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးတို့နှင့် အာကာသယာဉ်က ဘာဆိုင်ပါသနည်း။ မော်ဒန်စာနယ်ဇင်း အရေးအသားတွေမှာ တွေ့ရသော အတင်းဇွတ်ဆွဲကပ်ပြီး လိုရာဆွဲ ငါ့စကားနွားရလုပ်ကြေးဆိုလျှင် မာကျူရီနှင့် အာကာသယာဉ်က နည်းနည်းတော့ ဆိုင်လောက်သည်။ မာကျူရီကို ပြဒါးဟု မယူဘဲနေလိုက်ပါ။ ပိုင်ရှင်တွေကလည်း ယူပုံမရ။ ပြဒါးဟုသာယူချင်လျှင် MERCURY/မာကျူရီဟု အရှည်ရေးခြင်းဖြင့် ပိုက်ဆံဖြုန်းမနေဘဲ Hg ဟု အတိုရေးလိုက်ရန်သာရှိသည်။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်ဟုပဲ ယူကြပါစို့ (လမ်းမီးလုံးဟု ယူချင်သူရှိလည်းယူပါ)။

(၂)

အာကာသယာဉ်တည်ဆောက်ဖို့ ဘာတွေလုပ်ရမည်နည်း။ ကျွန်တော်မသိ။ အခန်းမှာရှိသော ရေလှောင်တိုင်ကီပေါက်နေသည်ကိုပင် ကျွန်တော် မဖာတတ်ပါ။ ပြင်လျှင် ကောင်းသွားနိုင်သည့် စက်ဘီးနှစ်စင်းကလည်း ဒီအတိုင်း။ မီးခလုတ်ကလေးဘာလေး ပျက်တာလောက်တော့ ကျွန်တော်လုပ်တတ်သည်။ ရဲရဲကိုင်ပြီးပြင်လို့ရသောအချိန်တွေ ပိုပိုများလာချိန်မှာ ကျွန်တော်မီးခလုတ်အပျက်တွေ ပြင်တတ်လာခြင်းဖြစ်သည်။

အာကာသယာဉ်နှင့်ပတ်သက်လို့ ကိုယ့်အာရုံသားထဲကတော့ အားကိုးလောက်အောင် ပြုံးပြုံးရွှင်ရွှင်ရှိသူဟူ၍ 'ကလမ်'အမည်ရှိ ခေါင်းစုတ်ဖွားနှင့် ကုလားအဘိုးကြီးတစ်ယောက်ပဲ ပြေးမြင်သည်။

ကျွန်တော်က ဆောက်တာထက် သုံးတာကို ပိုကျွမ်းကျင်သူ(ဝါ) မွေ့လျော်သူဖြစ်နိုင်ပါသည်။ အဖေရှာပြီးပို့လိုက်သမျှငွေကို (ကျောင်းသားဘဝတုန်းက) ကျွန်တော် ကျွမ်းကျင်စွာ သုံးစွဲပြခဲ့ဖူးသည်။ ယခု အာကာသယာဉ်ကိစ္စမှာလည်း ဆောက်သူက ဆောက်ပေးသည်ကို ကျွန်တော်သုံးပြမည်သာဖြစ်၏။ ကျွန်တော်တို့ end (user) အဖို့ကတော့ Producer တွေကို ဟော့ကောင်တွေ ငါ့အတွက် တစ်စင်းဟု

www.foreverspace.com.mm

ပြောရုံပဲမဟုတ်ပါလား။




(၃)

အာကာသယာဉ်ရလျှင် ကျွန်တော် လကမ္ဘာသို့ သွားချင်သည်။ ကမ္ဘာပေါ်မှာ တချို့သစ်ဥတွေ၊ ချုံပုတ်တွေသည် ဆေးဖက်ဝင်နိုင်မည်။ ရောဂါကြီးတွေကို ပျောက်အောင် ကုသပေးနိုင်လျှင် နိုင်ငံခြားသွားကုရသည့်စရိတ်တွေ သက်သာသွားနိုင်သည်။ အထူးကုဆေးခန်းကြီးများသို့ ပေးဆပ်နေရခြင်းမျိုးတွေ လျော့ပါးသွားနိုင်သည်။ ထို့အတွက် တိုင်းရင်းဆေးကျွမ်းကျင်သူတစ်ဦးနှင့် ဆေးဝါးဗေဒမှ Materia Medica ကျွမ်းကျင်သူတစ်ဦးကို ခေါ်သွားရမည်။ အင်တာဗျူးရာတွင် အလွန်တော်သည်ဟု နာမည်ကျော်သော ဂျာနယ်လစ်တစ်ယောက်လည်း ခေါ်သွားရမည်။ ဆန်ဖွပ်သည့်အဘိုးအိုအားဗျူးပြီး သက်ရှည်ကျန်းမာနည်းလမ်းကောင်းများ မေးရန် ဖြစ်၏။

နောက်ထပ် ကျွန်တော်ခေါ်တင်သွားချင်သူမှာ တိရစ္ဆာန်ကုဆရာဝန်တစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီနှင့် ဆရာဝန်အသင်းတို့ကို ဆက်သွယ်အကူအညီတောင်းရမည့်ကိစ္စဖြစ်နေ၏။ ယုန်ကဝပ်ချည်းနေသောကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုသို့မဟုတ် တစ်ခုထက်မက ရှိနေနိုင်သည်။ အရိုးအကြော ပါရဂူပဲခေါ်ရမလား၊ ခွဲစိတ်ပါမောက္ခပဲ ခေါ်ရမလား စဉ်းစားရမည်။ ဆေးပညာပါမောက္ခနှင့် အာဟာရဗေဒ ပါရဂူကတော့ မပါမဖြစ်။ ကန်စွန်းရွက်ကလေး မုန်လာဥလေးလည်း နှစ်ကူးလက်ဆောင်အဖြစ် ယူသွားပေးရဦးမည်။ သူ့ခမျာ မောင်းဆုံမှ လွင့်ထွက်လာသော ဖွဲတွေကိုချည်း စားနေရ၍ အာဟာရချို့တဲ့မှု ဖြစ်ပေါ်နိုင်သည်။

(၄)

နောက်ဆုံးမှာတော့ အဘိုးအို အကြောင်း စဉ်းစားဖြစ်သည်။ ဘာလုပ်လုပ် လူအို လူမင်းတွေကို နောက်ဆုံးမှပဲ ပို့ထားတတ်သောအစဉ်အလာကြောင့်တော့ မဟုတ်ပါ။ အဘိုးအိုကိစ္စက အရေးကြီး၍ဖြစ်သည်။ ပထမဆုံးက သူ့မွေးစာရင်း လက်မှတ်ကို စိစစ်ရမည်။ အသက်ကို ဆန်းစစ်ရန်ဖြစ်၏။ သိပ်ပြီးအရွယ်လွန်နေသူကို ဆန်ဖွပ်မောင်းထောင်းတွေ လုပ်ခိုင်းနေတာ သိပ်မသင့်လျော်။ အလုပ်တာဝန်ဆိုသည်မှာ နားချိန်ရှိရမည်သာ ဖြစ်၏။ မသေမချင်း မောင်းထောင်း ဆန်ဖွပ်စေဆိုတာမျိုးလုပ်လျှင် ကျွန်တော်တို့ကို တခြားလူ့အဖွဲ့အစည်းတွေက ဘယ်လိုမြင်ကြမည်နည်း။ အဘိုးကြီးအိုတစ်ယောက် ကိုယ့်ဟာကိုယ် ဆန်ဖွပ် မောင်းထောင်းစားနေရတုန်းဆိုပြီး သားမြေးတွေကို မေးငေါ့ကြလိမ့်မည်။ အသက်ကို စစ်ဆေးကြည့်ပြီးနောက် အငြိမ်းစားပေးသင့်လျှင် ပြန်ခေါ်လာရမည်။ သူ့နေရာမှာ အစားထိုးဖို့ (အဝေးကကြည့်လျှင် အဘိုးအိုပုံပေါက်နေရမည့်) အားကောင်းမောင်းသန်တစ်ယောက်ကိုလည်း အာကာသယာဉ်ပေါ် တင်လာခဲ့ရဦးမည်။

အမှန်တော့ တတိယလှိုင်းတို့၊ ဂလိုဘယ်လိုက်ဇေးရှင်းတို့၊ ဘီဇနက်တို့၊ ရီကွန်စီလယေးရှင်းတို့ ရေးကြ ပြောကြသော ဂျာနယ်လစ်တွေကိုပါ တင်ခေါ်လာခဲ့ဖို့ကောင်းသည်။ အဘိုးအိုအတွက် ဟာလာစက်ကလေးတစ်လုံးတည်ပေး၊ ကုန်ချောထုတ်စက်ရုံတစ်ရုံဆောက်ပေး၊ ဘီဇနက်သမားက ကုန်သွယ်ရေးကိစ္စတွေ ကိုင်တွယ်၊ ရီကွန်သမားက ကမ္ဘာမြေပေါ်ရှိ ပြတိုက်တွေနဲ့ ဆက်သွယ်ညှိနှိုင်းပြီး မောင်းတံနှင့် မောင်းကိုရောင်းချဖို့လုပ်၊ မှတ်တမ်းခွေကို ဒစ္စကာဗရီတို့ CNN တို့နှင့်ဈေးညှိ . . .။ ခိုးကူးခွေတွေ ချက်ချင်းထွက်လာမှာကြောက်၍ မယူချင်ကြဘူးဆိုလျှင်လည်း အင်တာနက်မှာပဲ ဝက်ဘ်ဆိုက်ဖွင့်ပြီး လုပ်ကိုင်စားမည်ထင်သည်။

(၅)

ယာဉ်ထိန်းရဲတစ်ဦး ယာဉ်ထိန်းပေးနေသည်ကိုတွေ့၍ စိတ်ကူးတွေကို ကမန်းကတန်း မြေပေါ်ဆွဲချလိုက်ရပါသည်။ ဆောင်းတွင်းအိပ်မက်ကယောက်ကယက်ဟု ဆိုလေ့ရှိ၏။ ဆောင်းနေ့လယ် ပူပူလောင်လောင်ကြီးမှာလည်း ဤလိုကယောက်ကယက်စိတ်ကူးတွေ ပေါ်တတ်ပါလားဟု (ကားဘရိတ်နင်းရင်းက) တွေး၍ ပြုံးမိပါသည်။

**ကြည်မင်း**

LIVING COLOR MEDIA
ဖုန်း -၂၄၃၆၃၉ - ၄၃ (Ext-၂၀၀၁)

www.foreverspace.com.mm




# ခိုးကူးခွေလား ဒစ်ဂျစ်တယ်လှိုင်းလား

Yooyle

**ဒစ်ဂျစ်တယ်ပစ္စည်းတွေနဲ့ PC တွေဟာ ရောက်တဲ့နေရာတိုင်းမှာ လူတွေရဲ့ ဘဝကို ကြုံရင်ကြုံသလို ပြောင်းပစ်တတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒစ်ဂျစ်တယ်ပစ္စည်းတွေမှာ မျိုးပွားနိုင်တဲ့၊ သိမ်းဆည်းရလွယ်တဲ့၊ တွက်ချက်လို့ရတဲ့ စွမ်းအားတွေရှိနေလို့ ဖြစ်ပါတယ်။**

## အစားထိုးခံရခြင်း

Walk Man တွေဟာ MP3 Player တွေနဲ့ အစားထိုးခံခဲ့ရပါတယ်။ Walk Man တွေအတွက် အဓိကအစာဖြစ်တဲ့ Tape ခွေတွေဟာ ကုန်ကျစရိတ်နဲ့ နေရာယူလွန်းအားကြီးပြီး တန်ဖိုးများလို့ လူတွေစိတ်ပျက်သွားချိန်မှာ ကုန်ကျစရိတ် အနည်းငယ်နဲ့၊ တစ်သက်တာနားဆင်နိုင်တဲ့ သီချင်းအပုဒ်ရေများများကို အိတ်ကပ်ထဲ ထည့်လို့ရအောင် သေးတဲ့ MP3 Player တွေဟာ နေရာရသွားတာမဆန်းပေမယ့် ဆန်းစစ်ရမှာက လူတွေရဲ့ နေမှုဘဝပုံစံများ ပြောင်းသွားမှုပါ။

အရင်က ခက်ခဲလို့ ခရီးထွက်မှ တယုတယယူသွားတတ်တဲ့ ဓာတ်ခဲအစားလွယ်တဲ့ Walk Man ခေတ်က သီချင်းနားမထောင်၊ ဘာသာစကား နားထောင်လေ့ကျင့်တာတွေ မလုပ်ခဲ့ပေမယ့် အခု MP3 Player များနဲ့ကတော့ သီချင်းနားထောင်ရုံသက်သက်မဟုတ်ဘဲ စာသင်ခန်းထဲက ဆရာသင်သမျှကို မှတ်သားတဲ့ကိစ္စတွေမှာလည်း သုံးပြီပေါ့။ Walk Man နဲ့ MP3 အပြောင်းမှာ လူတွေရဲ့သီချင်းတွေ၊ အသံတွေ၊ ဟောပြောချက်တွေ (သို့) အသံကို ကိုယ်စားပြုတဲ့ လူတွေရဲ့ နေ့စဉ်လိုအပ်ချက်တွေကို လူတွေ ပိုမိုသုံးလာပါတယ်။ ပိုမိုစားသုံးနိုင်အောင်လည်း တစ်ဦးမှာရှိတဲ့ MP3 သီချင်းတစ်ခုက တခြားတစ်ဦးရဲ့ MP3ထဲကို လွယ်လွယ်ကူကူမျိုးပွားနိုင်လို့ရတယ်။ ဒစ်ဂျစ်တယ်ပစ္စည်းတွေရဲ့ အစွမ်းပေါ့။

35mm ကင်မရာတွေလည်း ဒစ်ဂျစ်တယ်ကင်မရာတွေကြောင့် ဒီနေ့မှာ မသုံးတော့သလောက် ရှိသွားပါပြီ။ စတိုးဆိုင်တွေရဲ့စင်တွေမှာ ဖုန်တက်နေတဲ့ 35mm ဖလင်တွေကို အမှတ်တရအဖြစ် ဒီနှစ်မကုန်ခင်လောက်အထိတော့ တွေ့နိုင်သေးပေမယ့် ပုံမှန်ဖလင်ဆေးကူးလုပ်ငန်းများကိုတော့ ဒစ်ဂျစ်တယ်ဖလင်ကူးစက်ကြီးတွေက ဘူဒိုဇာနဲ့ ကော်ပစ်သလို ဖယ်ရှားပြီးခဲ့ပါပြီ။ ဒစ်ဂျစ်တယ်ကင်မရာတွေက သုံးရလွယ်တယ်၊ အမှားခံတယ်၊ ရတဲ့ပုံတွေကို သိမ်းရလွယ်တယ်၊ စရိတ်ကျဉ်းတယ်။ ဒီအချက်တွေကြောင့် ကလေးငယ်ကအစ လူတိုင်းသုံးရဲတဲ့ သုံးလွယ်တဲ့ သည်းခြေကြိုက် ဖြစ်ခဲ့ရတယ်။ အကျိုးဆက်က စားသုံးသူ ပိုတိုးလာတယ်၊ ကင်မရာထုတ်တဲ့ကုမ္ပဏီတွေကလည်း ပိုလျှော့ရောင်းလာတယ်၊ ဒီလိုနဲ့ ပိုငယ်၊ ပိုရိုက်၊ ပိုကြိုက်၊ ဓာတ်ပုံပိုထုတ်နဲ့ ဒစ်ဂျစ်တယ် ဓာတ်ပုံကူးလုပ်ငန်းတွေ ပိုကြီးလာရတယ်။ ပြောရရင် ဒီလောက (Industry) ကြီးတစ်ခုလုံး ကြီးလာတဲ့သဘောဖြစ်တယ်။ ယခင် ဓာတ်ပုံဆရာတွေဟာ ဒစ်ဂျစ်တယ် ဓာတ်ပုံဆရာတွေ ဖြစ်လာတယ်။ ယခင် ဓာတ်ပုံကူးလုပ်ငန်းငယ်လေးတွေကတော့ ဒစ်ဂျစ်တယ်ဓာတ်ပုံကူးဆိုင်ကြီးတွေအဖြစ် မရွှေ့နိုင်ကြဘူး။ တချို့လည်း ရွှေ့နိုင်တယ်။ ဒီကွက်လပ်က အင်အားရှိ၊ နည်းပညာသိ၊ ဈေးကွက်ရှေ့ကို အနံ့ခံမိတဲ့သူတွေကို အခွင့်အရေးအသစ်တွေ ပေးလိုက်သလို ဖြစ်သွားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် Macro Economy အရ အားလုံးတိုးတက်တဲ့သဘောပါပဲ။ လက်နှိပ်စက်စာစီ၊ ဖယောင်း

www.foreverspace.com.mm

ဖောက်စာရေး (ယခင်ကျူရှင်တွေဟာ ဒီနည်းတွေနဲ့ သင်ရိုးတွေကို ထုတ်ခဲ့ရတာဖြစ်တယ်) ဒါတွေကတော့ ကွန်ပျူတာနဲ့ Microsoft Word, Page Maker အစရှိတာတွေနဲ့ နေရာလဲခံလိုက်ရပါတယ်။ ဒီနေ့မှာ လက်နှိပ်စက်စာရေးတွေဟာ အပြင်လောကမှာ မရှိသလောက်ဖြစ်သွားပေမယ့် ကွန်ပျူတာစာစီဆိုတာကတော့ ရုံးတွေနဲ့ နေရာတိုင်းမှာ တွေ့နေရပါပြီ။ ကွန်ပျူတာစာစီရဲ့ မိတ်ဆွေကတော့ မိတ္တူစက်ပဲ ဖြစ်ပါတယ်။ ယခင် လက်နှိပ်စက်မှာ မရတဲ့အားတွေဟာ ဒစ်ဂျစ်တယ်ခေတ်မှာ အကုန်ရနေပါပြီ။ ဆန်းစစ်လိုတာက အရင်လက်နှိပ်စက်စာရေးတွေ ဘာဖြစ်သွားလဲ။ သူတို့ အခု ကွန်ပျူတာစာစီလုပ်နေတယ်။ ဒါ့အပြင် အသစ်အသစ်သော စာစီလုပ်သားစု ပေါ်ထွန်းခဲ့တယ်။ လက်နှိပ်စက်ခေတ်က လုပ်ရခက်လို့ စာသိပ်မရိုက်ပေမယ့် လက်လွယ်လူတိုင်း ကွန်ပျူတာစာစီဖြစ်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ စက္ကူလုပ်ငန်းတွေကစလို့ ကွန်ပျူတာအမာထည်ရောင်းတဲ့လုပ်ငန်းတွေအလယ် DTP ရိုက်တာကို အခြေခံကစပြီး သင်ပေးနေတဲ့ သင်တန်းတွေ အားလုံးပါဝင်တဲ့ လောကကြီး ဖြစ်လာပြီ မဟုတ်လား။ ဘယ်သူတားလို့ရသလဲ။ ဒီဒစ်ဂျစ်တယ်ပြောင်းလဲမှုက လက်နှိပ်စက် စာစီလုပ်ငန်းတွေအတွက် အဖျက်သမားဖြစ်ပေမယ့် ဒီ့ထက် အကျိုးကျေးဇူးကြီးမားတဲ့ လောကကြီးတစ်ခုကို လူတွေရသွားတယ် မဟုတ်လား။

အင်ဂျင်နီယာပုံဆွဲလုပ်ငန်း၊ ဂရပ်ဖစ်ပုံဆွဲလုပ်ငန်းတွေရော ဈေးကြီးတဲ့စက္ကူတွေ၊ အမှားမခံတဲ့စက္ကူတွေ၊ အချိန်မကုန်ရဲလို့၊ ပျက်သွားမှာစိုးလို့ မတီထွင်ရဲတာတွေ၊ အရောင်မစုံတဲ့ခဲတံတွေ၊ ဝါရင့်ပညာရှင်တွေပဲ ကိုင်ရဲတဲ့ ကိရိယာတွေ အဲဒါတွေ အားလုံးကို ကျော်လွှားပြီး ကွန်ပျူတာနဲ့ပဲ Adobe Photoshop, Auto Cad အစရှိတဲ့ ဒစ်ဂျစ်တယ်ကိရိယာတွေက လူတွေရဲ့ ဘဝ နဲ့ ကမ္ဘာကြီးကို ပြောင်းပစ်ခဲ့တယ်။ ကမ္ဘာ ကြီးဆိုမှတော့ မြန်မာပြည်လည်း ပါတာ ပေါ့။

အိမ်သုံးဖျော်ဖြေရေးမှာလည်း ကြည့်ပါဦး။ ဘယ် VCD ခွေဆိုင် ဗီဒီယို Tape တွေငှားသေးလို့လဲ၊ ဘယ်ထုတ်လုပ်ရေးမှလည်း Tape တွေကို မထုတ်တော့ပါဘူး။ ဒါပေမဲ့ ရုပ်ရှင်ကားကြီးတွေကိုတောင်မှ DVD နဲ့ ထုတ်နေပြီမဟုတ်လား။ ဖလင်တွေနဲ့က တည်းဖြတ်ရခက်ပါတယ်။ စာတန်းထိုးမယ်ဆို ပိုပြီးတော့တောင် ကုန်ကျစရိတ်ရှိပါတယ်။ တစ်ခါလောက် တည်းဖြတ်ဖို့ ကူးဆေးလုပ်ရတာ မလွယ်ပါဘူး။ ဒီတော့လည်း တော်တန်ရုံ မော်ဒယ်လ်တစ်ဦးကို အကြိမ်ကြိမ် ကိုယ့်ဟာကို သရုပ်ဆောင်ထားတာကို ဘယ်လိုအမှားတွေ၊ ပြင်စရာတွေရှိသလဲဆိုတာတွေ ဈေးသက်သက်သာသာနဲ့ လွယ်လွယ်သုံးသပ်ခွင့်ပေးနိုင်တဲ့ ဒစ်ဂျစ်တယ်ပစ္စည်းတွေကို ဘယ်သူ လက်မခံချင်ရှိပါ့မလဲ။

တီးဝိုင်းတွေ၊ စတူဒီယိုတွေမှာ တေးစီးရီးသွင်း သီချင်းတိုက်တာတွေ အရင်ဘယ်မှာလုပ်ခဲ့သလဲ။ အခု ကွန်ပျူတာထဲက မျိုးကျော့မြိုင်သီချင်းတွေကစလို့ ဥက္ကာဦးသာ၊ အနဂ္ဂတို့ ဘယ်မှာလုပ်တယ်ထင်သလဲ။ ဒစ်ဂျစ်တယ်ပစ္စည်းတွေက ကုန်ထုတ်လုပ်မှုစရိတ်ကို သုညနီးပါးအထိ လျှော့ချပစ်ခဲ့ပါတယ်။ အကျိုးဆက်က သာမန်လူတွေအားလုံးဟာ ယခင်က ပညာရှင်များသာ ကိုင်တွယ်ရတယ်လို့ သိထားတဲ့အရာများကို ကိုင်ခွင့်ရလာခဲ့တာ ဖြစ်ပါတယ်။ ဖန်တီးခွင့်တွေ ရှိလာပါတယ်။ ဒါဟာ ဒစ်ဂျစ်တယ်နည်းပညာက (လူတိုင်းကို) ညီမျှစွာပေးတဲ့လက်ဆောင်ပါပဲ။ လူတိုင်းလုပ်ပြီဆိုမှတော့ ဈေးကွက်ပိုကျယ်ပြန့်လာပြီပေါ့။ ပိုကျယ်ပြန့်လာတော့ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချတာ ပိုဈေးသက်သာပြီပေါ့။ ဒီတော့ လူတိုင်းပိုပိုပြီး ဒစ်ဂျစ်တယ်ပစ္စည်းတွေ ဝယ်ယူသုံးလာကြတာပေါ့။ ဒီမှာတင် အကျိုးပြုသံသရာတစ်ခု လည်ပြီပေါ့။ Positive Circle လေ။

တစ်ခါတစ်ဖက်ကလည်း ကျွဲကူးရေပါ အခြားသော လူမှုစီးပွားအကျိုးဆက်တွေဖြစ်လာတယ်။ ဖန်တီးရလွယ်တယ်။ မိတ္တူပွားရလွယ်တဲ့သဘောရှိတဲ့ ဒစ်ဂျစ်တယ်ကင်မရာ၊ ကွန်ပျူတာ၊ CD-DVD Writer စတဲ့ ဒစ်ဂျစ်တယ်ပစ္စည်းတွေက မွေးထုတ်လိုက်တဲ့အရာတွေဖြစ်တဲ့ ဒစ်ဂျစ်တယ်ဓာတ်ပုံ၊ MP3 သီချင်း၊ MTV နဲ့ ဗီဒီယို VCD, DVD တွေ (Bits တွေလို့လည်း ခေါ်ပါတယ်)က ဘယ်သူဖန်တီးလို့ ဘယ်သူပိုင်ဆိုင်တယ်ဆိုတဲ့ ပိုင်ရှင်နဲ့ ရပိုင်ခွင့် စတာတွေဟာ အစဉ်အလာဥပဒေတွေနဲ့ ဖြေရှင်းလို့မမီနိုင်အောင် နူးညံ့သိမ်မွေ့စွာနဲ့ လူမှုစီးပွားရေးကဏ္ဍတွေထဲမှာ ရောက်ရှိလာခဲ့ပါတယ်။ ဒါကိုမရိပ်စားနိုင်မိလို့ မမြင်ရတဲ့ အကျိုးကျေးဇူးများကို ဆုံးရှုံးသွားရသလို ဒီအပြောင်းအလဲကြောင့် ဖြစ်လာတာတွေကို ဝေဖန်အပြစ်တင်ရင်း ဘာမှရှေ့မဆက်နိုင်တဲ့ အကြောင်းတရားများဖြစ်လာတာကို မြန်မာပြည်မှာ တွေ့လာရပါပြီ။ ဒီဆောင်းပါးရဲ့ ရည်ရွယ်ချက်က အဆိုပါသဘောများနဲ့ ဒစ်ဂျစ်တယ် အပြောင်းများရဲ့ ဆက်တွဲပြဿနာများကို ရှင်းပြချင်တာပဲ ဖြစ်ပါတယ်။

ထင်ရှားတဲ့ဥပမာပြရရင် တေးဂီတလောကနဲ့၊ VCD ထုတ်လုပ်ရေးလောကပဲ ဖြစ်ပါတယ်။ သိကြတဲ့အတိုင်း ဘယ်သူမှမလုပ်ရဲတော့ပါဘူး။ ခိုးကူးခွေပေးရင် လက်မှတ်လျှော့ဈေးနဲ့ ရောင်းပေးမယ်ကအစ၊ စင်မြင့်ဖျော်ဖြေပွဲ အခမဲ့ကြည့်ခွင့်ပေးမယ်၊ ဥပဒေနဲ့ အရေးယူမယ်အဆုံး ရသမျှနည်းတွေအပြင် မီဒီယာတွေကနေ ဆော်ဩသွားမယ်ဆိုပြီး လုပ်ကြတာပဲ။ နောက်ဆုံးတော့ အားလုံး စောင့်ကြည့်နေရတဲ့အချိန်ရောက်သွားတယ်။ လှုပ်ရင် မြုပ်မယ်မဟုတ်လား။ ဒီလိုဆို ဒီလောကနဲ့ဆက်စပ်တဲ့လုပ်ငန်းမှန်သမျှ အရှည်မှာ ထိခိုက်လာမယ် သို့မဟုတ် လိုင်းပြောင်းသွားမယ်။ အဆိုတော်တွေ အသက်ကြီးသွားမယ်။ ဆိုးတာက မြန်မာပြည်မှာ အကောင်းစားလူငယ်တွေရဲ့ အားတွေ၊ ပျိုမြစ်နုနယ်ခြင်းရဲ့ လက်ဆောင်တွေကို ဖန်တီးသူလည်းမရှိ၊ နားသောတဆင်ဖို့လည်း ရှားပါးသွားနိုင်တယ်။ ဒါကို အဖြစ်မခံနိုင်ပါဘူး။

## ပြဿနာရဲ့ ဇာစ်မြစ်

ဒီပြဿနာရဲ့ဇာစ်မြစ်က ဒစ်ဂျစ်တယ်ပစ္စည်းတွေမှာ ရှိနေပါတယ်။ ဒါကို ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှုလို့ ခေါ်လို့ရပါတယ်။

www.foreverspace.com.mm

မြန်မာပြည်မှာ လူဦးရေ ၅၄ သန်းခန့်ရှိတယ်။ ရန်ကုန်၊ မန္တလေးကစလို့ တိုင်းနယ်ပြည်နယ်တိုင်းမှာ မြို့ကြီးတွေရှိတယ်။ ကွန်ပျူတာသုံးတတ်သူတွေဟာ ဆယ်စုနှစ် နှစ်ခုနီးပါး ဖြတ်သန်းခဲ့တဲ့အချိန်မှာ VCD ရော Audio ရော နောက်ဆုံး DVD ကိုပါ ကူးယူနိုင်တဲ့ (ကွန်ပျူတာ) တွေက လေးတန်းကျောင်းသားလေးတွေပါ သုံးနိုင်လောက်တဲ့ အထိအောင် လွယ်ကူနေခဲ့ပါပြီ။

မြန်မာပြည်နေရာအနှံ့ရဲ့ ရုံးနဲ့ အိမ်တွေမှာ ဒီလိုထုတ်လုပ်ရေးကိရိယာတွေဟာ အမှတ်မထင်ပဲ ရောက်လာခဲ့ပါတယ်။ ဘယ်သူမှလည်း ဒီလိုအစွမ်းရှိတယ်၊ PC တစ်လုံးချင်းစီမှာရှိတဲ့ ဒီလို (ထုတ်လုပ်ရေး) အစွမ်းသေးသေးလေးတွေက တစ်တိုင်းပြည်လုံး စုပေါင်းလိုက်ရင် နှစ်ပေါင်း ငါးဆယ်ခြောက်ဆယ်လောက် တည်မြဲခဲ့တဲ့စနစ်တွေကို လအနည်းငယ်အတွင်းမှာ ပြိုကျစေနိုင်တယ်ဆိုတာ ဘယ်သူတွေးမိခဲ့မလဲ။ ကိုယ်ဟာကိုယ်လေး PC သုံးပြီး CD ကူးလို့ကောင်းတာပေါ့၊ ကူးနည်းကလည်း သူငယ်ချင်းတစ်ဦးဦးဆီက အလွယ်လေးတတ်နိုင်တော့လည်း မဆိုးပါဘူး ဆိုရာကနေ၊ "ဟော့လေးဖြူ ကျိန်စာ၊ ငါ MP3 ပြောင်းထားတယ်၊ မင်းအတွက် ကူးပေးထားတာ"၊ ဒါကတော့ "မျိုးကြီး Show လေ ၂၀၀ နဲ့ ဝယ်ခဲ့တာ"၊ "ထပ်ကူးလိုက်တာပေါ့၊ CD အချပ်လွတ်လေးတွေက သက်သာပါတယ်" ဒါတွေဖြစ်လာတယ်။ ဒီမှာတင်ပဲ ရပ်ကွက်တွင်းက အိမ်ထောင်ရှင်မအချို့ကလည်း နေ့လယ်မီးလာတုန်းလေး မီးပူထိုးရင်းနဲ့ အမျိုးသားက ထောင်ပေးထားတဲ့ စီးပွားဖြစ် တစ်နိုင်လေး CD ၁၀ ချပ်ကူးစက် ကွန်ပျူတာလေးနှစ်လုံးကို ဘေးချရင်း CD ကူးတဲ့အလုပ်ကို လုပ်သလို ဆေးကျောင်းတက်နေတဲ့အချိန်ကို အလကားမထားတတ်တဲ့ (ကွန်ပျူတာဝယ်ပေးထားလို့) မိဘကိုပြန်ပြီး ကျေးဇူးဆပ်ချင်တဲ့ ကျောင်းသားလေးက စာကျက်ရင်း နေ့လယ်ကစီထားတဲ့ Play List ကို CD Burn နေပြီ။ မနက်ဖြန် ကျောင်းသွားရင် (၅) ခွေလောက် မျှရမယ်လေ။

ပြောချင်တာက ဒီဒစ်ဂျစ်တယ် ကိရိယာတပ်ပေးလိုက်တဲ့အတွက် လက်လွယ် CD ကူးဖြစ်သွားသူတွေဟာ ရန်ကုန်၊ မန္တလေးကစလို့ မြို့ရွာအနှံ့ကို ပျံ့နှံ့ခဲ့တာ နှစ်အချို့အတွင်းမှာပဲ တဖြည်းဖြည်း အားကောင်းလာနေခဲ့တယ်။ ပြီးတော့ သူတို့ဟာ ဖျော်ဖြေရေးတွေနဲ့ များစွာအသားကျနေတဲ့ အသည်းနှလုံးတွေရှိတော့ ဘယ်ခွေကို ကူးသင့်တယ်၊ မကူးသင့်တယ် ဆိုတာကိုလည်း ကောင်းစွာသဘောပေါက်နေကြတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ချိန်ကိုက်လုပ်ထားရသလား မှတ်ရတယ်။ ထုတ်လုပ်ရေးတွေက ထုတ်လုပ်သမျှ၊ ဖြန့်ချိရေးတွေက စုံစိအောင် ခြေတံလက်တံမရှည်နိုင်တဲ့အချိန်မှာပဲ တစ်နိုင်ငံလုံးမှာရှိတဲ့ ဒီလို ဒစ်ဂျစ်တယ် PC တွေနဲ့ ပိုင်ရှင်တွေဟာ ယခင် လက်တစ်ဆုပ်စာလုပ်ခဲ့တဲ့ ဖြန့်ချိရေး၊ နယ်နိမိတ်အကန့်အသတ်နဲ့ လုပ်ခဲ့ရတဲ့ ဖြန့်ချိရေးစနစ်တွေကို ပိုမိုကျယ်ပြန့်အောင် တက်ညီလက်ညီ တိုင်ပင်စရာမလိုဘဲ ဝင်ရောက်ကူညီကြပါတော့တယ်။ သူတို့ရဲ့ ကူညီခကလည်း သူတို့တစ်ဦးချင်းစီဆို နည်းနည်းလေးပဲ လုပ်အားခယူပါတယ်။ ဒါပေမဲ့ တစ်တိုင်းပြည်လုံး ဒီလိုကူညီကြတဲ့အတွက် ယခင်ဖြန့်ချိရေးစနစ်များဟာ မယှဉ်သာတော့ဘဲ အလိုအလျောက် ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ရပါတယ်။ နောက်ဆက်တွဲထုတ်လုပ်ရေးလုပ်ငန်းမှာလည်း ကြီးမားလာတဲ့ စရိတ်တွေနဲ့ ချိန်ညှိရင်း အရှိန်နှေးနေခဲ့ရပါပြီ။ ဆက်စပ်တဲ့လုပ်ငန်းတွေ၊ ဂီတသမားတွေတော့ စတိတ်ရှိုးများများလုပ်ဖို့ အခွင့်အရေးရသလို ဖြစ်ခဲ့ပါတယ်။ ဒီ ဒစ်ဂျစ်တယ် လက်နက်ပိုင်ရှင်တွေကို ဒီလိုနည်းနဲ့ ဖြန့်ချိရေးစနစ်တွေကို မကူညီနဲ့ဆိုရင်လည်း မရပါဘူး။ လူကြိုက်များတဲ့ နိုင်ငံခြားကား၊ MRTV-5 က စာတန်းထိုးဇာတ်ကား၊ အကုန်လုံးကို တစ်ပြေးညီ ဒီအတိုင်းပဲ ကူညီ ကြပါတယ်။

ဒီထဲမှာ အမှုမဲ့အမှတ်မဲ့ အပျော် တမ်းကူးယူပေးသလို ရှိသလို၊ စီးပွားရေးနဲ့ အိမ်ထောင့်တာဝန်အရ လုပ်နေတဲ့သူ ပရော်ဖက်ရှင်နယ်တွေလည်း ပါပါတယ်။ ဒါတွေစဉ်းစားဖို့အတွက် တခြားနိုင်ငံတွေကိုလည်း ကြည့်လိုက်ပါဦး။ မြန်မာပြည်နဲ့ ဆင်တူတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဒစ်ဂျစ်တယ် အကူးအပြောင်းကာလကို လေ့လာကြည့်ပါဦး။ ကမ္ဘာ့အဆင့်မီ တရုတ်နိုင်ငံကြီးဟာ 12 in 1, 8 in 1 ဆိုပြီး နိုင်ငံတကာက သန်းနဲ့ချီပြီး ကုန်ကျတဲ့ရုပ်ရှင်ကားနဲ့ ဇာတ်လမ်းတွဲတွေကို (1) ဒေါ်လာလောက်မရှိတဲ့ ဈေးနဲ့ DVD တွေအဖြစ် ဈေးသက်သာစွာနဲ့ ရောင်းချပေးနေတယ် မဟုတ်လား။ ထိုင်းက VCD ခွေတွေကလည်း ဈေးသက်သာပါတယ်။ ဒစ်ဂျစ်တယ်လှိုင်းဟာ ဇာတ်ကားကောင်းတွေ သန်းနဲ့ချီတဲ့စရိတ် ကုန်ခဲ့တဲ့ ဥရောပ၊ အမေရိက၊ ဟောင်ကောင်လို ချမ်းသာတဲ့ နိုင်ငံတွေရဲ့ ဖိမ်ခံပစ္စည်းတွေကို ဆင်းရဲတဲ့လူတန်းစား လက်လှမ်းမီလောက်အောင် အကူအညီပေးနေတာကို တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ တွေ့ရပါမယ်။ ရန်ကုန်မြို့ရဲ့ ရုပ်ရှင်ရုံတွေကို တစ်ခါမှမလာကြည့်ဖူးပေမယ့် 'Shall We Dance' က 'J.Lo' ရဲ့ အကကို VCD ကြည့်သူတိုင်း မှတ်မိနေမှာပါ။ ဆိုလိုတာ ဒစ်ဂျစ်တယ်လှိုင်းဟာ နေရာအကွာအဝေးနဲ့ အချိန်အကွာအဝေးကို အတန်အသင့် ချုံ့ပစ်လိုက်တာ တွေ့နိုင်ပါ

**ဒီဒစ်ဂျစ်တယ် ကိရိယာတပ်ပေးလိုက်တဲ့အတွက် လက်လွယ် CD ကူးဖြစ်သွားသူတွေဟာ ရန်ကုန်၊ မန္တလေးကစလို့ မြို့ရွာအနှံ့ကို ပျံ့နှံ့ခဲ့တာ နှစ်အချို့အတွင်းမှာပဲ တဖြည်းဖြည်း အားကောင်းလာနေခဲ့တယ်။ ပြီးတော့ သူတို့ဟာ ဖျော်ဖြေရေးတွေနဲ့ များစွာအသားကျနေတဲ့ အသည်းနှလုံးတွေရှိတော့ ဘယ်ခွေကို ကူးသင့်တယ်၊ မကူးသင့်တယ်ဆိုတာကိုလည်း ကောင်းစွာသဘောပေါက်နေကြတယ်။**

www.foreverspace.com.mm

တယ်။ ပုံရှာကလူကို သွားပြီး အင်ဂျလီနာ ဂျိုလီအကြောင်း သွားပြီးရှိုးလို့ မရတော့ ပါဘူး။ ဒီတော့ အပြစ်တင်ရင် ကွန်ပျူတာ Hardware အရောင်းဆိုင်တွေကနေအစ Software CD တွေ ရောင်းချတဲ့ဆိုင်တွေ အလယ်၊ လက်လွယ် CD ကူးသူတွေအား လုံး အပြစ်တင်ရပါတော့မယ်။ ဒါမှမဟုတ် လည်း CD ကူးစက်နဲ့ PC တွေကို ပြန် သိမ်းဆည်းရတော့မလို ဖြစ်နေပါပြီ။

## အားလုံးဆက်စပ်နေပါသည်

တစ်ဖက်ကလည်း ဒီဒစ်ဂျစ်တယ် အပြောင်းကြောင့် များစွာသော ပြည်သူ ပြည်သားတွေဟာ အရင်ထက် အဆများ စွာ အလုပ်အကိုင်အခွင့်အလမ်းတွေ တွေ့ခဲ့ ရတာကိုလည်း မေ့လို့မရပါဘူး။ ဥပမာ– Acid နဲ့ အနုဂ္ဂဟာ ဒစ်ဂျစ်တယ်အကူးမှာ အမြတ်ထွက်ခဲ့တဲ့ ဂီတသမားတွေလို့ ပြော ရင် မှားသွားမလား။ ဒါ့အပြင် ဒီပြဿနာ ကို စဉ်းစားတဲ့အခါ အိမ်နီးချင်းနဲ့ ကမ္ဘာ့ တခြားနိုင်ငံတွေရဲ့ ဒစ်ဂျစ်တယ်အပြောင်း နဲ့ မြန်မာပြည်ရဲ့ ဒစ်ဂျစ်တယ်အပြောင်း လုံးဝဆက်စပ်နေတာကိုပါ စဉ်းစားရပါ မယ်။ သဘောတွေကို ဆင်ခြင်ရင် တစ်ဆက် စပ်တည်း ဆင်ခြင်ရပါမယ်။ ဂလိုဘယ် လိုက်ဖေးရှင်းလေ။

ဆိုလိုတာ တရုတ်ပြည်မှာ သူ့ဟာသူ ဝယ်အားနဲ့ ထုတ်လုပ်အားများလို့ DVD, VCD Player တွေ ဈေးကျလာတာ မြန်မာ ပြည်ကိုလည်း ရိုက်ခတ်တယ်မဟုတ်လား။ နိုင်ငံတကာက စာတန်းထိုးတဲ့၊ အသံနဲ့ တည်းဖြတ်တဲ့ Software တစ်ခု မြန်မာ ပြည်ကို ဈေးသက်သက်သာသာနဲ့ ရောက် လာတာနဲ့ပဲ အချိန်အနည်းငယ်အကြာမှာ ကွန်ပျူတာသမားတွေအကြား အပြောင်း အလဲဖြစ်တယ် မဟုတ်လား။ တီဗီတွေပေါ် လာတာကို ဘယ်သူတားဆီးလို့ရခဲ့သလဲ၊ ဒီလိုပဲဖြစ်ပါတယ်။

တကယ်တော့ အခုပြောခဲ့တဲ့ ဒစ်ဂျစ် တယ်အကူးကာလဟာ ကျွန်တော်တို့ မြန်မာပြည်ရဲ့ တေးဂီတလောကရဲ့ ပြဿနာ သက်သက်ပဲ မဟုတ်ပါဘူး။ အားလုံးနဲ့ ဆိုင်နေပါတယ်။ ဖြစ်သွားတာက တေးဂီတ လောကကို ဒီလှိုင်းလုံးက အရင်ထင်ထင် ရှားရှား ဝင်ဆောင့်လိုက်တာပါပဲ။ တခြား နယ်ပယ်တွေမှာလည်း အနေးနဲ့အမြန် ဖြစ် နေပါတယ်။ အနုပညာတို့ ဂီတတို့ဆိုတာ လူ ၅၄ သန်းမှာ ၅၄ သန်းနီးပါး နားထောင် ပတ်သက်တော့ ဒီလှိုင်းလုံးကကြီးရတာ ပေါ့။ ဒီတော့ ထင်ရှားတာပေါ့။ တခြား နယ်ပယ်တွေမှာလည်း သူ့ပရိသတ် ရှိရင် ရှိသလောက် ရိုက်ခတ်နေတာပါ။ ဒစ်ဂျစ် တယ် Art Show Room တွေ၊ DTP ဆိုင် တွေ၊ MP3 Player ရောင်းအားတိုးတာ တွေ၊ အရင်က တစ်ဦးစ နှစ်ဦးစ ကင်မရာ ကိုင်နေတဲ့ အလှူမင်္ဂလာနဲ့ လက်ထပ်ပွဲ တွေမှာပါ ဒစ်ဂျစ်တယ်ကင်မရာတွေကိုယ် စီနဲ့ ဖြစ်နေပြီမဟုတ်လား။

ဒီအဖြစ်တွေကို ဆက်စပ်လိုက်တဲ့ အခါ ဒီကာလတွေဟာ ကျွန်တော်တို့အား လုံးကို လုံးဝအသစ်ဖြစ်စေမယ့် တေးဂီတ၊ အနုပညာထုတ်လုပ်ရေး၊ ဖြန့်ချိရေးနဲ့ ခံစား ရေးပုံစံသစ်ဆီကို တိုက်တွန်းနေပြီဆိုတာ သတိပေးနေပါပြီ။ ဒါကိုမဆန့်ကျင်ဘဲ ပစ္စုပ္ပန်မှာ သတိနဲ့ရှိသွားရင် မကြာခင် နောက်ထပ် (ပေါ်လာမယ့်) အခွင့်အရေး တွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ လောကနိယာမဖြစ်ပါတယ်။ မြန်မာပြည် နေရာအသီးသီးမှာရှိနေတဲ့ လက်လွယ် CD ကူးလုပ်ငန်းသေးသေး၊ သေးသေးလေးတွေ ကို လက်ရှိဖြန့်ချိရေးစနစ်ထဲကို တရားဝင် ထည့်လို့ရအောင် လုပ်ပေးလိုက်ရင် (သို့) တေးဂီတလောကကို အရင်ကထုတ်လုပ်သူ ရော ဖြန့်ချိသူရော တစ်ဦးတည်းကနေ ထုတ်လုပ်သူတစ်ဖက်၊ ဖြန့်ချိရေးအသေး အသေးလေးများတစ်ဖက် ခွဲမြင်လိုက်ရင် ပြဿနာကို ရှင်းဖို့လမ်းစကို ချဉ်းကပ်သွား နိုင်ပါတယ်။

## ဒစ်ဂျစ်တယ်လှိုင်း

ဒီလိုပြဿနာက အရင်တစ်ခါမှ မဖြစ်ဖူးတော့ အရင်စဉ်းစားတဲ့ပုံစံနဲ့ စဉ်း စားရင် အဖြေမထွက်နိုင်ပါဘူး။ ဂီတလော ကသားတွေက မပြောင်းသေးပေမယ့် ဂီတ လောကကြီးက ဒစ်ဂျစ်တယ်အကူးမှာ ပုံစံ ပြောင်းနေပြီဖြစ်ပါတယ်။ တစ်ဖက်မှာ လည်း ထုတ်လုပ်ရေးစရိတ်သက်သာတဲ့ PC နဲ့ ဒစ်ဂျစ်တယ် ဗီဒီယိုကင်မရာတွေကြောင့် ခေတ်သစ်လူငယ်တွေထဲက ကိုယ့်ဟာကိုယ် ရိုက်၊ ကိုယ်ဟာကို တည်းဖြတ်တဲ့ MTV လိုမျိုးတွေ ပေါ်မလာဘူးလို့ မပြောနိုင်ပါ ဘူး။ အဲလိုလူမျိုးတွေအတွက် ဒစ်ဂျစ်တယ် ခေတ်က စောင့်နေတာဖြစ်ပါတယ်။ အဲဒီလို လူငယ်ရဲ့ တေးစီးရီးထွက်ပြီး လူကြိုက် အနည်းငယ်များသွားတာနဲ့ တစ်ပြိုင်နက် ရောင်းစရာရှာနေတဲ့ လက်လွယ် CD ကူး သမားတွေက အပြိုင်အဆိုင် ဆင့်ပွားကူးယူ ရောင်းချသွားနိုင်ပါတယ်။ အဲဒီအခိုက် အတန့်အတွက် ငွေကြေးအရ အမြတ်အစွန်း မရလိုက်ပေမယ့် ကျော်ဇောမှုကို တစ်ခဏ ချင်း ရသွားနိုင်ပါတယ်။ တချို့လည်း ဒီလို ဖြစ်စဉ်ကိုသိလို့ ငါလုပ်ထားတဲ့အခွေ အလကား ကို ပေးပစ်မှာဆိုပြီးတောင် လုပ်နိုင်ပါသေး တယ်။ နာမည်ကျစပြုတဲ့ အနုပညာရှင်တွေ တောင်မှ ဒီလိုလုပ်လာနိုင်ပါတယ်။ အဲဒီမှာ ရလာတဲ့ကျော်ဇောမှုကိုမှ စီးပွားရေးကုမ္ပဏီ တွေရဲ့ ကြော်ငြာတွေ၊ စတိတ်ရှိုးတွေ၊ အင်တာ ဗျူးတွေကနေတစ်ဆင့် ငွေကြေးဥစ္စာကို ပြောင်းလဲပစ်လို့ ရနိုင်ပါတယ်။ ဒီလိုသာ ဖြစ်ခဲ့ရင် ဒီဒစ်ဂျစ်တယ်လှိုင်းက မြန်မာ ပြည်က ငွေသိပ်မတတ်နိုင်လို့ အားငယ်နေ တဲ့ အရည်အချင်းရှိတဲ့ လူငယ်တွေကို သူတို့ အိပ်မက်တွေကို လက်တွေ့ဖြစ်လာစေနိုင်ပါ တယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ အားလုံး ကျွန်တော်တို့သက်တမ်းမကုန်ခင် မှာ အကောင်းစားလေးတွေ နားထောင် သွားရမှာ ဖြစ်ပါတယ်။

လူငယ်တွေ အသက်မကြီးခင် အကောင်း စားတွေလုပ်ရန် တိုက်တွန်းလိုသဖြင့် ဤ ဆောင်းပါးကို ရေးပါသည်။

**Yooyle**

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ )၊ အလံပြဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၂၄၃၆၃၉ - ၄၃ (Ext-၂၀၀)